http://www.dhammadownload.com

ဓမ္မစေတီတော်

# ဥပရိပဏ္ဏာသပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးအေး+ဒေါ်ခင်ခင်လှိုင်-နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
မောင်မင်းချမ်းမြေ့ အေး-အားရည်ရှား၍
သားကြီး-ကိုဝင်းထွန်းသင်း+
မအေးမြသီတာ (ဓမ္မ-ရှုဝန်)
သားငယ် ကိုအောင်ပြည့်စုံအေး (ဓမ္မ-စက်မှု)
မိသားစု၊ တောခင်းမှ
၁၃၇၂-ခုနှစ်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ဥပရိပဏ္ဏာသပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၄၁ ကောဇာ - ၁၃၆၀ ၁၉၉၈

http://www.dhammadownload.com

# ဥပရိပဏ္ဏာသ

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ် | ၃၀၀၀ | ၁၉၆၅ |
| ဒုတိယအကြိမ် | ၃၀၀၀ | ၁၉၉၂ |
| တတိယအကြိမ် | ၁၀၀၀၀ | ၁၉၉၈ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ |
|---|---|---|
| | **၁-ဒေဝဒဟဝဂ်** | |
| ၁ | ဒေဝဒဟသုတ် | ၁ |
| ၂ | ပဉ္စတ္တယသုတ် | ၁၉ |
| ၃ | ကိန္တိသုတ် | ၂၉ |
| ၄ | သာမဂါမသုတ် | ၃၃ |
| ၅ | သုနက္ခတ္တသုတ် | ၄၂ |
| ၆ | အာနေဉ္ဇသပ္ပာယသုတ် | ၅၁ |
| ၇ | ဂဏကမောဂ္ဂလ္လာနသုတ် | ၅၆ |
| ၈ | ဂေါပကမောဂ္ဂလ္လာနသုတ် | ၆၂ |
| ၉ | မဟာပုဏ္ဏမသုတ် | ၇၀ |
| ၁၀ | စူဠပုဏ္ဏမသုတ် | ၇၄ |
| | **၂-အနုပဒဝဂ်** | |
| ၁ | အနုပဒသုတ် | ၇၉ |
| ၂ | ဆဗ္ဗိသောဓနသုတ် | ၈၃ |
| ၃ | သပ္ပုရိသသုတ် | ၉၀ |
| ၄ | သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် | ၉၇ |
| ၅ | ဗဟုဓာတုကသုတ် | ၁၁၀ |
| ၆ | ဣသိဂိလိသုတ် | ၁၁၆ |
| ၇ | မဟာစတ္တာရီသကသုတ် | ၁၁၈ |
| ၈ | အာနာပါနဿတိသုတ် | ၁၂၆ |
| ၉ | ကာယဂတာသတိသုတ် | ၁၃၄ |
| ၁၀ | သင်္ခါရုပပတ္တိသုတ် | ၁၄၅ |
| | **၃-သုညတဝဂ်** | |
| ၁ | စူဠသုညတသုတ် | ၁၅၁ |
| ၂ | မဟာသုညတသုတ် | ၁၅၆ |
| ၃ | အစ္ဆရိယအဗ္ဘုတသုတ် | ၁၆၅ |
| ၄ | ဗာကုလသုတ် | ၁၇၁ |

http://www.dhammadownload.com



# ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-သုညတဝဂ်** | |
| ၅-ဒန္တဘူမိသုတ် | .... .... .... .... .... .... | ၁၇၄ |
| ၆-ဘူမိဇသုတ် | .... .... .... .... .... .... | ၁၈၂ |
| ၇-အနုရုဒ္ဓသုတ် | .... .... .... .... .... .... | ၁၈၉ |
| ၈-ဥပက္ကိလေသသုတ် | .... .... .... .... .... .... | ၁၉၆ |
| ၉-ဗာလပဏ္ဍိတသုတ် | .... .... .... .... .... .... | ၂၀၆ |
| ၁၀-ဒေဝဒူတသုတ် | .... .... .... .... .... .... | ၂၂၀ |
| | **၄-ဝိဘင်္ဂဝဂ်** | |
| ၁-ဘဒ္ဒေကရတ္တသုတ် | .... .... .... .... .... .... | ၂၂၉ |
| ၂-အာနန္ဒဘဒ္ဒေကရတ္တသုတ် | .... .... .... .... .... | ၂၃၁ |
| ၃-မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် | .... .... .... .... .... | ၂၃၅ |
| ၄-လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ် | .... .... .... .... | ၂၄၂ |
| ၅-စူဠကမ္မဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၂၄၆ |
| ၆-မဟာကမ္မဝိဘင်္ဂသုတ်.... | .... .... .... .... .... | ၂၅၂ |
| ၇-သဠာယတနဝိဘင်္ဂသုတ် | .... .... .... .... .... | ၂၆၁ |
| ၈-ဥဒ္ဒေသဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၂၆၈ |
| ၉-အရဏဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၂၇၆ |
| ၁၀-ဓာတုဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၂၈၄ |
| ၁၁-သစ္စဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၂၉၅ |
| ၁၂-ဒက္ခိဏာဝိဘင်္ဂသုတ် | .... .... .... .... .... .... | ၃၀၀ |
| | **၅-သဠာယတနဝဂ်** | |
| ၁-အနာထပိဏ္ဍိကောဝါဒသုတ် | .... .... .... .... .... | ၃၀၆ |
| ၂-ဆန္နောဝါဒသုတ် | .... .... .... .... .... .... | ၃၁၁ |
| ၃-ပုဏ္ဏောဝါဒသုတ် | .... .... .... .... .... .... | ၃၁၅ |
| ၄-နန္ဒကောဝါဒသုတ် | ... .... .... .... .... .... | ၃၁၈ |
| ၅-စူဠရာဟုလောဝါဒသုတ် | .... .... .... .... .... | ၃၂၉ |
| ၆-ဆဆက္ကသုတ် | .... .... .... .... .... .... | ၃၃၂ |
| ၇-မဟာသဠာယတနိကသုတ် | .... .... .... .... .... | ၃၃၉ |
| ၈-နဂရဝိန္ဒေယျသုတ် | .... .... .... .... .... .... | ၃၄၀ |
| ၉-ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် | .... .... .... .... .... | ၃၄၇ |
| ၁၀-ဣန္ဒြိယဘာဝနာသုတ်.... | .... .... .... .... .... | ၃၅၂ |


ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မာတိကာပြီး၏။

http://www.dhammadownload.com

### မဇ္ဈိမနိကာယ်

# ဥပရိပဏ္ဏာသပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဒေဝဒဟဝဂ်

### ၁-ဒေဝဒဟသုတ်

၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ဒေဝဒဟမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ အသျှင်ဘုရားဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြ ကုန်၏။ မြတ်စွာဘုရားသည် ဤ(မိန့်တော်မူသတ္တံ့သော တရား)စကားကို ဟောကြားတော်မူ၏။ ရဟန်းတို့ "ဤပုဂ္ဂိုလ် သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခ မဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ယင်းခံစားမှု ဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်၏။ ထို့ကြောင့်(ပဉ္စာတပ)အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကို လည်း (နောက်ထပ်)မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်းမရှိတော့ပြီ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့" ဟု ဤသို့ ပြောဆိုယူဆလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ရဟန်းတို့ နိဂဏ္ဌတို့သည် ဤသို့ ပြောဆိုလေ့ရှိကုန်၏။

ရဟန်းတို့ ငါသည် ဤသို့ပြောဆိုလေ့ရှိသော နိဂဏ္ဌတို့သို့ ချဉ်းကပ်ပြီးလျှင်— "ငါ့သျှင် နိဂဏ္ဌတို့ 'ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော

http://www.dhammadownload.com



ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်၏။ ထို့ကြောင့် (ပဥ္စာတပ)အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်)မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်း မရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့'ဟု ဤသို့ သင်တို့ ပြောဆိုယူဆလေ့ရှိကုန်သည် ဟူသည်မှာ မှန်သလော"ဟု မေး၏။ ရဟန်းတို့ ငါသည် ဤသို့မေးသော် ထိုနိဂဏ္ဌတို့သည် "ဟုတ်၏"ဟု ဝန်ခံကြကုန်၏။

ငါသည် ထိုနိဂဏ္ဌတို့ကို—"ငါ့သျှင်နိဂဏ္ဌတို့ 'ငါတို့သည် ရှေးက ဖြစ်ဘူးကုန်သည်သာတည်း၊ မဖြစ်ဘူးကြကုန်သည်ကား မဟုတ်'ဟု သင်တို့ သိကြကုန်သလော"ဟု မေး၏။ "ငါ့သျှင် မသိကြပါ"(ဟု ဆိုကြကုန်၏)။

"ငါ့သျှင်နိဂဏ္ဌတို့ 'ငါတို့သည် ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ' ဟု သင်တို့ သိကြကုန်သလော"ဟု (မေး၏)။ ငါ့သျှင် မသိကြပါ(ဟု ဆိုကြကုန်၏)။

"ငါ့သျှင်နိဂဏ္ဌတို့ 'ဤမျှလောက်သော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှလောက်သော ဆင်းရဲဒုက္ခ ကျေပျက်သော် ဆင်းရဲဒုက္ခ အလုံးစုံသည် ကျေပျက်လတ္တံ့'ဟု သင်တို့ သိကြကုန်သလော"ဟု (မေး၏)။ ငါ့သျှင် မသိကြပါ (ဟု ဆိုကြကုန်၏)။

"ငါ့သျှင်နိဂဏ္ဌတို့ 'မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို သင်တို့ သိကြကုန်သလော"ဟု (မေး၏)။ ငါ့သျှင် မသိကြပါ(ဟု ဆိုကြကုန်၏)။

၂။ ငါ့သျှင်နိဂဏ္ဌတို့ ဤသို့လျှင် သင်တို့သည် "ငါတို့သည် ရှေးက ဖြစ်ခဲ့ကြဘူးသည်သာတည်း၊ မဖြစ်ခဲ့ကြဘူးသည်ကား မဟုတ်"ဟု သင်တို့ မသိကြကုန်။ "ငါတို့သည် ရှေးက မကောင်းမှုကံကို ပြုခဲ့ကြဘူးသည်သာတည်း၊ မပြုခဲ့ကြဘူးသည်ကား မဟုတ်"ဟု မသိကြကုန်။ "ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ"ဟု မသိကြကုန်။ "ဤမျှလောက်သော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကျေပျက်သော် ဆင်းရဲဒုက္ခ အလုံးစုံသည် ကျေပျက်လတ္တံ့"ဟု မသိကြကုန်။ မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို မသိကြကုန်။

ဤသို့ မသိသည်ရှိသော် "ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏။ ထို့ကြောင့် (ပဥ္စာတပ) အကျင့်ဖြင့် ကံဟောင်းတို့ကိုလည်း ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်) မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်း မရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့"ဟု အသျှင်နိဂဏ္ဌတို့ ဖြေကြားခြင်းငှါ မသင့်။

http://www.dhammadownload.com



ငါ့သျှင်နိဂဏ္ဌတို့ "ငါတို့သည် ရှေးကဖြစ်ခဲ့ကြဘူးသည်သာတည်း၊ မဖြစ်ခဲ့ကြဘူးသည်ကား မဟုတ်"ဟု သင်တို့ အကယ်၍ သိကုန်ငြားအံ့၊ "ငါတို့သည် ရှေးကမကောင်းမှုကံကို ပြုခဲ့ကြဘူးသည် သာတည်း၊ မပြုခဲ့ကြဘူးသည်ကား မဟုတ်ကုန်"ဟု သိကုန်ငြားအံ့။ "ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ"ဟု သိကုန်ငြားအံ့။ "ဤမျှလောက်သော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှလောက် ဆင်းရဲဒုက္ခကျေပျက်သော် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့"ဟု သိကုန်ငြားအံ့။ မျက်မှောက် ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို သိကုန်ငြားအံ့။ ဤသို့ သိကုန်သည်ရှိသော် "ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခ ဒုက္ခ မဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏၊ ထို့ကြောင့် (ပဉ္စာတပ) အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်) မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်းမရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့" ဟု အသျှင်နိဂဏ္ဌတို့ ဖြေခြင်းငှါ သင့်၏။

၃။ ငါ့သျှင်နိဂဏ္ဌတို့ ဥပမာအားဖြင့် အထပ်ထပ်လိမ်းကျံထားသော ဆိပ်လူးမြား အစူးခံရသော ယောကျ်ားသည် မြားစူးသောဝေဒနာကြောင့် ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို ခံစားရရာ၏။ ထိုယောကျ်ား၏ မိတ်ဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့သည် မြားဆိပ်ကု ဆေးဆရာကို ပင့်ခေါ်လာကုန်ရာ၏။ ထိုယောကျ်ားအား ထိုမြားဆိပ်ကု ဆေးဆရာသည် ဓားငယ်ဖြင့် အနာဝကို ခွဲစိပ်ရာ၏၊ ထိုယောကျ်ားသည် ဓားငယ်ဖြင့် အနာဝကို ခွဲစိပ်ခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရရာ၏။ ထိုယောကျ်ားအား ထိုမြားဆိပ်ကု ဆေးဆရာသည် ခြောင့်ရှာမှုတံဖြင့် မြားကို ရှာရာ၏၊ ထိုယောကျ်ားသည် ခြောင့်ရှာမှုတံဖြင့် မြား(ခြောင့်)ကို ရှာခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရရာ၏။ ထိုယောကျ်ားအား ထိုမြားဆိပ်ကု ဆေးဆရာသည် မြားကို နုတ်ရာ၏၊ ထိုယောကျ်ားသည် မြားကို နုတ်ခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရရာ၏။ ထိုယောကျ်ားအား ထိုမြားဆိပ်ကု ဆေးဆရာသည် မီးဖုတ်ထားသော သျှိသျှားသီးမှုန့်ကို အနာဝ၌ ထည့်သွင်းရာ၏၊ ထိုယောကျ်ားသည် မီးဖုတ်ထားသော သျှိသျှားသီးမှုန့်ကို အနာဝ၌ထည့်သွင်းခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရရာ၏။ ထိုယောကျ်ားသည် နောက်အခါ၌ အသားနုတက်၍ အရေကောင်းမွန်ပြီးလျှင် အနာပျောက်ကင်းရာ၏၊ ချမ်းသာစွာ မိမိသဘောအတိုင်း အလိုရှိရာအရပ်သို့ သွားလာနိုင်ရာ၏။

ထိုယောကျ်ားမှာ ဤသို့ အကြံဖြစ်ရာ၏ "ငါသည် ရှေးက အထပ်ထပ် လိမ်းကျံထားသော ဆိပ်လူးမြား အစူးခံရဘူး၏၊ ထိုငါသည် မြားစူးသောဝေဒနာဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရဘူး၏။ ထိုငါ၏ မိတ်ဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့သည် မြားဆိပ်ကု ဆေးဆရာကို ပင့်ခေါ်လာဘူးကုန်၏။ ထိုငါ့အား ထိုမြားဆိပ်ကု ဆေးဆရာသည် ဓားငယ်ဖြင့် အနာဝကို ခွဲစိပ်ဘူး၏၊ ထိုငါသည် ဓားငယ်ဖြင့် အနာဝကို ခွဲစိပ်ခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရဘူး၏။

http://www.dhammadownload.com



ထိုငါ့အား ထိုမြားဆိပ်ကုဆေးဆရာသည် ခြောင့်ရှာမှုတံဖြင့် မြားကို ရှာဘူး၏၊ ထိုငါသည် ခြောင့်ရှာမှုတံဖြင့် မြား(ခြောင့်)ကို ရှာခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို ခံစားရဘူး၏။ ထိုငါ့အား ထိုမြားဆိပ်ကုဆေးဆရာသည် မြားကို နုတ်ဘူး၏၊ ထိုငါသည် မြားကို နုတ်ခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို ခံစားရဘူး၏။ ထိုငါ့အား ထိုမြားဆိပ်ကုဆေးဆရာသည် မီးဖုတ်ထားသော သျှိသျှားသီးမှုန့်ကို အနာဝ၌ ထည့်သွင်းဘူး၏၊ ထိုငါသည် မီးဖုတ်ထားသော သျှိသျှားသီးမှုန့်ကို အနာဝ၌ ထည့်သွင်းခြင်းဟူသော အကြောင်းကြောင့်လည်း ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရဘူး၏။ ထိုငါသည် ယခုအခါ၌ အသားနုတက်၍ အရေကောင်းမွန်ပြီးလျှင် အနာပျောက်ကင်း၏၊ ချမ်းသာစွာ မိမိသဘောအတိုင်း အလိုရှိရာအရပ်သို့ သွားလာနိုင်၏”ဟု (အကြံဖြစ်ရာ၏)။

ငါ့သျှင်နိဂဏ္ဌတို့ ဤအတူသာလျှင် “ငါတို့သည် ရှေးကဖြစ်ခဲ့ကြဘူးသည်သာတည်း၊ မဖြစ်ခဲ့ကြဘူးသည်ကား မဟုတ်”ဟု သင်တို့ အကယ်၍ သိကုန်ငြားအံ့။ “ငါတို့သည် ရှေးကမကောင်းမှုကံကို ပြုခဲ့ကြဘူးသည်သာတည်း၊ မပြုခဲ့ကြဘူးသည်ကား မဟုတ်”ဟု သိကုန်ငြားအံ့။ “ငါတို့သည် ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ”ဟု သိကုန်ငြားအံ့။ “ဤမျှလောက်သော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကျေပျက်သော် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့”ဟု သိကုန်ငြားအံ့၊ မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို သိကုန်ငြားအံ့။ ဤသို့သိကုန်သည်ရှိသော် “ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏၊ ထို့ကြောင့် (ပဥ္စာတပ)အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း(နောက်ထပ်) မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်း မရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့”ဟု အသျှင်နိဂဏ္ဌတို့ ဖြေကြားခြင်းငှါ သင့်ရာ၏။

ငါ့သျှင်နိဂဏ္ဌတို့ “ငါတို့သည် ရှေးကဖြစ်ခဲ့ကြဘူးသည်သာတည်း၊ မဖြစ်ခဲ့ကြဘူးသည်ကား မဟုတ်”ဟု အကြင်ကြောင့်လည်း သင်တို့သည် မသိကြကုန်။“ငါတို့သည် ရှေးက မကောင်းမှုကံကို ပြုခဲ့ကြဘူးသည်သာတည်း၊ မပြုခဲ့ကြဘူးသည်ကား မဟုတ်”ဟု မသိကြကုန်။ “ငါတို့သည် ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ”ဟု မသိကြကုန်။ “ဤမျှလောက်သော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှလောက်သော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှလောက်သော ဆင်းရဲဒုက္ခ ကျေပျက်သော် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့”ဟု မသိကြကုန်။ မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို အကြင်ကြောင့်လည်း မသိကြကုန်၊ ထိုသို့ မသိကြကုန်သောကြောင့် “ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသောသုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏၊ ထို့ကြောင့် (ပဥ္စာတပ) အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်) မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်း မရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်

http://www.dhammadownload.com



ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအားလုံး ပျောက်ငြိမ်းသည် ဖြစ်လတ္တံ့ ”ဟု အသျှင်နိဂဏ္ဌတို့ ပြောကြားခြင်းငှါ မသင့်။

၄။ ရဟန်းတို့ ဤသို့ပြောဆိုသော် ထိုနိဂဏ္ဌတို့က ငါ့အား ဤစကားကို ပြောဆိုကြကုန်၏— “ငါ့သျှင် နာဋ၏သား နိဂဏ္ဌသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ‘သွားနေစဉ် ရပ်နေစဉ် အိပ်နေစဉ် နိုးနေစဉ် ဉာဏ်အမြင်သည် ငါ့အား အမြဲမပြတ် ရှေးရှုထင်၏’ဟု ဉာဏ်အမြင် ရှိကြောင်းကို အကြွင်းမဲ့ ဝန်ခံ၏”ဟု (ပြောဆိုကြကုန်၏)။ ထိုနာဋ၏သား နိဂဏ္ဌသည် ဤသို့ ပြောဆို၏—“ငါ့သျှင်နိဂဏ္ဌတို့ သင်တို့မှာ ရှေး၌ ပြုထားသော မကောင်းမှုကံသည် ရှိသည်သာ တည်း၊ ထိုမကောင်းမှုကံကို ဤစပ်ရှားလှသည့် ပြုနိုင်ခဲသောအမှုကို ပြုခြင်းဖြင့် ချေဖျက်ကြကုန် လော့၊ ယခုဘဝ၌ ကိုယ်ဖြင့်စောင့်စည်းခြင်း နှုတ်ဖြင့်စောင့်စည်းခြင်း စိတ်ဖြင့်စောင့်စည်းခြင်း သည်ပင် နောင်ဘဝ၌ မကောင်းမှုကံကို မပြုခြင်းဖြစ်၏။ ဤ(ပဓာနတပ) အကျင့်ဖြင့် ကံဟောင်း တို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကို မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ တိုးပွါးခြင်းမဖြစ်၊ နောင့်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်း ကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအားလုံးသည် ပျက်ပြုန်းလတ္တံ့”ဟု (ပြောဆို၏)။ ထိုပြောဆိုခြင်းကိုလည်း ငါတို့သည် ကျေနပ်နှစ်သက်၍ ဝမ်းမြောက်ကြကုန်၏”ဟု (ငါ့အား ပြောဆိုကြကုန်၏)။

၅။ ရဟန်းတို့ ဤသို့ဆိုလတ်သော် ငါသည် နိဂဏ္ဌတို့အား ဤစကားကို ပြောဆို၏—“ငါ့သျှင် နိဂဏ္ဌတို့ ဤငါးပါးသော တရားတို့သည် မျက်မှောက်ဘဝ၌ပင်(ဟုတ်မဟုတ်) နှစ်ပါးသောအကျိုး ရှိကုန်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ—ယုံကြည်ခြင်း‘သဒ္ဓါ’ နှစ်သက်ခြင်း ‘ရုစိ’ အဆင့်ကြားခြင်း ‘အနုဿဝ’ အခြင်းအရာကို ကြံစည်ခြင်း ‘အာကာရပရိဝိတက္က’ အယူကိုစူးစိုက်ကြည့်ရှု၍ ကျေနပ် ခြင်း‘ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ’ တို့တည်း။ ငါ့သျှင်နိဂဏ္ဌတို့ ဤငါးပါးသော တရားတို့သည် မျက်မှောက်ဘဝ၌ ပင် (ဟုတ်မဟုတ်) နှစ်ပါးသော အကျိုးရှိကုန်၏။

ထိုတရားငါးပါးတို့တွင် အသျှင်နိဂဏ္ဌတို့၏ အတိတ်ကိုစွဲ၍ဖြစ်သော အယူကိုယူရာတွင် ဆရာ၌ ယုံကြည်ခြင်းဟူသည် အဘယ်နည်း၊ နှစ်သက်ခြင်းဟူသည် အဘယ်နည်း၊ အဆင့်ကြားခြင်းဟူသည် အဘယ်နည်း၊ အခြင်းအရာကို ကြံစည်ခြင်းဟူသည် အဘယ်နည်း၊အယူကို စူးစိုက်ကြည့်ရှု၍ကျေနပ် ခြင်းဟူသည် အဘယ်နည်း”ဟု (ဤစကားကို ဆို၏)။ ရဟန်းတို့ ဤသို့ဆိုသော ငါသည် နိဂဏ္ဌတို့၌ အကြောင်းခိုင်လုံသော တစုံတခုသောဝါဒတုံ့ပြန်ခြင်းကို မမြင်။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ငါသည် ထိုနိဂဏ္ဌတို့ကို ဤသို့ဆို၏“ငါ့သျှင်နိဂဏ္ဌတို့ သင်တို့သည် အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထက်သန်စွာ လုံ့လပြုအပ် ထက်သန်စွာ အားထုတ်အပ်သော အယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန်အခံခက်သောဝေဒနာကို သင်တို့ ခံစားကုန် ရာသလော။ ယင်းသို့မဟုတ်မူ ထက်သန်စွာ လုံ့လမပြုအပ် ထက်သန်စွာ အားမထုတ်အပ်သော အယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို သင်တို့ မခံစား ရကုန်ရာသလော”ဟု (မေး၏)။

ငါ့သျှင်ဂေါတမ အကျွန်ုပ်တို့၏ ထက်သန်စွာ လုံ့လပြုအပ် ထက်သန်စွာ အားထုတ်အပ်သော အယူ၌ ထက်သန်စွာလုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို ခံစားရပါကုန်၏။

http://www.dhammadownload.com



အကျွန်ုပ်တို့သည် ထက်သန်စွာလုံ့လမပြုအပ် ထက်သက်စွာအားမထုတ်အပ်သောအယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို မခံစားရပါကုန်ဟု(ဆိုကြကုန်၏)။

၆။ ငါ့သျှင်နိဂဏ္ဌတို့ ထက်သန်စွာ လုံ့လပြုအပ် ထက်သန်စွာ အားထုတ်အပ်သောအယူ၌ ထက်သန်စွာလုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို ခံစားရကုန်ရာ၏ဟု သင်တို့ဆို၏၊ရင်းပြင် သင်တို့သည် ထက်သန်စွာ လုံ့လမပြုအပ် ထက်သန်စွာ အားမထုတ်အပ်သော အယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို မခံစားရကုန်ရာဟု သင်တို့ ဆို၏။ ဤသို့ဖြစ်သည်ရှိသော် "ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခ ဒုက္ခ မဟုတ်သော ဥပေက္ခာဝေဒနာကို ခံစားရ၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏၊ထို့ကြောင့်(ပဌာတပ)အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်)မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ဖြစ်ပွါးခြင်းမရှိတော့ချေ၊ နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအားလုံးသည် ပျက်ပြုန်းလတ္တံ့"ဟု ငါ့သျှင်နိဂဏ္ဌတို့ ဖြေကြားခြင်းငှါ မသင့်။

ငါ့သျှင်နိဂဏ္ဌတို့ သင်တို့သည် ထက်သန်စွာလုံ့လပြုအပ် ထက်သန်စွာအားထုတ်အပ်သောအယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန်အခံခက်သော ဝေဒနာကို အကယ်၍ မခံစားရကုန်ငြားအံ့၊ သင်တို့သည် ထက်သန်စွာလုံ့လမပြုအပ် ထက်သန်စွာ အားမထုတ်အပ်သောအယူ၌ ထက်သန်စွာလုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို အကယ်၍ ခံစားရကုန်ငြားအံ့။

ဤသို့ဖြစ်သည်ရှိသော်"ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သောအတိတ်ကံကြောင့် ဖြစ်၏၊ ထို့ကြောင့် (ပဌာတပ)အကျင့်ဖြင့် ကံဟောင်းတို့ကိုလည်း ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်)မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ တိုးပွါးခြင်းမရှိတော့ချေ၊နောင်အခါ၌ မတိုးပွါးခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအားလုံးသည် ပျက်ပြုန်းလတ္တံ့"ဟု အသျှင်နိဂဏ္ဌတို့ ဖြေကြားခြင်းငှါ သင့်၏။

ငါ့သျှင်နိဂဏ္ဌတို့ သင်တို့သည် ထက်သန်စွာ လုံ့လပြုအပ် ထက်သန်စွာ အားထုတ်အပ်သောအယူ၌ ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သောဝေဒနာကို ခံစားကုန်ရာသောကြောင့် ထက်သန်စွာလုံ့လမပြုအပ် ထက်သန်စွာအားမထုတ်အပ်သော အယူ၌ ထက်သန်စွာလုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာကို မခံစားရကုန်ရာသောကြောင့် ထိုသင်တို့သည် ကိုယ်တိုင်သာလျှင် လုံ့လပြုကုန်၍ ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားကုန်လျက် မသိနားမလည်ခြင်းကြောင့် ပြင်းစွာတွေဝေခြင်းကြောင့် "ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခဝေဒနာ ဒုက္ခဝေဒနာ သုခဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစား၏၊ ထိုခံစားမှုဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်၏၊ ထို့ကြောင့် (ပဌာတပ) အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း (နောက်ထပ်) မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွါးခြင်း မရှိတော့ချေ၊နောင်အခါ၌ မဖြစ်ပွါးခြင်းကြောင့် ကံကုန်၏၊

http://www.dhammadownload.com



ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့် ထိုဆင်းရဲဒုက္ခအားလုံး ပျက်ပြုန်းလတ္တံ့”ဟု ဤသို့ဖောက်ပြန်စွာ ယုံကြည်ကုန်၏၊ရဟန်းတို့ ဤသို့ဆိုသော ငါသည် နိဂဏ္ဌတို့၌လည်း အကြောင်းခိုင်လုံသော တစုံတခုသောဝါဒ တုံ့ပြန်ခြင်းကို မမြင်။

၇။ ရဟန်းတို့ တဖန် ထိုပြင်လည်း ငါသည် နိဂဏ္ဌတို့ကို ဤသို့ဆို၏—“ငါ့သျှင်နိဂဏ္ဌတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“ငါ့သျှင်နိဂဏ္ဌတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ချမ်းသာကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘ဆင်းရဲကျိုးခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“ဆင်းရဲကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘ချမ်းသာကျိုးခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“ငါ့သျှင်နိဂဏ္ဌတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရင့်ကျက်သည်ဖြစ်၍ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘မရင့်ကျက်သေးသဖြင့် နောင်မှ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“မရင့်ကျက်သေးသဖြင့် နောင်မှအကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘ရင့်ကျက်သည်ဖြစ်၍ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“ငါ့သျှင်နိဂဏ္ဌတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အကျိုးများစွာ ခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘အကျိုးအနည်းငယ် ခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“အကျိုးအနည်းငယ်ခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘အကျိုးများစွာ ခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

“ငါ့သျှင်နိဂဏ္ဌတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း ‘အကျိုးမခံစားရမည့်ကံ ဖြစ်ပါစေ’ဟု ပြုပြင်၍ ရကောင်းအံ့လော”ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

http://www.dhammadownload.com



"အကျိုးမခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း 'အကျိုးခံစားရမည့်ကံဖြစ်ပါစေ'ဟု ပြုပြင်၍ ရကောင်းအံ့လော"ဟု (မေး၏)။ ငါ့သျှင် မရကောင်းပါ (ဟုဆိုကြကုန်၏)။

၈။ ငါ့သျှင်နိဂဏ္ဌတို့ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍ မရကောင်း။ တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ ချမ်းသာကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "ဆင်းရဲကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍ မရကောင်း။ ဆင်းရဲကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "ချမ်းသာကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ ရင့်ကျက်သည်ဖြစ်၍ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "မရင့်ကျက်သေးသဖြင့် နောင်မှအကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍ မရကောင်း။ မရင့်ကျက်သေးသည်ဖြစ်၍ နောင်မှ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "ရင့်ကျက်သည်ဖြစ်၍ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ အကျိုးများစွာ ခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "အကျိုးအနည်းငယ် ခံစားရမည့်ကံဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ အကျိုးအနည်းငယ် ခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "အကျိုးများစွာ ခံစားရမည့်ကံဖြစ်ပါစေ"ဟု ပြုပြင်၍ မရကောင်း။ အကျိုးခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "အကျိုးမခံစားရမည့် ကံဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ အကျိုးမခံစားရမည့်ကံကို လုံ့လပြုခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း "အကျိုးခံစားရမည့် ကံဖြစ်ပါစေ"ဟု ပြုပြင်၍မရကောင်း။ ဤသို့ မရကောင်းသည်ရှိသော် အသျှင်နိဂဏ္ဌတို့၏ လုံ့လပြုခြင်းသည် အကျိုးမရှိ၊ အားထုတ်ခြင်းသည် အကျိုးမရှိ။ ရဟန်းတို့ နိဂဏ္ဌတို့သည် ဤသို့အယူရှိကုန်၏၊ ရဟန်းတို့ ဤသို့ အယူရှိကုန်သော နိဂဏ္ဌတို့၏ အကြောင်းနှင့်တကွဖြစ်သော ဆယ်ပါးကုန်သော အယူဝါဒနှင့် အတုလိုက်သော အယူဝါဒတို့သည် အကဲ့ရဲ့ခံရခြင်းသို့ ရောက်ကုန်၏။

၉။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်သည်ဖြစ်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန်အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ရှေးက မကောင်းမှုကံကို ပြုခဲ့သူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ယုတ်မာဆိုးဝါးသော အစိုးရသောသူက ဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မြဲခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲ

http://www.dhammadownload.com



ပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချတ်ကေန် ယုတ်ညံ့သော မြဲခြင်းသဘောရှိသူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ်ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့ သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချတ်ကေန် ယုတ်ညံ့သော အမျိုးဇာတ်ထူး ရှိသူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချတ်ကေန် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းရှိသူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ထိုက်သူတို့ ဖြစ်ကုန်၏၊ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

ရဟန်းတို့ အကယ်၍သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။ အကယ်၍ သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို မခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မြဲခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။ အကယ်၍ သတ္တဝါတို့သည် မြဲခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ်ထူးခြင်း ဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ ရှုတ်ချထိုက်ကုန်၏၊ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ်ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ ရှုတ်ချထိုက်ကုန်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏၊ အကယ်၍ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချ ထိုက်ကုန်၏။

ရဟန်းတို့ နိဂဏ္ဌတို့သည် ဤသို့ အယူရှိကုန်၏၊ ရဟန်းတို့ ဤသို့ အယူရှိကုန်သော နိဂဏ္ဌတို့၏ အကြောင်းနှင့်တကွဖြစ်သော ဆယ်ပါးကုန်သော ဤအယူဝါဒနှင့် အတူ လိုက်သော အယူဝါဒတို့သည် အကဲ့ရဲ့ခံရခြင်းသို့ ရောက်ကုန်၏။ရဟန်းတို့ ဤသို့လျှင် လုံ့လပြုခြင်းသည် အကျိုးမရှိ၊ အားထုတ်ခြင်းသည် အကျိုးမရှိ။

http://www.dhammadownload.com



၁၀။ ရဟန်းတို့ အဘယ်သို့လျှင် အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်း ဖြစ်ပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆင်းရဲအနှိပ်စက်မခံရသော အတ္တဘောကို ဆင်းရဲမနှိပ်စက်စေ၊ တရားနှင့် လျော်သော ချမ်းသာကိုလည်း မစွန့်၊ ထိုချမ်းသာ၌လည်း မမက်မော။ ထိုရဟန်းသည် "လွန်ကဲသော ဝီရိယကို အားထုတ်သော ငါ့အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် ဤဒုက္ခ၏ အကြောင်း တဏှာ၏ကင်းခြင်းဖြစ်၏(ဟူ၍သော်၎င်း)လျစ်လျူရှုသော ငါ့အား လျစ်လျူရှုမှုကို ပွါးများခြင်းကြောင့် ဤဒုက္ခ၏အကြောင်း တဏှာ၏ ကင်းခြင်းသည် ဖြစ်၏"ဟူ၍သော်၎င်း သိငြားအံ့၊ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် အကြင်ဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏၊ ထိုဒုက္ခ၏ အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လွန်ကဲသော ဝီရိယကို အားထုတ်၏။ လျစ်လျူရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူရှုမှုကို ပွါးခြင်းကြောင့် အကြင်ဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ထိုဒုက္ခ၏ အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လျစ်လျူရှုမှုကို ပွါး၏။ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် ထိုဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ထိုဆင်းရဲသည် ကျေပျက်၏။ လျစ်လျူရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူရှုမှုကို ပွါးခြင်းကြောင့် ထိုဒုက္ခ၏အကြောင်း တဏှာ ကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ထို ဆင်းရဲသည် ကျေပျက်၏။

၁၁။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် မိန်းမ၌ ပြင်းစွာကြိုက်နှစ်သက်၏၊စွဲလမ်းသော စိတ်ရှိ၏ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏ ထို ယောကျ်ားသည် ထိုမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုရင်း စကားပြောနေသည်ကိုရင်း ရယ်မောနေသည်ကိုရင်း ပြုံးနေသည်ကိုရင်း မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုမိန်းမကို တခြား ယောကျ်ားနှင့်အတူ ရပ်နေသည်ကိုရင်း စကားပြောနေသည်ကိုရင်း ရယ်မောနေသည်ကိုရင်း ပြုံးနေသည်ကိုရင်း မြင်ရ၍ ထိုယောကျ်ားအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးတော်မူ၏)။ဖြစ်ကုန်ရာပါသည် အသျှင်ဘုရား။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ဤယောကျ်ားသည် ဤမိန်းမ၌ ပြင်းစွာ ကြိုက်နှစ်သက်၏၊ စွဲလမ်းသောစိတ် ရှိ၏၊ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏၊ ထို့ကြောင့် ထိုမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုရင်း စကားပြောနေသည်ကိုရင်း ရယ်မောနေသည်ကိုရင်း ပြုံးနေသည်ကိုရင်း မြင်ရ၍ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထို့နောက် ထိုယောကျ်ားအား ဤသို့ အကြံဖြစ်၏ "ငါသည် ဤမိန်းမ၌ ပြင်းစွာ ကြိုက်နှစ်သက်၏၊စွဲလမ်းသောစိတ်ရှိ၏၊ ပြင်းထန်စွာ အလိုရှိ၏၊ ပြင်းထန်စွာ ငဲ့ကွက်တောင့်တ၏၊ ဤမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုရင်း စကားပြောနေသည်ကိုရင်း ရယ်မောနေသည်ကိုရင်း ပြုံးနေသည်ကိုရင်း မြင်ရ၍ ငါ့အား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏၊ ငါသည် ဤမိန်းမ၌ လိုချင်တပ်မက်မှုကို ပယ်ရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။ ထိုယောကျ်ားသည် ဤမိန်းမ၌ လိုချင်တပ်မက်မှုကို ပယ်ရာ၏။ ထိုယောကျ်ားသည် နောက်အခါ၌ ထိုမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုရင်း စကားပြောနေသည်ကိုရင်း ရယ်မောနေသည်ကိုရင်း ပြုံးနေသည်ကိုရင်း မြင်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤမိန်းမကို တခြားယောကျ်ားနှင့် အတူ ရပ်နေသည်ကိုဖြင့်း စကားပြောနေသည်ကိုဖြင့်း ရယ်မောနေသည်ကိုဖြင့်း ပြုံးနေသည်ကိုဖြင့်း မြင်ရ၍ ထိုယောကျ်ားအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု(မေးတော်မူ၏)။အသျှင်ဘုရား မဖြစ်ကုန်ရာပါ။ အဘယ့် ကြောင့် နည်းဟူမူ—အသျှင်ဘုရား ဤယောကျ်ားသည် ဤမိန်းမ၌ တပ်မက်မှု ကင်း၏၊ ထို့ကြောင့် ထိုမိန်းမကို တခြားယောကျ်ားနှင့်အတူ ရပ်နေသည်ကိုဖြင့်း စကားပြောနေသည်ကိုဖြင့်း ရယ်မော နေသည်ကိုဖြင့်း ပြုံးနေသည်ကိုဖြင့်း မြင်ရ၍ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲ ခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် မဖြစ်ကုန်ရာပါဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် ဆင်းရဲအနှိပ်စက်မခံရသော အတ္တဘောကို ဆင်းရဲမနှိပ်စက်စေ၊ တရားနှင့် လျော်သော ချမ်းသာကိုလည်း မစွန့်၊ ထိုချမ်းသာ၌လည်း မမက် မော။ ထိုရဟန်းသည် "လွန်ကဲသော ဝီရိယကို အားထုတ်သော ငါ့အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် ဤဒုက္ခ၏အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏ ဟူ၍သော်၎င်း လျစ်လျူရှုသော ငါ့အား လျစ်လျူရှုမှုကို ပွါးများခြင်းကြောင့် ဤဒုက္ခ၏ အကြောင်း တဏှာ ကင်းခြင်းသည် ဖြစ်၏" ဟူ၍သော်၎င်း သိငြားအံ့။ လွန်ကဲသော ဝီရိယကို အားထုတ်သော ထို ပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် အကြင်ဒုက္ခ၏ အကြောင်း တဏှာ၏ ကင်းခြင်းသည် ဖြစ်၏၊ထိုဒုက္ခ၏ အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လွန်ကဲသော ဝီရိယကို အားထုတ် ၏။ လျစ်လျူရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူရှုမှုကို ပွါးခြင်းကြောင့် အကြင်ဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏၊ ထိုဒုက္ခ၏ အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လျစ်လျူရှုမှုကို ပွါး၏။ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်း ကြောင့် ထိုဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲ ဒုက္ခသည် ကျေပျက်၏၊ လျစ်လျူရှုသော ထိုပုဂ္ဂိုလ်အား လျစ်လျူရှုမှုကို ပွါးခြင်းကြောင့် ထိုဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခသည် ကျေပျက် ၏။ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

၁၂။ ရဟန်းတို့ တဖန်ထိုပြင်လည်း ရဟန်းသည် ဤသို့ ဆင်ခြင်၏ "ချမ်းသာသလိုနေသော ငါ့အား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ကုသိုလ်တရားတို့သည်ဆုတ်ယုတ်ကုန်၏၊အတ္တဘော ကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ငါ့အား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ် တရားတို့သည် တိုးပွါးကုန်၏။ငါသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်ရမူ ကောင်းလေ စွ"ဟု (ဆင်ခြင်၏)။ ထိုရဟန်းသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်၏၊ အတ္တဘော ကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ရဟန်းအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ထိုရဟန်းသည် နောင်အခါ၌ အတ္တဘောကို ဆင်းရဲစေခြင်း ငှါ အားမထုတ်တော့ချေ။ အဘယ့်ကြောင့်နည်းဟူမူ— ရဟန်းတို့ ထိုရဟန်းသည် အကြင် အကုသိုလ်ဆုတ်ယုတ်ခြင်း ကုသိုလ်တိုးပွါးခြင်းအကျိုးငှါ အတ္တဘောကို ဆင်းရဲအောင်အားထုတ်၏၊ ထိုရဟန်းအား ထိုအကျိုးသည် ပြီးစီးပြီ။ ထို့ကြောင့် နောင်အခါ၌ အတ္တဘောကို ဆင်းရဲစေခြင်း ငှါ အားမထုတ်တော့ချေ။

ရဟန်းတို့ ဥပမာအားဖြင့် လေးသမားသည် မြားကို မီးစနှစ်ခုတို့၌ အပြန်အလှန်ကင်၏၊ ထက်ဝန်းကျင် ကင်၏၊ ဖြောင့်အောင်ပြု၏၊ ပစ်ခတ်မှု၌ လျော်အောင် ပြု၏။ ရဟန်းတို့ အကြင်

http://www.dhammadownload.com



ကြောင့် လေးသမားသည် မြှားကို မီးစနှစ်ခုတို့၌ အပြန်အလှန် ကင်ပြီးနောက် ထက်ဝန်းကျင် ကင်ပြီးနောက် ဖြောင့်အောင် ပြုပြီးနောက် ပစ်ခတ်မှု၌ လျော်အောင် ပြုပြီးနောက် ထိုလေးသမားသည် ထိုမြှားကို မီးစနှစ်ခုတို့၌ အပြန်အလှန် မကင်၊ ထက်ဝန်းကျင် မကင်၊ ဖြောင့်အောင် မပြု ပစ်ခတ်မှု၌ လျော်အောင် မပြုတော့ပေ။ အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုလေးသမားသည် အကြင်အကျိုးငှါ မြှားကို မီးစနှစ်ခုတို့၌ အပြန်အလှန် ကင်၏၊ ထက်ဝန်းကျင် ကင်၏၊ ဖြောင့်အောင်ပြု၏၊ ပစ်ခတ်မှု၌ လျော်အောင်ပြု၏၊ ထိုလေးသမားအား ထိုအကျိုးသည် ပြီးစီးပြီ။ ထို့ကြောင့် နောင်အခါ၌ လေးသမားသည် မြှားကို ဖြောင့်လိုရအောင် မီးစနှစ်ခုတို့၌ အပြန်အလှန် မကင်၊ ထက်ဝန်းကျင် မကင်၊ ဖြောင့်အောင်မပြု၊ ပစ်ခတ်မှု၌ လျော်အောင် မပြုတော့ပေ။

ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် ဤသို့ ဆင်ခြင်၏ "ချမ်းသာသလို နေသော ငါ့အား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ငါ့အား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ငါသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်ရမူ ကောင်းလေစွ"ဟု (ဤသို့ ဆင်ခြင်၏)။ ထိုရဟန်းသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်၏၊ အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ထိုရဟန်းအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ထိုရဟန်းသည် နောင်အခါ၌ အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားမထုတ်တော့ချေ။ အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုရဟန်းသည် အကြင် အကုသိုလ်ဆုတ်ယုတ်ခြင်း ကုသိုလ်တိုးပွါးခြင်းအကျိုးငှါ အတ္တဘောကို ဆင်းရဲအောင် အားထုတ်၏၊ ထိုရဟန်းအား ထိုအကျိုးသည် ပြီးစီးပြီ။ ထို့ကြောင့် နောင်အခါ၌ အတ္တဘောကို ဆင်းရဲအောင် အားမထုတ်တော့ချေ။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

၁၃။ ရဟန်းတို့ နောက်တဖန်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကသုံးပါးကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသော ဤခြင်းကာသလောကကိုရင်း သမဏဗြာဟ္မဏတို့နှင့်တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုတရားတော်ကို သူကြွယ်သည်ရင်း သူကြွယ်၏သားသည်ရင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်ရင်း ကြားနာရ၏။ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၏၊ ထိုသူသည် ထိုယုံကြည်မှုကို ရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏ "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊

http://www.dhammadownload.com



(ကိလေသာ)မှုထရာ လမ်းကြောင်းဖြစ်၏၊ ရှင်ရဟန်းအဖြစ်သည် လွှင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါမလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာဘည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု (ဆင်ခြင်၏)။ ထိုသူသည် နောင်အခါ၌ နည်းသောဥစ္စာစုကို စွန့်၍သော်၎င်း များသောဥစ္စာစုကို စွန့်၍သော်၎င်း နည်းသောဆွေမျိုးစုကို စွန့်၍သော်၎င်း များသောဆွေမျိုးစုကို စွန့်၍သော်၎င်း ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်၏။

၁၄။ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ရဟန်းတို့၏ အဓိသီလသိက္ခာ ပညတ်တော်မူအပ်သော သိက္ခာပုဒ်နှင့်ပြည့်စုံလျက် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။ မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏။ မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ မဟုတ်မမှန်ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်စေ၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူမဟုတ် ဂုံးစကားကို ပယ်စွန့်၍ ဂုံးစကားမှ ရှောင်ကြဉ်၏၊ ထိုသူတို့နှင့် ဤသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့နှင့် ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းပြုတတ်သော စကားကိုသာ ဆိုလေ့ရှိ၏။ ကြမ်းထမ်းသောစကားကိုပယ်၍ ကြမ်းထမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။ ပြိန်ဖျင်းသောစကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ သင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုရဟန်းသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း(သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏။ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ရွှေငွေကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ ကောက်စိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ သားစိမ်း ငါးစိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

http://www.dhammadownload.com



ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကြက်ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍လိမ်ခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း(ခရီးသွားတို့ကို)လုယက်ခြင်း ရွာနိဂုံးတို့ကို သောင်းကျန်းဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

ထိုရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲပရိက္ခရာမျှသာရှိသဖြင့်)တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏။ ဥပမာအားဖြင့် အတောင်ရှိသောငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံ၏။ ဤအတူ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာရှိသဖြင့်)တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏။ ထိုရဟန်းသည် မြတ်သော ဤသီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစား၏။

၁၅။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကိုမြင်သော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍)စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း(စက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်)ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နံသော်။ပ။ လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (မနိန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြိယသံဝရ သီလနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌(ကိလေသာနှင့်)မရောသော ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ စကားပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏။

http://www.dhammadownload.com



၁၆။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြိယသံဝရသီလနှင့်လည်း ပြည့်စုံသည် ဖြစ်၍ ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည် ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက်၌ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကိုပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသောစိတ်ဖြင့် နေ၏၊ မက်မောခြင်း'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ဒေါသကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏။လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်ခြင်း'ကုက္ကုစ္စ'ကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်ခြင်း'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည် ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော တွေးတော ယုံမှားခြင်းမရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်၏ညစ်ညူးကြောင်းဖြစ်သော ပညာကို အားနည်းအောင် ပြုတတ်သော ဤငါးပါးသော နီဝရဏတရားတို့ကို ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွ ဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်သို့ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိ သမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို"လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ (ရဟန်းသည်)ထိုတတိယဈာန်သို့ ရောက်၍နေ၏၊ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့ပြင်လည်း ရဟန်းသည် ချမ်းသာကို ပယ်ခြင်းကြောင့်၎င်း ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏(စတုတ္ထဈာန်မရမီ) ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

၁၇။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း။ တဘဝကိုလည်း နှစ်ဘဝတို့ကိုလည်း သုံးဘဝတို့ကိုလည်း လေးဘဝတို့ကိုလည်း ငါးဘဝတို့ကိုလည်း ဆယ်ဘဝတို့ကိုလည်း ဘဝနှစ်ဆယ်တို့ကိုလည်း ဘဝသုံးဆယ်တို့ကိုလည်း ဘဝလေးဆယ်တို့ကိုလည်း ဘဝငါးဆယ်တို့ကိုလည်း ဘဝတရာကိုလည်း ဘဝတထောင်ကိုလည်း ဘဝတသိန်းကိုလည်း များပြားသော ပျက်ကပ်တို့ကိုလည်း များပြားသော ဖြစ်ကပ်တို့ကိုလည်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုလည်း "ဤမည်သောဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ (တဖန်) ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုနောက်ဆုံးဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ရပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့် တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

၁၈။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် သတ္တဝါတို့၏သေခြင်း ဖြစ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာသူတော်ကောင်းတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါ

http://www.dhammadownload.com



တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာသူတော်ကောင်းတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သောအယူကို ယူကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏"ဟု ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။

၁၉။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝေါ တရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။

ထို(ရဟန်း)သည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤသို့သိသော ဤသို့မြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးသော် "လွတ်မြောက်ပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "တဖန် ပဋိသန္ဓေနေမှုကုန်ပြီ၊ မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။ ရဟန်းတို့ ဤသို့လည်း အကျိုးရှိသော လုံ့လပြုခြင်း အကျိုးရှိသော အားထုတ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့ မြတ်စွာဘုရားတို့သည် ဤသို့အယူရှိကုန်၏၊ ရဟန်းတို့ ဤသို့ အယူရှိကုန်သော မြတ်စွာဘုရားတို့အား အကြောင်းနှင့်တကွဖြစ်၍ ဆယ်ပါးသော ချီးမွမ်းဖွယ် အကြောင်းတို့သည် ရောက်လာကုန်၏။

၂၀။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ မြတ်စွာဘုရားသည် ယခုဘဝ၌ ဤသို့သဘောရှိသော အာသဝေါကင်းသော ချမ်းသာ ခံစားမှုတို့ကို ခံစားရသောကြောင့် မချွတ်ကေန် ရှေးဘဝက ကောင်းမှုကံပြုခဲ့သူဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ မြတ်စွာဘုရားသည် ယခုဘဝ၌ ဤသို့သဘောရှိသော အာသဝေါကင်းသော ချမ်းသာခံစားမှုတို့ကို ခံစားရသောကြောင့် မချွတ်ကေန် ကောင်းမြတ်သော အစိုးရသူက ဖန်ဆင်းထားသူဖြစ်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မြဲခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ မြတ်စွာဘုရားသည် ယခုဘဝ၌ ဤသို့သဘောရှိသော အာသဝေါကင်းသော ချမ်းသာခံစားမှုတို့ကို ခံစားရသောကြောင့် မချွတ်ကေန် ကောင်းမြတ်သော မြဲခြင်းသဘောရှိသူဖြစ်၏။

ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ်ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ မြတ်စွာဘုရားသည် ယခုဘဝ၌ ဤသို့သဘောရှိသော အာသဝေါကင်းသော ချမ်းသာခံစားမှုတို့ကို ခံစားရသောကြောင့် မချွတ်ကေန် ကောင်းမြတ်သော အမျိုးဇာတ်ထူးရှိသူ ဖြစ်၏။

ရဟန်းတို့ အကယ်၍သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ ရဟန်းတို့ မြတ်စွာဘုရားသည် ယခုဘဝ၌ ဤသို့သဘောရှိသော အာသဝေါကင်းသော ချမ်းသာတို့ကို ခံစားရသောကြောင့် မချွတ်ကေန် ကောင်းမြတ်သော မျက်မှောက်ဘဝ၌ လုံ့လပြုခြင်း ရှိသူဖြစ်၏။

ရဟန်းတို့ အကယ်၍သတ္တဝါတို့သည် ရှေးဘဝကပြုခဲ့သော ကောင်းမှုဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို အကယ်၍ ခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ အကယ်၍ သတ္တဝါတို့သည် ရှေးဘဝကပြုခဲ့သော ကောင်းမှုဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ အကယ်၍ သတ္တဝါတို့သည် အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် အမြဲဖြစ်ခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ သတ္တဝါတို့သည် အကယ်၍ အမြဲဖြစ်ခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် ထူးသောအမျိုးဇာတ်ဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ သတ္တဝါတို့သည် အကယ်၍ ထူးသောအမျိုးဇာတ် ထူးသောအကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ ရဟန်းတို့ အကယ်၍ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ သတ္တဝါတို့သည် အကယ်၍ မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့၊ မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏။ ရဟန်းတို့ မြတ်စွာဘုရားတို့သည် ဤသို့ အယူရှိကုန်၏၊ ရဟန်းတို့ ဤသို့ အယူရှိကုန်သော မြတ်စွာဘုရားတို့အား အကြောင်းနှင့်တကွဖြစ်သော ဤဆယ်ပါးသော ချီးမွမ်းဖွယ်အကြောင်းတို့သည် ရောက်လာကုန်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကြကုန်ပြီ။

ရှေးဦးစွာသော ဒေဝဒဟသုတ် ပြီး၏။

---

## ၂-ပဉ္စတ္တယသုတ် [၁]

၂၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ နောက်အဖို့ကို ကြံဆခြင်းရှိကုန်သော နောက်အဖို့ကို စွဲယူကုန်သော အချို့အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်)နောက်အဖို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏၊ "အတ္တသည် သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏"၊ ဤသို့ အချို့သူတို့သည် ပြောဆိုကုန်၏၊ "အတ္တသည် သညာမရှိ၊ သေသည့်နောက်၌ မြဲ၏"၊ ဤသို့ အချို့သူတို့သည် ပြောဆိုကုန်၏၊"အတ္တသည် သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်၊ သေသည့်နောက်၌ မြဲ၏"၊ ဤသို့ အချို့သူတို့သည် ပြောဆိုကုန်၏၊ ထို့မှတပါး ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်းသဘောမှ ကင်းခြင်းကို ပညတ်ကုန်၏၊ ထို့မှတပါး မျက်မှောက်ဘဝ၌ ဆင်းရဲကင်းငြိမ်းသော လောကနိဗ္ဗာန်ကို အချို့သူတို့သည် ပြောဆိုကုန်၏။ ဤသို့ ထင်ရှားရှိသောအတ္တကို သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏၊ ထို့မှတပါး ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်းသဘောမှ ကင်းခြင်းကို ပညတ်ကုန်၏၊ မျက်မှောက်ဘဝ၌ ဆင်းရဲကင်းငြိမ်းသော နိဗ္ဗာန်ကို အချို့သူတို့သည် ပြောဆိုကုန်၏။ ဤသို့ ဤအယူဝါဒတို့သည် ငါးပါးဖြစ်လျက် သုံးပါးဖြစ်ကုန်၏၊ သုံးပါးဖြစ်လျက် ငါးပါးဖြစ်ကုန်၏။ ဤကား ငါးပါး သုံးပါးသောအယူဝါဒကို အကျဉ်းပြခြင်းတည်း။

၂၂။ ရဟန်းတို့ ထိုစကား၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ သညာလည်းရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ကားမရှိ သညာကားရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ ရုပ်လည်းမရှိ၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်းမဟုတ်၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို တခုတည်းသောသညာ 'ဧကတ္တသညာ'လည်းရှိ၏၊သညာရှိ၏၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို အထူးထူးသော

---

၁-ပဉ္စာယတန-သုတ်ဟုလည်း ရှိသည်။

http://www.dhammadownload.com



သညာလည်းရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏ ဗြာဟ္မဏတို့သည် အတ္တကို ငယ်သော သညာလည်းရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို အတိုင်းမရှိသော ကြီးသောသညာ လည်း ရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။

ထိုမှတပါး ဤသို့ သညာသတ္တကကို လွန်ကုန်သော အချို့ပုဂ္ဂိုလ်တို့တွင် အချို့သောပုဂ္ဂိုလ် တို့သည် ဝိညာဏကသိုဏ်းကို အတိုင်းမရှိကြီး၏၊ တုန်လှုပ်ခြင်းမရှိဟု ပြောဆိုကုန်၏။ ရဟန်းတို့ ငါဘုရားသည် ထိုမှားသောအယူကို ထူးသောဉာဏ်ဖြင့် သိ၏။ အကြင် အချင်းသမဏဗြာဟ္မဏ တို့သည် အတ္တကို သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏ ဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ သညာရှိ၏၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းမရှိ၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ရုပ်လည်းမရှိ၊သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည် လည်းမဟုတ်၊ ရုပ်မရှိသည်လည်းမဟုတ်၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို တခုတည်းသောသညာ ဧကတ္တသညာလည်းရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို အထူးထူးသော သညာလည်း ရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ငယ်သော သညာလည်း ရှိ၏၊ သညာရှိ၏၊သေသည့် နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို အတိုင်းမရှိသော ကြီးသော သညာလည်းရှိ၏၊ သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏၊ (ဤသို့ထူး သောဉာဏ်ဖြင့်သိ၏)[၁]။

ထိုမှတပါး အကယ်၍ ရုပ်ရှိသော သညာကိုဖြစ်စေ၊အကယ်၍ နာမ်ရှိသော သညာကိုဖြစ်စေ၊ အကယ်၍ တခုတည်းသော သညာကိုဖြစ်စေ၊ အကယ်၍ အထူးထူးသော သညာကိုဖြစ်စေ၊ ထို သညာတို့၏ အကြင် ဂုံလေသာ စင်ကြယ်ခြင်းကိုငှင်း အကြင်မြတ်ခြင်းကိုငှင်း အကြင်ချီးမွမ်း ခြင်းကိုငှင်း အကြင်အတုမရှိ မြတ်ခြင်းကိုငှင်း ဆိုအပ်၏၊ နတ္ထိကိဉ္စိဟု စီးဖြန်း၍ ရသော အာကိဉ္စညာယတနစျာန်ကို အချို့ပုဂ္ဂိုလ်တို့သည် အတိုင်းမရှိ ကြီး၏၊မတုန်လှုပ်ခြင်းသို့ရောက်၏ဟု ပြောဆိုကုန်၏၊ ထိုအလုံးစုံသော သညာသည် ပြုပြင်အပ်သည်ဖြစ်၍ ရုန့်ရင်း၏၊ စင်စစ်သင်္ခါရတို့၏ ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့ သိ၍ ထိုသင်္ခါရ၏ ထွက် မြောက်ရာနိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရကို လွန်မြောက်၏။

၂၃။ ရဟန်းတို့ ထိုရှစ်ပါးသော အသညီဝါဒတို့၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ကားရှိ၏၊ သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏ တို့သည် အတ္တကို ရုပ်လည်းမရှိ၊ သညာလည်းမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအချင်းသမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ ရုပ်လည်းမရှိ၊ သညာမရှိ၊ သေသည့်

---

၁-အချို့မူ၌ပါရှိ၏။

http://www.dhammadownload.com



နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊သညာမရှိ၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ရဟန်းတို့ ထိုစကား၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။

ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏၊ ထိုသို့ တားမြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—သညာသည် ရောဂါနှင့်တူ၍ သညာသည် အိုင်းအမာနှင့် တူ၍ သညာသည် မြှားငြောင့်နှင့်တူ၍ အသညာမရှိခြင်းသည် ငြိမ်သက်မွန်မြတ်သောကြောင့်တည်း၊ရဟန်းတို့ ငါသည် ထိုအယူကို ထူးသော ဉာဏ်ဖြင့်သိ၏။ အကြင်အသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ကားရှိ၏၊သညာကားမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်မရှိ၊ သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊သညာ မရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည်လည်း မဟုတ်၊ရုပ်မရှိသည်လည်း မဟုတ်၊ သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။

ရဟန်းတို့ တစုံတယောက်သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤသို့ ပြောဆိုငြားအံ့၊ "ငါသည် ရုပ်ကို ကြဉ်၍ ဝေဒနာကို ကြဉ်၍ သညာကို ကြဉ်၍ သင်္ခါရတို့ကို ကြဉ်၍ ဝိညာဏ်ကို ကြဉ်၍(ပဋိသန္ဓေ၏အစွမ်းအားဖြင့်)လာခြင်းကို၎င်း စုတိ၏ အစွမ်းအားဖြင့် သွားခြင်းကို၎င်း သေခြင်းကို၎င်း ဥပပါတ်အားဖြင့် ကိုယ်ထင်ရှားဖြစ်ခြင်းကို၎င်း ကြီးပွါးခြင်းကို၎င်း စည်ပင်ခြင်းကို၎င်း ပြန့်ပြောခြင်းကို၎င်း ပညတ်ပေအံ့"ဟု(ဆိုငြားအံ့)၊ဤအကြောင်းသည် မရှိ၊ထိုသင်္ခါရသည် ပြုပြင်အပ်သည်ဖြစ်၍ ရုန့်ရင်း၏၊ စင်စစ်သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသင်္ခါရ၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရကို လွန်မြောက်၏။

၂၄။ ရဟန်းတို့ ထိုရှစ်ပါးသော နေဝသညာ နာသညာဝါဒတို့၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုန့်ရင်းသော သညာရှိသည်လည်း မဟုတ်၊ သိမ်မွေ့သော သညာမရှိသည်လည်း မဟုတ်၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်း ရှိ၏၊ရုန့်ရင်းသော သညာရှိသည်လည်း မဟုတ်၊သိမ်မွေ့သောသညာမရှိသည်လည်း မဟုတ်၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းမရှိ၊ ရုန့်ရင်းသော သညာရှိသည်လည်း မဟုတ်၊ သိမ်မွေ့သောသညာမရှိသည်လည်းမဟုတ်၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်းရှိ၏၊ ရုပ်လည်းမရှိ၊ ရုန့်ရင်းသော သညာမရှိ၊ သိမ်မွေ့သောသညာမရှိသည်လည်း မဟုတ်၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ ရုန့်ရင်းသော သညာရှိသည်လည်းမဟုတ်၊ သိမ်မွေ့သောသညာ မရှိသည်လည်း မဟုတ်၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။

ရဟန်းတို့ ထိုစကား၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာရှိ၏၊သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏၊ အကြင်သမဏ

http://www.dhammadownload.com



ဗြာဟ္မဏတို့သည်လည်း အတ္တကို သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏၊ ထိုတားမြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—သညာသည် ရောဂါနှင့်တူ၍ သညာသည် အိုင်းအမာနှင့်တူ၍ သညာသည် မြားငြောင့်နှင့်တူ၍ သညာမရှိခြင်းသည် တွေဝေခြင်း အကြောင်းဖြစ်၍ ရှုန့်ရင်းသောသညာမရှိ သိမ်မွေ့သော သညာသာရှိသည်၏အဖြစ်သည် ငြိမ်သက် မွန်မြတ်သောကြောင့်တည်း၊ ရဟန်းတို့ ငါဘုရားသည် ထိုအယူကို ထူးသောဉာဏ်ဖြင့် သိ၏။ အကြင်အသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရှုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သောသညာသာ ရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိ၏၊ ရှုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာသာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်း မရှိ၊ ရှုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သောသညာသာ ရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်လည်း ရှိ၏၊ ရုပ်လည်းမရှိ၊ ရှုန့်ရင်းသော သညာကားမရှိ၊ သိမ်မွေ့သောသညာသာ ရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အတ္တကို ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ ရှုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာသာ ရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏။

ရဟန်းတို့ အလုံးစုံကုန်သော သမဏဗြာဟ္မဏတို့သည် မြင်ရသောအာရုံ ကြားရသောအာရုံ တွေ့ရသောအာရုံကို သိတတ်သော ရှုန့်ရင်းသော သင်္ခါရမျှဖြင့် ထိုနေဝသညာနာသညာယတန၏ ပြည့်စုံခြင်းကို ပညတ်ကုန်၏၊ ရဟန်းတို့ ထိုနေဝသညာနာသညာယတန၏ပြည့်စုံခြင်းဖြင့် ပျက်စီး၏ဟု ဆိုအပ်၏၊ ရဟန်းတို့ ထိုနေဝသညာနာသညာယတနကို ရှုန့်ရင်းသော သင်္ခါရဖြစ်ခြင်းသို့ ရောက်၏ဟု မဆိုအပ်။ ရဟန်းတို့ ထိုနေဝသညာနာသညာယတနကို သင်္ခါရတို့တွင် အကြွင်းဖြစ်သော သိမ်မွေ့သောသင်္ခါရသို့ ရောက်၏ဟု ဆိုအပ်၏။ ထိုသင်္ခါရသည် ပြုပြင်အပ်သည်ဖြစ်၍ ရှုန့်ရင်း၏၊ စင်စစ် သင်္ခါရတို့၏ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း၊ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့ သိ၍ ထိုသင်္ခါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် သင်္ခါရတို့ကို လွန်မြောက်၏။

၂၅။ ရဟန်းတို့ ထိုခုနစ်ပါးသော ဥစ္ဆေဒဝါဒတို့၌ အကြင်သမဏဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်းသဘောမှ ကင်းခြင်းကို ပညတ်ကုန်၏။ ရဟန်းတို့ ထိုစကား၌ အကြင်သမဏဗြာဟ္မဏတို့သည် အတ္တကို သညာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏။ အကြင်အသျှင်သမဏဗြာဟ္မဏတို့သည်လည်း အတ္တကို သညာမရှိ၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏။ အကြင် အသျှင်သမဏဗြာဟ္မဏတို့သည်လည်း အတ္တကို ရှုန့်ရင်းသောသညာမရှိ၊ သိမ်မွေ့သောသညာသာရှိ၏၊ သေသည့်နောက်၌ မြဲ၏ဟု ပညတ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား အချို့ပုဂ္ဂိုလ်တို့သည် တားမြစ်ကုန်၏။ ထိုသို့ တားမြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—အလုံးစုံလည်းဖြစ်သော ဤအသျှင်သမဏဗြာဟ္မဏတို့သည် "ဤသို့ နောက်ဘဝ၌ ဖြစ်ရကုန်တော့အံ့၊ ဤသို့ နောက်ဘဝ၌ ဖြစ်ရကုန်တော့အံ့"ဟု (သေသည်မှ) အထက်ဖြစ်သော နောက်၌ ကျင်လည်ခြင်းကို ငြိကပ်လျက် ပြောဆိုကုန်သောကြောင့်တည်း။

http://www.dhammadownload.com



ဥပမာအားဖြင့် ကုန်ရောင်းခြင်းငှါ သွားသောကုန်သည်အား "ဤအရပ်မှ ငါ့မှာ ဤမျှသော အမြတ်ငွေသည် ဖြစ်လတ္တံ့၊ဤကုန်ဖြင့် ဤအမြတ်ငွေကို ရတော့အံ့"ဟု အကြံအစည်ဖြစ်ရာသကဲ့သို့ ဤအတူသာလျှင် ဤအသျှင်သမဏဗြာဟ္မဏတို့သည် "ဤသို့ နောက်ဘဝ၌ ဖြစ်ရကုန်တော့အံ့၊ ဤသို့ နောက်ဘဝ၌ ဖြစ်ရကုန်တော့အံ့"ဟု ကုန်သည်တို့နှင့် တူကုန်သကဲ့သို့ ထင်ကုန်၏။ ရဟန်းတို့ ထိုအယူကို ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၏။

အကြင်အသျှင်သမဏဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်း သဘောမှ ကင်းခြင်းကို ပညတ်ကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် သက္ကာယကို ကြောက်ကုန်လျက် သက္ကာယကို စက်ဆုပ်ကုန်လျက် သက္ကာယသို့သာလျှင် အစဉ်ပြေးကုန်၏၊ သက္ကာယသို့သာလျှင် အစဉ်လည်ကုန်၏။ ဥပမာအားဖြင့် ကြိုးကျည်တောက်ဖြင့် ချည်ထားသော ခွေးသည် မြဲအောင် စိုက်ထားသောတိုင်၌ရှင်း ငုတ်၌ရှင်း ဖွဲ့ချည်ထားသည်ဖြစ်၍ ထိုတိုင်သို့ရှင်း ငုတ်သို့ရှင်း အစဉ်ပြေးသကဲ့သို့ အစဉ်လည်သကဲ့သို့ ဤအတူသာလျှင် ဤအသျှင်သမဏဗြာဟ္မဏတို့သည် သက္ကာယကို ကြောက်ကုန်လျက် သက္ကာယကို စက်ဆုပ်ကုန်လျက် သက္ကာယသို့သာလျှင် အစဉ်ပြေးကုန်၏၊ သက္ကာယသို့သာလျှင် အစဉ်လည်ကုန်၏။ ထိုသင်္ခါရသည် ပြုပြင်အပ်သည်ဖြစ်၍ ရုန့်ရင်း၏၊စင်စစ်သင်္ခါရတို့၏ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း၊ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့ သိ၍ ထိုသင်္ခါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရတို့ကို လွန်မြောက်၏။

၂၆။ ရဟန်းတို့ နောက်အဖို့ကို ကြံဆကုန်သော နောက်အဖို့ကို စွဲယူသော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) နောက်အဖို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏။ ထိုအလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဤငါးပါးသော အကြောင်းတို့ကိုသာလျှင်ရှင်း ဤငါးပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းကို ရှင်း ပြောဆိုကုန်၏။

၂၇။ ရဟန်းတို့ ရှေးအဖို့ကို ကြံဆကုန်သော ရှေးအဖို့ကို စွဲယူကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်)ရှေးအဖို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း မြဲ၏၊ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း မမြဲ၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း မြဲသည်လည်း ဟုတ်၏၊ မမြဲသည်လည်း ဟုတ်၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်း မဟုတ်၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏။ "အတ္တသည်ရှင်း လောကသည်ရှင်း အဆုံးရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း အဆုံးမရှိ၊ဤအယူသာ မှန်၏၊တပါး အယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်ရှင်း လောကသည်ရှင်း အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံးမရှိသည်လည်း ဟုတ်၏၊ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည်

http://www.dhammadownload.com



ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း တခုတည်းသော သညာရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း အထူးထူးသော သညာရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း ငယ်သောသညာရှိ၏၊ ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း အတိုင်းမရှိသော ကြီးသောသညာရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း စင်စစ် ချမ်းသာရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း စင်စစ် ဆင်းရဲရှိ၏၊ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏၊ "အတ္တသည်၎င်း လောကသည်၎င်း ဆင်းရဲလည်းမဟုတ်၊ချမ်းသာလည်းမဟုတ်၊ဤအယူသာ မှန်၏၊တပါးအယူသည် အချည်းနှီးသာတည်း"ဟု အချို့တို့သည် ပြောဟောကုန်၏။

၂၈။ ရဟန်းတို့ ထိုအယူဝါဒတို့တွင် "အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု ပြောလေ့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့အား စင်စစ် ယုံကြည်ခြင်းကို ကြဉ်၍၎င်း နှစ်သက်ခြင်းကို ကြဉ်၍၎င်း တဆင့်ကြားခြင်းကို ကြဉ်၍၎င်း အခြင်းအရာ ကြံစည်ခြင်းကို ကြဉ်၍၎င်း အယူကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းကို ကြဉ်၍၎င်း စင်ကြယ်ဖြူစင်သော ပစ္စတ္တဉာဏ်သည် ဖြစ်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ ရဟန်းတို့ စင်ကြယ်ဖြူစင်သော ပစ္စတ္တဉာဏ် မရှိလတ်သော် ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ထိုအယူ၌ ဉာဏ်အဖို့သို့ အကယ်၍ သက်ဝင်ကုန်သော်လည်း ထိုအသျှင်သမဏဗြာဟ္မဏတို့၏ ထိုဉာဏ်အဖို့သို့ သက်ဝင်ခြင်းကိုလည်း ဥပါဒါန်ဟူ၍ ဆိုအပ်၏။ ထိုသင်္ခါရသည် ရုပ်ကြမ်းအပ်သည် ဖြစ်၍ ရုန့်ရင်း၏၊ သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသင်္ခါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရကို လွန်မြောက်၏။

၂၉။ ရဟန်းတို့ ထိုအယူဝါဒတို့တွင် "အတ္တသည်၎င်း လောကသည်၎င်း မမြဲ၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု ပြောလေ့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ပ။အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်း ဟုတ်၏၊ မမြဲသည်လည်း ဟုတ်၏။ အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်း မဟုတ်။ အတ္တသည်၎င်း လောကသည်၎င်း အဆုံးအပိုင်းအခြား ရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း အဆုံးအပိုင်းအခြား မရှိ။ အတ္တသည်၎င်း လောကသည်၎င်း အဆုံးအပိုင်းအခြား ရှိသည်လည်း ဟုတ်၏၊ အဆုံးအပိုင်းအခြား မရှိသည်လည်း ဟုတ်၏။ အတ္တသည်၎င်း လောကသည်၎င်း အဆုံးအပိုင်းအခြား ရှိသည်လည်း မဟုတ်၊ အဆုံးအပိုင်းအခြား မရှိသည်လည်း မဟုတ်။

http://www.dhammadownload.com



အတ္တသည်၎င်း လောကသည်၎င်း တခုတည်းသော သညာရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း အထူးထူးသော သညာရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း ငယ်သော သညာရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း အတိုင်းမရှိသော ကြီးသောသညာ ရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း စင်စစ် ချမ်းသာ သက်သက်ရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း စင်စစ် ဆင်းရဲ သက်သက်ရှိ၏။ အတ္တသည်၎င်း လောကသည်၎င်း ချမ်းသာ ဆင်းရဲရှိ၏။ "အတ္တသည်၎င်း လောကသည်၎င်း ဆင်းရဲလည်း မဟုတ်၊ ချမ်းသာလည်း မဟုတ်၊ ဤအယူသာ မှန်၏၊ တပါးအယူသည် အချည်းနှီးသာတည်း"ဟု ပြောလေ့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့အား စင်စစ်ယုံကြည်ခြင်းကို ကြည့်၍၎င်း နှစ်သက်ခြင်းကို ကြည့်၍၎င်း တဆင့်ကြားခြင်းကို ကြည့်၍၎င်း အခြင်းအရာကို ကြံစည်ခြင်းကို ကြည့်၍၎င်း အယူကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းကိုကြည့်၍ ကိလေသာစင်ကြယ်ဖြူစင်သော ပစ္စက္ခဉာဏ်သည် ဖြစ်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။

ရဟန်းတို့ စင်ကြယ်ဖြူစင်သော ပစ္စက္ခဉာဏ် မရှိလတ်သော် အသျှင်သမဏဗြာဟ္မဏတို့သည် ထိုအယူ၌ ဉာဏ်အဖို့သို့ သက်ဝင်ကုန်သော်လည်း ထိုအသျှင်သမဏဗြာဟ္မဏတို့၏ ထိုဉာဏ်အဖို့သို့ သက်ဝင်ခြင်းကိုလည်း ဉပါဒါန်ဟူ၍ ဆိုရ၏။ ထိုသင်္ခါရသည် ပြုပြင်အပ်သည်ဖြစ်၍ ရုန့်ရင်း၏၊ သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့ သိ၍ ထိုသင်္ခါရတို့၏ ထွက်မြောက်ရာနိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရကို လွန်မြောက်၏။

၃၀။ ရဟန်းတို့ ဤလောက၌ အချို့သောသမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နိရာမိသ်ဖြစ်သော... 

ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော (ပဌမ ဒုတိယ) ဈာန်ကို ပြည့်စုံစေ၍ နေ၏။ "နိရာမိသ်ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော (ပဌမ ဒုတိယ) ဈာန်ကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏၊ မွန်မြတ်၏"ဟု နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား ထိုနိရာမိသ်ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ချုပ်၏၊ ထိုနိရာမိသ်ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန် ချုပ်ခြင်းကြောင့် စိတ်ဆင်းရဲမှု 'ဒေါမနဿ' သည် ဖြစ်၏၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ' ချုပ်ခြင်းကြောင့် နိရာမိသ်ဆိတ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော (ပဌမဈာန် ဒုတိယ)ဈာန်သည် ဖြစ်၏။

ရဟန်းတို့ ဥပမာအားဖြင့် အရိပ်ဖဲစွန့်သွားသော အရပ်ကို နေပူသည် ပြန့်နှံ့ သကဲ့သို့ နေပူဖဲစွန့်သွားသော အရပ်ကို အရိပ်သည် ပြန့်နှံ့ သကဲ့သို့ ဤအတူသာလျှင် နိရာမိသ်ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန် ချုပ်ခြင်းကြောင့် စိတ်ဆင်းရဲမှု 'ဒေါမနဿ' သည်ဖြစ်၏၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ' ချုပ်ခြင်းကြောင့် နိရာမိသ် ဆိတ်ခြင်းကြောင့်ဖြစ်သော 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ဖြစ်၏။ ရဟန်းတို့ ထိုအကြောင်းအရာကို ဘုရားသျှင်သည် သိ၏။

ရဟန်းတို့ ငါဘုရားသည် ဤအသျှင်သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နိရာမိသ်ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏၊ "နိရာမိသ်ဆိတ်ခြင်း

http://www.dhammadownload.com



ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏၊ မွန်မြတ်၏''ဟူ၍ နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား နီဝရဏကင်းခြင်းကြောင့် ဖြစ်သော ထိုနှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ချုပ်ငြိမ်း၏၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန် ချုပ်ခြင်းကြောင့် စိတ်ဆင်းရဲမှု 'ဒေါမနဿ'သည် ဖြစ်၏၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ' ချုပ်ခြင်းကြောင့် နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် ပူပြင်အပ်သော သဘောဖြစ်၍ ရှုနိုင်း၏၊ သခ်ါရတို့၏ ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသခ်ါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသခ်ါရကို လွန်မြောက်၏။'

၁၁။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်မြောက်ခြင်းကြောင့်၎င်း အာမိသကင်းသော (တတိယဈာန်) ချမ်းသာကို ပြည့်စုံစေ၍ နေ၏။ "ဤအာမိသကင်းသော (တတိယဈာန်) ချမ်းသာကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏ မွန်မြတ်၏''ဟု နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား အာမိသကင်းသော ထို (တတိယဈာန်) ချမ်းသာသည် ချုပ်၏၊ အာမိသကင်းသော (တတိယဈာန်) ချမ်းသာချုပ်ခြင်းကြောင့် နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ဖြစ်၏၊နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန် ချုပ်ခြင်းကြောင့် အာမိသကင်းသော (တတိယဈာန်) ချမ်းသာသည် ဖြစ်၏။

ရဟန်းတို့ ဥပမာအားဖြင့် အရိပ်ဖဲစွန့်သွားသော အရပ်ကို နေပူသည် ပြန့်နှံ့ သက်ဲသို့ နေပူ ဖဲစွန့်သွားသော အရပ်ကို အရိပ်သည် ပြန့်နှံ့ သက်ဲသို့ ရဟန်းတို့ ဤအတူသာလျှင် အာမိသကင်းသော တတိယဈာန် ချုပ်ခြင်းကြောင့် နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်သည် ဖြစ်၏၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန် ချုပ်ခြင်းကြောင့် အာမိသကင်းသော (တတိယဈာန်) ချမ်းသာသည် ဖြစ်၏။ ရဟန်းတို့ ထိုအကြောင်းအရာကို မြတ်စွာဘုရားသည် သိ၏။

ဤအသျှင်သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်မြောက်ခြင်းကြောင့်၎င်း အာမိသကင်းသော (တတိယဈာန်) ချမ်းသာကို ပြည့်စုံစေ၍ နေ၏၊ "ဤအာမိသကင်းသော တတိယဈာန်ချမ်းသာကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏၊ မွန်မြတ်၏''ဟု နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား အာမိသကင်းသော (တတိယဈာန်)ချမ်းသာသည် ချုပ်၏၊ အာမိသကင်းသော (တတိယဈာန်) ချမ်းသာ ချုပ်ခြင်းကြောင့် နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ရှိသော ပဌမဈာန် ဒုတိယဈာန်

http://www.dhammadownload.com



သည် ဖြစ်၏၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ချုပ်ခြင်းကြောင့် အာမိသကင်းသော (တတိယဈာန်) ချမ်းသာသည် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် ပြုပြင်အပ်သော သဘောဖြစ်၍ ရုန့်ရင်း၏၊ သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤချုပ်ရာနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသင်္ခါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသင်္ခါရကို လွန်မြောက်၏။

၃၂။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်မြောက်ခြင်းကြောင့်၎င်း အာမိသကင်းသော (တတိယဈာန်) ချမ်းသာကို လွန်မြောက်ခြင်းကြောင့်၎င်း ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏၊ "ဤဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏၊ မွန်မြတ်၏"ဟု နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်သည် ချုပ်၏၊ ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန် ချုပ်ခြင်းကြောင့် အာမိသကင်းသော တတိယဈာန် ချမ်းသာသည် ဖြစ်၏၊ အာမိသကင်းသော တတိယဈာန်ချမ်းသာ ချုပ်ခြင်းကြောင့် ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်သည် ဖြစ်၏။

ရဟန်းတို့ ဥပမာအားဖြင့် အရိပ်ဖဲစွန့်သွားသော အရပ်ကို နေပူသည် ပြန့်နှံ့၏၊ နေပူဖဲစွန့်သွားသောအရပ်ကို အရိပ်သည် ပြန့်နှံ့သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ချုပ်ခြင်းကြောင့် အာမိသကင်းသော (တတိယဈာန်)ချမ်းသာသည် ဖြစ်၏၊ အာမိသကင်းသော (တတိယဈာန်)ချမ်းသာ ချုပ်ခြင်းကြောင့် ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်သည် ဖြစ်၏။ ရဟန်းတို့ ထိုအကြောင်းအရာကို ငါဘုရားသည် သိ၏။

ဤအသျှင်သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်၎င်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်၎င်း နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်မြောက်ခြင်းကြောင့်၎င်း အာမိသကင်းသော တတိယဈာန်ချမ်းသာကို လွန်မြောက်ခြင်းကြောင့်၎င်း ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏၊ "ဤဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေခြင်းသည် ငြိမ်သက်၏၊ မွန်မြတ်၏"ဟု နှလုံးသွင်း၍ နေ၏။ ထိုပုဂ္ဂိုလ်အား ထိုဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်သည် ချုပ်၏၊ ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ချုပ်ခြင်းကြောင့် အာမိသကင်းသော (တတိယဈာန်) ချမ်းသာသည် ဖြစ်၏၊ အာမိသကင်းသော (တတိယဈာန်) ချမ်းသာ ချုပ်ခြင်းကြောင့် ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်သည် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် ပြုပြင်အပ်သော သဘောဖြစ်၍ ရုန့်ရင်း၏၊ သင်္ခါရတို့၏

http://www.dhammadownload.com



ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤချုပ်ရာနိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသခ်ါရတို့၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော မြတ်စွာဘုရားသည် ထိုသခ်ါရကို လွန်မြောက်၏။

၃၃။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ရှေးအဖို့ ကိုစွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်ငှင်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်ငှင်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်ငှင်း နိဝရဏတို့ ဆိတ်ခြင်းကြောင့် ဖြစ်သော ပီတိရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်ခြင်းကြောင့်ငှင်း အာမိသကင်းသော တတိယဈာန်ချမ်းသာကို လွန်ခြင်းကြောင့်ငှင်း ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို လွန်ခြင်းကြောင့်ငှင်း "ငါသည် ငြိမ်သက်၏၊ ငါသည် ငြိမ်း၏၊ ငါသည် စွဲလမ်းခြင်း ကင်း၏"ဟု အဖန်ဖန် ရှု၏။ ရဟန်းတို့ ထိုအကြောင်းကို မြတ်စွာဘုရားသည် သိ၏။

ဤအသျှင်သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ရှေးအဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်ငှင်း နောက်အဖို့ကို စွဲယူခြင်းတို့ကို စွန့်ခြင်းကြောင့်ငှင်း အချင်းခပ်သိမ်း ကာမရာဂသံယောဇဉ်တို့ကို မဆောက်တည်ခြင်းကြောင့်ငှင်း နိဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိရှိသော ပဌမဈာန် ဒုတိယဈာန်ကို လွန်ခြင်းကြောင့်ငှင်း အာမိသကင်းသော တတိယဈာန်ချမ်းသာကို လွန်ခြင်းကြောင့်ငှင်း ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို လွန်ခြင်းကြောင့်ငှင်း "ငါသည် ငြိမ်သက်၏၊ ငါသည် ငြိမ်း၏၊ ငါသည် စွဲလမ်းခြင်းကင်း၏"ဟု အဖန်ဖန် ရှု၏။

ဤအသျှင်သည် နိဗ္ဗာန်အား လျော်သော အကျင့်ကိုသာလျှင် စင်စစ် ပြောဆို၏။ သို့ရာတွင် ဤအသျှင်သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ရှေးအဖို့ကို စွဲယူခြင်းကို စွဲလမ်းသော်လည်း စွဲလမ်း၏၊ နောက်အဖို့ကို စွဲယူခြင်းကို စွဲလမ်းသော်လည်း စွဲလမ်း၏၊ ကာမရာဂသံယောဇဉ်ကို စွဲလမ်းသော်လည်း စွဲလမ်း၏၊ နိဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိရှိသော ပဌမဈာန် ဒုတိယဈာန်ကို စွဲလမ်းသော်လည်း စွဲလမ်း၏၊ အာမိသကင်းသော တတိယဈာန်ချမ်းသာကို စွဲလမ်းသော်လည်း စွဲလမ်း၏၊ ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဝေဒနာရှိသော စတုတ္ထဈာန်ကို စွဲလမ်းသော်လည်း စွဲလမ်း၏။ မှန်၏၊ ဤအသျှင်သည် "ငါသည် ငြိမ်သက်၏၊ ငါသည် ငြိမ်း၏၊ ငါသည် စွဲလမ်းခြင်းကင်း၏"ဟု အဖန်ဖန်ရှု၏။ ထိုရှုမှုကို ဤအသျှင်သမဏဗြာဟ္မဏ၏ စွဲလမ်းမှု 'ဥပါဒါန်'ဟု ဆိုရ၏။ ထိုစွဲလမ်းမှု 'ဥပါဒါန်' သည် ပြုပြင်အပ်သော သဘောဖြစ်၍ ရုန့်ရင်း၏၊ ပြုပြင်မှု 'သခ်ါရ'တို့၏ ချုပ်ရာ နိဗ္ဗာန်သည် ရှိသည်သာတည်း။ ဤချုပ်ရာ နိဗ္ဗာန်သည် ရှိ၏ဟု ဤသို့သိ၍ ထိုသခ်ါရ၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှုလေ့ရှိသော ထိုမြတ်စွာဘုရားသည် ထိုသခ်ါရကို လွန်မြောက်၏။

ရဟန်းတို့ ခြောက်ပါးသော ဖဿာယတနတို့၏ ဖြစ်ခြင်းကိုငှင်း ချုပ်ခြင်းကိုငှင်း သာယာဖွယ်ကိုငှင်း အပြစ်ကိုငှင်း ထွက်မြောက်ရာကိုငှင်း ဟုတ်တိုင်းမှန်စွာသိ၍ မစွဲလမ်းပဲ လွန်မြောက်ရာ အတုမရှိမြတ်သော ကလေသာတို့မှ ငြိမ်းဧသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိအပ်ပြီဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကြကုန်ပြီ။

နှစ်ခုမြောက် ပဉ္စတ္တယသုတ် ပြီး၏။

http://www.dhammadownload.com



## ၁-ကိန္တိသုတ်

၃၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ပိသိနာရမည်သောအရပ် ဗလိနတ်စာတင်သရာတောအုပ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ "ရဟန်းတို့ သင်တို့သည် ငါ၌ အဘယ်သို့ ထင်မှတ်သနည်း၊ ရဟန်းဂေါတမသည် သင်္ကန်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏ဟု ထင်မှတ်သလော၊ ရဟန်းဂေါတမသည် ဆွမ်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏ဟု ထင်မှတ်သလော၊ ရဟန်းဂေါတမသည် ကျောင်းအိပ်ရာနေရာကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏ဟု ထင်မှတ်သလော၊ ရဟန်းဂေါတမသည် ဤသို့ ပြုသဖြင့် ထိုထိုဘဝတို့၌ ချမ်းသာကို ခံစားရလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း တရားဟော၏ဟု ထင်မှတ်သလော"ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

အသျှင်ဘုရား "ရဟန်းဂေါတမသည် သင်္ကန်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏၊ ရဟန်းဂေါတမသည် ဆွမ်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏၊ ရဟန်းဂေါတမသည် ကျောင်း အိပ်ရာ နေရာကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏၊ ရဟန်းဂေါတမသည် ဤသို့ ပြုသဖြင့် ထိုထိုဘဝတို့၌ ချမ်းသာကို ခံစားရလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း တရားဟော၏"ဟု အကျွန်ုပ်တို့သည် မြတ်စွာဘုရား၌ မထင်မှတ်ပါဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ "ရဟန်းဂေါတမသည် သင်္ကန်းကို လိုချင်ခြင်းဟူသော အကြောင်းကြောင့်လည်း တရားဟော၏။ပ။ ဤသို့ပြုသဖြင့် ထိုထိုဘဝတို့၌ ချမ်းသာကို ခံစားရလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း တရားဟော၏"ဟု သင်တို့ မထင်မှတ်ခဲ့လျှင် သင်တို့သည် ငါ၌ အဘယ်သို့ ထင်မှတ်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား "မြတ်စွာဘုရားသည် သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူသည်ဖြစ်၍ သတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးတော်မူလျက် အစဉ်သနားခြင်းကို အကြောင်းပြု၍ တရားဟောတော်မူ၏"ဟုသာ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၌ ထင်မှတ်ပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ "မြတ်စွာဘုရားသည် သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူသည်ဖြစ်၍ သတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးတော်မူလျက် အစဉ်သနားခြင်းကို အကြောင်းပြု၍ တရားဟောတော်မူ၏"ဟုသာလျှင် ငါ၌ သင်တို့ ထင်မှတ်ခဲ့၏။

၃၅။ ရဟန်းတို့ ထို့ကြောင့် ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟောကြားထားသော သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင် ခုနစ်ပါး မြတ်သော မဂ္ဂင်ရှစ်ပါးတို့၌ သင်တို့အားလုံးသည် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကုန်ပဲ အညီအညွတ်ကျင့်ရမည်။ ရဟန်းတို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကုန်ပဲ ကျင့်ကုန်သော သင်တို့တွင် ရဟန်းနှစ်ပါးတို့သည် အလွန်ထူးသော တရား၌ အထူးထူး သော ဝါဒရှိကုန်ရာ၏။

မ မြန် ၃-၂–

http://www.dhammadownload.com



ထိုတရားတို့၌ "ဤအသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်လည်း ထူး၏၊ သဒ္ဒါအားဖြင့်လည်း ထူး၏"ဟု သင်တို့အား ဤသို့ အကြံအစည် ဖြစ်ငြားအံ့၊ ထို ရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်လည်း ထူး၏၊ သဒ္ဒါအားဖြင့်လည်း ထူး၏၊ အသျှင်တို့သည် ထိုအနက် အဓိပ္ပါယ်အားဖြင့်လည်း ထူးပုံ သဒ္ဒါအားဖြင့်လည်း ထူးပုံကို ဤအကြောင်းဖြင့် ဤသို့ သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဆိုရာ၏။

ထို့နောက် ဝါဒတူသော အခြားရဟန်းတို့တွင် ဆိုလွယ်၏ဟု မှတ်ထင်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်လည်း ထူး၏၊ သဒ္ဒါအားဖြင့်လည်း ထူး၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့်လည်း ထူးပုံ သဒ္ဒါအားဖြင့်လည်း ထူးပုံကို ဤအကြောင်းဖြင့် သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဆိုရာ၏။ ဤသို့ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏၊ ကောင်းစွာ ယူထားသည်ကို ကောင်းစွာ ယူထား၏ဟု မှတ်သားစေရမည်။ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏၊ ကောင်းစွာ ယူထားသည်ကို ကောင်းစွာယူထား၏ဟု မှတ်သားစေ၍ တရားမှန် ဝိနည်းမှန်ကို ပြောဟောရမည်။

၃၆။ ထိုတရားတို့၌ "ဤအသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်သာ ထူး၏၊ သဒ္ဒါအားဖြင့်ကား တူညီ၏"ဟု သင်တို့အား ဤသို့ အကြံအစည် ဖြစ်ငြားအံ့၊ ထိုရဟန်းတို့တွင် ဆိုလွယ်၏ဟု မှတ်ထင်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်သာ ထူး၏၊ သဒ္ဒါအားဖြင့်ကား တူညီ၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့်သာ ထူးပုံ သဒ္ဒါအားဖြင့်ကား တူညီပုံကို ဤအကြောင်းဖြင့်လည်း သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဤသို့ ဆိုရာ၏။

ထို့နောက် ဝါဒတူသော ရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်သာ ထူး၏၊ သဒ္ဒါအားဖြင့်ကား တူညီ၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့်သာ ထူးပုံ သဒ္ဒါအားဖြင့်ကား တူညီပုံကို ဤအကြောင်းဖြင့်လည်း သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်ဟု" ဆိုရာ၏။ ဤသို့ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏၊ ကောင်းစွာ ယူထားသည်ကို ကောင်းစွာ ယူထား၏ဟု မှတ်သားစေရမည်၊ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏၊ ကောင်းစွာယူထားသည်ကို ကောင်းစွာယူထား၏ဟု မှတ်သားစေ၍ တရားမှန် ဝိနည်းမှန်ကို ပြောဟောရမည်။

၃၇။ ထိုတရားတို့၌ "ဤအသျှင်တို့အား အနက်အားဖြင့်တူညီ၏၊ သဒ္ဒါအားဖြင့်ကား ထူး၏"ဟု သင်တို့အား ဤသို့ အကြံအစည် ဖြစ်ငြားအံ့၊ ထိုရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့် တူညီ၏၊ သဒ္ဒါအားဖြင့်ကား ထူး၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့် တူညီပုံ သဒ္ဒါအားဖြင့်ကား ထူးပုံကို ဤအကြောင်းဖြင့် သိကြကုန်လော့။ သဒ္ဒါဟူသည် မပြောပလောက်ချေ၊ အသျှင်တို့သည် မပြောပလောက်သော သဒ္ဒါ၌ ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဆိုရာ၏။

http://www.dhammadownload.com



ထို့နောက် ဝါဒတူသော အခြားရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "အသျှင်တို့အား အနက် အဓိပ္ပါယ်အားဖြင့် တူညီ၏၊ သဒ္ဒါ အားဖြင့်ကား ထူး၏။ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့် တူပုံ သဒ္ဒါအားဖြင့်ကား ထူးပုံကို ဤအကြောင်းဖြင့် သိကြကုန်လော့၊သဒ္ဒါဟူသည် မပြောပလောက်ချေ၊အသျှင်တို့သည် မပြောပလောက်သောသဒ္ဒါ၌ ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်ဟု"ဟု ဆိုရာ၏။ ဤသို့ ကောင်းစွာ ယူထားသည်ကို ကောင်းစွာယူထား၏၊ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏ဟု မှတ်သားစေရမည်။ ကောင်းစွာယူထားသည်ကို ကောင်းစွာ ယူထား၏၊ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏ဟု မှတ်သားစေ၍ တရားမှန် ဝိနည်းမှန်ကို ပြောဟောရမည်။

၃၈။ ထိုတရားတို့၌"ဤအသျှင်တို့အား အနက် အဓိပ္ပါယ် အားဖြင့်လည်း တူညီ၏၊ သဒ္ဒါ အားဖြင့်လည်း တူညီ၏"ဟု သင်တို့အား ဤသို့အကြံအစည် ဖြစ်ငြားအံ့၊ ထိုရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍"အသျှင်တို့အား အနက် အဓိပ္ပါယ်အားဖြင့်လည်း တူညီ၏၊ သဒ္ဒါအားဖြင့်လည်း တူညီ၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ် အားဖြင့်လည်း တူညီပုံ၊ သဒ္ဒါအားဖြင့်လည်း တူညီပုံကို ဤအကြောင်းဖြင့် သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဆိုရာ၏။

ထို့နောက် ဝါဒတူသော အခြားသော ရဟန်းတို့တွင် ဆိုလွယ်၏ဟု ထင်မှတ်အပ်သော ရဟန်းသို့ ချဉ်းကပ်၍"အသျှင်တို့အား အနက်အဓိပ္ပါယ်အားဖြင့်လည်း တူညီ၏၊သဒ္ဒါအားဖြင့်လည်း တူညီ၏၊ အသျှင်တို့သည် အနက်အဓိပ္ပါယ်အားဖြင့်လည်း တူညီပုံ သဒ္ဒါအားဖြင့်လည်း တူညီပုံကို ဤအကြောင်းဖြင့် သိကြကုန်လော့၊ အသျှင်တို့သည် ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့်"ဟု ဆိုရာ၏၊ ဤသို့ ကောင်းစွာယူထားသည်ကို ကောင်းစွာ ယူထား၏၊ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏ဟု မှတ်သားစေရမည်။ ကောင်းစွာ ယူထားသည်ကို ကောင်းစွာယူထား၏၊ မကောင်းသဖြင့် ယူထားသည်ကို မကောင်းသဖြင့် ယူထား၏ဟု မှတ်သားစေ၍ တရားမှန် ဝိနည်းမှန်ကို ပြောဟောရမည်။

၃၉။ ရဟန်းတို့ အညီအညွတ် ဝမ်းမြောက် ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ ကျင့်ကုန်သော သင်တို့တွင် တယောက်သော ရဟန်းအား အာပတ်သင့်ရာ၏၊ လွန်ကျူးခြင်း ဖြစ်ရာ၏။ ရဟန်းတို့ ထိုအာပတ်သင့်ရာ၌ အပြစ်တင်ခြင်းငှါ အလျင်မလိုအပ် "ဤသို့ ပြုသည်ရှိသော် ငါ့အားလည်း ကိုယ်စိတ်မပင်ပန်းလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်အားလည်း စိတ်မဆင်းရဲလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်သည် အမျက်မထွက် ရန်ငြိုးဖွဲ့လေ့မရှိ၊စွဲမြဲသော အယူမရှိ၊အယူကို စွန့်လွယ်၏၊ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ တည်စေခြင်းငှါ စွမ်းနိုင်၏"ဟု ပုဂ္ဂိုလ်ကို ဆင်ခြင်ရမည်။ ရဟန်းတို့ အကယ်၍ ဤသို့ ဖြစ်ငြားအံ့၊ အပြစ်ပြောခြင်းငှါ သင့်၏။

ရဟန်းတို့"ငါ့မှာကား ကိုယ်စိတ်မပင်ပန်းလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်မှာကား စိတ်ဆင်းရဲလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏၊ စွဲမြဲသောအယူမရှိ၊ အယူကို စွန့်လွယ်၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ တပါးသော ပုဂ္ဂိုလ်မှာ ဖြစ်လတ္တံ့သော စိတ်ဆင်းရဲခြင်းသည် မပြောပလောက်။စင်စစ် ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ တည်စေခြင်းငှါ စွမ်းနိုင်၏၊ထိုစွမ်းနိုင်ခြင်းသည်သာ အလွန်များ၏"ဟု ရဟန်းတို့ အကယ်၍ ဤသို့ ဖြစ်ငြားအံ့၊ အပြစ်ပြောခြင်းငှါ သင့်၏။

http://www.dhammadownload.com



ရဟန်းတို့ "ငါ့မှာကား ကိုယ်စိတ်ပင်ပန်းလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်မှာကား စိတ်မဆင်းရဲလတ္တံ့၊ တပါးသော ပုဂ္ဂိုလ်သည် အမျက်မထွက်။ ရန်ငြိုးဖွဲ့လေ့ မရှိ၊ စွဲမြဲသော အယူရှိ၏၊ အယူဝါဒကို စွန့်နိုင်ခဲ၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ ငါ့အား ဖြစ်လတ္တံ့သော ကိုယ် စိတ် ပင်ပန်းခြင်းသည် မပြောပလောက်။ စင်စစ် ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌တည်စေခြင်းငှါ စွမ်းနိုင်၏၊ ထိုစွမ်းနိုင်ခြင်း သည်သာ အလွန်များ၏"ဟု ရဟန်းတို့ အကယ်၍ ဤသို့ ဖြစ်ငြားအံ့၊ အပြစ်ပြောခြင်းငှါ သင့်၏။

ရဟန်းတို့ "ငါ့မှာလည်း ကိုယ် စိတ် ပင်ပန်းလတ္တံ့ ၊ တပါးသောပုဂ္ဂိုလ်မှာလည်း စိတ်ဆင်းရဲလတ္တံ့၊ တပါးသောပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏၊ စွဲမြဲသောအယူရှိ၏၊ အယူကို စွန့်နိုင်ခဲ၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌တည်စေခြင်းငှါ စွမ်းနိုင်၏။ ငါ့မှာ ဖြစ်လတ္တံ့သော ကိုယ် စိတ် ပင်ပန်းခြင်းသည်ရင်း တပါးသောပုဂ္ဂိုလ်မှာ ဖြစ်လတ္တံ့သော စိတ်ဆင်းရဲခြင်းသည်ရင်း မပြောပလောက်။ စင်စစ် ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌ တည်စေခြင်းငှါ စွမ်းနိုင်၏၊ ထိုစွမ်းနိုင်ခြင်းသည်သာ အလွန်များ၏"ဟု ရဟန်းတို့ အကယ်၍ ဤသို့ ဖြစ်ငြားအံ့၊ အပြစ်ပြောခြင်းငှါ သင့်၏။

ရဟန်းတို့ "ငါ့မှာလည်း ကိုယ်စိတ်ပင်ပန်းလတ္တံ့ ၊ တပါးသောပုဂ္ဂိုလ်မှာလည်း စိတ်ဆင်းရဲလတ္တံ့ ။ တပါးသောပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏၊ စွဲမြဲသောအယူရှိ၏၊ အယူကို စွန့်နိုင်ခဲ၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌တည်စေခြင်းငှါ မစွမ်းနိုင်"ဟု အကယ်၍ ဖြစ်ငြားအံ့၊ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်မျိုး၌ လျစ်လျူရှုအပ်၏။

၄၀။ ရဟန်းတို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံပဲ ကျင့်ကုန်သော ထိုသင်တို့အား အချင်းချင်း စကား ပို့ဆောင်ခြင်း၊ အယူပြိုင်ခြင်း၊ စိတ်ပင်ပန်းခြင်း၊ မနှစ်သက်ခြင်း၊ မမွေ့လျော်ခြင်းသည် ဖြစ်ရာ၏။ ထိုငြင်းခုံရာ၌ ငါဒတူသောရဟန်းတို့တွင် ဆိုလွယ်၏ဟု မှတ်ထင်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "ငါ့သျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြကုန်ပဲ ကျင့်ကုန်သော ငါတို့အား အချင်းချင်း စကား ပို့ဆောင်ခြင်း၊ အယူပြိုင်ခြင်း၊ စိတ်ပင်ပန်းခြင်း၊ မနှစ်သက်ခြင်း၊ မမွေ့လျော်ခြင်း ဖြစ်ပေါ်နေကြောင်းကို မြတ်စွာဘုရား သိတော်မူသည်ရှိသော် ကဲ့ရဲ့တော်မူရာသလော"ဟု ဤသို့ မေးမြန်းပြောဆိုရာ၏။

ရဟန်းတို့ ကောင်းစွာဖြေကြားသောရဟန်းသည် "ငါ့သျှင်တို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြကုန်ပဲ ကျင့်ကုန်သော ငါတို့အား အချင်းချင်း စကား ပို့ဆောင်ခြင်း၊ အယူပြိုင်ခြင်း၊ စိတ်ပင်ပန်းခြင်း၊ မနှစ်သက်ခြင်း၊ မမွေ့လျော်ခြင်း ဖြစ်ပေါ်နေကြောင်းကို မြတ်စွာဘုရား သိတော်မူသည်ရှိသော် ကဲ့ရဲ့တော်မူရာ၏"ဟု ဤသို့ ဖြေကြားရာ၏။

ငါ့သျှင်တို့ ထိုငြင်းခုံခြင်းသဘောကို မပယ်မစွန့်ပဲ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရာသလောဟု ဤသို့ မေးမြန်းရာ၏။ ရဟန်းတို့ ကောင်းစွာဖြေကြားသောရဟန်းသည် "ငါ့သျှင်တို့ ထိုငြင်းခုံခြင်း သဘောကို မပယ်စွန့်ပဲ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်"ဟု ဤသို့ ဖြေကြားရာ၏။ ထို့နောက် ဝါဒတူသော တခြားရဟန်းတို့တွင် ဆိုလွယ်၏ဟု မှတ်ထင်အပ်သော ရဟန်းသို့ ချဉ်းကပ်၍ "ငါ့သျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြကုန်ပဲ ကျင့်ကုန်သော ငါတို့အား အချင်းချင်း စကားပို့ဆောင်ခြင်း၊ အယူပြိုင်ခြင်း၊ စိတ်ပင်ပန်းခြင်း၊ မနှစ်သက်ခြင်း၊ မမွေ့လျော်ခြင်း

http://www.dhammadownload.com



ဖြစ်ပေါ်နေကြောင်းကို မြတ်စွာဘုရား သိတော်မူသည်ရှိသော် ကဲ့ရဲ့တော်မူရာသလော" ဟု ဤသို့ မေးမြန်းပြောဆိုရာ၏။

ရဟန်းတို့ ကောင်းစွာဖြေကြားသော ရဟန်းသည် "ငါ့သျှင်တို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြကုန်ပဲ ကျင့်ကုန်သော ငါတို့အား အချင်းချင်း စကားပွိုဆောင်ခြင်း, အယူပြိုင်ခြင်း, စိတ်ပင်ပန်းခြင်း, မနှစ်သက်ခြင်း, မဖမ္မလျှော်ခြင်း ဖြစ်ပေါ်နေကြောင်းကို မြတ်စွာဘုရား သိတော်မူသည်ရှိသော် ကဲ့ရဲ့တော်မူရာ၏"ဟု ဤသို့ ဖြေကြားရာ၏။ ငါ့သျှင်တို့ ထိုငြင်းခုံခြင်းသဘောကို မပယ်မစွန့်ပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရာသလောဟု ဤသို့ မေးမြန်းရာ၏။ ရဟန်းတို့ ကောင်းစွာဖြေကြားသော ရဟန်းသည် "ငါ့သျှင်တို့ ထိုငြင်းခုံခြင်းသဘောကို မပယ်မစွန့်ပဲ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ရာ"ဟု ဤသို့ဖြေကြားရာ၏။

ရဟန်းတို့ အကယ်၍ ထိုရဟန်းကို တပါးသောရဟန်းတို့သည် "အသျှင်သည် ထိုရဟန်းတို့ကို အကုသိုလ်မှထစေ၍ ကုသိုလ်၌ တည်စေဘိသလော" ဟု ဤသို့မေးကုန်ငြားအံ့။ ရဟန်းတို့ ကောင်းစွာဖြေကြားသော ရဟန်းသည် "ငါ့သျှင်တို့ ဤသာသနာတော်၌ ငါသည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားသည် ငါ့အား သာရဏီယတရားကို ဟောတော်မူ၏၊ ငါသည် ထိုတရားတော်ကို ကြားနာရ၍ ထိုရဟန်းတို့အား ဟောပြော၏၊ ထိုရဟန်းတို့သည် ထိုတရားတော်ကို ကြားနာရ၍ အကုသိုလ်မှ ထကုန်၏၊ ကုသိုလ်၌ တည်ကုန်၏"ဟု ဤသို့ဖြေကြားရာ၏။

ရဟန်းတို့ ဤသို့ ဖြေကြားသော ရဟန်းသည် မိမိကို မမြှောက်ပင့်၊ သူတပါးကို မရှုတ်ချ၊ တရားအားလျော်သောအကျင့်ကို ဖြေကြား၏၊ ထိုရဟန်း၏ ဝါဒနှင့် အတုလိုက်သောဝါဒသည် အကြောင်းခိုင်လုံသည်ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ မရောက်ဟု(မိန့်တော်မူ၏)။ ဤသို့ မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကြကုန်ပြီ။

သုံးခုမြောက် ကိန္တိသုတ် ပြီး၏။

---

## ၄-သာမဂါမသုတ်

၄၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း သာမဉ်သောရွာ၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ၌ နာဋ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေလွန်ပြီးစဖြစ်၏။ ထိုနာဋ၏သား နိဂဏ္ဌသေလွန်ခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲကုန်၏၊ နှစ်ခွဲဖြစ်၍ ငြင်းခုံခိုက်ရန်ဖြစ်ကုန်၏၊ ဆန့်ကျင်ဘက်စကားဆိုခြင်းသို့ ရောက်ကုန်၍ အချင်းချင်း နှုတ်လှံထိုးလျက်နေကုန်၏ "သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏။ သင်သည် ဤဓမ္မဝိနယကို အဘယ်သို့သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့်ရှိသူဖြစ်၏၊ ငါသည် မှန်သောအကျင့်ရှိသူဖြစ်၏။ ငါ့စကားသည် အကျိုးစီးပွါးနှင့်စပ်၏၊ သင့်စကားသည် အကျိုးစီးပွါးနှင့်မစပ်။ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှဆို၏၊ နောက်မှဆိုသင့်သည်ကို ရှေးဦးဆို၏။ သင်၏ကြာမြင့်စွာ လေ့လာထားသော စကားသည်(သင့်ဆီသို့) ပြန်လည်၍တည်လေပြီ၊ သင့်အယူ၌ အပြစ်ကို ငါတင်ပြပြီ၊ သင်အရေးရှုံးနိမ့်ပြီ၊ (ငါတင်ပြသော)

http://www.dhammadownload.com



အပြစ်မှလွတ်မြောက်ရန် ရှာကြံချေဦးလော့။ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ပြေရှင်းလော့”ဟု နှုတ်လုံထိုးကုန်လျက် နေကုန်၏။

နာဋပုတ်၏သား နိဂဏ္ဌ၏တပည့်ဖြစ်သော နိဂဏ္ဌတို့၌ အချင်းချင်း သတ်ဖြတ်သေကြေခြင်းတခုတည်းသာလျှင် ဖြစ်သကဲ့သို့ ထင်ရ၏။ နာဋပုတ်၏သား နိဂဏ္ဌ၏တပည့်ဖြစ်သော လူဝတ်ကြောင်တို့သည်လည်း နာဋပုတ်၏သား နိဂဏ္ဌ၏တပည့်ဖြစ်သော နိဂဏ္ဌတို့၌ ငြီးငွေ့ခြင်းသဘော ရှိကုန်၏၊ ကြည်ညိုချစ်ခင်ခြင်းကင်းသော သဘောရှိကုန်၏၊ ရှိသေနှိမ့်ချပြုခြင်းမှ ဆုတ်နစ်ခြင်းသဘော ရှိကုန်၏။ မကောင်းသဖြင့်ဟောထားသော မကောင်းသဖြင့်သိစေသော သံသရာမှထွက်မြောက်ကြောင်းမဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရားမဟုတ်သူများ ဟောထားသော မှီရာ ပျက်စီးသွားသော အားကိုးရာမှုကင်းသော သာသနာ၌ ဖြစ်မြဲဓမ္မတာအတိုင်းပင်တည်း။

၄၂။ ထိုအခါ သာမဂါမ၌နေသော အသျှင်စုန္ဒမထေရ်သည် ပါဝါပြည်၌ ဝါကျွတ်ပြီး၍ သာမဂါမ၌ (ဥပဇ္ဈာယ်ဖြစ်သော) အသျှင်အာနန္ဒာရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာကို ရှိသေစွာရှိခိုး၍ သင့်လျော်ရာ၌ထိုင်က အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား အာနန္ဒာ နာဋပုတ်၏သားနိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးစဖြစ်ပါ၏၊ ထိုနာဋပုတ်၏သား နိဂဏ္ဌသေလွန်ခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲကုန်၏၊ နှစ်ဖို့ဖြစ်ကုန်၍။ပ။ မှီရာ ပျက်စီးသွားသော အားကိုးရာမှုကင်းသော သာသနာ၌ ဖြစ်မြဲဓမ္မတာအတိုင်းပင် ဖြစ်ပါ၏”ဟု (လျှောက်၏)။

ဤသို့ လျှောက်သည်ရှိသော် အသျှင်အာနန္ဒာသည် သာမဂါမ၌နေသော အသျှင်စုန္ဒမထေရ်အား ဤစကားကို ပြောဆို၏ “ငါ့သျှင်စုန္ဒ မြတ်စွာဘုရားကို ဖူးမြော်ရန် ဤစကားလက်ဆောင်သည် ရှိသည်သာတည်း၊ ငါ့သျှင်စုန္ဒ လာလော့၊ သွားကြကုန်အံ့၊ မြတ်စွာဘုရားရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြကုန်အံ့”ဟု (ပြောဆို၏)။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု သာမဂါမ၌နေသော အသျှင်စုန္ဒမထေရ်သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ထား၏။

ထိုအခါ အသျှင်အာနန္ဒာသည်၎င်း သာမဂါမ၌နေသော အသျှင်စုန္ဒမထေရ်သည်၎င်း မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ကြပြီးလျှင် ရှိသေစွာရှိခိုးကြ၍ သင့်လျော်ရာ၌ ထိုင်ကြကုန်၏၊ သင့်လျော်ရာ၌ထိုင်က အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “မြတ်စွာဘုရား သာမဂါမ၌နေသော ဤစုန္ဒမထေရ်သည် ‘အသျှင်ဘုရားအာနန္ဒာ နာဋပုတ်၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးစဖြစ်ပါ၏၊ ထိုနာဋပုတ်၏သား နိဂဏ္ဌသေလွန်ခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲကုန်၏၊နှစ်ဖို့ဖြစ်ကုန်၏။ပ။မှီရာ ပျက်စီးသွားသော အားကိုးရာမှုကင်းသော သာသနာ၌ ဖြစ်မြဲဓမ္မတာအတိုင်းပင် ဖြစ်ပါ၏’ဟု လျှောက်ပါ၏။

မြတ်စွာဘုရား ထိုအကျွန်ုပ်အား ‘မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခြင်းကြောင့် သံဃာ၌ ငြင်းခုံမှု မဖြစ်ပါစေသတည်း၊ ထိုငြင်းခုံမှုသည် များစွာသောလူတို့၏ အစီးအပွါးမဲ့ခြင်းငှါ များစွာသော လူတို့၏ ချမ်းသာမဲ့ခြင်းငှါ များစွာသောလူတို့၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါသာ ဖြစ်၏’ဟု အကြံအစည်ဖြစ်ပါ၏”ဟု (လျှောက်၏)။

http://www.dhammadownload.com



၄၃။ အာနန္ဒာ ထိုငါဆိုမည့်စကားကို အဘယ်သို့မှတ်ထင်သနည်း၊ ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ သင်တို့အား ဟောကြားထားသော သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မြတ်သော မဂ္ဂင်ရှစ်ပါးတရားတို့၌ အယူကွဲသော ရဟန်းနှစ်ပါးတို့ကိုလည်း သင်မြင်မိသလောဟု (မေးတော်မူ၏)။

မြတ်စွာဘုရား မြတ်စွာဘုရားသည် ထူးသောဉာဏ်ဖြင့်သိ၍ ဟောထားသော သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မြတ်သောမဂ္ဂင်ရှစ်ပါးတရားတို့၌ အယူကွဲပြားသော ရဟန်းနှစ်ပါးတို့ကို အကျွန်ုပ် မတွေ့မြင်မိပါ။ အသျှင်ဘုရား မြတ်စွာဘုရားကို အမှီပြု၍နေသော ပုဂ္ဂိုလ်တို့သည် ရှိပါကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ၌ အသက်မွေးလိုခြင်းဟူသော အကြောင်းကြောင့် လွန်ကျူးမိသော သိက္ခာပုဒ်ခြောက်ပါး၌သော်၎င်း ထိုခြောက်ပါးမှကြွင်းသော သိက္ခာပုဒ်၌သော်၎င်း သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်စေကုန်ငြားအံ့၊ ထိုငြင်းခုံခြင်းသည် များစွာသော လူတို့၏ အစီးအပွါး မဲ့ခြင်းငှါ များစွာသောလူတို့၏ ချမ်းသာမဲ့ခြင်းငှါ များစွာသောလူတို့၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါသာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။

အာနန္ဒာ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် လွန်ကျူးမိသော သိက္ခာပုဒ်ခြောက်ပါး၌သော်၎င်း ထိုခြောက်ပါးမှ ကြွင်းသော သိက္ခာပုဒ်၌သော်၎င်း ငြင်းခုံခြင်းသည် မပြောပလောက် အနည်းငယ်သာဖြစ်၏။ အာနန္ဒာ စင်စစ် မဂ်၌သော်၎င်း အကျင့်၌သော်၎င်း သံဃာ၌ ငြင်းခုံမှုဖြစ်သော် ဖြစ်ရာ၏၊ ထိုငြင်းခုံမှုသည် များစွာသောလူတို့၏ အစီးအပွါး မဲ့ခြင်းငှါ များစွာသောလူတို့၏ ချမ်းသာကင်းခြင်းငှါ များစွာသောလူတို့၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါသာ ဖြစ်၏။

၄၄။ အာနန္ဒာ ငြင်းခုံမှု၏ အကြောင်းတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ အာနန္ဒာ ဤသာသနာတော်၌ အကြင်ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏။ ထိုရဟန်းသည် ဘုရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲနေ၏၊ တရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲနေ၏၊ သံဃာ၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲနေ၏၊ သိက္ခာသုံးပါး၌လည်း ပြည့်စုံစွာကျင့်လေ့မရှိ၊ အာနန္ဒာ ဘုရား၌ရိုသေခြင်း နှိမ့်ချခြင်းမရှိပဲ တရား၌ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲ သံဃာ၌ ရိုသေခြင်း နှိမ့်ချခြင်းမရှိပဲ သိက္ခာသုံးပါး၌ ပြည့်စုံစွာကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံမှုကိုဖြစ်စေ၏၊ ယင်းငြင်းခုံမှုသည် များစွာသောလူတို့၏ အစီးအပွါးမဲ့ခြင်းငှါ များစွာသောလူတို့၏ ချမ်းသာမဲ့ခြင်းငှါ များစွာသောလူတို့၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါဖြစ်၏။

အာနန္ဒာ သင်တို့သည် ဤသို့အစအောရှိသော ငြင်းခုံခြင်း၏ အကြောင်းကို မိမိနှင့် မိမိပရိသတ် သူတပါးနှင့် သူတပါးပရိသတ်၌ အကယ်၍ ရှုမြင်ရကုန်ငြားအံ့။ အာနန္ဒာ ဤသို့ ရှုမြင်ရကုန်သည်ရှိသော် သင်တို့သည် ထိုငြင်းခုံမှု၌ ယုတ်ညံ့သော ထိုငြင်းခုံမှု၏ အကြောင်းရင်းကိုသာလျှင် ပယ်ခြင်းငှါ အားထုတ်ကုန်ရာ၏။ အာနန္ဒာ သင်တို့သည် ဤသို့ သဘောရှိသော ငြင်းခုံမှု၏ အကြောင်းရင်းကို မိမိနှင့် မိမိပရိသတ် သူတပါးနှင့် သူတပါးပရိသတ်၌ အကယ်၍ မရှုမမြင်ရကုန်ငြားအံ့။ အာနန္ဒာ ဤသို့ မရှုမမြင်ရကုန်သည် ရှိသော် သင်တို့သည် ထိုငြင်းခုံမှု၌ ယုတ်ညံ့သော ထိုငြင်းခုံမှု၏ အကြောင်းရင်း၏ သာလျှင် နောင်အခါ မဘိုးမပွါးခြင်းငှါ ကျင့်ကုန်ရာ၏၊ ဤသို့

http://www.dhammadownload.com



ကျင့်လျှင် ယုတ်ညံ့သော ထိုငြင်းခုံမှု၏ အကြောင်းရင်းကို ပယ်ခြင်းဖြစ်၏၊ ဤသို့ ကျင့်လျှင် ယုတ်ညံ့သော ထိုငြင်းခုံမှု၏ အကြောင်းရင်းသည် နောင်အခါ၌ တိုးပွါးခြင်း မဖြစ်တော့ပေ။

၄၅။ အာနန္ဒာ တဖန်လည်း ရဟန်းသည် ကျေးဇူးကို ချေဖျက်လေ့ရှိ၏၊ ပြိုင်ဆိုင်လေ့ရှိ၏။ပ။ ငြူစူလေ့ရှိ၏၊ ဝန်တိုလေ့ရှိ၏ ။ပ။ ဟန်ဆောင်တတ်၏၊ လှည့်ပတ်တတ်၏။ပ။ ယုတ်ညံ့သော အလိုဆိုးရှိ၏၊ မှားသောအယူရှိ၏။ပ။မိမိအယူသာ မှန်၏ဟု မှားသောအားဖြင့် သုံးသပ်လေ့ရှိ၏၊ စွဲမြဲစွာယူလေ့ရှိ၏၊ အယူကို စွန့်နိုင်ခဲ၏။

အာနန္ဒာ မိမိအယူသာ မှန်၏ဟု မှားသောအားဖြင့် သုံးသပ်လေ့ရှိသော စွဲမြဲစွာယူလေ့ရှိသော အယူကို စွန့်နိုင်ခဲသော ရဟန်းသည် ဘုရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲ နေ၏၊ တရား၌လည်း ရိုသေခြင်း နှိမ့်ချခြင်းမရှိပဲ နေ၏၊ သံဃာ၌လည်း ရိုသေခြင်း နှိမ့်ချခြင်းမရှိပဲ နေ၏၊ သိက္ခာသုံးပါး၌လည်း ပြည့်စုံစွာ ကျင့်လေ့မရှိ။

အာနန္ဒာ ဘုရား၌ ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲ တရား၌ ရိုသေခြင်း နှိမ့်ချခြင်းမရှိပဲ သံဃာ၌လည်း ရိုသေခြင်း နှိမ့်ချခြင်း မရှိပဲ သိက္ခာသုံးပါး၌ ပြည့်စုံစွာ ကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံမှုကို ဖြစ်စေ၏၊ အကြင် ငြင်းခုံမှုသည် များစွာသော လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ များစွာသော လူတို့၏ ချမ်းသာမဲ့ခြင်းငှါ၊ များစွာသော လူတို့၏ အကျိုးမဲ့ခြင်းငှါ၊ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ၊ ဆင်းရဲခြင်းငှါဖြစ်၏။

အာနန္ဒာ သင်တို့သည် ဤသို့ သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းကို မိမိနှင့် မိမိပရိသတ် သူတပါးနှင့် သူတပါးပရိသတ်၌ အကယ်၍ ရှုမြင်ရကုန်ငြားအံ့။အာနန္ဒာ ဤသို့ ရှုမြင်ရကုန်သည်ရှိသော် သင်တို့သည် ထိုငြင်းခုံမှု၌ ယုတ်မာသော ထိုငြင်းခုံမှု၏ အကြောင်းရင်းကို သာလျှင် ပယ်ခြင်းငှါ အားထုတ်ကုန်ရာ၏။အာနန္ဒာ သင်တို့သည် ဤသို့သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို မိမိနှင့် မိမိပရိသတ် သူတပါးနှင့် သူတပါးပရိသတ်၌ အကယ်၍ မရှုမမြင်ရကုန်ငြားအံ့။ အာနန္ဒာ ဤသို့ မရှုမမြင်ရကုန်သည် ရှိသော် သင်တို့သည် ထိုငြင်းခုံမှု၌ ယုတ်မာသော ထိုငြင်းခုံမှု၏ အကြောင်းရင်း၏သာလျှင် နောင်အခါ၌ မတိုးပွါးခြင်းငှါ ကျင့်ကုန်ရာ၏။ ဤသို့ ကျင့်လျှင် ယုတ်မာသော ထိုငြင်းခုံမှု၏ အကြောင်းရင်းကို ပယ်ခြင်းသည် ဖြစ်၏၊ ဤသို့ ကျင့်လျှင် ယုတ်မာသော ထိုငြင်းခုံမှု၏ အကြောင်းရင်းသည် နောင်အခါ၌ တိုးပွါးခြင်း မဖြစ်တော့ပေ။ အာနန္ဒာ ငြင်းခုံမှု၏ အကြောင်းရင်းတို့သည် ဤခြောက်ပါးတို့တည်း။

၄၆။ အာနန္ဒာ အဓိကရုဏ်းတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း ဟူမူ— အာနန္ဒာ ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်းတို့တည်း။ အာနန္ဒာ အဓိကရုဏ်း တို့သည် ဤလေးပါးတို့တည်း။ အာနန္ဒာ အဓိကရုဏ်းငြိမ်းမှုတို့သည် ဤခုနစ်ပါးတို့တည်း။ ဖြစ်ကုန် ဖြစ်ကုန်သော အဓိကရုဏ်းတို့ကို ငြိမ်းစေခြင်းငှါ သမ္မုခါဝိနည်းကို ပေးရမည်၊ သတိဝိနည်းကို ပေးရမည်၊ အမူဠ္ဟဝိနည်းကို ပေးရမည်၊ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရမည်၊ (ရဟန်းများရာသို့ လိုက်၍ ဆုံးဖြတ်ရသော) ယေဘုယျသိကဝိနည်းကို ပြုရမည်၊ (ယုတ်မာသော ရဟန်းအားပြုရသော) တဿပါပိယသိကဝိနည်းကို ပြုရမည်၊ (မစင်ကို မြက်ဖြင့် ဖုံးသကဲ့သို့ ဖုံးရသော) တိဏဝတ္ထာရကဝိနည်းကို ပြုရမည်။

၄၇။ အာနန္ဒာ သမ္မုခါဝိနည်းသည် အဘယ်သို့လျှင် ဖြစ်သနည်း၊အာနန္ဒာ ဤသာသနာတော်၌ ရဟန်းတို့သည် ဓမ္မဟုတ်၏ဟူ၍ရင်း ဓမ္မမဟုတ်ဟူ၍ရင်း ဝိနည်းဟုတ်၏ဟူ၍ရင်း ဝိနည်းမဟုတ်

http://www.dhammadownload.com



ဟူ၍ရင်း ငြင်းခုံကုန်၏။ အာနန္ဒာ ထိုရဟန်းအားလုံးသည် ညီညီညွတ်ညွတ် စည်းဝေးရမည်၊ စည်းဝေးပြီးလျှင် တရားဥပဒေ စည်းမျဉ်းကို ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်ရမည်၊ တရားဥပဒေ စည်းမျဉ်းကို ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ပြီးလျှင် အကြင်အခြင်းအရာအားဖြင့် ငြိမ်းစေသည်ရှိသော် ထိုတရား ဥပဒေစည်းမျဉ်းနှင့်ညီ၏၊ ထိုအခြင်းအရာအားဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေရမည်။ အာနန္ဒာ ဤသို့လျှင် သမ္မုခါဝိနည်းသည်ဖြစ်၏။ ဤသို့လျှင် ဤသာသနာတော်၌ အချို့ကုန်သော ဝိဝါဒါဓိကရုဏ်းတို့၏ သမ္မုခါ ဝိနည်းဖြင့် ငြိမ်းခြင်းသည်ဖြစ်၏။

၄၈။ အာနန္ဒာ ယေဘုယျသိကဝိနည်းသည် အဘယ်သို့လျှင် ဖြစ်သနည်း၊ အာနန္ဒာ ထိုငြင်းခုံသော ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ထိုကျောင်းတိုက်၌ ငြိမ်းစေခြင်းငှါ အကယ်၍ မစွမ်းနိုင်ကုန်အံ့၊ အာနန္ဒာ ထိုရဟန်းတို့သည် ရဟန်းများရာ ကျောင်းတိုက်သို့ သွားရမည်၊ထိုရဟန်းများရာ ကျောင်းတိုက်၌ ရဟန်းအားလုံးတို့သည် ညီညီညွတ်ညွတ် စည်းဝေးရမည်၊ စည်းဝေးပြီးလျှင် တရားဥပဒေ စည်းမျဉ်းကို စူးစမ်းဆင်ခြင်ရမည်၊ ထိုတရား ဥပဒေ စည်းမျဉ်းကို စူးစမ်းဆင်ခြင်ပြီးလျှင် အကြင်သို့သော အခြင်းအရာအားဖြင့် ငြိမ်းစေသည်ရှိသော် ထိုတရားဥပဒေ စည်းမျဉ်းနှင့်ညီ၏၊ ထိုအခြင်း အရာအားဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေရမည်။ အာနန္ဒာ ဤသို့လျှင် ယေဘုယျသိက ဝိနည်းဖြစ်၏၊ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော ဝိဝါဒါဓိကရုဏ်းတို့၏ ရဟန်းများရာလိုက်၍ ဆုံးဖြတ်သော ယေဘုယျသိကဝိနည်းဖြင့် ငြိမ်းခြင်းသည် ဖြစ်၏။

၄၉။ အာနန္ဒာ သတိဝိနည်းသည် အဘယ်သို့လျှင် ဖြစ်သနည်း၊အာနန္ဒာ ဤသာသနာတော်၌ ရဟန်းတို့သည် တပါးသော ရဟန်းကို "အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ ဖြစ်သော အာပတ်သို့ရင်း ဤသို့ ရှုန့်ရင်းသော သဘောရှိသော အာပတ်သို့ ရောက်သည်ကို အမှတ်ရ၏လော"ဟု ပါရာဇိကအာပတ်ဖြင့်ရင်း ပါရာဇိကအနီး၌ ဖြစ်သော အာပတ်ဖြင့်ရင်း ဤသို့ ရှုန့်ရင်းသော သဘောရှိသော အာပတ်ဖြင့် စွပ်စွဲကုန်၏။ ထိုအစွပ်စွဲခံရသော ရဟန်းသည် "အသျှင်တို့ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ ရှုန့်ရင်းသော သဘောရှိသော အာပတ်သို့ ရောက်သည်ကို မမှတ်မိပါ"ဟု (ပြောဆို၏)၊ အာနန္ဒာ ထိုရဟန်းအား သတိဝိနည်းကို ပေးရမည်၊ အာနန္ဒာ ဤသို့လျှင် သတိဝိနည်းသည်ဖြစ်၏၊ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော အနုဝါဒါဓိကရုဏ်းတို့၏ သတိဝိနည်းဖြင့် ငြိမ်းခြင်းသည် ဖြစ်၏။

၅၀။ အာနန္ဒာ အမူဠှဝိနည်းသည် အဘယ်သို့လျှင်ဖြစ်သနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းတို့သည် တပါးသောရဟန်းကို "အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ ရှုန့်ရင်းသောသဘောရှိသော အာပတ်သို့ ရောက်သည်ကို အမှတ်ရ၏လော"ဟု ပါရာဇိကအာပတ်ဖြင့်ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်ဖြင့်ရင်း ဤသို့ သဘောရှိသော ရှုန့်ရင်းသောအာပတ်ဖြင့် စွပ်စွဲပြောဆိုကုန်၏။ ထိုအစွပ်စွဲခံရသော ရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ ရှုန့်ရင်းသောသဘောရှိသော အာပတ်သို့ ရောက်သည်ကို မမှတ်မိပါ"ဟု (ပြောဆို၏)။ ဖြေရှင်းသိစေသော ထိုရဟန်းကို ထိုစွပ်စွဲသောရဟန်းသည် "တိုက်တွန်းပါ၏၊ အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ ရှုန့်ရင်းသောသဘော ရှိသော အာပတ်သို့ရောက်သည်ကို အကယ်၍ မှတ်မိအံ့၊ ကောင်းစွာ သိလော့"ဟု ဤသို့

http://www.dhammadownload.com



အထူးထူးသိစေ၏။ ထိုအစွပ်စွဲခံရသော ရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ရှုံးသွပ်ခြင်းသို့ ရောက်၏၊ စိတ်ဖောက်ပြန်ခြင်းသို့ ရောက်၏၊ ထိုရှုံးသွပ်ခြင်းကြောင့် များစွာသောရဟန်းတို့၏ အထိုက်မဟုတ်သော လွန်ကျူးမှုကို နှုတ်ဖြင့် ပြောမိ၏ဟူ၍ရင်း ကိုယ်ဖြင့် ကျော်နင်းပြုမိ၏ဟူ၍ရင်း အကျွန်ုပ်မမှတ်မိပါ၊ တွေဝေသဖြင့် ထိုအမှုကို အကျွန်ုပ်ပြုအပ်၏"ဟု ပြောဆို၏။ အာနန္ဒာ ထိုရဟန်းအား အမူဠ္ဟဝိနည်းကို ပေးရမည်။ အာနန္ဒာ ဤသို့လျှင် အမူဠ္ဟဝိနည်းသည် ဖြစ်၏။ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော အနုဝါဒါဓိကရုဏ်းတို့၏ အမူဠ္ဟဝိနည်းဖြင့် ငြိမ်းခြင်းသည် ဖြစ်၏။

၅၁။ အာနန္ဒာ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရသော ပဋိညာတကရဏဝိနည်းကံသည် အဘယ်သို့လျှင်ဖြစ်သနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် စောဒနာ၍ဖြစ်စေ မစောဒနာပဲဖြစ်စေ အာပတ်ကို အမှတ်ရ၏၊ ဖော်ထုတ်၏၊ ထင်ရှားအောင်ပြု၏။ အာနန္ဒာ ထိုအာပတ်သင့်သောရဟန်းသည် သီတင်းကြီးရဟန်းသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ သင်္ကန်းကို စံပယ်တင်၍ ခြေတို့ကိုရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင် "အသျှင်ဘုရား အကျွန်ုပ်သည် ဤမည်သောအာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ကုစားဒေသနာကြားပါအံ့"ဟု ဤသို့ ဆိုရာ၏။ ထိုဒေသနာခံသော ရဟန်းကြီးသည် "အာပတ်ကို မြင်သလော"ဟု မေးရာ၏။ "မြင်ပါ၏"ဟု ဆိုရာ၏၊ (ဒေသနာခံရဟန်းကြီးသည်) "နောင်အခါ၌ စောင့်စည်းလော့"ဟု ဆိုရာ၏။ (ဒေသနာကြားသောရဟန်းသည်)စောင့်စည်းပါအံ့ဟု ဆိုရာ၏။ အာနန္ဒာ ဤသို့လျှင် ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ခြင်းသည်ဖြစ်၏။ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော အာပတ္တာဓိကရုဏ်းတို့၏ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရသော ပဋိညာတကရဏဝိနည်းကံဖြင့် ငြိမ်းခြင်းသည် ဖြစ်၏။

၅၂။ အာနန္ဒာ ထိုရဟန်း၏ ယုတ်မာမှုများ၍ ပြုရသော တဿပါပိယသိကဝိနည်းကံသည် အဘယ်သို့လျှင် ဖြစ်သနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တပါးသောရဟန်းကို "အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ သဘောရှိသော ရှုံ့ရင်းသောအာပတ်သို့ ရောက်သည်ကို အမှတ်ရ၏လော"ဟု ပါရာဇိကအာပတ်ဖြင့်ရင်း ပါရာဇိကအာပတ်အနီး၌ဖြစ်သော အာပတ်ဖြင့်ရင်း ဤသို့ သဘောရှိသော ရှုံ့ရင်းသော အာပတ်ဖြင့် စွပ်စွဲ၏။

ထိုအစွပ်စွဲခံရသော ရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုံ့ရင်းသောအာပတ်သို့ ရောက်သည်ကို အမှတ်မရပါ"ဟု ဤသို့ ပြောဆို၏။ ဖြေရှင်းသိစေသော ထိုရဟန်းကို ထိုစွပ်စွဲသော ရဟန်းသည် "တိုက်တွန်းပါ၏၊ အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့ သဘောရှိသော ရှုံ့ရင်းသောအာပတ်သို့ ရောက်သည်ကို အကယ်၍ အမှတ်ရငြားအံ့၊ ကောင်းစွာသာလျှင် သိလော့"ဟု ဤသို့ အထူးထူးသိစေ၏။

ထိုအစွပ်စွဲခံရသောရဟန်းသည်"ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုံ့ရင်းသောအာပတ်သို့ ရောက်သည်ကို အမှတ်မရပါ။ ဤသို့သဘောရှိသော အနည်းငယ်မျှ မပြောပလောက်သော အာပတ်သို့ ရောက်သည်ကိုကား အမှတ်ရပါ၏"ဟု ပြောဆို၏။ ဖြေရှင်းသိစေသော ထိုရဟန်းကို ထိုစွပ်စွဲသောရဟန်း

http://www.dhammadownload.com



သည် "ငါ့သျှင် တိုက်တွန်းပါ၏၊ အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသောအာပတ်သို့ ရောက်သည်ကို အကယ်၍ အမှတ်ရငြားအံ့၊ ကောင်းစွာသာလျှင် သိလော့"ဟု ဤသို့ အထူးထူးသိစေ၏။

ထိုအစွပ်စွဲခံရသော ရဟန်းသည် "ငါ့သျှင် အကျွန်ုပ်သည် အနည်းငယ်မျှ မပြောပလောက်သော ဤမည်သောအာပတ်သို့ ရောက်၍ အမေးမခံရပဲ ဝန်ခံတုံသေး၏၊ အကျွန်ုပ်သည် ပါရာဇိက အာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသော အာပတ်သို့ရောက်၍ အမေးခံရပါလျက် အဘယ်မှာ ဝန်မခံပဲရှိပါအံ့နည်း"ဟု ဤသို့ ပြောဆို၏။

ထိုစွပ်စွဲသော ရဟန်းသည် "ငါ့သျှင် သင်သည် အနည်းငယ်မျှ မပြောပလောက်သော ဤမည်သော အာပတ်သို့ရောက်၍ အမေးမခံရပဲ ဝန်မခံချေ၊ ပါရာဇိကအာပတ်သို့ရင်း ပါရာဇိက အနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသော အာပတ်သို့ရောက်၍ အမေးခံရသည်ရှိသော် အဘယ်မှာ ဝန်ခံတုံအံ့နည်း၊ တိုက်တွန်းပါ၏၊ အသျှင်သည် ပါရာဇိက အာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသော အာပတ်သို့ရောက်သည်ကို အကယ်၍ သင်အမှတ်ရငြားအံ့၊ ကောင်းစွာသာလျှင် သိလော့"ဟု ဤသို့ ပြောဆို၏။

ထိုအစွပ်စွဲခံရသော ရဟန်းသည် "ငါ့သျှင် အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိက အနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသောအာပတ်သို့ ရောက်သည်ကို အမှတ်ရ၏၊ ဤစကားကို အကျွန်ုပ် အဆောတလျင် ဆိုအပ်၏၊ ဤစကားကို အကျွန်ုပ် မှား၍ ဆိုအပ်၏၊ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအနီး၌ဖြစ်သော အာပတ်သို့ရင်း ဤသို့သဘောရှိသော ရှုန့်ရင်းသောအာပတ်သို့ ရောက်သည်ကို အမှတ်မရပါ"ဟု ဤသို့ ပြောဆို၏။ အာနန္ဒာ ဤသို့လျှင် ထိုရဟန်းအား ယုတ်မာမှုများ၍ပြုရသော တဿပါပိယသိက ဝိနည်းကံသည် ဖြစ်၏။ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော အာပတ္တာဓိကရုဏ်းတို့၏ ငြိမ်းခြင်းသည်ဖြစ်၏။

၅၃။ အာနန္ဒာ မစင်ကို မြက်ဖြင့် ဖုံးသကဲ့သို့ အဓိကရုဏ်းကို ဖုံးသဖြင့် ငြိမ်းစေသော တိဏဝတ္ထာရကဝိနည်းကံသည် အဘယ်သို့လျှင် ဖြစ်သနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ငြင်းခုံခိုက်ရန်ဖြစ်ကြကုန်သော အထူးထူးဆန့်ကျင်သော စကားရှိခြင်းသို့ ရောက်၍နေကြသော ရဟန်းတို့အား များစွာသော ရဟန်းတို့၏အလုပ်မဟုတ်သော လွန်ကျူးမှုကို နှုတ်ဖြင့်ပြောမိ၏၊ ကိုယ်ဖြင့် လွှဲလပြုမိ၏၊ အာနန္ဒာ ထိုရဟန်းအားလုံးတို့သည် ညီညီညွတ်ညွတ်စည်းဝေးရမည်၊ စည်းဝေးပြီးလျှင် ဝါဒတူသောရဟန်းတို့တွင် အထူးသဖြင့် လိမ္မာကျွမ်းကျင်သော ရဟန်းသည် နေရာမှထလျက် လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကိုတင်၍ လက်အုပ်ချီပြီးလျှင် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာတော်သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ငြင်းခုံ ခိုက်ရန်ဖြစ်ကြသော အထူးထူး ဆန့်ကျင်သောစကားရှိခြင်းသို့ ရောက်၍ နေကြသော အကျွန်ုပ်တို့အား များစွာသောရဟန်းတို့၏ အလုပ်မဟုတ်သော ဤလွန်ကျူးမှုကို နှုတ်ဖြင့်ပြောမိ၏၊ ကိုယ်ဖြင့် လွန်ကျူးလွှဲလပြုမိ၏၊ သံဃာတော်အား လျောက်ပတ်သော

http://www.dhammadownload.com



အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း မိမိ၏အာပတ်ကိုရင်း ဤအသျှင်တို့၏ အကျိုးငှါရင်း မိမိ၏အကျိုးငှါရင်း သံဃာ၏အလယ်၌ မစင်ကို မြက်ဖြင့်ဖုံးသကဲ့သို့ အစိကရဏ်းကို ဖုံးသဖြင့် ငြိမ်းစေသော 'တိဏဝတ္ထာရက'ဝိနည်းကံဖြင့် ကြီးလေးသောအပြစ်ကိုထား၍ရင်း လူတို့နှင့်စပ်သော အပြစ်ကိုထား၍ရင်း ဒေသနာကြားပါ၏"ဟု (ဤသို့ သံဃာကို သိစေရမည်)။

ထိုနောက် ဝါဒတူသော အခြားရဟန်းတို့တွင် အထူးသဖြင့် လိမ္မာကျွမ်းကျင်သောရဟန်းသည် နေရာမှထလျက် လက်ဝဲတဖက်ပခုံးထက်၌ သင်္ကန်းကိုတင်၍ လက်အုပ်ချီပြီးလျှင် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာတော်သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ငြင်းခုံခိုက်ရန်ဖြစ်ကြသော အထူးထူးဆန့်ကျင်သော စကားရှိခြင်းသို့ ရောက်၍နေကြသော အကျွန်ုပ်တို့အား များစွာသောရဟန်းတို့၏ အလုပ်မဟုတ်သော ဤလွန်ကျူးမှုကို နှုတ်ဖြင့်ပြောမိ၏၊ ကိုယ်ဖြင့် လွန်ကျူးလုံ့လပြုမိ၏၊ သံဃာတော်အား လျောက်ပတ်သောအခါရှိသောကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း မိမိ၏အာပတ်ကိုရင်း ဤအသျှင်တို့၏အကျိုးငှါရင်း မိမိ၏အကျိုးငှါရင်း သံဃာအလယ်၌ မစင်ကို မြက်ဖြင့်ဖုံးသကဲ့သို့ အစိကရဏ်းကို ငြိမ်းစေသော 'တိဏဝတ္ထာရက' ဝိနည်းကံဖြင့် ကြီးလေးသော အပြစ်ကိုထား၍ရင်း လူတို့နှင့်စပ်သော အပြစ်ကိုထား၍ရင်း ဒေသနာကြားပါ၏"ဟု (ဤသို့ သံဃာကိုသိစေရမည်)။

အာနန္ဒာ ဤသို့လျှင် မစင်ကို မြက်ဖြင့်ဖုံးသကဲ့သို့ အဓိကရဏ်းကို တိဏဝတ္ထာရက ဝိနည်းကံဖြင့် ဖုံးခြင်းသည်ဖြစ်၏။ ဤသို့လျှင် ဤသာသနာတော်၌ အချို့သော အာပတ္တာဓိကရဏ်းတို့၏ မစင်ကို မြက်ဖြင့်ဖုံးသကဲ့သို့ အဓိကရဏ်းတို့၏ တိဏဝတ္ထာရကဝိနည်းကံဖြင့် ငြိမ်းခြင်းသည်ဖြစ်၏။

## သာရဏီယတရား ၆-ပါး

၅၄။ အာနန္ဒာ မပြတ်အောက်မေ့ထိုက်ကုန်သော ချစ်ခြင်းကို ပြုတတ်ကုန်သော လေးစားခြင်းကို ပြုတတ်ကုန်သော ဤခြောက်ပါးသော တရားတို့သည် သိမ်းသွင်းခြင်းအကျိုးငှါ ဝါဒမကွဲပြားခြင်း အကျိုးငှါ ညီညွတ်ခြင်း အကျိုးငှါ တပေါင်းတည်း ဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ခြောက်ပါးတို့နည်းဟူမူ—

(၁) အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်းအကျိုးငှါ, ညီညွတ်ခြင်းအကျိုးငှါ, တပေါင်းတည်းဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်၏။

(၂) အာနန္ဒာ နောက်တမျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ ဝစီကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို

http://www.dhammadownload.com



ပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်း အကျိုးငှါ၊ ဝါဒမကွဲပြားခြင်း အကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်၏။

(၃) အာနန္ဒာ နောက်တမျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊ တပေါင်းတည်း ဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်၏။

(၄) အာနန္ဒာ နောက်တမျိုးကား ရဟန်းသည် တရားနှင့်လျော်စွာဖြစ်ကုန်သော တရားသဖြင့် ရကုန်သောလာဘ်တို့ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း မခွဲခြားပဲ သုံးဆောင်ခြင်းရှိ၏၊ အကျင့်သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်း ရှိ၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊တပေါင်းတည်းဖြစ်ခြင်းဟူသောအကျိုးငှါ ဖြစ်၏။

(၅) အာနန္ဒာ နောက်တမျိုးကား ရဟန်းသည် မကျိုးမပေါက် မပြောက်မကျားကုန်သော (တဏှာကျွန်အဖြစ်မှ) တော်လှန်ခြင်းကို ပြုတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းထိုက်ကုန်သော မှားသည်ဟု အသုံးသပ် မခံရကုန်သော တည်တံ့ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော စောင့်စည်းမှု 'သီလမျိုး'တို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ စောင့်စည်းမှု 'သီလ' တူသည်၏ အဖြစ်သို ရောက်လျက်နေ၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်း အကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်းဟူသောအကျိုးငှါ ဖြစ်၏။

(၆) အာနန္ဒာ နောက်တမျိုးကား ရဟန်းသည် မြတ်သော (ဝဋ်ဆင်းရဲမှ) ထုတ်ဆောင်တတ်သော ထိုအသုံးအမအတိုင်း ပြုသူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ခန်းခြင်းငှါ ဖြစ်သော အယူ တမျိုး၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ အယူတူသည်၏ အဖြစ်သို့ ရောက်လျက်နေ၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ် သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်း အကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်း ဟူသောအကျိုးငှါ ဖြစ်၏။

အာနန္ဒာ မပြတ်အောက်မေ့ထိုက်ကုန်သော ချစ်ခြင်းကို ပြုတတ်ကုန်သော လေးစားခြင်းကို ပြုတတ်ကုန်သော ဤတရားခြောက်ပါးတို့သည် သိမ်းသွင်းခြင်း အကျိုးငှါ၊ ဝါဒမကွဲပြားခြင်း အကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်ကုန်၏။ အာနန္ဒာ သင်တို့သည် မပြတ်အောက်မေ့ထိုက်ကုန်သော ဤတရားခြောက်ပါးတို့ကို အကယ်၍ ဆောက်တည်၍ ကျင့်ကုန်ငြားအံ့၊ အာနန္ဒာ သင်တို့ သည်းမခံနိုင်လောက်သော ကြီးကြီးငယ်ငယ် ဖြစ်သော စကားအကြောင်းမျိုးကို တွေ့မြင်ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတွေ့မြင်နိုင်ပါဟု (လျှောက်ကြကုန်၏)။ အာနန္ဒာ ထို့ကြောင့် မပြတ်အောက်မေ့ထိုက်ကုန်သော

http://www.dhammadownload.com



ဤတရားခြောက်ပါးတို့ကို ကောင်းစွာဆောက်တည်၍ ကျင့်ကြကုန်လော့၊ ထိုကျင့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ ဟု(မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

လေးခုမြောက် သာမဂါမသုတ် ပြီး၏။

---

## ၅-သုနက္ခတ္တသုတ်

၅၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော အထွတ်တပ်သော စရပ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ "ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိဟု သိကုန်၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားကုန်၏။ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် "များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိဟု သိကုန်၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသတတ်ဟု ကြားလေ၏။

ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား "များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ 'ပဋိသန္ဓေနေခြင်း ကုန်ပြီ၊ မြတ်သော(မဂ်)အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအကျိုးငှါ တပါးသောပြုဖွယ်ကိစ္စမရှိဟု သိကုန်၏'ဟူ၍" အရဟတ္တဖိုလ်ကို ပြောကြားသတတ် ဟူသော ဤစကားကို အကျွန်ုပ်ကြားပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားအထံတော်၌ "ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိဟု သိကုန်၏"ဟူ၍ ဤသို့ အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန်းတို့သည် အမှန်သာလျှင် အရဟတ္တဖိုလ်ကို ပြောကြားကုန်သလော၊ သို့မဟုတ် ဤအရဟတ္တဖိုလ်ကို ပြောကြားရာ၌ အချို့ကုန်သော ရဟန်းတို့သည် မရပဲ ရ၏ဟု အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်ကို ပြောကြားကုန်သလောဟု(လျှောက်၏)။

၅၆။ သုနက္ခတ္တ ~~ငါဘုရား၏အထံ၌~~ "ပဋိသန္ဓေနေခြင်း ကုန်ပြီ၊ မြတ်သော (မဂ်)အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအကျိုးငှါ တပါးသောပြုဖွယ်ကိစ္စ မရှိဟု သိကုန်၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားကုန်သော ပုဂ္ဂိုလ်တို့တွင် အရဟတ္တဖိုလ်ကို အမှန် ပြောကြားသော အချို့သောရဟန်းတို့လည်း ရှိကုန်၏၊ မရပဲ ရ၏ဟု အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်ကို ပြောကြားသော အချို့သောရဟန်းတို့လည်း ရှိကုန်၏။ ထိုနှစ်မျိုးတို့တွင် သုနက္ခတ္တ ထိုငါ၏

http://www.dhammadownload.com



အထံ၌ "ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိဟု သိပါကုန်၏" ဟူ၍ အမှန်သာလျှင် အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန်းတို့၏ ထိုပြောကြားမှုသည် ထိုပြောတိုင်းသာလျှင် မှန်၏။ အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန်းတို့၌ "ထိုရဟန်းတို့အား တရားဟောအံ့" ဟု ငါ့အား ဤသို့အကြံဖြစ်၏။ သုနက္ခတ္တ ဤသို့ "ထိုရဟန်းတို့အား တရားဟောအံ့" ဟု ငါ့အား ဤသို့အကြံဖြစ်သော်လည်း (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်ကုန်သော အချို့သူတို့သည် အမေးပြဿနာကို စီရင်၍ စီရင်၍ မြတ်စွာဘုရားကို ချဉ်းကပ်ပြီး မေးကုန်၏။ သုနက္ခတ္တ ထိုသူတို့၌ "ထိုရဟန်းတို့အား တရားဟောအံ့" ဟု ငါ့အား ဖြစ်ပေါ်လာသော အကြံ၏လည်း တရားမဟောလိုသော အဖြစ်သည် ဖြစ်လာ၏ဟု (ဤသို့ မိန့်တော်မူ၏)။

ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တရားဟောတော်မူချိန်တန်ပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား တရားဟောတော်မူချိန်တန်ပါပြီ၊ မြတ်စွာဘုရားသည် တရားကို ဟောတော်မူငြားအံ့၊ ရဟန်းတို့သည် မြတ်စွာဘုရားအထံမှ တရားတော်ကို ကြားနာရ၍ ဆောင်ကုန်လတ္တံ့ဟု (လျှောက်၏)။ သုနက္ခတ္တ ထိုသို့ဖြစ်မူ နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု လိစ္ဆဝီမင်းသား သုနက္ခတ္တသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော စကားကို မိန့်တော်မူ၏—

၅၇။ သုနက္ခတ္တ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ် ငါးပါးတို့နည်း ဟူမူ— လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ် သဘောရှိ၍ ကာမ (ရာဂ) နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ် ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသောအဆင်း။ သောတဝိညာဏ်ဖြင့် သိရသော အသံ။ပ။ ဃာနဝိညာဏ်ဖြင့် သိရသော အနံ့။ ဇိဝှါဝိညာဏ်ဖြင့် သိရသော အရသာ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ် သဘောရှိ၍ ကာမ (ရာဂ) နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ် ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့တည်း။ သုနက္ခတ္တ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း။

၅၈။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် လောက အာမိသခေါ်သော ကာမဂုဏ်၌ ညွတ်သောစိတ်ရှိသည် ဖြစ်ရာ၏၊ သုနက္ခတ္တ လောကအာမိသခေါ်သော ကာမဂုဏ်၌ ညွတ်သောစိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုကာမဂုဏ်နှင့်လျော်သော သဘောရှိသော စကားသည်လည်း ကောင်းစွာတည်၏၊ ထိုကာမဂုဏ်နှင့် လျော်သော သဘောရှိသော အကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း ဆည်းကပ်ခစား၏၊ ထိုကာမဂုဏ်နှင့်စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ရောက်၏။ အာနေဉ္ဇသမာပတ်နှင့် စပ်သော စကားကိုလည်း ပြောဆိုသော်ကား မကြားနာ၊ နားမထောင်၊ သိစေခြင်းငှါ စိတ်မစိုက်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း မဆည်းကပ် မခစား၊ ထိုအာနေဉ္ဇသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ မရောက်၊ ဤအကြောင်းသည် ရှိ၏။

သုနက္ခတ္တ ဥပမာအားဖြင့် ယောကျ်ားသည် မိမိရွာမှရင်း နိဂုံးမှရင်း ကာလရှည်ကြာ ခွေကွင်း နေရာ၏၊ ထိုယောကျ်ားသည် ထိုရွာမှရင်း နိဂုံးမှရင်း မကြာမီက ထွက်ခွါလာသော တခြားယောကျ်ားကို တွေ့မြင်ရာ၏၊ ထိုပဌမယောကျ်ားသည် ထိုနောက်လာသော ယောကျ်ားကို

http://www.dhammadownload.com



ထိုရွာ၏ရင်း နိဂုံး၏ရင်း ချမ်းသည်၏ အဖြစ်ကိုရင်း ဝပြောသည်၏ အဖြစ်ကိုရင်း အနာရောဂါ ကင်းသည်၏ အဖြစ်ကိုရင်း မေးမြန်းရာ၏၊ ထိုနောက်လာသော ယောကျ်ားသည် ထိုရွာ၏ရင်း နိဂုံး၏ရင်း ချမ်းသည်၏ အဖြစ်ကိုရင်း ဝပြောသည်၏ အဖြစ်ကိုရင်း အနာရောဂါ ကင်းသည်၏ အဖြစ်ကိုရင်း ထိုပဌမယောကျ်ားအား ပြောပြရာ၏။

သုနက္ခတ္တ ထိုငါဆိုလတ္တံ့သောစကားကို အဘယ်သို့မှတ်ထင်သနည်း၊ ထိုပဌမယောကျ်ားသည် ထိုနောက်လာသော ယောကျ်ား၏ ပြောပြသော စကားကို ကြားနာရာသလော၊ နားထောင်ရာသလော၊ သိစေခြင်းငှါ စိတ်စိုက်ရာသလော၊ ထိုယောကျ်ားကိုလည်း ဆည်းကပ်ရာသလော၊ ထို မိမိရပ်ရွာ နိဂုံးနှင့်စပ်သော စကားဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်၏)။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် လောကအာမိသခေါ်သော ကာမဂုဏ်တို့၌ ညွတ်သော စိတ်ရှိသည်ဖြစ်ရာ၏၊ သုနက္ခတ္တ လောက အာမိသခေါ်သော ကာမဂုဏ်တို့၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုကာမဂုဏ် တို့နှင့် လျော်သော သဘောရှိသော စကားသည်လည်း ရေးရှုတည်၏၊ ထိုကာမဂုဏ်တို့နှင့် လျော် သော သဘောရှိသော အကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သို့ ဆည်းကပ်ခစား၏၊ ထိုကာမဂုဏ်တို့နှင့် စပ်သော စကားဖြင့်လည်း နှစ်သက် ကျေနပ်ခြင်းသို့ ရောက်၏။ အာနေဉ္ဇသမာပတ်နှင့်စပ်သော စကားကို ပြောသော်ကား မကြားနာ၊ နားမထောင်၊ သိခြင်းငှါ စိတ်မစိုက်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သို့ မဆည်းကပ်၊ မခစား၊ ထိုအာနေဉ္ဇသမာ ပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ မရောက်၊ ဤအကြောင်းသည် ရှိ၏။ ထိုပုဂ္ဂိုလ်သတ္တဝါမျိုးကို "အာနေဉ္ဇသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်နှင့် မယှဉ်ပဲ လောက အာမိသခေါ်သော ကာမဂုဏ်တို့၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါမျိုး" ဟူ၍ သိရမည်။

၅၉။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် အာနေဉ္ဇသမာပတ်၌ ညွတ်သော စိတ်ရှိရာ၏၊ သုနက္ခတ္တ အာနေဉ္ဇသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုအာနေဉ္ဇသမာပတ်နှင့် လျော်သော သဘောရှိသော စကားသည်လည်း ကောင်းစွာ တည်၏၊ ထိုအာနေဉ္ဇသမာပတ်နှင့် လျော်သောအကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့သဘော ရှိသော ပုဂ္ဂိုလ်သို့လည်း ဆည်းကပ်ခစား၏၊ ထိုအာနေဉ္ဇသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ ရောက်ရာ၏။ လောကအာမိသခေါ်သော ကာမဂုဏ်နှင့် စပ်သော စကား ကို ပြောသော်ကား မကြားနာ၊ နားမထောင်၊ သိခြင်းငှါ စိတ်မစိုက်၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သို့လည်း မဆည်းကပ်၊ မခစား၊ ထိုကာမဂုဏ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက် ကျေနပ်ခြင်းသို့ မရောက်၊ ဤအကြောင်းသည် ရှိ၏။

သုနက္ခတ္တ ဥပမာအားဖြင့် အညာမှ ကြွေကျသော ဖက်ရွက်ဟောင်းသည် စိမ်းလန်းခြင်းငှါ မထိုက် သကဲ့သို့ ဤဥပမာအတူသာလျှင် သုနက္ခတ္တ အာနေဉ္ဇသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား လောကအာမိသခေါ်သော ကာမဂုဏ်တို့၌ ဖွဲ့တတ်သော သံယောဇဉ်သည် ကင်းကွာ၏၊ ထိုပုဂ္ဂိုလ်မျိုးကို "လောကအာမိသခေါ်သော ကာမဂုဏ်တို့၌ ဖွဲ့တတ်သော သံယောဇဉ် နှင့် မယှဉ်ပဲ အာနေဉ္ဇသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်မျိုး" ဟူ၍ သိရမည်။

http://www.dhammadownload.com



၆၀။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် အာကိဉ္စညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိရာ၏၊ သုနက္ခတ္တ အာကိဉ္စညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုအာကိဉ္စညာယတနသမာပတ်နှင့် လျော်သော သဘောရှိသော စကားသည်လည်း ကောင်းစွာတည်၏၊ ထိုအာကိဉ္စညာယတနသမာပတ်နှင့် လျော်သော သဘောရှိသော အကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း ဆည်းကပ်ခစား၏၊ ထိုအာကိဉ္စညာယတနသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ ရောက်၏။အာနေဉ္ဇသမာပတ်နှင့် စပ်သော စကားကို ပြောသော်ကား မကြားနာ၊ နားမထောင်၊ သိစေခြင်းငှါ စိတ်မဝိုက်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သို့လည်း မဆည်းကပ်၊ မခစား၊ ထို အာနေဉ္ဇသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့မရောက်၊ဤအကြောင်းသည် ရှိ၏။

သုနက္ခတ္တ ဥပမာအားဖြင့် နှစ်ခြမ်းကွဲပြီးသော ကျောက်ဖျာကြီးသည် ထဖန် မစပ်သကဲ့သို့ ဤအတူသာလျှင် သုနက္ခတ္တ အာကိဉ္စညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား အာနေဉ္ဇသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်သည် ကွဲပျက်၏၊ ထိုပုဂ္ဂိုလ်မျိုးကို "အာနေဉ္ဇသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်နှင့် မယှဉ်ပဲ အာကိဉ္စညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်မျိုး"ဟူ၍ သိရမည်။

၆၁။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် နေဝသညာနာသညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိရာ၏၊ သုနက္ခတ္တ နေဝသညာနာသညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုနေဝသညာနာသညာယတနသမာပတ်နှင့် လျော်သော သဘောရှိသော စကားသည်လည်း ကောင်းစွာတည်၏၊ ထိုနေဝသညာ နာသညာယတနသမာပတ်နှင့် လျော်သော သဘောရှိသော အကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သို့လည်း ဆည်းကပ်ခစား၏၊ ထိုနေဝသညာ နာသညာ ယတနသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ ရောက်၏။ အာကိဉ္စညာယတနသမာပတ်နှင့် စပ်သော စကားကို ပြောသော်ကား မကြားနာ၊ နားမထောင်၊ သိစေခြင်းငှါ စိတ်မဝိုက်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သို့လည်း မဆည်းကပ်၊ မခစား၊ ထိုအာကိဉ္စညာယတနသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ မရောက်၊ ဤအကြောင်းသည် ရှိ၏။

သုနက္ခတ္တ ဥပမာအားဖြင့် ယောကျ်ားသည် ကြိုက်နှစ်သက်သော ဘောဇဉ်ကို စားပြီး၍ စွန့်(အန်)ရာ၏၊ သုနက္ခတ္တ ထိုငါဆိုမည့်အရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားအား ထိုစွန့်(အန်)ပြီးသော ဘောဇဉ်၌ ထဖန် စားလိုခြင်းသည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ရာပါဟု (လျှောက်၏)။ အဘယ့်ကြောင့်နည်း၊ ထိုစွန့် (အန်) ပြီးသော ဘောဇဉ်ကို စက်ဆုပ်ဖွယ်ဟု သမုတ်ထားသော ကြောင့်ပါတည်းဟု (လျှောက်၏)။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် နေဝသညာနာသညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား အာကိဉ္စညာယတနသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်သည် စွန့်(အန်)ပြီး ဖြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးကို "အာကိဉ္စညာယတနသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်နှင့် မယှဉ်ပဲ နေဝသညာနာသညာယတနသမာပတ်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်မျိုး" ဟူ၍ သိရမည်။

http://www.dhammadownload.com



၆၂။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိရာ၏၊သုနက္ခတ္တ ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ထိုနိဗ္ဗာန်နှင့် လျော်သော သဘောရှိသော စကားသည်လည်း ကောင်းစွာထည်၏၊ ထိုနိဗ္ဗာန်နှင့် လျော်သော သဘောရှိသော အကြံကိုလည်း ကြံစည်၏၊ စဉ်းစား၏၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း ဆည်းကပ်ခစား၏၊ ထိုနိဗ္ဗာန်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ ရောက်၏။ နေဝသညာနာသညာယတနသမာပတ်နှင့် စပ်သော စကားကို ပြောသော်ကား မကြားနာ၊ နားမထောင်၊ သိစေခြင်းငှါ စိတ်မစိုက်၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သို့လည်း မဆည်းကပ်၊ မခစား၊ ထိုနေဝသညာနာသညာယတနသမာပတ်နှင့် စပ်သော စကားဖြင့်လည်း နှစ်သက်ကျေနပ်ခြင်းသို့ မရောက်၊ ဤအကြောင်းသည် ရှိသည်သာတည်း။

သုနက္ခတ္တ ဥပမာအားဖြင့် လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည် နောင်တဖန် စည်ပင်ပေါက်ရောက်ခြင်းငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် သုနက္ခတ္တ ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်အား နေဝသညာနာသညာယတနသမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်သည် အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ နောက်ထပ် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိချေ။ ထိုပုဂ္ဂိုလ်မျိုးကို "နေဝသညာနာသညာယတန သမာပတ်၌ ဖွဲ့တတ်သော သံယောဇဉ်နှင့် မယှဉ်ပဲ ကောင်းစွာနိဗ္ဗာန်၌ ညွတ်သောစိတ်ရှိသော ပုဂ္ဂိုလ်မျိုး"ဟူ၍ သိရမည်။

၆၃။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သော ရဟန်းအား ဤသို့ အကြံဖြစ်ရာ၏— "တဏှာကို မြားငြောင့်ဟူ၍ မြတ်စွာဘုရား ဟောထား၏၊ အဝိဇ္ဇာတည်းဟူသော အဆိပ် အတောက်သည် ဆန္ဒရာဂဗျာပါဒကြောင့် ဖောက်ပြန်၏၊ ငါသည် ထိုတဏှာတည်းဟူသော မြားငြောင့်ကို ပယ်နုတ်ပြီးပြီ၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကို ပယ်ရှားပြီးပြီ၊ ငါသည် အစစ်အမှန် ချုပ်ငြိမ်းမှု 'နိဗ္ဗာန်'၌ ညွတ်သော စိတ်ရှိ၏"ဟု (အကြံဖြစ်ရာ၏)။ ထိုရဟန်းသည် မမှန်ပဲလျက် ဤသို့ထင်ရာ၏။ ထိုရဟန်းသည် ကောင်းစွာနိဗ္ဗာန်၌ ညွတ်သောစိတ်ရှိသောသူအား မသင့်တော်သော အာရုံတို့ကို အားထုတ်ရာ၏၊ မျက်စိဖြင့် မသင့်တော်သော အဆင်းရူခြင်းကို အားထုတ်ရာ၏၊ နားဖြင့် မသင့်တော်သော အသံကြားခြင်းကို အားထုတ်ရာ၏၊ နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားထုတ်ရာ၏၊လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားထုတ်ရာ၏၊ ကိုယ်ဖြင့်မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားထုတ်ရာ၏၊ စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားထုတ်ရာ၏၊ မျက်စိဖြင့် မသင့်တော်သော အဆင်းရှုခြင်းကို အားထုတ်သော နားဖြင့် မသင့်တော်သော အသံကြားခြင်းကို အားထုတ်သော နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားထုတ်သော လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားထုတ်သော ကိုယ်ဖြင့် မသင့်တော်သော အတွေ့တွေ့ထိခြင်းကို အားထုတ်သော စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားထုတ်သော ထိုရဟန်း၏စိတ်ကို ရာဂသည် ဖျက်ဆီးရာ၏၊ ထိုရဟန်းသည် ရာဂဖျက်ဆီးအပ်သောစိတ်ဖြင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း ရောက်ရာ၏၊ ဤအကြောင်းသည် ရှိသည်သာတည်း။

သုနက္ခတ္တ ဥပမာအားဖြင့် ယောကျာ်းသည် အထပ်ထပ်လိမ်းကျံထားသော ဆိပ်လူးမြား အစူးခံရရာ၏။ ထိုယောကျာ်း၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မြားဆိပ်ကုဆေးဆရာ

http://www.dhammadownload.com



ကို ပင့်ခေါ်လာကုန်ရာ၏၊ ထိုယောကျ်ားအား ထိုမြှားဆိပ်ကု ဆေးဆရာသည် ဓားငယ်ဖြင့် အနာ၀ကို ခွဲစိပ်ရာ၏၊ ဓားငယ်ဖြင့် အနာ၀ကို ခွဲစိပ်၍ ခြောင့်ရှာမှုတံဖြင့် မြှားခြောင့်ကို ရှာရာ၏၊ ခြောင့်ရှာမှုတံဖြင့် မြှားခြောင့်ကို ရှာဖွေ၍ မြှားခြောင့်ကို နုတ်ရာ၏၊ ထုတ်ယူစရာကြွင်းကျန်သောအဆိပ်အတောက်ကို ပယ်ရှားရာ၏၊ထုတ်ယူစရာ အကြွင်းအကျန် မရှိတော့ပြီဟု သိသော ထိုဆေးဆရာသည် ဤသို့ပြောဆိုရာ၏ "အမောင်ယောကျ်ား အသင့်အား မြှားခြောင့်ကို ငါနုတ်ပြီးပြီ၊ ထုတ်ယူစရာ အကြွင်းအကျန် အဆိပ်အတောက်ကို ပယ်ရှားပြီးပြီ၊ သင့်အား အန္တရာယ်ဖြစ်ခြင်းငှါ မစွမ်းနိုင်တော့ပြီ၊ သင့်တော်သည်သာဖြစ်သော ဘောဇဉ်တို့ကို စားလေလော့၊ မသင့်တော်သော ဘောဇဉ်တို့ကို စားသည်ဖြစ်၍ သင်၏အနာကို ပြည်ယိုခြင်း မဖြစ်စေလင့်။ ရံခါရံခါ အနာကို ဖန်ဆေးရာ၏၊ ရံခါရံခါ အနာ၀ကို ဆေးလိမ်းကျံရာ၏၊ ရံခါရံခါ အနာကို ဖန်မဆေးသဖြင့် ရံခါရံခါ အနာ၀ကို ဆေးမလိမ်းကျံသဖြင့် သင်၏အနာ၀ကို ပြည်သွေး မမြေးယှက်စေလင့်။ လေ နေပူ၌ လှည့်လည်ခြင်းကိုလည်း အားမထုတ်လင့်၊ လေ နေပူ၌ လှည့်လည်ခြင်းကို အားထုတ်သည်ဖြစ်၍ သင်၏အနာ၀ကို မြုမှုန့်အမြင် မဖျက်ဆီးစေလင့်။အမောင်ယောကျ်ား အနာကို အစဉ်စောင့်ရှောက်သည်ဖြစ်၍ အနာကို သက်သာစေသည်ဖြစ်၍ နေရာ၏"ဟု (ဆိုရာ၏)။

ထိုယောကျ်ားအား "ငါ့မှာ မြှားခြောင့်ကို နုတ်ပြီးပြီ၊ အဆိပ်အတောက်ကို ထုတ်ယူစရာ အကြွင်းအကျန်မရှိအောင် ပယ်ပြီးပြီ၊ ငါ့အား အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်"ဟု အကြံဖြစ်ရာ၏။ ထိုယောကျ်ားသည် မသင့်တော်သည်သာဖြစ်သော ဘောဇဉ်တို့ကို စားသုံးရာ၏၊ မသင့်တော်သော ဘောဇဉ်တို့ကို စားသုံးသည်ဖြစ်၍ ထိုယောကျ်ား၏အနာသည် ပြည်ယိုစီးရာ၏။ ရံခါရံခါ အနာကို ဖန်မဆေးရာ၊ ရံခါရံခါ အနာ၀ကို ဆေးမလိမ်းကျံရာ၊ ရံခါရံခါ အနာကို ဖန်မဆေးသဖြင့် ရံခါရံခါ အနာ၀ကို ဆေးမလိမ်းကျံသဖြင့် ထိုယောကျ်ား၏အနာ၀ကို သွေးပြည်သည် မြေးယှက်ရာ၏။ လေ နေပူ၌ လှည့်လည်ခြင်းကို အားထုတ်ရာ၏၊ လေ နေပူ၌ လှည့်လည်ခြင်းကို အားထုတ်သည်ဖြစ်၍ ထိုယောကျ်ား၏အနာ၀ကို မြုမှုန့်အမြင်သည် ဖျက်ဆီးရာ၏။ အနာကို အစဉ်မစောင့်ရှောက်သည်ဖြစ်၍ အနာကိုသက်သာရာ မရစေသည်ဖြစ်၍ နေရာ၏။ ထိုယောကျ်ားအား ဤမသင့်တော်သည်ကို ပြုခြင်းကြောင့်လည်း အဆိပ်အတောက်သည် မစင်ကြယ်၊ ထုတ်ယူစရာအကြွင်းအကျန်ရှိရာ၏၊ မသင့်တော်သည်ကိုပြုခြင်း အဆိပ်အတောက် မစင်ကြယ်ပဲ ထုတ်ယူစရာ အကြွင်းအကျန်ရှိနေခြင်းဟူသော ထိုအကြောင်းနှစ်ပါးကြောင့် အနာသည် ကြီးကျယ်ခြင်းသို့ ရောက်ရာ၏၊ ထိုယောကျ်ားသည် အနာကြီးကျယ်ခြင်းသို့ရောက်သဖြင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း ရောက်ရာ၏။

သုနက္ခတ္တ ဤဥပမာအဘ္ဘာသာလျှင် ဤသာသနာတော်၌ အချို့သောရဟန်းအား ဤသို့ အကြံဖြစ်ရာ၏ "တဏှာကို မြှားခြောင့်ဟူ၍ မြတ်စွာဘုရား ဟောထား၏၊ ထိုအဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်သည် ဆန္ဒရာဂဗျာပါဒကြောင့် ဖောက်ပြန်၏၊ ငါသည် ထိုတဏှာဟူသော မြှားခြောင့်ကို ပယ်နုတ်ပြီးပြီ၊ အဝိဇ္ဇာဟူသော အဆိပ်အတောက်ကို ပယ်ရှားပြီးပြီ၊ ငါသည် ကောင်းစွာနိဗ္ဗာန်၌ ညွတ်သောစိတ်ရှိပြီ"ဟု (အကြံဖြစ်ရာ၏)။ ရဟန်းသည် မမှန်ပဲလျက် ဤသို့ ထင်ရာ၏။ ကောင်းစွာနိဗ္ဗာန်၌ ညွတ်သောစိတ်ရှိသောသူအား မသင့်တော်သော အာရုံတို့ကို အားထုတ်ရာ၏၊ မျက်စိဖြင့် မသင့်တော်သော အဆင်းရူခြင်းကို အားထုတ်ရာ၏၊ နားဖြင့် မသင့်တော်သော အသံနားထောင်ခြင်းကို အားထုတ်ရာ၏၊ နှာခေါင်းဖြင့် မသင့်တော်သော အနံ့

http://www.dhammadownload.com



နမ်းခြင်းကို အားထုတ်ရာ၏၊ လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားထုတ်ရာ၏၊ ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားထုတ်ရာ၏၊ စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားထုတ်ရာ၏။ မျက်စိဖြင့် မသင့်တော်သော အဆင်းရှုခြင်းကို အားထုတ်သော, နားဖြင့် မသင့်တော်သော အသံနားထောင်ခြင်းကို အားထုတ်သော, နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားထုတ်သော, လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားထုတ်သော, ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားထုတ်သော, စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားထုတ်သော ထိုပုဂ္ဂိုလ်၏စိတ်ကို ရာဂသည် ဖျက်ဆီးရာ၏၊ ထိုရဟန်းသည် ရာဂဖျက်ဆီးခံရသော စိတ်ဖြင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း ရောက်ရာ၏။ သုနက္ခတ္တ မြတ်စွာဘုရား၏ သာသနာတော်၌ သိက္ခာချ၍ လူထွက်ခြင်းသည် သေခြင်းမည်၏၊ သုနက္ခတ္တ ညစ်ညူးမှုသော ဂရုကအာပတ်တခုခုသို့ ရောက်ခြင်းသည် သေလောက်နီးပါးဖြစ်သော ဆင်းရဲမည်၏၊ ဤအကြောင်းသည် ရှိ၏။

၆၄။ သုနက္ခတ္တ ဤသာသနာတော်၌ အချို့သောရဟန်းအား ဤသို့ အကြံဖြစ်ရာ၏“တဏှာကို မြှားငြောင့်ဟူ၍ မြတ်စွာဘုရား ဟောထား၏၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်သည် ဆန္ဒရာဂဗျာပါဒကြောင့် ဖောက်ပြန်၏၊ငါသည် ထိုတဏှာတည်းဟူသော မြှားငြောင့်ကို ပယ်နုတ်ပြီးပြီ၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကို ပယ်ရှားပြီးပြီ၊ ငါသည် စင်စစ် ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိ၏”ဟု (အကြံဖြစ်ရာ၏)။ ထိုရဟန်းသည် ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိသောပုဂ္ဂိုလ်အား မသင့်တော်သော အာရုံတို့ကို အားမထုတ်ရာ၊ မျက်စိဖြင့် မသင့်တော်သော အဆင်းရှုခြင်းကို အားမထုတ်ရာ၊ နားဖြင့် မသင့်တော်သောအသံ နားထောင်ခြင်းကို အားမထုတ်ရာ၊ နှာခေါင်းဖြင့် မသင့်တော်သောအနံ့ နမ်းခြင်းကို အားမထုတ်ရာ၊ လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားမထုတ်ရာ၊ ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားမထုတ်ရာ၊ စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားမထုတ်ရာ။ မျက်စိဖြင့် မသင့်တော်သော အဆင်းရှုခြင်းကို အားမထုတ်သော, နားဖြင့် မသင့်တော်သော အသံနားထောင်ခြင်းကို အားမထုတ်သော,နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားမထုတ်သော, လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားမထုတ်သော,ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားမထုတ်သော, စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားမထုတ်သော ထိုပုဂ္ဂိုလ်၏စိတ်ကို ရာဂသည် မဖျက်ဆီးရာ၊ ထိုပုဂ္ဂိုလ်သည် ရာဂမဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း မရောက်ရာ၊ ဤအကြောင်းသည် ရှိသည်သာတည်း။

သုနက္ခတ္တ ဥပမာအားဖြင့် ယောကျ်ားသည် အထပ်ထပ်လိမ်းကျံထားသော ဆိပ်လူးမြှား အစူးခံရရာ၏၊ထိုယောကျ်ား၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မြှားဆိပ်ကုဆေးဆရာကို ပင့်ခေါ် လာကုန်ရာ၏၊ထိုမြှားဆိပ်ကုဆေးဆရာသည် ထိုယောကျ်ားအား ဓားငယ်ဖြင့် အနာဝကို ခွဲစိတ်ရာ၏၊ဓားငယ်ဖြင့် အနာဝကို ခွဲစိတ်ပြီး၍ ငြောင့်ရှာမှုတံဖြင့် မြှားငြောင့်ကို ရှာရာ၏၊ငြောင့်ရှာမှုတံဖြင့် မြှားငြောင့်ကိုရှာ၍ မြှားငြောင့်ကို နုတ်ရာ၏၊ အဆိပ်အတောက်ကို ထုတ်ယူစရာ အကြွင်းအကျန်မရှိအောင် ပယ်ရှားရာ၏၊ ထုတ်ယူစရာ အကြွင်းအကျန်မရှိတော့ပြီဟု သိသော ထိုဆေးဆရာသည် ဤသို့ ဆိုရာ၏—“အမောင်ယောကျ်ား သင်၏မြှားငြောင့်ကို ငါနုတ်ပြီးပြီ၊ အဆိပ်အတောက်ကို ထုတ်ယူစရာ အကြွင်းအကျန် မရှိအောင် ပယ်ရှားပြီးပြီ၊ အသင့်အား

http://www.dhammadownload.com



အန္တရာယ်ဖြစ်ခြင်းငှါ မစွမ်းနိုင်တော့ပြီ၊ သင့်တော်သည်သာဖြစ်သော ဘောဇဉ်တို့ကို စားရာ၏၊ မသင့်တော်သော ဘောဇဉ်တို့ကို စားသည်ဖြစ်၍ သင်၏အနာကို ပြည်ယိုစီးခြင်း မဖြစ်စေလင့်။ ရံခါရံခါ အနာကို ဖန်ဆေးရာ၏၊ ရံခါရံခါ အနာဝကို ဆေးလိမ်းရာ၏၊ ရံခါရံခါ အနာကို ဖန်မဆေးသဖြင့် ရံခါရံခါ အနာဝကို ဆေးမလိမ်းကျံသဖြင့် သင်၏အနာဝကို သွေးပြည် မမြေးယှက်စေလင့်။ လေ နေပူ၌ လှည့်လည်ခြင်းကိုလည်း အားမထုတ်လင့်၊ လေ နေပူ၌ လှည့်လည်ခြင်းကို အားထုတ်သည်ဖြစ်၍ သင်၏အနာဝကို မြူမှုန့်အမြင် မဖျက်ဆီးစေလင့်။အမောင်ယောကျ်ား အနာကို အစဉ်စောင့်ရှောက်သည်ဖြစ်၍ အနာကို သက်သာစေသည်ဖြစ်၍ နေရာ၏”ဟု (ဆိုရာ၏)။

ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏—“ငါ့မှာ မြားငြောင့်ကို နုတ်ပြီးပြီ၊ အဆိပ်အတောက်ကို ထုတ်ယူစရာ အကြွင်းအကျန်မရှိအောင် ပယ်ရှားပြီးပြီ၊ ငါ့အား အန္တရာယ်ဖြစ်စေခြင်းငှါ မစွမ်းနိုင်တော့ပြီ”ဟု(အကြံဖြစ်ရာ၏)။ ထိုယောကျ်ားသည် သင့်တော်သည်သာဖြစ်သော ဘောဇဉ်တို့ကို သုံးဆောင်ရာ၏၊ သင့်တော်သော ဘောဇဉ်တို့ကို သုံးဆောင်သည် ဖြစ်၍ ထိုယောကျ်ား၏အနာသည် ပြည်မယိုစီးရာ၊ ရံခါရံခါ အနာကို ဖန်ဆေးရာ၏၊ ရံခါရံခါ အနာဝကို ဆေးလိမ်းရာ၏၊ ရံခါရံခါ အနာကို ဖန်ဆေးသည်ဖြစ်၍ ရံခါရံခါ အနာဝကို ဆေးလိမ်းကျံသည်ဖြစ်၍ ထိုယောကျ်ား၏အနာဝကို ပြည်သွေး မမြေးယှက်ရာ။လေ နေပူ၌ လှည့်လည်ခြင်းကိုလည်း အားမထုတ်ရာ၊ လေ နေပူ၌ လှည့်လည်ခြင်းကို အားမထုတ်သဖြင့် ထိုယောကျ်ား၏အနာဝကို မြူမှုန့်အမြင်သည် မဖျက်ဆီးရာ။ အနာကို စောင့်ရှောက်ခြင်းရှိသည်ဖြစ်၍ အနာကို သက်သာစေသည်ဖြစ်၍ နေရာ၏။ ထိုယောကျ်ားသည် ဤသင့်တော်သောအမှုကို ပြုခြင်းဖြင့်လည်း မစင်ကြယ်သော အဆိပ်အတောက်ကို အကြွင်းအကျန်မရှိအောင် ပယ်ရှားပြီးပြီ၊ သင့်တော်သောအမှုကို ပြုလုပ်ခြင်း မစင်ကြယ်သော အဆိပ်အတောက်ကို အကြွင်းအကျန်မရှိအောင် ပယ်ရှားခြင်း ထိုအကြောင်းနှစ်ပါးစုံဖြင့် အနာသည် အသားနုတက်၍ ရင့်ကျက်ရာ၏၊ ထိုယောကျ်ားသည် အနာအသားနုတက်၍ အသားအရေ ကောင်းလာပြီဖြစ်သဖြင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း မရောက်ရာ။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် ဤသာဓကတော်၌ အချို့သောရဟန်းအား ဤသို့ အကြံဖြစ်ရာ၏—“တဏှာကို မြားငြောင့်ဟူ၍ မြတ်စွာဘုရား ဟောထား၏၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်သည် ဆန္ဒရာဂဗျာပါဒကြောင့် ဖောက်ပြန်၏၊ ငါသည် ထိုတဏှာတည်းဟူသော မြားငြောင့်ကို ပယ်နုတ်ပြီးပြီ၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကို ပယ်ရှားပြီးပြီ၊ ငါသည် ကောင်းစွာ နိဗ္ဗာန်၌ ညွတ်သောစိတ်ရှိ၏”ဟု (အကြံဖြစ်ရာ၏)။ ထိုရဟန်းသည် ကောင်းစွာ နိဗ္ဗာန်၌ညွတ်သော စိတ်ရှိသောပုဂ္ဂိုလ်အား မသင့်တော်သော အာရုံတို့ကို အားမထုတ်ရာ၊ မျက်စိဖြင့် မသင့်တော်သော အဆင်းရူခြင်းကို အားမထုတ်ရာ၊ နားဖြင့် မသင့်တော်သော အသံကြားခြင်းကို အားမထုတ်ရာ၊ နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားမထုတ်ရာ၊ လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားမထုတ်ရာ၊ ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားမထုတ်ရာ၊ စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံသိခြင်းကို အားမထုတ်ရာ။ မျက်စိဖြင့် မသင့်တော်သော အဆင်းရူခြင်းကို အားမထုတ်သော, နားဖြင့် မသင့်တော်သောအသံကြားခြင်းကို အားမထုတ်သော, နှာခေါင်းဖြင့် မသင့်တော်သော အနံ့နမ်းခြင်းကို အားမထုတ်သော, လျှာဖြင့် မသင့်တော်သော အရသာလျက်ခြင်းကို အားမထုတ်သော,ကိုယ်ဖြင့် မသင့်တော်သော အတွေ့ တွေ့ထိခြင်းကို အားမထုတ်သော, စိတ်ဖြင့် မသင့်တော်သော ဓမ္မာရုံ

http://www.dhammadownload.com



သိခြင်းကို အားမထုတ်သော ထိုပုဂ္ဂိုလ်၏စိတ်ကို ရာဂသည် မဖျက်ဆီးရာ၊ ထိုပုဂ္ဂိုလ်သည် ရာဂ မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သေခြင်းသို့သော်၎င်း သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း မရောက်နိုင်ရာ၊ ဤအကြောင်းသည် ရှိသည်သာတည်း။

၆၅။ သုနက္ခတ္တ အနက်အဓိပ္ပါယ်ကို သိစေခြင်းငှါ ဤဆိုခဲ့ပြီးသောဥပမာကို ငါပြုအပ်ပြီ၊ ဤဆိုခဲ့ပြီးသော ဥပမာစကား၌ ဤဆိုလတ္တံ့သည်ကား အနက်အဓိပ္ပါယ်ပေတည်း။ သုနက္ခတ္တ အနာဟူသော ဤအမည်သည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့၏ အမည်ပေတည်း။ သုနက္ခတ္တ အဆိပ်အတောက်ဟူသော ဤအမည်သည် အဝိဇ္ဇာ၏ အမည်ပေတည်း။ သုနက္ခတ္တ မြား ငြောင့်ဟူသော ဤအမည်သည် တဏှာ၏ အမည်ပေတည်း။ သုနက္ခတ္တ ငြောင့်၌ မွှေတံဟူသော ဤအမည်သည် သတိ၏ အမည်ပေတည်း။ သုနက္ခတ္တ ဓားငယ်ဟူသော ဤအမည်သည် ဖြူစင်သော ဝိပဿနာပညာ၏ အမည်ပေတည်း။ သုနက္ခတ္တ မြားဆိပ်ကု ဆေးဆရာဟူသော ဤအမည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်ဘိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ အမည်ပေတည်း။

သုနက္ခတ္တ စင်စစ် ထိုရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်းတည်း"ဟု ဤသို့ သိ၍ ကိလေသာဟူသော ဥပဓိမှ ကင်း၏၊ ကိလေသာဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ လွတ်လွတ် ဝင်၏၊ ကာမဂုဏ်ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ်သော စိတ်ကိုလည်း ဖြစ်စေလတ္တံ့ဟူသော အကြောင်းသည် မရှိ။

သုနက္ခတ္တ ဥပမာအားဖြင့် အဆင်းနှင့် ပြည့်စုံသော အနံ့နှင့် ပြည့်စုံသော အရသာနှင့် ပြည့်စုံသော စိမ်ရေခွက်သည် ရှိရာ၏၊ ထိုခွက်ကိုလည်း အဆိပ်နှင့် ရောထား၏။ ထို့နောက် အသက် ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာ ရာ၏။ သုနက္ခတ္တ ထိုငါဆိုမည့်အရာကို အဘယ်သို့ မှတ်ထင်သနည်း— "ငါသည် ဤစိမ်ရေခွက်ကို သောက်သည်ရှိသော် သေခြင်းသို့သော်၎င်း သေလုနီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း ရောက် ရာ၏"ဟု သိငြားအံ့၊ ထိုယောကျ်ားသည် ထိုစိမ်ရေခွက်ကို သောက်ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသောက်ရာပါဟု (လျှောက်၏)။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် စင်စစ် ထိုရဟန်းသည် ခြောက်ပါးသော ဖဿာယတန တို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်း တည်း"ဟု သိ၍ ကိလေသာဟူသော ဥပဓိမှကင်း၏၊ ကိလေသာဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ လွတ်လွတ်ဝင်၏၊ ကာမဂုဏ်ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ် သော စိတ်ကိုလည်း ဖြစ်စေလတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။

သုနက္ခတ္တ ဥပမာအားဖြင့် လျင်သော ကြမ်းသော အဆိပ်ရှိသော မြွေသည် ရှိရာ၏၊ အသက် ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏။ သုနက္ခတ္တ ထိုငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း—"ဤမြွေသည် ငါ့ကို ကိုက်သော် သေခြင်းသို့သော်၎င်း သေလုနီးပါးဖြစ်သော ဆင်းရဲသို့သော်၎င်း ရောက်ရာ၏" ဟု သိငြားအံ့၊ ထိုယောကျ်ားသည် ကြမ်းသော အဆိပ်ရှိသော မြွေအား လက်ဖြင့်သော်၎င်း

http://www.dhammadownload.com



ခြေမဖြင့်သော်ငြား တို့ဝံ့ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတို့ဝံ့ရာပါဟု (လျှောက်၏)။

သုနက္ခတ္တ ဤဥပမာအတူသာလျှင် စင်စစ် ထိုရဟန်းသည် ဖဿာယတနခြောက်ပါးတို့၌ စောင့်စည်းခြင်းကို ပြုလေ့ရှိသည်ဖြစ်၍ "ကိလေသာဟူသော ဥပဓိသည် ဆင်းရဲ၏ အကြောင်းတည်း"ဟု သိ၍ ကိလေသာဟူသော ဥပဓိမှ ကင်း၏၊ ကိလေသာဟူသော ဥပဓိ၏ ကင်းရာ နိဗ္ဗာန်၌ လွတ်လွတ်ဝင်၏၊ ကာမဂုဏ်ဟူသော ဥပဓိ၌ ကိုယ်ကိုလည်း ငြိကပ်အောင် ဆောင်လတ္တံ့၊ ငြိကပ်သော စိတ်ကိုလည်း ဖြစ်စေလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဟောတော်မူ၏။

လိစ္ဆဝီမင်းသားဖြစ်သော သုနက္ခတ္တသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက် ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

ငါးခုမြောက် သုနက္ခတ္တသုတ် ပြီး၏။

---

## ၆-အာနေဉ္ဇသပ္ပါယသုတ်

၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော ကုရုတိုင်းသားတို့၏ နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား"ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ကာမဂုဏ်တို့သည် မမြဲကုန်၊ အချည်းနှီးဖြစ်ကုန်၏၊ ချွတ်ယွင်းစေတတ်ကုန်၏၊ ပျောက်လွယ်သော သဘောရှိကုန်၏။ ရဟန်းတို့ ထိုကာမဂုဏ်သည် မျက်လှည့်သမား ပြုထားသော အရာကဲ့သို့ ဖြစ်၏၊ လူမိုက်တို့ကို ပြားယောင်းတတ်၏၊ မျက်မှောက်ဖြစ်သော ကာမဂုဏ်ဖြစ်စေ, မျက်ကွယ်ဖြစ်သော ကာမဂုဏ်ဖြစ်စေ, မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ်အသားဖြစ်စေ, မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားဖြစ်စေ ဤနှစ်ပါးစုံသည် မာရ်၏ (အာဏာ) တည်ရာ မာရ်၏ နေရာ မာရ်၏ ပျိုးခင်း မာရ်၏ ကျက်စားရာဖြစ်၏။ ဤကာမဂုဏ်တို့၌ ယုတ်ညံ့သော အကုသိုလ်ဖြစ်သော စိတ်၌မှီ၍ဖြစ်သော ထိုရွေးရှူကြံစည်မှု 'အဘိဇ္ဈာ'သော်ငြား ပျက်စီးစေလိုမှု 'ဗျာပါဒ'သော်ငြား သာလွန်အောင် အားထုတ်မှု 'သာရမ္ဘ'သော်ငြား ဖြစ်ကုန်၏၊ ထိုသုံးပါးသော တရားတို့သည် ဤသာသနာတော်၌ ကျင့်နေသော မြတ်စွာဘုရား၏ တပည့်သားအား အန္တရာယ် ပြုခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ ထိုကာမဂုဏ်တို့၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏— "မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်ငြား မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်ငြား မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြား မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြား ဤကာမဂုဏ်နှင့် ကာမဂုဏ်အမှတ်အသားနှစ်ပါးသည် မာရ်၏(အာဏာ) တည်ရာဖြစ်၏၊ မာရ်၏ နေရာဖြစ်၏၊ မာရ်၏ ပျိုးခင်းဖြစ်၏၊ မာရ်၏ ကျက်စားရာဖြစ်၏။

http://www.dhammadownload.com



ဤကာမဂုဏ်တို့၌ ယုတ်ညံ့သော အကုသိုလ်ဖြစ်သော စိတ်၌ မှီ၍ဖြစ်သော ထိုရွေးရှုကြံစည်မှု 'အဘိဇ္ဈာ'သော်ငြားလည်း ပျက်စီးစေလိုမှု 'ဗျာပါဒ'သော်ငြားလည်း သာလွန်အောင် အားထုတ်မှု 'သာရမ္ဘ'သော်ငြားလည်း ဖြစ်ကုန်၏၊ ထိုသုံးပါးသော တရားတို့သည် ဤသာသနာတော်၌ ကျင့်နေသော မြတ်စွာဘုရား၏ တပည့်သားအား အန္တရာယ်ပြုခြင်းငှါ ဖြစ်ကုန်၏။

ငါသည် ကာမလောကကို လွှမ်းမိုး၍ (ချွန်လျှင် အာရုံရှိသော) စိတ်ဖြင့် ဆောက်တည်၍ ပြန့်ပြောသော မြတ်သည်၏ အဖြစ်သို့ ရောက်သော (ချွန်လျှင် အာရုံရှိသော) စိတ်ဖြင့် နေရမူ ကောင်းလေစွ၊ ကာမလောကကို လွှမ်းမိုး၍ ချွန်စိတ်ဖြင့် ဆောက်တည်၍ ပြန့်ပြောသော မြတ်သည်၏ အဖြစ်သို့ ရောက်သော ချွန်စိတ်ဖြင့်နေသော ငါ့အား ယုတ်မာကုန်သော အကုသိုလ်ဖြစ်ကုန်သော စိတ်၌ မှီ၍ဖြစ်ကုန်သော ရွေးရှုကြံစည်မှု 'အဘိဇ္ဈာ'သော်ငြားလည်း ပျက်စီးစေလိုမှု 'ဗျာပါဒ'သော်ငြားလည်း သာလွန်အောင် အားထုတ်မှု 'သာရမ္ဘ'သော်ငြားလည်း မဖြစ်ကုန်လတ္တံ့၊ ထိုတရားတို့ကို ပယ်ထားခြင်းကြောင့် ငါ့အား အောက်တန်းမကျသော 'မသေးနုတ်သော' မနှိုင်းယှဉ်အပ်သော ကောင်းစွာပွါးအပ်သော (လောကုတ္တရာ)စိတ်သည် ဖြစ်လတ္တံ့" ဟု (ဆင်ခြင်၏)။ ဤသို့ကျင့်သော် ထိုအကျင့်ဖြင့် များစွာနေလေ့ရှိသော ထိုပုဂ္ဂိုလ်၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော် ယခုဘဝမှာပင်သော်လည်း စတုတ္ထချွန်တည်းဟူသော အာနေဉ္ဇသမာပတ်ကိုမူလည်း ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း သက်ဝင်နိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌သော်လည်း ထိုပုဂ္ဂိုလ်ကိုဖြစ်စေတတ်သော ဝိပါက်ဝိညာဏ်သည် (မိမိရရှိထားသော ချွန်နှင့်တူစွာ) မတုန်လှုပ်သည်၏အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို ရှေးဦးစွာသော အာနေဉ္ဇသမာပတ်နှင့် လျော်သော အကျင့်ဟူ၍ဆိုအပ်၏။

၆၇။ ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ဆင်ခြင်၏— "မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်ငြားလည်း မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြားလည်း မဟာဘုတ်လေးပါး ယင်းမဟာဘုတ်လေးပါးတို့ကိုမှီ၍ ဖြစ်သော ဥပါဒါရုပ်" ဟူသော အလုံးစုံသောရုပ်သည် ရှိ၏။ ဤအလုံးစုံသည် မမြဲဟူ၍ (ဆင်ခြင်၏)။ ဤသို့ကျင့်၍ ထိုအကျင့်ကို များစွာလေ့လာလျက် နေလေ့ရှိသော ထိုအရိယာသာဝက၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော် ယခုဘဝမှာသော်လည်း အာကာသာနဉ္စာယတနချွန်တည်းဟူသော အာနေဉ္ဇသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း သက်ဝင်နိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌သော်လည်း ထိုပုဂ္ဂိုလ်ကို ဖြစ်စေတတ်သော ဝိပါက် ဝိညာဏ်သည် မိမိရရှိထားသော ချွန်နှင့်တူစွာ မတုန်လှုပ်သည်၏အဖြစ်သို့ ရောက်ရသောအကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို နှစ်ခုမြောက်သော အာနေဉ္ဇသမာပတ်နှင့်လျော်သော အကျင့်ဟူ၍ ဆိုရ၏။

ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ဆင်ခြင်၏—"မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်ငြားလည်း မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်ငြားလည်း မျက်မှောက်ဖြစ်သော ရုပ်တို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ရုပ်တို့သည်ငြားလည်း မျက်မှောက်ဖြစ်သော ရုပ်အမှတ်အသားတို့သည်ငြားလည်း မျက်ကွယ်ဖြစ်သော ရုပ်အမှတ်အသားတို့သည်ငြားလည်း ရှိကုန်၏။ ဤနှစ်ပါးစုံသည် မမြဲ၊ မမြဲသောတရားကို နှစ်သက်ခြင်းငှါ မသင့်၊ တမ်းတ

http://www.dhammadownload.com



ခြင်းငှါ မသင့်၊ စွဲလမ်းခြင်းငှါ မသင့်”ဟု (ဆင်ခြင်၏)။ ဤသို့ကျင့်၍ ထိုအကျင့်ကို များစွာ လေ့လာလျက် နေလေ့ရှိသော ထိုအရိယသာဝက၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော် ယခုဘဝမှာပင်သော်လည်း ဝိညာဏဉ္စာယတနစျာန်တည်း ဟူသော အာနေဥ္စသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း သက်ဝင်နိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌သော်လည်း ထိုပုဂ္ဂိုလ်ကို ဖြစ်စေတတ်သော ဝိပါက်ဝိညာဏ်သည် မိမိရရှိ ထားသော စျာန်နှင့်တူစွာ မတုန်လှုပ်သည်၏အဖြစ်သို့ ရောက်ရသောအကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို သုံးခုမြောက်သော အာနေဥ္စသမာပတ်နှင့်လျော်သော အကျင့်ဟူ၍ ဆိုရ၏။

၆၈။ ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ဆင်ခြင်၏— “မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်မှောက်ဖြစ်သော ကာမဂုဏ် အမှတ်အသားတို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ် အမှတ်အသားတို့သည်၎င်း မျက်မှောက်ဖြစ်သော ရုပ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ရုပ်တို့ သည်၎င်း, မျက်မှောက်ဖြစ်သော ရုပ်အမှတ်အသားတို့သည်၎င်း, မျက်ကွယ်ဖြစ်သော ရုပ်အမှတ် အသားတို့သည်၎င်း အာနေဥ္စသညာတို့သည်၎င်း ဤအလုံးစုံသော သညာတို့သည် ရှိကုန်၏။ ဤအလုံးစုံသော သညာများ၏အကြွင်းမဲ့ချုပ်ရာ အာကိဉ္စညာယတနစျာန်သည် ငြိမ်သက်မွန်မြတ် ၏”ဟု (ဆင်ခြင်၏)။ ဤသို့ကျင့်၍ ထိုအကျင့်ကို များစွာလေ့လာလျက်နေလေ့ရှိသော် ထိုအရိယ သာဝက၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော် ယခုဘဝ၌မှာပင် သော်လည်း အာကိဉ္စညာယတနသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း သက်ဝင်နိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌သော်လည်း ထိုပုဂ္ဂိုလ်ကို ဖြစ်စေတတ်သော ဝိပါက် ဝိညာဏ်သည် မိမိရရှိထားသောစျာန်နှင့်တူစွာ ဘာမျှမရှိဟူသော အာရုံရှိသည်၏အဖြစ်သို့ ရောက် ရသောအကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို ရှေးဦးစွာသော အာကိဉ္စညာယတနသမာ ပတ်နှင့်လျော်သော အကျင့်ဟူ၍ ဆိုရ၏။

၆၉။ ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည် တောသို့ကပ်၍ဖြစ်စေ သစ်ပင် ရင်းသို့ကပ်၍ဖြစ်စေ ဆိတ်ငြိမ်ရာကျောင်းသို့ကပ်၍ဖြစ်စေ ဤသို့ဆင်ခြင်၏—“ဤအာကိဉ္စညာယ တနသမာပတ်သည် ငါ‘အတ္တ’မှ၎င်း ငါ့ဥစ္စာဟူသော ‘အတ္တနိယ’ မှ၎င်း ကင်းဆိတ်၏” ဟု (ဆင်ခြင်၏)။ ဤသို့ကျင့်သော် ထိုသူ၏အကျင့်ဖြင့် များစွာနေလေ့ရှိသော် ထိုအရိယသာဝက၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော် ယခုဘဝမှာပင်သော်လည်း အာကိဉ္စညာယတနသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း သက်ဝင်နိုင်၏၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှနောက်၌ ထိုပုဂ္ဂိုလ်ကိုဖြစ်စေတတ်သော ဝိပါက်ဝိညာဏ်သည် (မိမိရရှိထား သောစျာန်နှင့်တူစွာ)ဘာမျှမရှိဟူသော အာရုံရှိသည်၏အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို နှစ်ခုမြောက်သော အာကိဉ္စညာယတနသမာပတ်နှင့် လျော်သော အကျင့်ဟူ၍ ဆိုရ၏။

၇၀။ ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည်“အဘယ်မှာမျှ ငါ‘အတ္တ’ဟူ၍ မရှိ၊ တစုံတယောက်သော သူ၏မျှ ကြောင့်ကြဖွယ် ငါ‘အတ္တ’ အဖြစ်သည် မရှိ၊ အဘယ်မှာမျှ သူတပါး ငါ‘အတ္တ’ဟူ၍မရှိ၊ အဘယ်မှာမျှ သူ့တပါး ငါ‘အတ္တ’၏ ကြောင့်ကြဖွယ် အဖြစ်သည်

http://www.dhammadownload.com



မရှိ"ဟု (ဆင်ခြင်၏)[၁]။ ဤသို့ကျင့်၍ ထိုအကျင့်ကို များစွာလေ့လာလျက် နေလေ့ရှိသော ထိုအရိယသာဝက၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်အည်ရှိသော ယခုဘဝမှာပင်သော်လည်း အာကိဉ္စညာယတနသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း ထိုးထွင်း၍ သိနိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌သော်လည်း ထိုပုဂ္ဂိုလ်ကို ဖြစ်စေတတ်သော ဝိပါက် ဝိညာဏ်သည် မိမိရရှိထားသော ရှာန်နှင့်တူစွာ ဘာမျှမရှိဟူသော အာရုံရှိသည်၏အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို သုံးခုမြောက်သော အာကိဉ္စညာယတနသမာပတ်နှင့်လျော်သော အကျင့်ဟူ၍ ဆိုရ၏။

ရဟန်းတို့ တဖန်လည်း မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ဆင်ခြင်၏—"မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ် အသားတို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်၎င်း မျက်မှောက်ဖြစ်သော ရုပ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ရုပ်တို့သည်၎င်း မျက်မှောက်ဖြစ်သော ရုပ်အမှတ်အသားတို့သည်၎င်း မျက်ကွယ်ဖြစ်သော ရုပ်အမှတ်အသားတို့သည်၎င်း အာနေဉ္ဇသညာတို့သည်၎င်း အာကိဉ္စညာယတနသညာတို့သည်၎င်း ရှိကုန်၏၊ ဤအလုံးစုံသော သညာများ၏ အကြွင်းမဲ့ ချုပ်ရာ နေဝသညာနာသညာယတနရှာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏"ဟု (ဆင်ခြင်၏)။ ဤသို့ ကျင့်၍ ထိုအကျင့်ကို များစွာ လေ့လာလျက် နေလေ့ရှိသော ထိုအရိယသာဝက၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကြည်လင်၏၊ စိတ်ကြည်လင်သည်ရှိသော ယခုဘဝမှာပင်သော်လည်း နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားနိုင်၏၊ ပညာဖြင့်သော်လည်း ထိုးထွင်း၍ သိနိုင်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ထိုပုဂ္ဂိုလ်ကို ဖြစ်စေတတ်သော ဝိပါက်ဝိညာဏ်သည် မိမိရရှိထားသော ရှာန်နှင့်တူစွာ သညာရှိသည်လည်း မဟုတ် မရှိသည်လည်းမဟုတ်ဟူသော အာရုံရှိသည်၏ အဖြစ်သို့ ရောက်ရသောအကြောင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို နေဝသညာနာသညာယတနသမာပတ်အားလျော်သော အကျင့်ဟူ၍ ဆိုရ၏ဟု (မိန့်တော်မူ၏)။

၇၁။ ဤသို့ ဟောတော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် ဤသို့ကျင့်၏ 'အကယ်၍ ပြုလုပ်ခဲ့သော ကံဟူ၍ မရှိငြားအံ့၊ ငါ့မှာ(အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍) မရှိရာ၊ ယခုဘဝ ကံဟူ၍ မရှိလျှင် ငါ့မှာ(အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍) မဖြစ်လတ္တံ့၊ ထင်ရှားရှိသော ဖြစ်ပေါ်နေသော ခန္ဓာပဉ္စကကို ပယ်စွန့်၏'ဟု လျစ်လျူရှုမှုကို ရ၏။ အသျှင်ဘုရား ထိုရဟန်းသည် ပရိနိဗ္ဗာန် စံရာသလော၊ ပရိနိဗ္ဗာန် မစံရာသလော" ဟု (လျှောက်၏)။ အာနန္ဒာ ဤသို့ဖြစ်ရာ၌ အချို့သော ရဟန်းသည် ပရိနိဗ္ဗာန်ပြုရာ၏၊ ဤသို့ဖြစ်ရာ၌ အချို့သောရဟန်းသည် ပရိနိဗ္ဗာန် မပြုရာဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤသို့ ဖြစ်ရာ၌ အချို့သော ရဟန်းသည် ပရိနိဗ္ဗာန်ပြု၍ အချို့သောရဟန်းသည် ပရိနိဗ္ဗာန် မပြုရသော အကြောင်းအထောက်အထားကား အဘယ်ပါနည်းဟု (လျှောက်၏)။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ကျင့်၏ "အကယ်၍ ပြုလုပ်ခဲ့သောကံဟူ၍ မရှိငြားအံ့၊ ငါ့မှာ (အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍)မရှိရာ၊ ယခုဘဝကံဟူ၍ မရှိလျှင် ငါ့မှာ

၁-မိမိအတ္တ အတ္တနိယ မရှိကြောင်း အတ္တနိယ မရှိ [illegible] နေဖြင့် ကြောင်းကြံစိုက်မှုအဖြစ်လည်း မရှိကြောင်းကို ပြလိုရင်းဖြစ်သည်၊ ရှုပ်ဆေးအည်။

http://www.dhammadownload.com



(အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍) မဖြစ်လတ္တံ့၊ ထင်ရှားရှိသော ဖြစ်ပေါ်နေသော ခန္ဓာပဉ္စကကို ပယ်စွန့်၏”ဟု လျစ်လျူရှုမှုကို ရ၏၊ ထိုရဟန်းသည် ထိုလျစ်လျူရှုမှုကို နှစ်သက်၏၊ ကောင်း၏ဟူ၍ ပြောဆို၏၊ သက်ဝင်၍တည်၏၊ ထိုလျစ်လျူရှုမှုကို နှစ်သက်ပြောဆို သက်ဝင်၍တည်သော ပုဂ္ဂိုလ်၏ ဝိညာဏ်သည် ထိုဝိပဿနာကို မှီ၏၊ ထိုဝိညာဏ်သည် စွဲလမ်းမှုမည်၏၊ အာနန္ဒာ စွဲလမ်းမှု ‘ဥပါဒါန်’ ရှိသော ရဟန်းသည် ပရိနိဗ္ဗာန်မပြုနိုင်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုရဟန်းသည် စွဲလမ်းသော် အဘယ်ကို စွဲလမ်းသနည်းဟု (လျှောက်၏)။ အာနန္ဒာ နေဝသညာနာသညာယတနစျာန်ကို စွဲလမ်း၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုရဟန်းသည် စွဲလမ်းသော် အမြတ်ဆုံး စွဲလမ်းစရာကို စွဲလမ်းပုံ ရပါ၏လောဟု (လျှောက်၏)။ အာနန္ဒာ မှန်၏၊ ထိုရဟန်းသည် စွဲလမ်းသော် အမြတ်ဆုံး စွဲလမ်းစရာကို စွဲလမ်း၏၊ အာနန္ဒာ ဤနေဝသညာနာသညာယတန စျာန်သည် အမြတ်ဆုံး စွဲလမ်းစရာဖြစ်၏။

၇၂။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ကျင့်၏—“အကယ်၍ပြုလုပ်ခဲ့သော ကံဟူ၍ မရှိငြားအံ့ ငါ့မှာ (အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍)မရှိရာ၊ ယခုဘဝကံဟူ၍ မရှိလျှင် ငါ့မှာ အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍ မဖြစ်လတ္တံ့၊ ထင်ရှားရှိသော ဖြစ်ပေါ်နေသော ခန္ဓာပဉ္စကကို ပယ်စွန့်၏”ဟု လျစ်လျူရှုမှုကို ရ၏၊ ထိုရဟန်းသည် ထိုလျစ်လျူရှုမှုကို မနှစ်သက်၊ ကောင်း၏ဟု မပြောဆို၊ သက်ဝင်၍ မတည်၊ ထိုမနှစ်သက် မပြောဆို သက်ဝင်၍မတည်သော ထိုပုဂ္ဂိုလ်၏ဝိညာဏ်သည် ထိုဝိပဿနာကို မမှီ၊ ထိုဝိညာဏ်သည် စွဲလမ်းမှု မဟုတ်၊ အာနန္ဒာ မစွဲလမ်းသော ရဟန်းသည် ပရိနိဗ္ဗာန်ပြု၏ဟု (မိန့်တော်မူ၏)။

၇၃။ အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ထိုထိုသမာပတ်ကို မှီ၍ မှီ၍ ဩဃလေးပါးမှ ထွက်မြောက်ခြင်းကို ဟောကြားတော်မူ၏။ အသျှင်ဘုရား မြတ်သောအရဟတ္တဖိုလ်သည် အဘယ်ပါနည်းဟု (လျှောက်၏)။ အာနန္ဒာ ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သာဝကသည် ဤသို့ဆင်ခြင်၏—“မျက်မှောက်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်တို့သည်၎င်း မျက်မှောက်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်၎င်း မျက်ကွယ်ဖြစ်သော ကာမဂုဏ်အမှတ်အသားတို့သည်၎င်း မျက်မှောက်ဖြစ်သော ရုပ်တို့သည်၎င်း မျက်ကွယ်ဖြစ်သော ရုပ်တို့သည်၎င်း မျက်မှောက်ဖြစ်သော ရုပ်အမှတ်အသားတို့သည်၎င်း မျက်ကွယ်ဖြစ်သော ရုပ်အမှတ်အသားတို့သည်၎င်း အာနေဉ္စသညာ အာကိဉ္စညာယတနသညာတို့သည်၎င်း နေဝသညာနာသညာယတနသညာတို့သည်၎င်း ဤအလုံးစုံသော(တေဘူမက ဝဋ္ဋသခင် ါဟူသော)သက္ကာယရှိသမျှသည် သက္ကာယသာတည်း၊ မစွဲလမ်းမှု၍ စိတ်၏ လွတ်မြောက်မှုသည် အမြိုက်နိဗ္ဗာန်တည်း။

အာနန္ဒာ ဤသို့လျှင် ငါသည် အာနေဉ္စသမာပတ်အား လျော်သောအကျင့်ကို ဟောကြားအပ်ပြီ၊ အာကိဉ္စညာယတနသမာပတ်အား လျော်သောအကျင့်ကို ဟောကြားအပ်ပြီ၊ နေဝသညာနာသညာယတနသမာပတ်အား လျော်သော အကျင့်ကို ဟောကြားအပ်ပြီ၊ ထိုထိုသမာပတ်ကိုမှီ၍ မှီ၍ ဩဃလေးပါးမှ ထွက်မြောက်ကြောင်း အကျင့်ကို ဟောကြားအပ်ပြီ၊ မြတ်သော အရဟတ္တဖိုလ်ကို ဟောကြားအပ်ပြီ။ အာနန္ဒာ တပည့်‘သာဝက’တို့၏ အကျိုးစီးပွါးကို ရှာမှီးလိုလားလျက် အစဉ်သနားစိတ်ရှိသော ဆရာသည် အစဉ်သနားစိတ်ကို စွဲ၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်တို့အတွက် ငါပြုပြီးပြီ။ အာနန္ဒာ ဤသည်တို့ကား သစ်ပင်ရင်းဆိတ်ငြိမ်ရာ ဌာနတို့ဖြစ်ကုန်၏၊ အာနန္ဒာ ဆင်ခြင်ကုန်လော့၊ သတိမမေ့လျော့ကုန်လင့်၊ နောက်အခါမှ နှလုံးမသာ မဖြစ်ကုန်

http://www.dhammadownload.com



လင့်၊ ဤကား သင်တို့အတွက် ငါတို့၏ အဆုံးအမတော်တည်း''ဟု (မိန့်တော်မူ၏)။ ဤသို့ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသနည်း။

ခြောက်ခုမြောက် အာနေဉ္ဇသပ္ပါယသုတ် ပြီး၏။

---

## ၇-ဂဏကမောဂ္ဂလ္လာနသုတ်

၇၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပြာသာဒ်ဖြစ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဂဏကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ထိုင်နေကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

အသျှင်ဂေါတမ ဝိသာခါပြာသာဒ်၏နောက်ဆုံးဖြစ်သော (အပေါ်ဆုံး) လှေခါးထစ် ပျဉ်ချပ်တိုင်အောင် သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်သည် ထင်သကဲ့သို့ရှိရင်း, အသျှင်ဂေါတမ ဤပုဏ္ဏားတို့အား ဗေဒင်သုံးပုံကို သင်ခြင်း၌ သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်သည် ထင်သကဲ့သို့ရှိရင်း အသျှင်ဂေါတမ ဤလေးသမားတို့အား လေးအတတ်၌ သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်သည် ထင်သကဲ့သို့ရှိရင်း အသျှင်ဂေါတမ ဂဏန်းတတ်သော ဂဏန်းအတတ်ဖြင့် အသက်မွေးသော အကျွန်ုပ်တို့မှာလည်း ဂဏန်းအတတ်၌ သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်သည် ထင်သကဲ့သို့ရှိရင်း, အသျှင်ဂေါတမ အကျွန်ုပ်တို့သည် တပည့်ကို ရခဲ့လျှင် ရှေးဦးစွာ ''တခုတလီ, နှစ်ခုနှစ်လီ, သုံးခုသုံးလီ, လေးခုလေးလီ, ငါးခုငါးလီ, ခြောက်ခုခြောက်လီ, ခုနစ်ခု ခုနစ်လီ, ရှစ်ခုရှစ်လီ, ကိုးခုကိုးလီ, ဆယ်ခုဆယ်လီ''ဟု ဤသို့ ရေတွက်စေပါကုန်၏။ အသျှင်ဂေါတမ အကျွန်ုပ်တို့သည် တရာကိုလည်း ရေတွက်စေပါကုန်၏၊ တရာထက်အလွန်ကိုလည်း ရေတွက်စေပါကုန်၏၊ အသျှင်ဂေါတမ ဤဥပမာအတူသာလျှင် ဤသာသနာတော်၌လည်း သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်ကို သိစေခြင်းငှါ တတ်နိုင်ပါသလောဟု (လျှောက်ထား၏)။

၇၅။ ပုဏ္ဏား ဤသာသနာတော်၌ သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်ကို သိစေခြင်းငှါ တတ်နိုင်၏။ ပုဏ္ဏား ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော မြင်းဆရာသည် ကောင်းသော အာဇာနည်မြင်းကို ရသော် ရှေးဦးစွာ ပါးစပ်၌ ပါးချပ်ခွံ့မှုကို ပြုစေ၏၊ ထို့နောက် တဆင့်တက်၍ ပြုဖွယ်ကိုပြုစေ၏။ ပုဏ္ဏား ဤအတူသာလျှင် ငါဘုရားသည် ဆုံးမသင့်သော ယောကျ်ားကို ရသော် ရှေးဦးစွာ ဤသို့ ဆုံးမ၏ ''ရဟန်း လာလော့၊ သင်သည် သီလရှိလော့၊ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်စည်း၍နေလော့၊ ကောင်းသော အကျင့် ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍ နေလော့၊ အနုမြူမျှ အတိုင်းအရှည်ရှိကုန်သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ နေလော့၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်လော့''ဟု (ဆုံးမ၏)။

http://www.dhammadownload.com



ပုဏ္ဏား အကြင်အခါ၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်၍ နေ၏၊ ကောင်းသောအကျင့် ကျက်စားရာနှင့် ပြည့်စုံ၍နေ၏၊ အနည်းငယ်မျှ အတိုင်းအရှည် ရှိသော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိလျက်နေ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာကျင့်၍ နေ၏။ ထိုရဟန်းကို မြတ်စွာဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် စက္ခုစသော ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိလော့၊ မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် (မိန်းမယောကျ်ားစသော) သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိလင့်၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့ မရှိလင့်၊ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် (ယင်းစက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်း သူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်လော့၊ စက္ခုန္ဒြေကို စောင့်စည်းလော့၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်လော့။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော် ။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော် ။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော် ။ပ။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော် ။ပ။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့ မရှိလင့်၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိလင့်၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် (မနိန္ဒြေဟူသော) အကြောင်း ကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထို မနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်လော့၊ မနိန္ဒြေကို စောင့်စည်းလော့၊ မနိန္ဒြေ၌ စောင့်စည်း ခြင်းသို့ ရောက်လော့"ဟု (တဆင့်တက်၍ ဆုံးမ၏)။

ပုဏ္ဏား အကြင်အခါ၌ ရဟန်းသည် စက္ခုစသော ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏၊ ထိုရဟန်းကို မြတ်စွာဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိလော့၊ သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အာဟာရကို သုံးဆောင်ရာ၏၊ မြူးထူးရန် မသုံးဆောင် မာန်ယစ်ရန် မသုံးဆောင် (အသား) ပြည့်ဖြိုးရန် မသုံးဆောင် (အရေအဆင်း) ကြည်လင်ရန် မသုံးဆောင်လင့်၊ ဤကိုယ်တည်တံ့ရုံမျှသာ မျှတရုံ မျှသာ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရုံမျှသာ မြတ်သောအကျင့်ကို အားထုတ်ရုံမျှသာ အာဟာရကို သုံးဆောင်ရာ၏၊ ဤသို့ သုံးဆောင်မှုဝသဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက် အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်း ချမ်းသာစွာနေရခြင်း သည် ဖြစ်အံ့"ဟု (သုံးဆောင်ရာ၏)ဟု (တဆင့်တက်၍ ဆုံးမ၏)။

ပုဏ္ဏား အကြင်အခါ၌ ရဟန်းသည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၏၊ ထိုရဟန်းကို ငါဘုရား သည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် နိုးကြားခြင်းကို အားထုတ်၍ နေလော့၊ နေ့အခါ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော 'နီဝရဏ'တရား တို့မှ စိတ်ကို သုတ်သင်လော့။ ညဉ့်ဦးယံ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်လော့၊ သန်ကောင်ယံ၌ လကျ်ာနံ တောင်းဖြင့် (လကျ်ာ) ခြေ၌(လက်ဝဲ) ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟု အမှတ်သညာကို နှလုံးသွင်းလျက် မြတ်သောအိပ်ခြင်းကို

http://www.dhammadownload.com



ပြုလော့၊ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော 'နီဝရဏ'တရားတို့မှ စိတ်ကို သုတ်သင်လော့"ဟု (တဆင့်တက်၍ ဆုံးမ၏)။

ပုဏ္ဏား အကြင်အခါ၌ ရဟန်းသည် နိုးကြားခြင်းကို အားထုတ်၏၊ ထိုရဟန်းကို ငါဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် သတိဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့်ပြည့်စုံလော့၊ ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်၍ပြုလော့၊တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်၍ပြုလော့၊ ကွေးရာဆန့်ရာ၌ ဆင်ခြင်၍ပြုလော့၊ ဒုကုဋ်သင်္ကန်းပိတ်သကန်းကို ဆောင်ရာ၌ ဆင်ခြင်၍ ပြုလော့၊ စားရာ မသောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်၍ပြုလော့၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်၍ ပြုလော့၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်၍ ပြုလော့"ဟု (တဆင့်တက်၍ ဆုံးမ၏)။

ပုဏ္ဏား အကြင်အခါ၌ ရဟန်းသည် သတိဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံ၏၊ ထိုရဟန်းကို ငါဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် ဆိတ်ငြိမ်သောကျောင်း အိပ်ရာ နေရာကို မှီဝဲလော့၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲလော့"ဟု (တဆင့်တက်၍ ဆုံးမ၏)။ ထိုရဟန်းသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေလျက် ထိုင်၏၊ထိုရဟန်းသည် (ဉပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ဒေါသကို ပယ်၍ မပျက်စီးစေလိုသောစိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏။လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့ ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ သတိနှင့်ပြည့်စုံလျက် လေးလံ ထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း 'ဉဒ္ဓစ္စ' နောင်တတတပန်ပူပန်ခြင်း'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဉဒ္ဓစ္စ' နောင်တတတပန် ပူပန်ခြင်း'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၇၆။ ထိုရဟန်းသည် စိတ်ညစ်နွမ်းကြောင်းဖြစ်သော ပညာကို အားနည်းအောင် ပြုတတ်သော ကျင်ငါးပါးသော နီဝရဏတရားတို့ကို ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော၊ပ။ ဒုတိယဈာန်သို့ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း

http://www.dhammadownload.com



မထပ်မက်ခြင်းကြောင့်။ပ။တတိယဈာန်သို့ ရောက်၍နေ၏။ ချမ်းသာကို ပယ်ခြင်းကြောင့်၎င်း။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ပုဏ္ဏား အကြင်ရဟန်းတို့သည် ကျင့်ဆဲဖြစ်ကုန်၏၊အရဟတ္တဖိုလ်သို့ မရောက်ကြကုန်သေး၊အတု မရှိ မြတ်သောယောဂ၏ကုန်ခန်းရာ နိဗ္ဗာန်ကို တောင့်တလျက် နေကြကုန်၏၊ ရဟန်းတို့၌ ဤသို့ သဘောရှိသော ဤငါ၏အဆုံးအမသည် ဖြစ်၏၊ အကြင်ရဟန်းတို့သည်ကား ပူဇော်အထူးကို ခံထိုက်သော ရဟန္တာဖြစ်၏၊ ကုန်ခန်းပြီးသော အာသဝေါရှိကုန်၏၊ ကျင့်သုံးပြီးသော အကျင့်ရှိကုန်၏၊ပြုဖွယ်ကိစ္စကို ပြုပြီးဖြစ်ကုန်၏၊ ဝန်ကိုချထားပြီး ဖြစ်ကုန်၏၊ရောက်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိကုန်၏၊ ကုန်ခန်းပြီးသော ဘဝသံယောဇဉ်ရှိကုန်၏၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်ကုန်၏၊ ထိုရဟန်းတို့အား ဤတရားတို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းငှါလည်း သတိသမ္ပဇဉ်ခြင်း 'သမ္ပဇည'နှင့် ပြည့်စုံခြင်းငှါလည်း ဖြစ်ကုန်၏ဟု (ဟောတော်မူ၏)။ ဤသို့ ဟောတော်မူသော် ဂဏကမောဂ္ဂလ္လာန်မည်သောပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ၏တပည့်တို့သည် အသျှင်ဂေါတမ ဤသို့ဆုံးမသည် ရှိသော် ဤသို့အဖန်ဖန်ဆုံးမအပ်သည်ရှိသော် အလုံးစုံသော တပည့်တို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို ပြီးစီးစေနိုင်ကုန်သလော၊ သို့မဟုတ် အချို့ရဟန်းတို့သည် မပြီးစီးစေနိုင်ကုန်သလော"ဟု (လျှောက်ထား၏)။ပုဏ္ဏား ဤသို့ဆုံးမသည်ရှိသော် ဤသို့အဖန်ဖန် ဆုံးမအပ်သည်ရှိသော် အချို့သော ငါ၏တပည့်တို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို ပြီးစီးစေနိုင်ကုန်၏၊ အချို့သောရဟန်းတို့မူကား မပြီးစီးစေနိုင်ကုန်ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ နိဗ္ဗာန်သည် တည်ရှိ၏၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းသည် တည်ရှိ၏၊ တိုက်တွန်းနှိုးဆော်တတ်သော အသျှင်ဂေါတမသည် တည်ရှိ၏၊ သို့ပါလျက် အသျှင်ဂေါတမ၏ တပည့်တို့သည် အသျှင်ဂေါတမ ဤသို့ ဆုံးမသည်ရှိသော် ဤသို့ အဖန်ဖန်ဆုံးမအပ်သည်ရှိသော် အချို့သောရဟန်းတို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာဖြစ်သော နိဗ္ဗာန်ကိုပြီးစီးစေနိုင်၍ အချို့သောရဟန်းတို့သည် မပြီးစီးစေနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။

၇၇။ ပုဏ္ဏား ထိုသို့ဖြစ်မူ သင့်ကိုသာလျှင် ဤအရာ၌ တဖန်မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့၊ ပုဏ္ဏား ထိုငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ရာဇဂြိုဟ်ပြည်သွားလမ်းကို ညွှန်ကြားခြင်းငှါ ကျွမ်းကျင်သလောဟု (မေးတော်မူ၏)။ အသျှင် ဟုတ်ပါ၏၊ အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည် သွားလမ်းကို ညွှန်ကြားခြင်းငှါ ကျွမ်းကျင်ပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း၊ ရာဇဂြိုဟ်ပြည်သို့ သွားလိုသော ယောကျ်ားသည် ဤအရပ်သို့ လာရာ၏၊ ထိုလာသော ယောကျ်ားသည် "အသျှင် အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်သို့သွားလိုပါ၏၊ထိုအကျွန်ုပ်အား ရာဇဂြိုဟ်ပြည်သွားလမ်းကို ညွှန်ပါလော့"ဟု သင့်ကို ချဉ်းကပ်၍ ဤအတိုင်းဆိုရာ၏။ သင်သည် ထိုမေးလာသူကို "အမောင်ယောကျ်ား လာလော့၊ ဤလမ်းခရီးသည် ရာဇဂြိုဟ်ပြည်သို့ သွား၏၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားသည်ရှိသော် ဤမည်သောရွာကို တွေ့မြင်လတ္တံ့၊ထိုလမ်းခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ်သွားသော် ဤမည်သော နိဂုံးကို တွေ့မြင်လတ္တံ့၊ ထိုလမ်း

http://www.dhammadownload.com



ခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားသည်ရှိသော် ရာဇဂြိုဟ်ပြည်၏မွေ့လျော်ဖွယ်ကောင်းသော အရံဥယျာဉ် မွေ့လျော်ဖွယ်ကောင်းသောတောအုပ် မွေ့လျော်ဖွယ်ကောင်းသောမြေ မွေ့လျော်ဖွယ်ကောင်းသော ရေကန်ကို တွေ့မြင်ရလတ္တံ့”ဟု ဤသို့ဆိုရာ၏။ ထိုသူသည် သင်ဤသို့ ပြောဆိုညွှန်ကြားပါလျက် ခရီးလွဲကိုယူ၍ နောက်ပြန်လှည့်၍ သွားရာ၏။

ထို့နောက် ရာဇဂြိုဟ်ပြည်သို့ သွားလိုသော ဒုတိယယောကျ်ားသည် လာရာ၏၊ ထိုလာသော ယောကျ်ားသည် “အသျှင် အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်သို့ သွားလိုပါ၏၊ အကျွန်ုပ်အား ရာဇဂြိုဟ်ပြည်သွားလမ်းကို ညွှန်ကြားပါလော့”ဟု သင့်ကို ချဉ်းကပ်၍ ဤအတိုင်း ဆိုရာ၏။ သင်သည် ထိုဒုတိယယောကျ်ားကို “အမောင်ယောကျ်ား လာလော့၊ ဤလမ်းခရီးသည် ရာဇဂြိုဟ်ပြည်သို့ သွား၏၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားသည်ရှိသော် ဤမည်သောရွာကို တွေ့မြင်လတ္တံ့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားသည်ရှိသော် ဤမည်သော နိဂုံးကို တွေ့မြင်လတ္တံ့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားလော့၊ ထိုလမ်းခရီးဖြင့် အတန်ငယ် သွားသည်ရှိသော် ရာဇဂြိုဟ်ပြည်၏ မွေ့လျော်ဖွယ် ကောင်းသော အရံဥယျာဉ် မွေ့လျော်ဖွယ် ကောင်းသော တောအုပ် မွေ့လျော်ဖွယ် ကောင်းသောမြေ မွေ့လျော်ဖွယ် ကောင်းသောရေကန်ကို တွေ့မြင်ရလတ္တံ့”ဟု ဆိုရာ၏။ ထိုသူသည် သင် ဤသို့ ပြောဆိုညွှန်ကြားသော် ချမ်းသာစွာ ရာဇဂြိုဟ်ပြည်သို့ သွားရာ၏။

ပုဏ္ဏား ရာဇဂြိုဟ်ပြည်သည် တည်ရှိ၏၊ ရာဇဂြိုဟ်ပြည်သွားလမ်းသည် တည်ရှိ၏၊ လမ်းခရီးညွှန်ဖြစ်သော သင်သည် တည်ရှိ၏၊ သို့ပါလျက် သင်ဤသို့ ပြောဆိုညွှန်ကြားပါလျက် ယောကျ်ားတယောက်သည် ခရီးလမ်မှားကိုယူ၍ နောက်ပြန်လှည့်သွား၍ တယောက်သောယောကျ်ားသည် ချမ်းသာစွာသွားရသော အကြောင်းအထောက်အပံ့ကား အဘယ်နည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်သည် အဘယ်ကို ပြုနိုင်အံ့နည်း၊ အသျှင်ဂေါတမ အကျွန်ုပ်သည် ခရီးလမ်းညွှန်ပြသူသာ ဖြစ်ပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ဤအတူသာလျှင် နိဗ္ဗာန်သည် တည်ရှိသည်သာတည်း၊ နိဗ္ဗာန်သွားကြောင်း လမ်းခရီးသည် တည်ရှိ၏၊ နိဗ္ဗာန်သို့ ညွှန်ပြနှိုးဆော်သူ ငါသည် တည်ရှိ၏။ သို့ပါလျက် ငါ၏တပည့်တို့သည် ငါဤသို့ ပြောဆိုဆုံးမသော် အချို့သောရဟန် တို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို ပြီးစီးစေနိုင်ကုန်၏၊ အချို့သောရဟန်းတို့သည်ကား မပြီးစီးစေနိုင်ကုန်။ ပုဏ္ဏား ဤအရာ၌ ငါသည် အဘယ်ကို ပြုနိုင်အံ့နည်း၊ ပုဏ္ဏား မြတ်စွာဘုရားသည် နိဗ္ဗာန်လမ်းခရီးကို ညွှန်ကြားသူသာ ဖြစ်၏ဟု (မိန့်တော်မူ၏)။

၇၈။ ဤသို့မိန့်တော်မူသော် ဂဏကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ “အသျှင်ဂေါတမ အကြင်ပုဂ္ဂိုလ်တို့သည် ယုံကြည်ခြင်း‘သဒ္ဓါတရား’ မရှိကုန်ပဲ အသက်မွေးမှုအတွက်သာ ရဟန်းပြုသူများဖြစ်ကုန်၏၊ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသူများ မဟုတ်ကြကုန်၊ စဉ်းလဲတတ်သူများ ဖြစ်ကြကုန်၏၊ လှည့်ပတ်တတ်သူများ ဖြစ်ကြကုန်၏၊ လိမ်လည်ကောက်ကျစ်တတ်သူများ ဖြစ်ကြကုန်၏၊ ပျံ့လွင့်သူများ ဖြစ်ကြကုန်၏၊ မာန်ထောင်သူများ ဖြစ်ကြကုန်၏၊ လျှပ်ပေါ် လော်လည်သူများ ဖြစ်ကြကုန်၏၊ နှုတ်ထက်ကြမ်းသူများ ဖြစ်ကြကုန်၏၊ ပရမ်းပတာပြောဆိုသူများ ဖြစ်ကြကုန်၏၊ ဣန္ဒြေတံခါးပိတ်ဆို့ မထားသူများ ဖြစ်ကြကုန်၏၊ အစားအစာ၌ အတိုင်းအရှည်ကို မသိသူများ ဖြစ်ကြကုန်၏၊ နိုးကြားမှု၌ အားမစိုက်သူများ ဖြစ်ကြကုန်၏၊ ရဟန်းတရား၌ မငဲ့ကွက်သူများ ဖြစ်ကြကုန်၏၊

http://www.dhammadownload.com



သိက္ခာပုဒ်၌ ပြင်းထန်စွာ လေးစားမှုမရှိသူများ ဖြစ်ကြကုန်၏၊ လာဘ်များရန်သာ ကျင့်သူများ ဖြစ်ကြကုန်၏၊ (အဆုံးအမသာသနာတော်ကို) လျော့လျော့ပေါ့ပေါ့ နာယူသူများ ဖြစ်ကြကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားပြုသူများ ဖြစ်ကြကုန်၏၊ နိဗ္ဗာန် (ဥပဓိဝိဝေက)၌ တာဝန်မဲ့သူများ ဖြစ်ကြကုန်၏၊ ပျင်းရိသူများ ဖြစ်ကြကုန်၏၊ လုံ့လနည်းသူများ ဖြစ်ကြကုန်၏၊ သတိကင်းသူများ ဖြစ်ကြကုန်၏၊ ဆင်ခြင်ဉာဏ်မရှိသူများ ဖြစ်ကြကုန်၏၊ မတည်ကြည်သူများ ဖြစ်ကြကုန်၏၊ စိတ်လေသူများ ဖြစ်ကြကုန်၏၊ ပညာမဲ့သူများ ဖြစ်ကြကုန်၏၊ ထိုင်းအသူများ ဖြစ်ကြကုန်၏၊ အသျှင်ဂေါတမသည် ထိုပုဂ္ဂိုလ်မျိုးတို့နှင့်အတူတကွ မနေ။

အကြင်အမျိုးကောင်းသားတို့သည်ကား သဒ္ဓါတရားဖြင့် လူ့ဘောင်မှ (ထွက်၍)ရဟန်းဘောင်၌ ရဟန်းပြုသူများ ဖြစ်ကြကုန်၏၊ စဉ်းလဲတတ်သူများ မဟုတ်ကုန်၊ လှည့်ပတ်တတ်သူများ မဟုတ်ကုန်၊ လိမ်လည်ကောက်ကျစ်တတ်သူများ မဟုတ်ကုန်၊ ပျံ့လွင့်သူများ မဟုတ်ကုန်၊ မာန်ထောင်သူများ မဟုတ်ကုန်၊ လျှပ်ပေါ် လော်လည်သူများ မဟုတ်ကုန်၊ နှုတ်ထွက်ကြမ်းသူများ မဟုတ်ကုန်၊ ပရမ်းပတာပြောဆိုသူများ မဟုတ်ကုန်၊ဣန္ဒြေတံခါး ပိတ်ဆို့ထားသူများ ဖြစ်ကုန်၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိသူများ ဖြစ်ကုန်၏၊ နိုးကြားမှု၌ အားစိုက်သူများ ဖြစ်ကုန်၏၊ ရဟန်းတရား၌ ငဲ့ကွက်သူများ ဖြစ်ကုန်၏၊ သိက္ခာပုဒ်၌ ပြင်းထန်စွာ လေးစားသူများ ဖြစ်ကုန်၏၊ လာဘ်များရန် ကျင့်နေသူများ မဟုတ်ကုန်၊ (အဆုံးအမသာသနာတော်ကို) လျော့လျော့ပေါ့ပေါ့ နာယူသူများ မဟုတ်ကုန်၊ ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့သူများ ဖြစ်ကုန်၏ နိဗ္ဗာန် (ဥပဓိဝိဝေက)၌ ရှေ့သွားပြုသူများ ဖြစ်ကုန်၏၊ ဝီရိယရှိသူများ ဖြစ်ကုန်၏၊ (နိဗ္ဗာန်သို့)စိတ်စေလွှတ်သူများ ဖြစ်ကုန်၏၊ သတိထင်သူများ ဖြစ်ကုန်၏၊ ဆင်ခြင်ဉာဏ်ရှိသူများ ဖြစ်ကုန်၏၊ တည်ကြည်သူများ ဖြစ်ကုန်၏၊ စိတ်မလေသူများ ဖြစ်ကုန်၏၊ ပညာရှိသူများ ဖြစ်ကုန်၏၊ မထိုင်းမအသူများ ဖြစ်ကုန်၏၊ အသျှင်ဂေါတမသည် ထိုပုဂ္ဂိုလ်တို့နှင့် အတူတကွ နေ၏။

အသျှင်ဂေါတမ ဥပမာအားဖြင့် အမြစ်နံ့သာဟူသမျှတို့တွင် စန္ဒကူးနက်ကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့ငင်း အနှစ်နံ့သာဟူသမျှတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့ငင်း အပွင့်နံ့သာဟူသမျှတို့တွင် မုလေးပန်းကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့ငင်း ဤအတူ ယခုလက်ရှိ တရားတို့တွင် အသျှင်ဂေါတမ၏ အဆုံးအမတရားသည်သာလျှင် အမြတ်ဆုံးဖြစ်ပေ၏။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ ဥပမာအားဖြင့် မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ငင်း "မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ရဟန်းသံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏၊အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ခုနစ်ခုမြောက် ဂဏကမောဂ္ဂလ္လာနသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-ဂေါပကမောဂ္ဂလ္လာနသုတ်

၇၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးခါစဖြစ်သော အခါတပါး၌ အသျှင်အာနန္ဒာသည် ရာဇဂြိုဟ် ပြည်ဝယ် ရှဉ့်နက်တို့အား အစာကျွေးရာ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေ တော်မူ၏။ ထိုအခါ မဂဓတိုင်းကိုအစိုးရသော ဝေဒေဟီမိဖုရားကြီး၏သားဖြစ်သော အဇာတသတ် မင်းသည် စန္ဒပဇ္ဇောတမင်းကို စိုးရိမ်မကင်း ကြောင့်ကြခြင်းရှိသည်ဖြစ်၍, ရာဇဂြိုဟ်မြို့တော်ကို ပြုပြင်စေ၏။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်း ကိုယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၏။ ထိုအခါ အသျှင်အာနန္ဒာအား ဤသို့သော အကြံသည် ဖြစ်၏— "ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ရန် အလွန်စောသေး၏၊ ငါသည် ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား၏အလုပ်လုပ်ရာဌာန ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား ရှိရာသို့ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်အာနန္ဒာသည် ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား၏အလုပ် လုပ်ရာဌာန ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားရှိရာသို့ ချဉ်းကပ်၏။ ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား သည် အဝေးမှလာသော အသျှင်အာနန္ဒာကို မြင်၍ ဤစကားကို ဆို၏—"အသျှင်အာနန္ဒာ ကြွတော်မူပါ၊ အသျှင်အာနန္ဒာ၏ ကြွလာတော်မူခြင်းသည် ကောင်းမြတ်ပါပေသည်၊ အသျှင် အာနန္ဒာသည် ဤအရပ်သို့ ကြွလာတော်မူရန်အလှည့်ကို ကြာမြင့်မှ ပြုတော်မူ၏၊ ဤနေရာကို ခင်းထားပါ၏၊ အသျှင်အာနန္ဒာသည် ထိုင်တော်မူပါ"ဟု (လျှောက်၏)။ အသျှင်အာနန္ဒာသည် ခင်းထားသောနေရာ၌ ထိုင်၏။ ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားသည်လည်း တခုသော နေရာအနိမ့်ကိုယူ၍ သင့်လျော်ရာ၌ ထိုင်၏။ သင့်လျော်ရာ၌ ထိုင်ပြီးသော ဂေါပကမောဂ္ဂလ္လာန် မည်သော ပုဏ္ဏားသည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—"အသျှင်ဘုရားအာနန္ဒာ အကြင်တရားတို့နှင့် ပြည့်စုံသောကြောင့် ထိုအသျှင်ဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက် သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားဖြစ်တော်မူ၏၊ ထိုဘုရားတို့နှင့် အချင်းခပ် သိမ်း လုံးဝပြည့်စုံသော ရဟန်းတပါးမျှ ရှိသလော"ဟု (လျှောက်ထား၏)။

ပုဏ္ဏား အကြင်တရားတို့နှင့် ပြည့်စုံသောကြောင့် ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားဖြစ်တော်မူ၏၊ ထိုတရားတို့နှင့် အချင်းခပ်သိမ်း လုံးဝပြည့်စုံသော ရဟန်းတပါးမျှ မရှိသည်သာတည်း ပုဏ္ဏား မှန်၏၊ ထိုမြတ်စွာ ဘုရားသည် မဖြစ်သေးသော မဂ်လမ်းကို ဖြစ်စေတော်မူ၏၊ ထင်ရှားမဖြစ်သေးသော မဂ်လမ်းကို ထင်ရှားဖြစ်စေတော်မူ၏၊ သူတပါးတို့ မဟောကြားသေးသော မဂ်လမ်းကို ဟောကြားတော် မူ၏၊ မဂ်လမ်းကို သိတော်မူ၍ 'မဂ္ဂညူ'မည်တော်မူ၏၊ မဂ်လမ်းကို အထင်အရှား သိတော်မူ၍ 'မဂ္ဂဝိဒူ'မည်တော်မူ၏၊ မဂ်လမ်းကို လိမ္မာကျွမ်းကျင်တော်မူ၍ 'မဂ္ဂကောဝိဒ'မည်တော်မူ၏။ ယခုအခါ၌ကား တပည့်တို့သည် မဂ်လမ်းသို့ အစဉ်လိုက်ကုန်လျက် နောက်အခါ၌ မဂ်နှင့်ပြည့်စုံ၍ နေကြကုန် ၏ဟု (မိန့်ဆို၏)။ အသျှင်အာနန္ဒာ၏ ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားနှင့်တကွ မပြီးမပြတ် သေးသော စကားသည်ဖြစ်၏။

ထိုအခါ၌ မဂဓမင်း၏အမတ်ကြီးဖြစ်သော ဝဿကာရမည်သော ပုဏ္ဏားသည် ရာဇဂြိုဟ်ပြည်၌ အလုပ်တို့ကို အစဉ်လှည့်လည်စစ်ဆေးလျက် ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား၏အလုပ် လုပ်

http://www.dhammadownload.com



ရာဇဂြိုဟ်နေ အသျှင်အာနန္ဒာရှိရာသို့ ချဉ်းကပ်၏၊ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီး နောက် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေပြီးသော မဂဓမင်း၏အမတ်ကြီး ဖြစ်သော ဝဿကာရပုဏ္ဏားသည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်ထား၏—"အသျှင် အာနန္ဒာ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကြပါကုန်သနည်း၊ သင်တို့၏ မပြီးမပြတ်သေး သောစကားသည် အဘယ်စကားပါနည်း"ဟု (လျှောက်ထား၏)။

ပုဏ္ဏား ငါ့ကို ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားသည် ဤသို့ ဆို၏—"အသျှင်အာနန္ဒာ အကြင်တရား တို့နှင့် ပြည့်စုံသောကြောင့် ထိုအသျှင်ဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားဖြစ်တော်မူ၏၊ ထိုတရားတို့နှင့် အချင်းခပ်သိမ်း လုံးဝပြည့်စုံသော ရဟန်းတပါးမျှ ရှိသလော"ဟု (ဆို၏)။ ပုဏ္ဏား ဤသို့ ဆိုသည်ရှိသော် ငါသည် ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားအား ဤစကားကို ဆို၏—"ပုဏ္ဏား အကြင်တရားတို့နှင့် ပြည့်စုံသောကြောင့် ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားဖြစ်တော်မူ၏၊ထိုတရားတို့နှင့် အချင်းခပ်သိမ်း လုံးဝပြည့်စုံသော ရဟန်းတပါးမျှ မရှိသည်သာတည်း။ ပုဏ္ဏား မှန်၏၊ ထိုမြတ်စွာဘုရားသည် မဖြစ်သေးသော မဂ်လမ်းကို ဖြစ်စေတော်မူ၏၊ ထင်ရှားမဖြစ်သေးသော မဂ်လမ်းကို ထင်ရှားဖြစ်စေတော်မူ၏၊ သူတပါးတို့ မဟောကြားသေးသော မဂ်လမ်းကို ဟောကြားတော်မူ၏၊ မဂ်လမ်းကို သိတော်မူ၍ 'မဂ္ဂညူ'မည်တော်မူ၏၊ မဂ်လမ်းကို အသင်အရှားသိတော်မူ၍ 'မဂ္ဂဝိဒူ'မည်တော်မူ၏၊ မဂ်လမ်းကို လိမ္မာကျွမ်းကျင်တော်မူ၍ 'မဂ္ဂကောဝိဒ'မည်တော်မူ၏၊ယခုအခါ၌ကား တပည့်တို့သည် မဂ်လမ်းသို့ အစဉ်လိုက်ကုန်လျက် နောက်အခါ၌ မဂ်နှင့်ပြည့်စုံ၍ နေကြကုန်၏"ဟု (ဆို၏)။ ပုဏ္ဏား ဤကား ငါတို့၏ ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားနှင့်တကွ မပြီးမပြတ်သေးသော စကားဖြစ်ပေ၏၊ ထိုအခါ သင်သည် ရောက်လာပေ၏ဟု (ဆို၏)။

၈၀။ အသျှင်အာနန္ဒာ ယခုအခါ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော "ဤရဟန်းသည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့"ဟု ထိုအသျှင်ဂေါတမ ထားခဲ့သော ရဟန်းတပါးမျှ ရှိပါသလောဟု (လျှောက်၏)။ ပုဏ္ဏား ယခုအခါ ငါတို့ဆည်းကပ်နေကြရမည် ဖြစ်သော "ဤရဟန်းသည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့"ဟု သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော် မူသော ထိုမြတ်စွာဘုရားသည် ထားတော်မူခဲ့သော ရဟန်းတပါးမျှ မရှိပါဟု (မိန့်ဆို၏)။ အသျှင်အာနန္ဒာ ယခုအခါ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော "ဤရဟန်းသည် မြတ်စွာ ဘုရား ကွယ်လွန်တော်မူသော အခါ၌ ငါတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့"ဟု သံဃာသည် သမုတ် ထားသော များစွာသော မထေရ်ကြီးရဟန်းတို့သည် တင်ထားသော ရဟန်းတပါးမျှ ရှိသလော ဟု (လျှောက်၏)။ ပုဏ္ဏား ယခုအခါ ငါတို့သည် ဆည်းကပ်နေကြရမည်ဖြစ်သော "ဤရဟန်း သည် မြတ်စွာဘုရား ကွယ်လွန်တော်မူသော အခါ၌ ငါတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့"ဟု သံဃာသည် သမုတ်ထားသော များစွာသော မထေရ်ကြီးရဟန်းတို့ တင်ထားသော ရဟန်းတပါးမျှ မရှိပါဟု (မိန့်ဆို၏)။

အသျှင်အာနန္ဒာ ဤသို့ ကိုးကွယ်ရာ မရှိပါပဲလျက် ညီညွတ်ခြင်း၏ အကြောင်းကား အဘယ် ပါနည်းဟု (လျှောက်၏)။ ပုဏ္ဏား ငါတို့သည် ကိုးကွယ်ရာ မရှိကုန်သည် မဟုတ်ကုန်၊ ပုဏ္ဏား

http://www.dhammadownload.com



ငါတို့သည် ကိုးကွယ်ရာ ရှိကုန်၏၊ တရားလျှင် ကိုးကွယ်ရာ ရှိကုန်၏ဟု (မိန့်ဆို၏)။ "အသျှင်အာနန္ဒာ ယခုအခါ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော 'ဤရဟန်းသည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့'ဟု ထိုအသျှင်ဂေါတမ ထားခဲ့သော ရဟန်းတပါးမျှ ရှိပါသလော"ဟု ဤသို့မေးသည် ရှိသော်—"ပုဏ္ဏား ယခုအခါ ငါတို့ ဆည်းကပ် နေကြရမည်ဖြစ်သော 'ဤရဟန်းသည် ငါကွယ်လွန်သော အခါ၌ သင်တို့၏ ကိုးကွယ်ရာ ဖြစ်လတ္တံ့'ဟု သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရား ထားတော်မူခဲ့သော ရဟန်းတပါးမျှ မရှိပါ"ဟု (မိန့်ဆို၏)။

အသျှင်အာနန္ဒာ ယခုအခါ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော 'ဤရဟန်းသည် မြတ်စွာဘုရား ကွယ်လွန်တော်မူသော အခါ၌ ငါတို့၏ ကိုးကွယ်ရာ ဖြစ်ဂကုံ'ဟု သံဃာသမုတ်ထားသော များစွာသော မထေရ်ကြီးရဟန်းတို့သည် တင်ထားသော ရဟန်းတပါးမျှ ရှိသလော"ဟု ဤသို့ မေးသည်ရှိသော်—"ပုဏ္ဏား ယခုအခါ ငါတို့ ဆည်းကပ်နေကြရမည်ဖြစ်သော 'ဤရဟန်းသည် မြတ်စွာဘုရား ကွယ်လွန်တော်မူသော အခါ၌ ငါတို့၏ ကိုးကွယ်ရာ ဖြစ်လတ္တံ့'ဟု သံဃာသမုတ်ထားသော များစွာသော မထေရ်ကြီး ရဟန်းတို့ တင်ထားသော ရဟန်းတပါးမျှ မရှိ"ဟု ဆို၏။ အသျှင်အာနန္ဒာ ဤသို့ ကိုးကွယ်ရာ မရှိပဲလျက် "ညီညွတ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း"ဟု ဤသို့ မေးသည်ရှိသော်— ပုဏ္ဏား ငါတို့သည် ကိုးကွယ်ရာ မရှိသည် မဟုတ်ကုန်၊ ပုဏ္ဏား ငါတို့သည် ကိုးကွယ်ရာ ရှိကုန်၏၊ တရားလျှင် ကိုးကွယ်ရာ ရှိကုန်၏"ဟု ဆို၏။ အသျှင်အာနန္ဒာ ဤသို့ ဆိုသောစကား၏ အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု (လျှောက်၏)။

၈၁။ ပုဏ္ဏား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏၊ ပါတိမောက်ကို ပြအပ်၏၊ ငါတို့သည် ဥပုသ်နေ့၌ အကြင်မျှလောက်ကုန်သော ရဟန်းတို့သည် တခုသော ရွာအပိုင်းအခြားကို မှီ၍နေကုန်၏၊ ထိုအားလုံးသော ရဟန်းတို့သည် တပေါင်းတည်း စည်းဝေးကုန်၏၊ စည်းဝေးကုန်ပြီးလျှင် အကြင်ရဟန်းအား ထိုပါတိမောက်သည် (နှုတ်တက်လာသည်၏ အစွမ်းဖြင့်) အလေ့အထဖြစ်၏၊ ထိုရဟန်းကို ပြစေကုန်၏၊ ထိုပါတိမောက်ကို ပြစေသည်ရှိသော် ရဟန်းအား အာပတ်ရှိငြားအံ့၊ လွန်ကျူးမိငြားအံ့၊ ထိုရဟန်းကို ငါတို့သည် တရားနှင့် လျော်စွာ ဆုံးမတော်မူတိုင်း ပြုစေကုန်၏ဟု (မိန့်ဆို၏)။

ဤသို့ ပြုစေကုန်သည်ရှိသော် အသျှင်တို့ ပြုစေကုန်သည်မဟုတ်၊ တရားသည်သာလျှင် ပြုစေ၏တကား၊ အသျှင်အာနန္ဒာ ယခုအခါ သင်တို့ အရိုအသေ ပြုကြရမည်ဖြစ်သော အလေးပြုကြရမည်ဖြစ်သော မြတ်နိုးကြရမည်ဖြစ်သော ပူဇော်ကြရမည်ဖြစ်သော အရိုအသေ အလေးအမြတ် ပြု၍ မှီနေကြရမည်ဖြစ်သော ရဟန်းတပါးမျှ ရှိသလောဟု (လျှောက်၏)။ ပုဏ္ဏား ယခုအခါ ငါတို့ အရိုအသေ ပြုကြရမည်ဖြစ်သော အလေးပြုကြရမည်ဖြစ်သော မြတ်နိုးကြရမည်ဖြစ်သော ပူဇော်ကြရမည်ဖြစ်သော အရိုအသေအလေးအမြတ် ပြု၍ မှီနေကြရမည်ဖြစ်သော ရဟန်းတပါးမျှ မရှိဟု(မိန့်ဆို၏)။ "အသျှင်အာနန္ဒာ ယခုအခါ၌ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော 'ဤရဟန်းသည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ကိုးကွယ်ရာ ဖြစ်လတ္တံ့'ဟု ထိုအသျှင်ဂေါတမ ထားခဲ့သော ရဟန်းတပါးမျှ ရှိသလော"ဟု မေးသော်—"ပုဏ္ဏား ယခုအခါ၌ ငါတို့သည် ဆည်းကပ်နေကြရမည်ဖြစ်သော 'ဤရဟန်းသည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့'

http://www.dhammadownload.com



ဟု သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရား ထားတော်မူခဲ့သော ရဟန်းတပါးမျှ မရှိ”ဟု ဆို၏။

“အသျှင်အာနန္ဒာ ယခုအခါ၌ သင်တို့ ဆည်းကပ်နေကြရမည်ဖြစ်သော ‘ဤရဟန်းသည် မြတ်စွာဘုရား ကွယ်လွန်တော်မူသောအခါ ငါတို့၏ ကိုးကွယ်ရာ ဖြစ်လတ္တံ့’ဟု သံဃာသည် သမုတ်ထားသော များစွာသော မထေရ်ကြီးရဟန်းတို့သည် တင်ထားသော ရဟန်းတပါးမျှ ရှိသလော” ဟု မေးသော်—“ပုဏ္ဏား ယခုအခါ၌ ငါတို့သည် ဆည်းကပ်နေကြရမည်ဖြစ်သော ‘ဤရဟန်းသည် မြတ်စွာဘုရား ကွယ်လွန်တော်မူသော အခါ၌ ငါတို့၏ ကိုးကွယ်ရာ ဖြစ်လတ္တံ့’ဟု သံဃာသည် သမုတ်ထားသော များစွာသော မထေရ်ကြီးရဟန်းတို့သည် တင်ထားသော ရဟန်းတပါးမျှ မရှိ”ဟု ဆို၏။

“အသျှင်အာနန္ဒာ ‘ယခုအခါ သင်တို့ အရိုအသေပြုကြရမည်ဖြစ်သော အလေးပြုကြရမည် ဖြစ်သော မြတ်နိုးကြရမည်ဖြစ်သော ပူဇော်ကြရမည်ဖြစ်သော အရိုအသေအလေးအမြတ်ပြု၍ မှီနေကြရမည်ဖြစ်သော ရဟန်းတပါးမျှ ရှိသလော”ဟု မေးသော်—“ပုဏ္ဏား ယခုအခါ၌ ငါတို့သည် အရိုအသေပြုကြရမည်ဖြစ်သော အလေးပြုကြရမည်ဖြစ်သော မြတ်နိုးကြရမည်ဖြစ်သော ပူဇော်ကြရမည်ဖြစ်သော အရိုအသေအလေးအမြတ်ပြု၍ မှီနေကြရမည်ဖြစ်သော ရဟန်းတပါးမျှ မရှိ”ဟု ဆို၏။ အသျှင်အာနန္ဒာ ဤဆိုသော စကား၏ အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု (လျှောက်၏)။

## (ကြည်ညိုဖွယ်တရားဆယ်ပါး)

၇၂။ ပုဏ္ဏား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် ကြည်ညိုဖွယ်တရားဆယ်ပါးတို့ကို ဟောကြားတော်မူကုန်၏၊ အကြင်ပုဂ္ဂိုလ်၌ ဤဆယ်ပါးသော တရားတို့သည် ရှိကုန်၏၊ ထိုတရားရှိသော ပုဂ္ဂိုလ်ကို ယခုအခါ ငါတို့ အရိုအသေ ပြုကြကုန်၏၊ အလေးပြုကြကုန်၏၊ မြတ်နိုးကြကုန်၏၊ ပူဇော်ကြကုန်၏၊ အရိုအသေပြု၍ အလေးအမြတ်ပြု၍ မှီနေကြကုန်၏၊ ကြည်ညိုဖွယ်တရား ဆယ်ပါးတို့သည် အဘယ်သည်တို့နည်းဟူမူ—

ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက် နေ၏၊ အာစာရသီလ ဂေါစရသီလနှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ကြောက်မက်ဖွယ် ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ (၁)

အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို စုဆောင်း၏၊ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိကုန်သော အနက်သဒ္ဒါနှင့် ပြည့်စုံသော ထက်ဝန်းကျင် ပြည့်စုံလျက် စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို များစွာကြားနာဘူးကုန်၏၊ နှုတ်ဖြင့်ဆောင်ဘူးကုန်၏၊ လေ့ကျက်ဘူးကုန်၏၊ စိတ်ဖြင့် ဆင်ခြင်ဘူးကုန်၏၊ ပညာဖြင့် ထိုးထွင်း၍ သိဘူးကုန်၏။ (၂)

သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးတို့ဖြင့် ရောင့်ရဲလွယ်၏။ (၃)

http://www.dhammadownload.com



အထူး စင်ကြယ်သော စိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၌ ချမ်းချမ်းသာသာနေမှုဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်ပန်းပဲ ရ၏။ (၄)

(ထိုရဟန်းသည်) တပါးမက များသောအပြားရှိသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်လျက်လည်း အများအပြား ဖြစ်သွား၏၊ အများအပြား ဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ ကိုယ်ကို ပျောက်ကွယ်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့နေလျက် အတောင်ရှိသော ငှက်ကဲ့သို့သွား၏၊ ဤသို့တန်ခိုးကြီးကုန် ဤသို့အာနုဘော်ကြီးကုန်သော လ နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို(မိမိ)အလိုအတိုင်း ဖြစ်စေ၏။ (၅)

(ထိုရဟန်းသည်) အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန် လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကို ကြားရ၏။ (၆)

(ထိုရဟန်းသည်) တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ'နှင့် တကွသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ' ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ'နှင့် တကွသောစိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' နှင့်တကွသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော စိတ်ဟု သိ၏၊ တွေဝေခြင်း 'မောဟ' နှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ဟုသိ၏၊ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ' စိတ်ဟု သိ၏၊ ပျံ့သော 'ဝိက္ခိတ္တ'စိတ်ကိုလည်း ပျံ့သော'ဝိက္ခိတ္တ'စိတ်ဟု သိ၏၊ မြတ်သည်၏အဖြစ်သို့ ရောက်သော'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ဟု သိ၏၊ မြတ်သည်၏အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ဟု သိ၏၊ သာလွန်သောတရားရှိသော 'သဉ္တရ' စိတ်ကိုလည်း သာလွန်သော တရားရှိသော'သဉ္တရ'စိတ်ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ်ကိုလည်း သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ဟု သိ၏၊ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း တည်ကြည်သော 'သမာဟိတ'စိတ်ဟု သိ၏၊ မတည်ကြည်သော'အသမာဟိတ'စိတ်ကိုလည်း မတည်ကြည်သော 'အသမာဟိတ' စိတ်ဟု သိ၏၊ လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း လွတ်မြောက်သော'ဝိမုတ္တ' စိတ်ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော'အဝိမုတ္တ'စိတ်ဟု သိ၏။ (၇)

(ထိုရဟန်းသည်) များစွာသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏၊ ဤရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ဟူသည် အဘယ်နည်း—တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း နှစ်ဆယ်သောဘဝ

http://www.dhammadownload.com



တို့ကိုဒင်း သုံးဆယ်သောဘဝတို့ကိုဒင်း လေးဆယ်သောဘဝတို့ကိုဒင်း ငါးဆယ်သောဘဝတို့ကိုဒင်း ဘဝထရာကိုဒင်း ဘဝတထောင်ကိုဒင်း ဘဝတသိန်းကိုဒင်း များစွာသော ပျက်ကပ်တို့ကိုဒင်း များစွာသော ဖြစ်ကပ်တို့ကိုဒင်း များစွာသော ပျက်ကပ်ဖြစ်ကပ်တို့ကိုဒင်း (အစဉ်လျှောက်၍ အောက်မေ့နိုင်၏)။ "ဤမည်သော ဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့သော် ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ဤသို့သော အဆင်းရှိခဲ့၏၊ဤသို့သော အစာရှိခဲ့၏၊ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ များစွာသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။ (၈)

(ထိုရဟန်းသည်) အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။ (၉)

အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ် သမာဓိကို အရဟတ္တဖိုလ်ပညာကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဝင်စားနေ၏။ (၁၀)

ပုဏ္ဏား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ကြည်ညိုဖွယ်တရားဆယ်ပါးတို့ကို ဟောတော်မူအပ်ကုန်၏။ ဤတရားတို့သည် အကြင်ပုဂ္ဂိုလ်၌ ထင်ရှားရှိကုန်၏၊ ထိုတရားရှိသော ပုဂ္ဂိုလ်ကို ယခုအခါ ငါတို့ အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးအမြတ် ပြု၍ မှီနေကုန်၏ဟု (မိန့်ဆို၏)။

၈၃။ ဤသို့ မိန့်တော်မူသော် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် ဥပနန္ဒမည်သော စစ်သူကြီးကို ပြောဆို၏— "အသျှင်စစ်သူကြီးသည် ထိုစကားကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤအသျှင်ကောင်းတို့သည် အရိုအသေပြုထိုက်သူကို အရိုအသေ ပြုကုန်ငြားအံ့၊ အလေးပြုထိုက်သူကို အလေးပြုကုန်ငြားအံ့၊ မြတ်နိုးထိုက်သူကို မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ထိုက်သူကို ပူဇော်ကုန်ငြားအံ့။ စင်စစ် ဤအသျှင်ကောင်းတို့သည် အရိုအသေပြုထိုက်သူကို အရိုအသေပြုသည် မည်ကုန်၏၊ အလေးပြုထိုက်သူကို အလေးပြုသည်မည်ကုန်၏၊ မြတ်နိုးထိုက်သူကို မြတ်နိုးသည် မည်ကုန်၏၊ ပူဇော်ထိုက်သူကို ပူဇော်သည် မည်ကုန်၏။ ထိုအသျှင်ကောင်းတို့သည် ဤပသာဒနီယတရား ဆယ်ပါးရှိသူကို အရိုအသေ မပြုကုန်ငြားအံ့၊ အလေး မပြုကုန်ငြားအံ့၊ မမြတ်နိုးကုန်ငြားအံ့၊ မပူဇော်ကုန်ငြားအံ့၊ ထိုသို့မပြုသော် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ထိုအသျှင်ကောင်းတို့သည် အရိုအသေ ပြုကုန်ရာအံ့နည်း၊ အလေးပြုကုန်ရာအံ့နည်း၊ မြတ်နိုးကုန်ရာ

http://www.dhammadownload.com



အံ့နည်း၊ ပူဇော်ကုန်ရာ အံ့နည်း၊ အရှိအသေပြု၍ အလေးပြု၍ မြတ်နိုး၍ ပူဇော်၍ မှီနေကုန်ရာ အံ့နည်း''ဟု (ပြောဆို၏)။

ထိုအခါ မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် အသျှင်အာနန္ဒာကို ''အသျှင်အာနန္ဒာသည် ယခုအခါ အဘယ်မှာ နေတော်မူပါသနည်း''ဟု ဤစကားကို လျှောက်၏။ ပုဏ္ဏား ငါသည် ယခုအခါ ဝေဠုဝန်ကျောင်း၌ နေ၏ဟု (မိန့်ဆို၏)။ အသျှင်အာနန္ဒာ ဝေဠုဝန်ဥယျာဉ်သည် မွေ့လျော်ဖွယ်လည်း ရှိ၏လော၊ တိတ်ဆိတ်သော အသံလည်း ရှိ၏လော၊ ကြွေးကြော်သံလည်း နည်းပါ၏လော၊ လူတို့အသွားအလာကြောင့် တိုက်ခတ်သောလေ ကင်းပါ၏လော၊ လူတို့လျှို့ဝှက်မှုကိုပြုနိုင်သောနေရာ ဖြစ်ပါ၏လော၊ အာရုံများစွာမှ ဖဲခွါ၍ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှါ လျော်ပါ၏လောဟု (လျှောက်၏)။ ပုဏ္ဏား စင်စစ် ဝေဠုဝန်ဥယျာဉ်သည် မွေ့လျော်ဖွယ်လည်းရှိ၏၊ တိတ်ဆိတ်သောအသံလည်း ရှိ၏၊ ကြွေးကြော်သံလည်း နည်း၏၊ လူတို့အသွားအလာကြောင့် တိုက်ခတ်သောလေလည်း ကင်း၏၊ လူတို့ လျှို့ဝှက်မှုကိုလည်း ပြုနိုင်သောနေရာလည်း ဖြစ်၏၊ အာရုံများစွာမှ ဖဲခွါ၍ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှါလည်း လျော်၏။ ထိုသို့ဖြစ်ခြင်းသည် အသင်တို့ကဲ့သို့သော အစောင့်အရှောက်တို့ကြောင့် ဖြစ်၏ဟု (မိန့်ဆို၏)။

အသျှင်အာနန္ဒာ စင်စစ် ဝေဠုဝန်ဥယျာဉ်သည် မွေ့လျော်ဖွယ်လည်း ရှိပါ၏၊ တိတ်ဆိတ်သော အသံလည်း ရှိပါ၏၊ ကြွေးကြော်သံလည်း နည်းပါ၏၊ လူတို့အသွားအလာကြောင့် တိုက်ခတ်သော လေမှ ကင်းပါ၏၊ လူတို့ လျှို့ဝှက်မှုကိုပြုနိုင်သော နေရာဖြစ်ပါ၏၊ အာရုံများစွာမှ ဖဲခွါ၍ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှါ လျော်ပါ၏။ ထိုသို့ဖြစ်ခြင်းသည် ဈာန်ဝင်စားလေ့ရှိသော အသျှင်တို့ကြောင့် ဖြစ်ပါ၏၊ အသျှင်တို့သည် ဈာန်လည်း ဝင်စားကြပါကုန်၏၊ ဈာန်ဝင်စားလေ့လည်း ရှိကြပါကုန်၏။

အသျှင်အာနန္ဒာ အခါတပါး၌ ထိုအသျှင်ဂေါတမသည် ဝေသာလီပြည် မဟာဝုန်တောဝယ် အထွတ်တပ်သော ဇရပ်ကျောင်း၌ သီတင်းသုံး နေတော်မူပါ၏။ အသျှင်အာနန္ဒာ ထိုအခါ၌ အကျွန်ုပ်သည် မဟာဝုန်တော အထွတ်တပ်သော ဇရပ်ကျောင်းနှင့် အသျှင်ဂေါတမရှိရာသို့ ချဉ်းကပ်ပါ၏။ ထိုအရပ်၌ ထိုအသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် ဈာန်နှင့်စပ်သော စကားကို ဟောပြောပါ၏၊ ထိုအသျှင်ဂေါတမသည် ဈာန်လည်း ဝင်စားပါ၏၊ ဈာန်ဝင်စားလေ့ လည်း ရှိပါ၏၊ ထိုအသျှင်ဂေါတမသည် အလုံးစုံသော ဈာန်ကိုလည်း ချီးမွမ်းပါ၏ဟု (လျှောက်၏)။

၇၄။ ပုဏ္ဏား စင်စစ် ထိုမြတ်စွာဘုရားသည် အလုံးစုံသော ဈာန်ကို မချီးမွမ်း၊ ထိုမြတ်စွာဘုရား သည် အလုံးစုံသော ဈာန်ကို မချီးမွမ်းသည်လည်း မဟုတ်၊ ပုဏ္ဏား ထိုမြတ်စွာဘုရားသည် အဘယ် သို့ သဘောရှိသော ဈာန်ကို မချီးမွမ်းသနည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် ကာမ ရာဂထက်ဝန်းကျင်ထကြွသော ကာမရာဂနှိပ်စက်သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်သော ကာမရာဂ ၏ထွက်မြောက်ရာကို ဟုတ်မှန်တိုင်း မသိ၊ ထိုသူသည် ကာမရာဂကိုသာလျှင် အတွင်းပြု၍ ရှု၏၊ ကြံမှိုင်၏၊ တစိမ့်စိမ့်ရှု၏၊ အဖန်တလဲလဲရှု၏၊ ဗျာပါဒထက်ဝန်းကျင်ထကြွသော ဗျာပါဒနှိပ်စက် သောစိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်သော ဗျာပါဒ၏ထွက်မြောက်ရာကို ဟုတ်မှန်တိုင်း မသိ၊ ထိုသူသည် ဗျာပါဒကိုသာလျှင် အတွင်းပြု၍ရှု၏၊ ကြံမှိုင်၏၊ တစိမ့်စိမ့်ရှု၏၊ အဖန်တလဲလဲရှု၏။ ထိနမိဒ္ဓထက် ဝန်းကျင် ထကြွသော ထိနမိဒ္ဓနှိပ်စက်သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်သော ထိနမိဒ္ဓ၏ထွက်မြောက် ရာကို ဟုတ်မှန်တိုင်း မသိ၊ ထိုသူသည် ထိနမိဒ္ဓကိုသာလျှင် အတွင်းပြု၍ရှု၏၊ ကြံမှိုင်၏၊ တစိမ့်စိမ့်ရှု ၏။ အဖန်တလဲလဲရှု၏၊ ဥဒ္ဓစ္စကုက္ကုစ္စ ထက်ဝန်းကျင်ထကြွသော ဥဒ္ဓစ္စကုက္ကုစ္စနှိပ်စက်သော စိတ်ဖြင့်

http://www.dhammadownload.com



နေ၏၊ ဖြစ်ပေါ်သော ဥဒ္ဓစ္စကုက္ကုစ္စ၏ ထွက်မြောက်ရာကို ဟုတ်မှန်တိုင်းမသိ၊ ထိုသူသည် ဥဒ္ဓစ္စကုက္ကုစ္စကိုသာလျှင် အတွင်းပြု၍ ရှု၏၊ ကြံမှိုင်၏၊ တစိမ့်စိမ့်ရှု၏၊ အဖန်တလဲလဲရှု၏။ ဝိစိကိစ္ဆာထက်သန်းကျင်ထကြွသော ဝိစိကိစ္ဆာနှိပ်စက်သောစိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်သော ဝိစိကိစ္ဆာ၏ထွက်မြောက်ရာကို ဟုတ်မှန်တိုင်းမသိ၊ ထိုသူသည် ဝိစိကိစ္ဆာကိုသာလျှင် အတွင်းပြု၍ရှု၏၊ ကြံမှိုင်၏၊ တစိမ့်စိမ့်ရှု၏၊ အဖန်တလဲလဲရှု၏။ ပုဏ္ဏား ထိုမြတ်စွာဘုရားသည် ဤသို့ သဘောရှိသော ဈာန်မျိုးကို ချီးမွမ်းတော်မမူ။

ပုဏ္ဏား ထိုမြတ်စွာဘုရားသည် အဘယ်သို့သဘောရှိသောဈာန်ကို ချီးမွမ်းသနည်း၊ ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' တို့၏ ငြိမ်းအေးခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ပ။စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ပုဏ္ဏား ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဈာန်မျိုးကို ချီးမွမ်းတော်မူ၏ဟု(မိန့်ဆို၏)။

အသျှင်အာနန္ဒာ ထိုအသျှင်ဂေါတမသည် ကဲ့ရဲ့ထိုက်သောဈာန်ကို ကဲ့ရဲ့ပေ၏တကား၊ ချီးမွမ်းထိုက်သောဈာန်ကို ချီးမွမ်းပေ၏တကား၊ အသျှင်အာနန္ဒာ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုလုပ်ဖွယ် ရှိပါကုန်၏ဟု (လျှောက်၏)။ ပုဏ္ဏား ယခုအခါ၌ သွားရန် (အချိန်)ကို သင်သိ၏၊ သွားရန်မှာ သင်၏အလိုအတိုင်းပင် ဖြစ်၏ဟု (မိန့်ဆို၏)။ ထိုအခါ မဂဓတိုင်း၏အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် အသျှင်အာနန္ဒာ ပြောသောစကားကို အလွန်နှစ်သက်ဝမ်းမြောက်လျက် နေရာမှထကာ ဖဲသွား၏။

ထိုအခါ ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားသည် မဂဓတိုင်း၏အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏား ဖဲသွား၍ မကြာမီ အသျှင်အာနန္ဒာအား ဤစကားကို လျှောက်ထား၏— "အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာအား အကြင်ပုစ္ဆာကိုမေးခဲ့ကုန်၏၊ထိုပုစ္ဆာကို အကျွန်ုပ် အား အသျှင်အာနန္ဒာသည် မဖြေကြားခဲ့"ဟု (ဤစကားကို လျှောက်၏)။ ပုဏ္ဏား သင့်အား ဖြေကြားခဲ့ကုန်ပြီ မဟုတ်လော။ "ပုဏ္ဏား အကြင်တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မပေါက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားဖြစ်၏၊ ထိုတရားတို့နှင့် အချင်းခပ်သိမ်း လုံဝပြည့်စုံသော ရဟန်းတပါးမျှ မရှိသည်သာတည်း။ ပုဏ္ဏား မှန်၏၊ ထိုမြတ်စွာဘုရားသည် မဖြစ်သေးသော မဂ်လမ်းကို ဖြစ်စေတော်မူ၏၊ ထင်ရှားမဖြစ်သေးသော မဂ်လမ်းကို ထင်ရှားဖြစ်စေတော်မူ၏၊ သူတပါးတို့ မဟောကြားသေးသော မဂ်လမ်းကို ဟောကြားတော်မူ၏၊ မဂ်လမ်းကို သိတော်မူ၍ 'မဂ္ဂညူ'မည်တော်မူ၏၊ မဂ်လမ်းကို အထင်အရှားသိတော်မူ၍ 'မဂ္ဂဝိဒူ' မည်တော်မူ၏၊ မဂ်လမ်းကို လိမ္မာကျွမ်းကျင်တော်မူ၍ 'မဂ္ဂကောဝိဒ'မည်တော်မူ၏၊ ယခုအခါ၌ကား တပည့်သာဝကတို့သည် မဂ်လမ်းသို့ အစဉ်လိုက်ကုန်လျက် နောက်အခါ မဂ်နှင့်ပြည့်စုံ၍ နေကြကုန်၏"ဟု (ဖြေကြားခဲ့ကုန်ပြီ မဟုတ်လောဟု မိန့်တော်မူ၏)။

ရှစ်ခုမြောက် ဂေါပကမောဂ္ဂလ္လာနသုတ် ပြီး၏။

http://www.dhammadownload.com



## ၉-မဟာပုဏ္ဏမသုတ်

၇၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် တဆယ့်ငါးရက်မြောက်သော လပြည့်ဥပုသ်နေ့ညဉ့်၌ ရဟန်း အပေါင်းခြံရံလျက် လွင်တီးပြင်၌ ထိုင်နေတော်မူ၏။ ထိုအခါ ရဟန်းတပါးသည် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကို စမွယ်တင်လျက် ဘုရားရှိတော်မူရာသို့ လက်အုပ်ချီ၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား ပြဿနာကို ဖြေခြင်းငှါ အကယ်၍ ခွင့်ပြုသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာဘုရားအား တခုသော အကြောင်းကို မေးလျှောက်လိုပါ၏ဟု (ဤစကားကို လျှောက်ထား၏)။ ရဟန်း ထိုသို့မေးလိုမူ မိမိနေရာ၌ ထိုင်၍ ထိုအလိုရှိသော အကြောင်းကို မေးလော့ဟု (မိန့်တော်မူ၏)။

၇၆။ ထိုအခါ ထိုရဟန်းသည် မိမိနေရာ၌ ထိုင်၍ မြတ်စွာဘုရားအား ဤစကားကို မေး လျှောက်၏—"အသျှင်ဘုရား ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ သညာဟူသော ဥပါဒါနက္ခန္ဓာ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ ဤသည်တို့ပါလော"ဟု (လျှောက်၏)။ ရဟန်း ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ သညာဟူသော ဥပါဒါနက္ခန္ဓာ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ ဤသည်တို့ တည်းဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန် နှစ်သက်ဝမ်းမြောက်၍ မြတ်စွာဘုရားကို တဆင့်တက်၍ မေးလျှောက်၏ "အသျှင်ဘုရား ငါးပါး ကုန်သော ဤဥပါဒါနက္ခန္ဓာတို့သည် အဘယ်တရားလျှင် အကြောင်းရင်းရှိပါကုန်သနည်း"ဟု (လျှောက်၏)။ ရဟန်း ငါးပါးကုန်သော ဤဥပါဒါနက္ခန္ဓာတို့သည် တဏှာလျှင် အကြောင်းရင်းရှိ ကုန်၏ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ထိုဥပါဒါန်သည်ပင်လျှင် ထိုငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ ဖြစ်ကုန်သလော၊ သို့မဟုတ် ဥပါဒါန်သည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့မှ ကင်း၍ဖြစ် သလော်ဟု (လျှောက်၏)။ ရဟန်း ထိုဥပါဒါန်သည်ပင်လျှင် ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့ မဖြစ်ကုန်၊ ဥပါဒါန်သည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့မှ ကင်း၍လည်း မဖြစ်ကုန်၊ ရဟန်း ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ အကြင်သို့ချင်တပ်မက်မှုသည် ရှိ၏၊ ထိုလိုချင်တပ်မက်မှုသည် ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဥပါဒါန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်မှု ထူးခြားခြင်းသည် ဖြစ် ကောင်းပါသလောဟု (လျှောက်၏)။ "ရဟန်း ဖြစ်ကောင်း၏"ဟု မြတ်စွာဘုရားသည် မိန့်တော် မူ၏။ ရဟန်း ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား ဤသို့ အကြံဖြစ်၏— "နောင်အခါ၌ ဤသို့ ရုပ်ရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ ဝေဒနာရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ သညာ ရှိသည် ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ သင်္ခါရရှိသည်ဖြစ်လို၏၊ နောင်အခါ၌ ဤသို့ ဝိညာဏ်

http://www.dhammadownload.com



ရှိသည် ဖြစ်လို၏”ဟု အကြံဖြစ်၏။ ရဟန်း ဤသို့လျှင် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်မှု ထူးခြားခြင်းသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား အဘယ်မျှသော အတိုင်းအရှည်ဖြင့် ခန္ဓာတို့၏ ခန္ဓာဟူသော အမည်ခေါ်ဝေါ်ခြင်းဖြစ်ပါသနည်းဟု (လျှောက်၏)။ ရဟန်း အတွင်းသန္တာန်၌ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ တည်သည်ဖြစ်စေ အနီး၌ တည်သည်ဖြစ်စေ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အမှတ်မရှိ အလုံးစုံသောဤရုပ်သည် ရူပက္ခန္ဓာမည်၏။ အတွင်းသန္တာန်၌ ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌တည်သည်ဖြစ်စေ အနီး၌တည်သည်ဖြစ်စေ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အမှတ်မရှိ အလုံးစုံသော ဤဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ပ။ အဝေး၌တည်သည်ဖြစ်စေ အနီး၌တည်သည်ဖြစ်စေ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အမှတ်မရှိ အလုံးစုံသော ဤသညာသည် သညာက္ခန္ဓာမည်၏။ အတွင်းသန္တာန်၌ ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ တည်သည်ဖြစ်စေ အနီး၌တည်သည်ဖြစ်စေ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အမှတ်မရှိ အလုံးစုံသော ဤသင်္ခါရသည် သင်္ခါရက္ခန္ဓာမည်၏။ အတွင်းသန္တာန်၌ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ တည်သည်ဖြစ်စေ အနီး၌ တည်သည်ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အမှတ်မရှိ အလုံးစုံသော ဤဝိညာဏ်သည် ဝိညာဏက္ခန္ဓာမည်၏။ ရဟန်း ဤမျှလောက်သော အတိုင်းအရှည်ဖြင့် ခန္ဓာတို့၏ ခန္ဓာဟူသောအမည်ခေါ်ဝေါ်ခြင်းသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရူပက္ခန္ဓာကို (သဟဇာတ အဟေတု စသော အပြားတို့ဖြင့်) သိစေခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့သည် အဘယ်ပါနည်း၊ ဝေဒနာက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့သည် အဘယ်ပါနည်း၊ သညာက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့သည် အဘယ်ပါနည်း၊ သင်္ခါရက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့သည် အဘယ်ပါနည်း၊ ဝိညာဏက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့သည် အဘယ်ပါနည်းဟု (လျှောက်၏)။

ရဟန်း ရူပက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် မဟာဘုတ်လေးပါးတို့တည်း၊ အထောက်အပံ့သည် မဟာဘုတ်လေးပါးတို့တည်း။ ဝေဒနာက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် ဖဿတည်း၊ အထောက်အပံ့သည် ဖဿတည်း။ သညာက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် ဖဿတည်း၊ အထောက်အပံ့သည် ဖဿတည်း။ သင်္ခါရက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် ဖဿတည်း၊ အထောက်အပံ့သည် ဖဿတည်း။ ရဟန်း ဝိညာဏက္ခန္ဓာကို သိစေခြင်း၏ အကြောင်းရင်းသည် နာမ်ရုပ်တည်း၊ အထောက်အပံ့သည် နာမ်ရုပ်တည်းဟု (မိန့်တော်မူ၏)။

၈၇။ အသျှင်ဘုရား သက္ကာယဒိဋ္ဌိသည် အဘယ်သို့ ဖြစ်ပါသနည်းဟု (လျှောက်၏)။ ရဟန်း ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော အရိယာတရား၌ မကျွမ်းကျင်သော အရိယာ

http://www.dhammadownload.com



တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော သူတော်ကောင်း တရား၌ မကျွမ်းကျင်သော သူတော်ကောင်းတရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု ရှု၏၊ (ကြွင်းခန္ဓာကို)ရုပ်ရှိသောအတ္တဟုရင်း အတ္တ၌ ရုပ်ဟုရင်း ရုပ်၌ အတ္တဟုရင်း ရှု၏၊ ခံစားမှု'ဝေဒနာ'ကို အတ္တဟု ရှု၏၊(ကြွင်းခန္ဓာကို)ဝေဒနာရှိသော အတ္တဟုရင်း အတ္တ၌ ဝေဒနာဟုရင်း ဝေဒနာ၌ အတ္တဟုရင်း ရှု၏။ မှတ်သားမှု'သညာ'ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) သညာရှိသော အတ္တဟုရင်း အတ္တ၌ သညာဟုရင်း သညာ၌ အတ္တဟုရင်း ရှု၏။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) သင်္ခါရရှိသော အတ္တဟုရင်းအတ္တ၌ သင်္ခါရဟုရင်း သင်္ခါရတို့၌ အတ္တဟုရင်း ရှု၏။အထူးသိမှု 'ဝိညာဏ်'ကို အတ္တဟု ရှု၏၊(ကြွင်းခန္ဓာကို)ဝိညာဏ်ရှိသော အတ္တဟုရင်း အတ္တ၌ ဝိညာဏ်ဟုရင်း ဝိညာဏ်၌ အတ္တဟုရင်း ရှု၏။ ရဟန်း ဤသို့လျှင် သက္ကာယဒိဋ္ဌိသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သက္ကာယဒိဋ္ဌိသည် အဘယ်သို့ မဖြစ်ပါသနည်းဟု (လျှောက်၏)။ ရဟန်း ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ ကျွမ်းကျင်သော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတို့၏ တရား၌ ကျွမ်းကျင်သော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု မရှု၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှု'ဝေဒနာ'ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) ဝေဒနာရှိသော အတ္တဟု မရှု၊ အတ္တ၌ ဝေဒနာဟု မရှု၊ဝေဒနာ၌ အတ္တဟုမရှု။ မှတ်သားမှု'သညာ'ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) သညာရှိသော အတ္တဟု မရှု၊ အတ္တ၌ သညာဟု မရှု၊ သညာ၌ အတ္တဟု မရှု။ ပြုစီရင်မှု'သင်္ခါရ'တို့ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) သင်္ခါရရှိသော အတ္တဟု မရှု၊ အတ္တ၌ သင်္ခါရတို့ဟု မရှု၊ သင်္ခါရတို့၌ အတ္တဟု မရှု။ အထူးသိမှု 'ဝိညာဏ်'ကို အတ္တဟု မရှု၊(ကြွင်းခန္ဓာကို) ဝိညာဏ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ဝိညာဏ်ဟု မရှု၊ ဝိညာဏ်၌ အတ္တဟု မရှု။ ရဟန်း ဤသို့လျှင် သက္ကာယဒိဋ္ဌိသည် မဖြစ်ဟု (မိန့်တော်မူ၏)။

၈၈။ အသျှင်ဘုရား ရုပ်၌ သာယာဖွယ်သည် အဘယ်ပါနည်း၊ အပြစ်သည် အဘယ်ပါနည်း၊ ထွက်မြောက်ရာသည် အဘယ်ပါနည်း။ ဝေဒနာ၌ သာယာဖွယ်သည် အဘယ်ပါနည်း၊ အပြစ်သည် အဘယ်ပါနည်း၊ ထွက်မြောက်ရာသည် အဘယ်ပါနည်း။ သညာ၌ သာယာဖွယ်သည်အဘယ်ပါနည်း၊ အပြစ်သည် အဘယ်ပါနည်း၊ ထွက်မြောက်ရာသည် အဘယ်ပါနည်း။ သင်္ခါရတို့၌ သာယာဖွယ်သည် အဘယ်ပါနည်း၊ အပြစ်သည် အဘယ်ပါနည်း၊ ထွက်မြောက်ရာသည် အဘယ်ပါနည်း။ ဝိညာဏ်၌ သာယာဖွယ်သည် အဘယ်ပါနည်း၊ အပြစ်သည် အဘယ်ပါနည်း၊ ထွက်မြောက်ရာသည် အဘယ်ပါနည်းဟု (လျှောက်၏)။ ရဟန်း ရုပ်ကိုစွဲ၍ဖြစ်သော ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းသည် ရုပ်၌ သာယာဖွယ်မည်၏။ ရုပ်၏ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ပြောင်းလဲခြင်း သဘောသည် ရုပ်၌ အပြစ်မည်၏။ ရုပ်၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် ရုပ်၌ ထွက်မြောက်ခြင်းမည်၏။ ရဟန်း ဝေဒနာကို စွဲ၍။ သညာကို စွဲ၍။ သင်္ခါရတို့ကို စွဲ၍။ ဝိညာဏ်ကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းသည် ဝိညာဏ်၌ သာယာဖွယ်မည်၏။ ဝိညာဏ်၏ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်း ပြောင်းလဲခြင်း သဘောသည် ဝိညာဏ်၌ အပြစ်မည်၏။ ဝိညာဏ်၌လိုချင်တပ်မက်မှုကို ဖျောက်ခြင်း လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် ဝိညာဏ်၌ ထွက်မြောက်ခြင်းမည်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၈၉။ အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူမှာ ဤဝိညာဏ်ရှိသော မိမိကိုယ်ကောင် သူတပါးကိုယ်ကောင် အလုံးစုံသော ရုပ်နိမိတ်တို့၌ ငါဟူသော အခြင်းအရာ ငါ့ဉစ္စာဟူသော အခြင်းအရာဖြင့် အထင်ကိန်းနေမှု 'မာနာနုသယ' တို့သည် မဖြစ်ကုန်သနည်းဟု (လျှောက်၏)။ ရဟန်း အတွင်းသန္တာန်၌ ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည် ဖြစ်စေ သိမ်မွေ့သည် ဖြစ်စေ ယုတ်သည် ဖြစ်စေ မြတ်သည် ဖြစ်စေ အဝေး၌တည်သည် ဖြစ်စေ အနီး၌တည်သည် ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသောရုပ်ကို "ဤရုပ်သည် ငါ၏ဉစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့ဟုတ်မှန်တိုင်း ကောင်းသောပညာဖြင့် ရှု၏။ အလုံးစုံသော ဝေဒနာကို။ အလုံးစုံသောသညာကို။ အလုံးစုံသော သင်္ခါရတို့ကို အတွင်းသန္တာန်၌ဖြစ်သည် ဖြစ်စေ အပသန္တာန်၌ဖြစ်သည် ဖြစ်စေ ရုန့်ရင်းသည် ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်ညံ့သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌တည်သည် ဖြစ်စေ အနီး၌တည်သည် ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ဝိညာဏ်ကို "ဤဝိညာဏ်သည် ငါ၏ဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ် ဤဝိညာဏ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့ ဟုတ်မှန်တိုင်း ကောင်းသောပညာဖြင့် ရှု၏။ ရဟန်း ဤသို့သိသော ဤသို့မြင်သောသူမှာ ဤဝိညာဏ်ရှိသော မိမိကိုယ်ကောင် သူတပါးကိုယ်ကောင် အလုံးစုံသော ရုပ်နိမိတ်တို့၌ ငါဟူသောအခြင်းအရာ ငါ့ဉစ္စာဟူသောအခြင်းအရာဖြင့် အထင်ကိန်းနေမှု 'မာနာနုသယ' တို့သည် မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

၉၀။ ထိုအခါ တပါးသောရဟန်းအား ဤသို့ စိတ်အကြံဖြစ်၏—"အချင်းတို့ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်၊ ဝိညာဏ်သည် အတ္တမဟုတ်သတတ်၊ အတ္တသဘောကင်းသော ခန္ဓာအစု၌တည်၍ ပြုထားကုန်သော အမှုတို့သည် အဘယ်အတ္တကို တွေ့ထိကုန်အံ့နည်း"ဟု (စိတ်အကြံဖြစ်၏)။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့် သိ၍ ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ ဤလောက၌ အချို့သော မသိသော အဝိဇ္ဇာ ဖုံးသော မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော သူသည် တဏှာကြီးစိုးသော စိတ်ဖြင့် 'အချင်းတို့ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်၊ ဝိညာဏ်သည် အတ္တမဟုတ်သတတ်၊ အတ္တသဘောကင်းသော ခန္ဓာအစု၌တည်၍ ပြုထားသော အမှုတို့သည် အဘယ်အတ္တကို တွေ့ထိကုန်အံ့နည်း"ဟု မြတ်စွာဘုရား၏ အဆုံးအမတော်ကို ကျော်လွန်သွားသင့်၏ဟု မှတ်ထင်ရာ၏။ ရဟန်းတို့ ငါသည် သင်တို့ကို ထိုထို တရားတို့၌ အဖန်ဖန် သွန်သင်ထား၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမြဲပါဟု (လျှောက်ကြကုန်၏)။ မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏ဟု (လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို "ဤရုပ်သည် ငါ့ဉစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ့ကိုယ်'အတ္တ'တည်း"ဟု ရှုရန် သင့်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှုသင့်ပါဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ခံစားခြင်း 'ဝေဒနာ'သည် မှတ်သားခြင်း 'သညာ'သည် ပြုစီရင်မှု 'သင်္ခါရ' တို့သည် အထူးသိမှု 'ဝိညာဏ်'သည် မြဲသလော မမြဲသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမြဲပါဟု (လျှောက်ကြကုန်၏)။ မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလောဟု (မေးတော်မူ၏။)

http://www.dhammadownload.com



အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏ဟု(လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို "ဤဝိညာဏ်သည် ငါ့ဉစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ့ကိုယ်'အတ္တ'တည်း"ဟု ရှုရန် သင့်သလောဟု(မေးတော်မူ၏)။အသျှင်ဘုရား မရှုသင့်ပါဟု(လျှောက်ကြကုန်၏)။

ရဟန်းတို့ ထို့ကြောင့် အတွင်းသန္တာန်၌ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည် ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ တည်သည်ဖြစ်စေ အနီး၌ တည်သည် ဖြစ်စေ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ရုပ်ကို "ဤရုပ်သည် ငါ့ဉစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ် 'အတ္တ' မဟုတ်" ဟု ဤရုပ်ကို ဟုတ်မှန်တိုင်း ကောင်းစွာပညာဖြင့် ရှုရမည်။ အလုံးစုံသော ခံစားခြင်း 'ဝေဒနာ'ကို။ အလုံးစုံသော မှတ်သားခြင်း 'သညာ'ကို။ အလုံးစုံသော ပြုစီရင်မှု 'သင်္ခါရ'တို့ကို အတွင်းသန္တာန်၌ ဖြစ်သည်ဖြစ်စေ အပသန္တာန်၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည် ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ တည်သည်ဖြစ်စေ အနီး၌ တည်သည်ဖြစ်စေ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော အထူးသိမှု 'ဝိညာဏ်'ကို "ဤဝိညာဏ်သည် ငါ့ဉစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ့ကိုယ် 'အတ္တ' မဟုတ်" ဟု ဟုတ်မှန်တိုင်း ကောင်းစွာ ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ရှုမြင်သည်ရှိသော် အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့် 'သာဝက' သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်မက်ခြင်းကင်း၏၊ တပ်မက်ခြင်း ကင်းသော် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်ပြီးသော် အရဟတ္တဖိုလ်၌ ကိလေသာမှလွတ်မြောက်ပြီး ဖြစ်၏ဟု ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ "ပဋိသန္ဓေ တည်နေမှု ကုန်ဆုံးပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ဖြစ်သော (မဂ်) ကိစ္စ တဆယ့် ခြောက်ပါးကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စ ဖြစ်ခြင်းငှါ (ငါ့အား)တပန် မဂ်ကို ပွါးများခြင်း ကိစ္စမရှိ တော့ပြီ"ဟု ခွဲခြား၍ သိ၏ဟု(မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထို ရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို ဝမ်းမြောက် ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ၊ ဤအမေးအဖြေ ဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်အတိုင်း အရှည်ရှိကုန်သော ရဟန်းတို့၏ စိတ်တို့သည် တစုံကခုကိုမျှ မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်ကုန်၏။

ကိုးခုမြောက် မဟာပုဏ္ဏမသုတ် ပြီး၏။

---

## ၁၀-စူဠပုဏ္ဏမသုတ်

၉၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း ဝိသာခါ၏ ပြာသာဒ်၌ သီတင်း သုံးနေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် တဆယ့် ငါးရက် မြောက်သော ထိုလပြည့် ဥပုသ် နေ့ညဉ့်၌ ရဟန်းအပေါင်း ခြံရံလျက် လွင်တီးပြင်၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည်

http://www.dhammadownload.com



တိတ်တိတ် ဆိတ်ဆိတ်ဖြစ်သော ရဟန်းအပေါင်းကို ကြည့်ရှုတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ သူယုတ်မာသည် သူယုတ်မာကို "ဤအသျှင်သည် သူယုတ်မာတည်း ဟု သိနိုင်သလော" ဟု မေးတော်မူ၏)။ အသျှင်ဘုရား မသိနိုင်ပါဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဟုတ်မှန်၏၊ ရဟန်းတို့ သူယုတ်မာသည် သူယုတ်မာကို "ဤအသျှင်သည် သူယုတ်မာတည်း" ဟု သိနိုင်ခြင်းသည် အကြောင်းမဟုတ် အရာမဟုတ်။ ရဟန်းတို့ သူယုတ်မာသည် သူတော်ကောင်းကို "ဤအသျှင်သည် သူတော်ကောင်းတည်းဟု သိနိုင်သလော" ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသိနိုင်ပါဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဟုတ်မှန်၏၊ ရဟန်းတို့ သူယုတ်မာသည် သူတော်ကောင်းကို "ဤအသျှင်သည် သူတော်ကောင်းတည်း" ဟု သိနိုင်ခြင်းသည် အကြောင်းမဟုတ် အရာမဟုတ်။ ရဟန်းတို့ သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံ၏၊ သူယုတ်မာ၌ ဆည်းကပ်ခြင်းရှိ၏၊ သူယုတ်မာတို့၏ အကြံကို ကြံလေ့ရှိ၏၊ သူယုတ်မာတို့၏ အတိုင်အပင်ကို တိုင်ပင်လေ့ ရှိ၏၊ သူယုတ်မာစကားကို ပြောလေ့ရှိ၏၊ သူယုတ်မာအမှုကို ပြုလေ့ရှိ၏၊ သူယုတ်မာအယူကို ယူလေ့ရှိ၏၊ သူယုတ်မာတို့၏ အလှူကို ပေးလှူ၏။

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာတရားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် ယုံကြည်မှု သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ အကြောက်မရှိ၊ အကြားအမြင်နည်း၏၊ ပျင်းရိ၏၊ သတိမေ့၏၊ ပညာကင်း၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာတရားနှင့်ပြည့်စုံ၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာ၌ ဆည်းကပ်ခြင်းရှိသနည်း၊ ရဟန်းတို့ ဤလောက၌ ယုံကြည်ခြင်း သဒ္ဓါတရားမရှိကုန် အရှက်မရှိကုန် အလန့်မရှိကုန် အကြားအမြင်နည်းကုန် ပျင်းရိကုန် သတိမေ့ကုန် ပညာကင်းကုန်သော သမဏဗြာဟ္မဏတို့သည် သူယုတ်မာ၏ မိတ်ဆွေဖြစ်ကုန်၏၊ အပေါင်းအဖော်ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာ၌ ဆည်းကပ်ခြင်း ရှိ၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာအကြံကို ကြံလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် မိမိကိုဆင်းရဲစေခြင်းငှါလည်း ကြံ၏၊ သူတပါးကို ဆင်းရဲစေခြင်းငှါလည်း ကြံ၏၊ နှစ်ဦးလုံးကို ဆင်းရဲစေခြင်းငှါလည်း ကြံ၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာအကြံကို ကြံလေ့ရှိ၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာအတိုင်ပင်ကို တိုင်ပင်လေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် မိမိကိုဆင်းရဲစေခြင်းငှါလည်း တိုင်ပင်၏၊ သူတပါးကို ဆင်းရဲစေခြင်းငှါလည်း တိုင်ပင်၏၊ နှစ်ဦးလုံးကို ဆင်းရဲစေခြင်းငှါလည်း တိုင်ပင်၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာအတိုင်ပင်ကို တိုင်ပင်လေ့ရှိ၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာစကားကို ပြောဆိုလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းချောစကားကို ပြောဆိုလေ့ရှိ၏၊ ကြမ်းထမ်းသောစကားကို ပြောဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိ၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာစကားကို ပြောဆိုလေ့ရှိ၏။ (၅)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာအမှုကို ပြုလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းသော အကျင့်ကို ကျင့်လေ့ရှိ၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာအမှုကို ပြုလေ့ရှိ၏။ (၆)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာ၏အယူကို ယူလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် "ပေးလှူအပ်သောအလှူ၏အကျိုးသည် မရှိ၊ ယဇ်ခေါ် ပူဇော်မှုကြီး၏ အကျိုးသည် မရှိ၊ ဟုံးပူဇော်ခြင်း၏ အကျိုးသည် မရှိ၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိ၌ပြုအပ်သော အကျိုးသည် မရှိ၊ အဖ၌ပြုအပ်သော အကျိုးသည် မရှိ၊ (တဆယ့်ငါးနှစ်ရွယ် ပဋိသန္ဓေအားဖြင့် ကိုယ်ထင်ရှား ဖြစ်ပေါ်လာသော) ဥပပါတ်သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်"ဟု ဤသို့ အယူရှိ၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာ၏အယူကို ယူလေ့ရှိ၏။ (၇)

ရဟန်းတို့ အဘယ်သို့လျှင် သူယုတ်မာသည် သူယုတ်မာတို့၏ အလှူကို ပေးလှူသနည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် အလှူကို မရိုသေ လှူ၏၊ ကိုယ်တိုင် မပေးလှူ၊ စိတ်ပါလက်ပါ မပေးလှူ၊ စွန့်ပစ်သကဲ့သို့ ပေးလှူ၏၊ အကျိုးရှိသိမ့်မည်ဟု အယူမရှိပဲ ပေးလှူ၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်မာသည် သူယုတ်မာတို့၏ အလှူကို ပေးလှူ၏။ (၈)

ရဟန်းတို့ ထိုသူယုတ်မာသည် ဤသို့ သူယုတ်မာတရားနှင့် ပြည့်စုံ၍ ဤသို့ သူယုတ်မာ၌ ဆည်းကပ်ခြင်းရှိ၍ ဤသို့သူယုတ်မာအကြံကို ကြံလေ့ရှိ၍ ဤသို့ သူယုတ်မာတို့၏ အတိုင်ပင်ကို တိုင်ပင်လေ့ရှိ၍ ဤသို့သူယုတ်မာတို့၏စကားကို ပြောဆို၍ ဤသို့ သူယုတ်မာ၏အမှုကို ပြုလေ့ရှိ၍ ဤသို့ သူယုတ်မာတို့၏ အယူကိုယူလေ့ရှိ၍ ဤသို့ သူယုတ်မာတို့၏ အလှူကို ပေးလှူ၍ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ သူယုတ်မာတို့၏လားရာဂတိ၌ ဖြစ်ရ၏။ ရဟန်းတို့ သူယုတ်မာတို့၏ လားရာဂတိကား အဘယ်နည်း၊ ငရဲသော်လည်း တိရစ္ဆာန်သော်လည်း ဖြစ်၏။

၉၂။ ရဟန်းတို့ သူတော်ကောင်းသည် သူတော်ကောင်းကို "ဤအသျှင်သည် သူတော်ကောင်းတည်း"ဟု သိနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဟုတ်မှန်၏။ ရဟန်းတို့ သူတော်ကောင်းသည် သူတော်ကောင်းကို "ဤအသျှင်သည် သူတော်ကောင်းတည်း"ဟု သိနိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ သူတော်ကောင်းသည် သူယုတ်မာကို "ဤအသျှင်သည် သူယုတ်မာတည်း"ဟု သိနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဟုတ်မှန်၏။ ရဟန်းတို့ သူတော်ကောင်းသည် သူယုတ်မာကို "ဤအသျှင်သည် သူယုတ်မာတည်း"ဟု သိနိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ သူတော်ကောင်းသည် သူတော်ကောင်းတရားနှင့်ပြည့်စုံ၏၊ သူတော်ကောင်း၌ ဆည်းကပ်ခြင်းရှိ၏၊ သူတော်ကောင်းအကြံကို ကြံလေ့ရှိ၏၊ သူတော်ကောင်းတို့ အတိုင်ပင်ကို တိုင်ပင်လေ့ရှိ၏၊ သူတော်ကောင်းတို့၏စကားကို ပြောဆို၏၊

http://www.dhammadownload.com



သူတော်ကောင်းတို့၏ အမှုကို ပြုလုပ်၏၊ သူတော်ကောင်းတို့၏ အယူကို ယူလေ့ရှိ၏၊ သူတော်ကောင်းတို့၏ အလှူကို ပေးလှူ၏။

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းတရားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် ယုံကြည်မှု သဒ္ဓါတရားရှိ၏၊ အကုသိုလ်မှ ရှက်ခြင်းရှိ၏၊ အကုသိုလ်မှ လန့်ခြင်းရှိ၏၊ အကြားအမြင်များ၏၊ လုံ့လကို အားထုတ်၏၊ ရှေးရှုထင်သော သတိရှိ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်း၌ ဆည်းကပ်ခြင်းရှိသနည်း၊ ရဟန်းတို့ ဤလောက၌ ယုံကြည်မှုသဒ္ဓါတရားရှိကုန်သော အကုသိုလ်မှ ရှက်ခြင်းရှိကုန်သော အကုသိုလ်မှ လန့်ခြင်းရှိကုန်သော အကြားအမြင်များကုန်သော လုံ့လကိုအားထုတ်ကုန်သော ရှေးရှုထင်သော သတိရှိကုန်သော ပညာရှိကုန်သော သမဏဗြာဟ္မဏတို့သည် ထိုသူတော်ကောင်း၏ မိတ်ဆွေဖြစ်ကုန်၏၊အပေါင်းအဖော်ဖြစ်ကုန်၏။ရဟန်းတို့ ဤ သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်း၌ ဆည်းကပ်ခြင်းရှိ၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအကြံကို ကြံလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် မိမိဆင်းရဲစေခြင်းငှါ မကြံ၊ သူတပါးကို ဆင်းရဲစေခြင်းငှါ မကြံ၊ နှစ်ဦးလုံးကို ဆင်းရဲစေခြင်းငှါ မကြံ။ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအကြံကို ကြံလေ့ရှိ၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအတိုင်ပင်ကို တိုင်ပင်လေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် မိမိကို ဆင်းရဲစေခြင်းငှါ မတိုင်ပင်၊ သူတပါးကို ဆင်းရဲစေခြင်းငှါ မတိုင်ပင်၊ နှစ်ဦးလုံးကို ဆင်းရဲစေခြင်းငှါ မတိုင်ပင်။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအတိုင်ပင်ကို တိုင်ပင်လေ့ရှိ၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းစကားကို ပြောဆိုသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုံးစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းစကားကို ပြောဆို၏။ (၅)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအမှုကို ပြုလုပ်သနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းသောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအမှုကို ပြုလုပ်၏။ (၆)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းတို့၏ အယူကို ယူလေ့ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် ဤသို့ ယူလေ့ရှိ၏ "ပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏၊ယဇ်ခေါ် ပူဇော်မှုကြီးခြင်း၏ အကျိုးသည် ရှိ၏၊ဟုံးပူဇော်ခြင်း၏အကျိုးသည် ရှိ၏၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ဤလောကသည် ရှိ၏၊တပါးသော

http://www.dhammadownload.com



လောကသည် ရှိ၏၊ အမိ၌ပြုအပ်သော အကျိုးသည် ရှိ၏၊ အဖ၌ပြုအပ်သော အကျိုးသည် ရှိ၏၊ (တဆယ့်ငါးနှစ်ရှယ် ပဋိသန္ဓေအားဖြင့် ကိုယ်ထင်ရှားဖြစ်ပေါ်လာသော) ဥပပါတ်သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏" ဟု ဤသို့အယူ ရှိ၏။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းအယူကို ယူလေ့ရှိ၏။ (၇)

ရဟန်းတို့ အဘယ်သို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းတို့၏ အလှူကို ပေးလှူသနည်း၊ ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် အလှူကို ရိုရိုသေသေ ပေးလှူ၏၊ ကိုယ်တိုင်လှူ၏၊ စိတ်ပါလက်ပါလှူ၏၊ စွန့်ပစ်သကဲ့သို့ မလှူ၊ အကျိုးရှိလိမ့်မည်ဟု အယူရှိ၍ လှူ၏။ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းသည် သူတော်ကောင်းတို့၏ အလှူကို လှူ၏။ (၈)

ရဟန်းတို့ ထိုသူတော်ကောင်းသည် ဤသို့ သူတော်ကောင်းတရားနှင့်ပြည့်စုံ၍ ဤသို့ သူတော်ကောင်း၌ ဆည်းကပ်ခြင်းရှိ၍ ဤသို့ သူတော်ကောင်းအကြံကို ကြံလေ့ရှိ၍ ဤသို့ သူတော်ကောင်း အတိုင်ပင်ကို တိုင်ပင်လေ့ရှိ၍ ဤသို့ သူတော်ကောင်းစကားကို ပြောဆို၍ ဤသို့ သူတော်ကောင်း တို့၏ အမှုကိုပြုလုပ်၍ ဤသို့ သူတော်ကောင်းအယူကို ယူလေ့ရှိ၍ ဤသို့ သူတော်ကောင်းတို့၏ အလှူကိုလှူ၍ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ သူတော်ကောင်းတို့၏ လားရာဂတိ၌ ဖြစ်ရာ၏။ ရဟန်းတို့ သူတော်ကောင်းတို့၏ လားရာဂတိသည်ကား အဘယ်နည်း၊ မြတ်သော ခြောက်ပါးသော ကာမာဝစရနတ်အဖြစ်ရင်း မြတ်သော လူအဖြစ်ရင်းတည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ဆယ်ခုမြောက် စူဠပုဏ္ဏမသုတ် ပြီး၏။

## ရှေးဦးစွာသော ဒေဝဒဟဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-အနုပဒဝဂ်

## ၁-အနုပဒသုတ်

၉၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား" ဟုထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သာရိပုတြာသည် (အကြောင်းဟုတ် မဟုတ်ကို) သိသော ပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် မြတ်သောပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် မြေကြီးကဲ့သို့ ကြီးသော ပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် ရွှင်သောပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် လျင်မြန် သော ပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် ထက်မြက်သော ပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာ သည် ကိလေသာကို ဖောက်ခွဲနိုင်သော ပညာရှိ၏၊ ရဟန်းတို့ သာရိပုတြာသည် လခွဲမျှဖြင့် အစဉ် အတိုင်းဖြစ်သော ရှုဖွယ်သဘောတရားကို ရှု၏။ ရဟန်းတို့ ထိုအစဉ်အတိုင်းဖြစ်သော ရှုဖွယ်သဘော တရားတို့ကို ရှုခြင်း၌ ဤဆိုလတ္တံ့သည်ကား သာရိပုတြာ၏ ရှုခြင်းတည်း။

၉၄။ ရဟန်းတို့ သာရိပုတြာသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွ ဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ ပဌမဈာန်သမာပတ် အတွင်း၌ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင် ခြင်း 'ဝိစာရ' နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' စိတ်တည်ကြည်ခြင်း 'ဧကဂ္ဂတာ' တွေ့ထိခြင်း 'ဖဿ' ခံစားခြင်း 'ဝေဒနာ' မှတ်သားခြင်း 'သညာ' တိုက်တွန်းခြင်း 'စေတနာ' အာရုံကိုသိခြင်း 'စိတ်' ပြုလိုခြင်း 'ဆန္ဒ' အာရုံကိုဆုံးဖြတ်ခြင်း 'အဓိမောက္ခ' လုံ့လပြုခြင်း 'ဝီရိယ' အောက်မေ့ခြင်း 'သတိ' လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရားတို့ကို သာရိ ပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍ သိ၏၊ ထိုသဘောတရားတို့သည် ထိုသာရိပုတြာမှာ ထင်ထင် ရှားရှား ဖြစ်ကုန်၏၊ ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏။ "ဤသဘော တရားတို့သည် ရှေးက ထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်းပျက် ကုန်၏" ဟု သာရိပုတြာသည် ဤသို့ သိ၏။ ထိုသာရိပုတြာသည် ထိုသဘောတရားတို့၌ (ရာဂဖြင့်) တပ်ခြင်းမရှိ၊ (ဒေါသဖြင့်)ဖိခြင်းမရှိ၊ (တဏှာဒိဋ္ဌိဖြင့်)မမှီ၊ (ဆန္ဒရာဂဖြင့်)မဖွဲ့၊ (ကာမရာဂမှ) လွတ်၏၊(ဆန့်ကျင်ဘက်တရားတို့နှင့်)မယှဉ်၊အပိုင်းအခြားမရှိသော စိတ်ဖြင့် နေ၏၊ထို သာရိပုတြာ သည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏" ဟု သိ၏။ထိုသိခြင်းကို အထပ်ထပ် ပြုအပ်ခြင်း ကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာ ဖြစ်၏။ (၁)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို

http://www.dhammadownload.com



ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။ဒုတိယဈာန်သမာပတ်အတွင်း၌ မိမိသန္တာန်၌စိတ်ကို ကြည်လင်စေတတ်သောတရား နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'စိတ်တည်ကြည်ခြင်း'ဧကဂ္ဂတာ' တွေ့ထိခြင်း'ဖဿ'ခံစားခြင်း 'ဝေဒနာ'မှတ်သားခြင်း 'သညာ'တိုက်တွန်းခြင်း 'စေတနာ'အာရုံကိုသိခြင်း 'စိတ်'ပြုလိုခြင်း'ဆန္ဒ' အာရုံကို ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'လုံ့လပြုခြင်း 'ဝီရိယ' အောက်မေ့ခြင်း'သတိ' လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် နှလုံးသွင်းခြင်း'မနသိကာရ'၊ ထိုသဘောတရားတို့ကို သာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍သိ၏၊ ထိုသာရိပုတြာအား ထင်ထင်ရှားရှား ဖြစ်ကုန်၏၊ ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏၊ "ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု သာရိပုတြာသည် သိ၏။ ထိုသာရိပုတြာသည် ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊(ဒေါသဖြင့်) ဖဲခြင်း မရှိ၊(တဏှာဒိဋ္ဌိဖြင့်)မမှီ (ဆန္ဒရာဂဖြင့်)မဖွဲ့၊ (ကာမရာဂမှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်းအခြားမရှိသော စိတ်ဖြင့်နေ၏၊ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏၊ ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာရှိသည်သာ တည်းဟု မြဲစွာဖြစ်၏။ (၂)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာသုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် (တတိယဈာန်)ကြောင့် ထိုတတိယဈာန်နှင့် ပြည့်စုံသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏၊ တတိယဈာန် သမာပတ်အတွင်း၌ ချမ်းသာခြင်း 'သုခ' အောက်မေ့ခြင်း 'သတိ' ကောင်းစွာသိခြင်း 'ပညာ' စိတ်တည်ကြည်ခြင်း 'ဧကဂ္ဂတာ' တွေ့ထိခြင်း'ဖဿ' ခံစားခြင်း 'ဝေဒနာ' မှတ်သားခြင်း 'သညာ' တိုက်တွန်းခြင်း 'စေတနာ' အာရုံကိုသိခြင်း 'စိတ်' ပြုလိုခြင်း 'ဆန္ဒ' အာရုံကိုဆုံးဖြတ်ခြင်း'အဓိမောက္ခ' လုံ့လပြုခြင်း'ဝီရိယ' အောက်မေ့ခြင်း'သတိ' လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့် နှလုံးသွင်းခြင်း'မနသိကာရ'၊ ထိုသဘောတရားတို့ကို ထိုသာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍သိ၏။ ထိုသာရိပုတြာအား ထင်ထင်ရှားရှား ဖြစ်ကုန်၏၊ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏။"ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု သာရိပုတြာသည် သိ၏၊ ထိုသာရိပုတြာသည် ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ဆန္ဒရာဂဖြင့်)မဖွဲ့၊ (ကာမရာဂမှ)လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်းအခြားမရှိသောစိတ်ဖြင့်နေ၏၊ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏၊ ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာရှိသည်သာတည်းဟု မြဲစွာဖြစ်၏။ (၃)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် ချမ်းသာခြင်း ဆင်းရဲခြင်းကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ စတုတ္ထဈာန်သမာပတ်အတွင်း၌ လျစ်လျူရှုသော ဒုက္ခလည်းမဟုတ် သုခလည်း

http://www.dhammadownload.com



မဟုတ်သော ခံစားခြင်း'ဝေဒနာ'စိတ်ငြိမ်းအေးခြင်းကြောင့် နှလုံးမသွင်းခြင်း စင်ကြယ်သောသတိ စိတ်၏တည်ကြည်ခြင်း 'ဧကဂ္ဂတာ' တွေ့ထိခြင်း'ဖဿ' ခံစားခြင်း'ဝေဒနာ' မှတ်သားခြင်း'သညာ' တိုက်တွန်းခြင်း'စေတနာ' အာရုံကိုသိခြင်း'စိတ်' ပြုလိုခြင်း'ဆန္ဒ' အာရုံကိုဆုံးဖြတ်ခြင်း'အဓိမောက္ခ' လုံ့လပြုခြင်း'ဝီရိယ' အောက်မေ့ခြင်း'သတိ' လျစ်လျူရှုခြင်း'ပါရိသုဒ္ဓုပေက္ခာ'နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရားတို့ကို ထိုသာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍သိ၏၊ ထင်ထင် ရှားရှား ဖြစ်ပေါ်ကုန်၏၊ ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏၊ "ဤသဘော တရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏" ဟု ထိုသာရိပုတြာသည် သိ၏။ ထိုသာရိပုတြာသည် ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ဆန္ဒရာဂဖြင့်) မဖွဲ့၊ (ကာမရာဂမှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်)မယှဉ်၊ အပိုင်းအခြားမရှိသောစိတ်ဖြင့် နေ၏။ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏။ ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာဖြစ်၏။ (၄)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ အာကာသာနဉ္စာယတန သမာပတ်အတွင်း၌ အာကာသာနဉ္စာယတနသညာ စိတ်၏ တည်ကြည်ခြင်း'ဧကဂ္ဂတာ' တွေ့ထိခြင်း 'ဖဿ' ခံစားခြင်း 'ဝေဒနာ' မှတ်သားခြင်း 'သညာ' တိုက်တွန်းခြင်း 'စေတနာ' အာရုံကိုသိခြင်း 'စိတ်' ပြုလိုခြင်း'ဆန္ဒ' အာရုံကိုဆုံးဖြတ်ခြင်း 'အဓိမောက္ခ' လုံ့လပြုခြင်း'ဝီရိယ' အောက်မေ့ခြင်း 'သတိ' လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရားတို့ကို သာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍ သိ၏၊ ထင်ထင်ရှားရှား ဖြစ်ပေါ်ကုန်၏၊ ထင်ထင် ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏၊ "ဤသဘောတရားတို့သည် ရှေးကထင်ရှား မရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု သာရိပုတြာသည် သိ၏၊ ထို သာရိပုတြာသည် ထိုတရားတို့၌(ရာဂဖြင့်)တပ်ခြင်း မရှိ၊(ဒေါသဖြင့်)ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ဆန္ဒရာဂ)ဖြင့် မဖွဲ့၊ (ကာမရာဂမှ)လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်း အခြားမရှိသောစိတ်ဖြင့်နေ၏။ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏" ဟုသိ၏။ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက် ရာ ရှိသည်သာတည်းဟု မြဲစွာဖြစ်၏။ (၅)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ပဌမာရုပ္ပဝိညာဉ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ရောက်၍နေ၏။ ဝိညာဏဉ္စာယတနသမာပတ်အတွင်း၌ ဝိညာဏဉ္စာယတနသညာ စိတ်၏တည်ကြည်ခြင်း'ဧကဂ္ဂတာ' တွေ့ထိခြင်း 'ဖဿ' ခံစားခြင်း 'ဝေဒနာ' မှတ်သားခြင်း'သညာ' တိုက်တွန်းခြင်း'စေတနာ' အာရုံကို သိခြင်း'စိတ်' ပြုလိုခြင်း 'ဆန္ဒ' အာရုံကိုဆုံးဖြတ်ခြင်း 'အဓိမောက္ခ' လုံ့လပြုခြင်း'ဝီရိယ'အောက်မေ့ ခြင်း 'သတိ' လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရား တို့ကို သာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍သိ၏၊ ထင်ထင်ရှားရှား ဖြစ်ပေါ်ကုန်၏၊ ထင်ထင် ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏၊ "ဤသဘောတရားတို့သည် ရှေးကထင်ရှား မရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု သာရိပုတြာသည် သိ၏။

http://www.dhammadownload.com



ထိုသာရိပုတြာသည် ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိ)ဖြင့် မမှီ၊ (ဆန္ဒရာဂဖြင့်) မငြိ၊ (ကာမရာဂမှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်းအခြားမရှိသောစိတ်ဖြင့် နေ၏။ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏။ ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာဖြစ်၏။ (၆)

ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။ အာကိဉ္စညာယတနသမာပတ်အတွင်း၌ အာကိဉ္စညာယတနသညာ စိတ်၏တည်ကြည်ခြင်း'ဧကဂ္ဂတာ'တွေ့ထိခြင်း 'ဖဿ' ခံစားခြင်း 'ဝေဒနာ'မှတ်သားခြင်း'သညာ'တိုက်တွန်းခြင်း'စေတနာ' အာရုံကိုသိခြင်း'စိတ်' ပြုလိုခြင်း 'ဆန္ဒ'အာရုံကိုဆုံးဖြတ်ခြင်း 'အဓိမောက္ခ'လုံ့လပြုခြင်း 'ဝီရိယ' အောက်မေ့ခြင်း'သတိ' လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရားတို့ကို သာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍ သိ၏၊ထင်ထင်ရှားရှား ဖြစ်ပေါ်ကုန်၏၊ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏။ "ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးလျှင် ခဏတိုင်းပျက်ကုန်၏"ဟု သာရိပုတြာသည် သိ၏၊ ထိုသာရိပုတြာသည် ထိုတရားတို့၌(ရာဂ)ဖြင့် တပ်ခြင်း မရှိ၊ (ဒေါသဖြင့်)ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ကာမရာဂမှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်းအခြားမရှိသောစိတ်ဖြင့် နေ၏၊ ထိုသာရိပုတြာသည်"ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏၊ ထိုသိခြင်းကို အထပ်ထပ် ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထိထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာဖြစ်၏။(၇)

၉၅။ ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ထိုသာရိပုတြာသည် ထိုသမာပတ်မှ သတိ (ပညာ)နှင့် ပြည့်စုံ၍ ထ၏၊ ထိုသာရိပုတြာသည် ထိုသမာပတ်မှ သတိ (ပညာ) နှင့်ပြည့်စုံ၍ထပြီးလျှင် လွန်ကုန်ပြီး ချုပ်ကုန်ပြီး ဖောက်ပြန်ကုန်ပြီးသောတရားတို့ကို "ဤသို့လျှင် ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာကုန်၏၊ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏" ဟု အပေါင်းအားဖြင့် ရှု၏။ ထိုသာရိပုတြာသည် ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်းမရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊(တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ကာမရာဂမှ)လွတ်၏၊(ဆန့်ကျင်ဘက်တရားတို့နှင့်)မယှဉ်၊ အပိုင်းအခြားမရှိသောစိတ်ဖြင့် နေ၏။ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏။ ထိုသိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာ ဖြစ်၏။ (၈)

၉၆။ ရဟန်းတို့ တဖန်လည်း သာရိပုတြာသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေ၏။ ထိုသာရိပုတြာအား မဂ်ပညာဖြင့် (သစ္စာလေးပါးတို့ကို)မြင်ရခြင်းကြောင့် အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ထိုသာရိပုတြာသည် ထိုသမာပတ်မှ သတိ(ပညာ)နှင့် ပြည့်စုံ၍ ထ၏။ ထိုသာရိပုတြာသည် ထိုသမာပတ်မှ သတိ(ပညာ)နှင့် ပြည့်စုံ၍ ထပြီးလျှင် လွန်ကုန်ပြီး ချုပ်ကုန်ပြီး ဖောက်ပြန်ကုန်ပြီးသောတရားတို့ကို "ဤသို့လျှင် ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိပဲ အသစ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု (အပေါင်းအားဖြင့်) ရှု၏။ ထိုသာရိပုတြာသည်

http://www.dhammadownload.com



ထိုတရားတို့၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ကာမရာဂမှ)လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်)မယှဉ်၊ အပိုင်းအခြား မရှိသောစိတ်ဖြင့် နေ၏၊ ထိုသာရိပုတြာသည် "ထို့ထက်အလွန် ထွက်မြောက်ရာသည် ရှိ၏"ဟု သိ၏၊ ထိုသိခြင်းကို အထပ်ထပ်ပွါးခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာ ရှိသည်သာတည်းဟု မြဲစွာ ဖြစ်၏။ (၉)

၉၇။ ရဟန်းတို့ "မြတ်သောသီလ၌ အလေ့အလာများသည့် အဖြစ်သို့ရောက်သူ ကမ်းတဖက်ခပ်ခြင်းသို့ ရောက်သူ မြတ်သော သမာဓိ၌ အလေ့အလာများသည့် အဖြစ်သို့ရောက်သူ ကမ်းတဖက်ခပ်ခြင်းသို့ ရောက်သူ မြတ်သောပညာ၌ အလေ့အလာများသည့်အဖြစ်သို့ ရောက်သူ ကမ်းတဖက်ခပ်ခြင်းသို့ ရောက်သူ မြတ်သောဝိမုတ္တိမှ လွတ်ပြီးသော အရဟတ္တဖိုလ်၌ အလေ့အလာများသည့် အဖြစ်သို့ရောက်သူ ကမ်းတဖက်ခပ်ခြင်းသို့ရောက်သူဟူ၍ ပြောဆိုလိုလျှင် သာရိပုတြာကိုသာလျှင် ကောင်းစွာ ပြောဆိုရာ၏။ ရဟန်းတို့ "မြတ်စွာဘုရား၏သားတော်၊ ရင်နှစ်တော်၊ ခံတွင်းတော်မှ ဖွားမြင်သူ တရားကြောင့်ဖြစ်ပေါ်လာသူ တရားဖန်ဆင်းထားသူ တရားအမွေခံယူသူ အာမိသအမွေခံ မဟုတ်သူဟူ၍ ပြောဆိုလိုလျှင် သာရိပုတြာကိုသာလျှင် ကောင်းစွာ ပြောဆိုရာ၏။ ရဟန်းတို့ သာရိပုတြာသည် ငါဘုရား ဖြစ်စေ လည်းစေအပ်သော အတုမဲ့မြတ်သော တရားစကြာကို ကောင်းစွာသာလျှင် အတုလိုက်၍ ဖြစ်စေ လည်စေနိုင်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကား တော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ရှေးဦးစွာသော အနုပဒသုတ် ပြီး၏။

---

## ၂-ဆမ္ဗိသောဓနသုတ်

၉၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော(မဂ်)အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်) ကိစ္စကို ပြုပြီးပြီ နောက်တဖန်(မဂ်)ကိစ္စအတွက် ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ ရဟန်းတို့ ထိုရဟန်း၏စကားကို မနှစ်သက်အပ်၊ မပယ် မြစ်အပ်။ မနှစ်သက် မပယ်မြစ်မူ၍ ပြဿနာမေးရမည်။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော် အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤလေးမျိုးသော ပြောဆိုခြင်းတို့ကို ကောင်းစွာဟောကြားတော်မူ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ--မြင်သည်၌ မြင်၏ဟု ပြောခြင်းရှင်း ကြားသည်၌ ကြား၏ဟု ပြောခြင်းရှင်း တွေ့သည်၌

http://www.dhammadownload.com



တွေ့၏ဟု ပြောခြင်းရှင်း သိသည်၌ သိ၏ဟု ပြောခြင်းရှင်း။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောကြားထားသော လေးမျိုးသော ပြောဆိုခြင်းတို့ကား ဤသည်တို့တည်း။ ဤလေးမျိုးသော ပြောဆိုခြင်းတို့၌ အဘယ်သို့သိသည် မြင်သည်ဖြစ်၍ အသျှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု (ပြဿနာမေးရမည်)။

ရဟန်းတို့ အာသဝေါကုန်ခန်းပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော မဂ်ကိစ္စဟူသော ပြုဖွယ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော မိမိအကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှလွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သော ရဟန်းအား ပြဿနာဖြေခြင်းငှါ ဤသဘောသည် ဖြစ်၏။ ငါ့သျှင် ငါသည် မြင်သည်၌ (ရာဂဖြင့်)တပ်ခြင်း မရှိ၊ (ဒေါသဖြင့်)ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်)မမှီ၊ (ဆန္ဒရာဂဖြင့်)မဖွဲ့၊ (ကာမရာဂသံယောဇဉ်မှ) လွတ်၏၊ (ဆန့်ကျင့်ဘက် တရားတို့နှင့်)မယှဉ်၊ အပိုင်းအခြားကင်းသောစိတ်ဖြင့် နေ၏။ ငါ့သျှင် ငါသည် ကြားသည်၌။ပ။ ငါ့သျှင် ငါသည် တွေ့သည်၌။ပ။ ငါ့သျှင် ငါသည် သိသည်၌ (ရာဂဖြင့်) တပ်ခြင်း မရှိ၊ (ဒေါသဖြင့်) ဖဲခြင်း မရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ဆန္ဒရာဂဖြင့်) မဖွဲ့၊ (ကာမရာဂသံယောဇဉ်မှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အပိုင်းအခြားကင်းသော စိတ်ဖြင့် နေ၏။ ငါ့သျှင် ဤလေးမျိုးသော ပြောဆိုခြင်းတို့၌ ဤသို့ သိသည် ဤသို့ မြင်သည်ဖြစ်၍ ငါ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်၏ဟု (ပြော၏)။ ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်၏ စကားကို "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ရမည်၊ စကားကို ကောင်း၏ဟု နှစ်သက်ဝမ်းမြောက်ပြီးသျှင် တဆင့်တက်၍ ပြဿနာကို မေးရမည်။

၉၉။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤငါးမျိုးသော ဥပါဒါနက္ခန္ဓာတို့ကို ကောင်းစွာ ဟောကြားထား၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ—ရုပ်ဟူသော ဥပါဒါနက္ခန္ဓာရှင်း ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာရှင်း သညာဟူသော ဥပါဒါနက္ခန္ဓာရှင်း သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာရှင်း ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာရှင်း။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားထားသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဤသည်တို့တည်း။ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ အဘယ်သို့ သိသည် အဘယ်သို့ မြင်သည်ဖြစ်၍ အသျှင်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု (မေးအပ်၏)။

ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်ကိစ္စကို ပြုပြီး ဝန်ကို ချပြီး မိမိအကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီး ဘဝ၌ ငြိတွယ်သော သံယောဇဉ်ကုန်ပြီး ကောင်းစွာ မဂ်ပညာဖြင့် ကိလေသာမှ လွတ်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား ပြဿနာဖြေခြင်းငှါ ဤသဘောသည် ဖြစ်၏။ ငါ့သျှင် ငါသည် ရုပ်ကို အားမရှိ၊ ပျက်စီးခြင်းသို့ ရောက်ခြင်းသဘောရှိ၏၊ သက်သာရာမရှိဟု သိခြင်းကြောင့် ရုပ်၌ ကပ်ရောက်စွဲလမ်းတတ်သော စိတ်တည်တန့်ကြောင်း အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏ စိတ်သည် လွတ်မြောက်ပြီ"ဟု သိ၏။ ငါ့သျှင် ငါသည် ဝေဒနာ

http://www.dhammadownload.com



ကို။ပ။ငါ့သျှင် ငါသည် သညာကို။ပ။ငါ့သျှင် ငါသည် သင်္ခါရတို့ကို။ပ။ငါ့သျှင် ငါသည် ဝိညာဏ်ကို အားမရှိ၊ ပျက်စီးခြင်းသို့ ရောက်သောသဘောရှိ၏၊ သက်သာရာမရှိဟု သိခြင်းကြောင့် ဝိညာဏ်၌ ကပ်ရောက်စွဲလမ်းတတ်ကုန်သော စိတ်တည်တန့်ကြောင်း အမှားနှလုံးသွင်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏ စိတ်သည် လွတ်မြောက်ပြီ"ဟု သိ၏။ ငါ့သျှင် ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဤသို့ သိသည်ဖြစ်၍ ဤသို့မြင်သည်ဖြစ်၍ ငါ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်၏ဟု (ပြောဆို၏)။ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ စကားကို "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ရမည်၊ "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ပြီးလျှင် အလွန်ဖြစ်သော ပြဿနာကို မေးအပ်၏။

၁၀၀။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤခြောက်ပါးသော ဓာတ်တို့ကို ကောင်းစွာ ဟောကြားထားတော်မူ၏။ အဘယ်ခြောက်ပါးတို့နည်းဟူမူ— တည်ရာဖြစ်သော 'ပထဝီ'ဓာတ်ရင်း ဖွဲ့စည်းတတ်သော 'အာပေါ'ဓာတ်ရင်း ရင့်ကျက်စေသော 'တေဇော'ဓာတ်ရင်း, ထောက်ကန်တတ်သော 'ဝါယော'ဓာတ်ရင်း မတွေ့ထိကောင်းသော 'အာကာသ'ဓာတ်ရင်း သိတတ်သော 'ဝိညာဏ'ဓာတ်ရင်း။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောကြားထားတော်မူသော ခြောက်ပါးသော ဓာတ်တို့သည် ဤသည်တို့တည်း။ ဤခြောက်ပါးသော ဓာတ်တို့၌ အဘယ်သို့ သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ အသျှင်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု (မေးအပ်၏)။

ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်ကိစ္စကို ပြုပြီး ဝန်ကို ချထားပြီး မိမိအကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီး ဘဝ၌ ငြိတွယ်သော သံယောဇဉ်ကုန်ပြီး ကောင်းစွာ မက်ဖြင့် ကိလေသာမှ လွတ်ပြီးသော ရဟန္တာရဟန်းအား ပြဿနာဖြေခြင်းငှါ ဤသဘောသည် ဖြစ်၏။ ငါ့သျှင် ငါသည် တည်ရာဖြစ်သော 'ပထဝီ'ဓာတ်ကို အတ္တဟူ၍ မယူမကပ်၊ တည်ရာဖြစ်သော 'ပထဝီ'ဓာတ်ကို မှီသော ရုပ်နာမ်တရားကိုလည်း အတ္တဟူ၍ စွဲလမ်းခြင်းသို့ မရောက်၊ မကပ်၊ တည်ရာဖြစ်သော 'ပထဝီ' ဓာတ်ကို မှီကုန်သော ကပ်ရောက် စွဲလမ်းတတ်ကုန်သော စိတ်တည်တံ့ကြောင်း အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏ စိတ်သည် လွတ်မြောက်ပြီ"ဟု သိ၏။ ငါ့သျှင် ငါသည် ဖွဲ့စည်းတတ်သော 'အာပေါ' ဓာတ်ကို။ပ။ ငါ့သျှင် ငါသည် ရင့်ကျက်စေတတ်သော 'တေဇော'ဓာတ်ကို။ပ။ ငါ့သျှင် ငါသည် ထောက်ကန်တတ်သော 'ဝါယော'ဓာတ်ကို။ပ။ ငါ့သျှင် ငါသည် မတွေ့ထိကောင်းသော 'အာကာသ'ဓာတ်ကို။ပ။ ငါ့သျှင် ငါသည် သိတတ်သော 'ဝိညာဏ'ဓာတ်ကို အတ္တဟူ၍ စွဲလမ်းခြင်းသို့ မရောက်၊ သိတတ်သော 'ဝိညာဏ'ဓာတ်ကို မှီသော ရုပ်နာမ်တရားကိုလည်း အတ္တဟူ၍ စွဲလမ်းခြင်းသို့မရောက်၊ သိတတ်သောဝိညာဏဓာတ်ကို မှီကုန်သော ကပ်ရောက်စွဲလမ်းတတ်ကုန်သော စိတ်တည်တံ့ကြောင်း အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏စိတ်သည် လွတ်မြောက်ပြီ"ဟု သိ၏။ ငါ့သျှင် ဤခြောက်ပါးသော ဓာတ်တို့၌ ဤသို့ သိသည်ဖြစ်၍ ဤသို့ မြင်သည်ဖြစ်၍ ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်၏ဟု (ပြောဆို၏)။ ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်၏ စကားကို "ကောင်း၏"ဟု နှစ်သက်

http://www.dhammadownload.com



ဝမ်းမြောက်ရမည်၊ စကားကို ကောင်း၏ဟု နှစ်သက်ဝမ်းမြောက်ပြီးလျှင် တဆင့်ဘက်၍ ပြဿနာကို မေးရမည်။

၁၀၁။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤခြောက်ပါးသော အတွင်းအပ၌ ဖြစ်ကုန်သော အာယတနတို့ကို ကောင်းစွာ ဟောကြားထားတော်မူ၏။ အဘယ်ခြောက်ပါးတို့နည်းဟူမူ— မျက်စိနှင့် အဆင်း, နားနှင့် အသံ, နှာခေါင်းနှင့် အနံ့, လျှာနှင့် အရသာ, ကိုယ်နှင့် အတွေ့အထိ ပဿ, စိတ်နှင့် သဘောဓမ္မာရုံတို့တည်း။ ငါ့သျှင် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားထားတော်မူသော ခြောက်ပါးသော အတွင်းအပ၌ ဖြစ်ကုန်သော အာယတနတို့သည် ဤသည်တို့တည်း။ ဤခြောက်ပါးသော အတွင်းအပ၌ ဖြစ်ကုန်သော အာယတနတို့၌ အဘယ်သို့ သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ အသျှင်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု (မေးအပ်၏)။ ရဟန်းတို့ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်ကိစ္စကို ပြုပြီး ဝန်ကိုချထားပြီး မိမိအကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီး ဘဝ၌ ငြိတွယ်သော သံယောဇဉ်ကုန်ပြီး ကောင်းစွာ မဂ်ဖြင့် ကိလေသာမှ လွတ်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား ပြဿနာဖြေခြင်းငှါ ဤသဘောသည် ဖြစ်၏။

ငါ့သျှင် မျက်စိအဆင်း စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌ လိုချင်ခြင်း 'တဏှာဆန္ဒ' တပ်စွန်းခြင်း 'တဏှာရာဂ' အလွန်နှစ်သက်ခြင်း 'သပ္ပီတိကတဏှာ' ငြိကပ်ခြင်း 'တဏှာ' ကပ်ရောက်စွဲလမ်းတတ်ကုန်သော စိတ်တည်ဘန့်ကြောင်း အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏ စိတ်သည် လွတ်မြောက်ပြီ" ဟု သိ၏။ ငါ့သျှင် နားအသံ သောတဝိညာဏ်။ပ။ နှာခေါင်းအနံ့ ဃာနဝိညာဏ်။ပ။ လျှာအရသာ ဇိဝှါဝိညာဏ်။ပ။ ကိုယ်အတွေ့အထိ ကာယဝိညာဏ်။ပ။ ငါ့သျှင် စိတ်သဘော ဓမ္မာရုံ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌ လိုချင်ခြင်း 'တဏှာဆန္ဒ' တပ်စွန်းခြင်း 'တဏှာရာဂ' အလွန်နှစ်သက်ခြင်း 'သပ္ပီတိကတဏှာ' ငြိကပ်ခြင်း 'တဏှာ' ကပ်ရောက် စွဲလမ်းတတ်ကုန်သော စိတ်တည်တံ့ကြောင်း အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ကုန်ခြင်း ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း လွတ်ခြင်းကြောင့် "ငါ၏စိတ်သည် လွတ်မြောက်ပြီ" ဟု သိ၏။ ငါ့သျှင် ဤခြောက်ပါးကုန်သော အတွင်းအပ သန္တာန်၌ဖြစ်ကုန်သော အာယတနတို့၌ ဤသို့ သိသည်ဖြစ်၍ ဤသို့ မြင်သည်ဖြစ်၍ ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်၏ဟု (ဆို၏)။ ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်၏စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ရမည်၊ စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ပြီးလျှင် တဆင့်တက်၍ ပြဿနာမေးရမည်။

၁၀၂။ အဘယ်သို့ သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ အသျှင်သည် ဝိညာဏ်ရှိသော မိမိကိုယ်ကောင်၌လည်းကောင်း သူတပါးကိုယ်ကောင်၌လည်းကောင်း အလုံးစုံသော ပြင်ပအာရုံတို့၌လည်းကောင်း ငါဟူသော အခြင်းအရာ ငါ့ဥစ္စာဟူသော အခြင်းအရာ ထင်မှားခြင်း ကိန်းဝပ်မှု 'အနုသယ' တို့ကို ပယ်ထားသနည်းဟု (မေးအပ်၏)။ ရဟန်းတို့ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်ကိစ္စကို ပြုပြီး ဝန်ကို ချထားပြီး မိမိအကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီး ဘဝ၌ ငြိတွယ်သော သံယောဇဉ် ကုန်ပြီး ကောင်းစွာ မဂ်ပညာဖြင့် ကိလေသာမှ လွတ်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား

http://www.dhammadownload.com



ပြဿနာဖြေခြင်းငှါ ဤသဘောသည် ဖြစ်၏။ ငါ့သျှင် ငါသည် ရှေးလူ့ဘောင်၌နေစဉ်က မသိ မမြင်ခဲ့ချေ၊ ထိုငါ့အား မြတ်စွာဘုရားသည်ပင်း မြတ်စွာဘုရား၏ တပည့်သည်ပင်း တရားဟော၏၊ ငါသည် ထိုတရားကို ကြားနာရသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၏၊ ထိုငါသည် ထိုယုံကြည်မှုရခြင်းနှင့်ပြည့်စုံ၍ ဤသို့ ဆင်ခြင်၏ "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ လမ်းကြောင်းဖြစ်၏၊ ရှင်ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စင်စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါ မလွယ်၊ အကယ်၍ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ"ဟု (ဆင်ခြင်၏)။

ငါ့သျှင် ထိုငါသည် နောင်အခါ၌ နည်းသောဥစ္စာစုကို စွန့်၍သော်ငင်း များသောဥစ္စာစုကို စွန့်၍သော်ငင်း နည်းသောဆွေမျိုးစုကို စွန့်၍သော်ငင်း များသောဆွေမျိုးစုကို စွန့်၍သော်ငင်း ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုငါသည် ဤသို့ ဝင်ရောက်ပြီးသော် ရဟန်းတို့၏ အဓိသီလသိက္ခာ ပညတ်တော်မူအပ်သော သိက္ခာပုဒ်နှင့်ပြည့်စုံလျက် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ကိုချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။ မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏။မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏အလေ့အထဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။မဟုတ်မမှန်ပြောခြင်း ကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ အမှန်ချည်းဖြစ်အောင် ဆက်စပ်တတ်၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သောစကားရှိ၏၊ လောကကို လှည့်စားတတ်သူမဟုတ်။ ဂုံးစကားကို ပယ်၍ ဂုံးစကားမှ ရှောင်ကြဉ်၏၊ ထိုသူတို့နှင့် ဤသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့ထံ၌ မပြောတတ်၊ဤသူတို့နှင့်ထိုသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ဤကွဲပြားသူတို့ကိုလည်း စေစပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းပြုသောစကားကိုသာ ဆိုလေ့ရှိ၏။ ကြမ်းသောစကားကိုပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။ ပြိန်ဖျင်းသောစကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ သင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုငါသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း

http://www.dhammadownload.com



တီးမှုတ်ခြင်း(သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ သားစိမ်းငါးစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာစဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း(ခရီးသွားတို့ကို)လုယက်ခြင်း (ရွာနိဂုံးတို့ကို) သောင်းကျန်းဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

ထိုငါသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့(ကိုယ်နှင့်အတူ ပါမြဲပရိက္ခရာမျှသာရှိသဖြင့်)တပါတည်းယူပြီးဖြစ်၍သာလျှင် သွား၏။ ဥပမာအားဖြင့် အတောင်ရှိသောငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံ၏။ ငါ့သျှင် ဤအတူသာလျှင် ငါသည် ကိုယ်ကိုမျှတစေနိုင်ရုံသောသင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့(ကိုယ်နှင့်အတူ ပါမြဲပရိက္ခရာမျှသာရှိသဖြင့်) တပါတည်းယူပြီးဖြစ်၍သာလျှင် သွား၏၊ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစားဘူး၏။

၁၀၃။ ထိုငါသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကိုမြင်သော် (ယောကျ်ား မိန်းမစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန်စသောအမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊(အကယ်၍)စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊(ထိုကြောင့် ရဟန်းသည်)စက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားသော် ။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသော် ။ပ။ လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သော်။ပ။ ကိုယ်ဖြင့်အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသော်။ပ။ စိတ်ဖြင့်သဘော 'ဓမ္မာရုံ' ကို သိသော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထိုကြောင့် ရဟန်းသည်) မနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ဖြစ်သော (ကိလေသာနှင့်)မရောသော ချမ်းသာကို ခံစားဘူး၏။

http://www.dhammadownload.com



ထိုငါသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ်သင်္ကန်း သပိတ်ကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ စကားပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

ထိုငါသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ (ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍) ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက်၌ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာ ထား၍ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

ထိုငါသည် (ဥပါဒါနက္ခန္ဓာငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေဘူး၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေဘူး၏။ ပျက်စီးစေလိုသော 'ဗျာပါဒ'ကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော 'ဗျာပါဒ'မှ စိတ်ကို စင်ကြယ်စေဘူး၏။ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေဘူး၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေဘူး၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်ခြင်း 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေဘူး၏။ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၍ နေဘူး၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေဘူး၏။

၁၀၄။ ထိုငါသည် စိတ်၏ညစ်ညူးကြောင်းဖြစ်ကုန်သော ပညာကို အားနည်းအောင်ပြုတတ်ကုန်သော ဤငါးပါးသော နီဝရဏတရားတို့ကိုပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေဘူးပြီ။ ဝိတက်ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ။ပ။ တတိယစျာန်သို့ ။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေဘူးပြီ။

ထိုငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် အညစ်အကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်

http://www.dhammadownload.com



လတ်သော် တည်ဘိလတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေဘူးပြီ။ ထိုငါသည် "ဤကား ဆင်းရဲ"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ(နိဗ္ဗာန်)"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့သိသော ဤသို့ မြင်သော ငါ၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော(မဂ်)အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိခဲ့ပြီ။ ငါ့သျှင် ဝိညာဏ်ရှိသော ဤမိမိကိုယ်၌ရှင်း သူတပါးကိုယ်၌ရှင်း အလုံးစုံသော ပြင်ပအာရုံတို့၌ရှင်း ဤသို့သိသည်ဖြစ်၍ ဤသို့မြင်သည်ဖြစ်၍ ထိုငါသည် ငါဟူသော အခြင်းအရာ ငါ့ဥစ္စာဟူသော အခြင်းအရာ အထင်မှားခြင်း ကိန်းမှုတို့ကို ကောင်းစွာ ပယ်အပ်၏ဟု (ဆို၏)။ ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်၏ စကားကို "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ရမည်၊ "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ပြီးလျှင် "ငါ့သျှင်တို့ ငါတို့အား ထိုကဲ့သို့သဘောရှိသော သီတင်းသုံးဖော် အသျှင်ကောင်းကို တွေ့မြင်ခြင်းသည် အရတော်လေစွ၊ ငါ့သျှင်တို့ ငါတို့အား ထိုကဲ့သို့ သဘောရှိသော သီတင်းသုံးဖော် အသျှင်ကောင်းကို တွေ့မြင်ခြင်းသည် အလွန်အရတော်လေစွ"ဟု ဤသို့ ဆိုရမည်ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

နှစ်ခုမြောက် ဆဗ္ဗိသောဓနသုတ် ပြီး၏။

---

## ၃-သပ္ပုရိသသုတ်

၁၀၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ရဟန်းတို့ သင်တို့အား သူတော်ကောင်းတို့၏ တရားကိုရှင်း သူယုတ်မာတို့၏ တရားကိုရှင်း ဟောကြားအံ့၊ ထိုတရားကို နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားအံ့"ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ သူယုတ်မာတို့၏ တရားကား အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ သူယုတ်မာသည် မြတ်သောအမျိုးမှ ရဟန်းပြု၏၊ ထိုသူသည် "ငါသည် မြတ်သော အမျိုးမှ ရဟန်းပြု၏၊ ငါမှတပါးသော ဤရဟန်းတို့သည် မြတ်သောအမျိုးမှ ရဟန်းမပြုကုန်"ဟု ဤသို့ ဆင်ခြင်၏။ ထိုသူသည် ထိုအမျိုး မြတ်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၍ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်ကား သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား ဤသို့ ဆင်ခြင်၏ "အမျိုးမြတ်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟတရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။ မြတ်သော အမျိုးမှ ရဟန်းမပြုသော်လည်း ထိုရဟန်းသည် လောကုတ္တရာ တရားအား လျော်စွာ ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသောရဟန်းကို ချီးမွမ်းထိုက်၏"ဟု (ဆင်ခြင်၏)။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုအမျိုးမြတ်သည်၏ အဖြစ်ကြောင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်ကား သူတော်ကောင်းတို့၏ တရားတည်း။ (၁)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ကြီးကျယ်သော အမျိုးမှ ရဟန်းပြု၏။ပ။ များသော ဥစ္စာရှိသော အမျိုးမှ ရဟန်းပြု၏။ပ။ မွန်မြတ်သော အသုံးအဆောင်ရှိသော အမျိုးမှ ရဟန်းပြု၏၊ ထိုရဟန်းသည် "ငါသည် မွန်မြတ်သော အသုံးအဆောင်ရှိသော အမျိုးမှ ရဟန်းပြု၏၊ ဤ(ငါမှ) တပါးသောရဟန်းတို့သည် မွန်မြတ်သော အသုံးအဆောင်ရှိသော အမျိုးမှ ရဟန်းမပြုကုန်" ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် ထိုမွန်မြတ်သော အသုံးအဆောင်ရှိသည်၏ အဖြစ်ကြောင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည် ဤသို့ဆင်ခြင်၏ "မွန်မြတ်သော အသုံးအဆောင်ရှိသည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟတရားတို့သည် ကုန်ခြင်းသို့မရောက်ကုန်။ မွန်မြတ်သော အသုံးအဆောင်ရှိသော အမျိုးမှ ရဟန်းမပြုသော်လည်း ထိုရဟန်းသည် လောကုတ္တရာတရားအား လျော်စွာ ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏" ဟု (ဤသို့ ဆင်ခြင်၏)။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုမွန်မြတ်သော အသုံးအဆောင်ရှိသည်၏ အဖြစ်ကြောင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၂-၄)

၁၀၆။ ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ထင်ရှား (ကျော်စော)၏၊ အခြံအရံ များ၏၊ ထိုသူသည် "ငါသည် ထင်ရှား(ကျော်စော)၏၊အခြံအရံများ၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် မထင်ရှား (မကျော်စော)ကုန်၊ အခြံအရံမရှိကုန်"ဟု ဤသို့ဆင်ခြင်၏။ ထိုသူသည် ထိုထင်ရှား (ကျော်စော) ခြင်းကြောင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်ကား သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည် "ထင်ရှား (ကျော်စော)ခြင်းကြောင့် လောဘ ဒေါသ မောဟတရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။ မထင်ရှား (မကျော်စော) အခြံအရံမရှိသော်လည်း ထိုရဟန်းသည် လောကုတ္တရာတရားအား လျော်စွာ ကျင့်၏၊ ရှိသေထိုက်အောင်ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် အကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်း

http://www.dhammadownload.com



ပြု၍ ထိုထင်ရှား (ကျော်စော) ခြင်းကြောင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ၊ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၅)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးတို့ကို ရ၏၊ ထိုရဟန်းသည် "ငါသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ အသက်၏အရံအတား ဖြစ်သော ဆေးတို့ကို ရ၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာ၏ အထောက်အပံ့ အသက်၏အရံအတား ဖြစ်သော ဆေးတို့ကို မရကုန်"ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် ထိုရခြင်းဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏တရားတည်း။

ရဟန်းတို့ သူတော်ကောင်းသည်ကား "လာဘ်များခြင်း ကြောင့် လောဘ ဒေါသ မောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးတို့ကို မရရှိသော်လည်း ထိုရဟန်းသည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုလာဘ်များခြင်းဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၆)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် အကြားအမြင်များ၏၊ ထိုရဟန်းသည် "ငါသည် အကြားအမြင်များ၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် အကြားအမြင် မများကုန်" ဟု ဤသို့ဆင်ခြင်၏၊ ထိုရဟန်းသည် ထိုအကြားအမြင်များသည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "အကြားအမြင်များသည်၏ အဖြစ်ကြောင့် လောဘဒေါသ မောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။ အကြားအမြင် မများသော်လည်း ထိုရဟန်းသည် လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုအကြားအမြင်များသည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၇)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ဝိနည်းကို ဆောင်၏၊ ထိုရဟန်းသည် "ငါသည် ဝိနည်းကို ဆောင်၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် ဝိနည်းကို မဆောင်ကုန်"ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် ထို ဝိနည်းကို ဆောင်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏၊ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "ဝိနည်းကို ဆောင်သည်၏ အဖြစ်ကြောင့် လောဘဒေါသမောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။ ဝိနည်းကို မဆောင်သော်လည်း ထိုရဟန်းသည်

http://www.dhammadownload.com



လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့ဘွင် ထို အကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏”ဟု ဤသို့ ဆင်ခြင်၏။ ထို ရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုဝိနည်းကို ဆောင်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူ့ဘပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၈)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် တရား ဟောတတ်သူဖြစ်၏၊ ထိုရဟန်းသည် “ငါသည် တရားဟောတတ်သူဖြစ်၏၊ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် တရားဟောတတ်သူ မဟုတ်ကြကုန်”ဟု ဤသို့ ဆင်ခြင်၏။ထိုရဟန်းသည် ထိုတရား ဟောတတ်သည်၏ အဖြစ်ကြောင့် မိမိကို ချီးမြှောက်၏၊ သူ့ဘပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား “တရားဟောတတ်သည်၏ အဖြစ်ကြောင့် လောဘဒေါသမောဟတရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်။တရားဟောတတ်သူ မဟုတ်သော်လည်း ထိုရဟန်းသည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်၏၊ရှိသေထိုက်အောင် ကျင့်၏၊တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထို အကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထို အကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏”ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုတရား ဟောတတ်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူ့တပါးကို မရှုတ်ချ၊ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၉)

၁၀၇။ ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် အာရညကင်ဓုတင်ကို ဆောက်တည်၏၊ ထိုရဟန်းသည် “ငါသည် အာရညကင်ဓုတင်ကို ဆောက်တည်၏ ဤ(ငါမှ) တပါးကုန်သော ရဟန်းတို့သည် အာရညကင်ဓုတင်ကို မဆောက်တည်ကုန်” ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် ထိုအာရညကင်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူ့တပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား အာရညကင်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ အာရညကင်ဓုတင် မဆောက်တည်သော်လည်း ထိုရဟန်းသည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏ဟု ဆင်ခြင်၏။ ထို ရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုအာရညကင်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူ့တပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၁၀)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ပံသုကူဓုတင်ကို ဆောက်တည်၏၊ ထိုရဟန်းသည် “ငါသည် ပံသုကူဓုတင်ကို ဆောက်တည်၏၊ ဤ (ငါမှ) တပါးကုန်သော ရဟန်းတို့သည် ပံသုကူဓုတင်ကို မဆောက်တည်ကုန်”ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် ပံသုကူဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူ့တပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤ

http://www.dhammadownload.com



သည်လည်း သူယုတ်မာတို့၏ တရားတည်း၊ ရဟန်းတို့ သူတော်ကောင်းသည်ကား "ပံသုကူဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ ပံသုကူဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည် လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိ၏၊ ထို ရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။ ထိုရဟန်းတို့တွင် ထို အကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကို သာလျှင် အကြောင်းပြု၍ ထိုပံသုကူဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၁၁)

ရဟန်းတို့ နောက်တပန်လည်း သူယုတ်မာသည် ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ထိုရဟန်းသည် "ငါသည် ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ဤ(ငါမှ) တပါးကုန်သော ရဟန်းတို့သည် ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်ကုန်"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် ထိုပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟတရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည် လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်၏၊ရှိသေထိုက်အောင်ကျင့်၏၊တရားနှင့် လျော်စွာကျင့်လေ့ရှိ၏။ ထို ရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ ဆင်ခြင်၏။ ထို ရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၁၂)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ရုက္ခမူဓုတင်ကို ဆောက်တည်၏၊ ထိုရဟန်းသည် "ငါသည် ရုက္ခမူဓုတင်ကို ဆောက်တည်၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် ရုက္ခမူဓုတင်ကို မဆောက်တည်ကုန်"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် ထိုရုက္ခမူဓုတင်ကို ဆောက်တည်သည်၏အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်ကား သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "ရုက္ခမူဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟတရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ ရုက္ခမူဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင် ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိ၏။ ထိုရဟန်းတို့တွင် ထို အကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထို အကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏"ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုရုက္ခမူဓုတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏တရားတည်း။ (၁၃)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် သုသာန်ဓုတင်ကို ဆောက်တည်၏။ပ။ အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်၏။ပ။နေသဇ္ဇိကဓုတင်ကို ဆောက်တည်၏ ။ပ။ ယထာသန္ထတိကဓုတင်ကို ဆောက်တည်၏ ။ပ။ ကောသနိက်ဓုတင်ကို ဆောက်တည်၏။ ထိုရဟန်းသည် "ငါသည်

http://www.dhammadownload.com



ကောသနိက်ဝတင်ကို ဆောက်တည်၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် ကောသနိက်ဝတင်ကို မဆောက်တည်ကုန်”ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် ထိုကောသနိက်ဝတင်ကို ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။

ရဟန်းတို့ သူတော်ကောင်းသည်ကား “ကောသနိက်ဝတင်ကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လောဘ ဒေါသ မောဟ တရားတို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ ကောသနိက်ဝတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၏၊ ရှိသေထိုက်အောင်ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ထိုရဟန်းတို့တင် ထိုအကျင့်ကောင်းသောရဟန်းကို ပူဇော်ထိုက်၏၊ ထိုရဟန်းတို့တွင် ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏”ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍ ထိုကောသနိက်ဝတင်ကို ဆောက်တည်သည်၏အဖြစ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏တရားတည်း။ (၁၄-၁၈)

၁၀၈။ ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ‘ဝိတက်’နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း ‘ဝိစာရ’နှင့် တကွဖြစ်သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း‘သုခ’ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ ထိုရဟန်းသည် “ငါသည် ပဌမဈာန်သမာပတ်ကို ရ၏၊ ဤ(ငါမှ) တပါးကုန်သော ရဟန်းတို့သည် ပဌမဈာန်သမာပတ်ကို မရကုန်”ဟု ဤသို့ ဆင်ခြင်၏။ ထိုရဟန်းသည် ထိုပဌမဈာန်သမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား “ပဌမဈာန်သမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုပဌမဈာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှတပါးသော အခြင်းအရာအားဖြင့် ဖြစ်၏”ဟု ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုပဌမဈာန်သမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏တရားတည်း။ (၁၉)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း ‘သမာဓိ’ကို ပွါးစေတတ်သော ကြံစည်ခြင်း ‘ဝိတက်’ မရှိသော သုံးသပ်ဆင်ခြင်ခြင်း ‘ဝိစာရ’ မရှိသော တည်ကြည်ခြင်း ‘သမာဓိ’ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ရှိသော ဒုတိယဈာန်သို့။ပ။တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ရောက်၍နေ၏။ ထိုရဟန်းသည် “ငါသည် စတုတ္ထဈာန်သမာပတ်ကို ရ၏၊ ဤ(ငါမှ) တပါးသောရဟန်းတို့သည် စတုတ္ထဈာန်သမာပတ်ကို မရကုန်”ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် ထိုစတုတ္ထဈာန်သမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား “စတုတ္ထဈာန်သမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုစတုတ္ထဈာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှတပါးသော အခြင်းအရာအားဖြင့်ဖြစ်၏”ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုစတုတ္ထဈာန်သမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏တရားတည်း။ (၂၀-၂၂)

http://www.dhammadownload.com



ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့်ရင်း ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့်ရင်း အထူးထူးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့်ရင်း "(ကသိုဏ်းကို ခွါ၍ ရအပ်သော) ကောင်းကင်သည် အဆုံးမရှိ"ဟု (စီးဖြန်းလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် "ငါသည် အာကာသာနဉ္စာယတန သမာပတ်ကို ရ၏၊ ဤ(ငါမှ) တပါးကုန်သော ရဟန်းတို့သည် အာကာသာနဉ္စာယတန သမာပတ်ကို မရကုန်"ဟု ဆင်ခြင်၏။ ထိုရဟန်းသည် ထိုအာကာသာနဉ္စာယတနသမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "အာကာသာနဉ္စာယတနသမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရားဟောတော်မူ၏၊ ထိုအာကာသာနဉ္စာယတနစျာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုအာကာသာနဉ္စာယတနသမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၂၃)

ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ပဌမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ"ဟု (စီးဖြန်းလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် "ငါသည် ဝိညာဏဉ္စာယတနသမာပတ်ကို ရ၏၊ ဤ (ငါမှ) တပါးကုန်သော ရဟန်းတို့သည် ဝိညာဏဉ္စာယတနသမာပတ်ကို မရကုန်"ဟု ဤသို့ဆင်ခြင်၏။ ထိုယုတ်မာသော ရဟန်းသည် ထိုဝိညာဏဉ္စာယတနသမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "ဝိညာဏဉ္စာယတနသမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရား ဟောတော်မူ၏ ထိုဝိညာဏဉ္စာယတနစျာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှတပါးသော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုဝိညာဏဉ္စာယတနသမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၂၄)

ရဟန်းတို့နောက်တဖန်လည်း သူယုတ်မာသည် ဝိညာဏဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ "စိုးစဉ်း အနည်းငယ်မျှ မရှိ"ဟု စီးဖြန်းလျက် အာကိဉ္စညာယတနစျာန်သို့ရောက်၍ နေ၏။ ထိုယုတ်မာသော ရဟန်းသည် "ငါသည် အာကိဉ္စညာယတနသမာပတ်ကို ရ၏၊ ဤ(ငါမှ)တပါးကုန်သော ရဟန်းတို့သည် အာကိဉ္စညာယတနသမာပတ်ကို မရကုန်"ဟု ဆင်ခြင်၏။ ထိုယုတ်မာသော ရဟန်းသည် အာကိဉ္စညာယတနသမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်ကား သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား "အာကိဉ္စညာယတနသမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရားဟောတော်မူ၏၊ ထိုအာကိဉ္စညာယတနစျာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှ တပါးသောအခြင်းအရာအားဖြင့် ဖြစ်၏"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုအာကိဉ္စညာယတနသမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏ တရားတည်း။ (၂၅)

http://www.dhammadownload.com



ရဟန်းတို့ နောက်တဖန်လည်း သူယုတ်မာသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် “ငါသည် နေဝသညာနာသညာယတနသမာပတ်ကို ရ၏၊ ဤ (ငါမှ) တပါးကုန်သော ရဟန်းတို့သည် နေဝသညာနာသညာယတနသမာပတ်ကို မရကုန်”ဟု ဆင်ခြင်၏။ ထိုယုတ်မာသောရဟန်းသည် ထိုနေဝသညာနာသညာယတနသမာပတ်ဖြင့် မိမိကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ရဟန်းတို့ ဤသည်လည်း သူယုတ်မာတို့၏ တရားတည်း။ ရဟန်းတို့ သူတော်ကောင်းသည်ကား “နေဝသညာနာသညာယတနသမာပတ်ဖြင့်လည်း တဏှာမရှိမှုကို မြတ်စွာဘုရားဟောတော်မူ၏၊ ထိုနေဝသညာနာသညာယတနစျာန်သည် ထိုထိုထင်မှတ်နေကြသော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏”ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်းသည် တဏှာမရှိမှုကိုသာလျှင် အကြောင်းပြု၍ ထိုနေဝသညာနာသညာယတနသမာပတ်ဖြင့် မိမိကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ရဟန်းတို့ ဤသည်လည်း သူတော်ကောင်းတို့၏တရားတည်း။ (၂၆)

ရဟန်းတို့ နောက်တဖန်လည်း သူတော်ကောင်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ရောက်၍နေ၏။ ထိုရဟန်းအား မဂ်ပညာဖြင့် မြင်ခြင်းကြောင့် ဤရဟန်းသည် မည်သည့်ပုဂ္ဂိုလ်ကိုမျှ မည်သည့်အရပ်မှာမျှ မည်သည့်ဝတ္ထုနှင့်မျှ အထင်မမှား၊ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

သုံးခုမြောက် သပ္ပုရိသသုတ် ပြီး၏။

---

## ၄-သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်

၁၀၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို “ရဟန်းတို့”ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—“ရဟန်းတို့ မှီဝဲထိုက် မမှီဝဲထိုက်သော တရားဒေသနာကို သင်တို့အား ဟောပေအံ့၊ ထိုတရားဒေသနာကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့ ဟောကြားပေအံ့”ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

“ရဟန်းတို့ ငါသည် ကိုယ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူအရာသည်လည်း တမျိုးစီဖြစ်၏။ ရဟန်းတို့ ငါသည် နှုတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုနှုတ်အမူအရာသည်လည်း တမျိုးစီဖြစ်၏။ ရဟန်းတို့ ငါသည် စိတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်အမူအရာသည်လည်း တမျိုးစီဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ငါသည် စိတ်ဖြစ်ပုံကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်ဖြစ်ပုံသည်လည်း တမျိုးစီဖြစ်၏။ ရဟန်းတို့ ငါသည် သညာရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ထိုသညာရခြင်းသည်လည်း တမျိုးစီဖြစ်၏။ရဟန်းတို့ ငါသည် အယူရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအယူရခြင်းသည်လည်း တမျိုးစီဖြစ်၏။ ရဟန်းတို့ ငါသည် အတ္တဘောရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအတ္တဘောရခြင်းသည်လည်း တမျိုးစီဖြစ်၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရားတော်၏အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် နားလည်ပါ၏။

## အသျှင်သာရိပုတြာသိပုံ

၁၁၀။ "ရဟန်းတို့ ငါသည် ကိုယ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူအရာသည်လည်း တမျိုးစီ ဖြစ်၏"ဟု ဤသို့လျှင် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ ဤစကားကို အဘယ်ကို စွဲ၍ ဟောတော်မူသနည်း။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော ကိုယ်အမူအရာကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲထိုက်၏။

၁၁၁။ မြတ်စွာဘုရား အဘယ်သို့ သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ကုသိုလ်တရားတို့ ဆုတ်ယုတ်ပါကုန်သနည်း။မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် အသက်သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ သွေးစွန်းသော လက်ရှိ၏၊သတ်ပုတ်ရိုက်နှက်ခြင်း၌ စိတ်ဝင်စား၏၊ သတ္တဝါတို့၌ သနားကင်းခြင်းသို့ ရောက်၏။ မပေးသည်ကို ယူလေ့ရှိ၏၊ ရွာ၌ တည်သည်ဖြစ်စေ တော၌ တည်သည်ဖြစ်စေ သူတပါးဥစ္စာ သူတပါးအဆောက်အဦကို မပေးပဲ ခိုးလိုသောစိတ်အစုဖြင့် ယူတတ်၏။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ အမိစောင့်ရှောက်ထားသောမိန်းမ အဖစောင့်ရှောက်ထားသောမိန်းမ အမိအဖစောင့်ရှောက်ထားသောမိန်းမ မောင်ကြီးမောင်ငယ်စောင့်ရှောက်ထားသောမိန်းမ အစ်မညီမစောင့်ရှောက်ထားသောမိန်းမ ဆွေမျိုးစောင့်ရှောက်ထားသောမိန်းမ အနွယ်စောင့်ရှောက်ထားသောမိန်းမ တရားကျင့်ဖော်တို့ စောင့်ရှောက်ထားသောမိန်းမ လင်ရှိသောမိန်းမ ဒဏ်ထားသောမိန်းမနှင့် အယုတ်ဆုံးအားဖြင့် (ငါ့မယားဟု) ပန်းကုံးစွပ်ထားသော မိန်းမတို့၌သော်လည်း လွန်ကျူးခြင်းသို့ ရောက်၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ကုတ်ယုတ်ကုန်၏။

မြတ်စွာဘုရား အဘယ်သို့ သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထား၏၊

http://www.dhammadownload.com



လက်နက်ကို ချထား၏၊ အရှက်ရှိ၏၊ သနားခြင်းသို့ ရောက်၏၊ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို အစဉ်စောင့်လေ့ရှိသည်ဖြစ်၍ နေ၏။မပေးသည်ကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ရွာ၌ တည်သည်ဖြစ်စေ တော၌ တည်သည်ဖြစ်စေ သူတပါးဥစ္စာ သူတပါး အဆောက်အဦကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် မယူတတ်။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းကို ပယ်၍ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။အမိစောင့်ရှောက်ထားသော မိန်းမ အဖစောင့်ရှောက်ထားသောမိန်းမ အမိအဖစောင့်ရှောက်ထားသောမိန်းမ မောင်ကြီး မောင်ငယ် စောင့်ရှောက်ထားသော မိန်းမ အစ်မ ညီမစောင့်ရှောက်ထားသောမိန်းမ ဆွေမျိုး စောင့်ရှောက်ထားသောမိန်းမ အနွယ်စောင့်ရှောက်ထားသောမိန်းမ တရားကျင့်ဖော်တို့စောင့်ရှောက်ထားသောမိန်းမ လင်ရှိသောမိန်းမ ဒဏ်ထားသောမိန်းမနှင့် အယုတ်ဆုံးအားဖြင့် (ငါ့မယားဟု) ပန်းကုံးစွပ်ထားသော မိန်းမတို့၌သော်လည်း လွန်ကျူးခြင်းသို့ မရောက်။ မြတ်စွာဘုရား ဤသို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏။ "ရဟန်းတို့ ငါသည် ကိုယ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူအရာသည်လည်း တမျိုးစီဖြစ်၏" ဟု ဤသို့လျှင် မြတ်စွာဘုရားသည် အကြင်စကားကို ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို စွဲ၍ ဟောတော်မူ၏။

"ရဟန်းတို့ ငါသည် နှုတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုနှုတ်အမူအရာ သည်လည်း တမျိုးစီဖြစ်၏" ဟု ဤသို့လျှင် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ဤစကားကို အဘယ်ကိုစွဲ၍ဟောတော်မူသနည်း။မြတ်စွာဘုရား အကြင်သို့သဘောရှိသော' နှုတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော နှုတ်အမူအရာကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော နှုတ်အမူအရာကိုမှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ် တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော နှုတ်အမူအရာကို မှီဝဲထိုက်၏။

၁၁၂။ မြတ်စွာဘုရား အဘယ်သို့ သဘောရှိသော နှုတ်အမူအရာကိုမှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် မုသားပြောဆိုလေ့ရှိ၏၊ သဘင်၌ တည်သည်ဖြစ်စေ ပရိသတ်၌ တည်သည်ဖြစ်စေ ဆွေမျိုးတို့၏အလယ်၌ တည်သည်ဖြစ်စေ အသင်းအပင်းအလယ်၌ တည်သည် ဖြစ်စေ မင်းမျိုးတို့၏အလယ်၌ တည်သည်ဖြစ်စေ ခေါ်ဆောင်၍ "အချင်းယောကျာ်း လာလော့၊ သိသောအကြောင်းကို ပြောဆိုလော့"ဟု သက်သေပြုလျက် မေးမြန်းလတ်သော် ထိုယောကျာ်း သည် မသိသည်ကို"ငါသိ၏"ဟူ၍သော်ငြားသိသည်ကို"ငါမသိ"ဟူ၍သော်ငြား မမြင်သည်ကို"ငါ မြင်၏"ဟူ၍သော်ငြား မြင်သည်ကို "ငါမမြင်"ဟူ၍သော်ငြား ပြောဆို၏။ဤသို့ မိမိအကြောင်း ကြောင့်ဖြစ်စေ သူတပါးအကြောင်းကြောင့်ဖြစ်စေ အနည်းငယ်မျှသော အာမိသဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက်သာလျှင် မုသားပြောဆို၏။ ဂုံးစကားပြောဆို၏၊ ဤသူတို့ထံမှ နား၍ ဤသူတို့၏ ထိုသူတို့နှင့်ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ ပြောကြားတတ်၏၊ထိုသူတို့ထံမှ နားထောင်၍ ထိုသူတို့၏ ဤသူတို့နှင့် ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ ပြောကြားတတ်၏၊ ဤသို့ညီညွတ်သူတို့ကိုလည်း ကွဲပြားအောင်ပြုတတ်၏၊ ကွဲပြားသူတို့ကိုလည်း အားပေးတတ်၏၊

http://www.dhammadownload.com



အစုအစုကွဲပြားမှု၌ မွေ့လျော်၏၊ အစုအစုကွဲပြားမှု၌ ပျော်ပိုက်၏၊ အစုအစုကွဲပြားမှုကို နှစ်သက်၏၊ အစုအစုကွဲပြားခြင်းကို ပြုတတ်သောစကားကို ဆိုတတ်၏။ ကြမ်းသောစကားရှိ၏၊ (ဆူးသဖွယ်) အဖုအထစ်ရှိ၍ ကြမ်းထမ်းသော သူတပါးနားကို စပ်ခါးစေတတ်သော သူတပါးအား ထိခိုက်တတ်သော အမျက်ထွက်ခြင်းနှင့် နီးစပ်လျက် တည်တံ့ခြင်းကို မဖြစ်စေတတ်သည့် သဘောရှိသော စကားကို ပြောဆိုတတ်၏။ ပြိန်ဖျင်းသောစကားကို ပြောဆိုတတ်၏၊ မသင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ မဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်မစပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် မစပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် မစပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ မသင့်သောအခါ၌ အကြောင်းမရှိသော အပိုင်းအခြားမရှိသော အစီးအပွါးနှင့် မစပ်သော နှလုံး၌ မသိုမှီးသင့်သော စကားကို ပြောဆိုတတ်၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော နှုတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော နှုတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ် တရားတို့ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မဟုတ်မမှန်ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ သဘင်၌ တည်သည်ဖြစ်စေ ပရိသတ်၌ တည်သည်ဖြစ်စေ ဆွေမျိုးတို့၏အလယ်၌တည်သည် ဖြစ်စေ အသင်းအပင်းအလယ်၌ တည်သည်ဖြစ်စေ မင်းမျိုးတို့၏ အလယ်၌ တည်သည်ဖြစ်စေ ခေါ်ဆောင်၍ "အချင်းယောကျ်ား လာလော့၊ သိသော အကြောင်းကို ပြောဆိုလော့"ဟု သက် သေပြုလျက် မေးမြန်းလတ်သော် ထိုယောကျ်ားသည် မသိသည်ကို "ငါမသိ"ဟူ၍သော်၎င်း သိသည်ကို "ငါသိ၏"ဟူ၍သော်၎င်း မမြင်သည်ကို "ငါမမြင်"ဟူ၍သော်၎င်း မြင်သည်ကို "ငါမြင်၏"ဟူ၍သော်၎င်း ပြောဆို၏။ ဤသို့ မိမိအကြောင်းကြောင့်ဖြစ်စေ သူတပါးအကြောင်း ကြောင့်ဖြစ်စေ အနည်းငယ်မျှသော လာဘ်အာမိသဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက် မုသားမပြောဆို။

ဂုံးစကားကိုပယ်၍ ဂုံးစကားမှ ရှောင်ကြဉ်၏။ ဤသူတို့ထံမှ နားထောင်၍ ဤသူတို့၏ ထိုသူတို့နှင့် ကွဲပြားခြင်းငှါ ထိုသူထံ၌ မပြောကြားတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ထိုသူတို့၏ ဤသူတို့နှင့် ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောကြားတတ်၊ ဤသို့ကွဲပြားသူတို့ကိုလည်း စေ့စပ် တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုတတ်သော စကားကို ပြောဆို တတ်၏။ ကြမ်းသောစကားကိုပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ ချစ်ဖွယ်ကောင်း၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့သဘောရှိသောစကားကို ပြောဆိုတတ်၏။ ပြိန်ဖျင်းသော စကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏။ သင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည် ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ သင့်သောအခါ အကြောင်းနှင့်တကွ အပိုင်းအခြား ရှိသော အစီးအပွါးနှင့်စပ်သော နှလုံး၌ သိုမှီးသင့်သော စကားကိုသာ ပြောဆိုတတ်၏။ မြတ်စွာ ဘုရား ဤသို့ သဘောရှိသော နှုတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏။ "ရဟန်းတို့ ငါသည်နှုတ်အမူအရာကိုလည်း မှီဝဲ ထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုနှုတ်အမူအရာသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင်

http://www.dhammadownload.com



အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူ၏။

"ရဟန်းတို့ ငါသည် စိတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်အမူအရာသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော စိတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့ သဘောရှိသော စိတ်အမူအရာကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော စိတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော စိတ်အမူအရာကို မှီဝဲထိုက်၏။

၁၁၃။ မြတ်စွာဘုရား အဘယ်သို့သဘောရှိသော စိတ်အမူအရာကိုမှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်သနည်း။မြတ်စွာဘုရား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' များ၏၊ "သူတပါး၏ ဥစ္စာသည် ငါ၏ဥစ္စာဖြစ်မူ ကောင်းလေစွ"ဟု သူတပါးဥစ္စာ သူတပါးအဆောက်အဦကို ရှေးရှုကြံစည်တတ်၏။ ဖျက်ဆီးလိုသောစိတ်ရှိ၏ "ဤသတ္တဝါတို့သည် အညှဉ်းဆဲခံကြရပါစေဟူ၍သော်ငြင်း အသတ်ခံကြရပါစေ ဟူ၍သော်ငြင်း အဖြတ်ခံကြရပါစေ ဟူ၍သော်ငြင်း ပျက်စီးကြပါစေ ဟူ၍သော်ငြင်း ဘာမျှ(လိုတိုင်း)မဖြစ်ပါစေကုန်လင့်"ဟူ၍သော်ငြင်း ဤသို့ဖျက်ဆီးလိုသော စိတ်အကြံအစည်ရှိ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော စိတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော စိတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' မများ၊ "သူတပါး၏ ဥစ္စာသည် ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ"ဟု သူတပါးဥစ္စာ သူတပါးအဆောက်အဦကို ရှေးရှုမကြံစည်တတ် "ဤသတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေကုန် ဆင်းရဲကင်းကြပါစေကုန် စိတ်ပင်ပန်းခြင်းကင်းကြပါစေကုန် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြပါစေကုန်သတည်း"ဟု ဤသို့မပျက်စီးစေလိုသောစိတ်ရှိ၏၊ (ဒေါသသည်)မဖျက်ဆီးအပ်သော စိတ်အကြံရှိ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော စိတ်အမူအရာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ "ရဟန်းတို့ ငါသည် စိတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်အမူအရာသည်လည်း တမျိုးစီဖြစ်၏" ဟု ဤသို့လျှင် မြတ်စွာဘုရားသည် အကြင်စကားကို ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူ၏။

၁၁၄။ "ရဟန်းတို့ ငါသည် စိတ်ဖြစ်ခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ် ဖြစ်ခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤစကားကို အဘယ်ကိုစွဲ၍ ဟောတော်မူသနည်း။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်

http://www.dhammadownload.com



တရားတို့သည် ဆုတ်ယုတ်ပါကုန်၏၊ ဤသို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏၊ ဤသို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲထိုက်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' များ၏၊ ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'နှင့် တကွသော စိတ်ဖြင့်နေ၏။ ဖျက်ဆီးခြင်းရှိ၏၊ ဖျက်ဆီးခြင်းနှင့် တကွသော စိတ်ဖြင့်နေ၏။ ညှဉ်းဆဲခြင်းရှိ၏၊ ညှဉ်းဆဲခြင်းနှင့်တကွသော စိတ်ဖြင့်နေ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'မများ၊ ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'မရှိသော စိတ်ဖြင့်နေ၏။ မဖျက်ဆီးတတ်၊ မဖျက်ဆီးခြင်းနှင့်တကွသော စိတ်ဖြင့်နေ၏။ မညှဉ်းဆဲတတ်၊ မညှဉ်းဆဲခြင်းနှင့်တကွသော စိတ်ဖြင့်နေ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော စိတ်ဖြစ်ခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏။ "ရဟန်းတို့ ငါသည် စိတ်ဖြစ်ခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုစိတ်ဖြစ်ခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူပါ၏။

၁၁၅။ "ရဟန်းတို့ ငါသည် သညာရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုသညာရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤစကားကို အဘယ်ကိုအကြောင်းပြု၍ ဟောတော်မူပါသနည်း။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော သညာရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော သညာရခြင်းကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော သညာရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့ သဘောရှိသော သညာရခြင်းကို မှီဝဲထိုက်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော သညာရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'များ၏၊ ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'နှင့်တကွသော သညာဖြင့်နေ၏။ ဖျက်ဆီးတတ်၏၊ ဖျက်ဆီးခြင်းနှင့်တကွသော သညာဖြင့်နေ၏။ ညှဉ်းဆဲတတ်၏၊ ညှဉ်းဆဲခြင်းနှင့် တကွသော သညာဖြင့်နေ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော သညာရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရား အဘယ်သို့သဘောရှိသော သညာရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် ရွေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'မများ၊ ရွေးရှုကြံစည်ခြင်း'အဘိဇ္ဈာ'မရှိသော သညာဖြင့် နေ၏၊ မဖျက်ဆီးတတ်၊ မဖျက်ဆီးခြင်းနှင့်တကွသော သညာဖြင့် နေ၏။ မညှဉ်းဆဲတတ်၊ မညှဉ်းဆဲခြင်းနှင့်တကွသော သညာဖြင့် နေ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော သညာရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏။ "ရဟန်းတို့ ငါသည် သညာရခြင်းကို မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုသညာရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို စွဲ၍ ဟောတော်မူပါ၏။

၁၁၆။ "ရဟန်းတို့ ငါသည် ဒိဋ္ဌိရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုး ဟော၏၊ ထိုဒိဋ္ဌိရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤစကားကို အဘယ်ကိုအကြောင်းပြု၍ ဟောတော်မူပါသနည်း။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏၊ ဤသို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏၊ ဤသို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲထိုက်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သောသူသည် "အလှူ၏အကျိုးသည် မရှိ၊ ယဇ်ခေါ် ပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ဟုန်းပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိ၌ ပြုအပ်သော အကျိုးသည် မရှိ၊ အဖ၌ ပြုအပ်သော အကျိုးသည် မရှိ၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုငင်း တပါးသောလောကကိုငင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ဤလောက၌ မရှိကုန်"ဟု ဤသို့အယူရှိ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော ဒိဋ္ဌိရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်သနည်း။ မြတ်စွာဘုရား ဤလောက၌ အချို့သော သူသည် "အလှူ၏ အကျိုးသည် ရှိ၏၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ဟုန်းပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသောလောကသည် ရှိ၏၊ အမိ၌ပြုအပ်သောအကျိုးသည် ရှိ၏၊ အဖ၌ပြုအပ်သောအကျိုးသည် ရှိ၏၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုငင်း တပါးသောလောကကိုငင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏"ဟု ဤသို့အယူရှိ၏။ မြတ်စွာဘုရား ဤသို့သဘောရှိသော ဒိဋ္ဌိရခြင်း

http://www.dhammadownload.com



ကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏။ "ရဟန်းတို့ ငါသည် ဒိဋ္ဌိရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုဒိဋ္ဌိရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူပါ၏။

၁၁၇။ "ရဟန်းတို့ ငါသည် အတ္တဘောရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအတ္တဘောရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော အတ္တဘောရခြင်းကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲထိုက်၏။

မြတ်စွာဘုရား အဘယ်သို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်သနည်း။ မြတ်စွာဘုရား ဆင်းရဲရှိသော အတ္တဘောရခြင်းကို ဖြစ်စေသောပုဂ္ဂိုလ်အား (ဘဝတို့၏) မပြီးဆုံးသည်၏အဖြစ်ကြောင့် အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏။ မြတ်စွာဘုရား ဆင်းရဲမရှိသော အတ္တဘောရခြင်းကို ဖြစ်စေသောပုဂ္ဂိုလ်အား (ဘဝတို့၏) ပြီးဆုံးသည်၏အဖြစ်ကြောင့် အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏။ ရဟန်းတို့ ငါသည် အတ္တဘောရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအတ္တဘောရခြင်းသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူပါ၏။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကိုမဝေဖန်သော ဤတရားတော်၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ်သိပါ၏ဟု (လျှောက်၏)။

၁၁၈။ သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ သာရိပုတြာ သင်သည် ငါအကျဉ်းမျှသာ ဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရားတော်၏အဓိပ္ပါယ်ကို ဤသို့ ကောင်းစွာသာလျှင် အကျယ်အားဖြင့် သိပေ၏—

"ရဟန်းတို့ ငါသည် ကိုယ်အမူအရာကို မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူအရာသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို ငါဟော၏၊ ထိုစကားကို အဘယ်ကိုအကြောင်းပြု၍ ဟောသနည်း။ သာရိပုတြာ အကြင်သို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော ကိုယ်အမူအရာကို မမှီဝဲထိုက်။ သာရိပုတြာ အကြင်သို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲထိုက်၏။

သာရိပုတြာ အဘယ်သို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်သနည်း။ သာရိပုတြာ ဤလောက၌

http://www.dhammadownload.com



အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏၊ကြမ်းထမ်း၏၊သွေးစွန်းသောလက်ရှိ၏၊သတ်ပုတ်ရိုက်နှက်ခြင်း၌ စိတ်ဝင်စား၏၊ သတ္တဝါတို့၌ သနားခြင်းမရှိ။ မပေးသည်ကို ယူလေ့ရှိ၏၊ ရွာ၌တည်သည်ဖြစ်စေ တောသွံ၌တည်သည်ဖြစ်စေ သူတပါးဥစ္စာ သူတပါးအဆောက်အဦကို မပေးပဲ ခိုးလိုသောစိတ်အစုဖြင့် ယူတတ်၏။ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊အမိစောင့်ရှောက်ထားသောမိန်းမ အဖစောင့်ရှောက်ထားသောမိန်းမ အမိအဖစောင့်ရှောက်ထားသောမိန်းမ မောင်ကြီးမောင်ငယ်စောင့်ရှောက်ထားသောမိန်းမ အစ်မညီမစောင့်ရှောက်ထားသောမိန်းမ ဆွေမျိုးစောင့်ရှောက်ထားသောမိန်းမ အနွယ်စောင့်ရှောက်ထားသောမိန်းမ တရားကျင့်ဖော်တို့စောင့်ရှောက်ထားသောမိန်းမ လင်ရှိသောမိန်းမ ဒဏ်ထားအပ်သောမိန်းမနှင့် အယုတ်ဆုံးအားဖြင့် ( ငါ့မယားဟု ) ပန်းကုံးစွပ်ထားသော မိန်းမတို့၌သော်လည်း လွန်ကျူးခြင်းသို့ ရောက်၏။ သာရိပုတြာ ဤသို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။

သာရိပုတြာ အဘယ်သို့သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်သနည်း။သာရိပုတြာ ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းကို ပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထား၏၊ လက်နက်ကို ချထား၏၊ အရှက်ရှိ၏၊ သနားခြင်းသို့ ရောက်၏၊ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို အစဉ်စောင့်လေ့ရှိသည်ဖြစ်၍ နေ၏။မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ရွာ၌တည်သည်ဖြစ်စေ တော၌ တည်သည်ဖြစ်စေ သူတပါး၏ဥစ္စာ သူတပါး၏အဆောက်အဦကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် မယူတတ်။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းကိုပယ်၍ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ အမိစောင့်ရှောက်ထားသောမိန်းမ အဖစောင့်ရှောက်ထားသောမိန်းမ အမိအဖစောင့်ရှောက်ထားသောမိန်းမ မောင်ကြီးမောင်ငယ်စောင့်ရှောက်ထားသောမိန်းမ အစ်မညီမစောင့်ရှောက်ထားသောမိန်းမ ဆွေမျိုးစောင့်ရှောက်ထားသောမိန်းမ အနွယ်စောင့်ရှောက်ထားသောမိန်းမ တရားကျင့်ဖော်တို့ စောင့်ရှောက်ထားသောမိန်းမ လင်ရှိသောမိန်းမ ဒဏ်ထားအပ်သောမိန်းမနှင့် အယုတ်ဆုံးအားဖြင့် (ငါ့မယားဟု) ပန်းကုံးစွပ်ထားသော မိန်းမတို့၌သော်လည်း လွန်ကျူးခြင်းသို့မရောက်။ သာရိပုတြာ ဤသို့ သဘောရှိသော ကိုယ်အမူအရာကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ "ရဟန်းတို့ ငါသည် ကိုယ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုကိုယ်အမူအရာသည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို ငါဟော၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟော၏။

ရဟန်းတို့ ငါသည် နှုတ်အမူအရာကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ပ။ရဟန်းတို့ ငါသည် စိတ်အမူအရာကိုလည်း နှစ်မျိုးဟော၏။ပ။ရဟန်းတို့ ငါသည် စိတ်ဖြစ်ခြင်းကိုလည်း နှစ်မျိုးဟော၏။ပ။ရဟန်းတို့ ငါသည် သညာရခြင်းကိုလည်း နှစ်မျိုးဟော၏။ ပ ။ရဟန်းတို့ ငါသည် ဒိဋ္ဌိရခြင်းကိုလည်း နှစ်မျိုးဟော၏။ပ။"ရဟန်းတို့ ငါသည် အတ္တဘောရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ထိုအတ္တဘောရခြင်း သည်လည်း တမျိုးစီဖြစ်၏"ဟု ဤသို့လျှင် ဤစကားကို ငါဟော၏၊ဤစကားကို အဘယ်ကိုအကြောင်းပြု၍ ဟောသနည်း။ သာရိပုတြာ အကြင်သို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့

http://www.dhammadownload.com



တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့ သဘောရှိသော အတ္တဘောရခြင်းကို မမှီဝဲထိုက်။ သာရိပုတြာ အကြင်သို့ သဘောရှိသော အတ္တဘော ရခြင်းကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲထိုက်၏။

သာရိပုတြာ အဘယ်သို့သဘောရှိသော အတ္တဘောရခြင်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်သနည်း။ သာရိပုတြာ ဆင်းရဲရှိသော အတ္တဘောရခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား (ဘဝတို့၏)မပြီးဆုံးသည်၏အဖြစ်ကြောင့် အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ သာရိပုတြာ ဆင်းရဲဒုက္ခမရှိသော အတ္တဘောရခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား (ဘဝတို့၏) ပြီးဆုံးသည်၏ အဖြစ်ကြောင့် အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ "ရဟန်းတို့ ငါသည် အတ္တဘော ရခြင်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏၊ ထိုအတ္တဘောရခြင်းသည်လည်း တမျိုးစီ ဖြစ်၏"ဟု ဤသို့လျှင် အကြင်စကားကို ငါဟော၏၊ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟော၏။ သာရိပုတြာ ငါသည် အကျဉ်းအားဖြင့် ဟောထားအပ်သော ဤတရားတော်၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် မှတ်ရမည်။

၁၁၉။ သာရိပုတြာ ငါသည် စက္ခုဝိညာဏ်ဖြင့် သိအပ်သောအဆင်း 'ရူပါရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ သာရိပုတြာ ငါသည် သောတဝိညာဏ်ဖြင့် သိအပ်သော အသံ 'သဒ္ဒါရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ သာရိပုတြာ ဃာနဝိညာဏ်ဖြင့် သိအပ်သောအနံ့ 'ဂန္ဓာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ သာရိပုတြာ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ 'ရသာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ သာရိပုတြာ ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ' ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏။ သာရိပုတြာ ငါသည် မနောဝိညာဏ်ဖြင့် သိအပ်သော သဘော 'ဓမ္မာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရားတော်၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် နားလည်ပါ၏—"သာရိပုတြာ ငါသည် စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း'ရူပါရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ထိုစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း။မြတ်စွာဘုရား အကြင်သို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သောအဆင်း 'ရူပါရုံ'ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏၊ ဤသို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သောအဆင်း'ရူပါရုံ'ကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း 'ရူပါရုံ'ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း 'ရူပါရုံ'ကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း 'ရူပါရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်

http://www.dhammadownload.com



စကားကို မြတ်စွာဘုရား ဟောတော်မူပါ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူပါ၏။

သာရိပုတြာ ငါသည် သောတဝိညာဏ်ဖြင့် သိအပ်သောအသံ 'သဒ္ဒါရုံ' ကိုလည်း။ပ။ ဤသို့သဘောရှိသော သောတဝိညာဏ်ဖြင့် သိအပ်သော အသံ 'သဒ္ဒါရုံ'ကို မမှီဝဲထိုက်။ ဤသို့သဘောရှိသော သောတဝိညာဏ်ဖြင့် သိအပ်သော အသံ'သဒ္ဒါရုံ'ကို မှီဝဲထိုက်၏။ ဤသို့သဘောရှိသော ဃာနဝိညာဏ်ဖြင့် သိအပ်သော အနံ့'ဂန္ဓာရုံ'ကို မမှီဝဲထိုက်။ ဤသို့သဘောရှိသော ဃာနဝိညာဏ်ဖြင့် သိအပ်သောအနံ့ 'ဂန္ဓာရုံ'ကို မှီဝဲထိုက်၏။ ဤသို့သဘောရှိသော ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ 'ရသာရုံ'ကို မမှီဝဲထိုက်။ ဤသို့သဘောရှိသော ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ'ရသာရုံ'ကို မှီဝဲထိုက်၏။ သာရိပုတြာ ငါသည် ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'ကိုလည်း။ပ။ ဤသို့သဘောရှိသော ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို မမှီဝဲထိုက်။ ဤသို့သဘောရှိသော ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို မှီဝဲထိုက်၏။

"သာရိပုတြာ ငါသည် မနောဝိညာဏ်ဖြင့် သိအပ်သော သဘော'ဓမ္မာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူသနည်း။မြတ်စွာဘုရား အကြင်သို့သဘောရှိသော မနောဝိညာဏ်ဖြင့် သိအပ်သော သဘော'ဓမ္မာရုံ' ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏၊ ဤသို့သဘောရှိသော ဓမ္မာရုံကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော မနောဝိညာဏ်ဖြင့် သိအပ်သောသဘော 'ဓမ္မာ'ရုံကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏၊ ဤသို့ သဘောရှိသော ဓမ္မာရုံကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် မနောဝိညာဏ်ဖြင့် သိအပ်သော သဘော'ဓမ္မာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို ဝေဖန်တော်မမူသော ဤတရားတော်၏အဓိပ္ပါယ်ကို ဤသို့အကျယ်အားဖြင့် အကျွန်ုပ် နားလည်ပါ၏ ဟု (လျှောက်၏)။

၁၂၀။ သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊သာရိပုတြာ ငါသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရား၏အဓိပ္ပါယ်ကို သင်သည် ဤသို့ အကျယ်အားဖြင့် ကောင်းစွာသာလျှင် သိ၏—"သာရိပုတြာ ငါသည် စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း 'ရူပါရုံ' ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် ဤစကားကို ငါဟော၏၊ ဤစကားကို အဘယ်ကိုအကြောင်းပြု၍ ဟောသနည်း။ သာရိပုတြာ အကြင်သို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း'ရူပါရုံ'ကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း'ရူပါရုံ'ကို မမှီဝဲထိုက်။ သာရိပုတြာ အကြင်သို့သဘောရှိသော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း'ရူပါရုံ'ကို မှီဝဲသောပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော အဆင်း'ရူပါရုံ'ကို မှီဝဲထိုက်၏။

http://www.dhammadownload.com



"သာရိပုတြာ ငါသည် စက္ခုဝိညာဏ်ဖြင့်သိအပ်သော အဆင်း'ရူပါရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက် နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို ငါဟောထား၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ဟောထား၏။

သာရိပုတြာ ငါသည် သောတဝိညာဏ်ဖြင့် သိအပ်သော အသံ 'သဒ္ဒါရုံ'ကိုလည်း။ပ။ဤသို့ သဘောရှိသော သောတဝိညာဏ်ဖြင့် သိအပ်သော အသံ 'သဒ္ဒါရုံ'ကို မမှီဝဲထိုက်၊ ဤသို့ သဘောရှိသော သောတဝိညာဏ်ဖြင့် သိအပ်သောအသံ 'သဒ္ဒါရုံ'ကို မှီဝဲထိုက်၏။ ဤသို့သဘောရှိသော ဃာနဝိညာဏ်ဖြင့်သိအပ်သော အနံ့ 'ဂန္ဓာရုံ'ကို မမှီဝဲထိုက်၊ ဤသို့သဘောရှိသော ဃာနဝိညာဏ်ဖြင့်သိအပ်သော အနံ့ 'ဂန္ဓာရုံ'ကို မှီဝဲထိုက်၏။ ဤသို့သဘောရှိသော ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ 'ရသာရုံ'ကို မမှီဝဲထိုက်၊ ဤသို့သဘောရှိသော ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ 'ရသာရုံ'ကို မှီဝဲထိုက်၏။ ဤသို့ သဘောရှိသော ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို မမှီဝဲထိုက်၊ ဤသို့သဘောရှိသော ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို မှီဝဲထိုက်၏။

သာရိပုတြာ ငါသည် မနောဝိညာဏ်ဖြင့် သိအပ်သော သဘော 'ဓမ္မာရုံ' ကိုလည်း။ပ။ ဤသို့ သဘောရှိသော မနောဝိညာဏ်ဖြင့် သိအပ်သော သဘော'ဓမ္မာရုံ'ကို မမှီဝဲထိုက်၊ ဤသို့ သဘောရှိသော မနောဝိညာဏ်ဖြင့် သိအပ်သော သဘော'ဓမ္မာရုံ'ကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် မနောဝိညာဏ်ဖြင့် သိအပ်သော သဘော 'ဓမ္မာရုံ'ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို ငါဟောထား၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောထား၏။ သာရိပုတြာ ငါအကျဉ်းမျှသာ ဟောထားသော ဤတရား၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် မှတ်သားရမည်။

၁၂၁။ သာရိပုတြာ သင်္ကန်းကိုလည်း မှီဝဲထိုက် မထိုက်ဟု နှစ်မျိုးဟော၏။ပ။သာရိပုတြာ ငါသည် ဆွမ်းကိုလည်း။ သာရိပုတြာ ငါသည် ကျောင်းကိုလည်း။ သာရိပုတြာ ငါသည် ရွာကိုလည်း။ သာရိပုတြာ ငါသည် နိဂုံးကိုလည်း။ သာရိပုတြာ ငါသည် မြို့ကိုလည်း။ သာရိပုတြာ ငါသည် ဇနပုဒ်ကိုလည်း။ သာရိပုတြာ ငါသည် ပုဂ္ဂိုလ်ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရားတော်၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် နားလည်ပါ၏—"သာရိပုတြာ ငါသည် သင်္ကန်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူသနည်း။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော သင်္ကန်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ဤသို့ သဘောရှိသော သင်္ကန်းကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့သဘောရှိသော သင်္ကန်းကိုမှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ဤသို့သဘော ရှိသော သင်္ကန်းကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် သင်္ကန်းကိုလည်း မမှီဝဲထိုက် မှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရား၊ ဟောတော်မူပါ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောတော်မူ၏။

http://www.dhammadownload.com



သာရိပုတြာ ငါသည် ဆွမ်းကိုလည်း။ပ။ဤသို့သဘောရှိသော ဆွမ်းကို မမှီဝဲထိုက်၊ ဤသို့သဘောရှိသော ဆွမ်းကို မှီဝဲထိုက်၏။ သာရိပုတြာ ငါသည် ကျောင်းကိုလည်း။ပ။ဤသို့သဘောရှိသော ကျောင်းကို မမှီဝဲထိုက်၊ ဤသို့သဘောရှိသော ကျောင်းကို မှီဝဲထိုက်၏။ သာရိပုတြာ ငါသည် ရွာကိုလည်း။ပ။ဤသို့ သဘောရှိသော ရွာကို မမှီဝဲထိုက်၊ဤသို့ သဘောရှိသောရွာကို မှီဝဲထိုက်၏။ ဤသို့ သဘောရှိသော နိဂုံးကို မမှီဝဲထိုက်၊ ဤသို့ သဘောရှိသော နိဂုံးကို မှီဝဲထိုက်၏။ ဤသို့ သဘောရှိသော မြို့ကို မမှီဝဲထိုက်၊ ဤသို့ သဘောရှိသော မြို့ကို မှီဝဲထိုက်၏။ ဤသို့ သဘောရှိသော ဇနပုဒ်ကို မမှီဝဲထိုက်၊ ဤသို့ သဘောရှိသော ဇနပုဒ်ကို မှီဝဲထိုက်၏။

"သာရိပုတြာ ငါသည် ပုဂ္ဂိုလ်ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုး ဟော၏"ဟု ဤသို့လျှင် ဤစကားကို မြတ်စွာဘုရား ဟောတော်မူပါ၏၊ ဤစကားကို အဘယ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း၊မြတ်စွာဘုရား အကြင်သို့ သဘောရှိသော ပုဂ္ဂိုလ်ကိုမှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ပါကုန်၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲထိုက်။ မြတ်စွာဘုရား အကြင်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးပါကုန်၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်ကုန်၏။ "သာရိပုတြာ ငါသည် ပုဂ္ဂိုလ်ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက် ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် အကြင်စကားကို မြတ်စွာဘုရားသည် ဟောထားတော်မူ၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောထားတော်မူ၏။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှသာ ဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရားတော်၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် နားလည်ပါ၏ဟု(လျှောက်၏)။

၁၂။ သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ သာရိပုတြာ ငါသည် အကျဉ်းမျှသာ ဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရား၏ အဓိပ္ပါယ်ကို သင်သည် ဤသို့ အကျယ်အားဖြင့် ကောင်းစွာသာလျှင် သိပေ၏— "သာရိပုတြာ ငါသည် သင်္ကန်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် ဤစကားကို ငါဟောထား၏၊ ဤစကားကို အဘယ်ကို အကြောင်းပြု၍ ဟောထားသနည်း၊ သာရိပုတြာ အကြင်သို့ သဘောရှိသော သင်္ကန်းကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့ သဘောရှိသော သင်္ကန်းကို မမှီဝဲထိုက်။ သာရိပုတြာ အကြင်သို့ သဘောရှိသော သင်္ကန်းကိုမှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့ သဘောရှိသော သင်္ကန်းကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် သင်္ကန်းကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏" ဟု ဤသို့လျှင် အကြင် စကားကို ငါဟောထား၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး) ကို အကြောင်းပြု၍ ဟောထား၏၊ [ပဌမဆိုခဲ့ပြီးအတိုင်း အကျယ် သိရမည်]။ ဤသို့ သဘောရှိသောဆွမ်းကို။ ဤသို့ သဘောရှိသောကျောင်းကို။ ဤသို့ သဘောရှိသောရွာကို။ ဤသို့သဘောရှိသော နိဂုံးကို။ ဤသို့ သဘောရှိသောမြို့ကို။ ဤသို့ သဘောရှိသော ဇနပုဒ်ကို။

"သာရိပုတြာ ငါသည် ပုဂ္ဂိုလ်ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏"ဟု ဤသို့လျှင် ဤစကားကို ငါဟောထား၏၊ ထိုစကားကို အဘယ်ကို အကြောင်းပြု၍ ဟောထားသနည်း။ သာရိပုတြာ အကြင်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲ

http://www.dhammadownload.com



ထိုက်။ သာရိပုတြာ အကြင်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်၏။ "သာရိပုတြာ ငါသည် ပုဂ္ဂိုလ်ကိုလည်း မှီဝဲထိုက် မမှီဝဲထိုက်ဟု နှစ်မျိုးဟော၏" ဟု ဤသို့လျှင် အကြင်စကားကို ငါဟောထား၏၊ ထိုစကားကို ဤ(ဆိုခဲ့ပြီး)ကို အကြောင်းပြု၍ ဟောထား၏၊ သာရိပုတြာ ငါသည် အကျဉ်းအားဖြင့် ဟော၍ အကျယ်အားဖြင့် အဓိပ္ပါယ်ကို မဝေဖန်သော ဤတရား၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် မှတ်ရမည်။

၁၂၃။ သာရိပုတြာ အလုံးစုံသော မင်းတို့သည် အကျဉ်းအားဖြင့် ဟောထားသော ဤတရား၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကယ်၍ သိကုန်မူ အလုံးစုံသော မင်းတို့အားလည်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ သာရိပုတြာ အလုံးစုံသော ပုဏ္ဏားတို့သည်။ပ။ သာရိပုတြာ အလုံးစုံသော ကုန်သည်တို့သည်။ပ။ သာရိပုတြာ အလုံးစုံသော သူဆင်းရဲတို့သည် ငါအကျဉ်းအားဖြင့် ဟောထားသော ဤတရား၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကယ်၍ သိကုန်မူ အလုံးစုံသော သူဆင်းရဲတို့အားလည်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ သာရိပုတြာ နတ်နှင့်တကွသော မာရ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကသည်၎င်း (သာသနာတော်အတွင်းအပဖြစ်သော) သမဏဗြာဟဏနှင့်တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းသည်၎င်း ငါသည် အကျဉ်းအားဖြင့် ဟောထားသော ဤတရား၏ အဓိပ္ပါယ်ကို ဤသို့ အကျယ်အားဖြင့် အကယ်၍ သိကုန်မူ နတ်နှင့်တကွသော မာရ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကအား၎င်း (သာသနာတော်အတွင်းအပဖြစ်သော) သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းအား၎င်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

လေးခုမြောက် သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် ပြီး၏။

---

## ၅-ဗဟုဓာတုကသုတ်

၁၂၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဘေးရန်ဟူသမျှတို့သည် သူမိုက်ကြောင့်ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ဘေးဥပဒ်မှန်သမျှတို့သည် သူမိုက်ကြောင့် ဖြစ်ကုန်၏၊ပညာရှိကြောင့် မဖြစ်ကုန်။ပူဆွေးရမှုမှန်သမျှတို့သည် သူမိုက်ကြောင့်ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ရဟန်းတို့ ဥပမာအားဖြင့် ကျူမိုးအိမ်မှ၎င်း မြက်မိုးအိမ်မှ၎င်း လွင့်သော မီးသည် အတွင်းအပ လိမ်းကျံထားကုန်သော လေမတိုက်

http://www.dhammadownload.com



ကုန်သော ထိစပ်သောတံခါးရွက်ရှိကုန်သော ပိတ်ထားသော လေသာတံခါးရှိကုန်သော အထွတ်တပ်သော အိမ်တို့ကိုသော်လည်း လောင်ကျွမ်းသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဘေးရန်မှန်သမျှတို့သည် သူမိုက်ကြောင့် ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ဘေးဥပဒ်မှန်သမျှတို့သည် သူမိုက်ကြောင့် ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ပူဆွေးရမှုမှန်သမျှတို့သည် သူမိုက်ကြောင့် ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ရဟန်းတို့ ဤသို့လျှင် သူမိုက်သည် ဘေးရန်ရှိ၏၊ ပညာရှိသည် ဘေးရန်ကင်း၏။ သူမိုက်သည် ဘေးဥပဒ်ရှိ၏၊ ပညာရှိသည် ဘေးဥပဒ်ကင်း၏။ သူမိုက်သည် ပူဆွေးရမှုရှိ၏၊ ပညာရှိသည် ပူဆွေးရမှုကင်း၏။ ရဟန်းတို့ ပညာရှိမှုကြောင့် ဘေးရန်မရှိ၊ ပညာရှိမှုကြောင့် ဘေးဥပဒ်မရှိ၊ ပညာရှိမှုကြောင့် ပူဆွေးရမှုမရှိ။ ရဟန်းတို့ ထို့ကြောင့် ပညာရှိသူ ဆင်ခြင်တတ်သူတို့ ဖြစ်ကုန်အံ့ဟု ဤသို့လျှင် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "မြတ်စွာဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် 'ရဟန်းကို ပညာရှိသောရဟန်း ဆင်ခြင်တတ်သောရဟန်း'ဟူ၍ ဆိုခြင်းငှါ သင့်ပါသနည်း"ဟု (လျှောက်၏)။ အာနန္ဒာ အကြင်အကြောင်းကြောင့် ရဟန်းသည် ဓာတ်၌လည်း လိမ္မာ၏၊ အာယတန၌လည်း လိမ္မာ၏၊ ပဋိစ္စသမုပ္ပါဒ်၌လည်း လိမ္မာ၏၊ အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်၌လည်း လိမ္မာ၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့် "ရဟန်းကို ပညာရှိသောရဟန်း ဆင်ခြင်တတ်သောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။

၁၂၅။ မြတ်စွာဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် "ဓာတ်၌လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်ပါသနည်းဟု (လျှောက်၏)။ အာနန္ဒာ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ်၊ သောတဓာတ် သဒ္ဒဓာတ် သောတဝိညာဏဓာတ်၊ ဃာနဓာတ် ဂန္ဓဓာတ် ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ်၊ မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်အားဖြင့် ဓာတ်တို့သည် တဆယ့်ရှစ်ပါးတို့တည်း။ အာနန္ဒာ ဤဓာတ်တဆယ့်ရှစ်ပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့်သိ၏၊မြင်၏၊အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း "ဓာတ်၌လိမ္မာသော ရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။ (၁)

မြတ်စွာဘုရား "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်နိုင်ရာသော တပါးသော အကြောင်း ပရိယာယ်လည်း ရှိပါသေးသလောဟု (လျှောက်၏)။ အာနန္ဒာ ရှိ၏၊ အာနန္ဒာ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်အားဖြင့် ဓာတ်တို့သည် ဤခြောက်ပါးတို့တည်း။ ဤဓာတ်ခြောက်ပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း"ဓာတ်၌လိမ္မာသော ရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။ (၂)

မြတ်စွာဘုရား "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်နိုင်ရာသော တပါးသော အကြောင်းပရိယာယ်လည်း ရှိပါသေးသလောဟု(လျှောက်၏)။အာနန္ဒာ ရှိ၏၊အာနန္ဒာ သုခဓာတ် ဒုက္ခဓာတ် သောမနဿဓာတ် ဒေါမနဿဓာတ် ဥပေက္ခာဓာတ် အဝိဇ္ဇာဓာတ်အားဖြင့် ဓာတ်တို့သည် ဤခြောက်ပါးတို့တည်း။ အာနန္ဒာ ဤဓာတ်ခြောက်ပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း "ဓာတ်၌လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။ (၃)

http://www.dhammadownload.com



မြတ်စွာဘုရား "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်နိုင်ရာသော တပါးသော အကြောင်းပရိယာယ်လည်း ရှိပါသေးသလောဟု(လျှောက်၏)။အာနန္ဒာ ရှိ၏၊အာနန္ဒာ လိုချင်မှု ကာမနှင့်စပ်သော ဓာတ်,ထွက်မြောက်မှု နေက္ခမ္မနှင့်စပ်သော ဓာတ်,ပျက်စီးစေလိုခြင်း'ဗျာပါဒ'နှင့် စပ်သော ဓာတ်,မပျက်စီးစေလိုခြင်း မေတ္တာ'အဗျာပါဒ'နှင့်စပ်သောဓာတ်,ညှဉ်းဆဲခြင်း'ဝိဟိံသာ' နှင့်စပ်သောဓာတ်, မညှဉ်းဆဲခြင်း 'အဝိဟိံသာ'နှင့်စပ်သောဓာတ်အားဖြင့် ဓာတ်တို့သည် ဤ ခြောက်ပါးတို့တည်း။ အာနန္ဒာ ခြောက်ပါးကုန်သော ဤဓာတ်တို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း "ဓာတ်၌ လိမ္မာသော ရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။ (၄)

မြတ်စွာဘုရား "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်နိုင်ရာသော တပါးသော အကြောင်းပရိယာယ်လည်း ရှိပါသေးသလောဟု (လျှောက်၏)။ အာနန္ဒာ ရှိ၏၊ အာနန္ဒာ ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်[1] အားဖြင့် ဓာတ်တို့သည် ဤသုံးပါးတို့တည်း။ အာနန္ဒာ ဤဓာတ်သုံးပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း"ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု(မိန့်တော်မူ၏)။ (၅)

အသျှင်ဘုရား "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်နိုင်ရာသော တပါးသော အကြောင်း ပရိယာယ်လည်း ရှိပါသေးသလောဟု (လျှောက်၏)။ အာနန္ဒာ ရှိ၏၊ အာနန္ဒာ သင်္ခတဓာတ်, အသင်္ခတဓာတ်အားဖြင့် ဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။ အာနန္ဒာ ဤဓာတ် နှစ်ပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသောအကြောင်း ဖြင့်လည်း "ဓာတ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။ (၆)

၁၂၆။ မြတ်စွာဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် "အာယတန၌ လိမ္မာသော ရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်ပါသနည်းဟု(လျှောက်၏)။အာနန္ဒာ စက္ခုရင်း ရူပါရုံတို့ရင်း၊သောတ ရင်း သဒ္ဒါရုံတို့ရင်း၊ဃာနရင်း ဂန္ဓာရုံတို့ရင်း၊ဇိဝှါရင်း ရသာရုံတို့ရင်း၊ကာယရင်း ဖောဋ္ဌဗ္ဗာရုံတို့ရင်း၊ မနရင်း ဓမ္မာရုံတို့ရင်း၊ (ဤသို့) အတွင်းသန္တာန် အပသန္တာန်၌ဖြစ်ကုန်သော ဤအာယတန တို့သည် ခြောက်ပါးတို့တည်း။အာနန္ဒာ အတွင်းသန္တာန် အပသန္တာန်၌ဖြစ်ကုန်သော ဤအာယတန ခြောက်ပါးတို့ကို အကြင်အကြောင်းကြောင့် ပညာဖြင့် သိ၏၊ မြင်၏၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း"အာယတန၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု(မိန့်တော်၏)။

မြတ်စွာဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် "ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသော ရဟန်း" ဟူ၍ ဆိုခြင်းငှါ သင့်ပါသနည်းဟု (လျှောက်၏)။ အာနန္ဒာ ဤအကြောင်းရှိသော် ဤအကျိုး ရှိ၏၊ ဤအကြောင်း၏ ဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးဖြစ်ပေါ်၏၊ ဤအကြောင်းမရှိလတ်သော် ဤအကျိုးမရှိ၊ ဤအကြောင်း၏ချုပ်ခြင်းကြောင့် ဤအကျိုးချုပ်၏ဟု ရဟန်းသည် သိ၏၊ သိပုံ ကား မသိမှု'အဝိဇ္ဇာ'ကြောင့် ပြုပြင်မှု'သင်္ခါရ'၊ ပြုပြင်မှု'သင်္ခါရ'ကြောင့် ပဋိသန္ဓေဝိညာဏ်၊ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် တွေ့ထိမှု 'ဖဿ'၊ တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု'ဝေဒနာ'၊ ခံစားမှု'ဝေဒနာ'ကြောင့် တပ်မက်မှု 'တဏှာ'၊ တပ်မက်မှု'တဏှာ'ကြောင့် စွဲလမ်းမှု'ဥပါဒါန်'၊စွဲလမ်းမှု 'ဥပါဒါန်'ကြောင့် ဖြစ်ခြင်း'ဘဝ'၊ဖြစ်ခြင်း

၁။ ကာမဓာတ်-ကာမဘုံ၌ အကျုံးဝင်သော ခန္ဓာငါးပါး။ ရူပဓာတ်-ရူပတဆယ့်ငါးဘုံ၌ အကျုံးဝင်သော ခန္ဓာငါးပါး။ အရူပဓာတ်-အရူပလေးဘုံ၌ အကျုံးဝင်သော နာမက္ခန္ဓာလေးပါး။

http://www.dhammadownload.com



'ဘဝ'ကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ'၊ဖြစ်ပွါးခြင်း 'ဇာတိ'ကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ဖြစ်ကုန်၏။ ဤသို့ချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏။ မသိမှု 'အဝိဇ္ဇာ'၏သာလျှင် တပ်ခြင်းကင်းသဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'ချုပ်၏၊ ပြုစီရင်မှု 'သင်္ခါရ'၏ ချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ် ချုပ်၏၊ပဋိသန္ဓေဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏၊ သဠာယတနချုပ်ခြင်းကြောင့် တွေ့ထိမှု 'ဖဿ'ချုပ်၏၊ တွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ချုပ်၏၊ခံစားမှု 'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်မက်မှု 'တဏှာ' ချုပ်၏၊တပ်မက်မှု 'တဏှာ'ချုပ်ခြင်းကြောင့် စွဲလမ်းမှု'ဥပါဒါန်'ချုပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဘဝ'ချုပ်၏၊ ဖြစ်ခြင်း'ဘဝ'ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်၏၊ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' ပူဆွေးခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း'ဥပါယာသ'တို့သည် ချုပ်ကုန်၏။ ဤသို့ ချမ်းသာမဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏ဟု (သိ၏)။ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်သာလျှင် "ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။

၁၂၇။ မြတ်စွာဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် "အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်၌ လိမ္မာသောရဟန်း"ဟူ၍ ဆိုခြင်းငှါ သင့်ပါသနည်းဟု (လျှောက်၏)။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား တစုံတခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစုံတခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား တစုံတခုသော သင်္ခါရတရားကို သုခဟု ယူရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစုံတခုသော သင်္ခါရတရားကို သုခဟု ယူရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို အတ္တဟု ယူရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား တစုံတခုသော သင်္ခါရတရားကို အတ္တဟု ယူရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။

၁၂၈။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား အမိကို သတ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား အမိကို သတ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား အဖကို သတ်ရာသော အကြောင်းအရာမျိုးသည် မရှိ။ပ။ရဟန္တာကို သတ်ရာသော အကြောင်းအရာမျိုးသည်။ပ။ ရှိ၏ဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား မြတ်စွာဘုရားကို ပြစ်မှားလိုသောစိတ်ဖြင့် သွေးကို ဖြစ်စေရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား မြတ်စွာဘုရားကို ပြစ်မှားလိုသောစိတ်ဖြင့် သွေးကို ဖြစ်စေရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား သံဃာကို သင်းကွဲစေရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံ

http://www.dhammadownload.com



သောပုဂ္ဂိုလ်အား (မြတ်စွာဘုရားမှ)တပါးသောသူကို ဆရာဟု ညွှန်းရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်အား မြတ်စွာဘုရားမှ တပါးသောသူကို ဆရာဟု ညွှန်းရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။

၁၂၉။ တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော နှစ်ဆူသော မြတ်စွာဘုရားတို့သည် မရှေးမနှောင်း ပွင့်တော်မူကုန်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား တဆူတည်း ပွင့်တော်မူရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ တခုသော လောကဓာတ်၌ စကြဝတေးမင်းနှစ်ပါး မရှေးမနှောင်းဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် တခုသောလောကဓာတ်၌ စကြဝတေးမင်း တပါးတည်း၏ ဖြစ်ပေါ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။

၁၃၀။ မိန်းမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် ယောကျ်ားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ မိန်းမသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် ယောကျ်ားသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ မိန်းမသည် သိကြားမင်းဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိ၊ မာရ်နတ်ဖြစ်ရာသော၊ ဗြဟ္မာဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ယောကျ်ားသည် သိကြားမင်းဖြစ်ရာသော, မာရ်နတ်ဖြစ်ရာသော, ဗြဟ္မာဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။

၁၃၁။ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု 'ကာယဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု 'ကာယဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အကျိုး ဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု 'ဝစီဒုစရိုက်'၏။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု 'မနောဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု 'ဝစီဒုစရိုက်'၏။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု 'မနောဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အကျိုး ဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏၊ သို့ရာတွင် ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ဝစီသုစရိုက်'၏။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'မနောသုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ဝစီသုစရိုက်'၏။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'မနောသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော အကျိုးဖြစ်ရာသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။

http://www.dhammadownload.com



ကာယဒုစရိုက်နှင့်ပြည့်စုံသော သူသည် ထို(ကာယဒုစရိုက်) ဟူသော အကြောင်း အထောက် အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။သို့ရာတွင် ကာယဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(ကာယဒုစရိုက်) ဟူသော အကြောင်းအထောက် အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာ ကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာ ဖြစ်သော ငရဲသို့ရောက်ရသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ ဝစီဒုစရိုက်နှင့် ပြည့်စုံသောသူအား။ပ။မနောဒုစရိုက်နှင့် ပြည့်စုံသောသူအား ထို(မနောဒုစရိုက်) ဟူသော အကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ရောက်ရသော အကြောင်းအရာမျိုး သည် မရှိဟု သိ၏။ သို့ရာတွင် ဝစီဒုစရိုက်နှင့် ပြည့်စုံသော သူအား။ပ။မနောဒုစရိုက်နှင့် ပြည့်စုံသောသူအား ထို(မနောဒုစရိုက်) ဟူသော အကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့ရောက်ရသော အကြောင်း အရာမျိုးကား ရှိ၏ဟု သိ၏။

ကာယသုစရိုက်နှင့် ပြည့်စုံသောသူအား ထို(ကာယသုစရိုက်)ဟူသော အကြောင်း အထောက် အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့ရောက်ရသော အကြောင်းအရာမျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ကာယသုစရိုက်နှင့်ပြည့်စုံသောသူအား ထို(ကာယသုစရိုက်)ဟူသော အကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရသော အကြောင်းအရာမျိုးကား ရှိ၏ဟု သိ၏။ ဝစီသုစရိုက်နှင့်ပြည့်စုံသော သူအား။ပ။ မနောသုစရိုက်နှင့် ပြည့်စုံသောသူအား ထို(မနောသုစရိုက်) ဟူသော အကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရ ဖြစ်သော ငရဲသို့ရောက်ရသော အကြောင်းအရာ မျိုးသည် မရှိဟု သိ၏။ သို့ရာတွင် ဝစီသုစရိုက်နှင့်ပြည့်စုံသောသူအား။ပ။ မနောသုစရိုက်နှင့် ပြည့်စုံသောသူအား ထို(မနောသုစရိုက်) ဟူသော အကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရသော အကြောင်း အရာမျိုးကား ရှိ၏ဟု သိ၏။အာနန္ဒာ ဤမျှသောအကြောင်းဖြင့် “အကြောင်းဟုတ်သည် မဟုတ် သည်၌ လိမ္မာသောရဟန်း”ဟူ၍ ဆိုခြင်းငှါ သင့်၏ဟု (မိန့်တော်မူ၏)။

၁၃၂။ ဤသို့မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင် ဘုရား ဤတရားဒေသနာတော်သည် အဘယ်အမည်ရှိပါသနည်း” ဟု (လျှောက်ထား၏)။ အာနန္ဒာ ထိုအကြောင်းကြောင့် ဤတရားဒေသနာတော်ကို ဗဟုဓာတုက[၁]ဒေသနာဟူ၍လည်း မှတ်လော့၊စတုပရိဝဋ္ဋ ဒေသနာဟူ၍လည်း မှတ်လော့၊ ဓမ္မာဒါသ ဒေသနာဟူ၍လည်း မှတ်လော့၊

---

၁-များစွာသောဓာတ်တို့ကို ဝေဖန်ဟောရာ- ဗဟုဓာတုကဓာတ်, အာယတန, ပဋိစ္စသမုပ္ပါဒ်, ဌာနာဋ္ဌာန ဤလေးမျိုးကို အပြန်အလှန်ဟောရာ- စတုပရိဝဋ္ဋ၊ ကြေးမုံနှင့်တူသော တရားဒေသနာဓမ္မာဒါသ၊ စည်ကြီးနှင့် တူစွာ အမြိုက်တရားကို ကြွေးကြော်ရာဒေသနာ-အမတဒုန္ဒုဘိ၊ အထုံမဲ့စစ်အောင်ပွဲနှင့်တူသော ဒေသနာ-အနုတ္တရ သင်္ဂါမ။

http://www.dhammadownload.com



အမတာဒုန္ဒုဘိဒေသနာဟူ၍လည်း မှတ်လော့၊ အနုတ္တရသင်္ဂါမဝိဇယဒေသနာဟူ၍လည်း မှတ်လော့ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

ငါးခုမြောက် ဗဟုဓာတုကသုတ် ပြီး၏။

## ၆-ဣသိဂိလိသုတ်

၁၃၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သင်တို့သည် ထိုဝေဘာရတောင်ကို မြင်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုဝေဘာရတောင်၏လည်း (ဝေဘာရအမည်မှ) တပါးသောလျှင်ဖြစ်သော အမည်ပညတ်သည် ဖြစ်ခဲ့ဘူး၏။

ရဟန်းကို သင်တို့သည် ထိုပဏ္ဍဝတောင်ကို မြင်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုပဏ္ဍဝတောင်၏လည်း (ပဏ္ဍဝအမည်မှ) တပါးသောလျှင်ဖြစ်သော အမည်ပညတ်သည် ဖြစ်ခဲ့ဘူး၏။

ရဟန်းတို့ သင်တို့သည် ထိုဝေပုလ္လတောင်ကို မြင်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုဝေပုလ္လတောင်၏လည်း (ဝေပုလ္လအမည်မှ) တပါးသောလျှင်ဖြစ်သော အမည်ပညတ်သည် ဖြစ်ခဲ့ဘူး၏။

ရဟန်းတို့ သင်တို့သည် ထိုဂိဇ္ဈကုဋ်တောင်ကို မြင်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုဂိဇ္ဈကုဋ်တောင်၏လည်း (ဂိဇ္ဈကုဋ်အမည်မှ) တပါးသောလျှင်ဖြစ်သော အမည်ပညတ်သည် ဖြစ်ခဲ့ဘူး၏။

ရဟန်းတို့ သင်တို့သည် ထိုဣသိဂိလိတောင်ကို မြင်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဣသိဂိလိတောင်၏လည်း ဣသိဂိလိဟူသော အမည်ပညတ်သာလျှင် ဖြစ်၏။

ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ပစ္စေကဗုဒ္ဓါငါးရာတို့သည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေခဲ့ဘူးကုန်၏။ ဤတောင်သို့ ဝင်ဆဲဖြစ်သော ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်ကုန်၏၊ ဝင်ပြီးနေကုန်သော ထိုပစ္စေကဗုဒ္ဓါတို့ကို မမြင်ရကုန်။ လူတို့သည် ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်ကုန်၍ "ဤတောင်သည် ဤပစ္စေကဗုဒ္ဓါ ဣသိတို့ကို မျို၏"ဟု ဤသို့ပြောဆိုကုန်၏၊ ထို့ကြောင့် ရသေ့တောင် ရသေ့မျိုတောင် 'ဣသိဂိလိ ဣသိဂိလိ' ဟူ၍သာလျှင် အမည်ထင်ရှားဖြစ်၏။ ရဟန်းတို့ ပစ္စေကဗုဒ္ဓါတို့၏ အမည်တို့ကို ပြောကြားပေအံ့၊ ဟောကြားပေအံ့၊ ထိုစကားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သောစကားကို မိန့်တော်မူ၏—

၁၁၄။ ရဟန်းတို့ အရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ တဂရသိခိမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ယသဿိမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ သုဒဿနမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ပိယဒဿိမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံးနေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ဂန္ဓာရမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ပိဏ္ဍောလမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ဥပါသဘမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ နီထမည်သောပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏။ ရဟန်းတို့ တထမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ သုတဝါမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏၊ ရဟန်းတို့ ဘာဝိတတ္တမည်သော ပစ္စေကဗုဒ္ဓါသည် ဤဣသိဂိလိတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေတော်မူခဲ့ဘူး၏။

၁၁၅။ သတ္တဝါတို့၏ အနှစ်သဖွယ်ဖြစ်ကုန်သော ဆင်းရဲကင်းကုန်သော အာသာတဏှာ ကင်းကုန်သော အကြင်ပစ္စေကဗုဒ္ဓါတို့သည် အသီးအခြားသာလျှင် အရဟတ္တမဂ်သို့ ရောက်ကုန်၏၊ တဏှာဟူသော ငြောင့်ကင်းကုန်သော လူတို့ထက် မြတ်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့၏ အမည်နာမတို့ကို ဟောကြားအံ့သော ငါ၏စကားကို နာကြကုန်လော့။

အရိဋ္ဌပစ္စေကဗုဒ္ဓါ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ တဂရသိခိပစ္စေကဗုဒ္ဓါ ယသဿိပစ္စေကဗုဒ္ဓါ သုဒဿနပစ္စေကဗုဒ္ဓါ ပိယဒဿိပစ္စေကဗုဒ္ဓါ သုသမ္ဗုဒ္ဓပစ္စေကဗုဒ္ဓါ ဂန္ဓာရပစ္စေကဗုဒ္ဓါ ပိဏ္ဍောလပစ္စေကဗုဒ္ဓါ ဥပါသဘပစ္စေကဗုဒ္ဓါ နီတပစ္စေကဗုဒ္ဓါ သုတဝါပစ္စေကဗုဒ္ဓါ ဘာဝိတတ္တ ပစ္စေကဗုဒ္ဓါ သုမ္ဘပစ္စေကဗုဒ္ဓါ သုဘပစ္စေကဗုဒ္ဓါ အတုမရှိသော အဋ္ဌမပစ္စေကဗုဒ္ဓါ သုမေဓပစ္စေကဗုဒ္ဓါ အနီဃပစ္စေကဗုဒ္ဓါ သုဒါဌပစ္စေကဗုဒ္ဓါ ကြီးသောတန်ခိုးရှိသော ဟိင်္ဂုပစ္စေကဗုဒ္ဓါ ဟိင်္ဂပစ္စေကဗုဒ္ဓါ ဤသို့ဘဝသို့ဆောင်တတ်သောတဏှာ ကုန်ခန်းပြီးကုန်သော အသျှင်ပစ္စေကဗုဒ္ဓါတို့သည် ရှစ်ပါးဖြစ်ကုန်၏။

စူဠဇာလိ မဟာဇာလိမည်သော နှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ အဋ္ဌကပစ္စေကဗုဒ္ဓါ ထို့မှတပါး ကောသလ္လပစ္စေကဗုဒ္ဓါ ဗုဒ္ဓပစ္စေကဗုဒ္ဓါ ထို့မှတပါး သုဗာဟုပစ္စေကဗုဒ္ဓါ ဥပနေမိသပစ္စေကဗုဒ္ဓါ နေမိသပစ္စေကဗုဒ္ဓါ သန္တစိတ္တပစ္စေကဗုဒ္ဓါ သစ္စပစ္စေကဗုဒ္ဓါ တထပစ္စေကဗုဒ္ဓါ ဝိရဇပစ္စေကဗုဒ္ဓါ ပဏ္ဍိတပစ္စေကဗုဒ္ဓါ။

ကာဠပစ္စေကဗုဒ္ဓါ ဥပကာဠပစ္စေကဗုဒ္ဓါ ဝိဇိတပစ္စေကဗုဒ္ဓါ ဇိတပစ္စေကဗုဒ္ဓါ အင်္ဂပစ္စေကဗုဒ္ဓါ ပင်္ဂပစ္စေကဗုဒ္ဓါ ဂုတ္တိဇိတပစ္စေကဗုဒ္ဓါ ပဿိပစ္စေကဗုဒ္ဓါသည် ဒုက္ခ၏အကြောင်းဖြစ်သော တဏှာကို ပယ်၏၊ အပရာဇိတမည်သော ပစ္စေကဗုဒ္ဓါသည် မာရ်မင်း၏ စစ်သည်ကို အောင်၏။

http://www.dhammadownload.com



သတ္တပစ္စေကဗုဒ္ဓါ ပဝတ္တပစ္စေကဗုဒ္ဓါ သရဘင်္ဂပစ္စေကဗုဒ္ဓါ လောမဟံသပစ္စေကဗုဒ္ဓါ ဥစ္စင်္ဂမာယပစ္စေကဗုဒ္ဓါ အသိတပစ္စေကဗုဒ္ဓါ အနာသဝပစ္စေကဗုဒ္ဓါ မနောမယပစ္စေကဗုဒ္ဓါ မာနကို ပယ်ဖြတ်နိုင်သော ဗန္ဓုပစ္စေကဗုဒ္ဓါ တဒါဓိမုတ္တပစ္စေကဗုဒ္ဓါ ဝိမလပစ္စေကဗုဒ္ဓါ ကေတုမပစ္စေကဗုဒ္ဓါ။

ကေတုမ္ဘရာဂပစ္စေကဗုဒ္ဓါ မာတင်္ဂပစ္စေကဗုဒ္ဓါ အရိယပစ္စေကဗုဒ္ဓါ ထိုမှတပါး အစ္စုတပစ္စေကဗုဒ္ဓါ အစ္စုတဂါမပစ္စေကဗုဒ္ဓါ ဗျာမကပစ္စေကဗုဒ္ဓါ သုမင်္ဂလပစ္စေကဗုဒ္ဓါ ဒဗ္ဗိလပစ္စေကဗုဒ္ဓါ သုပတိဋ္ဌိတပစ္စေကဗုဒ္ဓါ အသယှပစ္စေကဗုဒ္ဓါ ခေမာဘိရတပစ္စေကဗုဒ္ဓါ သောရတပစ္စေကဗုဒ္ဓါ။

ဒုရန္နယပစ္စေကဗုဒ္ဓါ သံဃပစ္စေကဗုဒ္ဓါ ထိုမှတပါး ဥဇ္ဇယပစ္စေကဗုဒ္ဓါ တပါးသော မုနိ-ပစ္စေကဗုဒ္ဓါ မဆုတ်မနစ်သော လုံ့လရှိသော သယှပစ္စေကဗုဒ္ဓါ အာနန္ဒပစ္စေကဗုဒ္ဓါ လေးပါး နန္ဒပစ္စေကဗုဒ္ဓါလေးပါး ဥပနန္ဒပစ္စေကဗုဒ္ဓါလေးပါးအားဖြင့် တဆယ့်နှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ အဆုံးစွန်သော ကိုယ်ခန္ဓာကိုဆောင်သော ဘာရဒွါဇပစ္စေကဗုဒ္ဓါ။

ဗောဓိပစ္စေကဗုဒ္ဓါ မဟာနာမပစ္စေကဗုဒ္ဓါ ထိုမှတပါး ဥတ္တရပစ္စေကဗုဒ္ဓါ ကေသိပစ္စေကဗုဒ္ဓါ သိခိပစ္စေကဗုဒ္ဓါ သုန္ဒရပစ္စေကဗုဒ္ဓါ ဒွါရဘာဇပစ္စေကဗုဒ္ဓါ ဘဝအာနှောင်အဖွဲ့ကိုဖြတ်ကုန်သော တိဿပစ္စေကဗုဒ္ဓါ ဥပတိဿပစ္စေကဗုဒ္ဓါတို့ ဥပသိခိပစ္စေကဗုဒ္ဓါ တဏှာကိုဖြတ်သော သိခရိပစ္စေကဗုဒ္ဓါ။

ဗုဒ္ဓပစ္စေကဗုဒ္ဓါ ရာဂကင်းပြီးသော အဟုမင်္ဂလပစ္စေကဗုဒ္ဓါ ဆင်းရဲ၏အကြောင်းရင်းဖြစ်သော တဏှာဟူသော ကွန်ရက်ကိုဖြတ်ပြီးသော ဥသဘပစ္စေကဗုဒ္ဓါ ငြိမ်းအေးသော နိဗ္ဗာန်သို့ကြွသွားတော်မူပြီးသော ဥပနီတပစ္စေကဗုဒ္ဓါ ဥပေါသထပစ္စေကဗုဒ္ဓါ သုန္ဒရပစ္စေကဗုဒ္ဓါ သစ္စပစ္စေကဗုဒ္ဓါ။

ဇေတပစ္စေကဗုဒ္ဓါ ဇယန္တပစ္စေကဗုဒ္ဓါ ပဒုမပစ္စေကဗုဒ္ဓါ ဥပ္ပလပစ္စေကဗုဒ္ဓါ ပဒုမုတ္တရပစ္စေကဗုဒ္ဓါ ရက္ခိတပစ္စေကဗုဒ္ဓါ ပဗ္ဗတပစ္စေကဗုဒ္ဓါ မာနတ္ထဒ္ဓပစ္စေကဗုဒ္ဓါ သောဘိတပစ္စေကဗုဒ္ဓါ ဝီတရာဂပစ္စေကဗုဒ္ဓါ ကောင်းစွာ ကိလေသာမှ လွတ်သောစိတ်ရှိသော ကဏှပစ္စေကဗုဒ္ဓါ ဗုဒ္ဓပစ္စေကဗုဒ္ဓါ။

ကြီးသော တန်ခိုးရှိကုန်သော ဘဝသို့ ဆောင်တတ်သော တဏှာကုန်ခန်းပြီးကုန်သော ထိုပစ္စေကဗုဒ္ဓါတို့သည်၎င်း တပါးသော ပစ္စေကဗုဒ္ဓါတို့သည်၎င်း ပွင့်တော်မူကြကုန်ပြီ၊ အလုံးစုံ သိမ်းကျုံး၍ ယူအပ်ကုန်သော မြတ်သောသီလက္ခန္ဓတို့ကို ရှာလေ့ရှိကုန်သော ပရိနိဗ္ဗာန်ဝင်စံကုန်ပြီးသော အတိုင်းမသိများကုန်သော ထိုပစ္စေကဗုဒ္ဓါတို့ကို သင်တို့သည် ရှိခိုးကြလေကုန်လော့ဟု (မိန့်တော်မူ၏)။

ခြောက်ခုမြောက် ဣသိဂိလိသုတ် ပြီး၏။

## ၇-မဟာစတ္တာရီသကသုတ်

၁၃၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု

http://www.dhammadownload.com



မိန့်တော်မူ၏။ “အသျှင်ဘုရား”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—“ရဟန်းတို့ အကြောင်းနှင့်တကွ အခြံအရံနှင့်တကွသော အပြစ်ကင်းသော ကောင်းသောသမာဓိကို သင်တို့အား ဟောကြားပေအံ့၊ ထိုစကားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့ ဟောပေအံ့”ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော စကားကို မိန့်တော်မူ၏—

ရဟန်းတို့ အကြောင်းနှင့်တကွ အခြံအရံနှင့်တကွသော အပြစ်ကင်းသော ကောင်းသော သမာဓိသည် အဘယ်နည်း၊ ဤအခြံအရံဟူသည် အဘယ်နည်း၊ မှန်စွာသိမြင်ခြင်း‘သမ္မာဒိဋ္ဌိ’ မှန်စွာကြံခြင်း‘သမ္မာသင်္ကပ္ပ’ မှန်စွာပြောဆိုခြင်း‘သမ္မာဝါစာ’ မှန်စွာပြုလုပ်ခြင်း‘သမ္မာကမ္မန္တ’ မှန်စွာအသက်မွေးခြင်း‘သမ္မာအာဇီဝ’ မှန်စွာအားထုတ်ခြင်း‘သမ္မာဝါယာမ’ မှန်စွာအောက်မေ့ခြင်း‘သမ္မာသတိ’တို့တည်း။ ရဟန်းတို့ ဤခုနစ်ပါးသော အင်္ဂါတို့ဖြင့် ခြံရံသော စိတ်တည်ကြည်မှုသည် ရှိ၏၊ အပြစ်ကင်းသော ဤကောင်းသောသမာဓိကို အကြောင်းနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း အခြံအရံနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း ဆိုရ၏။ ရဟန်းတို့ ထိုတရားတို့တွင် မှန်စွာသိမြင်ခြင်း‘သမ္မာဒိဋ္ဌိ’သည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့လျှင် မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’သည် ရှေ့သွားဖြစ်သနည်း၊ အမှားသိမြင်ခြင်း ‘မိစ္ဆာဒိဋ္ဌိ’ ကို “အမှားသိမြင်ခြင်း ‘မိစ္ဆာဒိဋ္ဌိ’ ဟူ၍”သိ၏။ မှန်စွာသိမြင်ခြင်း‘သမ္မာဒိဋ္ဌိ’ကို မှန်စွာသိမြင်ခြင်း‘သမ္မာဒိဋ္ဌိ’ဟူ၍”သိ၏။ ထိုသိခြင်းသည် ထိုပုဂ္ဂိုလ်၏ မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’ဖြစ်၏။

ရဟန်းတို့ အမှားသိမြင်ခြင်း‘မိစ္ဆာဒိဋ္ဌိ’သည် အဘယ်နည်း၊ အလှူ၏အကျိုးသည် မရှိ၊ ယဇ်ပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ဟုန်းပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိ၌ပြုအပ်သော အကျိုးသည် မရှိ၊ အဖ၌ပြုအပ်သော အကျိုးသည် မရှိ၊ (ပဋိသန္ဓေ တည်နေသောအားဖြင့် တဆယ့်ငါးနှစ်ရွယ် ကိုယ်ထင်ရှားဖြစ်သော) ဥပပါတ်သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း တပါးသော လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ညီညွတ်ခြင်းသို့ ရောက်ကုန်၍ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု ရဟန်းတို့ ဤသို့ သိမြင်ခြင်းသည်ကား အမှားသိမြင်ခြင်း ‘မိစ္ဆာဒိဋ္ဌိ’ တည်း။

ရဟန်းတို့ မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’သည် အဘယ်နည်း။ ရဟန်းတို့ ငါသည် မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’ကို နှစ်မျိုးရှိ၏ဟူ၍ ဟော၏၊ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာသိမြင်ခြင်း‘သမ္မာဒိဋ္ဌိ’သည် ရှိ၏။ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’သည် ရှိ၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာသိမြင်ခြင်း ‘သမ္မာဒိဋ္ဌိ’သည် အဘယ်နည်း။ အလှူ၏ အကျိုးသည် ရှိ၏၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ဟုန်းပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏ တပါးသောလောကသည် ရှိ၏၊ အမိ၌ပြုအပ်သော အကျိုးသည် ရှိ၏၊ အဖ၌ပြုအပ်သော အကျိုးသည်

http://www.dhammadownload.com



ရှိ၏၊ (ပဋိသန္ဓေ တည်နေသောအားဖြင့် 'တဆယ့်ငါးနှစ်ရွယ် ကိုယ်ထင်ရှားဖြစ်သော) ဥပပါတ် သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုလည်းကောင်း တပါးသော လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ညီညွတ်ခြင်းသို့ ရောက်ကုန်၍ ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏ တို့သည် လောက၌ ရှိကုန်၏ဟု ရဟန်းတို့ ဤသို့သိမြင်ခြင်းသည်ကား အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာသိ မြင်ခြင်း 'သမ္မာဒိဋ္ဌိ' တည်း။

ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက် ၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' သည် အဘယ်နည်း။ ရဟန်းတို့ အပြစ်ကင်းသော စိတ်ရှိသော အာသဝေါကင်းသော စိတ်ရှိသော အရိယမဂ်နှင့် ပြည့်စုံသော အရိယမဂ်ကို ပွါးသောပုဂ္ဂိုလ်၏ အပြားအားဖြင့် သိခြင်း 'ပညာ' အပြားအားဖြင့် သိခြင်း၌ အစိုးရခြင်း 'ပညိန္ဒြေ' (အဝိဇ္ဇာကြောင့်) မတုန်လှုပ်ခြင်း 'ပညာဗိုလ်' သမ္ဗောဇ္ဈင်အဖြစ်သို့ရောက်၍ သစ္စာလေးပါးတို့ကို စိစစ်ဆင်ခြင်ခြင်း 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်' မှန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မဂ်၏ အစိတ်အပိုင်းဖြစ်သော ပညာသည် ရှိ၏။ ရဟန်းတို့ ဤပညာကို အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာဖြစ်သော မဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟူ၍ ဆိုရ၏။ ထိုရဟန်းသည် မိစ္ဆာဒိဋ္ဌိ ပျောက်ကင်းခြင်းငှါ လုံ့လပြု၏၊ သမ္မာဒိဋ္ဌိဖြစ်ပေါ်ခြင်းငှါ လုံ့လပြု၏၊ ထိုလုံ့လပြုခြင်းသည် မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မည်၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံ၍ မိစ္ဆာဒိဋ္ဌိကို ပယ်၏၊ သတိနှင့်ပြည့်စုံ၍ သမ္မာဒိဋ္ဌိကို ပြည့်စုံစေ၍ နေ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသတိသည် မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မည်၏၊ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' ဟူသော ဤတရားသုံးပါး တို့သည် သမ္မာဒိဋ္ဌိသို့ အစဉ်ပြေးဝင်ကုန်၏၊ အစဉ်ခြံရံကုန်၏။

၁၃၇။ ရဟန်းတို့ ထိုတရားတို့တွင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့ လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်သနည်း၊ အမှားကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'ကို "အမှားကြံခြင်း မိစ္ဆာ သင်္ကပ္ပ" ဟူ၍သိ၏၊ မှန်စွာကြံခြင်း'သမ္မာသင်္ကပ္ပ'ကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' ဟူ၍ သိ၏၊ ထိုသိခြင်းသည် ထိုပုဂ္ဂိုလ်၏ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြင်၏။ ရဟန်းတို့ အမှားကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် အဘယ်နည်း။ ကာမဂုဏ်နှင့်စပ်၍ ကြံခြင်း၊ ဖျက်ဆီးခြင်းနှင့်စပ်၍ ကြံခြင်း၊ ညှဉ်းဆဲခြင်းနှင့်စပ်၍ ကြံခြင်းတည်း။ ရဟန်းတို့ ဤသည်ကား အမှားကြံခြင်း 'မိစ္ဆာသင်္ကပ္ပ' တည်း။

ရဟန်းတို့ မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ'သည် အဘယ်နည်း။ ရဟန်းတို့ ငါသည် မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ'ကို နှစ်မျိုးရှိ၏ဟူ၍ ဟော၏၊ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာကြံခြင်း 'သမ္မာ သင်္ကပ္ပ'သည် ရှိ၏။ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။

http://www.dhammadownload.com



ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' သည် အဘယ်နည်း။ ကာမမှ ထွက်မြောက်ခြင်းနှင့်စပ်သော ကြံခြင်း၊ မဖျက်ဆီးခြင်းနှင့်စပ်၍ ကြံခြင်း၊ မညှဉ်းဆဲခြင်းနှင့်စပ်၍ ကြံခြင်းတို့တည်း။ ရဟန်းတို့ ဤသည်ကား အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' တည်း။

ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' သည် အဘယ်နည်း။ ရဟန်းတို့ အပြစ်ကင်းသော စိတ်ရှိသော အာသဝေါကင်းသော စိတ်ရှိသော အရိယမဂ်နှင့်ပြည့်စုံသော အရိယမဂ်ကို ပွါးသော ပုဂ္ဂိုလ်၏ ကြံခြင်း 'တက္က'အထူးကြံခြင်း 'ဝိတက္က' ကောင်းစွာကြံခြင်း 'သင်္ကပ္ပ' အာရုံ၌ စိတ်ကိုထားခြင်း 'အပ္ပနာ' တည်ကြည်၍ အာရုံ၌ စိတ်ကို အထူးထားခြင်း 'ဗျပ္ပနာ' စိတ်ကို အာရုံသို့တင်ခြင်း 'ဝစီ' ပြုပြင်မှု 'ဝစီသင်္ခါရ' သည် ရှိ၏။ ရဟန်းတို့ ဤကြံခြင်းသည် အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ' မည်၏။ ထိုရဟန်းသည် မိစ္ဆာသင်္ကပ္ပ ပျောက်ကင်းခြင်းငှါ လုံ့လပြု၏၊ သမ္မာသင်္ကပ္ပဖြစ်ပေါ်ခြင်းငှါ လုံ့လပြု၏၊ ထိုလုံ့လပြုခြင်းသည် 'သမ္မာဝါယာမ' မည်၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံ၍ မိစ္ဆာသင်္ကပ္ပကို ပယ်၏၊ သတိနှင့် ပြည့်စုံလျက် သမ္မာသင်္ကပ္ပကို ပြည့်စုံစေ၍ နေ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသတိသည် မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' မည်၏။ ဤသို့ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' ဟူသော ဤတရားသုံးပါးတို့သည် သမ္မာသင်္ကပ္ပသို့ အစဉ် ပြေးဝင်ကုန်၏၊ အစဉ်ခြံရံကုန်၏။

၁၃၈။ ရဟန်းတို့ ထိုတရားတို့တွင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်သနည်း။ အမှားပြောဆိုခြင်း 'မိစ္ဆာဝါစာ'ကို အမှားပြောဆိုခြင်း 'မိစ္ဆာဝါစာ'ဟူ၍ သိ၏၊ မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'ကို မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'ဟူ၍ သိ၏၊ (ဤသို့) ထိုပုဂ္ဂိုလ်၏ ထိုသိခြင်းသည် ထိုပုဂ္ဂိုလ်၏ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏။ ရဟန်းတို့ အမှားပြောဆိုခြင်း 'မိစ္ဆာဝါစာ' သည် အဘယ်နည်း။ မုသားပြောခြင်း ဂုံးချောခြင်း ကြမ်းထမ်းသောစကားဆိုခြင်း၊ ပြိန်ဖျင်းသောစကားဆိုခြင်း။ ရဟန်းတို့ ဤသည်ကား အမှားပြောဆိုခြင်း 'မိစ္ဆာဝါစာ' တည်း။ ရဟန်းတို့ မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' သည် အဘယ်နည်း။ ရဟန်းတို့ ငါသည် မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'ကို နှစ်မျိုးရှိ၏ဟူ၍ ဟော၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'လည်း ရှိ၏။ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'လည်း ရှိ၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'သည် အဘယ်နည်း။ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဂုံးချောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းထမ်းသောစကားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသော စကားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ ရဟန်းတို့ ဤသည်ကား

http://www.dhammadownload.com



အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'တည်း။

ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏အစိတ်အပိုင်းဖြစ်သော မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' သည် အဘယ်နည်း။ ရဟန်းတို့ အပြစ်ကင်းသော စိတ်ရှိသော အာသဝေါကင်းသော စိတ်ရှိသော အရိယမဂ်နှင့် ပြည့်စုံသော အရိယာမဂ်ကို ပွါးသော ပုဂ္ဂိုလ်၏ လေးပါးသော ဝစီဒုစရိုက်တို့မှ ဝေးစွာ ကြဉ်ခြင်း၊ ကင်းရှင်းအောင် ကြဉ်ခြင်း၊ လုံးလုံးမဖြစ်ပဲ ဆုတ်နစ်၍ကြဉ်ခြင်း၊ရန်ကိုဖျက်ဆီးခြင်းသည် ရှိ၏။ ရဟန်းတို့ ဤရှောင်ကြဉ်ခြင်းသည် အပြစ်ကင်းသော အာသဝေါ တရားတို့၏ အာရုံ မဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်း ဖြစ်သော မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မည်၏။ ထိုရဟန်းသည် မိစ္ဆာဝါစာ ပျောက်ကင်းခြင်းငှါ လုံ့လပြု၏၊ သမ္မာဝါစာဖြစ်ပေါ်ခြင်းငှါ လုံ့လပြု၏၊ ထိုလုံ့လပြုခြင်းသည် မှန်စွာလုံ့လပြုခြင်း 'သမ္မာဝါယာမ' မည်၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံလျက် မိစ္ဆာဝါစာကို ပယ်၏၊ သတိနှင့် ပြည့်စုံလျက် သမ္မာဝါစာကို ပြည့်စုံစေ၍နေ၏၊ ထိုသတိသည် မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မည်၏။ ဤသို့ မှန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူသော ဤတရားသုံးပါးတို့သည် သမ္မာဝါစာသို့ အစဉ်ပြေးဝင်ကုန်၏၊ အစဉ်ခြံရံကုန်၏။

၁၃၉။ ရဟန်းတို့ ထိုတရားတို့တွင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်သနည်း။ အမှားပြုလုပ်ခြင်း 'မိစ္ဆာကမ္မန္တ'ကို အမှားပြုလုပ်ခြင်း 'မိစ္ဆာကမ္မန္တ' ဟူ၍ သိ၏၊ မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'ကို မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ ဟူ၍ သိ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသိခြင်းသည် မှန်စွာသိခြင်း'သမ္မာဒိဋ္ဌိ'ဖြစ်၏။ ရဟန်းတို့ အမှားပြုလုပ်ခြင်း 'မိစ္ဆာကမ္မန္တ'သည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်း။ ရဟန်းတို့ ဤသည်ကား အမှားပြုလုပ်ခြင်း 'မိစ္ဆာကမ္မန္တ'တည်း။

ရဟန်းတို့ မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'သည် အဘယ်နည်း။ ရဟန်းတို့ ငါသည် မှန်စွာ ပြုလုပ်ခြင်း သမ္မာကမ္မန္တကိုလည်း နှစ်မျိုးရှိ၏ ဟူ၍ ဟော၏၊ ရဟန်းတို့ အာသဝေါ တရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'လည်း ရှိ၏။ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါ တရားတို့၏ အာရုံ မဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာ မည်သော အရိယမဂ်၏ အစိတ်အပိုင်း ဖြစ်သော မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'လည်း ရှိ၏၊ ရဟန်းတို့ အာသဝေါ တရားတို့၏ အာရုံ ဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'သည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ရဟန်းတို့ ဤသည်ကား အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'တည်း။

ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်း ဖြစ်သော မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'သည် အဘယ်နည်း။ ရဟန်းတို့ အပြစ်ကင်းသော စိတ်ရှိသော အာသဝေါ ကင်းသော

http://www.dhammadownload.com



စိတ်ရှိသော အရိယမဂ်နှင့် ပြည့်စုံသော အရိယမဂ်ကို ပွါးသော ပုဂ္ဂိုလ်၏ ကာယဒုစရိုက်သုံးပါးတို့မှ ဝေးစွာကြဉ်ခြင်း၊ ကင်းရှင်းအောင် ကြဉ်ခြင်း၊ လုံးလုံးမဖြစ်ပဲ ဆုတ်နစ်၍ ကြဉ်ခြင်း ရန်ကို ဖျက်ဆီးခြင်းသည် ရှိ၏၊ ရဟန်းတို့ ဤရှောင်ကြဉ်ခြင်းသည် အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'မည်၏။

ထိုရဟန်းသည် မိစ္ဆာကမ္မန္တ ပျောက်ကင်းခြင်းငှါ လုံ့လပြု၏၊ သမ္မာကမ္မန္တဖြစ်ပေါ်ခြင်းငှါ လုံ့လပြု၏၊ ထိုလုံ့လပြုခြင်း အားထုတ်ခြင်းသည် မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မည်၏၊ ထိုရဟန်းသည် သတိနှင့်ပြည့်စုံ၍ မိစ္ဆာကမ္မန္တကို ပယ်၏၊ သတိနှင့်ပြည့်စုံလျက် သမ္မာကမ္မန္တကို ပြည့်စုံစေ၍ နေ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသတိသည် မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မည်၏၊ ဤသို့ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူသော ဤတရားသုံးပါးတို့သည် သမ္မာကမ္မန္တသို့ အစဉ်ပြေးဝင်ကုန်၏၊ အစဉ်ခြံရံကုန်၏။

၁၄၀။ ရဟန်းတို့ ထိုတရားတို့တွင် မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'သည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့လျှင် မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'သည် ရှေ့သွားဖြစ်သနည်း။ အမှားအသက် မွေးခြင်း 'မိစ္ဆာဇီဝ'ကို အမှားအသက်မွေးခြင်း 'မိစ္ဆာဇီဝ'ဟူ၍ သိ၏၊ မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'ကို မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟူ၍ သိ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသိခြင်းသည် မှန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏။

ရဟန်းတို့ အမှားအသက်မွေးခြင်း မိစ္ဆာအာဇီဝသည် အဘယ်နည်း။ လာဘ်အလို့ငှါ အံ့ဖွယ်ကို ဖြစ်စေခြင်း မြှောက်ပင့်ပြောဆိုခြင်း အရိပ်အခြေပြုခြင်း အတင်းအကြပ်ပြုခြင်း လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း။ ရဟန်းတို့ ဤသည်ကား အမှားအသက်မွေးခြင်း မိစ္ဆာအာဇီဝတည်း ။

ရဟန်းတို့ မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် အဘယ်နည်း။ ရဟန်းတို့ ငါသည် မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ'ကို နှစ်မျိုးရှိ၏ဟူ၍ ဟော၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် ရှိ၏။ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် ရှိ၏။

ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် အဘယ်နည်း။ ရဟန်းတို့ အရိယာဖြစ်သော တပည့်သည် အမှားအသက်မွေးခြင်း 'မိစ္ဆာအာဇီဝ'ကို ပယ်၍ မှန်စွာအသက်မွေးခြင်း'သမ္မာအာဇီဝ'ဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤ အသက်မွေးခြင်းကား အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏ အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော မှန်စွာအသက်မွေးခြင်း'သမ္မာအာဇီဝ'တည်း ။

ရဟန်းတို့ အပြစ်ကင်းသောအာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် အဘယ်နည်း။ ရဟန်းတို့ အပြစ်ကင်းသော စိတ်ရှိသော အာသဝေါကင်းသော စိတ်ရှိသော အရိယမဂ်နှင့် ပြည့်စုံသော အရိယမဂ်ကို ပွါးသော ပုဂ္ဂိုလ်၏ အမှားအသက်မွေးခြင်း

http://www.dhammadownload.com



'မိစ္ဆာအာဇီဝ'မှ ဝေးစွာကြဉ်ခြင်း ကင်းရှင်းအောင် ကြဉ်ခြင်း လုံးလုံးမပြစ်ပဲ ဆုတ်နစ်၍ကြဉ်ခြင်း ရန်ကို ဖျက်ဆီးခြင်းသည် ရှိ၏။ ရဟန်းတို့ ဤရှောင်ကြဉ်ခြင်းသည် အပြစ်ကင်းသော အာသဝေါ တရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မည်၏။ ထိုရဟန်းသည် မိစ္ဆာဇီဝကို ပျောက်ကင်းခြင်းငှါ လုံ့လပြု၏၊ သမ္မာအာဇီဝ ဖြစ်ပေါ်ခြင်းငှါ လုံ့လပြု၏၊ ထိုလုံ့လပြုခြင်း အားထုတ်ခြင်းသည် မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မည်၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံ၍ မိစ္ဆာဇီဝကို ပယ်၏၊ သတိနှင့် ပြည့်စုံလျက် သမ္မာအာဇီဝကို ပြည့်စုံစေ၍နေ၏၊ ထိုပုဂ္ဂိုလ်၏ ထိုသတိသည် မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ'မည်၏။ ဤသို့ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူသော ဤတရား သုံးပါးတို့သည် သမ္မာအာဇီဝသို့ အစဉ်ပြေးဝင်ကုန်၏၊ အစဉ်ခြံရံကုန်၏။

၁၄၁။ ရဟန်းတို့ ထိုတရားတို့တွင် မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'သည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်သနည်း။ ရဟန်းတို့ သမ္မာဒိဋ္ဌိရှိသောပုဂ္ဂိုလ်အား သမ္မာသင်္ကပ္ပသည် ဖြစ်၏၊ သမ္မာသင်္ကပ္ပရှိသောပုဂ္ဂိုလ်အား သမ္မာဝါစာသည် ဖြစ်၏၊ သမ္မာဝါစာ ရှိသောပုဂ္ဂိုလ်အား သမ္မာကမ္မန္တသည် ဖြစ်၏၊ သမ္မာကမ္မန္တရှိသောပုဂ္ဂိုလ်အား သမ္မာအာဇီဝသည် ဖြစ်၏၊ သမ္မာအာဇီဝရှိသောပုဂ္ဂိုလ်အား သမ္မာဝါယာမသည် ဖြစ်၏၊ သမ္မာဝါယာမရှိသောပုဂ္ဂိုလ် အား သမ္မာသတိသည် ဖြစ်၏၊ သမ္မာသတိရှိသော ပုဂ္ဂိုလ်အား သမ္မာသမာဓိသည် ဖြစ်၏၊ သမ္မာ သမာဓိရှိသော ပုဂ္ဂိုလ်အား မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ မဂ်ကို ဆင်ခြင် သော ပစ္စဝေက္ခဏာဉာဏ်ရှိသော ပုဂ္ဂိုလ်အား သမ္မာဝိမုတ္တိမည်သော အရဟတ္တဖိုလ်သည် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် အသီးအခြားဖြစ်သော သေက္ခပုဂ္ဂိုလ်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်သည် အင်္ဂါဆယ်ပါးနှင့် ပြည့်စုံ၏၊ ထိုတရားတို့၌လည်း မဖောက်မပြန်သော ဉာဏ်ဖြင့် များစွာသော ယုတ်မာသော အကုသိုလ်တရားကင်းကုန်၍ ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏။

၁၄၂။ ရဟန်းတို့ ထိုတရားတို့တွင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်၏။ ရဟန်းတို့ အဘယ်သို့ လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်သနည်း။ ရဟန်းတို့ သမ္မာဒိဋ္ဌိရှိသောပုဂ္ဂိုလ်အား မိစ္ဆာဒိဋ္ဌိသည် ဆွေးမြေ့ပျက်စီး၏၊ မိစ္ဆာဒိဋ္ဌိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော များစွာသော ယုတ်မာသော အကုသိုလ်တို့သည်လည်း ထိုပုဂ္ဂိုလ်အား ဆွေးမြေ့ပျက်စီးကုန်၏၊ သမ္မာဒိဋ္ဌိဟူသော အကြောင်းကြောင့် များစွာသော ကုသိုလ်တရားတို့သည် ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ သမ္မာသင်္ကပ္ပရှိသောပုဂ္ဂိုလ်အား မိစ္ဆာသင်္ကပ္ပသည် ဆွေးမြေ့ပျက်စီး၏။ပ။ရဟန်းတို့ သမ္မာဝါစာရှိသောပုဂ္ဂိုလ်အား မိစ္ဆာဝါစာသည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာကမ္မန္တ ရှိသောပုဂ္ဂိုလ်အား မိစ္ဆာကမ္မန္တသည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာအာဇီဝရှိသော ပုဂ္ဂိုလ်အား မိစ္ဆာအာဇီဝသည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာဝါယာမရှိသောပုဂ္ဂိုလ်အား မိစ္ဆာဝါယာမသည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာသတိရှိသောပုဂ္ဂိုလ်အား မိစ္ဆာသတိ သည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာသမာဓိရှိသောပုဂ္ဂိုလ်အား မိစ္ဆာသမာဓိသည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ရှိသောပုဂ္ဂိုလ်အား မိစ္ဆာ ဉာဏ်သည် ဆွေးမြေ့ပျက်စီး၏။ ရဟန်းတို့ သမ္မာဝိမုတ္တိမည်သော အရဟတ္တဖိုလ်ရှိသောပုဂ္ဂိုလ် အား မိစ္ဆာဝိမုတ္တိသည် ဆွေးမြေ့ပျက်စီး၏။ မိစ္ဆာဝိမုတ္တိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်

http://www.dhammadownload.com



လာသော များစွာသော ယုတ်မာသော အကုသိုလ်တရားတို့သည်လည်း ထိုပုဂ္ဂိုလ်အား ဆွေးမြေ့ ပျက်စီးကုန်၏။ သမ္မာဝိမုတ္တိဟူသော အကြောင်းကြောင့် များစွာသော ကုသိုလ်တရားတို့သည် ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ဤသို့လျှင် နှစ်ဆယ်သောကုသိုလ်အဖို့ရှိသော တရားတို့ရှင်း နှစ်ဆယ်သော အကုသိုလ်အဖို့ရှိသော တရားတို့ရင်း ဤသို့ (များစွာသော လေးဆယ်သောတရားတို့ကို ပြသော ကြောင့်) မဟာစတ္တာရီသကမည်သော တရားဒေသနာတော်ကို ငါသည် ဖြစ်စေအပ်ပြီ၊ လောကၝ သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း နတ်သည်ရင်း မာရ်သည်ရင်း ဗြဟ္မာသည်ရင်း တစုံတယောက် သောသူမျှ မဖြစ်စေနိုင်။

၁၄၃။ ရဟန်းတို့ တစုံတယောက်သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း များစွာသော လေးဆယ်သော တရားတို့ကို ပြသောကြောင့် မဟာစတ္တာရီသကမည်သော ဤတရားဒေသနာ တော်ကို ကဲ့ရဲ့ထိုက် ပယ်မြစ်ထိုက်၏ဟူ၍ ထင်မှတ်ငြားအံ့၊ ထိုပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌သာ လျှင် ဆယ်ပါးသောအကြောင်းနှင့်တကွ ဤရှေးဦးကဲ့ရဲ့ပြောဆိုခြင်း 'ဝါဒ'အတုလိုက်၍ ကဲ့ရဲ့ပြောဆို ခြင်း 'အနုဝါဒ'တို့သည် ကဲ့ရဲ့ဖွယ်ရာသို့ ရောက်ကုန်၏။ အသျှင်သည် သမ္မာဒိဋ္ဌိကို ကဲ့ရဲ့ငြားအံ့၊ အသျှင်သည် မိစ္ဆာဒိဋ္ဌိအယူရှိသော သမဏဗြာဟ္မဏတို့ကို ပူဇော်သည် ချီးမွမ်းသည် မည်ရာ၏။ အသျှင်သည် သမ္မာသင်္ကပ္ပကို ကဲ့ရဲ့ငြားအံ့၊အသျှင်သည် မိစ္ဆာသင်္ကပ္ပ အယူရှိသော သမဏဗြာဟ္မဏ တို့ကို ပူဇော်သည် ချီးမွမ်းသည် မည်ရာ၏၊ အသျှင်သည် သမ္မာဝါစာကို ကဲ့ရဲ့ငြားအံ့။ပ။ အသျှင်သည် သမ္မာကမ္မန္တကို ကဲ့ရဲ့ငြားအံ့။အသျှင်သည် သမ္မာအာဇီဝကို ကဲ့ရဲ့ငြားအံ့။ အသျှင်သည် သမ္မာဝါယာမကို ကဲ့ရဲ့ငြားအံ့။ အသျှင်သည် သမ္မာသတိကို ကဲ့ရဲ့ငြားအံ့။ အသျှင်သည် သမ္မာ သမာဓိကို ကဲ့ရဲ့ငြားအံ့။ အသျှင်သည် မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကို ကဲ့ရဲ့ငြားအံ့။ အသျှင်သည် သမ္မာဝိမုတ္တိမည်သော အရဟတ္တဖိုလ်ကို ကဲ့ရဲ့ငြားအံ့၊ အသျှင်သည် မိစ္ဆာဝိမုတ္တိအယူရှိ သော သမဏဗြာဟ္မဏတို့ကို ပူဇော်သည် ချီးမွမ်းသည် မည်ရာ၏။

ရဟန်းတို့ တစုံတယောက်သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း များစွာသော လေးဆယ် သောတရားတို့ကို ပြသောကြောင့် မဟာစတ္တာရီသကမည်သော ဤတရားဒေသနာတော်ကို ကဲ့ရဲ့ ထိုက် ပယ်မြစ်ထိုက်၏ဟူ၍ ထင်မှတ်ငြားအံ့၊ ထိုပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌သာလျှင် ဆယ်ပါး သောအကြောင်းနှင့်တကွ ဤရှေးဦးကဲ့ရဲ့ပြောဆိုခြင်း'ဝါဒ' အတုလိုက်၍ကဲ့ရဲ့ပြောဆိုခြင်း'အနုဝါဒ တို့သည် ကဲ့ရဲ့ဖွယ်ရာသို့ ရောက်ကုန်၏။ ရဟန်းတို့ ဥက္ကလဇနပုဒ်၌ နေကုန်သော အဟေတုက အယူ အကိရိယအယူ နတ္ထိကအယူရှိကုန်သော ဝဿဘညမည်သော သူနှစ်ယောက်တို့သည် သော်လည်း (များစွာသောတရားတို့ကို ပြသောကြောင့်) မဟာစတ္တာရီသကမည်သော တရား ဒေသနာတော်ကို မကဲ့ရဲ့ထိုက် မပယ်မြစ်ထိုက်ဟူ၍ ထင်မှတ်ကုန်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူ—ကဲ့ရဲ့ခြင်းမှ ကြောက်ခြင်း ထိပါးချွတ်ချယ်ခြင်းမှ ကြောက်ခြင်း သူတပါးစွပ်စွဲခြင်းမှ ကြောက်ခြင်းကြောင့်ပင်တည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာ ဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကြကုန်ပြီ။

ခုနစ်ခုမြောက် မဟာစတ္တာရီသကသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-အာနာပါနသတိသုတ်

၁၄၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပြာသာဒ်ဖြစ်သော ပုဗ္ဗာရုံကျောင်း၌များစွာကုန်သော အလွန်အလွန်ထင်ရှားကုန်သော တပည့်မထေရ်တို့နှင့်အတူ သီတင်းသုံးနေတော်မူ၏။ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန် အသျှင်မဟာကဿပ အသျှင်မဟာကစ္စာယန အသျှင်မဟာကောဋ္ဌိက အသျှင်မဟာကပ္ပိန အသျှင်မဟာစုန္ဒ အသျှင်အနုရုဒ္ဓါ အသျှင်ရေဝတ အသျှင်အာနန္ဒာတို့နှင့်ရင်း ထိုမထေရ်တို့မှတပါး အလွန်အလွန် ထင်ရှားကုန်သော တပည့်မထေရ်တို့နှင့်ရင်း အတူသီတင်းသုံး နေတော်မူ၏။

ထိုအခါ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းငယ်တို့ကို ဆုံးမ သွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် ဆယ်ပါးကုန်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်တို့သည် နှစ်ဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် သုံးဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် လေးဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ ထိုရဟန်းငယ်တို့သည် မထေရ်ရဟန်းတို့က ဆုံးမသွန်သင်အပ်သည်ရှိသော် ရှေးဖြစ်သော သီလပြည့်ဆည်းပူးခြင်းစသည်ထက် မြတ်သော နောက်ဖြစ်သော (ကသိုဏ်းပရိကံစသော) အထူးကို သိကုန်၏။

၁၄၅။ ထိုအခါ မြတ်စွာဘုရားသည် ဥပုသ်ပဝါရဏာနေ့ဖြစ်သော တဆယ့်ငါးရက်မြောက် လပြည့်နေ့ည၌ ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် တိတ်ဆိတ်ငြိမ်သက်သော ရဟန်းအပေါင်းကို စောင့်ကြည့်တော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—“ရဟန်းတို့ ဤအကျင့်ကို နှစ်သက်၏၊ ရဟန်းတို့ ဤအကျင့်ဖြင့် နှစ်သက်သော စိတ်ရှိ၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ မရောက်သေးသော အရဟတ္တဖိုလ်ကို ရောက်ခြင်းငှါ မရသေးသော အရဟတ္တဖိုလ်ကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ အတိုင်းထက်အလွန် လုံ့လကြိုးကုတ် အားထုတ်ကြကုန်လော့၊ ငါသည် ဤသာဝတ္ထိပြည်၌သာလျှင် မိုးလေးလတို့၏အဆုံး တန်ဆောင်မုန်းလပြည့် ပဝါရဏာတိုင်အောင် ဆိုင်းငံ့၍ နေအံ့”ဟု (မိန့်တော်မူ၏)။

ဇနပုဒ်၌နေသော ရဟန်းတို့သည် “မြတ်စွာဘုရားသည် ထိုသာဝတ္ထိပြည်၌သာလျှင် မိုးလေးလတို့၏ အဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့် ပဝါရဏာတိုင်အောင် ဆိုင်းငံ့နေတော်မူလိမ့်သတတ်”ဟု ကြားကုန်သည်သာတည်း။ ထိုဇနပုဒ်နေ ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သာဝတ္ထိပြည်သို့ သက်ဝင်ကြကုန်၏။ ထိုမထေရ်ရဟန်းတို့သည် ရဟန်းငယ်တို့ကို အတိုင်းထက်အလွန် ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် ဆယ်ပါးသော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် နှစ်ဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် သုံးဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏၊ အချို့ကုန်သော မထေရ်ရဟန်းတို့သည် လေးဆယ်သော ရဟန်းငယ်တို့ကိုလည်း ဆုံးမသွန်သင်ကုန်၏။ ထိုရဟန်းငယ်တို့သည် မထေရ်ရဟန်းတို့က

http://www.dhammadownload.com



ဆုံးမသွန်သင်သည်ရှိသော် ရှေးဖြစ်သော သီလပြည့်ဆည်းပူးခြင်းစသည်ထက် မြတ်သော နောက်ဖြစ်သော (ကသိုဏ်းပရိကံစသော) အထူးကို သိကုန်၏။

၁၄၆။ ထိုအခါ မြတ်စွာဘုရားသည် မိုးလေးလတို့၏ အဆုံးဖြစ်သော တဆယ့်ငါးရက်မြောက် ဥပုသ်ပဝါရဏာနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ညဉ့်၌ ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် တိတ်ဆိတ်ငြိမ်သက်သော ရဟန်းအပေါင်းကို စောင်းငဲ့ကြည့်တော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ ဤပရိသတ်သည် အဖျင်းကင်း၏၊ အဖျင်းမရှိ၊ ရဟန်းတို့ ဤပရိသတ်သည် အဖျင်းမရှိ စင်ကြယ်၍ အနှစ်သာရ၌ တည်၏။ ရဟန်းတို့ အကြင်သို့ သဘောရှိသော ပရိသတ်၌ အဝေးမှ ဆောင်အပ်သော အလှူကို ခံထိုက်၏၊ ဧည့်သည်အတွက် ထားသော အလှူကို ခံထိုက်၏၊ ပူဇော်အထူးကို ခံထိုက်၏၊ လက်အုပ်မိုး၍ ရှိခိုးထိုက်၏၊ လူအပေါင်း၏ အတုမရှိမြတ်သော ကောင်းမှုဟူသော မျိုးစေ့စိုက်ပျိုးရာ လယ်မြေကောင်းဖြစ်၏၊ ရဟန်းတို့ ဤရဟန်းအပေါင်းသည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ ဤပရိသတ်သည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ အကြင်သို့ သဘောရှိသော ပရိသတ်၌ အနည်းငယ် ပေးလှူအပ်သော ဒါနသည် အကျိုးများ၏၊ များစွာ ပေးလှူအပ်သော ဒါနသည် အလွန်အကဲ အကျိုးများ၏၊ ရဟန်းတို့ ဤရဟန်းအပေါင်းသည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ ဤပရိသတ်သည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ အကြင်သို့သဘောရှိသော ပရိသတ်ကို လူအပေါင်းသည် ဖူးမြင်ရခဲ၏၊ ရဟန်းတို့ ဤရဟန်းအပေါင်းသည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ ဤပရိသတ်သည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ အကြင်သို့သဘောရှိသော ပရိသတ်ကို ဖူးမြင်ခြင်းငှါ ယူဇနာ ရာထောင် သောင်းတို့သို့ ထမင်းထုပ်ဖြင့် သွားရောက်ခြင်းငှါ သင့်လျော်၏၊ ရဟန်းတို့ ဤရဟန်းအပေါင်းသည် ထိုသို့သဘောရှိ၏။ ရဟန်းတို့ ဤပရိသတ်သည် ထိုသို့သဘောရှိ၏။

၁၄၇။ ရဟန်းတို့ ဤရဟန်းအပေါင်း၌ အာသဝေါကုန်ခန်းပြီး ဖြစ်ကုန်သော အကျင့်သိက္ခာကို ကျင့်သုံးပြီးဖြစ်ကုန်သော ပြုဖွယ်ကိစ္စကို ပြုပြီးဖြစ်ကုန်သော ဝန်ကို ချထားပြီးဖြစ်ကုန်သော မိမိ၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်ကုန်သော ဘဝအနှောင်အဖွဲ့ဖြစ်သော သံယောဇဉ်ကုန်ခန်းပြီး ဖြစ်ကုန်သော ကောင်းစွာသိ၍ ကိလေသာမှ ကျွတ်လွတ်ပြီးကုန်သော ရဟန္တာဖြစ်ကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ရဟန္တာဖြစ်သော ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ အောက်တန်းသံယောဇဉ်ငါးပါး ကုန်ခန်းခြင်းကြောင့် (သုဒ္ဓါဝါသဘုံ၌) ဥပပါတ်ပဋိသန္ဓေတည်နေကုန်သော ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလေ့ရှိကုန်သော ထိုသုဒ္ဓါဝါသဘုံမှ ပြန်လည်ခြင်း သဘောမရှိကုန်သော အနာဂါမ်ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော အနာဂါမ်ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ သံယောဇဉ်သုံးပါးတို့၏ ကုန်ခန်းခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးသည်၏အဖြစ်ကြောင့် တကြိမ်သာလျှင် ဤကာမဘုံသို့လာ၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့ကုန်သော သကဒါဂါမ်ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော သကဒါဂါမ်ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ သံယောဇဉ်သုံးပါးတို့၏ ကုန်ခန်းခြင်းကြောင့် ဖရိဖရဲကျခြင်း သဘောမရှိကုန်သော မြဲကုန်သော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိကုန်သော

http://www.dhammadownload.com



သောတာပန်ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော သောတာပန်ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ သတိပဋ္ဌာန်လေးပါး ပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည် ဖြစ်၍နေသော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ သမ္မပ္ပဓာန်လေးပါး ပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည် ဖြစ်၍နေသော ရဟန်းတို့သည် ရှိကုန်၏။ပ။ ဣဒ္ဓိပါဒ်လေးပါး။ ဣန္ဒြေငါးပါး။ ဗိုလ်ငါးပါး။ ဗောဇ္ဈင်ခုနစ်ပါး။ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည် ဖြစ်၍ နေသောရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ မေတ္တာဗြဟ္မဝိဟာရပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည် ဖြစ်၍နေကုန်သော ရဟန်းတို့သည် ရှိကုန်၏။ ကရုဏာဗြဟ္မဝိဟာရပွါးမျာ အားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော မုဒိတာဗြဟ္မဝိဟာရပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော ဥပေက္ခာဗြဟ္မဝိဟာရပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော အသုဘပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော အနိစ္စသညာပွါးများ အားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသို့ သဘောရှိကုန်သော ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ ထွက်သက်ဝင်သက်ကို အောက်မေ့မှု 'အာနာပါနဿတိ' ပွါးများအားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍နေကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ထွက်သက်ဝင်သက်ကို အောက်မေ့မှု 'အာနာပါနဿတိ' ကို ပွါးများလေ့လာသည်ရှိသော် များသော အကျိုးရင်း အကျိုးဆက်ရှိ၏။ ရဟန်းတို့ အာနာပါနဿတိကို ပွါးများလေ့လာသည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများလေ့လာကုန်သည် ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလေ့လာသည် ရှိသော် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေကုန်၏။

၁၄၈။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့ ပွါးများလေ့လာသည်ရှိသော် များသော အကျိုးရင်း အကျိုးဆက် ရှိသနည်း။ ရဟန်းတို့ ရဟန်းသည် တောသို့ကပ်သည် ဖြစ်၍ငင်း သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ငင်း ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ငင်း တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်နေ၏။ ထိုရဟန်းသည် သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ထွက်သက်ကို ဖြစ်စေ၏၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ဝင်သက်ကို ဖြစ်စေ၏။

ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသော ထွက်သက်ကို ဖြစ်စေ၏"ဟု သိ၏၊ ရှည်စွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသော ဝင်သက်ကို ဖြစ်စေ၏"ဟု သိ၏။ တိုစွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "တိုစွာသော ထွက်သက်ကို ဖြစ်စေ၏"ဟု သိ၏၊ တိုစွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော်"တိုစွာသော ဝင်သက်ကို ဖြစ်စေ၏"ဟု သိ၏။ 'အစ အလယ် အဆုံးဟူသော အလုံးစုံသော ထွက်သက်အပေါင်းကို ပညာဖြင့် ဆင်ခြင်လျက်

http://www.dhammadownload.com



ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “အစ အလယ် အဆုံးဟူသော အလုံးစုံသော ဝင်သက် အပေါင်းကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ရုန့်ရင်းသော ကာယ သင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။

“နှစ်သိမ့်ခြင်း ‘ပီတိ’ကို ပညာဖြင့် ဆင်ခြင်လျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “နှစ်သိမ့်ခြင်း ‘ပီတိ’ကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ချမ်းသာ ခြင်း ‘သုခ’ကို ပညာဖြင့် ဆင်ခြင်လျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ချမ်းသာခြင်း ‘သုခ’ကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “စိတ္တသင်္ခါရကို ပညာဖြင့် ဆင်ခြင်လျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “စိတ္တသင်္ခါရကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ရုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ရုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။

“စိတ်ကို ပညာဖြင့် ဆင်ခြင်လျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “စိတ်ကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ထွက် သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။

“စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “စိတ်ကို ကိလေသာမှ လွတ်စေလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။

“အနိစ္စဟု အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “အနိစ္စဟု အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ရာဂ ချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ “ကိလေသာကို စွန့်ရာ နိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏၊ “ကိလေသာ ကို စွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့”ဟု ကျင့်၏။ ရဟန်းတို့ ဤသို့ ပွါးများလေ့လာထားသော အာနာပါနဿတိသည် များမြတ်သော အကျိုး အာနိသင်ရှိ၏။

၁၄၉။ ရဟန်းတို့ အဘယ်သို့ ပွါးများလေ့လာထားသော အာနာပါနဿတိသည် သတိပဋ္ဌာန် လေးပါးတို့ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် “ရှည်စွာသော ထွက်သက်ကို ဖြစ်စေ၏”ဟု သိ၏၊ ရှည်စွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် “ရှည်စွာသော ဝင်သက်ကို ဖြစ်စေ၏”ဟု သိ၏။ တိုစွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် “တိုစွာသော ထွက်သက်ကို ဖြစ်စေ၏”ဟု သိ၏၊ တိုစွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် “တိုစွာသော ဝင်သက်ကို ဖြစ်စေ၏”ဟု သိ၏။

http://www.dhammadownload.com



"အစ အလယ် အဆုံးဟူသော အလုံးစုံသော ထွက်သက်အပေါင်းကို ပညာဖြင့် ဆင်ခြင်လျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "အစ အလယ် အဆုံးဟူသော အလုံးစုံသော ဝင်သက် အပေါင်းကို ပညာဖြင့် ဆင်ခြင်လျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရှုန့်ရင်းသော ကာယ သင်္ခါရကို (အာယာစွာ ရှုသဖြင့်)ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရှုန့်ရင်း သော ကာယသင်္ခါရကို (သာယာစွာ ရှုသဖြင့်) ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

ရဟန်းတို့ ထိုအခါ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သော ပညာ အောက်မေ့တတ်သောသတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် ပထဝီဓာတ်စသော ဓာတ်လေးပါးအပေါင်း 'ကာယ'၌ ဝါယောဓာတ်ဟူသော အစိတ်'ကာယ'ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ထွက် သက် ဝင်သက်တို့ကို ပထဝီဓာတ်စသောဓာတ်လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော ဝါယော ဓာတ်ဟူသော ကာယဟူ၍ ငါဟော၏။ ရဟန်းတို့ ထို့ကြောင့် ထိုအခါ၌ ရဟန်းသည် ကိလေသာ ကိုပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် ပထဝီဓာတ်စသော ဓာတ်လေးပါးဟူသော အပေါင်း'ကာယ'၌ ဝါယောဓာတ်ဟူသော အစိတ်'ကာယ'ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (၁)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် "နှစ်သိမ့်ခြင်း'ပီတိ'ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "နှစ်သိမ့်ခြင်း 'ပီတိ'ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ချမ်းသာခြင်း 'သုခ'ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ချမ်းသာခြင်း'သုခ'ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "စိတ္တသင်္ခါရ"ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ္တသင်္ခါရကို ထင်စွာသိလျက် ဝင်သက် ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရှုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေ အံ့"ဟု ကျင့်၏၊ "ရှုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

ရဟန်းတို့ ထိုအခါ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သော ပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် သုခဝေဒနာစသော အပေါင်းဝေဒနာတို့၌ သုခဝေဒနာ ဟူသော အစိတ်ဝေဒနာကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ ထွက်သက်ဝင်သက် တို့ကို ကောင်းစွာ နှလုံးသွင်းခြင်းကို သုခဝေဒနာစသော ဝေဒနာသုံးပါးတို့တွင် တပါးအပါအဝင် ဖြစ်သော သုခဝေဒနာဟူ၍ ငါဟော၏။ ရဟန်းတို့ ထို့ကြောင့် ထိုအခါ၌ ရဟန်းသည် ကိလေသာ ကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် သုခဝေဒနာစသော အပေါင်းဝေဒနာတို့၌ သုခဝေဒနာဟူသော အစိတ်ဝေဒနာကို အဖန်ဖန် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ (၂)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် "စိတ်ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "စိတ်ကို အလွန်ဝမ်းမြောက် စေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ဝင်သက်

http://www.dhammadownload.com



ကို ဖြစ်စေအံ့"ဟု ကျင့်၏။ စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "စိတ်ကို ကိလေသာမှ လွတ်စေလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။

ရဟန်းတို့ ထိုအခါ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သော ပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် စိတ်၌ စိတ်ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ လွတ်သောသတိရှိသော ကောင်းစွာ ဆင်ခြင်တတ်သော ပညာမရှိသော ပုဂ္ဂိုလ်အား အာနာပါနဿတိကမ္မဋ္ဌာန်းကို ငါမဟော။ ရဟန်းတို့ ထို့ကြောင့် ထိုအခါ၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သော လုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် စိတ်၌ စိတ်ကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ (၃)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည်"အနိစ္စဟု အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "အနိစ္စဟု အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။"ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ရာဂချုပ်ရာနိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ရာဂချုပ်ရာနိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ "ကိလေသာကိုစွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏၊ "ကိလေသာကိုစွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့"ဟု ကျင့်၏။ ရဟန်းတို့ ထိုအခါ ရဟန်းသည် ကိလေသာကိုပူပန်စေတတ်သော လုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် တရားတို့၌ တရားကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထိုရဟန်းသည် အဘိဇ္ဈာဒေါမနဿတို့ကို ပယ်ခြင်းကို ဝိပဿနာပညာဖြင့်မြင်၍ ကောင်းစွာ လျစ်လျူရှုခြင်းရှိ၏။ရဟန်းတို့ ထို့ကြောင့် ထိုအခါ၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သော လုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် တရားတို့၌ တရားကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ (၄)

ရဟန်းတို့ ဤသို့ ပွါးများလေ့လာထားသော အာနာပါနဿတိသည် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏။

၁၅၀။ ရဟန်းတို့ အဘယ်သို့ ပွါးများလေ့လာထားသော သတိပဋ္ဌာန် လေးပါးတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် ပထဝီစသော

http://www.dhammadownload.com



ခေါက်လေးပါးဟူသော အပေါင်း'ကာယ'၌ ဝါယောဓာတ်တည်းဟူသော အစိတ်'ကာယ'ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ထိုအခါ၌ ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ ပျောက်ပျက်ခြင်း မရှိ။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းအား သတိသည် ရှေးရှုထင်၏၊ပျောက်ပျက်ခြင်း မရှိ၊ ထိုအခါ၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွါးများမှုပြည့်ခြင်းသို့ရောက်၏။ (၁)

ထိုသို့သော အခြင်းအရာအားဖြင့် သတိပြည့်စုံစွာနေသော ထိုရဟန်းသည် ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်း၏၊ ပွါး၏၊ စုံစမ်းခြင်းသို့ ရောက်၏။ ရဟန်းတို့ အကြင်အခါ၌ ထိုသို့သော အခြင်းအရာအားဖြင့် သတိပြည့်စုံစွာနေသော ရဟန်းသည် ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်း၏၊ ပွါး၏၊စုံစမ်းခြင်းသို့ ရောက်၏၊ထိုအခါ၌ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၂)

ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်းသော ပွါးသော စုံစမ်းခြင်းသို့ရောက်သော ထိုပုဂ္ဂိုလ်အား အားထုတ်မှု ဝီရိယသည်ဖြစ်၏၊ ဝီရိယသည် တွန့်တိုဆုတ်နစ်ခြင်း မရှိ။ ရဟန်းတို့ အကြင်အခါ၌ ထိုတရားကို စူးစမ်းသော ပွါးသော စုံစမ်းခြင်းသို့ရောက်သော ရဟန်းအား အားထုတ်မှု ဝီရိယသည် ဖြစ်၏၊ဝီရိယသည် တွန့်တိုဆုတ်နစ်ခြင်း မရှိ။ထိုအခါ၌ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ၌ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၃)

အားထုတ်အပ်သော ဝီရိယရှိသူအား ကိလေသာမှကင်းသော ပီတိသည် ဖြစ်၏။ ရဟန်းတို့ အကြင်အခါ၌ အားထုတ်အပ်သော ဝီရိယရှိသော ရဟန်းအား ကိလေသာမှကင်းသော ပီတိသည် ဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ၌ ရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၄)

နှစ်သိမ့်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ကိုယ်သည်လည်း ငြိမ်းအေး၏၊စိတ်သည်လည်း ငြိမ်းအေး၏။ရဟန်းတို့ အကြင်အခါ၌ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ထိုအခါ၌ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၅)

ငြိမ်းအေးသောကိုယ်ရှိသော ချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်၏စိတ်သည် တည်ကြည်၏။ ရဟန်းတို့ အကြင်အခါ၌ ငြိမ်းအေးသောကိုယ်ရှိသော ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် တည်ကြည်၏၊ထိုအခါ၌ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၆)

ထိုပုဂ္ဂိုလ်သည် ထိုသို့သော အခြင်းအရာအားဖြင့် တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှုခြင်းရှိ၏၊ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုသို့သော အခြင်းအရာအားဖြင့်

http://www.dhammadownload.com



တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှုခြင်းရှိ၏၊ ထိုအခါ၌ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၇)

၁၅၁။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သောလုံ့လ ဆင်ခြင်တတ်သောပညာ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် ဝေဒနာတို့၌။ပ။စိတ်၌။ပ။တရားတို့၌ တရားကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ထိုအခါ၌ ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ ပျောက်ပျက်ခြင်း မရှိ။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းအား သတိသည် ရှေးရှုထင်၏၊ ပျောက်ပျက်ခြင်း မရှိ၊ ထိုအခါ၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ၌ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ရောက်၏။ (၁)

ထိုသို့သော အခြင်းအရာအားဖြင့် သတိနှင့် ပြည့်စုံသည်ဖြစ်၍နေသော ထိုရဟန်းသည် ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်း၏၊ ပွါး၏၊ စုံစမ်းခြင်းသို့ ရောက်၏။ ရဟန်းတို့ အကြင်အခါ၌ ထိုသို့သော အခြင်းအရာအားဖြင့် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေသော ရဟန်းသည် ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်း၏၊ ပွါး၏၊ စုံစမ်းခြင်းသို့ရောက်၏၊ ထိုအခါ၌ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၂)

ထိုတရားကို ဝိပဿနာပညာဖြင့် စူးစမ်းသော ပွါးသော စုံစမ်းခြင်းသို့ရောက်သော ထိုရဟန်းအား အားထုတ်မှု 'ဝီရိယ'သည် ဖြစ်၏၊ ဝီရိယသည် တွန့်တိုဆုတ်နစ်ခြင်းမရှိ။ ရဟန်းတို့ အကြင်အခါ၌ ထိုတရားကို စူးစမ်းသော ပွါးသော စုံစမ်းခြင်းသို့ရောက်သော ရဟန်းအား အားထုတ်မှု 'ဝီရိယ'သည် ဖြစ်၏၊ ဝီရိယသည် တွန့်တိုဆုတ်နစ်ခြင်းမရှိ၊ထိုအခါ၌ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ထိုအခါ၌ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ၌ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၃)

အားထုတ်အပ်သော ဝီရိယရှိသောသူအား ကိလေသာမှကင်းသော ပီတိသည်ဖြစ်၏။ရဟန်းတို့ အကြင်အခါ၌ အားထုတ်အပ်သော ဝီရိယရှိသောရဟန်းအား ကိလေသာမှကင်းသော ပီတိသည် ဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ရောက်၏။ (၄)

နှစ်သိမ့်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏။ ရဟန်းတို့ အကြင်အခါ၌ နှစ်သိမ့်သောစိတ်ရှိသော ရဟန်း၏ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ထိုအခါ၌ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၅)

http://www.dhammadownload.com



ငြိမ်းအေးသော ကိုယ်ရှိသော ချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်၏စိတ်သည် တည်ကြည်၏။ ရဟန်းတို့ အကြင်အခါ၌ ငြိမ်းအေးသောကိုယ်ရှိသော ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် တည်ကြည်၏၊ ထိုအခါ၌ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ ရောက်၏။ (၆)

ထိုရဟန်းသည် ထိုသို့သောအခြင်းအရာအားဖြင့် တည်ကြည်သောစိတ်ကို ကောင်းစွာလျစ်လျူရှုခြင်း ရှိ၏။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုသို့သော အခြင်းအရာအားဖြင့် တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှုခြင်းရှိ၏၊ ထိုအခါ၌ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ၌ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ထိုအခါ၌ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများမှု ပြည့်ခြင်းသို့ရောက်၏။ ရဟန်းတို့ ဤသို့ ပွါးများလေ့လာထားသော သတိပဋ္ဌာန်လေးပါးတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။ (၇)

၁၅၂။ ရဟန်းတို့ အဘယ်သို့ ပွါးများလေ့လာထားသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ ရဟန်းသည် ဆိတ်ခြင်း'ဝိဝေက'၌ မှီသောတပ်စွန်းမှု'ရာဂ'ကင်းရာ၌မှီသော ချုပ်ရာ'နိရောဓ'၌မှီသော (ကိလေသာကို) စွန့်လွှတ်မှု နိဗ္ဗာန်သို့ပြေးဝင်မှု 'ဝေါဿဂ္ဂ'ကို ရင့်ကျက်စေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဆိတ်ခြင်း'ဝိဝေက'၌ မှီသော တပ်စွန်းမှု'ရာဂ'ကင်းရာ၌ မှီသော ချုပ်ရာ'နိရောဓ'၌ မှီသော(ကိလေသာကို)စွန့်လွှတ်မှုနိဗ္ဗာန်သို့ ပြေးဝင်မှု'ဝေါဿဂ္ဂ'ကို ရင့်ကျက်စေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့ပွါးများလေ့လာထားသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ပြည့်စေကုန်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ရှစ်ခုမြောက် အာနာပါနဿတိသုတ် ပြီး၏။

## ၉-ကာယဂတာသတိသုတ်

၁၅၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခဲ့ကုန်၍ စည်းဝေးရာစရပ်၌ စည်းဝေးထိုင်နေကြကုန်သော များစွာသောရဟန်းတို့အား ဤအကြားစကားသည်[၁] ထင်ရှားဖြစ်၏— "ငါ့သျှင်တို့ အံ့ဩဖွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်စဘူး ဖြစ်ပါပေစွ၊

၁- အကြားစကားဟူသည် ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း စာသင်ခြင်းစသည်တို့၏ အကြား၌ဖြစ်သော အလွတ်စကား (မြဟ္မဇာလသုတ်ဖွင့် အဋ္ဌကထာ)။ ငါဘုရားမလာမီ အကြား၌ ဖြစ်သောစကား (ပေါဋ္ဌပါဒသုတ်အဖွင့် အဋ္ဌကထာ)။

http://www.dhammadownload.com



အလုံးစုံကို သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ' ကို ပွါးများလေ့လာသည်ရှိသော် များသော အကျိုးရင်း အကျိုးဆက် ရှိ၏ဟူ၍ ဟောတော်မူ၏" ဟု (အကြားစကားသည် ဖြစ်၏)။ ထိုရဟန်းတို့၏ ဤအကြားစကားသည် မပြီးပြတ်သေးချေ၊ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ၌ ကိန်းအောင်းရာမှ ထတော်မူလျက် စည်းဝေးရာစရပ် ဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးထိုင်နေကြကုန်သနည်း၊ သင်တို့၏ ငါမလာမီ အကြားဝယ် မပြီးသေးသောစကားကား အဘယ်နည်း" ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ဆွမ်းစားပြီးနောက် ဆွမ်းစားရပ်မှ ဖဲခဲ့ကုန်၍ ဤစည်းဝေးရာစရပ်၌ စည်းဝေးထိုင်နေကုန်သော အကျွန်ုပ်တို့အား ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏ "ငါ့သျှင်တို့ အံ့ဩဖွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်စဘူးဖြစ်ပါပေစွ၊ အလုံးစုံကို သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများလေ့လာအပ်သည်ရှိသော် များသောအကျိုးရင်း အကျိုးဆက်ရှိ၏ဟူ၍ ဟောတော်မူ၏" ဟု(အကြားစကားသည် ထင်ရှားဖြစ်ပါ၏)။မြတ်စွာဘုရား အကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကားကား ဤစကားပါတည်း၊ ထိုစဉ်အခါ၌ မြတ်စွာ ဘုရားသည် ကြွရောက်လာတော်မူပါ၏ဟု (လျှောက်ထားကြကုန်၏)။

၁၅၄။ ရဟန်းတို့ ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို အဘယ်သို့ ပွါးများလေ့လာထားသော် များသောအကျိုးရင်း အကျိုးဆက် ရှိသနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် တောသို့ကပ်သည်ဖြစ်၍ရင်း သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ရင်း ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ရင်း တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကိုဖြစ်စေ၍ ထိုင်နေ၏။ ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည် ဖြစ်၍ ထွက်သက်ကိုဖြစ်စေ၏၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင် ဝင်သက်ကိုဖြစ်စေ၏။ ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသောထွက်သက်ကိုဖြစ်စေ၏" ဟု သိ၏၊ ရှည်စွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် "ရှည်စွာသောဝင်သက်ကိုဖြစ်စေ၏" ဟု သိ၏။ တိုစွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် "တိုစွာသောထွက်သက်ကို ဖြစ်စေ၏" ဟု သိ၏၊ တိုစွာသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် "တိုစွာသောဝင်သက်ကို ဖြစ်စေ၏" ဟု သိ၏။

"အစ အလယ် အဆုံးဟူသော အလုံးစုံသော ထွက်သက်အပေါင်းကိုထင်စွာသိလျက် ထွက်သက် ကို ဖြစ်စေအံ့" ဟု ကျင့်၏၊ "အစ အလယ် အဆုံးဟူသော အလုံးစုံသော ဝင်သက်အပေါင်းကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်၏။ "ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့" ဟု ကျင့်၏၊ "ရုန့်ရင်းသော ကာယသင်္ခါရကို (သာယာစွာရှုသဖြင့်) ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်၏။ ဤသို့ မမေ့မလျော့ ကိလေသာကို ပူပန် စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိလျက်နေသော ထိုရဟန်းအား ကာမဂုဏ်ငါးပါး၌ မှီကုန်သော ကြံစည်အောက်မေ့ခြင်း 'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင်

http://www.dhammadownload.com



စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့ ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၁)

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွား၏"ဟု သိ၏၊ ရပ်လျှင်လည်း "ရပ်၏"ဟု သိ၏၊ ထိုင်လျှင်လည်း "ထိုင်၏"ဟု သိ၏၊ လျောင်းလျှင်လည်း "လျောင်း၏"ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏၊ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။ ဤသို့ မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် နေသော ထိုရဟန်းအား ကာမဂုဏ် ငါးပါး၌ မှီကုန်သော ကြံစည် အောက်မေ့ခြင်း 'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၂)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့ တိုးရာ၌ နောက်သို့ ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ်သင်္ကန်း သပိတ်သင်္ကန်းကို ဆောင်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ဤသို့ မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက်နေသော ထိုရဟန်းအား ကာမဂုဏ် ငါးပါး၌ မှီကုန်သော ကြံစည် အောက်မေ့ခြင်း 'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၃)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ခြေဖဝါးအထက် ဆံဖျားမှအောက် ထက်ဝန်းကျင် အရေပါး အဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤ ရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝ ရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက်ရှိ၏။ အဘယ် စပါးတို့ နည်း ဟူမူ—သလေးစပါး ကောက်ကြီးစပါး ပဲနောက် ပဲကြီး နှမ်း ဆန် တို့တည်း။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း။ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည် တို့ကား

http://www.dhammadownload.com



ပဲနောက်တို့တည်း၊ဤသည်တို့ကား ပဲကြီးတို့တည်း၊ဤသည်တို့ကား နှမ်းတို့တည်း၊ဤသည်တို့ကား ဆန်တို့တည်း" ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှ အထက် ဆံဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုး တို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏"ဟု(စူးစိုက်ဆင်ခြင်၏)။ ဤသို့ မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ် ရှိလျက် နေသော ထိုရဟန်းအား ကာမဂုဏ်ငါးပါး၌ မှီကုန်သော ကြံစည် အောက်မေ့ခြင်း 'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံ ဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခု တည်းသော အာရုံရှိ၍ တည်ကြည်၏။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ ဖြစ်သော အောက်မေ့ခြင်း'ကာယဂတာသတိ'ကို ပွါးများ၏။ (၄)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် "ဤရုပ်အပေါင်း၌ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ် အားဖြင့် စူးစိုက်ဆင်ခြင်၏။ ရဟန်းတို့ ဥပမာသော်ကား လိမ္မာကျွမ်းကျင်သော နွားသတ်သမား သည်သော်၎င်း နွားသတ်သမား၏တပည့်သည်သော်၎င်း နွားကိုသတ်၍ လမ်းလေးခွဆုံ၌ အစု အပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် "ဤရုပ် အပေါင်း၌ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်သည် ရှိ၏" ဟု ဤရုပ် အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။ ဤသို့ မမေ့ မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက် နိဗ္ဗာန်ကို စေလွှတ်သော စိတ်ရှိလျက် နေသော ထိုရဟန်းအား ကာမဂုဏ်ငါးပါး၌ မှီကုန်သော ကြံစည်အောက်မေ့ခြင်း'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထို ဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့သည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၅)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင် သေ၍ နှစ်ရက်ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် ဖူးဖူးရောင်နေသော သူသေကောင် ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင် ပြည်ကဲ့သို့ အပုပ်ရည် ယိုစီးနေ သော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤကိုယ် သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤ ရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။ ဤသို့ မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် နေသော ထိုရဟန်းအား ကာမဂုဏ်ငါးပါး၌ မှီကုန်သော ကြံစည်အောက်မေ့ခြင်း'ဝိတက်'တို့သည် ပျောက်ကင်းကုန်၏။ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌ သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ သက်ဝင်၏၊ တခုတည်းသော

http://www.dhammadownload.com



အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၆)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော ဘိုမတီးငှက်တို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော အိမ်ခွေးတို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော ကျားတို့ ခဲစား အပ်သည်မှုလည်းဖြစ်သော သစ်တို့ ခဲစားအပ်သည်မှုလည်းဖြစ်သော မြေခွေးတို့ ခဲစားအပ်သည် မှုလည်းဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော သင်းချိုင်း၌ စွန့်ပစ်ထားသော သူ့သေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤ ကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်း သည်လည်း ဤသို့သောသဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။ ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း"ကာယဂတာသတိ"ကို ပွါးများ၏။ (၇)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အသားအသွေး ရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူ့သေကောင်ကို မြင်ရာသကဲ့သို့။ပ။အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုး ဆက်လျက်ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူ့သေကောင်ကို။ပ။အသားအသွေး ကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သင်းချိုင်း၌ စွန့်ပစ်ထားသော သူ့သေကောင်ကို။ပ။အကြောတို့ဖြင့် ဖွဲ့ခြင်းကင်းကုန်သော တနေရာ၌လက်ရိုး တနေရာ၌ခြေရိုး တနေရာ၌ ဖမျက်ရိုး တနေရာ၌မြင်းခေါင်းရိုး တနေရာ၌ပေါင်ရိုး တနေရာ၌ခါးရိုး တနေရာ၌ နံရိုး တနေရာ၌ကျောက်ကုန်းရိုး တနေရာ၌လည်ပင်းရိုး တနေရာ၌မေးရိုး တနေရာ၌သွားရိုး တနေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားသော အရိုးစုသူ့သေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။ ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ ခြင်း'ကာယဂတာသတိ'ကို ပွါးများ၏။ (၈-၁၁)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေသော သင်းချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူ့သေကောင်တို့ကို မြင်ရာသကဲ့သို့။ပ။နှစ်လွန်လျက် စုပုံနေသော သင်းချိုင်း၌ စွန့်ပစ်ထားသော အရိုးစု သူ့သေကောင်တို့ကို။ပ။ပုပ်ဆွေးလျက် အမှုန့် ဖြစ်ကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားသော အရိုးစု သူ့သေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သောသဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။ ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း'ကာယဂတာသတိ'ကို ပွါးများ၏။ (၁၂-၁၄)

၁၅၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် နိဝရဏဆိတ်ခြင်းကြောင့်

http://www.dhammadownload.com



ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊အလုံးစုံ စိုစွတ်စေ၏၊ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နိဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာအားဖြင့် ကျွမ်းကျင်သော ရေချိုးပေးသူသည်၎င်း ရေချိုးပေးသူ၏တပည့်သည်၎င်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို လောင်းထည့်ပြီးလျှင် ရေဖြင့်ဖျန်းလျက် ဖျန်းလျက် အခဲပြုရာ၏၊ ရေချိုးကသယ်မှုန့်ခဲသည် ရေဟူသောအစေးဖြင့် စိမ့်ဝင်လျက် ရှိရာ၏၊ ရေဟူသော အစေးဖြင့် ဖွဲ့စည်းလျက် ရှိရာ၏၊ အတွင်းအပြင်၌ ရေတည်းဟူသောအစေးဖြင့် ပျံ့နှံ့လျက် ရှိရာ၏၊ ရေယိုကျခြင်းလည်း မရှိရာ။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နိဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နိဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏တကိုယ်လုံး မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ' ကို ပွါးများ၏။ (၁၅)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။

ရဟန်းတို့ ဥပမာအားဖြင့် နက်စွာသော စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌ ရေဝင်ပေါက်မရှိရာ၊ အနောက်အရပ်၌ ရေဝင်ပေါက်မရှိရာ၊ တောင်အရပ်၌ ရေဝင်ပေါက်မရှိရာ၊ မြောက်အရပ်၌ ရေဝင်ပေါက်မရှိရာ၊ မိုးသည်လည်း အခါခပ်သိမ်း အချိန်မှန်မှန် သည်းထန်စွာ ရွာသွန်းခြင်းမရှိရာ။ သို့သော်လည်း ထိုရေအိုင်မှ အေးမြသောရေအယဉ်သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုပင်လျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပျံ့နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။ ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၁၆)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ပီတိကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။တတိယ ဈာန်သို့ ရောက်၍နေ၏၊ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် ပီတိကင်းသော သုခဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ ပီတိကင်းသောသုခဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာအားဖြင့် ကြာဖြူ ကြာနီ ကြာညိုတော၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း ကြာဖြူ ကြာနီ ကြာညို အချို့တို့သည်ရင်း ပဒုမာကြာအချို့တို့သည်ရင်း ကြာပုဏ္ဍရိက်အချို့တို့သည်ရင်း ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေမှမပေါ် ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ထိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပျံ့နှံ့ကုန်၏၊ ကြာဖြူ ကြာနီ ကြာညို ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်းအလုံးစုံ၌ အေးမြသောရေဖြင့် မပျံ့နှံ့သောနေရာသည် အနည်းငယ်မျှမရှိရာ။ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင် ပီတိကင်းသောသုခဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ ပီတိကင်းသောသုခဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။ဤသို့ မမေ့မလျော့။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ကိုယ်၌ ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၁၇)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာကို ပယ်ခြင်းကြောင့်ရင်း။ပ။စတုတ္ထစျာန်သို့ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သောစိတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် ဖြူစင်သော အဝတ်ဖြင့် ဦးခေါင်းနှင့်တကွ (တကိုယ်လုံး) ခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏တကိုယ်လုံး၌ ဖြူစင်သော အဝတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိရာ။ ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှမရှိ၊ ဤသို့မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိလျက်နေသော ထိုရဟန်းအား ကာမဂုဏ် ငါးပါး၌ မှီ၍ဖြစ်ကုန်သော ကြံစည်အောက်မေ့ခြင်း 'ဝိတက်' တို့သည် ပျောက်ကင်းကုန်၏၊ ထိုဝိတက်တို့ ပျောက်ကင်းခြင်းကြောင့် ဘာဝနာ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာသက်ဝင်၏၊ တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ ရဟန်းတို့ ဤသို့လည်း ကိုယ်၌ဖြစ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ'ကို ပွါးများ၏။ (၁၈)

၁၅၆။ ရဟန်းတို့ အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ဝိဇ္ဇာရှစ်ပါးအဖို့ရှိကုန်သော ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့သည် ဘာဝနာ၏ အတွင်း၌သာလျှင် ဝင်ကုန်၏။ ရဟန်းတို့ ဥပမာအားဖြင့် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာကို စိတ်ဖြင့် တွေ့အပ်၏၊ထိုပုဂ္ဂိုလ်အား သမုဒ္ဒရာသို့ စီးဝင်ကုန်သော ခပ်သိမ်းကုန်သော မြစ်ငယ်တို့သည် ထိုသမုဒ္ဒရာ၏ အတွင်း၌ ဝင်ကုန်၏။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သောပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ဝိဇ္ဇာရှစ်ပါးအဖို့ရှိကုန်သော ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့သည် ဘာဝနာ၏အတွင်း၌သာလျှင် ဝင်ကုန်၏။

ရဟန်းတို့ အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ခွင့်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာ

http://www.dhammadownload.com



မာရ်သည် ဆွဲကိုင်ရာကို ရ၏။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် လေးစွာသော ကျောက်တုံးကို စိုသော ရွှံ့မြေပုံ၌ ပစ်ချရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုလေးစွာသော ကျောက်တုံးသည် စိုသောရွှံ့မြေပုံ၌ ဝင်ခွင့်ကို ရနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဝင်ခွင့်ရနိုင်ပါ၏ (ဟု လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးမများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို ရ၏၊ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို ရ၏။

ရဟန်းတို့ ဥပမာအားဖြင့် အစေးမရှိသော ထင်းခြောက်သည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် "မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ထင်ရှားပြုအံ့"ဟု မီးပွတ်ခုံကို ယူ၍ လာရာ၏။ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ဤအစေးမရှိသော ထင်းခြောက်ကို မီးပွတ်ခုံကို ယူ၍ ပွတ်သည်ရှိသော် မီးကို ဖြစ်စေနိုင်ရာသလော၊ အပူဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မီးကို ဖြစ်စေနိုင်ရာပါ၏(ဟု လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးမများ မလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို ရ၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ရေမရှိ၍ ခြောက်နေသော အိုးစရည်းကြီးကို ကရွတ်ခွေ၌ တည်ထားအပ်၏၊ထို့နောက် ယောကျ်ားသည် ရေကို ထမ်းယူ၍လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ရေကို သွန်းလောင်းရာအရပ်ကို ရနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သွန်းလောင်းရာအရပ်ကို ရနိုင်ပါ၏ (ဟု လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို မပွါးမများမလေ့လာအပ်၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို ရ၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို ရ၏။

၁၅၇။ ရဟန်းတို့ အမှတ်မရှိတစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများ လေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို မရ၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို မရ။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ပေါ့ပါးသော ချည်လုံးကို အလုံးစုံ အနှစ်ချည်းဖြစ်သော တံခါးပျဉ်၌ ပစ်သွင်းရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ပေါ့ပါးသော ချည်လုံးကို အလုံးစုံအနှစ်ချည်းဖြစ်သော တံခါးပျဉ်၌ ပစ်သွင်း၍ ဝင်ပေါက်ကို ရနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရနိုင်ပါ(ဟုလျှောက်ကြကုန်၏)။

ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ လေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို မရ၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို မရ။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာတမျိုးသော်ကား အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထို့နောက်ယောကျ်ားသည် "မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ပြုအံ့"ဟု မီးပွတ်ခုံကို ယူ၍ လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ထိုအစေးရှိသော ထင်းစိုကို မီးပွတ်ခုံကို ယူ၍ ပွတ်တိုက်သည်ရှိသော် မီးကို ဖြစ်စေနိုင်ရာသလော၊ အပူဓာတ်ကို ပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်စေနိုင်ရာပါ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို မရ၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို မရ။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ရေပြင့်ပြည့်သော အိုးနှုတ်ခမ်းနှင့်အမျှ ရေရှိသော နှုတ်ခမ်း၌ နားရှိ၍ ကျီးသောက်နိုင်သော အိုးစရည်းကြီးကို ကရွတ်ခွေ၌ တည်ထားအပ်၏၊ ထို့နောက် ယောကျ်ားသည် ရေကို ထမ်းယူ၍ လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ရေသွန်းလောင်းရာကို ရနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရနိုင်ရာပါ (ဟုလျှောက်ကြကုန်၏)။

ရဟန်းတို့ ဤဥပမာအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဝင်ပေါက်ကို မရ၊ ထိုပုဂ္ဂိုလ်အား ကိလေသာမာရ်သည် ဖြစ်ပေါ်ခွင့်အကြောင်းကို မရ။

၁၅၈။ ရဟန်းတို့ အမှတ်မရှိ တစုံတယောက်သောပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော အကြင်အကြင်တရားကို ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုထိုတရား၌သာလျှင် သတိဟူသော အကြောင်းရှိလျှင် မျက်မြင်ကိုယ်တွေ့အဖြစ်သို့ ရောက်၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ရေပြင့်ပြည့်သော အိုးနှုတ်ခမ်းနှင့်အမျှ ရေရှိသော နှုတ်ခမ်း၌ နားရှိ၍ ကျီးသောက်နိုင်သော အိုးစရည်းကြီးကို ကရွတ်ခွေ၌ တည်ထားအပ်၏၊ ထိုအိုးစရည်းကြီးကို အားကြီးသော ယောကျ်ားသည် အကြင်အကြင် လိုရာဘက်သို့ သွဲ့ဆောင်ရာ၏၊ ရေသည် လိုက်ပါရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား လိုက်ပါရာပါ၏ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော အကြင်အကြင်တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုထိုတရား၌သာလျှင် သတိဟူသော အကြောင်းရှိလျှင် မျက်မြင်ကိုယ်တွေ့အဖြစ်သို့ ရောက်၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ညီညွတ်သော မြေအဖို့၌ ကန်ပေါင်ဖြင့် ဖွဲ့ထားသော ရေပြင့်ပြည့်သော ကမ်းနှင့်အမျှ ရေရှိသောကမ်း၌ နားရှိ၍ ကျီးသောက်နိုင်သော လေးထောင့်ကန်သည် ရှိရာ၏၊ ထိုကန်ကို အားကြီးသော ယောကျ်ားသည် အကြင်အကြင် လိုရာဘက်မှ ကန်ပေါင်ကို ဖြေဖျက်ရာ၏၊ ရေသည် ထွက်လာရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထွက်လာရာပါ၏ (ဟု လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူသာလျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော အကြင်အကြင်တရားကို ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုထိုတရား၌သာလျှင် သတိဟူသော · အကြောင်းရှိလျှင် မျက်မြင်ကိုယ်တွေ့အဖြစ်သို့ ရောက်၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ကောင်းသော မြေအဖို့ရှိသော လမ်းလေးခွ၌ ကဲ၍ ရပ်တည်နေသော ချထားသော နှင်တံရှိသော အာဇာနည်မြင်းကသော ရထားသည် တည်ရာ၏၊ ထိုရထားကို လိမ္မာကျွမ်းကျင်သော ယာဉ်မောင်းဆရာ ရထားထိန်းသည် တက်စီးလျက် လက်ဝဲလက်ဖြင့် ကြိုးတို့ကို ကိုင်ပြီးလျှင် လကျာ်လက်ဖြင့် နှင်တံကို ကိုင်၍ အလိုရှိရာသို့ အလိုရှိသလို သွားစေရာ၏၊ တဖန်ပြန်လာစေရာ၏။ ရဟန်းတို့ ဤအတူပင်လျှင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ကာယဂတာသတိကို ပွါးများလေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုအပ်သော အကြင်အကြင်တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုထိုတရား၌သာလျှင် သတိဟူသော အကြောင်းရှိလျှင် မျက်မြင်ကိုယ်တွေ့အဖြစ်သို့ ရောက်၏။

၁၅၉။ ရဟန်းတို့ ကိုယ်အစုကို အာရုံပြုသော သတိကို အဖန်ဖန်မှီဝဲအပ်သော် ပွါးများလေ့လာအပ်သော် ယာဉ်ကဲ့သို့ ပြုအပ်သော် တည်ရာကဲ့သို့ ပြုအပ်သော် အဖန်ဖန်ဖြစ်စေအပ်သော် လေ့ကျက်အပ်သော် ကောင်းစွာအားထုတ်အပ်သော် အာနိသင်ဆယ်ပါးတို့သည် မချွတ်ဖြစ်ကုန်လတ္တံ့။

မမွေ့လျော်ခြင်းကို သည်းခံနိုင်၏၊ ထိုမမွေ့လျော်ခြင်းကို သည်းမခံနိုင်စေကာမူ ဖြစ်ပေါ်လာသော မမွေ့လျော်ခြင်းကို လွှမ်းမိုး၍ နေနိုင်၏။ (၁)

ကြောက်ခြင်း ထိတ်လန့်ခြင်းကို သည်းခံနိုင်၏၊ထိုကြောက်ခြင်း ထိတ်လန့်ခြင်းကို သည်းမခံနိုင်စေကာမူ ဖြစ်ပေါ်လာသော ကြောက်ခြင်း ထိတ်လန့်ခြင်းကို လွှမ်းမိုး၍ နေနိုင်၏။ (၂)

အချမ်းအပူဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းအတွေ့တို့ကိုလည်း သည်းခံနိုင်၏၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုရင်း ကိုယ်၌ဖြစ်ဆဲဖြစ်ကုန်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်မြို့ဖွယ်သော အသက်ကို ဆောင်နိုင်သော ဆင်းရဲဝေဒနာတို့ကိုရင်း သည်းခံနိုင်ခြင်း သဘောရှိသူဖြစ်၏။ (၃)

အထူးသဖြင့် စင်ကြယ်သောစိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၌ ချမ်းချမ်းသာသာနေမှုဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်းပဲ ရ၏။ (၄)

ထိုပုဂ္ဂိုလ်သည် တပါးမက များသော အပြားရှိသော ဣဒ္ဓိဝိဓအဘိဉာဏ်ကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများအပြား ဖြစ်သွား၏၊ အများအပြားဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ)အလိုအတိုင်း ဖြစ်စေ၏။ (၅)

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်သည် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏။ပ။ (၆)

ထိုပုဂ္ဂိုလ်သည် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို(မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊တပ်မက်ခြင်း 'ရာဂ' နှင့် တကွသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' နှင့် တကွသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ဟု သိ၏။ အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'နှင့် တကွသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ဟု သိ၏။ တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ်ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ဟု သိ၏။ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ' စိတ်ဟု သိ၏၊ ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ဟု သိ၏။ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ဟု သိ၏။ မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' စိတ်ကိုလည်း မိမိထက်သာလွန်သော တရားရှိသော 'သဥတ္တရ' စိတ်ဟု သိ၏၊ မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ကိုလည်း မိမိထက်သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ဟု သိ၏။ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း တည်ကြည်သော 'သမာဟိတ' စိတ်ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း မတည်ကြည်သော 'အသမာဟိတ' စိတ်ဟု သိ၏။ လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ဟု သိ၏။ (၇)

ထိုပုဂ္ဂိုလ်သည် များစွာသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ဟူသည် အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များစွာသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ (၈)

ထိုပုဂ္ဂိုလ်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။ (၉)

အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိနှင့် အရဟတ္တဖိုလ်ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ဝင်စား၍နေ၏။ (၁၀)

http://www.dhammadownload.com



ရဟန်းတို့ ကာယဂတာသတိကို အဖန်ဖန် မှီဝဲအပ်သော် ပွါးများလေ့လာအပ်သော် ယာဉ်ကဲ့သို့ ပြုအပ်သော် တည်ရာကဲ့သို့ ပြုအပ်သော် အဖန်ဖန်ဖြစ်စေအပ်သော် လေ့ကျက်အပ်သော် ကောင်းစွာ အားထုတ်အပ်သော် ဤဆယ်ပါးသော အကျိုးတို့သည် မချွတ်ဖြစ်ကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ကိုးခုမြောက် ကာယဂတာသတိသုတ် ပြီး၏။

---

## ၁၀-သခ်ါရုပပတ္တိသုတ်

၁၆၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့အား သခ်ါရတို့၏ ဖြစ်ခြင်းကို ဟောပေအံ့၊ ထိုစကားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့"ဟု ဤစကားကို မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၁၆၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့်ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ များသောဥစ္စာနှစ်ရှိသော မင်းမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို)ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်၎င်း ထို၌သာလျှင် ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်းသည်၎င်း ဤအကျင့်သည်၎င်း ထို၌သာလျှင် ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၂။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ များသောဥစ္စာရှိသော ပုဏ္ဏားမျိုးအဖြစ်သို့ ။ပ။ များသောဥစ္စာရှိသော သူကြွယ်မျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်၎င်း (ထိုဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်၎င်း ထို၌သာလျှင် ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထို၌သာလျှင် ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

http://www.dhammadownload.com



၁၆၃။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် "စာတုမဟာရာဇ်နတ်တို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ စာတုမဟာရာဇ်နတ်မျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၄။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် "တာဝတိံသာနတ်တို့သည်။ ပ။ ယာမာနတ်တို့သည်။ တုသိတာနတ်တို့သည်။ နိမ္မာနရတိနတ်တို့သည်။ ပရနိမ္မိတဝသဝတ္တီနတ်တို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ပရနိမ္မိတဝသဝတ္တီနတ်မျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် "သဟဿမည်သော ဗြဟ္မာသည် အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာများ၏"ဟု ကြားဘူး၏။ ရဟန်းတို့ သဟဿမည်သော ဗြဟ္မာသည် ကုဋေတထောင်သော လောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ထိုသဟဿဗြဟ္မာ၏နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ရဟန်းတို့ ဥပမာအားဖြင့် မျက်စိရှိသောယောကျ်ားသည် တလုံးသော သျှိသျှားသီးကို လက်ပေါ်တင်၍ ဆင်ခြင်ရာသကဲ့သို့ ဤအတူပင်လျှင် သဟဿမည်သော ဗြဟ္မာသည် ကုဋေတထောင်သော လောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ထိုသဟဿဗြဟ္မာ၏ နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ သဟဿမည်သောဗြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကိုထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို)ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၆။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့်ပြည့်စုံ၏။ ထိုရဟန်းသည် ဒွိသဟ

http://www.dhammadownload.com



ဿာမည်သောပြဟ္မာသည်။ပ။ တိသဟာဿာမည်သောပြဟ္မာသည်။ပ။ စတုသဟဿာမည်သောပြဟ္မာ သည်။ပ။ ပဥ္စသဟဿာမည်သောပြဟ္မာသည် အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာများ၏”ဟု ကြားဘူး၏။ ရဟန်းတို့ ပဥ္စသဟဿာမည်သောပြဟ္မာသည် ကုဋေငါးထောင်သော လောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ထိုပဥ္စသဟဿာပြဟ္မာ၏နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ရဟန်းတို့ ဥပမာအားဖြင့် မျက်စိရှိသော ယောကျ်ားသည် ငါးလုံးသော သျှိသျှားသီးတို့ကို လက်ပေါ်တင်၍ ဆင်ခြင်ရာသကဲ့သို့ ဤအတူ ပင်လျှင် ပဥ္စသဟဿာမည်သောပြဟ္မာသည် ကုဋေငါးထောင်သော လောကဓာတ်ကို နှံ့စေ၍ နှလုံး သွင်း၍နေ၏။ ထိုပဥ္စသဟဿာပြဟ္မာ၏ နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါ တို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ထိုရဟန်းအား “ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီး သည်မှနောက်၌ ပဥ္စသဟဿာမည်သောပြဟ္မာမျိုးအဖြစ်သို့ရောက်ရမူ ကောင်းလေစွ”ဟု အကြံဖြစ် ၏။ ထိုရဟန်းသည် ထိုစိတ်ကိုထား၏၊ ထိုစိတ်ကို ဆောက်ဘည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ ပွါးများ လေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်ငှင်း ထို(ဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်ငှင်း ထို၌ာနၐ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန် ၏။ ရဟန်းတို့ ဤအကြောင်း ‘မဂ်’ သည်ငှင်း ဤအကျင့်သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၇။ ရဟန်းတို့ တဖန်ထိုပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏။ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် “ဒသသဟဿာမည်သော ပြဟ္မာသည် အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာများ၏”ဟု ကြားဘူး ၏။ ရဟန်းတို့ ဒသသဟဿာမည်သောပြဟ္မာသည် ကုဋေတသောင်းသော လောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ထိုဒသသဟဿာပြဟ္မာ၏ နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာကုန် သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ရဟန်းတို့ ဥပမာအားဖြင့် အလွန် တောက်ပသော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာပြုပြင်ပြီးဖြစ်သော နီသောကမ္ဗလာ၌ တင်ထားအပ်သော ပတ္တမြားမျက်ရွဲသည် ထွန်းလည်း ထွန်းပသကဲ့သို့ တောက်လည်း တောက်ပ သကဲ့သို့ တင့်လည်း တင့်တယ်သကဲ့သို့ ဤအတူပင်လျှင် ဒသသဟဿာမည်သော ပြဟ္မာသည် ကုဋေ တသောင်းသောလောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ထိုဒသသဟဿာပြဟ္မာ၏ နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍ နေ၏။ ထိုရဟန်းအား “ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ဒသသဟဿာပြဟ္မာမျိုးအဖြစ် သို့ ရောက်ရမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သောတရားတို့သည်ငှင်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်ငှင်း ထို ဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း ‘မဂ်’သည်ငှင်း ဤအကျင့်သည် ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၆၈။ ရဟန်းတို့ တဖန်ထိုပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် “သတ သဟဿာမည်သောပြဟ္မာသည် အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာများ၏”ဟု ကြားဘူး၏။ ရဟန်းတို့ သတသဟဿာမည်သောပြဟ္မာသည် ကုဋေတသိန်းသော လောကဓာတ်ကို နှံ့စေ၍

http://www.dhammadownload.com



နှလုံးသွင်း၍နေ၏။ ထိုသတသဟဿပြဟ္မာ၏ နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍နေ၏။

ရဟန်းတို့ ဥပမာအားဖြင့် တတ်မြောက်လိမ္မာသော ပန်းထိမ်သည်၏သားသည် ဖိုဝ၌(ကျို၍) ကောင်းစွာ ဆေးအပ် တိုက်အပ် ပွတ်အပ်သော ခွဲ့စွေ့နီသော ကမ္ဗလာ၌ တင်ထားသော တနိက္ခမျှသော ဇမ္ဗုနဒရွှေသည် ထွန်းလည်း ထွန်းပသကဲ့သို့ တောက်လည်း တောက်ပသကဲ့သို့ တင့်လည်း တင့်တယ်သကဲ့သို့ ဤအတူပင်လျှင် သတသဟဿမည်သော ပြဟ္မာသည် ကုဋေတသိန်းသော လောကဓာတ်ကို နှံ့စေ၍ နှလုံးသွင်း၍ နေ၏ ။ ထိုသတသဟဿပြဟ္မာ၏နေရာ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့ကိုလည်း နှံ့စေ၍ နှလုံးသွင်း၍နေ၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ သတသဟဿပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သောတရားတို့သည်ငှင်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း'မဂ်'သည်ငှင်း ဤအကျင့်သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါဖြစ်၏။

၁၆၉။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့်ပြည့်စုံ၏။ ထိုရဟန်းသည်"အာဘာမည်သော ပြဟ္မာတို့သည်။ပ။ ပရိတ္တာဘာမည်သော ပြဟ္မာတို့သည်။ အပ္ပမာဏာဘာမည်သော ပြဟ္မာတို့သည်။ အာဘဿရမည်သောပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အာဘဿရပြဟ္မာမျိုးအဖြစ်သို့ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သောတရားတို့သည်ငှင်း ထို(ဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း'မဂ်'သည်ငှင်း ဤအကျင့်သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၀။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့်ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့်ပြည့်စုံ၏။ ထိုရဟန်းသည် "ပရိတ္တသုဘာမည်သော ပြဟ္မာတို့သည်။ပ။ အပ္ပမာဏသုဘာမည်သော ပြဟ္မာတို့သည်။ပ။ သုဘာကိဏှာမည်သော ပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ သုဘာကိဏှာပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်ငှင်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်' သည်ငှင်း ဤအကျင့်သည်ငှင်း ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၁။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည်

http://www.dhammadownload.com



"ဝေဟပ္ပိုလ်မည်သော ပြဟ္မာတို့သည်။ပ။ အဝိဟာမည်သော ပြဟ္မာတို့သည်။ အတပ္ပါမည်သော ပြဟ္မာတို့သည်။ သုဒဿာမည်သော ပြဟ္မာတို့သည်။ သုဒဿီမည်သော ပြဟ္မာတို့သည်။ အကနိဋ္ဌမည်သော ပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏" ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အကနိဋ္ဌပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သော တရားတို့သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်' သည်၎င်း ဤအကျင့်သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၂။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းသည် "အာကာသာနဉ္စာယတနဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ ကြာမြင့်စွာ တည်ခြင်းရှိကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော ပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ထိုစိတ်ကိုဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို)ပြုပြင်တတ်သော တရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း 'မဂ်' သည်၎င်း ဤအကျင့်သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၃။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏၊ ထိုရဟန်းသည် "ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ ကြာမြင့်စွာတည်ခြင်းရှိကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော ပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို)ပြုပြင်တတ်သောတရားတို့သည်၎င်း ထို(ဘဝအထူးသို့) ဆောင်တတ်သောတရားတို့သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထို၌သာနေ၍ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၄။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏၊ ထိုရဟန်းသည် "အာကိဉ္စညာယတနဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့သည်။ပ။ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ ကြာမြင့်စွာ တည်ခြင်းရှိကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏။ ထိုရဟန်းအား "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ နေဝသညာနာသညာယတနဘုံ၌ဖြစ်သော ပြဟ္မာမျိုးအဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု

http://www.dhammadownload.com



အကြံဖြစ်၏။ ထိုရဟန်းသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို ဆောက်တည်၏၊ ထိုစိတ်ကို ပွါးများ၏။ ဤသို့ပွါးများလေ့လာအပ်သော် ထိုရဟန်း၏ ထို(ဘဝကို) ပြုပြင်တတ်သောတရားတို့သည်၎င်း ထို(ဘဝအထူးသို့)ဆောင်တတ်သောတရားတို့သည်၎င်း ထိုဌာနၥ ပဋိသန္ဓေနေခြင်းငှါ ဖြစ်ကုန်၏။ ရဟန်းတို့ ဤအကြောင်း'မဂ်'သည်၎င်း ဤအကျင့်သည်၎င်း ထိုဌာနၥ ပဋိသန္ဓေနေခြင်းငှါ ဖြစ်၏။

၁၇၅။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်နှင့် ပြည့်စုံ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ထိုရဟန်းအား "ငါသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိ အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိ အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။ ရဟန်းတို့ ဤရဟန်းသည် တစုံတခုသောဌာန၌မျှ ပဋိသန္ဓေမနေတော့ချေဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ဆယ်ခုမြောက် သင်္ခါရုပပတ္တိသုတ် ပြီး၏။

# နှစ်ခုမြောက် အနုပဒဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-သုညတဝဂ်

## ၁-စူဠသုညတသုတ်

၁၇၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပြာသာဒ်ဖြစ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် အသျှင်အာနန္ဒာသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "မြတ်စွာဘုရား အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း နဂရကမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌ နေတော်မူပါ၏၊မြတ်ဘုရား ထိုအခါ၌ အကျွန်ုပ်အား'အာနန္ဒာ ငါသည် ယခုအခါ၌ သုညတဝိဟာရဖြင့် အကြိမ်များစွာ နေ၏'ဟု မိန့်တော်မူသော စကားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရပါ၏၊ မျက်မှောက်တော်မှ ခံယူခဲ့ရပါ၏၊ မြတ်စွာဘုရား ဤသို့ကြားခြင်း ဤသို့ခံယူခြင်းသည် ကောင်းစွာကြားခြင်း ကောင်းစွာခံယူခြင်း ကောင်းစွာ နှလုံးသွင်းခြင်း ကောင်းစွာဆောင်မှတ်ခြင်း ဖြစ်ပါသလော"ဟု (လျှောက်၏)။

အာနန္ဒာ စင်စစ် သင်၏ ဤသို့ကြားခြင်း ဤသို့ခံယူခြင်းသည် ကောင်းစွာကြားခြင်း ကောင်းစွာခံယူခြင်း ကောင်းစွာ နှလုံးသွင်းခြင်း ကောင်းစွာ ဆောင်မှတ်ခြင်း ဖြစ်၏၊အာနန္ဒာ ငါသည် ရှေးအခါ၌ရင်း ယခုအခါ၌ရင်း သုညတဝိဟာရဖြင့် အကြိမ်များစွာနေ၏။ အာနန္ဒာ ဥပမာအားဖြင့် ဤမိဂါရမာတာမည်သော ဝိသာခါ၏ပြာသာဒ်သည် ဆင် နွား မြင်း မြည်းမှုရင်း ရွှေငွေမှုရင်း မိန်းမယောကျ်ားတို့၏ ပေါင်းဆုံစည်းဝေးခြင်းမှုရင်း ကင်းဆိတ်၏။ ရဟန်းအပေါင်းကို စွဲ၍ဖြစ်သော တခုတည်းသော ဤမကင်းဆိတ်သည်၏ အဖြစ်သည်သာ ရှိ၏။ အာနန္ဒာ ဤအတူပင်လျှင် ရဟန်းသည် ရွာအမှတ်ကို နှလုံးမသွင်းမူ၍ လူအမှတ်ကို နှလုံးမသွင်းမူ၍ တောအမှတ်ကို စွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုပုဂ္ဂိုလ်၏ စိတ်သည် တောအမှတ်၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏။ ထိုရဟန်းသည် ဤသို့သိ၏ "ရွာဟူသော အမှတ်ကိုစွဲ၍ ဖြစ်ကုန်သော ကိလေသာဟူသော ပူပန်ခြင်းတို့သည် ဤတောဟူသော အမှတ်၌ မရှိကုန်။ လူဟူသော အမှတ်ကိုစွဲ၍ ဖြစ်ကုန်သော ကိလေသာဟူသော ပူပန်ခြင်းတို့သည် ဤတောဟူသော အမှတ်၌ မရှိကုန်။ တောဟူသော အမှတ်ကို စွဲ၍ဖြစ်သော တခုတည်းသော ဤပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု(သိ၏)။

ထိုရဟန်းသည်"ဤတောဟူသော အမှတ်သညာသည် ရွာဟူသောအမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤတောဟူသော အမှတ်သညာသည် လူဟူသော အမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏။ဤတောဟူသော အမှတ်သညာကို စွဲ၍ဖြစ်သော တခုတည်းသော ဤမကင်းဆိတ်သည်၏ အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့ ထိုတောဟူသော အမှတ်သညာ၌ အကြင်ပူပန်ခြင်းသည် အကြင် အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုတောဟူသော အမှတ်သညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းသည် ရှိ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား

http://www.dhammadownload.com



ဟုတ်မှန်တိုင်း မဖောက်မပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၇၇။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် လူဟူသော အမှတ်သညာကို နှလုံးမသွင်းမူ၍ တောဟူသော အမှတ်သညာကို နှလုံးမသွင်းမူ၍ ပထဝီဟူသော အမှတ်သညာကိုစွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏စိတ်သည် ပထဝီဟူသော အမှတ်သညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊လွတ်လွတ်ဝင်၏။အာနန္ဒာ ဥပမာအားဖြင့် ငုတ်တရာဖြင့် ကောင်းစွာ ဖြန့်ကြက်ထားသော နွားလားဥသဘ အရေသည် အတွန့်အလိပ်ကင်းသကဲ့သို့ ဤအတူပင်လျှင် ရဟန်းသည် ဤမြေ၌ မြင့်ရာအရပ် နိမ့်ရာအရပ် မြစ်အသွားခက်သောအရပ် ငုတ်ဆူးရှိသောအရပ် တောင်ဖြင့် မညီညွတ်သောအရပ် ထိုအလုံးစုံသော အရပ်ကို နှလုံးမသွင်းမူ၍ ပထဝီသညာကို စွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏စိတ်သည် ပထဝီသညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏။ ထိုရဟန်းသည် ဤသို့သိ၏ "လူဟူသော အမှတ်ကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော)ပူပန်ခြင်းတို့သည် ဤပထဝီဟူသော အမှတ်၌ မရှိကုန်။ တောဟူသော အမှတ်ကိုစွဲ၍ ဖြစ်ကုန်သော (ကိလေသာဟူသော)ပူပန်ခြင်းတို့သည် ဤပထဝီဟူသော အမှတ်၌ မရှိကုန်၊ ပထဝီဟူသော အမှတ်ကို စွဲ၍ ဖြစ်သော ဤတခုတည်းသော ပူပန်ခြင်းမျှသည်သာ ရှိ၏" ဟု(သိ၏)။

ထိုရဟန်းသည် "ဤပထဝီဟူသော အမှတ်သညာသည် လူဟူသောအမှတ်သညာမှ ကင်းဆိတ်၏" ဟု သိ၏၊ "ဤပထဝီဟူသော အမှတ်သညာသည် တောဟူသော အမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏၊ပထဝီဟူသောအမှတ်သညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော မကင်းဆိတ်သည်၏အဖြစ်သည်သာ ရှိ၏ဟု သိ၏ ဤသို့လျှင် ထိုပထဝီဟူသော အမှတ်သညာ၌ အကြင် ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဟန်ဖန်ရှု၏၊ ထိုပထဝီဟူသော အမှတ်သညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းသည် ရှိ၏"ဟု သိ၏၊ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်ပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၇၈။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် တောဟူသော အမှတ်သညာကို နှလုံးမသွင်းမူ၍ ပထဝီဟူသော အမှတ်သညာကို နှလုံးမသွင်းမူ၍ အာကာသာနဉ္စာယတနသညာကိုစွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ထိုရဟန်း၏ စိတ်သည် အာကာသာနဉ္စာယတနသညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်ဝင်၏။ထိုရဟန်းသည် ဤသို့သိ၏ "တော ဟူသော အမှတ်သညာကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအာကာသာနဉ္စာယတနသညာ၌ မရှိကုန်။ ပထဝီဟူသော အမှတ်သညာကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအာကာသာနဉ္စာယတနသညာ၌ မရှိကုန်။ အာကာသာနဉ္စာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော ပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု (သိ၏)။ ထိုရဟန်းသည် "ဤအာကာသာနဉ္စာယတနသညာသည် တောဟူသော အမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤအာကာသာနဉ္စာယတနသညာသည် ပထဝီဟူသော အမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏။ အာကာသာနဉ္စာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်း

http://www.dhammadownload.com



သော မကင်းဆိတ်သည်၏ အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုအာကာသာနဉ္စာယတနသညာ၌ အကြင်ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန် ရှု၏။ ထိုအာကာသာနဉ္စာယတနသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာ ရှိ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်မပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၇၉။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် ပထဝီဟူသော အမှတ်သညာကို နှလုံးမသွင်းမူ၍ အာကာသာနဉ္စာယတနသညာကို နှလုံးမသွင်းမူ၍ ဝိညာဏဉ္စာယတနသညာကိုစွဲ၍ ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏ စိတ်သည် ဝိညာဏဉ္စာယတနသညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်ဝင်၏။ ထိုရဟန်းသည် ဤသို့သိ၏ "ပထဝီသညာကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤဝိညာဏဉ္စာယတနသညာ၌ မရှိကုန်။ အာကာသာနဉ္စာယတနသညာ၌ စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤဝိညာဏဉ္စာယတနသညာ၌ မရှိကုန်။ ဝိညာဏဉ္စာယတနသညာကို စွဲ၍ ဖြစ်သော တခုတည်းသော ဤပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု (သိ၏)။ ထိုရဟန်းသည် "ဤဝိညာဏဉ္စာယတနသညာသည် ပထဝီဟူသော အမှတ်သညာမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤဝိညာဏဉ္စာယတနသညာသည် အာကာသာနဉ္စာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏၊ ဤဝိညာဏဉ္စာယတနသညာကို စွဲ၍ဖြစ်သော တခုတည်းသော ဤမကင်းဆိတ်သည်၏အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုဝိညာဏဉ္စာယတနသညာ၌ အကြင်ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုဝိညာဏဉ္စာယတနသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာရှိ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်မပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၈၀။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် အာကာသာနဉ္စာယတနသညာကို နှလုံးမသွင်းမူ၍ ဝိညာဏဉ္စာယတနသညာကို နှလုံးမသွင်းမူ၍ အာကိဉ္စညာယတနသညာကိုစွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏ စိတ်သည် အာကိဉ္စညာယတနသညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်းသည် ဤသို့ သိ၏ "အာကာသာနဉ္စာယတနသညာကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအာကိဉ္စညာယတနသညာ၌ မရှိကုန်။ ဝိညာဏဉ္စာယတနသညာကို စွဲ၍ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအာကိဉ္စညာယတနသညာ၌ မရှိကုန်။ အာကိဉ္စညာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော ပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု (သိ၏)။ ထိုရဟန်းသည် "ဤအာကိဉ္စညာယတနသညာသည် အာကာသာနဉ္စာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏၊ ဤအာကိဉ္စညာယတနသညာသည် ဝိညာဏဉ္စာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏။ ဤအာကိဉ္စညာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော မကင်းဆိတ်သည်၏အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုအာကိဉ္စညာယတနသညာ၌ အကြင်ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုအာကိဉ္စညာယ

http://www.dhammadownload.com



တနသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာ ရှိ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်ပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၈၁။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် ဝိညာဏဉ္စာယတနသညာကို နှလုံးမသွင်းမူ၍ အာကိဉ္စညာယတနသညာကို နှလုံးမသွင်းမူ၍ နေဝသညာနာသညာယတနသညာကိုစွဲ၍ ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏စိတ်သည် နေဝသညာနာသညာယတနသညာ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်းသည် ဤသို့ သိ၏ "ဝိညာဏဉ္စာယတနသညာကို စွဲ၍ဖြစ်ကုန်သော(ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤနေဝသညာနာသညာယတနသညာ၌ မရှိကုန်။ အာကိဉ္စညာယတနသညာကိုစွဲ၍ ဖြစ်ကုန်သော (ကိလေသာဟူသော)ပူပန်ခြင်းတို့သည် ဤနေဝသညာနာသညာယတနသညာ၌ မရှိကုန်။ နေဝသညာနာသညာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော ပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု (သိ၏)။ ထိုရဟန်းသည် "ဤနေဝသညာနာသညာယတနသညာသည် ဝိညာဏဉ္စာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏။ "ဤနေဝသညာနာသညာယတနသညာသည် အာကိဉ္စညာယတနသညာမှကင်းဆိတ်၏"ဟုသိ၏။ ဤနေဝသညာနာသညာယတနသညာကို စွဲ၍ဖြစ်သော ဤတခုတည်းသော မကင်းဆိတ်သည့်၏အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုနေဝသညာနာသညာယတနသညာ၌ အကြင်ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုနေဝသညာနာသညာယတနသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာ ရှိ၏"ဟုသိ၏၊ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်ပြန်သော သဘောရှိသော စင်ကြယ်သော ဤသုညတ၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၈၂။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် အာကိဉ္စညာယတနသညာကို နှလုံးမသွင်းမူ၍ နေဝသညာနာသညာယတနသညာကို နှလုံးမသွင်းမူ၍ (နိစ္စစသော) နိမိတ်မှကင်းသော (ဝိပဿနာ) စိတ်နှင့်ယှဉ်သော သမာဓိကို စွဲ၍ဖြစ်သော တခုတည်းသော သညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏စိတ်သည် (နိစ္စစသော)နိမိတ်မှကင်းသော (ဝိပဿနာ) စိတ်နှင့်ယှဉ်သော သမာဓိ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏။ ထိုရဟန်းသည် ဤသို့ သိ၏ "အာကိဉ္စညာယတနသညာကိုစွဲ၍ ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအနိမိတ္တစေတောသမာဓိသညာ၌ မရှိကုန်။ နေဝသညာနာသညာယတနသညာကိုစွဲ၍ ဖြစ်ကုန်သော (ကိလေသာဟူသော) ပူပန်ခြင်းတို့သည် ဤအနိမိတ္တစေတောသမာဓိသညာ၌ မရှိကုန်။ ဤရူပကာယကိုသာလျှင် စွဲ၍ဖြစ်သော အာယတနခြောက်ပါးနှင့်စပ်သော ဇီဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော ဤပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု (သိ၏)။ ထိုရဟန်းသည် "ဤအနိမိတ္တစေတောသမာဓိသညာသည် အာကိဉ္စညာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤအနိမိတ္တစေတောသမာဓိသညာသည် နေဝသညာနာသညာယတနသညာမှ ကင်းဆိတ်၏"ဟု သိ၏။ ဤရူပကာယကိုသာလျှင် စွဲ၍ဖြစ်သော အာယတနခြောက်ပါးနှင့်စပ်သော ဇီဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော ဤမကင်းဆိတ်သည့်၏အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုအနိမိတ္တစေတောသမာဓိသညာ၌ အကြင်ပူပန်ခြင်းသည် အကြင် အကြောင်း

http://www.dhammadownload.com



ကြောင့် မဖြစ်၊ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုအနိမိတ္တစေတောသမာဓိသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာ ရှိ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်ဝိုင်း မဖောက်ပြန်သောသဘောရှိသော စင်ကြယ်သော ဤသုညတ၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၇၃။ အာနန္ဒာ တဖန်ထို့ပြင်လည်း ရဟန်းသည် အာကိဉ္စညာယတနသညာကို နှလုံးမသွင်းမူ၍ နေဝသညာနာသညာယတနသညာကို နှလုံးမသွင်းမူ၍ (နိစ္စစသော)နိမိတ်မှ ကင်းသော (ဝိပဿနာ) စိတ်နှင့်ယှဉ်သော သမာဓိကိုစွဲ၍ဖြစ်သော တခုတည်းသောသညာကို နှလုံးသွင်း၏၊ ထိုရဟန်း၏စိတ်သည် (နိစ္စစသော) နိမိတ်မှကင်းသော (ဝိပဿနာ) စိတ်နှင့်ယှဉ်သော သမာဓိ၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏။ ထိုရဟန်းသည် ဤသို့ သိ၏ "(နိစ္စစသော)နိမိတ်မှကင်းသော(ဝိပဿနာ) စိတ်နှင့်ယှဉ်သော သမာဓိသည် ပြုပြင်ရ စေ့ဆော်ရသော တရားဖြစ်၏၊ပြုပြင်ရ စေ့ဆော်ရသော တရားမှန်သမျှသည် မမြဲ၊ ချုပ်ခြင်းသဘောရှိ၏"ဟု (သိ၏)။ ဤသို့သိသော ဤသို့မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်၏၊ ဘဝါသဝမှလည်း လွတ်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်၏၊ လွတ်ပြီးသော် "လွတ်ပြီ"ဟု အသိဉာဏ် ဖြစ်၏။ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်(မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

ထိုရဟန်းသည် ဤသို့သိ၏ "ကာမာသဝကိုစွဲ၍ ဖြစ်ကုန်သော ပူပန်ခြင်းတို့သည် ဤအရိယမဂ်သညာ အရိယဖိုလ်သညာ၌ မရှိကုန်။ ဘဝါသဝကို စွဲ၍ဖြစ်ကုန်သော ပူပန်ခြင်းတို့သည် ဤအရိယမဂ်သညာ အရိယဖိုလ်သညာ၌ မရှိကုန်။ အဝိဇ္ဇာသဝကိုစွဲ၍ ဖြစ်ပေါ်ကုန်သော ပူပန်ခြင်းတို့သည် ဤအရိယမဂ်သညာ အရိယဖိုလ်သညာ၌ မရှိကုန်။ ဤရူပကာယကိုသာလျှင် စွဲ၍ဖြစ်သော အာယတန ခြောက်ပါးနှင့်စပ်သော ဇီဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော ဤပူပန်ခြင်းမျှသည်သာ ရှိ၏"ဟု သိ၏။ထိုရဟန်းသည် "ဤအရိယမဂ်သညာ အရိယဖိုလ်သညာသည် ကာမာသဝမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤအရိယမဂ်သညာအရိယဖိုလ်သညာသည် ဘဝါသဝမှ ကင်းဆိတ်၏"ဟု သိ၏၊ "ဤအရိယမဂ်သညာ အရိယဖိုလ်သညာသည် အဝိဇ္ဇာသဝမှ ကင်းဆိတ်၏"ဟု သိ၏၊ ဤရူပကာယကိုသာလျှင် စွဲ၍ဖြစ်သော အာယတနခြောက်ပါးနှင့် စပ်သော ဇီဝိတိန္ဒြေဟူသော အကြောင်းကြောင့်ဖြစ်သော ဤမကင်းဆိတ်သည်၏ အဖြစ်သည်သာ ရှိ၏ဟု သိ၏။ ဤသို့လျှင် ထိုအနိမိတ္တစေတောသမာဓိသညာ၌ အကြင်ပူပန်ခြင်းသည် အကြင်အကြောင်းကြောင့် မဖြစ်၊ ထိုအကြောင်းကြောင့် ထိုပူပန်ခြင်းကို ကင်းဆိတ်၏ဟု အဖန်ဖန်ရှု၏။ ထိုအနိမိတ္တစေတောသမာဓိသညာ၌ အကြင်ပူပန်ခြင်းသည် ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုပူပန်ခြင်းကို "ဤပူပန်ခြင်းမျှသာ ရှိ၏" ဟု သိ၏။ အာနန္ဒာ ဤသို့လည်း ထိုရဟန်းအား ဟုတ်မှန်တိုင်း မဖောက်ပြန်သော သဘောရှိသော စင်ကြယ်သော အလွန်အတုမရှိ မြတ်သော သုညတ၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

၁၇၄။ အာနန္ဒာ အတိတ်ကာလက စင်ကြယ်မွန်မြတ်သော သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေကြကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် ဤစင်ကြယ်မွန်မြတ်သော သုညတဖလသမာပတ်ကိုသာ ပြည့်စုံစေ၍ နေကြကုန်ပြီ။အာနန္ဒာ အနာဂတ်ကာလ၌ စင်ကြယ်မွန်မြတ်သော သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေလတ္တံ့ကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် ဤ

http://www.dhammadownload.com



စင်ကြယ်မွန်မြတ်သော သုညတဖလသမာပတ်ကိုသာ ပြည့်စုံစေ၍ နေကုန်လတ္တံ့။ အာနန္ဒာ ယခု ကာလ စင်ကြယ်မွန်မြတ်သော သုညတလဖလသမာပတ်ကို ပြည့်စုံစေ၍ နေကြကုန်သော သမဏ ဗြာဟ္မဏဟူသမျှတို့သည် ဤစင်ကြယ်မွန်မြတ်သော သုညတဖလသမာပတ်ကိုသာ ပြည့်စုံစေ၍ နေကြကုန်၏။ အာနန္ဒာ ထိုသို့ဖြစ်သောကြောင့် စင်ကြယ်မွန်မြတ်သော ဤသုညတဖလသမာ ပတ်ကို ပြည့်စုံစေ၍ နေကြကုန်အံ့ဟု ဤသို့လျှင် သင်တို့သည် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

ငယ်စွာသော စူဠသုညတသုတ် ပြီး၏။

---

## ၂-မဟာသုညတသုတ်

၁၈၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်း သုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်၏။ကပိလဝတ်ပြည်၌ ဆွမ်းခံလှည့်လည်လျက် ဆွမ်းခံရာမှ ဖဲကာ ဆွမ်းစားပြီးနောက် ကာဠခေမကမည်သော သာကီဝင်၏ကျောင်းဆီသို့ နေ့ သန့်စင်ခြင်းငှါ ချဉ်းကပ်တော်မူ၏။ ထိုအခါ ကာဠခေမကမည်သော သာကီဝင်၏ ကျောင်း၌ များစွာသော နေရာတို့ကို ခင်းထားအပ်ကုန်၏။ မြတ်စွာဘုရားသည် ကာဠခေမကမည်သော သာကီဝင်၏ကျောင်း၌ ခင်းထားအပ်သော နေရာတို့ကို မြင်တော်မူ၍ မြတ်စွာဘုရားအား— "ကာဠခေမကမည်သော သာကီဝင်၏ကျောင်း၌ များစွာသောနေရာတို့ကို ခင်းထားအပ်ကုန်၏၊ ဤကျောင်း၌ များစွာသောရဟန်းတို့သည် နေကြကုန်လေသလော"ဟု အကြံဖြစ်၏။

၁၈၆။ ထိုအခါ အသျှင်အာနန္ဒာသည် များစွာသော ရဟန်းတို့နှင့်တကွ ကာဠမည်သော သာကီဝင်၏ကျောင်း၌ သင်္ကန်းချုပ်ဆိုးမှုကို ပြုလုပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ညချမ်း အခါ ကိန်းအောင်းရာမှထလျက် ကာဠမည်သော သာကီဝင်၏ ကျောင်းဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏၊ထိုင်နေပြီးသော် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ကာဠခေမကမည်သော သာကီဝင်၏ကျောင်း၌ များစွာသောနေရာတို့ကို ခင်းထား အပ်ကုန်၏၊ ဤကျောင်း၌ များစွာသောရဟန်းတို့သည် နေကုန်လေသလော"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား ကာဠခေမကမည်သော သာကီဝင်၏ ကျောင်း၌ များစွာသော နေရာတို့ကို ခင်းအပ်ပါကုန်၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့၏ သင်္ကန်းချုပ်ဆိုးသော အခါဖြစ်သောကြောင့် ဤကျောင်း၌ များစွာသော ရဟန်းတို့သည် နေကြပါကုန်၏ဟု (လျှောက်ထား၏)။

အာနန္ဒာ ရဟန်းမည်သည် အပေါင်းအသင်း၌ မွေ့လျော်ခြင်း အပေါင်းအသင်း၌ ပျော်ပိုက် ခြင်း အပေါင်းအသင်း၌ မွေ့လျော်ခြင်းကို အားထုတ်ခြင်း အဖွဲ့အစည်း၌ မွေ့လျော်ခြင်း အဖွဲ့ အစည်း၌ပျော်ပိုက်ခြင်း အဖွဲ့အစည်း၌ ဝမ်းမြောက်ခြင်းသည် မတင့်တယ်။ အာနန္ဒာ စင်စစ် အပေါင်းအသင်း၌မွေ့လျော် အပေါင်းအသင်း၌ပျော်ပိုက် အပေါင်းအသင်း၌မွေ့လျော်ခြင်းကို

http://www.dhammadownload.com



အားထုတ်သော အဖွဲ့အစည်း၌မွေ့လျော် အဖွဲ့အစည်း၌ပျော်ပိုက် အဖွဲ့အစည်း၌ဝမ်းမြောက်သော ထိုရဟန်းသည် ကာမတို့မှ ထွက်မြောက်ခြင်းချမ်းသာ ကိလေသာမှကင်းဆိတ်ခြင်းချမ်းသာ (ရာဂစသည်တို့၏) ငြိမ်းခြင်းချမ်းသာ မဂ်ကို သိခြင်းကို ဆောင်နိုင်သော ချမ်းသာ စိတ်တည်ကြည်ခြင်းချမ်းသာ (ဤသို့) ချမ်းသာအပေါင်းကို အလိုရှိတိုင်းရသည် မငြိုမငြင်ရသည် မပင်မပန်းရသည် ဖြစ်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ အာနန္ဒာ အကြင်ရဟန်းသည် တပါးတည်း ဂိုဏ်းမှ ခွဲခွါလျက် နေ၏၊ ထိုရဟန်းအား ဤဆိုလတ္တံ့သော အကျိုးကို အလိုရှိအပ်၏၊ ကာမတို့မှ ထွက်မြောက်ခြင်းချမ်းသာ ကိလေသာမှ ကင်းဆိတ်ခြင်းချမ်းသာ (ရာဂစသည်တို့၏)ငြိမ်းခြင်းချမ်းသာ မဂ်ကို သိခြင်းကို ဆောင်နိုင်သောချမ်းသာ (ဤသို့) ချမ်းသာအပေါင်းကို အလိုရှိတိုင်းရသည် မငြိုမငြင် ရသည် မပင်မပန်းရသည် ဖြစ်လတ္တံ့ဟူသော ဤအကြောင်းသည် ရှိ၏။

အာနန္ဒာ စင်စစ် အပေါင်းအသင်း၌ မွေ့လျော်သော အပေါင်းအသင်း၌ ပျော်ပိုက်သော အပေါင်းအသင်း၌ မွေ့လျော်မှုကို အားထုတ်သော အဖွဲ့အစည်း၌ မွေ့လျော်သော အဖွဲ့အစည်း၌ ပျော်ပိုက်သော အဖွဲ့အစည်း၌ ဝမ်းမြောက်သော ထိုရဟန်းသည် ဝင်စားဆဲခဏမှသာ ကိလေသာမှလွတ်သော နှစ်သက်ဖွယ်ဖြစ်သော(ရူပ အရူပဈာန်ဟူသော) စေတောဝိမုတ္တိကိုလည်း ဖြစ်စေ၍ နေလတ္တံ့၊ ကိလေသာတို့သည် မဖျက်ဆီးနိုင်သော အခါခပ်သိမ်း စင်စစ် ကိလေသာတို့မှ လွတ်သော လောကုတ္တရာ စေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ အာနန္ဒာ အကြင်ရဟန်းသည် တပါးတည်းဂိုဏ်းမှ ခွဲခွါလျက်နေ၏၊ ထိုရဟန်းအား ဤအကျိုးကို အလိုရှိအပ်၏၊ ဝင်စားဆဲခဏမှသာ ကိလေသာတို့မှလွတ်သော နှစ်သက်ဖွယ်ဖြစ်သော(ရူပအရူပဈာန်ဟူသော)စေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့၊ ကိလေသာတို့သည် မဖျက်ဆီးနိုင်သော အခါခပ်သိမ်း စင်စစ် ကိလေသာတို့မှလွတ်သော လောကုတ္တရာစေတောဝိမုတ္တိကိုမူလည်း ဖြစ်စေ၍ နေလတ္တံ့ဟူသော ဤအကြောင်းသည် ရှိ၏။

အာနန္ဒာ အကြင်ကိုယ်၌ နှစ်သက်သော ပုဂ္ဂိုလ်အား အကြင်အကြင်နှစ်သက်နေသော ကိုယ်၏ ဖောက်ပြန်ခြင်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့သည် မဖြစ်ကုန်ရာ၊ ထိုသို့သော တခုသော ကိုယ်ကိုမျှ ငါမမြင်။

၁၈၇။ အာနန္ဒာ ရုပ်စသော အလုံးစုံသော နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် ဝိသယဇ္ဈတ္တဖြစ်သော သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ ဤနေခြင်းကို ငါဘုရားသည် ထိုးထွင်း၍ သိပြီ။ အာနန္ဒာ ဤသုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေခြင်းဖြင့်နေသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော ထိုမြတ်စွာဘုရားထံသို့ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာ မိန်းမ မင်း မင်းအမတ်ကြီး တိတ္ထိ တိတ္ထိတပည့်တို့သည် အကယ်၍ ဆည်းကပ်ကုန်ငြားအံ့၊ အာနန္ဒာ ထိုသို့ဆည်းကပ်ကုန်သော် ထိုပရိသတ်၌ ငါဘုရားသည် နိဗ္ဗာန်သို့ ညွတ်သည်သာဖြစ်သော နိဗ္ဗာန်သို့ကိုင်းသည်သာဖြစ်သော နိဗ္ဗာန်သို့ ရှိုင်းသည်သာဖြစ်သော ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာသဝေါတို့၏ အကြောင်းဖြစ်ကုန်သော တရားတို့မှ ကင်းသည်ဖြစ်၍ဖြစ်သော စိတ်ဖြင့် စင်စစ် သင်တို့ သွားကြဟု တိုက်တွန်းခြင်းစကားနှင့်စပ်သော စကားကိုသာလျှင် ပြောဟော၏။ အာနန္ဒာ ထို့ကြောင့် ရဟန်းသည် "ဝိသယဇ္ဈတ္တဖြစ်သော သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေလို၏"

http://www.dhammadownload.com



ဟု အကယ်၍ အလိုရှိငြားအံ့၊ အာနန္ဒာ ဤသို့ အလိုရှိသော ထိုရဟန်းသည် ဂေါစရဇ္ဈတ္တဟုဆိုအပ်သော ရူပါဝစရစျာန်၌သာလျှင် စိတ်ကို ကောင်းစွာထားရမည်၊ ကောင်းစွာ စုဝေးစေရမည်၊ မြတ်သော သမာဓိကို ပြုရမည်၊ ကောင်းစွာဆောက်တည်ရမည်။

၁၈၈။ အာနန္ဒာ အဘယ်သို့လျှင် ရဟန်းသည် ဂေါစရဇ္ဈတ္တဟုဆိုအပ်သော ရူပါဝစရစျာန်၌သာလျှင် စိတ်ကို ကောင်းစွာတည်စေရမည်နည်း၊ ကောင်းစွာစုဝေးစေရမည်နည်း၊ မြတ်သော သမာဓိကို ပြုရမည်နည်း၊ ကောင်းစွာဆောက်တည်ရမည်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ရောက်၍နေ၏။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန် သို့ ရောက်၍နေ၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းသည် ဂေါစရဇ္ဈတ္တဟု ဆိုအပ်သော ရူပါဝစရစျာန်၌သာလျှင် စိတ်ကို ကောင်းစွာတည်စေ၏၊ ကောင်းစွာစုဝေးစေ၏၊ မြတ်သော သမာဓိကိုပြု၏၊ ကောင်းစွာဆောက်တည်၏။

ထိုရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏၊ မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ခန္ဓာငါးပါးတို့၌ ဆိတ်သည်၏အဖြစ်၌ မပြေးဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ လွတ်လွတ်မဝင်။ အာနန္ဒာ ဤသို့ဖြစ်သော် ရဟန်းသည် ဤလွတ်လွတ် မဝင်ခြင်းကို ဤသို့သိ၏ "မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်းသော ငါ၏စိတ်သည် မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်သည်၏အဖြစ်၌ မပြေးဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ လွတ်လွတ်မဝင်"ဟု သိ၏။ ဤသို့ ထိုလွတ်လွတ် မဝင်ရာ၌ ကောင်းစွာအပြားအားဖြင့်သိ၏။

ထိုရဟန်းသည် သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏။ပ။ ထိုရဟန်းသည် မိမိသန္တာန် သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏။ပ။ထိုရဟန်းသည် အရူပါဝစရသမာပတ်ကို နှလုံးသွင်း၏၊ အရူပါဝစရသမာပတ်ကို နှလုံးသွင်းသော ရဟန်း၏စိတ်သည် အရူပါဝစရသမာပတ်၌ မပြေးဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ လွတ်လွတ်မဝင်၊အာနန္ဒာ ဤသို့ဖြစ်သော် ရဟန်းသည် ဤလွတ်လွတ်မဝင်ခြင်းကို ဤသို့သိ၏ "အရူပါဝစရသမာပတ်ကို နှလုံးသွင်းသော ငါ၏စိတ်သည် အရူပါဝစရသမာပတ်၌ မပြေးဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ လွတ်လွတ်မဝင်"ဟု (သိ၏)။ ဤသို့ ထိုလွတ်လွတ်မဝင်ရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ထိုရဟန်းသည် ရှေး(ပါဒကစျာန်)ဖြစ်သော သမာဓိ၏ အာရုံနိမိတ်ဖြစ်သော ဂေါစရဇ္ဈတ္တဖြစ်သော ရူပါဝစရစျာန်၌သာလျှင် စိတ်ကို ကောင်းစွာထားရမည်၊ ကောင်းစွာစုဝေးစေရမည်၊ မြတ်သောသမာဓိကို ပြုရမည်၊ ကောင်းစွာ ဆောက်တည်ရမည်။ ထိုရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏၊ မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့ကို နှလုံးသွင်းသော ထိုရဟန်း၏စိတ်သည် မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်သည်၏အဖြစ်၌ စိတ်သည် ပြေးဝင်၏၊ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏။ အာနန္ဒာ ဤသို့ဖြစ်သော် ရဟန်းသည် ဤလွတ်လွတ်ဝင်ခြင်းကို ဤသို့သိ၏ "မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်းသော ငါ၏စိတ်သည် မိမိသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်သည်၏အဖြစ်၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏"ဟု (သိ၏)။ဤသို့ ထိုလွတ်လွတ်ဝင်ရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

http://www.dhammadownload.com



ထိုရဟန်းသည် သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏။ပ။ ထိုရဟန်းသည် မိမိသန္တာန် သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးတို့၌ ဆိတ်ခြင်းကို နှလုံးသွင်း၏။ပ။ထိုရဟန်းသည် အရူပါဝစရသမာပတ်ကို နှလုံးသွင်း၏၊ အရူပါဝစရသမာပတ်ကို နှလုံးသွင်းသော ထိုရဟန်း၏စိတ်သည် အရူပါဝစရသမာပတ်၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်ဝင်၏။ အာနန္ဒာ ဤသို့ဖြစ်သော် ရဟန်းသည် ဤလွတ်လွတ်ဝင်ခြင်းကို ဤသို့သိ၏ "အရူပါဝစရသမာပတ်ကို နှလုံးသွင်းသော ငါ၏စိတ်သည် အရူပါဝစရသမာပတ်၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်ဝင်၏"ဟု (သိ၏)။ ဤသို့လျှင် ထိုလွတ်လွတ်ဝင်ရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

၁၈၉။ အာနန္ဒာ ဤသဲ့ထဝိဟာရဖြင့်နေသော ထိုရဟန်း၏စိတ်သည် စင်္ကြံသွားခြင်းငှါ အကယ်၍ ညွတ်အံ့၊ ဤသို့ ညွတ်ပြီးလျှင် ထိုရဟန်းသည် "ဤသို့ စင်္ကြံသွားသော ငါ့အား အဘိဇ္ဈာဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အဖန်ဖန် မယိုစီးကုန်အံ့"ဟု နှလုံးသွင်း၍ စင်္ကြံသွား၏။ ဤသို့လျှင် ထိုစင်္ကြံသွားရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

အာနန္ဒာ ဤစင်္ကြံသွားခြင်းဟူသော ဣရိယာပုထ်ဖြင့်နေသော ထိုရဟန်း၏စိတ်သည် ရပ်ခြင်းငှါ အကယ်၍ညွတ်အံ့၊ ဤသို့ညွတ်ပြီးလျှင် ထိုရဟန်းသည် "ဤသို့ ရပ်သော ငါ့အား အဘိဇ္ဈာဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အဖန်ဖန် မယိုစီးကုန်အံ့"ဟု နှလုံးသွင်း၍ ရပ်၏။ ဤသို့လျှင် ထိုရပ်ရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ဤရပ်ခြင်းဟူသော ဣရိယာပုထ်ဖြင့်နေသော ထိုရဟန်း၏စိတ်သည် ထိုင်ခြင်းငှါ အကယ်၍ ညွတ်အံ့၊ ဤသို့ ညွတ်ပြီးလျှင် ထိုရဟန်းသည် "ဤသို့ထိုင်သော ငါ့အား အဘိဇ္ဈာဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အဖန်ဖန် မယိုစီးကုန်အံ့"ဟု နှလုံးသွင်း၍ ထိုင်၏။ ဤသို့လျှင် ထိုထိုင်ရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ဤထိုင်ခြင်းဟူသော ဣရိယာပုထ်ဖြင့်နေသော ထိုရဟန်း၏စိတ်သည် လျောင်းခြင်းငှါ အကယ်၍ ညွတ်အံ့၊ဤသို့ညွတ်ပြီးလျှင် ထိုရဟန်းသည် "ဤသို့ လျောင်းသော ငါ့အား အဘိဇ္ဈာဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အဖန်ဖန် မယိုစီးကုန်အံ့"ဟု နှလုံးသွင်း၍ လျောင်း၏။ ဤသို့လျှင် ထိုလျောင်းရာ၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ဤလျောင်းခြင်းဟူသော ဣရိယာပုထ်ဖြင့်နေသော ထိုရဟန်း၏စိတ်သည် စကားပြောခြင်းငှါ အကယ်၍ ညွတ်အံ့၊ဤသို့ညွတ်ပြီးလျှင်"ထိုရဟန်းသည် အကြင်စကားသည် ယုတ်၏၊ ရွာသူတို့ ဥစ္စာဖြစ်၏၊ ပုထုဇဉ်တို့၏ဥစ္စာဖြစ်၏၊ အရိယာတို့၏ ဥစ္စာမဟုတ်၊ အကျိုးစီးပွါးနှင့်မစပ်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ဝဋ်ဆင်းရဲချုပ်ခြင်းငှါ ကိလေသာငြိမ်းခြင်းငှါ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ သစ္စာလေးပါးကို သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါမဖြစ်၊ ဤစကားတို့ကား အဘယ်သည်တို့နည်း၊ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနေရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား

http://www.dhammadownload.com



ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သော စကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား သေအရက်နှင့် စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား ခရီးလမ်းနှင့်စပ်သောစကား ရေခပ်ဆိပ်နှင့် စပ်သောစကား ရှေးကသေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း)နှင့် စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့်စပ်သောစကား ကြီးပွါး ခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။ ဤသို့သဘောရှိသောစကားကို မပြောဆိုအံ့”ဟု နှလုံးသွင်း၏။ ဤသို့လျှင် ထိုမပြောဆိုခြင်း၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ အကြင်စကားသည်ကား ကိလေသာနည်းပါးခြင်းငှါ ဖြစ်၏၊ စိတ်၏ နိဗ္ဗာန်ကောင်းခြင်းငှါ လျော်၏၊ စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ဝဋ်ဆင်းရဲချုပ်ခြင်း ငှါ ကိလေသာငြိမ်းခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးကို သိခြင်းငှါ နိဗ္ဗာန် အကျိုးငှါ ဖြစ်၏။ ဤစကားတို့သည် အဘယ်သည်တို့နည်း၊ အလိုနည်းခြင်းနှင့်စပ်သောစကား ရောင့်ရဲခြင်းနှင့်စပ်သောစကား နိဗ္ဗာန်ကင်းခြင်းနှင့်စပ်သောစကား မရောယှက်ခြင်းနှင့် စပ်သော စကား လုံ့လအားထုတ်ခြင်းနှင့်စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့်စပ်သောစကား ပညာနှင့်စပ်သောစကား မဂ်ဖိုလ်နှင့်စပ်သောစကား ပစ္စဝေက္ခဏာနှင့်စပ်သောစကား ဤစကား တို့ပေတည်း။ ဤသို့ သဘောရှိသောစကားကို ပြောဆိုအံ့ဟု နှလုံးသွင်း၏။ ဤသို့လျှင် ထိုပြောဆို ခြင်း၌ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ဤစကားပြောချိန်နေခြင်းဟူသော ဝိဟာရဖြင့်နေသော ထိုရဟန်း၏ စိတ်သည် ကြံစည်ခြင်းငှါ အကယ်၍ ညွတ်အံ့၊ ဤသို့ညွတ်ပြီးလျှင် “ထိုရဟန်းသည် အကြင်အကြံအစည် တို့သည် ယုတ်ကုန်၏၊ ရွာသူတို့ဥစ္စာဖြစ်ကုန်၏၊ ပုထုဇဉ်တို့ဥစ္စာဖြစ်ကုန်၏၊ အရိယာတို့၏ဥစ္စာ မဟုတ်ကုန်၊ အကျိုးစီးပွါးနှင့် မစပ်ကုန်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ မဖြစ်ကုန်၊ ရာဂကင်းခြင်းငှါ မဖြစ်ကုန်၊ ဝဋ်ဆင်းရဲချုပ်ခြင်းငှါ မဖြစ်ကုန်၊ ကိလေသာငြိမ်းခြင်းငှါ မဖြစ်ကုန်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ်ကုန်၊ သစ္စာလေးပါးကို သိခြင်းငှါ မဖြစ်ကုန်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်ကုန်။ ဤအကြံ အစည်တို့ကား အဘယ်သည်တို့နည်း၊ ကာမကိုကြံခြင်း ‘ကာမဝိတက်’ ဒေါသဖြင့်ဖျက်ဆီးခြင်းကို ကြံခြင်း ‘ဗျာပါဒဝိတက်’ ညှဉ်းဆဲခြင်းကို ကြံခြင်း ‘ဝိဟိံသာဝိတက်’ တို့တည်း။ ဤသို့ သဘော ရှိသော ကြံစည်ခြင်း ‘ဝိတက်’ တို့ကို ငါမကြံစည်အံ့”ဟူ၍ နှလုံးသွင်း၏။ ဤသို့လျှင် ထိုမကြံစည် ခြင်း၌ အပြားအားဖြင့်သိ၏။

အာနန္ဒာ အကြင် ကြံစည်ခြင်း ‘ဝိတက်’ တို့သည် အပြစ်ကင်းကုန်၏၊ ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်ကုန်၏၊ ထိုကြံခြင်းကို ပြုသောပုဂ္ဂိုလ်အား ကောင်းစွာ ဆင်းရဲကုန်ခန်းခြင်းငှါ ထုတ်ဆောင် တတ်ကုန်၏။ ဤကြံခြင်းတို့သည် အဘယ်တို့နည်း၊ ကာမမှ ထွက်မြောက်မှုကိုကြံခြင်း ‘နေက္ခမ္မ ဝိတက်’ ဒေါသဖြင့် မဖျက်ဆီးမှုကိုကြံခြင်း ‘အဗျာပါဒဝိတက်’ မညှဉ်းဆဲမှုကိုကြံခြင်း ‘အဝိဟိံသာ ဝိတက်’ တို့တည်း။ ဤသို့ သဘောရှိသော ကြံစည်ခြင်း ‘ဝိတက်’ တို့ကို ငါကြံအံ့ဟူ၍ နှလုံးသွင်း၏၊ ဤသို့လျှင် ထိုကြံစည်ခြင်း၌ အပြားအားဖြင့်သိ၏။

၁၉၀။ အာနန္ဒာ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ— လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့်စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့်သိရသောအဆင်း၊ သောတဝိညာဏ်ဖြင့် သိရသောအသံ၊

http://www.dhammadownload.com



ဃာနဝိညာဏ်ဖြင့် သိရသောအနံ့၊ ဇိဝှါဝိညာဏ်ဖြင့် သိရသောအရသာ၊ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့်စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယ ဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့တည်း။ အာနန္ဒာ ငါးပါးကုန်သော ကာမဂုဏ်တို့သည် ဤသည်တို့ပေတည်း။

ယင်းကာမဂုဏ်ငါးပါး၌ ရဟန်းသည် မပြတ် မိမိစိတ်ကို "ဤကာမဂုဏ်ငါးပါးတို့၌ အမှတ် မထား တပါးပါးလည်းဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း အမှတ်မထား တပါးပါး လည်းဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း စိတ်၏ အကြိမ်ကြိမ် ဖြစ်ခြင်းသည် ရှိသလော"ဟု ဆင်ခြင်ရမည်။ အာနန္ဒာ ဆင်ခြင်သောရဟန်းသည် "ဤကာမဂုဏ်ငါးပါးတို့၌ အမှတ်မထား တပါးပါးလည်းဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း အမှတ်မထား တပါးပါးလည်းဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း ငါ့အား စိတ်၏အကြိမ်ကြိမ်ဖြစ် ခြင်းသည် ရှိသည်သာတည်း"ဟု အကယ်၍ သိငြားအံ့။အာနန္ဒာ ဤရဟန်းသည် ဤသို့ ထင်ရှား ရှိသော ဤကိလေသာကို "ဤကာမဂုဏ်ငါးပါးတို့၌ အားကြီးသောဆန္ဒရာဂကို ငါသည် မပယ် ရသေး"ဟု ဤသို့ သိ၏၊ဤသို့လျှင် ထိုရာဂကို မပယ်ရ၍ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ထိုမှတပါး ဆင်ခြင်သောရဟန်းသည် "ဤကာမဂုဏ်ငါးပါးတို့၌ အမှတ်မထား တပါးပါးလည်းဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း အမှတ်မထား တပါးပါးလည်း ဖြစ်သော ကိလေသာဖြစ်ခြင်းအကြောင်း၌လည်း ငါ့အား စိတ်၏အကြိမ်ကြိမ်ဖြစ်ခြင်းသည် မရှိ သည်သာတည်း"ဟု အကယ်၍ သိငြားအံ့။ အာနန္ဒာ ရဟန်းသည် "ဤသို့ ထင်ရှားရှိသော ဤကိလေသာကို ဤကာမဂုဏ်ငါးပါးတို့၌ အားကြီးသောဆန္ဒရာဂကို ငါသည် ပယ်ပြီးပြီ"ဟု ဤသို့ သိ၏၊ဤသို့လျှင် ထိုရာဂကို ပယ်ရ၍ ကောင်းစွာ အပြားအားဖြင့် သိ၏။

၁၉၁။ အာနန္ဒာ ဤဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့သည် ငါးပါးတို့တည်း၊ ရဟန်းသည် ယင်းဥပါဒါနက္ခန္ဓာတို့၌ "ဤကား ရူပက္ခန္ဓာတည်း၊ ဤကား ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ရူပက္ခန္ဓာ၏ ချုပ်ခြင်းတည်း။ဤကား ဝေဒနာက္ခန္ဓာတည်း။ဤကား သညာက္ခန္ဓာတည်း။ ဤကား သင်္ခါရက္ခန္ဓာတည်း၊ ဤကား ဝိညာဏက္ခန္ဓာတည်း၊ ဤကား ဝိညာဏက္ခန္ဓာ၏ ဖြစ် ကြောင်းတည်း၊ ဤကား ဝိညာဏက္ခန္ဓာ၏ ချုပ်ခြင်းတည်း"ဟု ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုသည်ဖြစ်၍ နေရမည်။ ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုလေ့ရှိ၍ နေသော ထိုရဟန်းအား ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ ငါဟု ထင်မှတ်ခြင်းသည် ပျောက်ကင်း၏။ အာနန္ဒာ ရဟန်းသည် ဤသို့ ပျောက်ကင်းသော် "ဤငါဟု ထင်မှတ်ခြင်းကို ဤဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ ငါဟု ထင်မှတ်ခြင်းကို ငါပယ်ပျောက်ပြီးပြီ"ဟု ဤသို့ သိ၏၊ဤသို့လျှင် ထိုငါဟု ထင်မှတ်ခြင်းကို ပယ်ရ၍ ကောင်းစွာ အပြားအားဖြင့်သိ၏။

အာနန္ဒာ ဤဆိုပြီးသော သမထဝိပဿနာတရားတို့သည် စင်စစ် ကုသိုလ်ဖြစ်ကုန်၏၊ ကုသိုလ်မှ လာခြင်းရှိကုန်၏၊ ဖြူစင်ကုန်၏၊လောကီတရားတို့၌ အမြတ်ဆုံးဖြစ်ကုန်၏၊မာရ်သည် မလွှမ်းမိုးနိုင်။ အာနန္ဒာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အဘယ်သို့သော အကျိုးကို ကောင်းစွာ မျှော်ကိုးသောတပည့်သည် အပစ်ပယ်ခံရသော်လည်း ဆရာသို့ အစဉ်လိုက်ခြင်းငှါ ထိုက်သနည်းဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ်တို့အား တရားတော်သည် မြတ်စွာဘုရားလျှင် အမွန် ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ဆောင်ပြတတ်သူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် သက်ဝင်

http://www.dhammadownload.com



ရာ ရှိပါကုန်၏၊မြတ်စွာဘုရား တောင်းပန်ပါ၏၊ ထိုဟောတော်မှုအပ်သော တရားတော်၏ အနက် အဓိပ္ပါယ်ကို မြတ်စွာဘုရားသာလျှင် ဝေဖန်ဟောကြားတော်မူပါ၊မြတ်စွာဘုရား၏အထံမှ ကြားနာ ရ၍ ရဟန်းတို့သည် ဆောင်ကြပါကုန်လတ္တံ့ဟု (လျှောက်၏)။

၁၉၂။ အာနန္ဒာ တပည့်သည် သုတ်ကိုရင်း ဂေယျကိုရင်း ဗျာကရဏ်းကိုရင်း သင်ကြားခြင်း ကြောင့် ဆရာသို့ အစဉ်လိုက်ခြင်းငှါ မထိုက်၊အဘယ့်ကြောင့်နည်းဟူမူ—ထိုရဟန်းသည် ရှည်မြင့် စွာသောကာလပတ်လုံး ထိုပရိယတ္တိတရားတို့ကို ကြားရကုန်၏၊ဆောင်ရကုန်၏၊နှုတ်ဖြင့် လေ့ကျက် ရကုန်၏၊ စိတ်ဖြင့် အဖန်ဖန် ရှုဆင်ခြင်ရကုန်၏၊ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိရကုန်၏။ အာနန္ဒာ အကြင်စကားသည် ကိလေသာနည်းပါးခြင်းငှါ ဖြစ်၏ စိတ်၏ နီဝရဏကင်းခြင်းငှါ လျော်၏၊စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ဝဋ်ဆင်းရဲချုပ်ခြင်းငှါ ကိလေသာ ငြိမ်းခြင်းငှါ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ သစ္စာလေးပါးကို သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။ ဤစကားသည် အဘယ်နည်းဟူမူ—အလိုနည်းခြင်းနှင့်စပ်သောစကား ရောင့်ရဲခြင်းနှင့်စပ်သော စကား နီဝရဏကင်းခြင်းနှင့်စပ်သောစကား မရောရှက်ခြင်းနှင့်စပ်သောစကား လုံ့လကိုအားထုတ် ခြင်းနှင့်စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့်စပ်သောစကား ပညာနှင့်စပ်သော စကား မဂ်ဖိုလ်နှင့်စပ်သောစကား ပစ္စဝေက္ခဏာနှင့်စပ်သောစကားတို့တည်း။ အာနန္ဒာ ဤသို့ သဘောရှိသော စကား၏အကြောင်းကြောင့် တပည့်သည် အပစ်ပယ်ခံရသော်လည်း ဆရာသို့ အစဉ်လိုက်ခြင်းငှါ ထိုက်၏။

အာနန္ဒာ ဤသို့ဖြစ်သော် ဆရာ၏ဘေးရန်ဖြစ်၏၊ ဤသို့ဖြစ်သော် တပည့်၏ဘေးရန်ဖြစ်၏၊ ဤသို့ဖြစ်သော် မြတ်သောအကျင့်၏ဘေးရန်ဖြစ်၏။

၁၉၃။ အာနန္ဒာ အဘယ်သို့လျှင် ဆရာ၏ဘေးရန်ဖြစ်သနည်း၊အာနန္ဒာ ဤလောက၌ အချို့ သော တိတ္ထိဆရာသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထိုသို့သောအခြင်းအရာအားဖြင့် အပေါင်းအဖော်မှ ပဲခွဲလျက်နေသော ထိုဆရာအား နိဂုံး၌ နေသည်လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်၏။ နိဂုံး၌ နေသည်လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်သော် ထိုဆရာသည် မိန်းမောခြင်းကို ဖြစ်စေ၏။ တပ်မက်ခြင်းသို့ ရောက်၏၊ ပစ္စည်းများခြင်းငှါ စိတ်လည်၏။ အာနန္ဒာ ဤဘေးရန်ကို ဆရာ၏ ကိုယ်တွင်း၌ဖြစ်သော ကိလေသာဟူသော ဘေးရန်ဟူ၍ ဆိုရ၏၊ ဆရာ၏ကိုယ်တွင်း၌ ဖြစ်သော ကိလေသာဟူသော ဘေးရန်ကြောင့် ပူပန်စေတတ်ကုန်သော တဖန် ဘဝသစ်ကို ဖြစ်စေတတ် ကုန်သော ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရား တို့သည် ထိုဆရာ၏ဂုဏ်ကို သတ်ဖြတ်ကုန်၏။ အာနန္ဒာ ဤသို့လျှင် ဆရာ၏ဘေးရန်သည် ဖြစ်၏။

၁၉၄။ အာနန္ဒာ အဘယ်သို့လျှင် တပည့်၏ဘေးရန်သည် ဖြစ်သနည်း၊ အာနန္ဒာ စင်စစ် ထိုဆရာ၏တပည့်သည်သာလျှင် ထိုဆရာ၏ကင်းဆိတ်ခြင်းသို့ အတုလိုက်ပွါး၍ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို

http://www.dhammadownload.com



သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် အပေါင်းအဖော်မှ ဖဲခွါလျက်နေသော ထိုတပည့်အား နိဂုံး၌ နေသည်လည်း ဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်၏။ နိဂုံး၌ နေသည်လည်း ဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်သော် ထိုဆရာ၏တပည့်သည် မိန်းမောခြင်းကို ဖြစ်စေ၏၊ တပ်မက်ခြင်းသို့ ရောက်၏၊ ပစ္စည်းများခြင်းငှါ စိတ်လည်၏။ အာနန္ဒာ ဤဘေးရန်ကို တပည့်၏ကိုယ်တွင်း၌ ဖြစ်သော ကိလေသာဟူသော ဘေးရန်ဟူ၍ ဆိုရ၏၊ တပည့်၏ကိုယ်တွင်း၌ဖြစ်သော ကိလေသာဟူသော ဘေးရန်ကြောင့် ပူပန်စေတတ်ကုန်သော တဖန် ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့်တကွဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် ထိုတပည့်၏ဂုဏ်ကို သတ်ဖြတ်ကုန်၏။ အာနန္ဒာ ဤသို့လျှင် တပည့်၏ဘေးရန်သည် ဖြစ်၏။

၁၉၅။ အာနန္ဒာ အဘယ်သို့လျှင် မြတ်သောအကျင့်၏ဘေးရန်သည် ဖြစ်သနည်း၊ အာနန္ဒာ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထိုသို့သော အခြင်းအရာအားဖြင့် အပေါင်းအဖော်မှ ဖဲခွါလျက်နေသော ထိုမြတ်စွာဘုရားအား နိဂုံး၌ နေသည် လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်း ကပ်ကုန်၏။နိဂုံး၌ နေသည်လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏား သူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်သော် ထိုမြတ်စွာဘုရားသည် မိန်းမောခြင်းကို မဖြစ်စေ၊ တပ်မက်ခြင်းသို့ မရောက်၊ ပစ္စည်းများခြင်းငှါ စိတ်မလည်။

အာနန္ဒာ ထိုမြတ်စွာဘုရား၏တပည့်သည် ထိုမြတ်စွာဘုရား၏ ဆိတ်ငြိမ်ခြင်းသို့ အတုလိုက်ပွါး၍ လူတို့မှဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထိုသို့သော အခြင်းအရာအားဖြင့် အပေါင်းအဖော်မှ ဖဲခွါလျက်နေသော ထိုမြတ်စွာဘုရား၏ တပည့်အား နိဂုံး၌ နေသည်လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည်လည်းဖြစ်ကုန်သော ပုဏ္ဏား သူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်၏။ နိဂုံး၌ နေသည်လည်းဖြစ်ကုန်သော ဇနပုဒ်၌ နေသည် လည်းဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည် အစဉ်ချဉ်းကပ်ကုန်သော် ထိုမြတ်စွာဘုရား၏တပည့် သည် မိန်းမောခြင်းကို ဖြစ်စေ၏၊ တပ်မက်ခြင်းသို့ ရောက်၏၊ ပစ္စည်းများခြင်းငှါ စိတ်လည်၏။ အာနန္ဒာ ဤဘေးရန်ကို မြတ်သောအကျင့်၏ ဘေးရန်ဟူ၍ ဆိုရ၏၊မြတ်သောအကျင့်၌ဖြစ်သော ဘေးရန်ကြောင့် ပူပန်စေတတ်ကုန်သော တဖန် ဘဝသစ်ကိုဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့် တကွဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း

http://www.dhammadownload.com



သေခြင်းကို ဖြစ်စေတတ်ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ဂုဏ်ကို သတ်ဖြတ်ကုန်၏။ အာနန္ဒာ ဤသို့လျှင် မြတ်သောအကျင့်၏ ဘေးရန်သည် ဖြစ်၏။

အာနန္ဒာ ထိုဘေးရန်အပေါင်းတို့တွင် ဆရာ၏ဘေးရန် တပည့်၏ဘေးရန်ဟူသော ဘေးရန်နှစ်ပါးတို့ထက် ဤမြတ်သော အကျင့်၏ဘေးရန်သည် အလွန်ဆင်းရဲသော အကျိုးရှိသည်လည်း ဖြစ်၏၊ အလွန်အခံစပ်သော အကျိုးရှိသည်လည်း ဖြစ်၏။ စင်စစ်ကား ဖရိုဖရဲပျက်စီး၍ကျခြင်းငှါသာ ဖြစ်၏။

၁၉၆။ အာနန္ဒာ ထို့ကြောင့် ငါ့ကို ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကြ ကုန်လော့၊ မုန်းခြင်းရှိသည်၏အဖြစ်ဖြင့် မကျင့်ကြကုန်လင့်၊ ထိုချစ်ခြင်းရှိသည်၏အဖြစ်ဖြင့် ကျင့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

အာနန္ဒာ အဘယ်သို့လျှင် တပည့်တို့သည် ဆရာကို မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်သနည်း၊ ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်သနည်း။ အာနန္ဒာ ဤသာသနာတော်၌ ဆရာသည် "ဤအကျင့်သည် သင်တို့အား အကျိုးစီးပွါးအလို့ငှါ ဖြစ်၏၊ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်းအလို့ငှါ ဖြစ်၏"ဟု တပည့်တို့အား အစဉ်သနားသည် အကျိုးစီးပွါးကို ရှာမှီးသည် ဖြစ်၍ အစဉ်သနားခြင်းကို အစွဲပြု၍ တရားဟော၏။ ထိုဆရာ၏တပည့်တို့သည် ကောင်းစွာမနာကြားကုန်၊ နားမထောင်ကုန်၊ သိခြင်းငှါ စိတ်ကို မထားကုန်၊ ဆရာ၏ အဆုံးအမကို လွန်ကျူး၍ ကျင့်ကုန်၏။ အာနန္ဒာ ဤသို့လျှင် တပည့်တို့သည် ဆရာကို မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်၏၊ ချစ်ခြင်းရှိသည်၏အဖြစ်ဖြင့် မကျင့်ကုန်။

အာနန္ဒာ အဘယ်သို့လျှင် တပည့်တို့သည် ဆရာကို ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်သနည်း၊ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်သနည်း။ အာနန္ဒာ ဆရာသည် "ဤအကျင့်သည် သင်တို့အား အကျိုးစီးပွါးအလို့ငှါ ဖြစ်၏။ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်းအလို့ငှါ ဖြစ်၏"ဟု တပည့်တို့အား အစဉ်သနားသည် အကျိုးစီးပွါးကို ရှာမှီးသည်ဖြစ်၍ အစဉ်သနားခြင်းကို အစွဲပြု၍ တရားဟော၏။ ထိုဆရာ၏တပည့်တို့သည် ကောင်းစွာ နာကြားကုန်၏၊ နားထောင်ကုန်၏၊ သိခြင်းငှါ စိတ်ကို ထားကုန်၏၊ ဆရာ၏အဆုံးအမကို လွန်ကျူး၍ မကျင့်ကုန်။ အာနန္ဒာ ဤသို့လျှင် ဆရာကို တပည့်တို့သည် ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကုန်၏၊ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကုန်။

အာနန္ဒာ ထို့ကြောင့် ငါ့ကို ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကြကုန်လော့၊ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကြကုန်လင့်၊ ထိုမုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ အာနန္ဒာ အိုးထိန်းသည်သည် အစိမ်းသက်သက် (သို့မဟုတ်) မကျက်တကျက် အိုးခွက်၌ ကြောင့်ကြစိုက်သကဲ့သို့ ငါသည် သင်တို့၌ ကြောင့်ကြမစိုက်။ အာနန္ဒာ ငါသည် နှိပ်၍ နှိပ်၍ ဟောအံ့၊ အာနန္ဒာ ငါသည် မြှောက်၍ မြှောက်၍ ဟောအံ့၊ မဂ်ဖိုလ်အနှစ်အသားရှိသော သူသည် တည်လတ္တံ့ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

နှစ်ခုမြောက် မဟာသုညတသုတ် ပြီး၏။

http://www.dhammadownload.com



## ၁-အစ္ဆရိယအဗ္ဘုတသုတ်

၁၉၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆွမ်းစားရာမှ ဖဲခဲ့၍ ဆွမ်းစားပြီးနောက် စည်းဝေးရာစရပ်၌ အညီအညွတ် စည်းဝေးနေထိုင်ကုန်သော များစွာသောရဟန်းတို့အား ဤ အကြားစကားသည်[၁] ထင်ရှားဖြစ်၏ "ငါ့သျှင်တို့ မြတ်စွာဘုရား၏ ကြီးသောတန်ခိုးရှိသည်၏ အဖြစ်သည် ကြီးသော အာနုဘော်ရှိသည်၏ အဖြစ်သည် အံ့ဩဖွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။ မြတ်စွာဘုရားသည် လွန်ကုန်ပြီးသော ပရိနိဗ္ဗာန်စံကုန်ပြီးသော (တဏှာ မာနဒိဋ္ဌိဟူသော) ပပဉ္စတရားသုံးပါးတို့ကို ဖြတ်ကုန်ပြီးသော ကမ္မဝဋ်ကို ဖြတ်ကုန်ပြီးသော ကမ္မဝဋ် ကုန်ခန်းကုန်ပြီးသော အလုံးစုံသော ဝိပါကဝဋ်ကို လွန်ကုန်ပြီးသော မြတ်စွာဘုရားတို့ ကိုပင်သော်လည်း 'ထိုဘုရားသျှင်တို့သည် ဤသို့သော ဇာတ်ရှိကုန်၏ဟူ၍ရင်း ထိုဘုရားသျှင် တို့သည် ဤသို့သော အမည်ရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤသို့သောအနွယ်ရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤသို့သော သီလရှိကုန်၏ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤ သို့သော သမာဓိရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤသို့သော ပညာရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤသို့သော နိရောဓသမာပတ်ဖြင့် နေလေ့ရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင် တို့သည် ဤသို့သော ဝိမုတ္တိငါးပါးနှင့် ပြည့်စုံကုန်၏ ဟူ၍ရင်း အောက်မေ့နိုင်ပါပေစွ၊ သိနိုင်ပါ ပေစွ'ဟု" ဤအကြားစကားသည် ထင်ရှားဖြစ်၏။ ဤသို့ ပြောဆိုကုန်သည်ရှိသော် အသျှင် အာနန္ဒာသည် ထိုရဟန်းတို့ကို "ငါ့သျှင်တို့ မြတ်စွာဘုရားတို့သည် အံ့ဩဖွယ်လည်း ဖြစ်ကုန်၏၊ အံ့ဩဖွယ်တရားနှင့်လည်း ပြည့်စုံကုန်၏၊ ငါ့သျှင်တို့ မြတ်စွာဘုရားတို့သည် မဖြစ်စဘူးလည်း ဖြစ်ကုန်၏၊ မဖြစ်စဘူးဖြစ်သော တရားနှင့်လည်း ပြည့်စုံကုန်၏"ဟု ဤစကားကို ပြောဆို၏။ ထိုရဟန်းတို့၏ ဤအကြားစကားသည်လည်း မပြီးပြတ်သေး။

၁၉၈။ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းသောအခါ ကိန်းအောင်းရာမှ ထတော်မူလျက် စည်းဝေးရာစရပ်ဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏၊ ထိုင်နေတော် မူပြီးလျှင် မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ၌ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေးနေကုန်သနည်း၊ သင်တို့၏ မပြီးပြတ်သေးသော အကြား၌ ဖြစ်သော စကားကား အဘယ် စကားနည်း"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား ဆွမ်းခံရာမှဖဲခဲ့၍ ဆွမ်းစားပြီးနောက် ဤစည်းဝေးရာ စရပ်၌ အညီအညွတ် စည်းဝေးနေထိုင်ကုန်သော အကျွန်ုပ်တို့အား ဤအကြားစကားသည် ထင်ရှား ဖြစ်ပါ၏ "ငါ့သျှင်တို့ မြတ်စွာဘုရား၏ ကြီးသောတန်ခိုးရှိသည်၏ အဖြစ် ကြီးသောအာနုဘော် ရှိသည်၏ အဖြစ်သည် အံ့ဩဖွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။ မြတ်စွာဘုရားသည် လွန်ကုန်ပြီးသော ပရိနိဗ္ဗာန်စံကုန်ပြီးသော (တဏှာမာနဒိဋ္ဌိ) ဟူသော ပပဉ္စတရားသုံးပါးတို့ကို ဖြတ်ကုန်ပြီးသော ကမ္မဝဋ်ကို ဖြတ်ကုန်ပြီးသော ကမ္မဝဋ်ကုန်ခန်းကုန်ပြီးသော အလုံးစုံသော ဝိပါကဝဋ်ကို လွန်ကုန်ပြီးသော မြတ်စွာဘုရားတို့ကို "ထိုဘုရားသျှင်တို့သည် ဤသို့သောဇာတ်

---

၁-အကြားစကားဟူသည် ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း စာသင်ခြင်း စသည်တို့၏ အကြား၌ဖြစ်သော အလွတ် စကား(မြဟ္မဇာလသုတ် အဋ္ဌကထာ)ငါဘုရားမလာမီအကြား၌ ဖြစ်သောစကား(ပေါဋ္ဌပါဒသုတ် အဋ္ဌကထာ)။

http://www.dhammadownload.com



ရှိကုန်၏ ဟူ၍ရင်း ထိုဘုရားသျှင်တို့သည် ဤသို့သောအမည်ရှိကုန်၏ဟူ၍ရင်း ဤသို့သောအနွယ်ရှိကုန်၏ဟူ၍ရင်း ဤသို့သောသီလ ရှိကုန်၏ဟူ၍ရင်း ဤသို့သောသမာဓိရှိကုန်၏ဟူ၍ရင်း ဤသို့သောပညာရှိကုန်၏ဟူ၍ရင်း ဤသို့သောနိရောဓသမာပတ်ဖြင့် နေလေ့ရှိကုန်၏ဟူ၍ရင်း ဤသို့သော ဝိမုတ္တိငါးပါးနှင့် ပြည့်စုံကုန်၏ ဟူ၍ရင်း အောက်မေ့နိုင်ပါပေစွ၊ သိနိုင်ပါပေစွ"ဟု ဤသို့ အကြားစကားသည် ထင်ရှားဖြစ်ပါ၏။

မြတ်စွာဘုရား ဤသို့ ပြောကုန်သည်ရှိသော် အသျှင်အာနန္ဒာသည် အကျွန်ုပ်တို့ကို "ငါ့သျှင်တို့ မြတ်စွာဘုရားတို့သည် အံ့ဩဖွယ်လည်း ဖြစ်ကုန်၏၊ အံ့ဩဖွယ်တရားနှင့်လည်း ပြည့်စုံကုန်၏၊ ငါ့သျှင်တို့ မြတ်စွာဘုရားတို့သည် မဖြစ်စဘူးလည်း ဖြစ်ကုန်၏၊ မဖြစ်စဘူးဖြစ်သော တရားနှင့်လည်း ပြည့်စုံကုန်၏"ဟု ဤစကားကို ပြောဆိုပါ၏။ မြတ်စွာဘုရား အကျွန်ုပ်တို့၏ မပြီးပြတ်သေးသော အကြား၌ဖြစ်သောစကားသည် ဤစကားပါတည်း၊ ထိုစကား မပြီးပြတ်သေးမီ မြတ်စွာဘုရားသည် ဆိုက်ရောက်လာပါ၏ဟု (လျှောက်ကုန်၏)။

၁၉၉။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါဘုရား၏ အံ့ဩဖွယ်တို့သည် မဖြစ်စဘူး ထူးသောသဘောတို့သည် သင်၏ဉာဏ်အမြင်၌ အတိုင်းထက်အလွန် ထင်စေကုန်လော့"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်၌ ဖြစ်၏" ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား ဘုရားအလောင်း၏ သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်၌ဖြစ်ခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။ (၁)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်၌ တည်၏" ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား ဘုရားလောင်း၏ သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်၌ တည်ခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။ (၂)

၂၀၀။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် အသက်ထက်ဆုံး တုသိတာနတ်ပြည်၌ တည်၏"ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား ဘုရားလောင်း၏ အသက်ထက်ဆုံး တုသိတာနတ်ပြည်၌ တည်ခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။ (၃)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍ တုသိတာနတ်ပြည်မှ စုတေကာ အမိဝမ်းတိုက်သို့ သက်ဝင်၏" ဟူသောစကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား ဘုရားလောင်း၏ သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ တုသိတာနတ်ပြည်မှ စုတေကာ အမိဝမ်းတိုက်သို့ သက်ဝင်ခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။ (၄)

http://www.dhammadownload.com



၂၀၁။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ နတ်နှင့်တကွသော မာရ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောက၌၎င်း (သာသနာတော် အတွင်းအပဖြစ်သော) သမဏဗြာဟ္မဏနှင့်တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်း၌၎င်း အတိုင်းမရှိ ပြန့်နှံ့ နိုင်သော အလွန်အကဲ တောက်ပသောအရောင်သည် နတ်တို့၏တန်ခိုးအရောင်ကို လွန်၍ လောက၌ ထင်ရှားဖြစ်၏၊ (အမြဲဟင်းလင်းပွင့်၍) အထိအခိုက်မရှိကုန်သော အထက်အောက်ကလည်း အပိတ်အခံဟူသော အဆီးအတား မရှိကုန်သော အမိုက်မှောင်ရှိကုန်သော ကဏှသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်မှောင်နှင့်ပြည့်စုံကုန်သော လောကန္တရိက်ငရဲတို့၌ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့အာနုဘော်ကြီးကုန်သော ဤလ နေတို့သည် မိမိအရောင်ဖြင့် မထွန်းလင်းနိုင်ကုန်၊ ထိုလောကန္တရိက်ငရဲတို့၌သော်လည်း အတိုင်းမရှိ ပြန့်နှံ့နိုင်သော အလွန်အကဲ တောက်ပသောအရောင်သည် နတ်တို့၏ တန်ခိုးအရောင်ကိုလွန်၍ လောက၌ ထင်ရှားဖြစ်၏။ ထိုလောကန္တရိက်ငရဲ၌ ဖြစ်ကုန်သောသတ္တဝါတို့သည်လည်း ထိုဘုရားလောင်း ပဋိသန္ဓေနေ၍ တောက်ပသောအရောင်ဖြင့် 'အို-အချင်းတို့ ဤနေရာ၌ ဖြစ်လာကုန်သော တပါးသောသတ္တဝါတို့သည်လည်း ရှိကုန်ချေ၏တကား'ဟု အချင်းချင်း သိကုန်၏။ ဤတသောင်းသော လောကဓာတ်သည်လည်း ပြင်းစွာတုန်လှုပ်၏၊ အောက်အထက်တုန်လှုပ်၏၊ အိုးထိန်းစက်သို့ သွက်သွက်ခါ တုန်လှုပ်၏၊ အတိုင်းမရှိ ပြန့်နှံ့နိုင်သော အလွန်အကဲတောက်ပသော အရောင်သည် နတ်တို့၏ တန်ခိုးအရောင်ကို လွန်၍ လောက၌ ထင်ရှားဖြစ်၏" ဟူသောစကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား ။ပ။ ဤသည်ကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍၎င်း မဖြစ်စဘူး ထူးသောသဘောဟူ၍၎င်း အကျွန်ုပ် မှတ်သားမိပါ၏။ (၅)

၂၀၂။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ လေးပါးသော နတ်မင်းကြီးတို့သည် 'ထိုဘုရားလောင်းကို၎င်း ဘုရားလောင်းမယ်တော်ကို၎င်း တစုံတယောက်သောလူသည်၎င်း ဘီလူးသည်၎င်း မညှဉ်းဆဲစေသတည်း'ဟု အရပ်လေးမျက်နှာမှ စောင့်ရှောက်ခြင်းငှါ ကပ်ရောက်ကုန်၏" ဟူသောစကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏၊ မြတ်စွာဘုရား ဘုရားလောင်း၏ အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ။ပ။ကပ်ရောက်ကြခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍၎င်း မဖြစ်စဘူး ထူးသောသဘောဟူ၍၎င်း အကျွန်ုပ်မှတ်သားမိပါ၏။ (၆)

၂၀၃။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ ဘုရားလောင်း၏ မယ်တော်သည် ပင်ကိုယ်သီလရှိ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ ဖောက်ပြန်လွန်ကျူး၍ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏"ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏၊ မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍၎င်း မဖြစ်စဘူး ထူးသော သဘောဟူ၍၎င်း အကျွန်ုပ်မှတ်သား မိပါ၏။ (၇)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ "အာနန္ဒာ ဘုရားလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ ဘုရားလောင်း၏ မယ်တော်သည် ယောကျ်ားဟူသမျှတို့၌

http://www.dhammadownload.com



ကာမဂုဏ်နှင့်စပ်သော စိတ်သည် မဖြစ်၊ ဘုရားလောင်းမယ်တော်ကိုလည်း တစုံတယောက်သော ယောကျ်ားမျှ တပ်မက်သောစိတ်ဖြင့် မလွန်ကျူးနိုင်”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏၊မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘော ဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၈)

မြတ်စွာဘုရား ,အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ “အာနန္ဒာ ဘုရားလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ ဘုရားလောင်း၏မယ်တော်သည် ကာမဂုဏ်ငါးပါးတို့ကိုရ၏၊ ထိုဘုရားလောင်း၏မယ်တော်သည် ကာမဂုဏ်ငါးပါးတို့နှင့်ပြည့်စုံလုံလောက်သည်ဖြစ်၍ စံပယ်၏” ဟူသောစကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။ (၉)

၂၀၄။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ “အာနန္ဒာ ဘုရားလောင်းသည် အမိဝမ်းတိုက်သို့ သက်ဝင်သောအခါ ဘုရားလောင်း၏မယ်တော်အား တစုံတခုသောအနာမျှ မဖြစ်၊ ဘုရားလောင်း၏ မယ်တော်သည် မပင်ပန်းသော ကိုယ်ရှိသည်ဖြစ်၍ ချမ်းသာ၏၊ ဘုရားလောင်း၏ မယ်တော်သည် ဝမ်းတိုက်တွင်း၌ ရောက်သော ဘုရားလောင်းကို အလုံးစုံအင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်ကိုရင်း မယုတ်လျော့သော ဣန္ဒြေရှိသည်ကိုရင်း မြင်ရ၏၊ အာနန္ဒာ ဥပမာအားဖြင့် အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြောင့်ရှိသော ကောင်းစွာပြုပြင်ပြီးဖြစ်သော ဝေဠုရိယကြောင်မျက်ရွဲရတနာသည် ရှိရာ၏၊ ထိုဝေဠုရိယကြောင်မျက်ရွဲရတနာ၌ ညိုသော ချည်ကိုသော်ရင်း ဝါရွှေသောချည်ကိုသော်ရင်း နီသောချည်ကိုသော်ရင်း ဖြူသောချည်ကိုသော်ရင်း ဝါဖျော့သောချည်ကိုသော်ရင်း တပ်ထားရာ၏၊ ထို(ဝေဠုရိယကြောင်မျက်ရွဲရတနာ)ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်ပေါ်၌ တင်ထား၍ ဤကြောင်မျက်ရွဲရတနာသည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မြောင့်ရှိ၏၊ ကောင်းစွာ ပြုပြင်ပြီး ဖြစ်၏၊ ထို(ကြောင်မျက်ရွဲရတနာ)၌ ဤညိုသောချည်ကို တပ်ထား၏ဟူ၍သော်ရင်း ဤဝါရွှေသောချည်ကို တပ်ထား၏ဟူ၍သော်ရင်း ဤနီသောချည်ကို တပ်ထား၏ဟူ၍သော်ရင်း ဤဖြူသောချည်ကို တပ်ထား၏ဟူ၍သော်ရင်း ဤဝါဖျော့သောချည်ကို တပ်ထား၏ဟူ၍သော်ရင်း ဆင်ခြင်ရာ၏။ အာနန္ဒာ ဤဥပမာအတူသာလျှင် ဘုရားလောင်းသည် အမိဝမ်းတိုက်သို့သက်ဝင်သောအခါ ဘုရားလောင်း၏ မယ်တော်အား တစုံတခုသော အနာမျှမဖြစ်၊ ဘုရားလောင်း၏ မယ်တော်သည် မပင်ပန်းသော ကိုယ်ရှိ၍ ချမ်းသာ၏၊ ဘုရားလောင်း၏ မယ်တော်သည် ဝမ်းတိုက်အတွင်း၌ ရောက်သော ဘုရားလောင်းကို အလုံးစုံ အင်္ဂါကြီးငယ်နှင့်ပြည့်စုံသည်ကိုရင်း မယုတ်လျော့သော ဣန္ဒြေရှိသည်ကိုရင်း မြင်ရ၏”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏၊ မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ်မှတ်သားမိပါ၏။(၁၀)

၂၀၅။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ “အာနန္ဒာ ဘုရားလောင်းသည် ဖွားမြင်၍ ခုနစ်ရက်မြောက်သော် ဘုရားလောင်းမယ်တော်သည် နတ်ရွာစံ၍ တုသိတာနတ်ပြည်၌ဖြစ်၏”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၁)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ “အာနန္ဒာ တပါးသောမိန်းမတို့သည် ကိုးလသော်ရင်း ဆယ်လသော်ရင်း ကိုယ်ဝန်ကို ဝမ်းဖြင့်လွယ်၍ ဖွားမြင်ရကုန်သကဲ့သို့

http://www.dhammadownload.com



ဘုရားလောင်း၏ မယ်တော်သည် ဘုရားလောင်းကို မဖွားမြင်ရ။ ဘုရားလောင်း၏မယ်တော်သည် ဘုရားလောင်းကို ဆယ်လတိုင်တိုင် ဝမ်းဖြင့် လွယ်၍ ဖွားမြင်ရ၏”ဟူသောစကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ်မှတ်သား မိပါ၏။ (၁၂)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ “အာနန္ဒာ တပါးသော မိန်းမတို့သည် ထိုင်ကုန်၍သော်ရင်း လျောင်းကုန်၍သော်ရင်း ဖွားမြင်ကုန်သကဲ့သို့ ဘုရားလောင်း၏ မယ်တော်သည် ဘုရားလောင်းကို မဖွားမြင်ရ။ ဘုရားလောင်း၏မယ်တော်သည် ရပ်လျက်သာလျှင် ဘုရားလောင်းကို ဖွားမြင်၏”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၃)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ“အာနန္ဒာ ဘုရားလောင်းသည် မယ်တော်၏ဝမ်းမှ ဖွားမြင်သောအခါ ထိုဘုရားလောင်းကို သုဒ္ဓါဝါသအရိယာဗြဟ္မာတို့သည် ရှေးဦးစွာ ခံယူကုန်၏၊ လူတို့သည် နောက်မှ ခံယူရကုန်၏”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။　(၁၄)

၂၀၆။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်မှ“အာနန္ဒာ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ မြေသို့ မကျသည်သာ ဖြစ်၏၊ ထိုဘုရားလောင်းကို လေးယောက်သော စာတုမဟာရာဇ်နတ်တို့သည် ခံယူကြပြီးလျှင် ‘ရှင်မိဖုရား ဝမ်းမြောက်တော်မူလော့၊ သင်မိဖုရားအား တန်ခိုးကြီးသောသား ဖွားမြင်၏’ဟု ပြောဆိုကုန်၍ မယ်တော်၏ ရှေ့၌ ထားကုန်၏”ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၅)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ “အာနန္ဒာ ဘုရားလောင်း၏ မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ အထူးသန့်ရှင်းစင်ကြယ်သည်ဖြစ်၍သာလျှင် ဖွားမြင်၏၊ ရေဖြင့် မလိမ်းကျံမူ၍ရင်း သလိပ်ဖြင့် မလိမ်းကျံမူ၍ရင်း သွေးဖြင့် မလိမ်းကျံမူ၍ရင်း တစုံတခုသော မစင်ကြယ်သောဝတ္ထုဖြင့် မလိမ်းကျံမူ၍ရင်း စင်ကြယ်သည် အထူးသန့်ရှင်းစင်ကြယ်သည်ဖြစ်၍ ဖွားမြင်၏။ အာနန္ဒာ ဥပမာအားဖြင့် ကာသိတိုင်းဖြစ် အဝတ်၌ ပတ္တမြားရတနာကို ချထားသော် ပတ္တမြားရတနာသည် ကာသိတိုင်းဖြစ် အဝတ်ကို မငြိ၊ ကာသိတိုင်းဖြစ် အဝတ်သည်လည်း ပတ္တမြားရတနာကို မငြိ၊ အဘယ့်ကြောင့်နည်းဟူမူ—နှစ်ပါးကုန်သော ပတ္တမြားရတနာ ကာသိတိုင်းဖြစ် အဝတ်တို့၏ သန့်ရှင်းစင်ကြယ်သည်၏အဖြစ်ကြောင့် (အချင်းချင်း) မငြိ၊ အာနန္ဒာ ဤဥပမာအတူသာလျှင် ဘုရားလောင်း၏ မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ အထူးသန့်ရှင်းစင်ကြယ်သည်ဖြစ်၍သာလျှင် ဖွားမြင်၏၊ ရေဖြင့် မလိမ်းကျံမူ၍ရင်း သလိပ်ဖြင့် မလိမ်းကျံမူ၍ရင်း သွေးဖြင့် မလိမ်းကျံမူ၍ရင်း တစုံတခုသော မစင်ကြယ်သော ဝတ္ထုဖြင့် မလိမ်းကျံမူ၍ရင်း စင်ကြယ်သည် အထူးသန့်ရှင်စင်ကြယ်သည်ဖြစ်၍ ဖွားမြင်၏” ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူးထူးသော သဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။　(၁၆)

http://www.dhammadownload.com



မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်း၏ မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ နှစ်ခုသော ရေယဉ်တို့သည် ကောင်းကင်၌ ထင်ရှားဖြစ်ကုန်၏၊ တခုသော ရေအယဉ်သည် အေးသော ရေအယဉ်တည်း၊ တခုသော ရေအယဉ်သည် ပူသော ရေအယဉ်တည်း၊ယင်းရေအယဉ်ဖြင့် ဘုရားလောင်းအားရင်း ဘုရားလောင်း၏ မယ်တော်အားရင်း ရေချိုးခြင်းကိစ္စကို ပြုကြကုန်၏" ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၇)

၂၀၇။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဖွားခါစဖြစ်သောဘုရားလောင်းသည် ညီညွတ်သော ခြေတို့ဖြင့် မြေ၌ ရပ်တည်ပြီးလျှင် မြောက်အရပ်သို့ ရှေးရှုခုနစ်ဘဝါးလှမ်းသဖြင့် ကြွမြန်း၏၊ထီးဖြူတော်ဆောင်းလျက် အလုံးစုံအရပ်တို့ကိုလည်း ကြည့်ရှု၏၊ 'ငါသည် လောကမှာ ထိပ်ဆုံးဖြစ်၏၊ ငါသည် လောကမှာ အကြီးဆုံးဖြစ်၏၊ ငါသည် လောကမှာ အမြတ်ဆုံး ဖြစ်၏၊ ဤအဖြစ်'ဇာတိ'သည် နောက်ဆုံးအဖြစ် 'ဇာတိ'တည်း၊ နောင်တဖန် ဖြစ်ရမှု မရှိတော့ပြီ'ဟူ၍ ကြုံးဝါးသော စကားကိုလည်း မြွက်ဆို၏"ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၈)

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်မှ "အာနန္ဒာ ဘုရားလောင်း၏ မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ နတ်နှင့်တကွသော မာရ်နှင့်တကွသော ဗြဟ္မာနှင့် တကွသော ဤလောက၌ရင်း(သာသနာတော်အတွင်းအပဖြစ်သော)သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်း၌ရင်း အတိုင်းမရှိ ပြန့်နှံ့နိုင်သော အလွန်အကဲတောက်ပသော အရောင်သည် နတ်တို့၏ အရောင်ကို လွန်၍ လောက၌ ထင်ရှားဖြစ်၏၊ အမြဲဟင်းလင်း ပွင့်၍ အထိအခိုက် မရှိကုန်သော (အထက်အောက်ကလည်း) အပိတ်အခံဟူသော အဆီးအတား မရှိကုန်သော အမိုက်မှောင်ရှိကုန်သော ကဏ်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်မှောင်နှင့် ပြည့်စုံကုန်သော လောကန္တရိက်ငရဲတို့၌ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့သည် မိမိအရောင်ဖြင့် မထွန်းလင်းနိုင်ကုန်၊ ထိုလောကန္တရိက်ငရဲ၌သော်လည်း အတိုင်းမရှိ အရောင်ပြန့်နှံ့နိုင်သော အလွန်အကဲတောက်ပသော အရောင်သည် နတ်တို့၏အရောင်ကို လွန်၍ လောက၌ ထင်ရှားဖြစ်၏။ ထိုလောကန္တရိက်ငရဲတို့၌ ဖြစ်ကုန်သော သတ္တဝါတို့သည်လည်း ထိုဘုရားလောင်းကို စွဲ၍ဖြစ်သော အရောင်ဖြင့် 'အိုအချင်းတို့ ဤနေရာ၌ ဖြစ်လာကုန်သော တပါးသော သတ္တဝါတို့သည်လည်း ရှိကုန်ချေ၏တကား'ဟု အချင်းချင်း သိကုန်၏။ ဤတသောင်းသော လောကဓာတ်သည်လည်း ပြင်းစွာ တုန်လှုပ်၏၊ အောက်အထက် တုန်လှုပ်၏၊ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်၏၊ အတိုင်းမရှိ ပြန့်နှံ့နိုင်သော အလွန်အကဲတောက်ပသော အရောင်သည်လည်း နတ်တို့၏ အရောင်ကို လွန်၍ လောက၌ ထင်ရှားဖြစ်၏"ဟူသော စကားကို ကြားနာရဘူးပါ၏၊ ခံယူရဘူးပါ၏။ မြတ်စွာဘုရား။ပ။ မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း အကျွန်ုပ် မှတ်သားမိပါ၏။ (၁၉)

၂၀၈။ အာနန္ဒာ ထိုသို့ဖြစ်လျှင် သင်သည် ဤဆိုလတ္တံ့သော အကြောင်းကိုလည်း ငါဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း မှတ်လေလော့။ အာနန္ဒာ ငါဘုရား

http://www.dhammadownload.com



အား ဝေဒနာတို့သည် ထင်ရှားစွာဖြစ်ကုန်၏၊ ထင်ရှားစွာတည်ကုန်၏၊ ထင်ရှားစွာချုပ်ခြင်းသို့ ရောက်ကုန်၏။ သညာတို့သည် ထင်ရှားစွာဖြစ်ကုန်၏။ပ။ဝိတက်တို့သည် ထင်ရှားစွာ ဖြစ်ကုန်၏၊ ထင်ရှားစွာ တည်ကုန်၏၊ ထင်ရှားစွာ ချုပ်ခြင်းသို့ ရောက်ကုန်၏။ အာနန္ဒာ သင်သည် ဤ အကြောင်းကိုလည်း ငါဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း မှတ်လော့ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား မြတ်စွာဘုရားအား ဝေဒနာတို့သည် ထင်ရှားစွာဖြစ်ခြင်း ထင်ရှားစွာတည်ခြင်း ထင်ရှားစွာ ချုပ်ခြင်းသို့ရောက်ခြင်း၊ သညာတို့သည် ထင်ရှားစွာဖြစ်ခြင်း။ပ။ဝိတက်တို့သည် ထင်ရှားစွာဖြစ်ခြင်း ထင်ရှားစွာတည်ခြင်း ထင်ရှားစွာချုပ်ခြင်းသို့ ရောက်ခြင်းကိုလည်း မြတ်စွာဘုရား၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း မှတ်သားထားပါအံ့ဟု (လျှောက်၏)။

အသျှင်အာနန္ဒာသည် ဤစကားကို လျှောက်ထား၏။ မြတ်စွာဘုရားသည် လက်ခံတော်မူ၏။ ထိုရဟန်းတို့သည် အသျှင်အာနန္ဒာ၏စကားကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

သုံးခုမြောက် အစ္ဆရိယအဗ္ဘုတသုတ် ပြီး၏။

---

## ၄-ဗာကုလသုတ်

၂၀၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်ဗာကုလသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေ၏။ ထိုအခါ အသျှင်ဗာကုလ၏ ရှေးလူဖြစ်စဉ်က မိတ်ဆွေဖြစ်သော အစေလကဿပသည် အသျှင်ဗာကုလထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဗာကုလ နှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံး စေ၍ သင့်လျော်ရာ၌ထိုင်ကာ အသျှင်ဗာကုလအား ဤစကားကို ပြောဆို၏—

"ငါ့သျှင်ဗာကုလ ရဟန်းပြုသည်မှာ အဘယ်မျှကြာပြီနည်း"ဟု (မေး၏)။ ငါ့သျှင် ငါရဟန်း ပြုသည်မှာ အနှစ်ရှစ်ဆယ်ရှိပြီဟု (ဆို၏)။ ငါ့သျှင်ဗာကုလ ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ် နှစ်ကြိမ် မေထုန်အကျင့်ကို သင်မှီဝဲသနည်းဟု (မေး၏)။ ငါ့သျှင်ကဿပ ငါ့အား "ငါ့သျှင် ဗာကုလ ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန်အကျင့်ကို သင်မှီဝဲသနည်း"ဟု မမေး သင့်။ ငါ့သျှင်ကဿပ ငါ့အား "ငါ့သျှင်ဗာကုလ ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် ကာမဂုဏ်နှင့်စပ်သော သညာဖြစ်ဘူးသနည်း"ဟုသာ မေးသင့်၏ဟု (ဆို၏)။

၂၁၀။ ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား ကာမဂုဏ်နှင့်စပ် သောသညာဖြစ်ဘူး၏ဟူ၍ မသိစဘူး။အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ကာမဂုဏ်နှင့်စပ် သောသညာကို ဖြစ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၁)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား သူတပါးအား ဖျက်ဆီးလိုမှု နှင့်စပ်သောသညာ။ပ။သူတပါးအား ညှဉ်းဆဲလိုမှုနှင့်စပ်သောသညာဖြစ်ဘူး၏ဟူ၍ မသိစဘူး။

http://www.dhammadownload.com



အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး သူတပါးအား ညှဉ်းဆဲလိုမှုနှင့် စပ်သောသညာ ဖြစ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၂-၃)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား ကာမဂုဏ်နှင့်စပ်သော ကြံစည်ခြင်း ကာမဝိတက်ဖြစ်ဘူး၏ဟူ၍ မသိစဘူး။ အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ကာမဂုဏ်နှင့်စပ်သော ကြံစည်ခြင်း ကာမဝိတက်ဖြစ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၄)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား သူတပါးအား ဖျက်ဆီးလိုမှုနှင့်စပ်သော'ဗျာပါဒ'ဝိတက်။ပ။သူတပါးအား ညှဉ်းဆဲလိုမှုနှင့်စပ်သော'ဝိဟိံသာ'ဝိတက်ဖြစ်ဘူး၏ဟူ၍ မသိစဘူး။ အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး သူတပါးအား ညှဉ်းဆဲလိုမှုနှင့် စပ်သော'ဝိဟိံသာ'ဝိတက်ဖြစ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၅-၆)

၂၁၁။ ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသော ငါသည် ဒါယကာတို့လှူသော သင်္ကန်းကို သာယာဘူး၏ဟူ၍ မသိစဘူး။အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ဒါယကာတို့ လှူသော သင်္ကန်းကို သာယာဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၇)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား သင်္ကန်းကို ဓားဖြင့်ဖြတ်ဘူး၏ဟူ၍ မသိစဘူး။ အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး သင်္ကန်းကို ဓားဖြင့်ဖြတ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း။ပ။မှတ်ရပါကုန်၏။ (၈)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါသည် သင်္ကန်းကို အပ်ဖြင့်ချုပ်ဘူး၏ဟူ၍ မသိစဘူး။ပ။သင်္ကန်းကို ဆိုးရည်ဖြင့်ဆိုးဘူး၏ဟူ၍ မသိစဘူး။ပ။ကထိန်သင်္ကန်းကို ချုပ်ဘူး၏ဟူ၍ မသိစဘူး။ပ။သီတင်းသုံးဖော်တို့၏ သင်္ကန်းချုပ်ရာ၌ စီရင်ဘူး၏ဟူ၍ မသိစဘူး။ ပင့်ဖိတ်သော ဆွမ်းကို သာယာဘူး၏ဟူ၍ မသိစဘူး။ "တစုံတယောက်သော ဒါယကာသည် ငါ့ကို ပင့်ဖိတ်မူ ကောင်းလေစွ"ဟု ဤသို့သဘောရှိသော စိတ်ဖြစ်ဘူး၏ဟူ၍ မသိစဘူး။ ရွာတွင်း၌ ထိုင်ဘူး၏ဟူ၍ မသိစဘူး။ပ။ရွာတွင်း၌ စားဘူး၏ဟူ၍ မသိစဘူး။ မာတုဂါမကို မိန်းမဟူသော အမှတ်လက္ခဏာအားဖြင့် ကြည့်ဘူး၏ဟူ၍ မသိစဘူး။ မာတုဂါမအား အယုတ်ဆုံးအားဖြင့် လေးပါဒရှိသော ဂါထာမျှဖြင့် တရားကို ဟောဘူး၏ဟူ၍ မသိစဘူး။ ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်ဘူး၏ဟူ၍ မသိစဘူး။ ဘိက္ခုနီမအား တရားဟောဘူး၏ဟူ၍ မသိစဘူး။ သိက္ခမာန်မအား တရားဟောဘူး၏ဟူ၍ မသိစဘူး။ သာမဏေမအား တရားဟောဘူး၏ဟူ၍ မသိစဘူး။ ဥပဇ္ဈာယ်ပြုလျက် ရှင်ပြုဘူး၏ဟူ၍ မသိစဘူး။ ဥပဇ္ဈာယ်ပြုလျက် ရဟန်းခံပေးဘူး၏ဟူ၍ မသိစဘူး။ နိဿရည်းပေးဘူး၏ဟူ၍ မသိစဘူး။ သာမဏေကို လုပ်ကျွေးစေဘူး၏ဟူ၍ မသိစဘူး။ ရေချိုးဆိပ်၌ ရေချိုးဘူး၏ဟူ၍ မသိစဘူး။ ရေချိုးကသယ်မှုန့်ဖြင့် ရေချိုးဘူး၏ဟူ၍ မသိစဘူး။ သီတင်းသုံးဖော်တို့၏ ကိုယ်ကို ဆုပ်နယ်မှု၌ စီရင်ဘူး၏ဟူ၍ မသိစဘူး။ အယုတ်သဖြင့် နွားနို့တညှစ်ခန့်မျှလည်း အနာဖြစ်ဘူး၏ဟူ၍ မသိစဘူး။ အယုတ်သဖြင့် သျှိသျှားသီးပိုင်းမျှလည်း ဖြစ်သော ဆေးကို သုံးဆောင်ဘူး၏ဟူ၍ မသိစဘူး။ပ။ တံကဲပျဉ်ကိုမှီ၍ အိပ်ဘူး၏ဟူ၍ မသိ

http://www.dhammadownload.com



စဘူး။ အိပ်ရာ၌ အိပ်ဘူး၏ဟူ၍ မသိစဘူး။ပ။ အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း ငါတို့မှတ်ရပါကုန်၏။ (၉-၃၃)

ငါ့သျှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသော ငါသည် ရွာနီးကျောင်း၌ ဝါကပ်ဘူး၏ဟူ၍ မသိစဘူး။ အသျှင်ဗာကုလ၏ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရွာနီးကျောင်း၌ ဝါကပ်ဘူး၏ဟူ၍ မသိခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း ငါတို့မှတ်ရပါကုန်၏။ (၃၄)

ငါ့သျှင်ကဿပ ငါသည် ရဟန်းဖြစ်၍ ခုနစ်ရက်သာလျှင် ကိလေသာရှိသော ပုထုဇဉ်ဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို စားခဲ့ဘူး၏၊ထို့နောက် ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ်သည် ထင်ရှားဖြစ်၏။ အသျှင်ဗာကုလ၏ ရဟန်းဖြစ်၍ ခုနစ်ရက်သာလျှင် ကိလေသာရှိသော ပုထုဇဉ်ဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို စားခြင်း ထို့နောက် ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ် ထင်ရှားဖြစ်ခြင်းကိုလည်း အသျှင် ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း ငါတို့ မှတ်ရပါကုန်၏။ (၃၅)

၂၁၂။ ငါ့သျှင်ဗာကုလ အကျွန်ုပ်သည် ဤသုတ် အဘိဓမ္မာ ဝိနည်းဟူသော မြတ်စွာဘုရား သာသနာတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏ဟု လျှောက်၏။ အစေလကဿပ သည် ဤသုတ်အဘိဓမ္မာဝိနည်းဟူသော မြတ်စွာဘုရားသာသနာတော်၌ ရှင်အဖြစ်ကိုရ၏၊ ပဉ္စင်း အဖြစ်ကိုရ၏။

အသျှင်ကဿပသည် ရဟန်းဖြစ်၍ မကြာမြင့်မီ တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့ မလျော့ လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိလျက် နေသည်ရှိသော် မကြာမြင့်မီ ပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြသော အမျိုးကောင်းသားများ မြော်လင့် ထားခဲ့ကြသော အတုမဲ့မြတ်သောအကျင့်၏ ဆုံးခန်းတိုင်ရောက်မှုကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံး ပြီးပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ဤအရဟတ္တဖိုလ်ဟူသော အကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိပြီ" ဟု သိ၏။ အသျှင်ကဿပသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၏။

ထို့နောက် အခါတပါး၌ အသျှင်ဗာကုလသည် သော့ကို ယူ၍ တကျောင်းမှတကျောင်းသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ ရွှေသို့တက်ကုန်လော့၊ အသျှင်ဘုရားတို့ ရွှေသို့တက်ကုန်လော့၊ ယနေ့ အကျွန်ုပ်၏ပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဖြစ်လတ္တံ့"ဟု ဤသို့ပြောဆို၏။ အသျှင်ဗာကုလ၏ သော့ကိုယူ၍ တကျောင်းမှ တကျောင်းသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ ရွှေသို့ တက်ကုန်လော့၊ အသျှင်ဘုရားတို့ ရွှေသို့တက်ကုန်လော့၊ ယနေ့ အကျွန်ုပ်၏ပရိနိဗ္ဗာန်ဝင်စံခြင်း သည် ဖြစ်လတ္တံ့"ဟု ပြောဆိုခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း အကျွန်ုပ်တို့ မှတ်ရပါကုန်၏။ (၃၆)

အသျှင်ဗာကုလသည် ရဟန်းအပေါင်း၏အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်ဝင်စံ၏။ အသျှင်ဗာကုလ၏ ရဟန်းအပေါင်း၏အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန် ဝင်စံခြင်းကိုလည်း အသျှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍ရင်း မဖြစ်စဘူး ထူးသောသဘောဟူ၍ရင်း ငါတို့မှတ်ရပါကုန် ၏ဟု (ပြောဆို၏)။ (၃၇)

လေးခုမြောက် ဗာကုလသုတ် ပြီး၏။

http://www.dhammadownload.com



## ၅-ဒန္တဘူမိသုတ်

၂၁၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အစိရဝတမည်သော သာမဏေသည် ကမ္ဘဋ္ဌာန်းအားထုတ်သော ရဟန်းတို့နေရန် ပြုထားသော ကျောင်း၌နေ၏။ ထိုအခါ ဇယသေနမည်သော ဗိမ္ဗိသာရမင်း၏သားသည် အညောင်းပြေ လမ်းလျှောက် လှည့်လည်ယင်း အစိရဝတသာမဏေရှိရာသို့ ချဉ်းကပ်ပြီးလျှင် အစိရဝတသာမဏေနှင့်အတူ ဝမ်းမြောက်ဝမ်းသာပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် အစိရဝတသာမဏေအား ဤစကားကို ပြောဆို၏—

အချင်းအဂ္ဂိဝေဿန "ဤသာသနာတော်၌ မမေ့မလျော့လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိလျက်နေသော ရဟန်းသည် စိတ်၏တည်ကြည်ခြင်း ဧကဂ္ဂတာကို ရရာ၏" ဟူသော ဤစကားကို အကျွန်ုပ်ကြားဘူးပါသည်ဟု ပြောဆို၏။ မင်းသား ဤအတိုင်းပင် မှန်ပေ၏၊ မင်းသား ဤအတိုင်းပင် မှန်ပေ၏၊ ဤသာသနာတော်၌ မမေ့မလျော့လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းသည် စိတ်၏ တည်ကြည်ခြင်း ဧကဂ္ဂတာကို ရရာ၏ ဟု (ပြောဆို၏)။ တောင်းပန်ပါ၏၊ အသျှင်အဂ္ဂိဝေဿနသည် ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း အကျွန်ုပ်အား တရားဟောပါလော့ ဟု (လျှောက်၏)။ မင်းသား ငါသည် ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း သင့်အား တရားဟောခြင်းငှါ မစွမ်းနိုင်၊ မင်းသား ငါသည် အကယ်၍ ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း သင့်အား တရားဟောငြားအံ့၊ သင်သည်လည်း ငါဟောသော တရားအဓိပ္ပါယ်ကို မသိနိုင်ငြားအံ့၊ ငါ့အား ကိုယ်ပင်ပန်းခြင်းသည် ဖြစ်ရာ၏၊ ငါ့အား စိတ်ဆင်းရဲခြင်းသည် ဖြစ်ရာ၏ ဟု (ပြောဆို၏)။

အသျှင်အဂ္ဂိဝေဿနသည် ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း အကျွန်ုပ်အား တရားဟောပါလော့၊ အကျွန်ုပ်သည် အသျှင်အဂ္ဂိဝေဿန ဟောသော တရား၏ အဓိပ္ပါယ်ကို သိကောင်း သိနိုင်ရာပါ၏ဟု (လျှောက်၏)။ မင်းသား ငါသည် ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း သင့်အား တရားဟောရာ၏၊ သင်သည် ငါဟောသော တရား၏ အဓိပ္ပါယ်ကို အကယ်၍ သိငြားအံ့၊ ဤသို့ သိခြင်းသည် ကောင်း၏၊ သင်သည် ငါဟောသော တရား၏ အဓိပ္ပါယ်ကို အကယ်၍ မသိပါမူ မသိသည့်အတိုင်းသာလျှင် တည်လော့၊ ထိုမသိသည့်အရာ၌ ငါ့ကို ထပ်၍ မမေးလင့် ဟု (ပြောဆို၏)။ အသျှင်အဂ္ဂိဝေဿနသည် ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း အကျွန်ုပ်အား တရားဟောပါလော့၊ အကျွန်ုပ်သည် အသျှင်အဂ္ဂိဝေဿန ဟောသော တရား၏ အဓိပ္ပါယ်ကို အကယ်၍ သိပါမူ ကောင်း၏၊ အကျွန်ုပ်သည် အသျှင်အဂ္ဂိဝေဿန ဟောသော တရား၏ အဓိပ္ပါယ်ကို အကယ်၍ မသိပါမူ မသိသည့်အတိုင်းသာလျှင် တည်ပါအံ့၊ အကျွန်ုပ်သည် အသျှင်အဂ္ဂိဝေဿနကို ထပ်၍ မမေးပါဟု (လျှောက်၏)။

၂၁၄။ ထိုအခါ အစိရဝတသာမဏေသည် ဇယသေန မင်းသားအား ကြားနာဘူးသည့်အတိုင်း သင်ကြားဘူးသည့်အတိုင်း တရားကို ဟော၏။ ဤသို့ ဟောသည်ရှိသော် ဇယသေန မင်းသားသည် အစိရဝတ သာမဏေကို "အချင်းအဂ္ဂိဝေဿန မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်

http://www.dhammadownload.com



သော စိတ်ရှိလျက်နေသော ရဟန်းသည် စိတ်၏တည်ကြည်ခြင်း ချာန်သမာပတ်ကို ရရာ၏၊ ဤအကြောင်းသည် အကြောင်းမဟုတ် အခွင့်မဟုတ်”ဟု ဤစကားကို ပြောဆို၏။ထို့နောက် ဇယသေနမင်းသားသည် အစိရဝတသာမဏေအား အကြောင်းမဟုတ်ခြင်းကိုငင်း အခွင့်မဟုတ်ခြင်းကိုငင်း ပြောကြားပြီးလျှင် နေရာမှ ထကာ ဖဲသွား၏။

ထိုအခါ အစိရဝတသာမဏေသည် ဇယသေနမင်းသား ဖဲသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကာ ဇယသေနမင်းသားနှင့်အတူ ပြောဆိုခဲ့သမျှ စကားအသုံးစုံကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ ဤသို့ လျှောက်ထားသည် ရှိသော် မြတ်စွာဘုရားသည် အစိရဝတသာမဏေအား ဤစကားကို မိန့်တော်မူ၏— အဂ္ဂိဝေဿန ဤကာမမှ ထွက်မြောက်ခြင်း 'နေက္ခမ္မ'ဖြင့် သိသင့်သော မြင်သင့်သော ရောက်သင့်သော မျက်မှောက်ပြုသင့်သော စိတ်တည်ကြည်မှုကို ဇယသေနမင်းသားသည် ကာမဂုဏ်တို့၏ အလယ်၌ နေလျက် ကာမဂုဏ်တို့ကို သုံးဆောင်လျက် ကာမဝိတက်တို့ ထိုးကျင့် ကိုက်ခဲခံနေလျက် ကိလေသာကာမ ဟူသော ပူလောင်ခြင်းဖြင့် ပူလောင်လျက် ကာမဂုဏ်တို့ကို ရှာမှီးခြင်း၌ အားထုတ်လျက် သိမှုလည်း သိလတ္တံ့ မြင်မှုလည်း မြင်လတ္တံ့ မျက်မှောက်ပြုမှုလည်း ပြုလတ္တံ့ ဟူသော အကြောင်းကို အဘယ်မှာ ရမည်နည်း၊ ဤအကြောင်းမျိုးသည် မရှိ။

၂၁၅။ အဂ္ဂိဝေဿန ဥပမာအားဖြင့် ကောင်းစွာယဉ်ကျေးပြီးသော ကောင်းစွာ ဆုံးမပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ရှိကုန်ရာ၏။ မယဉ်ကျေးသေး မဆုံးမရသေးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ရှိကုန်ရာ၏။အဂ္ဂိဝေဿန ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကောင်းစွာ ယဉ်ကျေးပြီးသော ကောင်းစွာ ဆုံးမပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင် တို့သည် စင်စစ်အားဖြင့် ယဉ်ကျေးကုန်သည် ဖြစ်၍သာလျှင် ယဉ်ကျေးသော အပြုအမူသို့ ရောက်ကုန်ရာသည် မဟုတ်လော၊ ယဉ်ကျေးကုန်သည် ဖြစ်၍သာလျှင် ယဉ်ကျေးသောနေရာဌာနသို့ ရောက်ကုန်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား ရောက်ကုန်ရာပါ၏ဟု (လျှောက်၏)။

မယဉ်ကျေးသေးသော မဆုံးမရသေးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ကောင်းစွာ ယဉ်ကျေးပြီးသော ကောင်းစွာ ဆုံးမပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့ကဲ့သို့ မယဉ်ကျေးကုန်ပဲသာလျှင် ယဉ်ကျေးသော အပြုအမူသို့ ရောက်အပ်သော အရာသို့ ရောက်ကုန်ရာသလော၊ မယဉ်ကျေးပဲသာလျှင် ယဉ်ကျေးသော အရာသို့ ရောက်နိုင်ကုန်ရာသလော ဟု (မေးတော်မူ၏)။မြတ်စွာဘုရား ဤရောက်နိုင်ခြင်းသည် မသင့်ပါဟု (လျှောက်၏)။

အဂ္ဂိဝေဿန ဤဥပမာအတူသာလျှင် ကာမမှ ထွက်မြောက်ခြင်းဖြင့် သိသင့်သော မြင်သင့်သော ရောက်သင့်သော မျက်မှောက်ပြုသင့်သော စိတ်တည်ကြည်မှုကို စင်စစ် ဇယသေနမင်းသားသည် ကာမဂုဏ်တို့၏အလယ်၌ နေလျက် ကာမဂုဏ်တို့ကို သုံးဆောင်လျက် ကာမဝိတက်တို့ ထိုးကျင့် ကိုက်ခဲနေလျက် ကိလေသာကာမ ဟူသော ပူလောင်ခြင်းဖြင့် ပူလောင်လျက် ကာမဂုဏ်တို့ကို ရှာခြင်း၌ အားထုတ်လျက် သိမှုလည်း သိလတ္တံ့၊ မြင်မှုလည်း မြင်လတ္တံ့၊ မျက်မှောက်ပြုမှုလည်းပြုလတ္တံ့ဟူသော အကြောင်းသည် မရှိ။

http://www.dhammadownload.com



၂၁၆။ အဂ္ဂိဝေဿန ဥပမာအားဖြင့် ရွာ၏၎င်း နိဂုံး၏၎င်း မဝေးလွန်းသောအရပ်၌ တောင်ကြီးသည် ရှိရာ၏၊သူငယ်ချင်း နှစ်ယောက်တို့သည် ထိုရွာမှ၎င်း ထိုနိဂုံးမှ၎င်း ထွက်ခဲ့၍ တယောက်လက် တယောက်ဆက်သဖြင့် ထိုတောင်ကြီးရှိရာ အရပ်သို့ ချဉ်းကပ်ကုန်ပြီးလျှင် သူငယ်ချင်းတယောက်သည် တောင်ခြေရင်းအောက်၌ တည်ရာ၏၊ သူငယ်ချင်းတယောက်သည် တောင်ထက်သို့ တက်ရာ၏။ တောင်ခြေရင်းအောက်၌ တည်ရစ်သော သူငယ်ချင်းသည် တောင်ထက်၌ တည်သော ထိုသူငယ်ချင်းကို "သူငယ်ချင်း တောင်ထက်၌တည်သော အသင်သည် ဘာကို မြင်ရသနည်း" ဟု ပြောဆိုရာ၏။ ထိုတောင်ထက်က သူငယ်ချင်းသည် "သူငယ်ချင်း တောင်ထက်၌ တည်သော ငါသည် နှစ်သက်ဖွယ်ကောင်းသော အရံကို၎င်း နှစ်သက်ဖွယ်ကောင်းသော တောကို၎င်း နှစ်သက်ဖွယ်ကောင်းသော မြေအရပ်ကို၎င်း နှစ်သက်ဖွယ်ကောင်းသော ရေကန်ကို၎င်း မြင်ရသည်သာတည်း" ဟု ပြောဆိုရာ၏။

ထိုတောင်အောက်က သူငယ်ချင်းသည် "တောင်ထက်၌ တည်သော အသင်သည် နှစ်သက်ဖွယ်ကောင်းသော အရံကို၎င်း နှစ်သက်ဖွယ်ကောင်းသော တောကို၎င်း နှစ်သက်ဖွယ်ကောင်းသော မြေအရပ်ကို၎င်း နှစ်သက်ဖွယ်ကောင်းသော ရေကန်ကို၎င်း မြင်ရခြင်းသည် အကြောင်းမဟုတ် အရာမဟုတ်" ဟု ပြောဆိုရာ၏။ ထိုတောင်ထက်၌ တည်သော သူငယ်ချင်းသည် တောင်ခြေရင်းအောက်သို့ သက်ဆင်းလျက် ထိုသူငယ်ချင်း၏ မောင်းကို ကိုင်၍ တောင်ထက်သို့ တင်ပြီးလျှင် တခဏမျှ သက်သာရာကို ရစေလျက် ထိုသူငယ်ချင်းကို "သူငယ်ချင်း တောင်ထက်၌ တည်သောအသင်သည် ဘာကို မြင်ရသနည်း" ဟုပြောဆိုရာ၏။

ထိုတောင်ပေါ်သို့ ရောက်သောသူသည် "သူငယ်ချင်း တောင်ထက်၌ တည်သော ငါသည် နှစ်သက်ဖွယ်ကောင်းသော အရံကို၎င်း နှစ်သက်ဖွယ်ကောင်းသော တောကို၎င်း နှစ်သက်ဖွယ်ကောင်းသော မြေအရပ်ကို၎င်း နှစ်သက်ဖွယ်ကောင်းသော ရေကန်ကို၎င်း မြင်ရသည်သာတည်း" ဟု ပြောဆိုရာ၏။ ထိုတောင်ထက်၌ တည်ပြီးသူသည် "သူငယ်ချင်း တောင်ထက်၌ တည်သော အသင်သည် နှစ်သက်ဖွယ်ကောင်းသော အရံကို၎င်း နှစ်သက်ဖွယ်ကောင်းသော တောကို၎င်း နှစ်သက်ဖွယ်ကောင်းသော မြေအရပ်ကို၎င်း နှစ်သက်ဖွယ်ကောင်းသော ရေကန်ကို၎င်း မြင်ရခြင်းသည် အကြောင်းမဟုတ် အရာမဟုတ် ဟူ၍ သင်သည် ပြောဆိုထားသော စကားကို ငါတို့သည် ယခုအခါ၌သာလျှင် သိရကုန်၏။ သူငယ်ချင်း တောင်ထက်၌ တည်သော ငါသည် နှစ်သက်ဖွယ်ကောင်းသော အရံကို၎င်း နှစ်သက်ဖွယ်ကောင်းသော တောကို၎င်း နှစ်သက်ဖွယ်ကောင်းသော မြေအရပ်ကို၎င်း နှစ်သက်ဖွယ်ကောင်းသော ရေကန်ကို၎င်း မြင်ရ၏ ဟူ၍ သင်ပြောဆိုထားသော စကားကို ငါတို့သည် ယခုအခါ၌သာလျှင် သိရကုန်၏" ဟု ပြောဆိုရာ၏။ ထိုတောင်ထက်သို့ တက်ရောက်လာသော သူသည် "သူငယ်ချင်း သင်ပြောတိုင်း မှန်၏၊စင်စစ်မှာ ငါသည် ကြီးစွာသော ဤတောင်ကြီးဖြင့် ဆီးတား ပိတ်ပင်အပ်သည်ဖြစ်၍ မြင်ထိုက်သော အရံ တော မြေ ရေကန်တို့ကို မမြင်ရသည်သာတည်း" ဟု ပြောဆိုရာ၏။

အဂ္ဂိဝေဿန ထိုတောင်ထက် အထူးသဖြင့် ကြီးသော အဝိဇ္ဇာဟူသော အစုဖြင့် တားမြစ်အပ်သော ပိတ်ပင်အပ်သော မြှေးယှက်အပ်သော ထက်ဝန်းကျင် မြှေးယှက်အပ်သော ဇယသေန မင်းသားသည် ကာမဂုဏ်မှ ထွက်မြောက်ခြင်းဖြင့် သိသင့်သော မြင်သင့်သော ရောက်သင့်သော မျက်မှောက်ပြုသင့်သော စိတ်တည်ကြည်မှု ဧကဂ္ဂတာ သမာပတ်ကို စင်စစ် ကာမဂုဏ်တို့၏ အလယ်၌ နေလျက် ကာမဂုဏ်တို့ကို သုံးဆောင်လျက် ကာမဝိတက်တို့ ထိုးကျင့်ကိုက်ခဲခံနေလျက် ကိလေသာကာမဟူ

http://www.dhammadownload.com



သော ပူလောင်ခြင်းဖြင့် ပူလောင်လျက် ကာမဂုဏ်တို့ကို ရှာမှီးခြင်းငှါ အားထုတ်လျက် သိမှုလည်း သိလတ္တံ့၊ မြင်မှုလည်း မြင်လတ္တံ့၊ မျက်မှောက်ပြုမှုလည်း ပြုလတ္တံ့ ဟူသော အကြောင်းသည် မရှိ။

အဂ္ဂိဝေဿန ဇယသေနမင်းသားအား ဤနှစ်ခုသော ဥပမာတို့ကို အကယ်၍ ထင်စေနိုင်ငြားအံ့၊ ဤသို့ ထင်စေနိုင်သည်ရှိသော် သင့်အား ဇယသေနမင်းသားသည် ကြည်ညိုငြားအံ့၊ ကြည်ညိုသည်ဖြစ်၍ သင့်အား ကြည်ညိုသော အခြင်းအရာကို ပြုငြားအံ့၊ အံ့ဩဖွယ် မရှိချေ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ဇယသေနမင်းသားအား အဖန်တလဲလဲ အံ့ဩဖွယ်ဖြစ်ကုန်သော ရှေးက မကြားဘူးကုန်သော ဤနှစ်ပါးသော ဥပမာတို့သည် မြတ်စွာဘုရားဉာဏ်တော်၌ ထင်သကဲ့သို့ အကျွန်ုပ်ဉာဏ်၌ အဘယ်မှာလျှင် ထင်လာပါအံ့နည်းဟု (လျှောက်၏)။

၂၁၇။ အဂ္ဂိဝေဿန မင်းမျိုး၌ ဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်းသည် ဆင်ဖမ်းသမားကို "အမောင်ဆင်ဖမ်းသမား လာလော့၊ သင်သည် မင်း၏ ဆင်ယဉ်ကို တက်စီးလျက် ဆင်တောသို့ဝင်၍ တောနေဆင်ရိုင်းကို မြင်သည်ရှိသော် မင်းဆင်၏ လည်၌ တွဲကပ်ချည်လော့"ဟု ပြောဆို၏။ အဂ္ဂိဝေဿန "အရှင်မင်းကြီး ကောင်းပါပြီ"ဟု ဝန်ခံ၍ ဆင်ဖမ်းသမားသည် မင်းမျိုး၌ ဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်း၏စကားကို ရှေးရှုနားထောင်ပြီးလျှင် မင်း၏ဆင်ယဉ်ကို တက်စီးလျက် ဆင်တောသို့ ဝင်၍ တောဆင်ရိုင်းကို မြင်သည်ရှိသော် မင်းဆင်၏လည်၌ တွဲကပ်ချည်လေ၏၊ ထိုတောဆင်ရိုင်းကို မင်း၏ဆင်ယဉ်သည် လွင်ပြင်သို့ ထုတ်ဆောင်၏၊ အဂ္ဂိဝေဿန ဤမျှလောက်ဖြင့် တောဆင်ရိုင်းသည် လွင်ပြင်သို့ရောက်၏။ အဂ္ဂိဝေဿန တောဆင်ရိုင်းတို့သည် ဤဆင်တော၌ နှစ်သက်ပျော်မွေ့ကုန်၏၊ ထိုတောဆင်ရိုင်းကို ဆင်ဖမ်းသမားသည် မင်းမျိုး၌ ဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်းအား "အရှင်မင်းမြတ် တောဆင်ရိုင်းသည် လွင်ပြင်၌ ရောက်နေပါပြီ"ဟု သံတော်ဦးတင်၏။

အဂ္ဂိဝေဿန ထို့နောက် မင်းမျိုး၌ ဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်းသည် ထိုဆင်ဆရာကို "အမောင်ဆင်ဆရာ သင်လာလော့၊ တောဆင်ရိုင်းကို တော၌ဖြစ်သော အလေ့တို့ကို နှိပ်နင်းခြင်း အကျိုးငှါလည်းကောင်း၊ တော၌ ဖြစ်သော ညှဉ်းဆဲခြင်း အကြံအစည်တို့ကို နှိပ်နင်းခြင်းအကျိုးငှါ ရင်း တော၌ဖြစ်သော ပူပန်ခြင်း ပင်ပန်းခြင်း ပူလောင်ခြင်းတို့ကို နှိပ်နင်းခြင်းအကျိုးငှါရင်း ရွာနီးဂိုး၌ အသွန်မွေ့လျော်ခြင်းငှါရင်း လူတို့နှစ်သက်သော အလေ့အကျင့်တို့၌ ဆောက်တည်စေခြင်းငှါရင်း ဆုံးမလေလော့" ဟု ပြောဆို၏။

အဂ္ဂိဝေဿန "အသျှင်မင်းမြတ် ကောင်းပါပြီ"ဟု ဆင်ဆရာသည် မင်းမျိုး၌ဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်း၏စကားကို ရှေးရှုနားထောင်၍ ကြီးစွာသော တိုင်ကို မြေ၌ တူးစိုက်လျက် တော၌ ဖြစ်ကုန်သော အလေ့တို့ကို နှိပ်နင်းခြင်းအကျိုးငှါရင်း တော၌ ဖြစ်ကုန်သော ညှဉ်းဆဲခြင်း အကြံအစည်တို့ကို နှိပ်နင်းခြင်းအကျိုးငှါရင်း တော၌ ဖြစ်ကုန်သော ပူပန်ခြင်း ပင်ပန်းခြင်း ပူလောင်ခြင်းတို့ကို နှိပ်နင်းခြင်း အကျိုးငှါရင်း ရွာနီး၌ အလွန်မွေ့လျော်ခြင်းငှါရင်း လူတို့နှစ်သက်သော အလေ့အကျင့်တို့၌ ဆောက်တည်စေခြင်းငှါရင်း တောဆင်ရိုင်း၏ လည်၌ တွဲကပ်၍ ချည်လေ၏။

ဆင်ဆရာသည် ထိုတောဆင်ရိုင်းကို အပြစ်ကင်းသောစကား နားချမ်းသာသောစကား နှစ်လိုဖွယ်ရှိသောစကား နှလုံးသို့ သက်ဝင်သောစကား ယဉ်ကျေးသောစကား လူအများ နှစ်သက်သော စကား လူအများ နှစ်ခြိုက်သောစကား ဤသို့သဘောရှိကုန်သော စကားတို့ဖြင့် ပြောဆို၏။

http://www.dhammadownload.com



အဂ္ဂိဝေဿန အကြင်အခါ၌ တောဆင်ရိုင်းသည် အပြစ်ကင်းသောစကား နားချမ်းသာသောစကား နှစ်လိုဖွယ်ရှိသောစကား နှလုံးသို့သက်ဝင်သောစကား ယဉ်ကျေးသောစကား လူအများနှစ်သက်သော စကား လူအများနှစ်ခြိုက်သော စကား ဤသို့ သဘောရှိသော စကားတို့ဖြင့် ဆင်ဆရာ ပြောဆိုသည်ရှိသော် ကြားနာလို၏၊ နားထောင်၏၊ သိအောင် စိတ်စိုက်၏၊ ထိုတောဆင်ရိုင်းကို ဆင်ဆရာသည် တဆင့်တက်၍ မြက်အစာရေစာကို အစဉ်မပြတ် ကျွေးမွေး၏။

အဂ္ဂိဝေဿန အကြင်အခါ၌ တောဆင်ရိုင်းသည် ဆင်ဆရာ၏ မြက်အစာရေစာကို လှမ်းယူ၏၊ ထိုအခါ၌ ဆင်ဆရာအား "ယခုအခါ၌ တောဆင်ရိုင်းသည် အသက်ရှင်လတ္တံ့ လော" ဟု ဤသို့ အကြံဖြစ်၏။ ထိုတောဆင်ရိုင်းကို ဆင်ဆရာသည် အိုဆင်မင်း ယူလော့၊ အိုဆင်မင်း ချထားလော့"ဟု တဆင့်တက်၍ အတတ်ကို သင်စေ၏။ အဂ္ဂိဝေဿန အကြင်အခါ၌ တောဆင်ရိုင်းသည် ဆင်ဆရာ၏ ယူလော့၊ ချထားလော့ ဟူသောစကားကို လိုက်နာ၏၊ ဆုံးမတိုင်း လိုက်နာ၍ ပြု၏၊ ထိုအခါ ထိုတောဆင်ရိုင်းကို ဆင်ဆရာသည်"အိုဆင်မင်း ရှေ့သို့တက်လော့၊အိုဆင်မင်း နောက်သို့ ဆုတ်လော့" ဟု တဆင့်တက်၍ အတတ်ကို သင်စေ၏။ အဂ္ဂိဝေဿန အကြင်အခါ၌ တောဆင်ရိုင်းသည် ဆင်ဆရာ၏ ရှေ့သို့ တက်လော့၊ နောက်သို့ ဆုတ်လော့ ဟူသော စကားကို လိုက်နာ၏၊ ဆုံးမတိုင်း လိုက်နာ၍ ပြု၏၊ ထိုအခါ ထိုတောဆင်ရိုင်းကို ဆင်ဆရာသည် "အို ဆင်မင်း ထလော့၊ အိုဆင်မင်း ထိုင်လော့" ဟု တဆင့်တက်၍ အတတ်ကိုသင်စေ၏။

အဂ္ဂိဝေဿန အကြင်အခါ၌ တောဆင်ရိုင်းသည် ဆင်ဆရာ၏ ထလော့၊ ထိုင်လော့ ဟူသော စကားကို လိုက်နာ၏၊ဆုံးမတိုင်း လိုက်နာ၍ပြု၏၊ထိုအခါ၌ ထိုတောဆင်ရိုင်းကို ဆင်ဆရာသည် တဆင့်တက်၍ မတုန်မလှုပ်သည်၏ အဖြစ်မည်သော အတတ်ကို သင်ကြား၏၊ ထိုတောဆင်ရိုင်း၏ နှာမောင်း၌ ကြီးစွာသော ပျဉ်ချပ်ကို ဖွဲ့ချည်လေ၏။ ချွန်းကိုင်သော ယောကျ်ားသည်လည်း လည်ကုပ်ထက်၌ ထိုင်၏။ ထက်ဝန်းကျင်မှလည်း ချွန်းကိုင်ကုန်သော ယောကျ်ားတို့သည် ခြံရံ၍ တည်ကုန်၏။ ဆင်ဆရာသည် ရှည်စွာသော အရိုးတပ်သော ချွန်းကို ကိုင်ပြီးလျှင် ရှေ့တည့်တည့်၌ တည်၏။ ထိုတောဆင်ရိုင်းသည် မတုန်လှုပ်သည်၏ အဖြစ်ဟူသော အတတ်ကို သင်ကြားသည်ရှိသော် ရှေ့ခြေတို့ကို မလှုပ်စေ၊ နောက်ခြေတို့ကို မလှုပ်စေ၊ ရှေ့ပိုင်း ကိုယ်ကို မလှုပ်စေ၊ နောက်ပိုင်းကိုယ်ကို မလှုပ်စေ၊ ဦးခေါင်းကို မလှုပ်စေ၊ နားတို့ကို မလှုပ်စေ၊ အစွယ်တို့ကို မလှုပ်စေ၊အမြီးကို မလှုပ်စေ၊ နှာမောင်းကို မလှုပ်စေ၊ ထိုတောဆင်ရိုင်းသည် လှံဖြင့် ထိုးခြင်းတို့ကိုလည်း သန်လျက်ဖြင့် ခုတ်ခြင်းတို့ကိုလည်း မြား မှန်ခြင်းတို့ကိုလည်း သလ္လတံ(အတောင်တပ်သောမြား)မှန်ခြင်းတို့ကိုလည်း စည်ကြီးသံ ထက်ဆည်သံ ပြွန်နှဲသံ ခရုသင်းသံ စည်ပုတ်သံ ပုံ့တင်သံတို့ကိုလည်း သည်းခံနိုင်၏၊ အလုံးစုံသော ကောက်ကျစ်စဉ်းလဲခြင်းဟူသော အပြစ်မှကင်းခြင်း ချွတ်ချယ်ခြင်းဟူသော အပြစ်ကို ပယ်ခြင်းရှိ၍ မင်းအား ထိုက်တန်သည် မင်းသုံးဆောင်ထိုက်သည်ဖြစ်၍ မင်း၏အသုံးအဆောင် အင်္ဂါဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၂၁၈။ အဂ္ဂိဝေဿန ဤဥပမာအတူသာလျှင် လောက၌ ပွင့်တော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကသုံးပါးကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ဆရာ ဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည်

http://www.dhammadownload.com



ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့် တကွသော ဤလောကကိုင်း (သာသနာအတွင်းအပဖြစ်သော) သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းကိုင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြားတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုတရားတော်ကို သူကြွယ်သည်ငှင်း သူကြွယ်သားသည်ငှင်း အခြားဇာတ်တမျိုးမျိုး၌ဖြစ်သော သူသည်ငှင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှု 'သဒ္ဒါ'ကို ရ၏၊ ထိုသူသည် ထိုယုံကြည်မှု 'သဒ္ဒါ' ကို ရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ဆင်ခြင်၏ "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသောသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု (ဆင်ခြင်၏)။

ထိုသူသည် နောက်အခါ၌ နည်းသောဥစ္စာစုကို စွန့်၍ဖြစ်စေ များသောဥစ္စာစုကို စွန့်၍ဖြစ်စေ နည်းသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ များသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ အဂ္ဂိဝေဿန ဤမျှ အတိုင်းအရှည်ဖြင့် အရိယာဖြစ်သော တပည့်သည် လွင်တီးပြင်သို့ရောက်၏။

အဂ္ဂိဝေဿန ဤကာမဂုဏ်ငါးပါးတို့၌ နတ်လူတို့သည် တပ်မက်တွယ်တာကုန်၏၊ ထိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားသည် တဆင့်တက်၍ ဆုံးမ၏— "ရဟန်း လာလော့၊ သင်သည် သီလရှိလော့၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေလော့၊ အကျင့် 'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၍နေလော့၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ နေလော့၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်လော့"ဟု (ဆုံးမ၏)။

အဂ္ဂိဝေဿန အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် 'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၍ နေ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ထိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိလော့၊ မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် ယောကျ်ား မိန်းမ ဟူသော အာရုံတို့ကို မယူလင့်။ပ။ [ဂဏကမောဂ္ဂလ္လာနသုတ်နှင့်အတူ ချဲ့လေ]။

၂၁၉။ ထိုပုဂ္ဂိုလ်သည် စိတ်၏ညစ်နွမ်းကြောင်း ဖြစ်ကုန်သော ပညာ၏အားနည်းခြင်းကို ပြုတတ်ကုန်သော ဤငါးပါးသော နီဝရဏတို့ကို ပယ်၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော

http://www.dhammadownload.com



လောက၌ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်၍ သဘော တရားတို့၌ သဘောတရားကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

အဂ္ဂိဝေဿန ဥပမာအားဖြင့် ဆင်ဆုံးမတတ်သောဆရာသည် ကြီးစွာသောတိုင်ကို မြေ၌ တူးစိုက်၍ တော၌ဖြစ်ကုန်သော အလေ့တို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း တော၌ဖြစ်ကုန်သော ညှဉ်း ဆဲခြင်း အကြံအစည်တို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း တော၌ဖြစ်ကုန်သော ပူပန်ခြင်း ပင်ပန်းခြင်း ပူလောင်ခြင်းတို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း ရွာနီး၌ အလွန်မွေ့လျော်ခြင်းအကျိုးငှါလည်း လူတို့ နှစ်သက်အပ်ကုန်သော အလေ့အကျင့်တို့၌ ဆောက်တည်စေခြင်းအကျိုးငှါလည်း တောဆင်ရိုင်း၏ လည်၌ တွဲကပ်၍ ချည်သကဲ့သို့ အဂ္ဂိဝေဿန ဤဥပမာအတူသာလျှင် အရိယာဖြစ်သော တပည့်အား ကာမဂုဏ်ဟူသော အိမ်၌ မှီကုန်သော အလေ့တို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း ကာမဂုဏ်ဟူသော အိမ်၌ မှီကုန်သော ညှဉ်းဆဲခြင်း အကြံအစည်တို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း ကာမဂုဏ်ဟူသော အိမ်၌ မှီကုန်သော ပူပန်ခြင်း ပင်ပန်းခြင်း ပူလောင်ခြင်းတို့ကို နှိပ်နင်းခြင်းအကျိုးငှါလည်း အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ရခြင်းအကျိုးငှါလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးငှါလည်း ဤသတိ ပဋ္ဌာန်လေးပါးတို့ကို စိတ်၌ ဖွဲ့ချည်အပ်ကုန်၏။

၂၂၀။ ထိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားသည် တဆင့်တက်၍ ဆုံးမ၏ "ရဟန်း လာလော့၊ သင်သည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့၊ ကာမဂုဏ်နှင့် စပ်သော ကြံစည်ခြင်း 'ဝိတက်'ကို မကြံစည်လင့်။ ဝေဒနာတို့၌။ စိတ်၌။ သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့၊ ကာမဂုဏ်နှင့်စပ်သောကြံစည်ခြင်း 'ဝိတက်'ကို မကြံစည် လင့်"ဟု(ဆုံးမ၏)။ထိုပုဂ္ဂိုလ်သည် ကြံစည်ခြင်း'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'တို့၏ ငြိမ်းခြင်း ကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေ တတ်သော ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်သို့။ တတိယဈာန်သို့။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ် သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့ လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း၊ တဘဝကိုလည်း နှစ်ဘဝတို့ကိုလည်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့် တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။

၂၂၁။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ် ပေါ်ခြင်းကို သိသော'စုတူပပါတ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် အထူး သဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှ

http://www.dhammadownload.com



သောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် အာသဝေါတရားတို့ကို ကုန်စေတတ်သော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်) ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့ သိသော ဤသို့ မြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

ထိုရဟန်းသည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းအတွေ့တို့ကို သည်းခံနိုင်၏၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုလည်း သည်းခံနိုင်၏၊ ကိုယ်၌ ဖြစ်ဆဲ ဖြစ်ကုန်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်မြို့ဖွယ်ဖြစ်သော အသက်ကို ဆောင်နိုင်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံနိုင်ခြင်း သဘောရှိ၏၊ အလုံးစုံသော ရာဂ ဒေါသ မောဟမှ ကင်းခြင်း ညှဉ်းဆဲခြင်းဟူသော အပြစ်ကို ပယ်စွန့်ခြင်း ရှိ၏၊အဝေးမှ ဆောင်ယူသော အလှူကို ခံထိုက်၏၊ ဧည့်သည်အတွက် ရည်မှန်းထားသော အလှူကို ခံထိုက်၏၊ မြတ်သောအလှူကို ခံထိုက်၏၊ လက်အုပ်ချီမိုး ရှိခိုးထိုက်၏၊ လူအပေါင်း၏ အတုမရှိ မြတ်သောကောင်းမှု တည်းဟူသော မျိုးစေ့တို့ စိုက်ပျိုးရာလယ်မြေနှင့်တူ၏။

၂၂၂။ အဂ္ဂိဝေဿန မင်း၏ဆင်ကြီးသည် မယဉ်ကျေးပဲ မဆုံးမအပ်ပဲ အကယ်၍ သေအံ့၊ ဤသို့ သေသော် မင်း၏ ဆင်ကြီးသည် မယဉ်ကျေးပဲ စုတေသေလွန်သည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။အဂ္ဂိဝေဿန မင်း၏ဆင်လတ်သည်။ အဂ္ဂိဝေဿန မင်း၏ဆင်ငယ်သည် မယဉ်ကျေးပဲ မဆုံးမအပ်ပဲ အကယ်၍ သေအံ့၊ ဤသို့သေသော် မင်း၏ဆင်ငယ်သည် မယဉ်ကျေးပဲ စုတေသေလွန်သည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဂ္ဂိဝေဿန ဤဥပမာအတူသာလျှင် မထေရ်ကြီးဖြစ်သော ရဟန်းသည် အာသဝေါ မကုန်ခန်းပဲ အကယ်၍ သေအံ့၊ ဤသို့ သေသည်ရှိသော် မထေရ်ကြီးဖြစ်သော ရဟန်းသည် မယဉ်ကျေးပဲ သေခြင်းဖြင့် သေသည်သာတည်းဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ အဂ္ဂိဝေဿန အလတ်ဖြစ်သော ရဟန်းသည်။ အဂ္ဂိဝေဿန သီတင်းငယ်ဖြစ်သော ရဟန်းသည် အာသဝေါမကုန်ခန်းပဲ အကယ်၍ သေအံ့၊ ဤသို့သေသည်ရှိသော် သီတင်းငယ်ဖြစ်သော ရဟန်းသည် မယဉ်ကျေးပဲ သေခြင်းဖြင့် သေသည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



အဂ္ဂိဝေဿန မင်း၏ဆင်ကြီးသည် ကောင်းစွာ ယဉ်ကျေးသည်ဖြစ်၍ ကောင်းစွာ ဆုံးမအပ်သည်ဖြစ်၍ အကယ်၍ သေအံ့၊ ဤသို့သေသော် မင်း၏ဆင်ကြီးသည် ယဉ်ကျေးစွာသေခြင်းဖြင့် စုတေသေလွန်သည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ အဂ္ဂိဝေဿန မင်း၏ဆင်လတ်သည်။ အဂ္ဂိဝေဿန မင်း၏ဆင်ငယ်သည် ကောင်းစွာယဉ်ကျေးသည်ဖြစ်၍ ကောင်းစွာ ဆုံးမအပ်သည်ဖြစ်၍ အကယ်၍ သေအံ့၊ဤသို့သေသော် မင်း၏ ဆင်ငယ်သည် ယဉ်ကျေးစွာ သေခြင်းဖြင့် စုတေသေလွန်သည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဂ္ဂိဝေဿန ဤဥပမာအတူသာလျှင် မထေရ်ကြီးဖြစ်သော ရဟန်းသည် အာသဝေါ ကုန်ခန်းသည်ဖြစ်၍ အကယ်၍ သေအံ့၊ ဤသို့ သေသော် မထေရ်ကြီးဖြစ်သော ရဟန်းသည် ယဉ်ကျေးစွာ သေခြင်းဖြင့် သေသည်သာတည်း ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏။ အဂ္ဂိဝေဿန အလတ်ဖြစ်သော ရဟန်းသည်။ အဂ္ဂိဝေဿန သီတင်းငယ်ဖြစ်သော ရဟန်းသည် အာသဝေါကုန်ခန်းသည်ဖြစ်၍ အကယ်၍ သေအံ့၊ဤသို့သေသော် သီတင်းငယ်ဖြစ်သော ရဟန်းသည် ယဉ်ကျေးစွာ သေခြင်းဖြင့် သေသည်သာတည်းဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏၊ အစိရဝတ သာမဏေသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

ငါးခုမြောက် ဒန္တဘူမိသုတ် ပြီး၏။

---

## ၆-ဘူမိဇသုတ်

၂၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်ဘူမိဇသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဇယသေနမင်းသား၏ အိမ်တော်ဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ ဇယသေနမင်းသားသည် အသျှင်ဘူမိဇထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဘူမိဇနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် ဇယသေန မင်းသားသည် အသျှင်ဘူမိဇအား ဤစကားကို လျှောက်ထား၏— "အသျှင်ဘူမိဇ 'တောင့်တခြင်းကို ပြု၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်'ဟု ဤသို့ ပြောလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏။ ဤအရာ၌ အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိ၍ အဘယ်သို့ ပြောကြားပါသနည်း"ဟု (လျှောက်၏)။

မင်းသား မြတ်စွာဘုရား၏မျက်မှောက်တော်မှ ဤသို့သော စကားကို ငါသည် ကြားလည်း မကြားဘူး နာယူလည်း မနာယူဘူး၊မြတ်စွာဘုရားသည် ဖြေကြားခဲ့ပါလျှင် ဤသို့ ဖြေကြားရာသော

http://www.dhammadownload.com



အကြောင်းကား ရှိ၏ "တောင့်တခြင်းကို ပြု၍ မသင့်သောအားဖြင့် နှလုံးသွင်းသဖြင့် မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မသင့်သောအားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း မသင့်သောအားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုး မရထိုက်။တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည် မဟုတ်ပဲရင်း မသင့်သောအားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကိုပြု၍ အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏။တောင့်တခြင်းကို မပြုမူ၍ အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သော အကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏။

မင်းသား မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့သောစကားကို ငါသည် ကြားလည်း မကြားဘူး နာယူလည်း မနာယူဘူး။မြတ်စွာဘုရားသည် ဖြေကြားခဲ့ပါလျှင် ဤသို့ဖြေကြားရသော အကြောင်းကား ရှိ၏" ဟု (ပြောဆို၏)။ အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ အယူရှိ၍ ဤသို့ပြောကြားခဲ့ပါလျှင် အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် စင်စစ် အလုံးစုံ ကြီးကုန်သော များစွာကုန်သော သမဏဗြာဟ္မဏတို့အား ထိခိုက်၍ တည်လေယောင်တကား ဟု (ပြောဆို၏)။ ထို့နောက် ဇယသေနမင်းသားသည် အသျှင်ဘူမိဇကို မိမိ၏ပွဲတော်အုပ်ဆွမ်းဖြင့် လုပ်ကျွေးလေ၏။

၂၂၄။ ထို့နောက် အသျှင်ဘူမိဇသည် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခဲ့ကာ မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်၍ အသွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— မြတ်စွာဘုရား အကျွန်ုပ်သည် ဤယနေ့နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကို ယူဆောင်ကာ ဇယသေနမင်းသား၏ အိမ်တော်ဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေပါ၏၊ မြတ်စွာဘုရား ထိုအခါ ဇယသေနမင်းသားသည် အကျွန်ုပ် ရှိရာသို့ ချဉ်းကပ်ပြီးလျှင် အကျွန်ုပ်နှင့် အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ အကျွန်ုပ်အား ဤစကားကို လျှောက်ထားမေးမြန်းပါ၏— "အသျှင်ဘူမိဇ 'တောင့်တခြင်းကိုပြု၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်' ဟု ဤသို့ ပြောလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ဤအရာ၌ အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိ၍ အဘယ်သို့ ပြောကြားလေ့ရှိပါသနည်း" ဟု (မေးလျှောက်ပါ၏)။

မြတ်စွာဘုရား ဤသို့ မေးလျှောက်သည်ရှိသော် အကျွန်ုပ်သည် ဇယသေနမင်းသားအား ဤစကားကို ဖြေကြားပြောဆိုပါ၏ "မင်းသား မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့သော

http://www.dhammadownload.com



စကားကို ငါသည် ကြားလည်း မကြားဘူး၊နှသယူလည်း မနာယူဘူး။မြတ်စွာဘုရားသည် ဖြေကြား ခဲ့လျှင် ဤသို့ဖြေကြားရာသော အကြောင်းကား ရှိ၏ 'တောင့်တခြင်းကိုပြု၍ မသင့်သောအားဖြင့် နှလုံးသွင်းဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မသင့်သောအားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုး မရထိုက်။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း မသင့်သောအားဖြင့် နှလုံးသွင်း သဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မသင့်သော အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သော အကျင့် ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို ပြု၍ အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သော အကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏၊ တောင့်တခြင်းကို မပြုမူ၍ အသင့် အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏၊တောင့်တ ခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သော အကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို ပြုသည်မဟုတ်ပဲရင်း အသင့်အားဖြင့် နှလုံးသွင်းသဖြင့် မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် အကျိုးရထိုက်၏၊မင်းသား မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့သော စကားကို ငါသည် ကြားလည်း မကြားဘူး၊နာယူလည်း မနာယူဘူး၊မြတ်စွာဘုရားသည် ဖြေကြားခဲ့ပါလျှင် ဤသို့ ဖြေ ကြားရာသော အကြောင်းကား ရှိ၏"ဟု (ဖြေကြားပြောဆိုပါ၏)။

အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ အယူရှိ၍ ဤသို့ပြောကြားခဲ့ ပါလျှင် အသျှင်ဘူမိဇ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် စင်စစ် အလုံးစုံကြီးကုန်သော များစွာကုန်သော သမဏဗြာဟ္မဏတို့အား ထိခိုက်၍ တည်လေယောင်တကား"ဟု ပြောဆိုပါ၏။ မြတ်စွာဘုရား ဤသို့ အမေးခံရသည်ဖြစ်၍ ဤသို့ဖြေသော အကျွန်ုပ်သည် မြတ်စွာဘုရား ဟောသော စကားတော်ကို ပြောဆိုပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲခြင်း မဖြစ်ပါသလော၊ တရားတော်နှင့်လျော်သော သဘောကို ဖြေကြားခြင်း ဖြစ်ပါသလော၊ တစုံတခုသော အကြောင်းနှင့်လျော်သော ပြောဆိုခြင်း အတုလိုက်၍ ပြောဆိုခြင်းသည် ကဲ့ရဲ့ ခြင်း၏အကြောင်းသို့ မရောက်ပါသလော ဟု (လျှောက်၏)။

ဘူမိဇ စင်စစ် ဤသို့ အမေးခံရသည်ဖြစ်၍ ဤသို့ဖြေသော သင်သည် ငါဟောသောစကားကို ပြောဆို၏၊ ငါ့ကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာမဖြစ်၊တရားတော်နှင့်လျော်သော သဘောကို လည်း ဖြေကြား၏၊ တစုံတခုသော အကြောင်းနှင့်လျော်သော ပြောဆိုခြင်း အတုလိုက်၍ ပြောဆို ခြင်းသည် ကဲ့ရဲ့ခြင်း၏အကြောင်းသို့ မရောက်။ ဘူမိဇ မှားသောအယူရှိကုန်သော မှားသောအကြံအ စည်ရှိကုန်သော မှားသောစကားရှိကုန်သော မှားသောအလုပ်ရှိကုန်သော မှားသောအသက်မွေး ခြင်း ရှိကုန်သော မှားသောလုံ့လရှိကုန်သော မှားသောအောက်မေ့ခြင်းရှိကုန်သော မှားသောတည် ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်း ကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကိုပြု၍ရင်း တောင့် တခြင်းကို မပြုမူ၍ရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တ ခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်

http://www.dhammadownload.com



လည်း အကျိုးမရထိုက်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ပြုခြင်းသည် အကျိုးရခြင်းငှါ အကြောင်းမသင့်သောကြောင့်ပေတည်း။

၂၂၅။ ဘူမိဇ ဥပမာအားဖြင့် ဆီကို အလိုရှိ၍ ဆီကို ရှာမှီးသော ဆီရှာလှည့်လည်သော ယောကျ်ားသည် သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့်ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်ရာ၏၊တောင့်တခြင်းကို ပြု၍ သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ တောင့်တခြင်းကို မပြုမူ၍ သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ တောင့်တခြင်းကို ပြု၍ငင်း တောင့်တခြင်းကို မပြုမူ၍ငင်း သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ တောင့်တခြင်းကို မပြုမူ၍ငင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲငင်း သဲကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော်လည်း ဆီကို မရထိုက်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ပြုခြင်းသည် ဆီကို ရခြင်းငှါ အကြောင်းမသင့်သော ကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှားသောအယူရှိကုန်သော မှားသော အကြံအစည်ရှိကုန်သော မှားသောစကားရှိကုန်သော မှားသောအလုပ်ရှိကုန်သော မှားသောအသက်မွေးခြင်းရှိကုန်သော မှားသောလုံ့လရှိကုန်သော မှားသောအောက်မေ့ခြင်းရှိကုန်သော မှားသောတည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ငင်း ဗြာဟ္မဏတို့သည်ငင်း တောင့်တခြင်းကိုပြု၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုမူ၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို ပြု၍ငင်း တောင့်တခြင်းကို မပြုမူ၍ငင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။တောင့်တခြင်းကို မပြုမူ၍ငင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲငင်း မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်။ ထိုသို့မရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုအကျင့်သည် အကျိုးရခြင်းငှါ အကြောင်းမသင့်သောကြောင့်တည်း။

ဘူမိဇ ဥပမာအားဖြင့် နို့ကို အလိုရှိ၍ နို့ကိုရှာမှီးသော နို့ရှာလှည့်လည်သော ယောကျ်ားသည် နွားငယ်ရှိသော နွားမကို ဦးချိုမှ နို့ညှစ်ရာ၏၊တောင့်တခြင်းကို ပြု၍ နွားငယ်ရှိသော နွားမကို ဦးချိုမှ နို့ညှစ်သော်လည်း နို့ရည်ကို မရထိုက်။ တောင့်တခြင်းကို မပြုမူ၍။ပ။တောင့်တခြင်းကို ပြု၍ငင်း တောင့်တခြင်းကို မပြုမူ၍ငင်း။ပ။တောင့်တခြင်းကို မပြုမူ၍ငင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲငင်း နွားငယ်ရှိသော နွားမကို ဦးချိုမှ နို့ညှစ်သော်လည်း နို့ရည်ကို မရထိုက်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ ပြုခြင်းသည် နို့ရည်ကိုရခြင်းငှါ အကြောင်းမသင့်သော ကြောင့်တည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှားသော အယူရှိကုန်သော။ပ။မှားသော တည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ငင်း ဗြာဟ္မဏတို့သည်ငင်း တောင့်တခြင်းကို ပြု၍ မြတ်သော အကျင့်ကို အကယ်၍ ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကိုပြု၍ငင်း တောင့်တခြင်းကို မပြုမူ၍ငင်း။ပ။တောင့်တခြင်းကို မပြုမူ၍ငင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲငင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုအကျင့်သည် အကျိုးရခြင်းငှါ အကြောင်းမသင့်သောကြောင့်ပေတည်း။

http://www.dhammadownload.com



၂၂၆။ ဘူမိဇ ဥပမာအားဖြင့် ဆီဦးကို အလိုရှိ၍ ဆီဦးကို ရှာမှီးသော ဆီဦးရှာလှည့်လည်သော ယောကျ်ားသည် ရေကို အိုး၌ လောင်း၍ (ဝက်အူလိမ်လှန်သဏ္ဌာန်ရှိသော)လှန်မွှေတံဖြင့် ဆွဲမွှေရာ၏၊ တောင့်တခြင်းကို ပြု၍ ရေကို အိုး၌လောင်း၍ (ဝက်အူလိမ် လှန်သဏ္ဌာန်ရှိသော)လှန်မွှေတံဖြင့် ဆွဲမွှေသော်လည်း ဆီဦးကို မရထိုက်။ တောင့်တခြင်းကို မပြုမူ၍ ပ။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည် မဟုတ်ပဲရင်း ရေကို အိုး၌ လောင်း၍(ဝက်အူလိမ်လှန်သဏ္ဌာန်ရှိသော)လှန်မွှေတံဖြင့် မွှေသော်လည်း ဆီဦးကို မရထိုက်။အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ပြုခြင်းသည် ဆီဦးကိုရခြင်း၏ အကြောင်း မဟုတ်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှားသောအယူရှိကုန်သော။ပ။ မှားသောတည်ကြည်ခြင်း ရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်းကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ တောင့်တခြင်းကို မပြုမူ၍ ။ပ။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ အဘယ့်ကြောင့်နည်း ဟူမူ—ဘူမိဇ ထိုအကျင့်သည် အကျိုးကိုရခြင်း၏ အကြောင်းမသင့်သောကြောင့် ပေတည်း။

ဘူမိဇ ဥပမာအားဖြင့် မီးကို အလိုရှိ၍ မီးကို ရှာမှီးသော မီးရှာလှည့်လည်သော ယောကျ်ားသည် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံကို ယူဆောင်၍ နှိပ်ပွတ်ရာ၏၊ တောင့်တခြင်းကိုပြု၍ အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ ယူဆောင်၍ နှိပ်ပွတ်သော်လည်း မီးကိုမရထိုက်။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ ယူဆောင်၍ နှိပ်ပွတ်သော်လည်း မီးကို မရထိုက်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ပြုခြင်းသည် မီးကို ရခြင်း၏ အကြောင်းမသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှားသောအယူရှိကုန်သော။ပ။ မှားသောတည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်းကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သော အကျင့်ကို အကယ်၍ ကျင့်ကုန်သော်လည်း အကျိုးမရထိုက်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုအကျင့်သည် အကျိုးကို ရခြင်း၏ အကြောင်း မသင့်သောကြောင့်ပေတည်း။

ဘူမိဇ မှန်သောအယူရှိကုန်သော မှန်သောအကြံအစည်ရှိကုန်သော မှန်သောစကားရှိကုန်သော မှန်သောအလုပ်ရှိကုန်သော မှန်သောအသက်မွေးခြင်း ရှိကုန်သော မှန်သောလုံ့လရှိကုန်သော မှန်သော အောက်မေ့ခြင်းရှိကုန်သော မှန်သောတည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်းကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် အကျိုးကို ရခြင်း၌ ထိုက်ကုန်၏။ တောင့်တခြင်းကို မပြုမူ၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် အကျိုးကို ရခြင်း၌ ထိုက်ကုန်၏။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း မြတ်

http://www.dhammadownload.com



သော အကျင့်ကို ကျင့်ကုန်သော် အကျိုးကို ရခြင်းငှါ ထိုက်ကုန်၏။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော် အကျိုးကို ရခြင်းငှါ ထိုက်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ— ဘူမိဇ ထိုအကျင့်သည် အကျိုးကိုရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

၂၂၇။ ဘူမိဇ ဥပမာအားဖြင့် ဆီကို အလိုရှိ၍ ဆီကို ရှာမှီးသော ဆီရှာလှည့်လည်သော ယောကျ်ားသည် နှမ်းမှုန့်ကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်ရာ၏၊ တောင့်တခြင်းကိုပြု၍ နှမ်းမှုန့်ကို ဆုံခွက်၌ လောင်း၍ ရေဖြင့်ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော် ဆီကို ရထိုက်၏။တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း နှမ်းမှုန့်ကို ဆုံခွက်၌ လောင်း၍ ရေဖြင့် ဖျန်းလျက် ဖျန်းလျက် ကြိတ်ညှစ်သော် ဆီကို ရထိုက်၏။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုနှမ်းကို ကြိတ်ခြင်းသည် ဆီကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှန်သောအယူရှိကုန်သော။ပ။မှန်သောတည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်းကို ပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည် မဟုတ်ပဲရင်း မြတ်သောအကျင့်ကို အကယ်၍ ကျင့်ကုန်သော် ဖိုလ်ဟူသောအကျိုးကို ရခြင်းငှါ ထိုက်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုအကျင့်သည် ဖိုလ်ဟူသောအကျိုးကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဥပမာအားဖြင့် နို့ရည်ကို အလိုရှိ၍ နို့ရည်ကို ရှာမှီးသော နို့ရှာရန် လှည့်လည်သော ယောကျ်ားသည် နွားငယ်ရှိသော နွားမကို နို့မှ နို့ညှစ်ရာ၏။ တောင့်တခြင်းကိုပြု၍ နွားငယ်ရှိသော နွားမကို နို့မှ နို့ညှစ်သည်ရှိသော် နို့ရည်ကို ရထိုက်၏။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကို ပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း နွားငယ်ရှိသော နွားမကို နို့မှနို့ညှစ်သည်ရှိသော် နို့ရည်ကို ရထိုက်၏။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုနို့ကို ညှစ်ခြင်းသည် နို့ရည်ကိုရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှန်သောအယူရှိကုန်သော။ပ။ မှန်သောတည်ကြည်ခြင်း ရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရင်း ဗြာဟ္မဏတို့သည်ရင်း တောင့်တခြင်းကိုပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကိုပြု၍ရင်း တောင့်တခြင်းကို မပြုမူ၍ရင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရင်း၊ တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရင်း မြတ်သောအကျင့်ကို အကယ်၍ ကျင့်ကုန်သော် ဖိုလ်ဟူသောအကျိုးကို ရခြင်းငှါ ထိုက်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ— ဘူမိဇ ထိုအကျင့်သည် ဖိုလ်ဟူသော အကျိုးကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

၂၂၈။ ဘူမိဇ ဥပမာအားဖြင့် ဆီဦးကို အလိုရှိ၍ ဆီဦးကို ရှာမှီးသော ဆီဦးရှာလှည့်လည်သော ယောကျ်ားသည် နို့ခမ်းကို အိုး၌လောင်း၍(ဝက်အူလိမ်လွန်သဏ္ဌာန်ရှိသော) လွန်မွှေတံဖြင့် ဆွဲမွှေရာ၏။ တောင့်တခြင်းကိုပြု၍ နို့ခမ်းကို အိုး၌ လောင်း၍ (ဝက်အူလိမ်လွန်သဏ္ဌာန်ရှိသော) လွန်မွှေတံဖြင့် ဆွဲမွှေသည်ရှိသော် ဆီဦးကို ရထိုက်၏။ တောင့်တခြင်းကို မပြုမူ၍ရင်း။ တောင့်တခြင်းကို

http://www.dhammadownload.com



ပြု၍ရှင်း တောင့်တခြင်းကို မပြုမူ၍ရှင်း။ တောင့်တခြင်းကို မပြုမူ၍ရှင်း တောင့်တခြင်းကို မပြုသည် မဟုတ်ပဲရှင်း နို့ ချမ်းကို အိုး၌ လောင်း၍ (ဝက်အူလိမ်လှန်သဏ္ဌာန်ရှိသော)လှန်မွှေတံဖြင့် အကယ်၍ ဆွဲမွှေသည်ရှိသော် ဆီဦးကို ရထိုက်၏။ အဘယ့်ကြောင့်နည်းဟူမူ— ဘူမိဇ ထိုနို့ ချမ်းကို ဆွဲမွှေခြင်းသည် ဆီဦးကိုရခြင်း၌ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှန်သောအယူရှိကုန်သော။ပ။ မှန်သော တည်ကြည်ခြင်း ရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရှင်း ဗြာဟ္မဏတို့သည်ရှင်း တောင့်တခြင်းကို ပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသောအကျိုးကို ရထိုက်ကုန်၏၊ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကိုပြု၍ရှင်း တောင့်တခြင်းကို မပြုမူ၍ရှင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရှင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရှင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရခြင်းငှါထိုက်ကုန်၏။ အဘယ့်ကြောင့်နည်း ဟူမူ —ဘူမိဇ ထိုအကျင့်သည် ဖိုလ်ဟူသော အကျိုးကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဥပမာအားဖြင့် မီးကို အလိုရှိ၍ မီးကို ရှာမှီးသော မီးရှာ လှည့်လည်သော ယောကျ်ားသည် အစေးခန်းသော ထင်းခြောက်ကို မီးပွတ်ခုံသို့ ယူဆောင်၍ နှိပ်ပွတ်ရာ၏၊ တောင့်တခြင်းကို ပြု၍။ပ။ တောင့်တခြင်းကို မပြုမူ၍။ပ။ တောင့်တခြင်းကို ပြု၍ရှင်း တောင့်တခြင်းကို မပြုမူ၍ရှင်း။ပ။ တောင့်တခြင်းကို မပြုမူ၍ရှင်း တောင့်တခြင်းကို မပြုသည်မဟုတ်ပဲရှင်း အစေးခန်းသော ထင်းခြောက်ကို မီးပွတ်ခုံသို့ ယူဆောင်၍ နှိပ်ပွတ်သည်ရှိသော် မီးကို ရခြင်းငှါထိုက်၏။ အဘယ့်ကြောင့်နည်းဟူမူ—ဘူမိဇ ထိုသို့ပြုခြင်းသည် မီးကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဤဥပမာအတူသာလျှင် မှန်သောအယူရှိကုန်သော။ပ။မှန်သော တည်ကြည်ခြင်းရှိကုန်သော ခပ်သိမ်းကုန်သော သမဏတို့သည်ရှင်း ဗြာဟ္မဏတို့သည်ရှင်း တောင့်တခြင်းကို ပြု၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။ တောင့်တခြင်းကို မပြုမူ၍ မြတ်သော အကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။ တောင့်တခြင်းကို ပြု၍ရှင်း တောင့်တခြင်းကို မပြုမူ၍ရှင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။ တောင့်တခြင်းကို မပြုမူ၍ရှင်း တောင့်တခြင်း မပြုသည်မဟုတ်ပဲရှင်း မြတ်သောအကျင့်ကို ကျင့်ကုန်သော် ဖိုလ်ဟူသော အကျိုးကို ရထိုက်ကုန်၏။အဘယ့်ကြောင့်နည်းဟူမူ— ဘူမိဇ ထိုအကျင့်သည် ဖိုလ်ဟူသော အကျိုးကို ရခြင်းငှါ အကြောင်းသင့်သောကြောင့်ပေတည်း။

ဘူမိဇ ဇယသေနမင်းသားအား ဤလေးပါးသော ဥပမာတို့ကို အကယ်၍ ထင်စေနိုင်ကုန်ငြားအံ့၊ ဤသို့ ထင်စေနိုင်သည်ရှိသော် သင့်အား ဇယသေနမင်းသားသည် ကြည်ညိုငြားအံ့၊ ကြည်ညိုသည်ဖြစ်၍ သင့်အား ကြည်ညိုသော အခြင်းအရာကို ပြုငြားအံ့၊ အံ့ဩဖွယ်မရှိချေ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ဇယသေနမင်းသားအား အဖန်ဖန် အံ့ဩဖွယ်ဖြစ်ကုန်သော ရှေး၌ မကြားဘူးသေးကုန်သော ဤလေးပါးသော ဥပမာတို့သည် မြတ်စွာဘုရား ဉာဏ်တော်၌ ထင်သကဲ့သို့ အကျွန်ုပ်ဉာဏ်၌ အဘယ်မှာ ထင်နိုင်အံ့နည်းဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။အသျှင်ဘူမိဇသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

ခြောက်ခုမြောက် ဘူမိဇသုတ် ပြီး၏။

http://www.dhammadownload.com



## ၇-အနုရုဒ္ဓသုတ်

၂၂၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် ယောကျ်ားတဦးကို ပြောဆို၏—"အမောင်ယောကျ်ား လာလော့၊ သင်သည် အသျှင်အနုရုဒ္ဓါ ရှိရာသို့ ချဉ်းကပ်လော့၊ ချဉ်းကပ်ပြီးလျှင် 'အသျှင်ဘုရား ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်အနုရုဒ္ဓါ၏ ခြေတို့ကို ဦးဖြင့် ရှိခိုးလိုက်ပါ၏'ဟု ငါ၏စကားဖြင့် အသျှင်အနုရုဒ္ဓါ၏ ခြေတို့ကို ဦးဖြင့် ရှိခိုးလော့၊ အသျှင်ဘုရား အသျှင်အနုရုဒ္ဓါသည် နက်ဖန်အတွက် ကိုယ်တော်လျှင် လေးပါးမြောက်ဖြစ်၍ ပဉ္စကင်္ဂလက်သမားကြီး၏ ဆွမ်းကို လက်ခံတော်မူပါတဲ့၊ အသျှင်ဘုရား အသျှင်အနုရုဒ္ဓါသည် အလွန်စောစောလည်း ကြွလာစေလိုပါသတဲ့၊ အသျှင်ဘုရား ပဉ္စကင်္ဂလက်သမားကြီးသည် မင်း၏ပြုဖွယ်ကိစ္စဖြင့် များသောကိစ္စ ရှိပါ၏၊ များသောပြုဖွယ်ရှိပါ၏' ဟု" ဤသို့လည်း ပြောဆိုလေဦးလော့ ဟု (ပြောဆို၏)။

"အသျှင် ကောင်းပါပြီ"ဟု ထိုယောကျ်ားသည် ပဉ္စကင်္ဂလက်သမားကြီးအား ပြန်ကြားပြီးလျှင် အသျှင်အနုရုဒ္ဓါရှိရာသို့ ချဉ်းကပ်ကာ အသျှင်အနုရုဒ္ဓါကို ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် ထိုယောကျ်ားသည် အသျှင်အနုရုဒ္ဓါအား ဤစကားကို လျှောက်ထား၏—"အသျှင်ဘုရား ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်အနုရုဒ္ဓါ၏ ခြေတို့ကို ဦးဖြင့် ရှိခိုးလိုက်ပါ၏ 'အသျှင်ဘုရား အသျှင်အနုရုဒ္ဓါသည် နက်ဖန်အတွက် ကိုယ်တော်လျှင် လေးပါးမြောက်ရှိ၍ ပဉ္စကင်္ဂလက်သမားကြီး၏ ဆွမ်းကို လက်ခံတော်မူပါတဲ့၊ အသျှင်ဘုရား အသျှင်အနုရုဒ္ဓါသည် အလွန်စောစောလည်း ကြွလာစေလိုပါသတဲ့၊ အသျှင်ဘုရား ပဉ္စကင်္ဂလက်သမားကြီးသည် မင်း၏ပြုဖွယ်ကိစ္စဖြင့် များသောကိစ္စရှိပါ၏၊ များသောပြုဖွယ်ရှိပါ၏' ဟု" ဤသို့လည်း မှာထားပါသည်ဟု (လျှောက်ထား၏)။ အသျှင်အနုရုဒ္ဓါသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံ၏။

၂၃၀။ ထို့နောက် အသျှင်အနုရုဒ္ဓါသည် ထိုညဉ့်ကိုလွန်သဖြင့် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူကာ ပဉ္စကင်္ဂလက်သမား၏ အိမ်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်အနုရုဒ္ဓါကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ ထို့နောက် အသျှင်အနုရုဒ္ဓါ ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဆေးသောအခါ ပဉ္စကင်္ဂလက်သမားကြီးသည် နိမ့်သောနေရာတခုကို ယူ၍ သင့်တင့်လျောက်ပတ်စွာ ထိုင်နေ၏၊ သင့်တင့်လျောက်ပတ်စွာ ထိုင်နေသော ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်အနုရုဒ္ဓါအား ဤစကားကို လျှောက်ထား၏—

အသျှင်ဘုရား ဤအခါ၌ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် အကျွန်ုပ်သို့ ချဉ်းကပ်ပြီးလျှင် "ဒါယကာ အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိကို ပွါးရမည်" ဟု ဤသို့ပြောဆိုကြပါကုန်၏။ အချို့ကုန်သော မထေရ်ကြီးတို့သည် "ဒါယကာ မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိကို ပွါးရမည်" ဟု ဤသို့ပြောဆိုကြပါကုန်၏။ အသျှင်ဘုရား အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိ မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိ ဤတရားတို့သည် ထူးသောအနက် ရှိပါကုန်သလော၊ ထူးသောသဒ္ဒါ ရှိပါကုန်သလော၊ သိမဟုတ် အနက်တူကုန်၍ သဒ္ဒါသာလျှင် ထူးပါသလော ဟု (လျှောက်ထား၏)။

http://www.dhammadownload.com



ဒါယကာ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုယ်တိုင်သာလျှင် ထင်စမ်းလော့၊ သင်၏ ဤထင်မြင်ချက်မှ အဖြေမှန် ဖြစ်ပေါ်လာလတ္တံ့ဟု (ဆို၏)။ အသျှင်ဘုရား "အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိ မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိ ဤတရားတို့သည် အနက်တူကုန်၍ သဒ္ဒါသာလျှင် ထူး၏"ဟူ၍ အကျွန်ုပ်မှာ ဤသို့ အကြံဖြစ်ပါ၏ဟု (လျှောက်၏)။ ဒါယကာ အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိ မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်၏၊ ထူးသောသဒ္ဒါလည်း ရှိကုန်၏၊ ဒါယကာ ဤတရားတို့၏ ထူးသောအနက် ထူးသောသဒ္ဒါရှိပုံ အခြင်းအရာကို ဤအကြောင်းပရိယာယ်ဖြင့် သိရမည်။

ဒါယကာ အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိသည် အဘယ်နည်း၊ ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေလျက် နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေလျက် နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အရပ်အားလုံးတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ကြောင့်ကြခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေလျက်နေ၏။ ကရုဏာနှင့် ယှဉ်သောစိတ်ဖြင့်။ မုဒိတာနှင့် ယှဉ်သောစိတ်ဖြင့်။ ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေလျက် နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေလျက် နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အရပ်အားလုံးတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ကြောင့်ကြခြင်းမရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ဒါယကာ ဤသို့နေခြင်းကို အပ္ပမာဏဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

၂၃၁။ ဒါယကာ မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိသည် အဘယ်နည်း၊ ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် တခုသော သစ်ပင်ရင်းမျှလောက် ပမာဏရှိသော အရပ်ကို "မြတ်သည်၏ အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်စျာန်" ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏။ ဒါယကာ ဤနေခြင်းကို မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် နှစ်ခု သုံးခုလောက်သော သစ်ပင်ရင်းပမာဏ ရှိသော အရပ်တို့ကို "မြတ်သည်၏ အဖြစ်သို့ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့နေခြင်းကိုလည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် တခုသော ဂါမခေတ်လောက်ကို "မြတ်သည်၏ အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့နေခြင်းကိုလည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် နှစ်ခုသုံးခုလောက်သော ဂါမခေတ်တို့ကို "မြတ်သည်၏အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့နေခြင်းကိုလည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

http://www.dhammadownload.com



ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် တခုသော တိုင်းပြည်ကြီးလောက်ကို "မြတ်သည်၏ အဖြစ်သို့ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့နေခြင်းကို လည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

ဒါယကာ ဤ ာသနာတော်၌ ရဟန်းသည် နှစ်ခု သုံးခုလောက်သော တိုင်းပြည်ကြီးတို့ကို "မြတ်သည်၏အဖြစ်သို့ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့ နေခြင်းကိုလည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။

ဒါယကာ ဤသာသနာတော်၌ ရဟန်းသည် မဟာသမုဒ္ဒရာလျှင် အပိုင်းအခြားရှိသော မြေမျှ လောက်ကို "မြတ်သည်၏အဖြစ်သို့ရောက်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ဒါယကာ ဤသို့နေခြင်းကိုလည်း မဟဂ္ဂုတ်ဖြစ်သော စေတောဝိမုတ္တိဟူ၍ ဆိုရ၏။ ဒါယကာ ဤ တရားဘို့၏ ထူးသော အနက် ထူးသောသဒ္ဒါရှိပုံ အခြင်းအရာကို ဤ ဆိုခဲ့ပြီးသော အကြောင်းပရိယာယ် ဖြင့် သိရမည်။

၂၃၂။ ဒါယကာ ဘဝ၌ ဖြစ်ခြင်းတို့သည် ဤလေးပါးတို့ပေတည်း။ အဘယ်လေးပါးတို့နည်းဟူ မူ—ဒါယကာ ဤသာသနာတော်၌ အချို့သောသူသည်"နည်းသောအရောင်"ဟု ဖြန့်၍နှလုံးသွင်းကာ နေ၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ နည်းသောအရောင်ရှိကုန်သော ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏။

ဒါယကာ ဤသာသနာတော်၌ အချို့သောသူသည် "အတိုင်းမရှိသောအရောင်" ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အတိုင်းမရှိသော အရောင်ရှိကုန်သော ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏။

ဒါယကာ ဤသာသနာတော်၌ အချို့သောသူသည် "ညစ်နွမ်းသော အရောင်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ညစ်နွမ်းသော အရောင်ရှိကုန်သော ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏။

ဒါယကာ ဤသာသနာတော်၌ အချို့သောသူသည် "ထက်ဝန်းကျင် ဖြူစင်သော အရောင်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ထက်ဝန်း ကျင် ဖြူစင်သော အရောင်ရှိကုန်သော ဗြဟ္မာတို့၏အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏၊ ဒါယကာ ဘဝ၌ ဖြစ်ခြင်းတို့သည် ဤလေးပါးတို့ပေတည်း။

ဒါယကာ အကြင်အခါ၌ အကြင်နတ်တို့သည် တပေါင်းတည်း အညီအညွတ်စည်းဝေးကုန်၏၊ တပေါင်းတည်း အညီအညွတ် စည်းဝေးကုန်သော ထိုနတ်တို့၏ ကိုယ်အဆင်းသဏ္ဌာန် ထူးသည်၏ အဖြစ်သည် ထင်၏၊ အရောင်အဝါ ထူးသည်၏ အဖြစ်သည် မထင်၊ ထိုအခါမျိုးသည် ဖြစ်သည်သာ တည်း။

ဒါယကာ ဥပမာအားဖြင့် ယောကျ်ားသည် များစွာကုန်သော ဆီမီးတို့ကို တခုသောအိမ်သို့ သွင်းရာ၏၊ တခုသော အိမ်သို့ သွင်းအပ်ကုန်သော် ထိုဆီမီးတို့၏အလျှံ ထူးသည်၏အဖြစ်သည် ထင်ရာ၏၊ အရောင်အဝါ ထူးသည်၏ အဖြစ်သည် မထင်ရာ။ ဒါယကာ ဤဥပမာအတူသာလျှင် အကြင်အခါ၌ အကြင်နတ်တို့သည် တပေါင်းတည်း အညီအညွတ်စည်းဝေးကုန်၏၊ တပေါင်းတည်း

http://www.dhammadownload.com



အညီအညွတ်စည်းဝေးကုန်သော ထိုနတ်တို့၏ ကိုယ်အဆင်းထူးသည်၏ အဖြစ်သည် ထင်၏၊အရောင် ထူးသည်၏ အဖြစ်သည် မထင်၊ ထိုအခါမျိုးသည် ဖြစ်သည်သာတည်း။

ဒါယကာ အကြင်အခါ၌ အကြင်နတ်တို့သည် ထိုစည်းဝေးရာမှ ဖဲကုန်၏၊ထိုစည်းဝေးရာမှ ဖဲကုန်သော ထိုနတ်တို့၏ ကိုယ်အဆင်းသဏ္ဌာန် ထူးသည်၏အဖြစ်သည်၎င်း အရောင်အဝါ ထူးသည်၏ အဖြစ်သည်၎င်း ထင်၏၊ ထိုအခါမျိုးသည် ဖြစ်သည်သာတည်း။

ဒါယကာ ဥပမာအားဖြင့် ယောကျ်ားသည် ထိုမျှားစွာသော ဆီမီးတို့ကို ထိုအိမ်မှ ထုတ်ရာ၏၊ ထိုအိမ်မှ ထုတ်အပ်ကုန်သော ထိုဆီမီးတို့၏ အလျှံ ထူးသည်၏ အဖြစ်သည်၎င်း အရောင်ထူးသည်၏ အဖြစ်သည်၎င်း ထင်၏။ ဒါယကာ ဤဥပမာအတူသာလျှင် အကြင်အခါ၌ နတ်တို့သည် ထိုအစည်း အဝေးမှ ဖဲကုန်၏၊ ထိုအစည်းအဝေးမှ ဖဲကုန်သော ထိုနတ်တို့၏ ကိုယ်အဆင်းသဏ္ဌာန် ထူးသည်၏ အဖြစ်သည်၎င်း အရောင်အဝါ ထူးသည်၏အဖြစ်သည်၎င်း ထင်၏၊ ထိုအခါမျိုးသည် ဖြစ်သည်သာ တည်း။

ဒါယကာ နတ်တို့အား "ငါတို့၏ ဤအရောင်အဝါသည် မြဲ၏ဟူ၍၎င်း ခိုင်ခံ့၏ဟူ၍၎င်း တည်တံ့၏" ဟူ၍၎င်း ဤသိသောအကြံသည် မဖြစ်၊ စင်စစ်သော်ကား အကြင်နတ်တို့သည် အကြင်အကြင်အရပ်၌ သာလျှင် နေကုန်၏၊ ထိုနတ်တို့သည် ထိုထိုအရပ်၌သာလျှင် မွေ့လျော်ကုန်၏။ ဒါယကာ ဥပမာအား ဖြင့် ထမ်းပိုးဖြင့်၎င်း ခြင်းတောင်းဖြင့်၎င်း ဆောင်အပ်ကုန်သော ယင်ကောင်တို့မှာ "ငါတို့၏ ဤနေရာသည် မြဲ၏ဟူ၍၎င်း ခိုင်ခံ့၏ဟူ၍၎င်း တည်တံ့၏" ဟူ၍၎င်း ဤသို့သော အကြံသည် မဖြစ်၊ စင်စစ် သော်ကား အကြင်ယင်ကောင်တို့သည် အကြင်အကြင်အရပ်၌သာလျှင် နေကုန်၏၊ ထိုယင်ကောင် တို့သည် ထိုထိုအရပ်၌သာလျှင် မွေ့လျော်ကုန်၏။

ဒါယကာ ဤဥပမာအတူသာလျှင် ထိုနတ်တို့အား "ငါတို့၏ ဤအရောင်အဝါသည် မြဲ၏ဟူ၍၎င်း ခိုင်ခံ့၏ဟူ၍၎င်း တည်တံ့၏"ဟူ၍၎င်း ဤသို့သော အကြံသည် မဖြစ်၊စင်စစ်သော်ကား အကြင်နတ်တို့ သည် အကြင်အကြင်အရပ်၌သာလျှင် နေကုန်၏၊ ထိုနတ်တို့သည် ထိုထိုအရပ်၌သာလျှင် မွေ့လျော် ကုန်၏ဟု (မိန့်ဆို၏)။

၂၃၃။ ဤသို့ မိန့်ဆိုသော်၊ ကစ္စည်းအနွယ်ရှိသော အသျှင်သဘိယသည် အသျှင်အနုရုဒ္ဓါအား ဤသို့သော စကားကို မေးလျှောက်၏— "အသျှင်ဘုရားအနုရုဒ္ဓါ တောင်းပန်ပါ၏၊ အကျွန်ုပ်အား ဤအရာ၌ တဆင့်တက်၍ မေးဖွယ်သည် ရှိနေပါ၏ 'အသျှင်ဘုရား အကြင်နတ်တို့သည် အရောင်အဝါ ရှိပါကုန်၏၊ အလုံးစုံကုန်သော ထိုနတ်တို့သည်ပင် နည်းသောအရောင်အဝါ ရှိပါကုန်သလော၊ သို့မ ဟုတ် ဤနတ်အစည်းအဝေး၌ အတိုင်းမရှိ များသော အရောင်အဝါရှိကုန်သော အချို့ကုန်သော နတ်တို့သည် ရှိပါကုန်သလော'"ဟု မေးလျှောက်၏။ ငါ့သျှင်ကစ္စာန ထိုဘဝ၌ ဖြစ်ခြင်း၏အကြောင်း ကြောင့် ဤနတ်အပေါင်းတို့တွင် နည်းသောအရောင်အဝါရှိကုန်သော အချို့နတ်တို့သည် ရှိကုန်၏၊ ဤနတ်အပေါင်းတို့တွင် အတိုင်းမရှိ များသော အရောင်အဝါ ရှိကုန်သော အချို့နတ်တို့သည် ရှိကုန်၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရားအနုရုဒ္ဓါ အကြင်အကြောင်းကြောင့် တခုသော နတ်အပေါင်း၌ ဖြစ်ကုန်သော ထိုနတ်တို့တွင် နည်းသောအရောင်အဝါ ရှိကုန်သော အချို့ကုန်သော နတ်တို့သည် ဤနတ်အပေါင်း၌ ရှိကုန်၏၊ အတိုင်းမရှိ များသောအရောင်အဝါရှိကုန်သော အချို့ကုန်သော နတ်တို့သည် ဤနတ်

http://www.dhammadownload.com



အပေါင်း၌ ရှိကုန်၏၊ထိုအကြောင်းရင်းသည် အဘယ်ပါနည်း၊ ထိုအထောက်အပံ့သည် အဘယ်ပါနည်းဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန ထိုသို့ဖြစ်မူကား ဤအရာ၌ သင့်ကိုသာလျှင် တဖန်ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေကြားလော့။ ငါ့သျှင်ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် တခုသော သစ်ပင်ရင်းမျှလောက် ပမာဏရှိသောအရပ်ကို"မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ အကြင်ရဟန်းသည်လည်း နှစ်ခုသုံးခုလောက်သော သစ်ပင်ရင်းပမာဏရှိသော အရပ်ဘို့ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ် ဖြစ်သနည်းဟု(မေး၏)။ အသျှင်ဘုရား အကြင်ရဟန်းသည် နှစ်ခုသုံးခုလောက်သော သစ်ပင်ရင်း ပမာဏရှိသော အရပ်တို့ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ်ဖြစ်ပါ၏ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန ဤဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် နှစ်ခု သုံးခုလောက်သော သစ်ပင်ရင်းပမာဏရှိသော အရပ်တို့ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ အကြင်ရဟန်းသည်ကား တခုသော ဂါမခေတ်လောက်ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏။ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ်ဖြစ်သနည်း ဟု (မေး၏)။ အသျှင်ဘုရား အကြင်ရဟန်းသည် တခုသော ဂါမခေတ်လောက်ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏။ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် မြတ်သော မဟဂ္ဂုတ် ဖြစ်ပါ၏ ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန ဤဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် တခုသောဂါမခေတ်လောက်ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ အကြင်ရဟန်းသည်ကား နှစ်ခုသုံးခုလောက်သော ဂါမခေတ်တို့ကို "မြတ်သော မဟဂ္ဂုတ်စျာန်" ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏။ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ် ဖြစ်သနည်း ဟု (မေး၏)။ အသျှင်ဘုရား အကြင်ရဟန်းသည် နှစ်ခုသုံးခုလောက်သော ဂါမခေတ်တို့ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏။ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် မြတ်သော မဟဂ္ဂုတ်ဖြစ်ပါ၏ဟု(လျှောက်၏)။

ငါ့သျှင်ကစ္စာန ဤဆိုလတ္တံ့သောစကားကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် နှစ်ခုသုံးခုလောက်သော ဂါမခေတ်တို့ကို"မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ အကြင်ရဟန်းသည်ကား တခုသော တိုင်းပြည်ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ်ဖြစ်သနည်း ဟု (မေး၏)။အသျှင်ဘုရား အကြင်ရဟန်းသည် တခုသော တိုင်းပြည်လောက်ကို "မြတ်သော မဟဂ္ဂုတ်စျာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊နှစ်ပါး

http://www.dhammadownload.com



ကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် အထူးသဖြင့် မြတ်သောမဟဂ္ဂုတ် ဖြစ်ပါ၏ ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန ဤဆိုလတ္တံ့သောစကားကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် တခုသော တိုင်းပြည်လောက်ကို မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ အကြင်ရဟန်းသည်ကား နှစ်ခု သုံးခုလောက်သော တိုင်းပြည်ကြီးတို့ကို "မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏။ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ် ဖြစ်သနည်းဟု (မေး၏)။ အသျှင်ဘုရား အကြင်ရဟန်းသည် နှစ်ခုသုံးခုလောက်သော တိုင်းပြည်ကြီးတို့ကို "မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် အထူးသဖြင့် မြတ်သောမဟဂ္ဂုတ် ဖြစ်ပါ၏ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန ဤဆိုလတ္တံ့သောစကားကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရဟန်းသည် နှစ်ခုသုံးခုလောက်သော တိုင်းပြည်ကြီးတို့ကို"မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊အကြင်ရဟန်းသည်ကား မဟာသမုဒ္ဒရာအပိုင်းအခြားရှိသော မြေအရပ်လောက်ကို"မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍နှလုံးသွင်းကာနေ၏။နှစ်ပါးကုန်သော ဤစိတ်ကိုပွါးခြင်းတို့တွင် အဘယ်မည်သော စိတ်ကို ပွါးခြင်းသည် အထူးသဖြင့် မြတ်သောမဟဂ္ဂုတ်ဖြစ်သနည်း ဟု (မေး၏)။ အသျှင်ဘုရား အကြင်ရဟန်းသည် မဟာသမုဒ္ဒရာအပိုင်းအခြားရှိသော မြေအရပ်လောက်ကို "မြတ်သော မဟဂ္ဂုတ်ဈာန်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ နှစ်ပါးကုန်သော ဤစိတ်ကို ပွါးခြင်းတို့တွင် ဤပွါးခြင်းမျိုးသည် အထူးသဖြင့် မြတ်သော မဟဂ္ဂုတ်ဖြစ်ပါ၏ ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန အကြင်အကြောင်းကြောင့် တခုသော နတ်အပေါင်း၌ ဖြစ်ကုန်သော ထိုနတ်တို့တွင် နည်းသော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည်လည်း ဤနတ်အပေါင်း၌ ရှိကုန်၏၊ အတိုင်းမရှိ များသော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည်လည်း ဤနတ်အပေါင်း၌ ရှိကုန်၏၊ ထိုဆိုခဲ့ပြီးသော အကြောင်းရင်းသည် ဤသည်ပင်တည်း၊ ထိုဆိုခဲ့ပြီးသော အထောက်အပံ့သည် ဤသည်ပင်တည်း ဟု (မိန့်ဆို၏)။

၂၃၄။ အသျှင်ဘုရားအနုရုဒ္ဓါ တောင်းပန်ပါ၏၊ ဤအရာ၌ အကျွန်ုပ်အား တဆင့်တက်၍ မေးဖွယ်ရှိနေပြန်ပါ၏ "အသျှင်ဘုရား အကြင်နတ်တို့သည် အရောင်ရှိပါကုန်၏၊ အလုံးစုံကုန်သော ထိုနတ်တို့သည် ညစ်နွမ်းသော အရောင်ရှိပါကုန်သလော၊ သို့မဟုတ် ဤနတ်အစည်းအဝေး၌ ထက်ဝန်းကျင် စင်ကြယ်သော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည်လည်း ရှိပါကုန်သလော"ဟု (မေး၏)။ငါ့သျှင်ကစ္စာန ထိုဘဝ၌ ဖြစ်ခြင်း၏ အကြောင်းကြောင့် ဤနတ်အပေါင်း၌ ညစ်နွမ်းသော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည်လည်း ရှိကုန်၏၊ဤနတ်အပေါင်း၌ ထက်ဝန်းကျင် စင်ကြယ်သော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည်လည်း ရှိကုန်၏ ဟု (မိန့်ဆို၏)။

အသျှင်ဘုရားအနုရုဒ္ဓါ အကြင်အကြောင်းကြောင့် တခုသော နတ်အပေါင်း၌ ဖြစ်ကုန်သော ထိုနတ်တို့တွင် ညစ်နွမ်းသော အရောင်ရှိကုန်သော အချို့နတ်တို့သည် ဤနတ်အပေါင်း၌ ရှိကုန်၏၊ ထက်ဝန်းကျင် စင်ကြယ်သော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည် ဤနတ်အပေါင်း၌ ရှိကုန်၏၊ ထိုအကြောင်းအထောက်အပံ့သည် အဘယ်ပါနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင်ကစ္စာန ထိုသို့ဖြစ်မူ သင့်အား ဥပမာပြုပေအံ့၊ ဤလောက၌ ဥပမာဖြင့် အချို့သော ပညာရှိသော ယောကျ်ားတို့သည် ပြောဆိုအပ်သောစကား၏ အနက်အဓိပ္ပါယ်ကို သိကုန်၏။ ငါ့သျှင်ကစ္စာန ဥပမာအားဖြင့် ထွန်းညှိသော ဆီမီး၏ ဆီသည်လည်း မစင်ကြယ်ရာ၊ မီးစာသည်လည်း မစင်ကြယ်ရာ၊ ထိုဆီမီးသည် ဆီ၏ မစင်ကြယ်ခြင်းကြောင့်ရင်း မီးစာ၏ မစင်ကြယ်ခြင်းကြောင့်ရင်း အလွန်မှေးမှိန်စွာ ထွန်းလင်းတောက်ပသကဲ့သို့ ငါ့သျှင်ကစ္စာန ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် "ညစ်နွမ်းသော အရောင်"ဟု ဖြန့်၍ နှလုံးသွင်းကာ နေ၏၊ထိုရဟန်းအား ကိုယ်ကြမ်းထမ်းခြင်းသည် မငြိမ်းအေး၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း ကောင်းစွာ မနုတ်ပယ်အပ်၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တတတဖန်ပူပန်မှု'ကုက္ကုစ္စ'ကို ကောင်းစွာ မပယ်ဖျောက်အပ်၊ထိုရဟန်းသည် ကိုယ်ကြမ်းထမ်းခြင်း၏လည်း မငြိမ်းအေးခြင်းကြောင့် ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း ကောင်းစွာ မနုတ်ပယ်ခြင်းကြောင့် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နောင်တတတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း ကောင်းစွာ မပယ်ဖျောက်ခြင်းကြောင့် အလွန်မှေးမှိန်စွာ ထွန်းလင်းသော ဆီမီးတောက်ကဲ့သို့ ထိုရဟန်းသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ညစ်နွမ်းသော အရောင်ရှိကုန်သော ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏။

ငါ့သျှင်ကစ္စာန ဥပမာအားဖြင့် ထွန်းညှိသော ဆီမီး၏ ဆီသည်လည်း စင်ကြယ်ရာ၏၊ မီးစာသည်လည်း စင်ကြယ်ရာ၏၊ ထိုဆီမီးသည် ဆီ၏ စင်ကြယ်ခြင်းကြောင့်ရင်း မီးစာ၏စင်ကြယ်ခြင်းကြောင့်ရင်း အလွန်မှေးမှိန်စွာ မထွန်းလင်း မတောက်ပသကဲ့သို့ (ထိန်ထိန်လင်းလင်း တောက်ပသကဲ့သို့) ငါ့သျှင်ကစ္စာန ဤဥပမာအတူသာလျှင် ဤသာသနာတော်၌ အချို့သောရဟန်းသည်"ထက်ဝန်းကျင် စင်ကြယ်သော အရောင်"ဟု ဖြန့်၍ နှလုံးသွင်းကာနေ၏၊ ထိုရဟန်းအား ကိုယ်ကြမ်းထမ်းခြင်းသည်လည်း ငြိမ်းအေးရာ၏၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း ကောင်းစွာ ပယ်နုတ်ရာ၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နောင်တတတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း ကောင်းစွာ ပယ်ဖျောက်ရာ၏၊ ထိုရဟန်းသည် ကိုယ်ကြမ်းဘမ်းခြင်း၏လည်း ငြိမ်းအေးခြင်းကြောင့် ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း ကောင်းစွာ နုတ်ပယ်ခြင်းကြောင့် ပျံ့လွင့်မှု နောင်တတတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကိုလည်း ကောင်းစွာ ပယ်ဖျောက်ခြင်းကြောင့် အလွန်မမှေးမှိန်ပဲ ထွန်းလင်းသော ဆီမီးတောက်ကဲ့သို့ ထိုရဟန်းသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ထက်ဝန်းကျင် စင်ကြယ်သော အရောင်ရှိကုန်သော ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ကပ်ရောက်ရ၏။

ငါ့သျှင်ကစ္စာန အကြင်အကြောင်းကြောင့် တခုသော နတ်အပေါင်း၌ ကပ်ရောက်၍ ဖြစ်ကုန်သော ထိုနတ်တို့တွင် ညစ်နွမ်းသော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည် ဤနတ်အပေါင်း၌ ရှိကုန်၏၊ထက်ဝန်းကျင် စင်ကြယ်သော အရောင်ရှိကုန်သော အချို့ကုန်သော နတ်တို့သည် ဤနတ်အပေါင်း၌ ရှိကုန်၏၊ ထိုအကြောင်းရင်းသည် ဤဆိုခဲ့ပြီးပင်တည်း၊ ထိုအထောက်ပံ့သည် ဤဆိုခဲ့ပြီးပင်တည်း ဟု ပြောဆို၏။

၂၃၅။ ဤသို့ ပြောဆိုသော် ကစ္စည်းအနွယ်ရှိသော အသျှင်သဘိယမထေရ်သည် အသျှင်အနုရုဒ္ဓါမထေရ်အား ဤစကားကို လျှောက်ပြန်၏ "အသျှင်ဘုရားအနုရုဒ္ဓါ တောင်းပန်ပါ၏၊ အသျှင်ဘုရား 'ဤသို့ ငါကြားအပ်၏'ဟူ၍ရင်း 'ဤသို့ ဖြစ်ထိုက်၏'ဟူ၍ရင်း အသျှင်အနုရုဒ္ဓါသည် ဤသို့ မမိန့်ဆိုပါ၊ စင်စစ်သော်ကား ထိုနတ်တို့သည် ဤသို့သဘောရှိကုန်၏ဟူ၍ရင်း ထိုနတ်တို့သည် ဤသို့ အခြင်းအရာရှိကုန်၏ဟူ၍ရင်း ဤသို့သာလျှင် အသျှင်အနုရုဒ္ဓါသည် မိန့်ဆိုတော်မူပါ၏၊ အသျှင်

http://www.dhammadownload.com



ဘုရား ထိုအကျွန်ုပ်အား ‘မချွတ်ကေန် အသျှင်အနုရုဒ္ဓါသည် ထိုနတ်ငြဟ္မာတို့နှင့် အတူတကွ နေဘူးသည်ငှင်း စကားပြောဘူးသည်ငှင်း ဆွေးနွေးဘူးသည်ငှင်း စျာန်ဝင်စားဘူးသည်ငှင်း ဖြစ်တန်ရာ၏’ ဟု” ဤသို့သာလျှင် အကြံ ဖြစ်ပါ၏ ဟု (လျှောက်၏)။

ငါ့သျှင်ကစ္စာန မချွတ်ကေန် ထိခိုက်စောင်းချိပ်၍ ဤစကားကို ဆို၏၊ သို့ရာတွင် သင့်အားငါဖြေကြားအံ့၊ ငါ့သျှင်ကစ္စာန ငါသည် ရှည်မြင့်စွာသော ကာလပတ်လုံး ထိုနတ်ငြဟ္မာတို့နှင့်အတူတကွ နေလည်း နေဘူး၏၊ စကားလည်း ပြောဆိုဘူး၏၊ ဆွေးနွေးလည်း ဆွေးနွေးဘူး၏၊ စျာန်လည်း ဝင်စားဘူး၏ဟု (မိန့်ဆို၏)။

ဤသို့ အသျှင်အနုရုဒ္ဓါ မိန့်ဆိုသော် ကစ္စည်းအနွယ်ရှိသော အသျှင်သဘိယသည် ပဉ္စကင်္ဂလက်သမားကြီးကို “ဒါယကာ သင်အရတော်ပေစွ၊ ဒါယကာ သင်အလွန် အရတော်ပေစွ၊ သင်လည်းထိုယုံမှားဖြစ်သော တရားကို ပယ်ရ၏၊ ငါလည်း ဤတရားဒေသနာတော်ကို ကြားနာခွင့်ငါရပေ၏” ဟု ဤစကားကို ပြောဆို၏။

ခုနစ်ခုမြောက် အနုရုဒ္ဓသုတ် ပြီး၏။

---

## ၈-ဥပက္ကိလေသသုတ်

၂၃၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကောသမ္ဗီပြည်၌ ရဟန်းတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ သင့်လျော်သောအရပ်၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— ‘မြတ်စွာဘုရား ဤကောသမ္ဗီပြည်၌ ရဟန်းတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက် နေကြပါကုန်၏၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အစဉ်သနားသည်ကို အကြောင်းပြု၍ ထိုရဟန်းတို့ ရှိရာအရပ်သို့ ချဉ်းကပ်တော်မူပါလော့”ဟု (လျှောက်ထား၏)။ မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေသဖြင့် လက်ခံတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့ရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို ‘ရဟန်းတို့ မသင့်လျော်၊ မငြင်းခုံကြကုန်လင့်၊ ခိုက်ရန် မဖြစ်ကြကုန်လင့်၊ ဆန့်ကျင်ဖက်စကားကို မဆိုကြကုန်လင့်၊ ဝါဒမကွဲပြားကြကုန်လင့်”ဟု ဤစကားကို မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်ထား၏— “မြတ်စွာဘုရား တရား၏အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါဦး၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် ကြောင့်ကြမဲ့ မျက်မှောက်၌ ချမ်းသာစွာနေခြင်းကို အားထုတ်တော်မူလျက် နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဖက်စကားကို ဆိုခြင်း ဝါဒကွဲပြားခြင်းဖြင့် ထင်ရှားပါကုန်အံ့” ဟု လျှောက်ထား၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို “ရဟန်းတို့ မသင့်လျော်၊ မငြင်းခုံကြကုန်လင့်၊ ခိုက်ရန်မဖြစ်ကြကုန်လင့်၊ ဆန့်ကျင်ဖက်စကားကို မဆိုကြကုန်လင့်၊ ဝါဒမကွဲပြားကြကုန်လင့်”ဟု ဤစကား

http://www.dhammadownload.com



ကို မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း ထိုရဟန်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားပြန်၏ 'မြတ်စွာဘုရား တရား၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါဦး၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် ကြောင့်ကြမှု မျက်မှောက်၌ ချမ်းသာစွာ နေခြင်းကို အားထုတ်တော်မူလျက် နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဖက်စကားကို ဆိုခြင်း ဝါဒကွဲပြားခြင်းဖြင့် ထင်ရှားပါကုန်အံ့" ဟု (လျှောက်ထားပြန်၏)။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ မသင့်လျော်၊ မငြင်းခုံကြကုန်လင့်၊ ခိုက်ရန် မဖြစ်ကြကုန်လင့်၊ ဆန့်ကျင် ဖက်စကားကို မဆိုကြကုန်လင့်၊ ဝါဒမကွဲပြားကြကုန်လင့်" ဟု ဤစကားကို မိန့်တော်မူပြန်၏။ သုံးကြိမ်မြောက်လည်း ထိုရဟန်းသည် မြတ်စွာဘုရားကို "မြတ်စွာဘုရား တရား၏အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါဦး၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် ကြောင့်ကြမှု မျက်မှောက်၌ ချမ်းသာစွာနေခြင်းကို အားထုတ်တော်မူလျက် နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဖက်စကားကို ဆိုခြင်း ဝါဒကွဲပြားခြင်းဖြင့် ထင်ရှားပါကုန်အံ့" ဟု ဤစကားကို လျှောက်ထားပြန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်း ပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူကာ ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ကောသမ္ဗီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် ကျောင်း အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ ရပ်တော်မူလျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

၂၃၇။ များပြားသော အသံရှိသော အလိုဆန္ဒတူမျှသော လူအပေါင်းသည် ငါလူမိုက် ဟူ၍ ဘဦးတစ်ယောက်မျှမထင်၊ သံဃာကွဲပြားသော် (ငါ့ကြောင့် ကွဲပြားသည် ဟူသော) တပါးသောအကြောင်းကိုကား ထို့ထက်အလွန်ပင် မထင်မြင်နိုင်ကြကုန်။

သတိကင်းကုန်၍ ပညာရှိယောင် ဟန်ဆောင်ပြောဆိုသူတို့သည် အငြင်းအခုံစကား၌ ကျက်စားကုန်၏၊ ခံတွင်း ပါးစပ်ကို ဟ၍ အလိုရှိသမျှ ပြောလေ့ရှိကုန်၏၊ အကြင်ငြင်းခုံမှုဖြင့် (ဤအရှက်မရှိသည်၏ အဖြစ်ဟူသော အပြစ်သို့) ဆောင်အပ်ကုန်၏၊ ထိုအရှက်မရှိသည၏ အဖြစ်ဟူသော အပြစ်ကို မသိကြကုန်။

ငါ့ကို အမျက်ထွက်ဘူး၏၊ ငါ့ကို ညှဉ်းဆဲဘူး၏၊ ငါ့ကို အောင်နိုင်ဘူး၏၊ ငါ၏ (ဥစ္စာ) ကို ဆောင်ယူဘူး၏ ဟူ၍ ရန်ငြိုးဖွဲ့သူတို့အား ရန်သည် မငြိမ်း။

ငါ့ကို အမျက်ထွက်ဘူး၏၊ ငါ့ကို ညှဉ်းဆဲဘူး၏၊ ငါ့ကို အောင်နိုင်ဘူး၏၊ ငါ၏ (ဥစ္စာ) ကို ဆောင်ယူဘူး၏ ဟူ၍ ရန်ငြိုးမဖွဲ့သူတို့အား ရန်သည် ငြိမ်းအေး၏။

ဤလောက၌ ရန်တို့သည် ရန်ဘွဲ့မှုသဖြင့် တခါဘူးမျှ မငြိမ်းအေးကုန်၊ ရန်ဘွဲ့မှုမဖွဲ့မှုသာလျှင် ရန်တို့သည် ငြိမ်းအေးကုန်၏၊ ဤသဘောကား ရှေးထုံးစဉ်လာပေတည်း။

ဤသံဃာ့အလယ်၌ ပညာမဲ့သော တပါးသူတို့သည် (ငါတို့ကား သေရဦးမည်) ဟူ၍ မသိကုန်၊ ထိုသံဃာ့အလယ်၌ အကြင်ပညာရှိတို့သည်ကား (ငါတို့သည် သေရဦးမည်) ဟူ၍ သိကုန်၏၊ ထိုသို့သိသော ပညာရှိကြောင့် ခိုက်ရန်တို့သည် ငြိမ်းကုန်၏။

http://www.dhammadownload.com



အရိုးကိုဖြတ် အသက်ကိုသတ် နွားမြင်း ဥစ္စာတို့ကို ဆောင်၍ တိုင်းပြည်ကို လုယက်ကုန်သောမင်းနှစ်ပါးတို့သော်မှလည်း မဟာမိတ်ပေါင်းဆုံခြင်းသည် ဖြစ်နိုင်သေး၏၊ ထို့ကြောင့် အသင်ရဟန်းတို့အား အဘယ့်ကြောင့် ပေါင်းဆုံခြင်း မဖြစ်ပဲ ရှိအံ့နည်း။

တကယ်၍ ကျင့်ဖက်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်တံ့သော သမာဓိရှိသော ပညာရင့်မာသော မိတ်ဆွေကို အကယ်၍ ရငြားအံ့၊ ကြုံသို့ရလျှင် အလုံးစုံသော ဘေးရန်တို့ကို လွှမ်းမိုးနှိပ်စက်၍ ထိုလွှမ်းမိုးနှိပ်စက်ခြင်းနှင့်တကွ ဝမ်းမြောက်သောစိတ်ရှိသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ ကျင့်ရာ၏။

တကယ်၍ ကျင့်ဖက်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်တံ့သော သမာဓိရှိသော ပညာရင့်မာသော မိတ်ဆွေကို အကယ်၍ မရငြားအံ့၊ ကြုံသို့မရလျှင် မင်းသည် တိုင်းနိုင်ငံကို ပယ်၍ တပါးတည်း လှည့်လည်သကဲ့သို့ရင်း မာတင်္ဂမျိုး၌ဖြစ်သော ဆင်ပြောင်ကြီးသည် တော၌ တဦးတည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။

တယောက်တည်း ကျင့်ခြင်းသည် မြတ်ရာ၏၊ လူမိုက်၌ အပေါင်းအဖော်လုပ်ခြင်းသည် မြတ်သည် မဖြစ်ရာ၊ မာတင်္ဂမျိုး၌ ဖြစ်သော ဆင်ပြောင်ကြီးသည် တော၌ တစီးတည်း ကြောင့်ကြမဲ့ လှည့်လည်သကဲ့သို့ တယောက်တည်း ကြောင့်ကြမဲ့ ကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြုရာဟု (မိန့်တော်မူ၏)။

၂၃၈။ ထိုအခါ၌ မြတ်စွာဘုရားသည် ရပ်တော်မူလျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆိုတော်မူပြီးလျှင် ဗာလကလောဏကာရမည်သော ရွာရှိရာအရပ်သို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ အသျှင်ဘဂုသည် ဗာလကလောဏကာရမည်သောရွာ၌ နေ၏၊ အသျှင်ဘဂုသည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်သည်သာတည်း၊ မြင်၍ နေရာကို ခင်းထား၏၊ ခြေဆေးရေကိုလည်း တည်ထား၏၊ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုင်နေတော်မူပြီးလျှင် ခြေတော်တို့ကို ဆေး၏၊ အသျှင်ဘဂုသည်လည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်ဘဂုကို မြတ်စွာဘုရားသည် "ရဟန်း အသို့နည်း (သင်သည်) ခန္ဓာကျန်း၏ လော၊ မျှတ၏လော၊ ဆွမ်းဖြင့် မပင်မပန်း ချမ်းသာ၏လော"ဟု ဤစကားကို မိန့်တော်မူ၏။ မြတ်စွာဘုရား ခန္ဓာကျန်းပါ၏၊ မျှတပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်သည် ဆွမ်းဖြင့် မပင်မပန်း ချမ်းသာပါ၏ဘုရား ဟု (လျှောက်ထား၏)။ ထိုအခါ၌ မြတ်စွာဘုရားသည် အသျှင်ဘဂုကို တရားစကားဖြင့် ကောင်းစွာပြ၍ ကောင်းစွာဆောက်တည်စေ၍ ကောင်းစွာ ထက်သန်စေ၍ ကောင်းစွာ ရွှင်လန်းစေ၍ နေရာမှ ထတော်မူ၍ ပါစီနဝံသမည်သော တောအုပ်ရှိရာ အရပ်သို့ ချဉ်းကပ်၏။

ထိုစဉ်အခါ၌ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် ပါစီနဝံသမည်သော တောအုပ်၌ နေကြကုန်၏။ တောစောင့်သည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်၍ "ရဟန်းကြီး ဤတောအုပ်သို့ မဝင်ပါလင့်၊ ဤတောအုပ်၌ အမျိုးသားသုံးဦးတို့သည် ရှိပါကုန်၏၊ အကျိုးစီးပွါးကို လိုလားသော သဘောရှိလျက် နေပါကုန်၏၊ ထိအမျိုးသား သုံးဦးတို့၏ မချမ်းသာမှုကို မပြုပါလင့်"ဟု ဤစကားကို လျှောက်ထား၏။ အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားနှင့် အတူ ပြောဆိုသော တောစောင့်၏စကားကို ကြား၍ တောစောင့်ကို ဒါယကာတောစောင့် မြတ်စွာ

http://www.dhammadownload.com



ဘုရားကို မတားမြစ်လင့်၊ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အစဉ် ရောက်တော်မူလာ၏”ဟု ဤစကားကို ပြောဆို၏။

၂၃၉။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် အသျှင်နန္ဒိယ အသျှင်ကိမိလတို့ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နန္ဒိယနှင့် အသျှင်ကိမိလကို “အသျှင်တို့ လာကြကုန်၊ အသျှင်တို့ လာကြကုန်၊အကျွန်ုပ်တို့၏ ဆရာ မြတ်စွာဘုရားသည် အစဉ်ရောက်တော်မူလာ၏”ဟု ဤစကားကို ပြောကြား၏။ ထိုအခါ၌ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ တပါးက မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို လှမ်းယူပြီးလျှင် တပါးက နေရာကို ခင်း၍ တပါးက ခြေဆေးရေကို တည်ထား၏၊မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်၍ ခြေတို့ကို ဆေးတော်မူ၏။ထို အသျှင်တို့သည်လည်း မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊သင့်လျော်ရာ၌ ထိုင်နေကုန်ပြီးသော် အသျှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏“အနုရုဒ္ဓါတို့ အသျှင်နည်း၊သင်တို့သည် ခန့်ကျန်းကြ၏လော၊မျှတကြ၏လော၊ဆွမ်းဖြင့် မပင်မပန်း ချမ်းသာကြ၏လော”ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား ခန့်ကျန်းကြပါ၏၊ မြတ်စွာဘုရား မျှတကြပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့သည် ဆွမ်းဖြင့်လည်း မပင်ပန်းကြပါဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ အသျှင်နည်း သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့နှင့်ရေ ရောသကဲ့သို့ တစိတ်တည်း ရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်၏လော ဟု (မေးတော်မူ၏)။မြတ်စွာဘုရား စင်စစ် အကျွန်ုပ်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့နှင့်ရေရောသကဲ့သို့ တစိတ်တည်း ရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။ အနုရုဒ္ဓါတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့နှင့်ရေ ရောသကဲ့သို့ တစိတ်တည်း ရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်သနည်း ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤသာသနာတော်၌ အကျွန်ုပ်အား “ငါသည် ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့် အတူနေရပေ၏၊ငါသည် အရတော်ပေစွ၊ ငါသည် အလွန် အရတော်ပေစွ”ဟု ဤသို့ အကြံ ဖြစ်ပါ၏၊ မြတ်စွာဘုရား ထိုအကျွန်ုပ်အား ဤအသျှင်တို့အပေါ်၌ မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ ဝစီကံ မေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုထင်ပါ၏။ မြတ်စွာဘုရား ထိုအကျွန်ုပ်အား “ငါသည် မိမိစိတ်အလိုကို လျှော့ချထား၍ ဤ အသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးရမူ ကောင်းပေမည်” ဟု ဤသို့ အကြံ အစည်ဖြစ်ပါ၏။ မြတ်စွာဘုရား ထိုအကျွန်ုပ်သည် မိမိစိတ်အလိုကို လျှော့ချထား၍ ဤ အသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးပါ၏။မြတ်စွာဘုရား အကျွန်ုပ်တို့အား ကိုယ်သည် အသီးသီး ဖြစ်ပါသော်လည်း စိတ်သည်ကား တစိတ်တည်းကဲ့သို့ ဖြစ်ကြပါသည်ဟု(လျှောက်ထား၏)။

အသျှင်နန္ဒိယသည်လည်း။ပ။ အသျှင်ကိမိလသည်လည်း မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—မြတ်စွာဘုရား အကျွန်ုပ်သည်လည်း ‘ငါသည် ဤသို့သဘောရှိသော သီတင်းသုံး ဖော်တို့နှင့် အတူ နေရပေ၏၊ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ’ဟု ဤသို့ အကြံ

http://www.dhammadownload.com



ဖြစ်ပါ၏၊ မြတ်စွာဘုရား ထိုအကျွန်ုပ်အား ဤအသျှင်တို့အပေါ်၌ မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏၊မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ ဝစီကံမေတ္တာ သည် ရှေးရှုထင်ပါ၏၊မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုထင် ပါ၏။မြတ်စွာဘုရား ထိုအကျွန်ုပ်အား 'ငါသည် မိမိစိတ်အလိုကို လျှော့ချထား၍ ဤအသျှင်တို့၏ စိတ် အလိုအားဖြင့်သာလျှင် လိုက်လျောကျင့်သုံးရပါမူ ကောင်းပေမည်' ဟု ဤသို့ အကြံဖြစ်ပါ၏၊ မြတ်စွာ ဘုရား ထိုအကျွန်ုပ်သည် မိမိစိတ်အလိုကို လျှော့ချထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာ လျှင် လိုက်လျော ကျင့်သုံးပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့အား ကိုယ်သည် အသီးအသီးဖြစ်သော် လည်း စိတ်သည်ကား တစိတ်တည်းကဲ့သို့ ဖြစ်ပါ၏။ မြတ်စွာဘုရား ဤသို့လျှင် အကျွန်ုပ်တို့သည် အညီ အညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့နှင့်ရေရောသကဲ့သို့ တစိတ်တည်းရှိကုန်၍ အချင်းချင်းချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ကုန်လျက် နေကြပါ၏" ဟု (လျှောက်ထား၏)။

၂၄၀။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ အသို့နည်း သင်တို့သည် မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိကုန်သည်ဖြစ်၍ နေကြ ကုန်၏လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား စင်စစ်သော်ကား အကျွန်ုပ်တို့သည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိကုန်သည် ဖြစ်၍ နေကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။ အနုရုဒ္ဓါတို့ အသို့နည်း၊ သင်တို့သည် အဘယ်သို့လျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်သနည်း ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤအရပ်၌ အကျွန်ုပ်တို့တွင် ဆွမ်းခံရွာမှ ရှေးဦးစွာ ပြန်လာသောသူသည် နေရာတို့ကို ခင်းထား၏၊ သောက်ရေ သုံးဆောင်ရေကို တည်ထား၏၊ ဆွမ်းကြွင်းထည့်ရန် ခွက်ကို တည်ထား၏၊ ဆွမ်းခံရွာမှ နောက်ကျ၍ ပြန်လာသောသူသည် စားကြွင်းဆွမ်းသည် အကယ်၍ ရှိအံ့၊ စားလိုလျှင် စားရာ၏၊မစားလိုက စိမ်းစိုသော မြက်သစ်ပင် မရှိရာ၌သော်လည်း စွန့်၏၊ ပိုးမွှား မရှိသော ရေ၌သော်လည်း သွန်၏၊ ထိုသူသည် နေရာတို့ကို သိမ်း၏၊သောက်ရေ သုံးရေတို့ကို (သိမ်း ဆည်း၏) သိမ်း၏၊ ဆွမ်းကြွင်းထည့်ရန် ခွက်ကို ဆေး၍ (သိမ်းဆည်း၏) သိမ်း၏၊ ဆွမ်းစား (စရပ်) ကျောင်းကို တံမြက်လှည်း၏၊ ရေမရှိသော သောက်ရေအိုးကိုငင်း သုံးဆောင်ရေအိုးကိုငင်း သန့်သက် ရေအိုးကိုငင်း မြင်သောသူသည် (ရေထည့်၍)တည်ထား၏။ထိုရဟန်းသည် အကယ်၍ မချ မမနိုင်ခဲ့ လျှင် အဖော်ကို လက်ယပ်ခေါ်၍ လက်တို့ဖြင့် မြှောက်ချီကာ တည်ထားကြပါကုန်၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့သည် ထိုအကြောင်းများကြောင့် နှုတ်မြွက်ပြောဆိုမှု မပြုကြပါ။ မြတ်စွာဘုရား အကျွန်ုပ် တို့သည် ငါးရက်တကြိမ် တညဥ့်လုံး တရားနှင့်စပ်သော စကားဖြင့် စည်းဝေးနေကြပါကုန်၏။ မြတ်စွာ ဘုရား ဤသို့လျှင် အကျွန်ုပ်တို့သည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်ထား သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြပါကုန်၏ ဟု (လျှောက်ထား၏)။

၂၄၁။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်သော သင်တို့အား လူတို့၏တရားထက် လွန်မြတ်သည့် အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို သိသည်ဖြစ်၍ ချမ်းသာစွာနေရခြင်း ရှိကြကုန်၏လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား ဤအရပ်၌ မမေ့ မလျော့ ပြင်းစွာအားထုတ်ကုန်လျက်( နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေကြ

http://www.dhammadownload.com



ကန်သော အကျွန်ုပ်တို့သည် (ပရိကံသမာဓိကြောင့် ဖြစ်သော) အရောင်ကိုရင်း ရူပါရုံတို့ကိုရင်း (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်)မြင်ခြင်းကိုရင်း သိကြပါကုန်၏။ သို့ရာတွင် အကျွန်ုပ်တို့အား အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း မကြာမီသာလျှင် ကွယ်ပျောက်ပါ၏၊ ထိုပျောက်ခြင်း၏ အကြောင်းကိုကား မသိကြပါကုန် ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ သင်တို့သည် ထိုပျောက်ခြင်း၏ အကြောင်းကို သိသင့်၏။ အနုရုဒ္ဓါတို့ ငါသည်လည်း ဘုရားမဖြစ်မီ သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းသာ ဖြစ်စဉ်က (ပရိကံသမာဓိကြောင့် ဖြစ်သော) အရောင်ကိုရင်း ရူပါရုံတို့ကို (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် )မြင်ခြင်းကိုရင်း သိ၏။ သို့ရာတွင် ငါ့အား ထိုအရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း မကြာမြင့်မီသာလျှင် ကွယ်ပျောက်၏။ အနုရုဒ္ဓါတို့ ထိုငါ့အား ''အကြင်အကြောင်းကြောင့် ငါ့အား အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊ ထိုအကြောင်းရင်းကား အဘယ်နည်း၊ ထိုအထောက်အပံ့ကား အဘယ်နည်း'' ဟု ဤအကြံသည် ဖြစ်၏။ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏ ''ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ'သည် ဖြစ်၏၊ စင်စစ် ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ဟူသော အကြောင်းကြောင့် ငါ၏တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ'ရွေ့လျောသော် အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊ 'ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ' သည် တဖန် မဖြစ်၊ ထိုသို့ မဖြစ်နိုင်အောင် ငါပြုအံ့''ဟု ဤအကြံသည် ဖြစ်၏။ (၁)

အနုရုဒ္ဓါတို့ ထိုငါသည် မမေ့မလျော့ ပြင်းစွာ အားထုတ်လ က်(နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် (ပရိကံသမာဓိကြောင့် ဖြစ်သော)အရောင်ကိုရင်း ရူပါရုံတို့ကို (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်) မြင်ခြင်းကိုရင်း သိ၏။ ငါ့အား ထိုအရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း မကြာမြင့်မီသာလျှင် ကွယ်ပျောက်၏။ အနုရုဒ္ဓါတို့ ထိုငါ့အား ''အကြင်အကြောင်းကြောင့် ငါ့အား အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊ ထိုအကြောင်းရင်းကား အဘယ်နည်း၊ထိုအထောက်အပံ့ကား အဘယ်နည်း'' ဟု ဤအကြံသည် ဖြစ်၏။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ ''ငါ့အား နှလုံးမသွင်းခြင်းသည် ဖြစ်၏၊ နှလုံးမသွင်းခြင်းဟူသော အကြောင်းကြောင့် ငါ၏ တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျောသော် အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊ငါ့အား ယုံမှားခြင်း'ဝိစိကိစ္ဆာ' နှင့် နှလုံးမသွင်းခြင်းသည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့''ဟု ဤအကြံသည် ဖြစ်၏။ (၂)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏ ''ငါ့အား ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'သည်ဖြစ်၏၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ဟူသော အကြောင်းကြော လည်း ငါ၏ တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျောသော် အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ'နှင့် နှလုံးမသွင်းခြင်း ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'သည် တဖန်မဖြစ်နိုင်အောင် ငါပြုပေအံ့''ဟု ဤအကြံသည် ဖြစ်၏။ (၃)

အနုရုဒ္ဓါတို့ ထိုငါသည် ။ပ။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ ''ငါ့အား ကိုယ်ခက်တရော်ရှိခြင်းသည် ဖြစ်၏၊ ကိုယ်ခက်တရော် ရှိခြင်းဟူသော အကြောင်းကြောင့်လည်း ငါ့အား တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျောသော် အရောင်သည်ရင်း ရူပါရုံတို့ကို မြင်ခြင်းသည်ရင်း ကွယ်ပျောက်၏၊အနုရုဒ္ဓါတို့ ဥပမာအားဖြင့် ယောကျ်ားသည်

http://www.dhammadownload.com



ရှည်ဝေးသော ခရီးသို့သွား၏၊ ထိုယောကျ်ား၏ ဘေးနှစ်ဖက်၌ ငုံးတို့သည် ပျံကုန်ရာ၏၊ ထိုငုံးပျံခြင်းဟူသော အကြောင်းကြောင့် ထိုယောကျ်ားအား ကိုယ်ခက်တရော်ရှိခြင်းသည် ဖြစ်ရာသကဲ့သို့ အနုရုဒ္ဓါတို့ ဤဥပမာအတူသာလျှင် ငါ့အား ကိုယ်ခက်ဘရော်ရှိခြင်းသည် ဖြစ်၏၊ ကိုယ်ခက်တရော်ရှိခြင်းဟူသော အကြောင်းကြောင့်လည်း ငါ၏ သမာဓိသည် ရွေ့လျော၏၊ သမာဓိရွေ့လျောသော် အရောင်သည်ချင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ'နှင့် နှလုံးမသွင်းခြင်း ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကိုယ်ခက်ဘရော်ရှိခြင်းသည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့" ဟု ဤအကြံသည် ဖြစ်၏။ (၄)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏"ငါ့အား ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'သည် ဖြစ်၏၊ ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'ဟူသော အကြောင်းကြောင့်လည်း ငါ့အား တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျောသော် အရောင်သည်ငှင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်၏၊ အနုရုဒ္ဓါတို့ ဥပမာအားဖြင့် တလုံးသောရွှေအိုးကို ရှာသော ယောကျ်ားသည် တကြိမ်တည်းသာလျှင် ငါးလုံးသော ရွှေအိုးတို့ကို တွေ့မြင်ရာ၏၊ ထိုတွေ့မြင်ခြင်းဟူသော အကြောင်းကြောင့် ထိုယောကျ်ားအား ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'သည် ဖြစ်ရာသကဲ့သို့ အနုရုဒ္ဓါတို့ ဤဥပမာအတူသာလျှင် ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'သည် ဖြစ်၏၊ ပေါ်လွင်ရွှင်လန်းမှု'ဗလဝပီတိ'ဟူသော အကြောင်းကြောင့်လည်း ငါ၏တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ' ရွေ့လျောသော် အရောင်သည်ငှင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်ခဲ့၏၊ ငါ့အား ယုံမှားခြင်း ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ'ကိုယ်ခက်တရော်ရှိခြင်းနှင့် ပေါ်လွင်ရွှင်လန်းမှု'ဗလဝပီတိ' သည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၅)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏"ငါ့အား ရုန့်ရင်းကြမ်းထမ်းခြင်းသည် ဖြစ်၏၊ ရုန့်ရင်းကြမ်းထမ်းခြင်း ဟူသော အကြောင်းကြောင့်လည်း ငါ၏ တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ' ရွေ့လျောသော် အရောင်သည်ငှင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကိုယ်ခက်တရော်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'နှင့် ရုန့်ရင်းကြမ်းထမ်းခြင်းသည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၆)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏ "ငါ့အား အားထုတ်အပ်သော ဝီရိယလွန်ခြင်းသည် ဖြစ်၏၊ အားထုတ်အပ်သော ဝီရိယလွန်ခြင်းဟူသော အကြောင်းကြောင့်လည်း ငါ့အား တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ' ရွေ့လျောသော် အရောင်သည်ငှင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်၏။ အနုရုဒ္ဓါတို့ ဥပမာအားဖြင့် ယောကျ်ားသည် လက်နှစ်ဖက်တို့ဖြင့် ငုံးကို တင်းကြပ်စွာ ဖမ်းရာ၏၊ ထိုငုံးသည် ထိုလက်ထဲ၌သာလျှင် သေရာသကဲ့သို့ အနုရုဒ္ဓါတို့ ဤဥပမာအတူသာလျှင် ငါ့အား အားထုတ်အပ်သော ဝီရိယလွန်ခြင်းသည် ဖြစ်၏၊ အားထုတ်အပ်သော ဝီရိယလွန်ခြင်းဟူသော အကြောင်းကြောင့်လည်း ငါ၏တည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ' ရွေ့လျောသော် အရောင်သည်ငှင်း ရူပါရုံတို့ကို မြင်ခြင်းသည်ငှင်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကိုယ်ခက်တရော်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု

http://www.dhammadownload.com



'ဗလဝပီတိ' ရှန်ရင်းကြမ်းထမ်းခြင်းနှင့် အားထုတ်အပ်သော ဝီရိယလွန်ခြင်းသည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့" ဟု ဤအကြံသည် ဖြစ်၏။ (၇)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ "ငါ့အား အလွန်ဆုတ်နစ်သော ဝီရိယသည်ဖြစ်၏၊ အလွန်ဆုတ်နစ်သော ဝီရိယဟူသော အကြောင်းကြောင့်လည်း ငါ့အား တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျောသော် အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏။ အနုရုဒ္ဓါတို့ ဥပမာအားဖြင့် ယောကျ်ားသည် ငုံးကို လျော့လျော့ ဖမ်းကိုင်ရာ၏၊ ထိုငုံးသည် ထိုယောကျ်ား၏ လက်မှ ပျံတက်ရာသကဲ့သို့ အနုရုဒ္ဓါတို့ ဤဥပမာအတူသာလျှင် ငါ့အား အလွန်ဆုတ်နစ်သော ဝီရိယသည် ဖြစ်၏၊ အလွန်ဆုတ်နစ်သော ဝီရိယဟူသော အကြောင်းကြောင့်လည်း ငါ၏ တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ'ရွေ့လျောသော် အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ' ကိုယ်ခက်ထရော်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ' ရှန်ရင်းကြမ်းထမ်းခြင်းနှင့် အားထုတ်အပ်သော 'ဝီရိယ'လွန်ခြင်းနှင့် အလွန်ဆုတ်နစ်သော 'ဝီရိယ' သည် တဖန်မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၈)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏"ငါ့အား တောင့်တခြင်း'တဏှာ'သည် ဖြစ်၏၊တောင့်တခြင်း'တဏှာ'ဟူသော အကြောင်းကြောင့် ငါ့အား တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ'ရွေ့လျောသော် အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း'ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကိုယ်ခက်တရော်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ' ရှန်ရင်းကြမ်းထမ်းခြင်း အလွန်အားထုတ်ခြင်း လွန်လွန် အားထုတ်အပ်သော ဝီရိယ ဆုတ်နစ်ခြင်းနှင့် တောင့်တခြင်း 'တဏှာ'သည် တဖန် မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၉)

အနုရုဒ္ဓါတို့ ထိုငါသည်။ပ။ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ "ငါ့အား အထူးထူးသော သဘောရှိသော သညာသည် ဖြစ်၏။အထူးထူးသော သဘောရှိသော သညာဟူသော အကြောင်းကြောင့် ငါ၏ တည်ကြည်မှု'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု'သမာဓိ' ရွေ့လျောသော် အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏၊ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ'နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကိုယ်ခက်တရော်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'ရှန်ရင်းကြမ်းထမ်းခြင်း အားထုတ်အပ်သော ဝီရိယလွန်ခြင်း အလွန်ဆုတ်နစ်သော ဝီရိယ တောင့်တခြင်း 'တဏှာ'နှင့် အထူးထူးသော သဘောရှိသော သညာသည် တဖန်မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၁၀)

အနုရုဒ္ဓါတို့ ထိုငါသည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက်(နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍နေသည်ရှိသော် (ပရိကံသမာဓိကြောင့်ဖြစ်သော) အရောင်ကို၎င်း ရူပါရုံတို့ကို (ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်) မြင်ခြင်းကို၎င်း သိ၏၊ငါ့အား ထိုအရောင်သည်၎င်း ထိုရူပါရုံတို့ကို မြင်ခြင်းသည်၎င်း မကြာမြင့်မီသာလျှင် ကွယ်ပျောက်၏၊ အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏"အကြင်အကြောင်းကြောင့် ငါ့အား အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏၊ထိုအကြောင်းရင်း အထောက်ပံ့ကား အဘယ်နည်း"ဟု ဤအကြံသည် ဖြစ်၏။အနုရုဒ္ဓါတို့

http://www.dhammadownload.com



ထိုငါ့အား "ရူပါရုံတို့ကို အလွန်ရှုခြင်းသည် ဖြစ်၏၊ ရူပါရုံတို့ကို အလွန်ရှုခြင်း ဟူသော အကြောင်းကြောင့်လည်း ငါ၏ဘည်ကြည်မှု 'သမာဓိ'သည် ရွေ့လျော၏၊ တည်ကြည်မှု 'သမာဓိ'ရွေ့လျော့သော် အရောင်သည်၎င်း ရူပါရုံတို့ကို မြင်ခြင်းသည်၎င်း ကွယ်ပျောက်၏၊ ငါ့အား ယုံမှားခြင်း 'ဝိစိကိစ္ဆာ' နှလုံးမသွင်းခြင်း ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကိုယ်ခက်ဘရောင်ရှိခြင်း ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ' ရှုန့်ရင်းကြမ်းထမ်းခြင်း အားထုတ်အပ်သော ဝီရိယလွန်ခြင်း အလွန်ဆုတ်နစ်သော ဝီရိယ တောင့်တခြင်း 'တဏှာ'နှင့်အထူးထူးသော သဘောရှိသော သညာနှင့် ရူပါရုံတို့ကို အလွန်ရှုခြင်းသည် တဖန်မဖြစ်နိုင်အောင် ငါပြုပေအံ့"ဟု ဤအကြံသည် ဖြစ်၏။ (၁၁)

၂၄၂။ အနုရုဒ္ဓါတို့ ထိုငါသည် "ယုံမှားခြင်း'ဝိစိကိစ္ဆာ'သည် စိတ်၏ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်စွန့်၏။ "နှလုံးမသွင်းခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော နှလုံးမသွင်းခြင်းကို ပယ်စွန့်၏။ "ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'သည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော 'ထိနမိဒ္ဓ'ကို ပယ်စွန့်၏၊ "ကိုယ်ခက်တရောင်ရှိခြင်းသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်း ဖြစ်သော ကိုယ်ခက်ဘရောင် ရှိခြင်းကို ပယ်စွန့်၏၊ "ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'သည် စိတ်၏ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော ပေါ်လွင်ရွှင်လန်းမှု 'ဗလဝပီတိ'ကို ပယ်စွန့်၏။ "ရှုန့်ရင်းကြမ်းထမ်းခြင်းသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော ရှုန့်ရင်းကြမ်းထမ်းခြင်းကို ပယ်စွန့်၏။ အားထုတ်အပ်သော ဝီရိယလွန်ခြင်းသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော အားထုတ်အပ်သော ဝီရိယလွန်ခြင်းကို ပယ်စွန့်၏။ "အလွန်ဆုတ်နစ်သော ဝီရိယသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်းဖြစ်သော အလွန်ဆုတ်နစ်သော ဝီရိယကို ပယ်စွန့်၏။ တောင့်တခြင်း 'တဏှာ'သည် စိတ်၏ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်းဖြစ်သော တောင့်တခြင်း'တဏှာ'ကို ပယ်စွန့်၏။ "အထူးထူးသော သဘောရှိသော သညာသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်းဖြစ်သော အထူးထူးသော သဘောရှိသော သညာကို ပယ်စွန့်၏။ "ရူပါရုံတို့ကို အလွန်ရှုခြင်းသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော ရူပါရုံကို အလွန်ရှုခြင်းကို ပယ်စွန့်၏။

၂၄၃။ အနုရုဒ္ဓါတို့ ထိုငါသည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် အသုံးစုံသော ညဉ့်ပတ်လုံး အလုံးစုံသော နေ့ပတ်လုံး အလုံးစုံသော ညဉ့်နေ့ပတ်လုံး အရောင်ကိုသာလျှင် သိ၏၊ရူပါရုံတို့ကို(ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်)မမြင်။ရူပါရုံတို့ကိုသာလျှင် (ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်)မြင်၏၊ အရောင်တို့ကို မသိ။အနုရုဒ္ဓါတို့ ထိုငါ့အား ဤသို့သော အကြံ ဖြစ်၏ 'ငါသည် ထိုအခါ၌ အသုံးစုံသော ညဉ့်ပတ်လုံး အလုံးစုံသောနေ့ပတ်လုံး အလုံးစုံသော ညဉ့်နေ့ပတ်လုံး အရောင်ကိုသာလျှင် သိ၏၊ ရူပါရုံတို့ကို (ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်) မမြင်။ရူပါရုံတို့ကိုသာလျှင်(ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်) မြင်၏၊ အရောင်ကိုမူကား မသိ။ ထိုအကြောင်းရင်းကား အဘယ်နည်း၊ ထိုအထောက်အပံ့ကား အဘယ်နည်း"ဟု (ဤအကြံသည် ဖြစ်၏)။

အနုရုဒ္ဓါတို့ ထိုငါ့အား "ငါသည် အဆင်းနိမိတ်ကို နှလုံးမသွင်းမူ၍ အရောင်နိမိတ်ကို နှလုံးသွင်းသော အခါ၌ အရောင်ကိုသာလျှင် သိ၏၊ ရူပါရုံတို့ကို (ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်) မမြင်။ ငါသည် အရောင်နိမိတ်ကို နှလုံးမသွင်းမူ၍ အဆင်းနိမိတ်ကို နှလုံးသွင်းသော အခါ၌ အလုံးစုံသော ညဉ့်ပတ်လုံး

http://www.dhammadownload.com



အလုံးစုံသော နေ့ပတ်လုံး အလုံးစုံသော ညဥ့်နေ့ပတ်လုံး ရူပါရုံတို့ကိုသာလျှင် (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်) မြင်၏၊ အရောင်ကိုမူ မသိ”ဟု ဤသို့ အကြံသည် ဖြစ်၏။ အနုရုဒ္ဓါတို့ ထိုငါသည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် အလုံးစုံသော ညဥ့်ပတ်လုံး အလုံးစုံသော နေ့ပတ်လုံး အလုံးစုံသော ညဥ့်နေ့ပတ်လုံး အနည်းငယ်သော အရောင်ကိုလည်း သိ၏၊ အနည်းငယ်သော ရူပါရုံတို့ကိုလည်း (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်)မြင်၏။ အတိုင်းမရှိ များသော အရောင်ကိုလည်း သိ၏၊အတိုင်းမရှိ များသော ရူပါရုံတို့ကိုလည်း (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်)မြင်၏။

အနုရုဒ္ဓါတို့ ထိုငါ့အား “ငါသည် အလုံးစုံသော ညဥ့်ပတ်လုံး အလုံးစုံသော နေ့ပတ်လုံး အလုံးစုံသော ညဥ့်နေ့ပတ်လုံး အနည်းငယ်သော အရောင်ကိုလည်း သိ၏၊ အနည်းငယ်သော ရူပါရုံတို့ကိုလည်း (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်) မြင်၏။ အတိုင်းမရှိ များသော အရောင်ကိုလည်း သိ၏၊ အတိုင်းမရှိ များသော ရူပါရုံတို့ကိုလည်း (ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်) မြင်၏။ ထိုအကြောင်းရင်းကား အဘယ်နည်း၊ ထိုအထောက်အပံ့ကား အဘယ်နည်း”ဟု ဤအကြံသည် ဖြစ်၏။ အနုရုဒ္ဓါတို့ ထိုငါ့အား ‘နည်းသော ဌာနရှိသော သမာဓိဖြစ်သော အခါ၌ ငါ့အား ဒိဗ္ဗစက္ခုအဘိညာဏ်သည်လည်း နည်းသော ဌာနရှိ၏၊ ထိုငါသည် နည်းသောဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် နည်းသောအရောင်ကိုလည်း သိ၏၊ နည်းသောရူပါရုံတို့ကိုလည်း မြင်၏။ ငါ့အား အတိုင်းမရှိ များသော ဌာနရှိသော သမာဓိဖြစ်သော အခါ၌ ငါ့အား ဒိဗ္ဗစက္ခုအဘိညာဏ်သည်လည်း အတိုင်းမရှိ များသောဌာနရှိ၏၊ ထိုငါသည် အလုံးစုံသော ညဥ့်ပတ်လုံး အလုံးစုံသော နေ့ပတ်လုံး အလုံးစုံသော ညဥ့်နေ့ပတ်လုံး အတိုင်းမရှိ များသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အတိုင်းမရှိ များသော အရောင်ကိုလည်း သိ၏။ အတိုင်းမရှိ များသော ရူပါရုံတို့ကိုလည်း မြင်၏” ဟု ဤအကြံသည် ဖြစ်၏။

၂၄၄။ အနုရုဒ္ဓါတို့ ငါသည် “ယုံမှားခြင်း ‘ဝိစိကိစ္ဆာ’သည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော ‘ဝိစိကိစ္ဆာ’ ကို ပယ်၏။ “နှလုံးမသွင်းခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း” ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်းဖြစ်သော နှလုံးမသွင်းခြင်းကို ပယ်၏။ “ထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’သည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော ထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’ ကို ပယ်၏။ “ကိုယ်ခက်တရော်ရှိခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော ကိုယ်ခက်တရော်ရှိခြင်းကို ပယ်၏။ “ပေါ်လွင်ရွှင်လန်းမှု ‘ဥပ္ပိလ’သည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော ပေါ်လွင်ရွှင်လန်းမှု ‘ဥပ္ပိလ’ ကို ပယ်၏။ “ရှုန်ရင်းကြမ်းထမ်းခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော ရှုန်ရင်း ကြမ်းထမ်းခြင်းကို ပယ်၏။ ‘အားထုတ်အပ်သော ဝီရိယလွန်ခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော အားထုတ်အပ်သော ဝီရိယလွန်ခြင်းကို ပယ်၏။ “အလွန်ဆုတ်နစ်သော ဝီရိယသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော အလွန်ဆုတ်နစ်သော ဝီရိယကို ပယ်၏၊ “တောင့်တခြင်း ‘တဏှာ’သည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်သော တောင့်တခြင်း ‘တဏှာ’ကို ပယ်၏။ “အထူးထူးသော သဘောရှိသော သညာသည် စိတ်၏ ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ညစ်နွမ်းကြောင်းဖြစ်သော အထူးထူးသောသဘောရှိသော သညာကို ပယ်၏။ “ရူပါရုံတို့ကို အလွန်ရှုခြင်းသည် စိတ်၏ညစ်နွမ်းကြောင်းတည်း”ဟု သိ၍ စိတ်၏ ညစ်နွမ်းကြောင်းဖြစ်သော ရူပါရုံတို့ကို အလွန်ရှုခြင်းကို ပယ်၏။

http://www.dhammadownload.com



၂၄၅။ အနုရုဒ္ဓါတို့ ထိုငါ့အား "ငါသည် စိတ်၏ ညစ်နွမ်းကြောင်းတရားတို့ကို ပယ်ထားပြီး၊ ယခုအခါ၌ ငါသည် သုံးပါးသော အပြားအားဖြင့် သမာဓိကို ပွါးအံ့"ဟု ဤသို့သော အကြံသည်ဖြစ်၏၊အနုရုဒ္ဓါတို့ ထိုငါသည် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း ဝိစာရ'နှင့် တကွဖြစ်သော သမာဓိကိုလည်း ပွါးပြီ၊ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိကိုလည်း ပွါးပြီ၊ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိကိုလည်း ပွါးပြီ၊ ပီတိနှင့်တကွဖြစ်သော သမာဓိကို လည်း ပွါးပြီ၊ ပီတိမရှိသော သမာဓိကိုလည်း ပွါးပြီ၊ သာယာခြင်းနှင့်တကွသော သမာဓိကိုလည်း ပွါးပြီ၊ ဥပေက္ခာနှင့်တကွသော သမာဓိကိုလည်း ပွါးပြီ။

အနုရုဒ္ဓါတို့ ငါသည် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးပြီးပြီ၊ ဝိတက်ကားမရှိ ဝိစာရမျှသာ ရှိသော သမာဓိကိုလည်း ပွါးပြီးပြီ၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော သမာဓိကိုလည်း ပွါးပြီးပြီ၊ ပီတိနှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးပြီးပြီ၊ ပီတိမရှိသော သမာဓိကိုလည်း ပွါးပြီးပြီ၊ သာယာခြင်းနှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးပြီးပြီ၊ဥပေက္ခာနှင့်တကွ ဖြစ်သော သမာဓိကိုလည်း ပွါးပြီးပြီ၊ငါ့အား ဉာဏ်အမြင်သည်လည်း ထင်ရှားဖြစ်ပြီ၊ ငါ၏ စိတ်လွတ် မြောက်မှုသည် မပျက်စီးနိုင်တော့ပြီ၊ ဤဘဝသည် နောက်ဆုံးဖြစ်ခြင်းတည်း၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။အသျှင်အနုရုဒ္ဓါသည် မြတ်စွာ ဘုရား၏တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

ရှစ်ခုမြောက် ဥပက္ကိလေသသုတ် ပြီး၏။

---

## ၉-ဗာလပဏ္ဍိတသုတ်

၂၄၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏ ။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤသုံးပါးတို့သည် သူမိုက်လက္ခဏာ သူမိုက်အမှတ်အသား သူမိုက်လပ်ငန်းစဉ်တို့ တည်း။ အဘယ်သုံးပါးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ သူမိုက်သည် မကောင်းသောအကြံကို လည်း ကြံလေ့ရှိ၏၊ မကောင်းသောစကားကိုလည်း ဆိုလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ ရှိ၏။ ရဟန်းတို့ သူမိုက်သည် ထိုမကောင်းသော အကြံကို ကြံလေ့ရှိသည်ငှင်း ထိုမကောင်းသော စကားကို ဆိုလေ့ရှိသည်ငှင်း ထိုမကောင်းသော အမှုကို ပြုလေ့ရှိသည်ငှင်း အကယ်၍ မဖြစ်ငြားအံ့၊ ထိုသူကို အဘယ်အကြောင်းဖြင့် "ဤအသျှင်သည် သူမိုက်တည်း၊ သူတော်မဟုတ် သူယုတ်တည်း"ဟု ပညာရှိတို့သည် သိနိုင်ကုန်ရာအံ့နည်း၊ (မသိနိုင်ကုန်ရာ)။ ရဟန်းတို့ အကြင်အကြောင်းကြောင့် သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ မကောင်းသော စကားကိုလည်း ဆိုလေ့ရှိ၏၊ မကောင်းသောအမှုကိုလည်း ပြုလေ့ရှိ၏၊ ထိုအကြောင်းကြောင့် ထိုသူကို "ဤအသျှင် သည် သူမိုက်တည်း၊ သူတော်မဟုတ် သူယုတ်မာတည်း"ဟုပညာရှိတို့သည် သိနိုင်ကုန်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုသူမိုက်သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ သုံးမျိုးသော ဆင်းရဲခြင်း နှလုံး မသာခြင်းကို ခံစားရ၏၊ ရဟန်းတို့ သူမိုက်သည် အစုအဝေးသဘင်၌သော်လည်း ထိုင်နေသည် ဖြစ်စေ လမ်းမ၌သော်လည်း ထိုင်နေသည်ဖြစ်စေ လမ်းဆုံ၌သော်လည်း ထိုင်နေသည်ဖြစ်စေ ထိုသို့နေရာ၌ လူအပေါင်းသည် ထိုအပြုအမူတို့ကို မှီ၍ဖြစ်သော ထိုအပြုအမူတို့နှင့် လျော်သော စကားကို အကယ်၍ ပြောဆိုအံ့၊ ရဟန်းတို့ လူမိုက်သည် အကယ်၍ အသက်ကို သတ်လေ့ရှိအံ့၊ မပေးသည်ကို ယူလေ့ရှိအံ့၊ ကာမတို့၌ မှားယွင်းသောအကျင့်ကို ကျင့်လေ့ရှိအံ့၊ မုသားပြော လေ့ရှိအံ့၊ မေ့လျော့ခြင်း အကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိအံ့။ ထိုသို့ဖြစ်ရာ၌ သူမိုက်အား ဤသို့ အကြံဖြစ်၏—"လူအပေါင်းသည် ထိုအပြုအမူတို့ကို မှီ၍ ဖြစ်သော ထိုအပြုအမူ တို့နှင့်လျော်သော စကားကို ပြောဆို၏၊ ငါ၌ ထိုတရားတို့သည် ရှိကုန်သည်သာတည်း၊ ငါ့ကိုလည်း ထိုတရားတို့၌ တွေ့မြင်ရ၏"ဟု ဤသို့ အကြံဖြစ်၏။ ရဟန်းတို့ လူမိုက်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ရှေးဦးစွာသော ဤဆင်းရဲခြင်း နှလုံးမသာယာခြင်းကို ခံစားရ၏။

၂၄၇။ ရဟန်းတို့ နောက်တမျိုးကား မကောင်းမှု ပြုကျင့်သော ခိုးသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုသည်တို့ကို တွေ့မြင်လေ၏၊ ကြိမ်လုံးတို့ဖြင့် ရိုက်သည်တို့ကိုလည်း ကြိမ် နှယ်တို့ဖြင့် ရိုက်သည်တို့ကိုလည်း (နှစ်တောင့်ထွာရှိသော) တုတ်ဘိုတို့ဖြင့် ရိုက်သည်တို့ကိုလည်း လက်ကို ဖြတ်သည်တို့ကိုလည်း ခြေကို ဖြတ်သည်တို့ကိုလည်း လက်ခြေကို ဖြတ်သည်တို့ကိုလည်း နားကို ဖြတ်သည်တို့ကိုလည်း နှာခေါင်းကို ဖြတ်သည်တို့ကိုလည်း နားနှာခေါင်းကို ဖြတ်သည်တို့ကိုလည်း ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပွက်ပွက်ဆူစေသည်တို့ကိုလည်း ခရုသင်းပမာ ဦးခေါင်းရေကို ခွါသည်တို့ကိုလည်း နေကိုင်သည့် ရာဟုခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့် အောင် ပြုသည်တို့ကိုလည်း ကိုယ်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက် သည်တို့ကိုလည်း လက်နှစ်ဖက်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက် သည်တို့ကိုလည်း မြစ်ခြေပင်မ၌ အရိုးအရွက်တို့ ရစ်ပတ်နေသော ပန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးလွှားစေသည်တို့ကိုလည်း အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွါ၍ လျော်တေဝတ်ရုံသော ရသေ့အလား ပြေးလွှားစေသည်တို့ကိုလည်း ခြေလက် လေးဖက်၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်သည်တို့ကိုလည်း အရေအသား အကြောတို့ကို ငါးမြှားချိတ်ပမာ ထက်စွာသော သံချိတ်တို့ဖြင့် ဆွဲချိတ်၍ ချသည်တို့ ကိုလည်း တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ချွေချသည်တို့ကိုလည်း တကိုယ်လုံး ၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့် ပက်ကြသည်တို့ကိုလည်း တံခါးတိုင်၌ တံခါးကျည် လှည့်သကဲ့သို့ ကိုယ်ကို သံတံကျင်လျှို၍ လှည့်စေသည်တို့ကိုလည်း အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက် ကျေမွစေလျက် ကောက်ရိုး ကမ္ဗလာခွေကဲ့သို့ ပြုလုပ်သည်တို့ကိုလည်း ဆီပူဖြင့် သွန်းလောင်းသည်တို့ကို လည်း ခွေးတို့ကို ကိုက်စေသည်တို့ကိုလည်း အရှင်လတ်လတ် သံတံကျင်ဖြင့် လျှိုသည်တို့ကိုလည်း သန်လျက် ဖြင့် ဦးခေါင်းကို ဖြတ်သည်တို့ ကိုလည်း လူမိုက်သည် မြင်ရလေ၏။

ရဟန်းတို့ ထိုညှဉ်းပန်းမှုကို မြင်ရာ၌ သူမိုက်အား ဤသို့သော အကြံသည်ဖြစ်၏— "အကြင်သို့ သဘောရှိကုန်သော ယုတ်မာကုန်သော အမှုတို့ကို ပြုခြင်းဟူသော အကြောင်းကြောင့် မင်းတို့သည် မကောင်းမှုပြုကျင့်သော ခိုးသူကို ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်၏၊ ကြိမ်လုံးတို့ ဖြင့်လည်း ရိုက်ကုန်၏။ပ။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ငါ၌ ထိုယုတ်မာသော တရားတို့သည် ရှိကုန်သည်သာတည်း၊ ထိုယုတ်မာသော တရားတို့၌ ငါ့ကို တွေ့မြင်ရ၏။

http://www.dhammadownload.com



မင်းတို့သည် ငါ့ကိုလည်း အကယ်၍ သိကုန်ငြားအံ့၊ မင်းတို့သည် ငါ့ကိုလည်း ဖမ်းကုန်၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်ရာ၏၊ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကုန်ရာ၏။ပ။ အရှင်လတ်လတ် လည်း သံတံကျင်ဖြင့် လျှိုကုန်ရာ၏ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကုန်ရာ၏”ဟု အကြံဖြစ်၏။ ရဟန်းတို့ သူခိုးကိုသည် မျက်မှောက်ဘဝ၌ နှစ်ခုမြောက်ဖြစ်သော ဤဆင်းရဲခြင်း နှလုံးမသာယာခြင်း ကို ခံစားရ၏။

၂၄၇။ ရဟန်းတို့ နောက်တမျိုးကား သေရာ အင်းပျဉ်၌ တင်ထားအပ်သည်လည်း ဖြစ်သော သေရာညောင်စောင်း၌ တင်ထားအပ်သည်လည်းဖြစ်သော သေရာမြေအရပ်၌ မထပဲ လျောင်းအိပ် သည်လည်းဖြစ်သော ထိုသူခိုးကို၏ ရှေးကပြုခဲ့သော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဟူကုန် သော ယုတ်မာသော အပြုအမူတို့သည် သေခါနီးအခါ၌ ထင်ကုန်၏၊ပေါ်ကုန်၏၊လွှမ်းမိုးလာကုန်၏။ ရဟန်းတို့ ဥပမာအားဖြင့် ကြီးစွာသော တောင်ထွတ်တို့၏ အရိပ်တို့သည် ညနေချမ်းအခါ မြေအပြင်၌ ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏။ ရဟန်းတို့ ဤအတူသာလျှင် သေရာ အင်းပျဉ်၌ တင်ထားအပ်သည်လည်းဖြစ်သော သေရာ ညောင်စောင်း၌ တင်ထားအပ်သည်လည် ဖြစ်သော (သေရာ)မြေ၌ မထပဲ လျောင်းအိပ်သည်လည်းဖြစ်သော ထိုသူခိုးကို၏ ရှေးကပြုခဲ့သော ကာယ ဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဟူကုန်သော ယုတ်မာသော အပြုအမူတို့သည် ထိုသေခါနီးအခါ၌ ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏။

ရဟန်းတို့ ထိုနိမိတ်ဘင်ရာ၌ သူခိုးကိုအား ဤသို့သောအကြံသည် ဖြစ်၏—“ငါသည် ကောင်းမှု ကို မပြုမိလေစွ၊ကုသိုလ်ကို မပြုမိလေစွ၊ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်း ကုသိုလ်ကို မပြုမိလေစွ၊ မကောင်းမှုကို ပြုမိလေစွ၊ ကြမ်းကြုတ်မှုကို ပြုမိလေစွ၊ ညစ်ကျူမှု ဒုစရိုက်ကို ပြုမိလေစွ၊အချင်းတို့ ကောင်းမှုကို မပြုကုန်သော ကုသိုလ်ကို မပြုမိကုန်သော ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်း ကုသိုလ်တို့ကို မပြုမိကုန်သော မကောင်းမှုကို ပြုမိကုန်သော ကြမ်းကြုတ်မှုကို ပြုမိကုန်သော ညစ်ကျူ မှု ဒုစရိုက်ကို ပြုမိကုန်သော ပုဂ္ဂိုလ်တို့၏ လားရာဂတိသို့ လားရာ၏”ဟု (အကြံဖြစ်၏)။ ထိုသူခိုးကို သည် ပူဆွေး၏၊ ပင်ပန်း၏၊ငိုကြွေး၏၊ ရင်ပတ်စည်တီးမြည်တမ်း၏။ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့ သူခိုးကိုသည် မျက်မှောက်ဘဝ၌ သုံးခုမြောက်ဖြစ်သော ဤဆင်းရဲခြင်း နှလုံးမသာယာခြင်း ကို ခံစားရ၏။

ရဟန်းတို့ ထိုသူခိုးကိုသည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ ဖရိုဖရဲ ကျရာ အပါယ်ငရဲသို့ ရောက်ရ၏။ ရဟန်းတို့ “ကေန် မလိုချင်စရာ ကေန်မနှစ်သက်စရာ ကေန်နှလုံး မသာစရာ ဟူ၍ အမှန်ပြောဆိုလိုလျှင် ငရဲကိုသာလျှင် “ကေန်မလိုချင်စရာ ကေန်မနှစ်သက်စရာ ကေန်နှလုံးမသာစရာ” ဟူ၍ အမှန်ဆိုရာ၏၊ ရဟန်းတို့ ငရဲတို့တွင် အလွန်အကဲ ဆင်းရဲကုန်၏၊ ဤငရဲကို ဥပမာပြုခြင်းငှါပင် မလွယ် ဟု (မိန့်တော်မူ၏)။

၂၄၉။ ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားကို “မြတ်စွာဘုရား ဥပမာ ပြုခြင်းငှါ စွမ်းနိုင်တော်မူပါသလော”ဟု ဤစကားကို လျှောက်၏။ “ရဟန်း စွမ်းနိုင်၏” ဟု မြတ်စွာ ဘုရားသည် မိန့်တော်မူ၏။ရဟန်း ဥပမာအားဖြင့် မကောင်းမှုပြုကျင့်သော ခိုးသူကို ဖမ်း၍ “အရှင် မင်းကြီး ဤသူကား မကောင်းမှုပြုကျင့်သော ခိုးသူပါတည်း၊ဤခိုးသူအား အလိုရှိရာဒဏ်ကို ပေးတော် မူပါလော့”ဟု မင်းကြီးအား ပြကုန်ရာ၏။ မင်းကြီးသည် ထိုခိုးသူကို ဤသို့ အမိန့်တော်မှတ်ရာ၏—

http://www.dhammadownload.com



"အချင်းတို့ သွားကြကုန်လော့၊ ဤယောကျ်ားကို နံနက်အခါ လှံချက်တရာဖြင့် ထိုးသတ်ကြကုန်လော့"ဟု (အမိန့်တော်မှတ်ရာ၏)။ ထိုယောကျ်ားကို နံနက်အခါ၌ လှံချက်တရာဖြင့် ထိုးသတ်ကုန်ရာ၏။ ထို့နောက် မင်းကြီးသည် မွန်းတည့်အခါ၌ "အိုအချင်းတို့ ထိုခိုးသူယောကျ်ားသည် အဘယ်သို့ ဖြစ်သနည်း"ဟု မေးရာ၏။ အရှင်မင်းကြီး ထိုရှေးအတိုင်းသာလျှင် အသက်ရှင်လျက်ပင် ရှိပါသေး၏ဟု (သံတော်ဦးတင်ရာ၏)။ မင်းကြီးသည် ထိုခိုးသူကို ဤသို့ အမိန့်တော် မှတ်ရာ၏ "အချင်းတို့ သွားကြကုန်လော့၊ ထိုယောကျ်ားကို မွန်းတည့်အခါ၌ လှံချက်တရာဖြင့် ထိုးသတ်ကြကုန်လော့"ဟု (အမိန့်တော်မှတ်ရာ၏)။ ထိုယောကျ်ားကို မွန်းတည့်အခါ၌ လှံချက်တရာဖြင့် ထိုးသတ်ကုန်ရာ၏။ ထို့နောက် မင်းကြီးသည် ညချမ်းအခါ၌ "အိုအချင်းတို့ ထိုခိုးသူယောကျ်ားသည် အဘယ်သို့ ဖြစ်သနည်း"ဟု မေးရာ၏။ အရှင်မင်းကြီး ထိုရှေးအတိုင်းသာလျှင် အသက်ရှင်လျက် ရှိပါသေး၏ ဟု(သံတော်ဦးတင်ရာ၏)။မင်းကြီးသည် ထိုခိုးသူကို ဤသို့ အမိန့်တော်မှတ်ရာ၏ "အချင်းတို့ သွားကြကုန်လော့၊ ထိုယောကျ်ားကို ညချမ်းအခါ၌ လှံချက်တရာဖြင့် ထိုးသတ်ကြကုန်လော့"ဟု (အမိန့်တော်မှတ်ရာ၏)။ ထိုယောကျ်ားကို ညချမ်းအခါ၌ လှံချက်တရာဖြင့် ထိုးသတ်ကုန်ရာ၏၊ ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကုန်သနည်း၊ ခိုးသူယောကျ်ားသည် လှံချက်သုံးရာတို့ဖြင့် ထိုးသတ်သည် ရှိသော် ထိုသုံးသိုးခြင်း ဟူသောအကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာယာခြင်းကို ခံစားရသည် မဟုတ်လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား တခုသောလှံချက်ဖြင့်လည်း ထိုးသတ်ခံရသော ထိုယောကျ်ားသည် ထို ထိုးသတ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာယာခြင်းကို ခံစားရသေးရာ၏၊ လှံချက်သုံးရာတို့ဖြင့် ထိုးသတ်ခံရရာ၌မူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (လျှောက်၏)။

၂၅၀။ ထိုအခါ မြတ်စွာဘုရားသည် အနည်းငယ်သော လက်တဆုပ်စာမျှသော ကျောက်ခဲကို ကိုင်၍ "ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ အနည်းငယ်သော လက်တဆုပ်စာမျှသော ငါကိုင်ထားသော ကျောက်ခဲနှင့် ဟိမဝန္တာတောင်သည် အဘယ်က သာလွန်၍ ကြီးသနည်း"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ မြတ်စွာဘုရား အနည်းငယ်သော လက်တဆုပ်စာမျှသော မြတ်စွာဘုရား ကိုင်ထားသော ဤကျောက်ခဲသည် မပြောပလောက်ပါ။ဟိမဝန္တာတောင်မင်းကို ထောက်စာသော် ရေတွက်သောက် ခြင်းမျှသို့လည်း မရောက်ပါ၊ ရာထောင်စိတ် တစိတ်မျှသို့လည်း မရောက်ပါ၊ နှိုင်းခိုင်းနိုင်လောက်ရုံမျှသို့လည်း မရောက်ပါ ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤအတူသာလျှင် ထိုယောကျ်ား လှံချက်သုံးရာတို့ဖြင့် ထိုးသတ်အပ်သည်ရှိသော် ထိုးသတ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာယာခြင်းကို ခံစားရ၏၊ ထိုဆင်းရဲခြင်း နှလုံးမသာယာခြင်းသည် ငရဲ၌ဖြစ်သော ဆင်းရဲကို ထောက်စာသော်(ဆင်းရဲဟု)ရေတွက်လောက်ခြင်းမျှသို့လည်း မရောက်၊ ရာထောင်စိတ် တစိတ်မျှသို့လည်း မရောက်၊ နှိုင်းခိုင်းနိုင်လောက်ရုံမျှသို့လည်း မရောက်။

ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ငါးမျိုးသော နှောင်ဖွဲ့ခြင်းမည်သော ညှဉ်းပန်းမှုကို ပြုကုန်၏၊ လောလောပူသော သံငုတ်ကို လက်၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို နှစ်ခုမြောက်သောလက်၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို ခြေ၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို နှစ်ခုမြောက်သော ခြေ၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို ရင်လယ်၌ စိုက်နှက်ကုန်၏။ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်သေးသမျှ မသေ။ ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် အိပ်စေ၍ ဓားမတို့ဖြင့် ရွေကုန်၏။ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်

http://www.dhammadownload.com



ကုန်။ပ။ မကုန်သေးသမျှ မသေ။ ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ခြေမိုးမျှော် ဦးခေါင်းစောက်ထိုး ကိုင်၍ ပဲခွပ်တို့ဖြင့် ရွှေကုန်၏။ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန်။ပ။ မကုန်သေးသမျှ မသေ။

ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ရထား၌ ကပ်၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော မြေ၌ ပြေးလည်း ပြေးစေကုန်၏၊ ခေါက်တုံ့ခေါက်ပြန်လည်း ပြေးစေကုန်၏။ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန်။ပ။ မကုန်သေးသမျှ မသေ။ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော ကြီးစွာသော မီးကျီးတောင်သို့ တက်လည်း တက်စေကုန်၏၊ ဆင်းလည်း ဆင်းစေကုန်၏၊ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏။ ထိုမကောင်းမှုကံ မကုန်သေးသမျှ မသေ။

ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ခြေမိုးမျှော် ဦးခေါင်းစောက်ထိုး ကိုင်၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့် တကွသော မီးခိုးနှင့် တကွသော လောလောပူသော သံအိုး'လောဟကုမ္ဘီ'ငရဲ၌ ပစ်ချကုန်၏။ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ'ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်၏၊ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ'ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်သည်ရှိသော် တကြိမ်လည်း အထက်သို့ ပေါ်တက်၏၊ တကြိမ်လည်း အောက်သို့ မြုပ်သွား၏၊ တကြိမ်လည်း ဖီလာကန့်လန့်သွား၏။ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ'ငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏။ ထိုမကောင်းမှုကံ မကုန်သေးသမျှ မသေ။ ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် အထပ်ထပ် ငရဲကြီး၌ ပစ်ချကုန်၏။ ရဟန်းတို့ ထိုငရဲကြီးသည်ကား—

လေးထောင့်ရှိ၏၊ တံခါးလေးခုရှိ၏၊ အကွက်ကျအောင် တိုင်းတာဝေဖန်ထား၏၊ သံတံတိုင်းဖြင့် ကာရံ၏၊ သံပြားဖြင့် မိုးအုပ်ထား၏။

ထိုငရဲကြီးမှာ သံဖြင့်ပြီးသော မြေရှိ၏၊ ရဲရဲပြောင်ပြောင် တောက်လောင်၏၊ အခိုးအလျှံရှိ၏၊ အခါခပ်သိမ်း ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် ပြန့်နှံ့၍ တည်၏။

ရဟန်းတို့ ငါသည် နည်းပရိယာယ် အမျိုးမျိုးဖြင့်လည်း ငရဲစကားကို ဟောပြောအံ့၊ ရဟန်းတို့ ငရဲတို့သည် အသွင်ဆင်းရဲကုန်၏၊ ဤဆင်းရဲပုံကို ဟောကြားခြင်းဖြင့် အဆုံးသို့ရောက်အောင် ဟောခြင်းငှါ မလွယ်။

၂၅၁။ ရဟန်းတို့ မြက်ကို စားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏၊ ထိုသတ္တဝါတို့သည် စိုသော မြက်တို့ကိုငင်း ခြောက်သော မြက်တို့ကိုငင်း သွားတို့ဖြင့် နုတ်ဖြတ်၍ စားကုန်၏၊ ရဟန်းတို့ မြက်ကို စားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် အဘယ်သည်တို့နည်း၊ ဆင်တို့ငင်း မြင်းတို့ငင်း နွားတို့ငင်း မြည်းတို့ငင်း ဆိတ်တို့ငင်း သမင်တို့ငင်း ထိုမှတပါး မြက်ကို စားကုန်သော အချို့သော တိရစ္ဆာန်သတ္တဝါတို့ငင်းတည်း။ ရဟန်းတို့ ထိုသူမိုက်သည် ဤလောက၌ ရှေးမဆွက အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မြက်စားကုန်သော သတ္တဝါတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏။

ရဟန်းတို့ မစင်ကို စားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏၊ ထိုသတ္တဝါတို့သည် အဝေးမှလျှင် မစင်နံ့ရ၍ "ဤအရပ်၌ စားကုန်အံ့၊ ဤအရပ်၌ စားကုန်အံ့"ဟု ပြေးလာကုန်၏။

http://www.dhammadownload.com



ဥပမာမည်သည်ကား ပုဏ္ဏားဘို့သည် ယဇ်ပူဇော်ရန်ဖြင့် "ဤအရပ်၌ စားကုန်အံ့၊ ဤအရပ်၌ စားကုန်အံ့" ဟု ပြေးလာကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် မစင်ကို စားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏။ ထိုသတ္တဝါတို့သည် အငွေ့မှလျှင် မစင်နံ့ရ၍ "ဤအရပ်၌ စားကုန်အံ့၊ ဤအရပ်၌ စားကုန်အံ့" ဟု ပြေးလာကုန်၏။ ရဟန်းတို့ မစင်ကို စားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် အဘယ်သည်တို့နည်းဟူမူ—ကြက်တို့ရှင်း ဝက်တို့ရှင်း အိမ်ခွေးတို့ရှင်း မြေခွေးတို့ရှင်း ထိုမှတပါး မစင်ကို စားကုန်သော အချို့သော တိရစ္ဆာန်သတ္တဝါတို့ရှင်းတည်း။ ရဟန်းတို့ ထိုသူမိုက်သည် ဤလောက၌ ရှေးမဆွက အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ မစင်စားကုန်သော သတ္တဝါတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏။

ရဟန်းဘို့ အမိုက်တိုက်၌ ပေါက်ပွါး ကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏။ ရဟန်းဘို့ အမိုက်တိုက်၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် အဘယ်သည်ဘို့နည်းဟူမူ—ပိုးရွတို့ရှင်း နံ့တို့ရှင်း တီတို့ရှင်း ထိုမှတပါး အမိုက်တိုက်၌ ပေါက်ပွါး ကြီးပြင်း သေလွန်ကုန်သော အချို့သော တိရစ္ဆာန်သတ္တဝါတို့ရှင်းတည်း။ ရဟန်းတို့ ထိုသူမိုက်သည် ဤလောက၌ ရှေးကအရသာ၌ တပ်မက်သည် ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ အမိုက်တိုက်၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန် သတ္တဝါဘို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်၏။

ရဟန်းဘို့ ရေ၌ ပေါက်ပွါး ကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏။ ရဟန်းဘို့ ရေ၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် အဘယ်သည်တို့နည်းဟူမူ—ငါးတို့ရှင်း လိပ်တို့ရှင်း မိကျောင်းဘို့ရှင်း ထိုမှတပါး ရေ၌ ပေါက်ပွါး ကြီးပြင်း သေလွန်ကုန်သော အချို့သော တိရစ္ဆာန်သတ္တဝါဘို့ရှင်းတည်း။ ရဟန်းတို့ ထိုသူမိုက်သည် ဤလောက၌ ရှေးမဆွက အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ရေ၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့၏ အပေါင်အဖော်အဖြစ်သို့ ကပ်ရောက်၏။

ရဟန်းဘို့ မစင်ကြယ်သော ဝတ္ထု၌ ပေါက်ပွါး ကြီးပြင်းသေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏။ ရဟန်းတို့ မစင်ကြယ်သော ဝတ္ထု၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါဘို့သည် အဘယ်သည်ဘို့နည်းဟူမူ—ရဟန်းတို့ ငါးပုပ်၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော အကောင်ပုပ်၌။ပ။ ပုပ်သောမုယော၌။ ရွံ့ညွန်ပုပ် (တစ်းတွင်း)၌။ မော်ပုပ်၌ ပေါက်ပွါးသည်လည်း ဖြစ်ကုန်သော ထိုမှတပါး မစင်ကြယ်သော ဝတ္ထု၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော အချို့သောတိရစ္ဆာန်သတ္တဝါတို့တည်း။ ရဟန်းတို့ ထိုသူမိုက်သည် ဤလောက၌ ရှေးမဆွက အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မစင်ကြယ်သော ဝတ္ထု၌ ပေါက်ပွါးကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏။

ရဟန်းတို့ ငါသည် နည်းပရိယာယ်အမျိုးမျိုးဖြင့်လည်း တိရစ္ဆာန်မျိုးနှင့်စပ်သော စကားကို ဟောငြားအံ့၊ ရဟန်းတို့ တိရစ္ဆာန်မျိုး၏ ဆင်းရဲပုံ အလုံးစုံကို ကုန်အောင် ဟောခြင်းငှါ မလွယ်။

၂၅၂။ ရဟန်းတို့ ဥပမာအားဖြင့် ယောကျ်ားသည် တပေါက်သာရှိသော ထမ်းပိုးကို မဟာသမုဒ္ဒရာ၌ ပစ်ချရာ၏၊ ထိုထမ်းပိုးကို အရှေ့လေသည် အနောက်အရပ်သို့ လွင့်ဆောင်ရာ၏၊ အနောက်

http://www.dhammadownload.com



လေသည် အရှေ့အရပ်သို့ လွင့်ဆောင်ရာ၏၊ မြောက်လေသည် တောင်အရပ်သို့ လွင့်ဆောင်ရာ၏၊ တောင်လေသည် မြောက်အရပ်သို့ လွင့်ဆောင်ရာ၏။ ထိုသမုဒ္ဒရာ၌ လိပ်ကန်းသည် ရှိရာ၏၊ ထိုလိပ်ကန်းသည် အနှစ်တရာ အနှစ်တရာကို လွန်သဖြင့် တကြိမ်ပေါ် ရာ၏။ ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ ထိုလိပ်ကန်းသည် ထိုတပေါက်သာရှိသော ထမ်းပိုး၌ လည်ကို စွပ်မိနိုင်ရာအံ့လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား မစွပ်မိနိုင်ပါ၊ မြတ်စွာဘုရား ရှည်စွာသော ကာလကို လွန်သဖြင့် တခါတရံ စွပ်မိနိုင်ရာပါ၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုလိပ်ကန်းသည် တပေါက်သာရှိသော ထမ်းပိုး၌ လျင်မြန်စွာ လည်ကို စွပ်မိသော် စွပ်မိနိုင်ရာ၏။ ရဟန်းတို့ တကြိမ် အပါယ်သို့ကျသော သူမိုက်သည် လူအဖြစ်ကို (ရရန်) အလွန်ရခဲ၏ဟု ငါဘုရား ဟောကြား၏၊ အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ဤအပါယ်ဘုံ၌ တရားကျင့်ခြင်း အညီအမျှ ကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းတို့သည် မရှိကုန်သောကြောင့်တည်း၊ ရဟန်းတို့ ဤအပါယ်ဘုံ၌ အချင်းချင်း ခဲစားခြင်း အားသေးသောသတ္တဝါကို ခဲစားခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုသူမိုက်သည် ရှည်စွာသော ကာလကို လွန်သဖြင့် တခါတရံ လူ့ အဖြစ်သို့အကယ်၍ ရောက်ငြားအံ့၊ဤသို့ရောက်သော် ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းအိုက်သွန်မျိုး ထိုသို့သော ယုတ်ညံ့သော အမျိုး၌ ဖြစ်ရာ၏၊ နည်းသော ထမင်း အဖျော် ခဲဖွယ်ဘောဇဉ်ရှိသော သူဆင်းရဲမျိုး၌ ဖြစ်ရာ၏၊ ဆင်းရဲငြိုငြင်သဖြင့် အစားအဝတ်ကို ရအပ်သော ငြိုငြင်သဖြင့် အသက်မွေးခြင်းရှိသော အမျိုး၌ ဖြစ်ရာ၏၊ ထိုသူသည်လည်း အဆင်းမလှသည်ဖြင့် ရှုကြည့်ချင်ဖွယ် မကောင်းသည်ဖြင့် ပုကွသည်ဖြင့် အနာများသည်ဖြင့် တဖက်နှစ်ဖက် ကန်းသည်ဖြင့် လက်ကောက်ကွေးသည်ဖြင့် ကုန်းသည်ဖြင့် ခြေခွင်သည်ဖြင့် ထမင်း အဖျော် အဝတ်ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်း ဆီမီးတို့ကို ရခြင်း မရှိသည်ဖြင့် ဖြစ်၏။ ထိုသူမိုက်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ ထိုသူမိုက်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ဖရိုဖရဲကျရာ အပါယ်ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ ဥပမာအားဖြင့် အလောင်းအစား ကြူးသူသည် ရှေးဦးစွာသော ရှုံးခြင်းဖြင့်သာလျှင် သားကိုလည်း ရှုံးရာ၏၊ မယားကိုလည်း ရှုံးရာ၏၊ အလုံးစုံသော ဥစ္စာနှစ်ကိုလည်း ရှုံးရာ၏၊ ထို့ထက်လည်း (မိမိအား) နှောင်ဖွဲ့ခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ထိုအလောင်းအစား ကြူးသူသည် ရှေးဦးစွာသော ရှုံးခြင်းဖြင့်သာလျှင် သားကိုလည်း ရှုံးရာ၏၊ မယားကိုလည်း ရှုံးရာ၏၊ အလုံးစုံသော ဥစ္စာနှစ်ကိုလည်း ရှုံးရာ၏၊ ထို့ထက်လည်း မိမိအား နှောင်ဖွဲ့ခြင်းသို့ ရောက်ရာ၏။ ထိုရှုံးခြင်းသည် မပြောပလောက် အနည်းငယ်သော ရှုံးခြင်းသာတည်း၊ စင်စစ်သော်ကား ထိုသူမိုက်သည် ကိုယ်ဖြင့် ဒုစရိုက်ကိုကျင့်၍ နှုတ်ဖြင့်ဒုစရိုက်ကိုကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကိုကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ဖရိုဖရဲကျရာ အပါယ်ငရဲ၌ ဖြစ်ရာ၏။ ဤရှုံးခြင်းသည်သာလျှင် ထိုကစား၍ ရှုံးခြင်းထက် သာ၍ ကြီးသောရှုံးခြင်းတည်း။ ရဟန်းတို့ ဤဆိုခဲ့ပြီးသည်ကား လုံးဝပြည့်စုံသော သူမိုက်တို့၏ ဖြစ်ရာဘုံတည်း။

၂၅၃။ ရဟန်းတို့ ဤသုံးပါးတို့သည် ပညာရှိလက္ခဏာ ပညာရှိအမှတ်အသား လုပ်ငန်းစဉ်တို့တည်း။ အဘယ်သုံးပါးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ ပညာရှိသည် ကောင်းသောအကြံ

http://www.dhammadownload.com



ကိုလည်း ကြံလေ့ရှိ၏၊ ကောင်းသောစကားကိုလည်း ဆိုလေ့ရှိ၏၊ ကောင်းသောအမှုကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ပညာရှိသည် ထိုကောင်းသော အကြံကို ကြံလေ့ရှိသည်ငှင်း ထိုကောင်းသော စကားကို ဆိုလေ့ရှိသည်ငှင်း ထိုကောင်းသောအမှုကို ပြုလေ့ရှိသည်ငှင်း အကယ်၍ မဖြစ်ငြားအံ့၊ အဘယ်အကြောင်းဖြင့် ထိုသူကို "ဤအသျှင်သည် ပညာရှိတည်း၊ သူတော်ကောင်းတည်း" ဟု ပညာရှိတို့သည် သိနိုင်ကုန်ရာအံ့နည်း၊ (မသိနိုင်ကုန်ရာ)။ ရဟန်းတို့ အကြင်အကြောင်းကြောင့် ပညာရှိသည် ကောင်းသောအကြံကိုလည်း ကြံလေ့ရှိ၏၊ ကောင်းသောစကားကိုလည်း ဆိုလေ့ရှိ၏၊ ကောင်းသောအမှုကိုလည်း ပြုလေ့ရှိ၏၊ ထိုအကြောင်းကြောင့် ထိုသူကို "ဤသူသည် ပညာရှိတည်း၊ သူတော်ကောင်းတည်း" ဟု ပညာရှိတို့သည် သိနိုင်ကုန်ရာ၏။

ရဟန်းတို့ ထိုပညာရှိသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ သုံးမျိုးသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းကို ခံစားရ၏။ ရဟန်းတို့ ပညာရှိသည် အစုအဝေးသဘင်၌သော်လည်း ထိုင်နေသည်ဖြစ်စေ လမ်းမ၌သော်လည်း ထိုင်နေသည်ဖြစ်စေ လမ်းဆုံ၌သော်လည်း ထိုင်နေသည်ဖြစ်စေ ထိုသို့နေရာ၌ လူအပေါင်းသည် ထိုအပြုအမူတို့ကို မှီ၍ဖြစ်သော ထိုအပြုအမူတို့နှင့် လျော်သော စကားကို အကယ်၍ ပြောဆိုအံ့။ ရဟန်းတို့ ပညာရှိသည် အကယ်၍ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ငြားအံ့၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ငြားအံ့၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ငြားအံ့၊ မုသားဆိုခြင်းမှ ရှောင်ကြဉ်ငြားအံ့၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ငြားအံ့၊ ထိုသို့ဖြစ်ရာ၌ ပညာရှိအား ဤသို့ အကြံဖြစ်ရာ၏ "လူအပေါင်းသည် ထိုအပြုအမူဘို့ကို မှီ၍ ဖြစ်သော ထိုအပြုအမူတို့နှင့် လျော်သောစကားကို ပြောဆို၏။ ငါ၌လည်း ထိုတရားတို့သည် ရှိကုန်သည်သာတည်း၊ ငါ့ကိုလည်း ထိုတရားတို့၌ တွေ့မြင်ရ၏" ဟု (အကြံဖြစ်ရာ၏)။ ရဟန်းတို့ ပညာရှိသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ရှေးဦးစွာသော ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းကို ခံစားရ၏။

၂၅၄။ ရဟန်းတို့ နောက်တမျိုးကား မကောင်းမှုပြုကျင့်သော သူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှုအမျိုးမျိုးတို့ကို ပြုသည်ဘို့ကို တွေ့မြင်လေ၏၊ ကြိမ်လုံးတို့ဖြင့် ရိုက်သည်တို့ကိုငှင်း ကြိမ်နွယ်တို့ဖြင့် ရိုက်သည်တို့ကိုငှင်း (နှစ်တောင့်ထွာရှိသော) ဘုတ်တို့တို့ဖြင့် ရိုက်သည်တို့ကိုငှင်း လက်ကို ဖြတ်သည်ဘို့ကိုငှင်း ခြေကို ဖြတ်သည်ဘို့ကိုငှင်း လက်ခြေကို ဖြတ်သည်တို့ကိုငှင်း နားကို ဖြတ်သည်ဘို့ကိုငှင်း နှာခေါင်းကို ဖြတ်သည်ဘို့ကိုငှင်း နားနှာခေါင်းကို ဖြတ်သည်တို့ကိုငှင်း ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပူလောင်စေသည်တို့ကိုငှင်း ခရုသင်းပမာ ဦးခေါင်းရေကို ခွါသည်ဘို့ကိုငှင်း နေကို ဖို့သည့် ရာဟုခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင်ပြုသည်ဘို့ကိုငှင်း ကိုယ်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်သည်ဘို့ကိုငှင်း လက်နှစ်ဖက်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်သည်ဘို့ကိုငှင်း မြစ်ခြေပင်မ၌ အရိုးအရွက်ဘို့ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးလွှားစေသည်ဘို့ကိုငှင်း အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွါ၍ လျော်တေဝတ်ခုံသော ရသေ့အလား ပြေးလွှားစေသည်ဘို့ကိုငှင်း ခြေလက်လေးဖက်၌ တံကျင် လျှိုထား၍ လေးဘက်ဘွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်သည်တို့ကိုငှင်း အရေအသား အကြောဘို့ကို ငါးမြှားချိတ်ပမာ ထက်စွာသော သံချိတ်ဘို့ဖြင့် ဆွဲချိတ်၍ ချသည်တို့ကိုငှင်း တကိုယ်လုံးမှ အသားစိုင်ဘို့ကို တကျပ်သား တကျပ်သားခန့် ချွေချသည်တို့ကိုငှင်း တကိုယ်လုံး၌ သံဆူးခက်ဘို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာဘို့ဖြင့် ပက်ကြသည်တို့ကိုငှင်း တံခါးတိုင်၌ တံခါး

http://www.dhammadownload.com



ကျည်လှည့်သကဲ့သို့ ကိုယ်ကို သံတကျင်လျှို၍ လှည့်စေသည်တို့ကိုရင်း အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက် ကျေမွစေလျက် ကောက်ရိုးကချွတ်ခွေကဲ့သို့ ပြုလုပ်သည်တို့ကိုရင်း ဆီပူဖြင့် သွန်းလောင်းသည်တို့ကိုရင်း ခွေးတို့ကို ကိုက်စေသည်ကိုရင်း အရှင်လတ်လတ် သံတကျင်ဖြင့် လျှိုကြသည်တို့ကိုရင်း သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်ကြသည်တို့ကိုရင်း ပညာရှိသည် မြင်ရလေ၏။

ရဟန်းတို့ ထိုညှဉ်းပန်းမှုကို မြင်ရာ၌ ပညာရှိအား ဤသို့သော အကြံသည် ဖြစ်၏ "အကြင်သို့သဘောရှိကုန်သော ယုတ်မာကုန်သော အမှုကိုပြုခြင်းဟူသော အကြောင်းကြောင့် မကောင်းမှုပြုကျင့်သော ခိုးသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်၏၊ ကြိမ်လုံးတို့ဖြင့် ရိုက်ကြကုန်၏၊ ကြိမ်နှယ်ဘိုဖြင့် ရိုက်ကြကုန်၏၊ (နှစ်တောင့်ထွာရှိသော) တုတ်တိုတို့ဖြင့် ရိုက်ကြကုန်၏၊ လက်ကိုလည်း ဖြတ်ကြကုန်၏၊ ခြေကိုလည်း ဖြတ်ကြကုန်၏၊ လက်ခြေကိုလည်း ဖြတ်ကြကုန်၏၊ နားကိုလည်း ဖြတ်ကြကုန်၏၊ နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ နားနှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့လည်း ပူလောင်စေကုန်၏၊ ခရုသင်းပမာ ဦးခေါင်းရေကိုလည်း ခွါကုန်၏၊ နေကိုင်းသည့် ရာဟုခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင်လည်း ပြုကုန်၏၊ကိုယ်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာလည်း ရှို့မြိုက်ကုန်၏၊ လက်နှစ်ဖက်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာလည်း ရှို့မြိုက်ကုန်၏၊ မြက်ခြေပင်မှ၌ အရိုးအရွက်တို့ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးလွှားစေခြင်းကိုလည်း ပြုကုန်၏၊ အောက်တကိုယ်လုံးမှအရေကို လည်ပင်းအထိခွါ၍ လျှော်တေဝတ်ရှိသော ရသေအလား ပြေးလွှားစေခြင်းကိုလည်း ပြုကြကုန်၏၊ ခြေလက်လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်သွားနေသည့် သားကောင်ကဲ့သို့လည်း ပြုလုပ်ကြကုန်၏၊ အရေ အသား အကြောတို့ကို ငါးမြှားချိတ်ပမာ ထက်စွာသော သံချိတ်တို့ဖြင့် ဆွဲချိတ်၍လည်း ချကုန်၏၊ တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ချေချခြင်းကိုလည်း ပြုလုပ်ကုန်၏၊ တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့်လည်း ပက်ကုန်၏၊ တံခါးတိုင်၌ တံခါးကျည်လှည့်သကဲ့သို့ ကိုယ်ကို သံတကျင်လျှို၍ လှည့်စေခြင်းကိုလည်း ပြုကုန်၏၊ အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက်ကျေမွစေလျက် ကောက်ရိုးကချွတ်ခွေကဲ့သို့လည်း ပြုကုန်၏၊ ဆီပူဖြင့်လည်း လောင်းကုန်၏၊ ခွေးတို့ကိုလည်း ကိုက်စေကြကုန်၏၊ အရှင်လတ်လတ်လည်း သံတကျင်လျှိုကုန်၏၊သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏၊ ထိုယုတ်မာသောတရားတို့သည် ငါ၌ မရှိကုန်၊ ထိုယုတ်မာသောတရားတို့၌ ငါ့ကို မတွေ့မြင်အပ်"ဟု ဤသို့အကြံဖြစ်၏။ ရဟန်းတို့ ပညာရှိသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ နှစ်ခုမြောက်ဖြစ်သော ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းကိုလည်း ခံစားရ၏။

၂၅၅။ ရဟန်းတို့ နောက်တမျိုးကား သေရာ အင်းပျဉ်၌ တင်ထားအပ်သည်မူလည်း ဖြစ်သော သေရာ ညောင်စောင်း၌ တင်ထားအပ်သည်မူလည်းဖြစ်သော သေရာ မြေအရပ်၌ မထပဲ လျောင်းအိပ်သည်မူလည်းဖြစ်သော ထိုပညာရှိ၏ ရှေးကပြုခဲ့သော ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ဟူသော ကောင်းမှုကံတို့သည် သေခါနီးအခါ၌ ထင်ကုန်၏၊ ပေါ် ကုန်၏၊ လွှမ်းမိုးလာကုန်၏။ ရဟန်းတို့ ဥပမာအားဖြင့် ကြီးစွာသော တောင်ထွတ်တို့၏အရိပ်တို့သည် ညနေချမ်းအခါ မြေအပြင်၌ ထင်ကုန်၏၊ ပေါ် ကုန်၏၊ လွှမ်းမိုးလာကုန်၏၊ ရဟန်းတို့ ဤအတူသာလျှင် သေရာ အင်းပျဉ်၌ တင်ထားအပ်သည်မူလည်းဖြစ်သော သေရာ ညောင်စောင်း၌ တင်ထားအပ်သည်မူလည်း ဖြစ်သော သေရာ မြေအရပ်၌ မထပဲ လျောင်းအိပ်သည်မူလည်းဖြစ်သော ထိုပညာရှိ၏ ရှေးကပြုခဲ့သော ကာယသုစရိုက်

http://www.dhammadownload.com



ဝစီသုစရိုက် မနောသုစရိုက်ဟူသော ကောင်းမှုကံဘို့သည် ထိုသေခါနီးအခါ၌ ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏၊ ရဟန်းတို့ ထိုနိမိတ်ထင်ရာ၌ ထိုပညာရှိအား ဤသို့သောအကြံသည် ဖြစ်၏ "ငါသည် မကောင်းမှုကို မပြုခဲ့ပေစွ၊ ကြမ်းကြုတ်မှုကို မပြုခဲ့ပေစွ၊ ညစ်ကျူမှု ဒုစရိုက်မှုကို မပြုခဲ့ပေစွ၊ ကောင်းမှုကို ပြုခဲ့ရပေ၏၊ ကုသိုလ်ကို ပြုခဲ့ရပေ၏၊ ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်း ကုသိုလ်ကို ပြုခဲ့ရပေ၏၊အချင်းတို့ မကောင်းမှုကို မပြုမိကုန်သော ကြမ်းကြုတ်မှုကို မပြုမိကုန်သော ညစ်ကျူမှုဒုစရိုက်ကို မပြုမိကုန်သော ကောင်းမှုကို ပြုမိကုန်သော ကုသိုလ်ကို ပြုမိကုန်သော ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်း ကုသိုလ်ကို ပြုမိကုန်သော ပုဂ္ဂိုလ်တို့၏လားရာဂတိသို့ တမလွန်ဘဝ၌ လားရာ၏"ဟု ,အကြံဖြစ်၏။ ထိုပညာရှိသည် မပူဆွေး မပင်ပန်း မငိုကြွေး ရင်ပတ်စည်တီး မမြည်တမ်း ပြင်းစွာတွေဝေခြင်းသို့ မရောက်။ရဟန်းတို့ ပညာရှိသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ သုံးခုမြောက်ဖြစ်သော ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းကိုလည်း ခံစားရ၏။

ရဟန်းတို့ ထိုပညာရှိသည် ကိုယ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၍ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၍ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်လောက၌ ဖြစ်ရ၏။ရဟန်းတို့ "ကေန်လိုချင်စရာ ကေန်နှစ်သက်စရာ ကေန်ဝမ်းမြောက်စရာ"ဟူ၍ အမှန်ပြောဆိုလိုလျှင် နတ်ပြည်ကိုသာလျှင် "ကေန်လိုချင်စရာ ကေန်နှစ်သက်စရာ ကေန်ဝမ်းမြောက်စရာ"ဟူ၍ အမှန်ဆိုရာ၏။ ရဟန်းတို့ နတ်ပြည်တို့သည် အလွန်အကဲ ချမ်းသာကုန်၏၊ ဤနတ်ပြည်ချမ်းသာကို ဥပမာပြုခြင်းငှါပင် မလွယ်ဟု (မိန့်တော်မူ၏)။

၂၅၆။ ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားကို"မြတ်စွာဘုရား ဥပမာပြုခြင်းငှါ စွမ်းနိုင်ပါသလော"ဟု ဤစကားကို လျှောက်ထား၏။ "ရဟန်း စွမ်းနိုင်၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်းတို့ ဥပမာအားဖြင့် စကြဝတေးမင်းသည် ရတနာခုနစ်ပါးနှင့်၎င်း တန်ခိုးဣဒ္ဓိပါဒ် လေးပါးတို့နှင့်၎င်း ပြည့်စုံ၏၊ ထိုအကြောင်းကြောင့် ချမ်းသာခြင်း ဝမ်းမြောက်ခြင်းကို ခံစားရ၏။ အဘယ်ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသနည်းဟူမူ—ရဟန်းတို့ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေကို အစိုးရသော (စကြဝတေး)မင်းအား တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ဦးခေါင်းဆေးမင်္ဂလာ ပြုပြီးလျှင် (အဋ္ဌင်္ဂ)ဥပုသ်ကို ဆောက်တည်လျက် မြတ်သော ပြာသာဒ် အထက်၌နေစဉ် အကန့်တထောင်ရှိသော အကွပ်ပုန်တောင်းများနှင့်တကွ အခြင်းအရာ အလုံးစုံရှိသော နတ်တန်ခိုးနှင့် ပြည့်စုံသော စကြာရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုစကြာရတနာကို မြင်လတ်သော် ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေကို အစိုးရသော (စကြဝတေး)မင်းအား ဤသို့သောအကြံသည် ဖြစ်၏ "ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေကို အစိုးရသော အကြင်မင်းအား တဆယ့်ငါးရက်မြောက်ဖြစ်သော ဥပုသ်နေ့၌ ဦးခေါင်းဆေးမင်္ဂလာ ပြုပြီးလျှင် (အဋ္ဌင်္ဂ) ဥပုသ်ကို ဆောက်တည်လျက် မြတ်သောပြာသာဒ်ထက်၌ နေစဉ် အကန့်တထောင်ရှိသော အကွပ်ပုန်တောင်းများနှင့် တကွ အခြင်းအရာ အလုံးစုံရှိသော နတ်တန်ခိုးနှင့်ပြည့်စုံသော စကြာရတနာသည် ဖြစ်ပေါ်လာ၏ငြားအံ့၊ ထိုမင်းသည် စကြဝတေးမင်းဖြစ်၏ ဟူသော ဤစကားကို ငါကြားဘူး၏၊ ငါသည်ပင် စကြဝတေးမင်းဖြစ်လေသလော"ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေကိုအစိုးရသော (စကြဝတေး) မင်းသည် လက်ဝဲလက်ဖြင့် ရွှေကယားကို ကိုင်လျက်"အသျှင်စကြာရတနာသည် လည်စေသတည်း၊

http://www.dhammadownload.com



အသျှင်စကြာရတနာသည် အောင်စေသတည်း” ဟု (ဆို၍) စကြာရတနာကို လကျ်ာလက်ဖြင့် ရေသွန်းဖျန်း၏။ ရဟန်းတို့ ထိုအခါ ထိုစကြာရတနာသည် အရှေ့အရပ်သို့ လည်သွားလေ၏၊ စကြဝတေးမင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ တပါတည်း လိုက်ပါသွားလေ၏။ ရဟန်းတို့ စကြာရတနာ ရပ်တံ့ရာ အရပ်၌ စကြဝတေးမင်းသည် စစ်အင်္ဂါလေးပါးနှင့် တကွ စခန်းချလျက်နေ၏။ ရဟန်းတို့ အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်းထံသို့ ချဉ်းကပ်ပြီးလျှင် “မင်းကြီး ကြွလာတော်မူပါ၊ မင်းကြီး အရှင်မင်းကြီး၏ လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်)အရှင်၏နိုင်ငံပါတည်း၊ မင်းကြီး ဆုံးမတော်မူပါ”ဟု ဤသို့ ဆိုကုန်၏။ စကြဝတေးမင်းသည် ဤသို့ မိန့်ဆို၏ “အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမတို့၌ ဖောက်ပြားသောအကျင့်ကို မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောဆိုအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့” ဟု (မိန့်ဆို၏)။ ရဟန်းတို့ အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်း၏ သြဇာခံမင်းတို့သာ ဖြစ်လေကုန်၏။

၂၅၇။ ရဟန်းတို့ ထိုအခါ ထိုစကြာရတနာသည် အရှေ့သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန်ပြန် တက်ပြီးလျှင် တောင်အရပ်သို့ လည်သွားလေ၏။ပ။တောင်သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန် ပြန် တက်ပြီးလျှင် အနောက်အရပ်သို့ လည်သွားလေ၏။ပ။အနောက်သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန် ပြန်တက်ပြီးလျှင် မြောက်အရပ်သို့ လည်သွားလေ၏။ စကြဝတေးမင်းသည် စစ်အင်္ဂါလေးပါးနှင့် တကွ တပါတည်း လိုက်ပါသွားလေ၏။ရဟန်းတို့ စကြာရတနာ ရပ်တံ့ရာ အရပ်၌ စကြဝတေးမင်း သည် စစ်အင်္ဂါလေးပါးနှင့်တကွ စခန်းချလျက်နေ၏။

ပ ရဟန်းတို့ မြောက်အရပ်၌ ထီးပြိုင်မင်းတို့သည် စကြဝတေးမင်းထံသို့ ချဉ်းကပ်၍ “မင်းကြီး ကြွလာတော်မူပါ၊မြတ်သောမင်းကြီး အရှင်မင်းကြီး၏လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါ သည်၊ မင်းကြီး (ဤနိုင်ငံသည်)အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီး ဆုံးမတော်မူပါ”ဟု ဆိုကုန်၏။ စကြဝတေးမင်းသည် ဤသို့ မိန့်ဆို၏ “အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ကာမတို့၌ ဖောက်ပြားသော အကျင့်ကို မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောဆိုအပ်၊ သေရည် သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့”ဟု (မိန့်ဆို၏)။ ရဟန်းတို့ မြောက်အရပ်၌ ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်း၏ သြဇာခံ မင်းတို့သာ ဖြစ်လေကုန်၏။

ရဟန်းတို့ ထိုအခါ၌ ထိုစကြာရတနာသည် သမုဒ္ဒရာအပိုင်းအခြားရှိသော မြေကို အောင်မြင် ပြီး၍ ထိုနေပြည်တော်သို့ တဖန်ပြန်လည်ပြီးလျှင် စကြဝတေးမင်း၏ နန်းတော်ဘုံခါး လွှတ်ရုံးတော် မုတ်ဦးပြသာဒ်၌ စကြဝတေးမင်း၏ နန်းတော်ကို တင့်တယ်စေလျက် ဝင်ရိုးတပ်ထားသကဲ့သို့ တည်နေ၏။ ရဟန်းတို့ စကြဝတေးမင်းအား ဤသို့သဘောရှိသော စကြာရတနာသည် ဖြစ်ပေါ် လာ၏။ (၁)

၂၅၈။ ရဟန်းတို့ တဖန်ထို့ပြင်လည်း စကြဝတေးမင်းအား ကိုယ်လုံးဖြူသော နှာမောင်း အမြီး အင်္ဂါ ခုနစ်ပါး ခြေ လက်ချောင်း အင်္ဂါခုနစ်ပါးဖြင့် (မြေ၌)ထိလျက် တည်သော တန်ခိုးရှိ သော ကောင်းကင်ပျံနိုင်သော ဥပေါသထဆင်မင်းမျိုးဖြစ်သော ဆင်ရတနာသည် ဖြစ်ပေါ်၏။ ထိုဆင်ရတနာကို မြင်လတ်သော် စကြဝတေးမင်း၏ စိတ်သည် ကြည်နူးလျက် ရှိ၏ “အချင်းတို့

http://www.dhammadownload.com



ဆင်ယာဉ်(ရတနာ)သည် လိမ္မာပြီး ဖြစ်ပါမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ရဟန်းတို့ ထိုအခါ ထိုဆင်ရတနာသည် ကာလရှည်မြင့်စွာ အပြည့်အစုံ သင်ကြားဆုံးမထားပြီးသော အာဇာနည် ဂန္ဓဆင်မျိုးကဲ့သို့ပင် လိမ္မာလျက်ရှိ၏။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား စကြဝတေးမင်းသည် ထိုဆင်ရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ နံနက်အခါ၌ တက်စီးလျက် သမုဒ္ဒရာအပိုင်းအခြားရှိသော မြေပြင်အားလုံးကို အစဉ်လှည့်လည်ပြီးလျှင် ထိုနေပြည်တော်သို့သာလျှင် ပြန်လာ၍ နံနက်ပွဲတော်စာ သုံးဆောင်လေ၏။ရဟန်းတို့ စကြဝတေးမင်းအား ဤသို့သဘောရှိသော ဆင်ရတနာသည် ဖြစ်ပေါ်လာ၏။ (၂)

ရဟန်းတို့ တဖန် ထို့ပြင်လည်း စကြဝတေးမင်းအား ကိုယ်လုံးဖြူ၍ ဦးခေါင်းညိုသော ဖြူဆံမြက်ကဲ့သို့ ဆံပ်ဆံရှိသော တန်ခိုးရှိသော ကောင်းကင်သို့ ပျံနိုင်သော ဝလာဟကမြင်း မင်းမျိုးဖြစ်သော မြင်းရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုမြင်းရတနာကို မြင်လတ်သော် မင်း၏ စိတ်သည် ကြည်လင်လျက်ရှိ၏ “အချင်းတို့ မြင်းယာဉ်(ရတနာ)သည် လိမ္မာပြီး ဖြစ်ပါမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုအခါ ထိုမြင်းရတနာသည် ကာလရှည်မြင့်စွာ အပြည့်အစုံ သင်ကြား ဆုံးမထားပြီးသောအာဇာနည်မြင်းကဲ့သို့ပင် လိမ္မာလျက်ရှိ၏၊ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား စကြဝတေးမင်းသည် ထိုမြင်းရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ နံနက်အခါ၌ တက်စီးလျက် သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိသော မြေပြင်အားလုံးကို လှည့်လည်ပြီးလျှင် ထိုနေပြည်တော်သို့ ပြန်လာ၍ နံနက်ပွဲတော်စာ သုံးဆောင်လေ၏၊ ရဟန်းတို့ စကြဝတေးမင်းအား ဤသို့သဘောရှိသော မြင်းရတနာသည် ဖြစ်ပေါ်လာ၏။ (၃)

ရဟန်းတို့ တဖန် ထို့ပြင်လည်း စကြဝတေးမင်းအား(ဝေဠုရိယ)ကြောင်မျက်ရွဲရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုကြောင်မျက်ရွဲရတနာသည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ရှစ်မြှောင့်ရှိ၏၊ ကောင်းစွာပွတ်ပြင်ပြီးဖြစ်၏၊ ရဟန်းတို့ ထိုကြောင်မျက်ရွဲရတနာ၏ အရောင်သည် ထက်ဝန်းကျင် တယူဇနာတိုင်အောင် ပြန့်နှံ့၏။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား စကြဝတေးမင်းသည် ထို ကြောင်မျက်ရွဲရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကို ခင်းကျင်းလျက် ကြောင်မျက်ရွဲရတနာကို တံခွန်ဖျား၌ တင်ပြီးလျှင် ညဉ့်သန်ကောင်ယံ မှောင်မိုက်နေစဉ် ခရီးထွက် တော်မူ၏။ ရဟန်းတို့ ထိုထက်ဝန်းကျင်အရပ်မှ ရွာသားတို့သည် ထိုကြောင်မျက်ရွဲရတနာ၏ အရောင်ဖြင့် မိုးလင်းပြီဟု မှတ်ထင်လျက် အမှုကိစ္စတို့ကို ပြုလုပ်ကြကုန်၏။ရဟန်းတို့ စကြဝတေး မင်းအား ဤသို့သဘောရှိသော ကြောင်မျက်ရွဲရတနာသည် ဖြစ်ပေါ်လာ၏။ (၄)

ရဟန်းတို့ တဖန်ထို့ပြင်လည်း စကြဝတေးမင်းအား မိဖုရားရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုမိဖုရားရတနာသည် အလွန်အဆင်းလှ၏၊ရှုချင်ဖွယ်ရှိ၏၊စိတ်ကို ကြည်နူးစေတတ်၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ မမြင့်လွန်း မနိမ့်လွန်း မပိန်လွန်း မဝလွန်း မမည်းလွန်း မဖြူလွန်း သော လူတို့၏ အဆင်းကို လွန်၍ နတ်တို့၏ အဆင်းတမျှရှိ၏။ရဟန်းတို့ ထိုမိဖုရားရတနာ၏ ကိုယ် အတွေ့သည် လဲ၏အစုကဲ့သို့ရင်း ဝါဂွမ်းအစုကဲ့သို့ရင်း ညက်ညော၏။ရဟန်းတို့ ထိုမိဖုရားရတနာ၏ ကိုယ်ငွေ့သည် အေးသောအခါ၌ ပူ၏၊ ပူသောအခါ၌ အေး၏။ ရဟန်းတို့ ထိုမိဖုရားရတနာ၏ ကိုယ်မှ စန္ဒကူးနံ့သည် လှိုင်၏၊ ခံတွင်းမှ ကြာညိုနံ့သည် ကြိုင်၏။ရဟန်းတို့ စကြဝတေးမင်းကြီး၏ ထိုမိဖုရားရတနာသည် ရှေးဦးစွာ (အိပ်ရာမှ) ထလေ့ရှိ၏၊ နောက်မှ အိပ်လေ့ရှိ၏၊ အဘယ်ကို ပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊နှစ်ခြိုက်ဖွယ်ကို ကျင့်လေ့ရှိ၏၊ချစ်ဖွယ်သောစကားကို ဆိုလေ့ရှိ၏။ ရဟန်းတို့ ထိုမိဖုရားရတနာသည် စကြဝတေးမင်းကို စိတ်ဖြင့်ပင်လည်း လွန်ကျူး၍ မကျင့်။

http://www.dhammadownload.com



ကိုယ်ဖြင့်မှုကား အဘယ်မှာ လွန်ကျူး၍ ကျင့်ပါအံ့နည်း။ ရဟန်းတို့ စကြဝတေးမင်းအား ဤသို့ သဘောရှိသော မိဖုရားရတနာသည် ဖြစ်ပေါ်လာ၏။ (၅)

ရဟန်းတို့ တဖန် ထို့ပြင်လည်း စကြဝတေးမင်းအား သူဌေးရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုသူဌေးရတနာအား ကံ၏အကျိုးကြောင့်ဖြစ်သော နတ်မျက်စိသည် ထင်ရှားပေါ်လာ၏၊ ယင်း (နတ်မျက်စိ)ဖြင့် အရှင်ရှိ အရှင်မဲ့ဖြစ်သော မြှုပ်နှံထားသည့် ရတနာအိုးများကို မြင်နိုင်၏၊ ထိုသူဌေးရတနာသည် စကြဝတေးမင်းသို့ ချဉ်းကပ်၍ ဤသို့ လျှောက်ထား၏ "အရှင်မင်းကြီး အရှင်မင်းကြီးသည် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်သည် အရှင်မင်းကြီးအတွက် ဥစ္စာဖြင့် ပြုဖွယ်ကိစ္စဟူသမျှကို ပြုပါအံ့"ဟု (လျှောက်ထား၏)။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား စကြဝတေးမင်းသည် ထိုသူဌေးရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ လှေကိုစီးလျက် ဂင်္ဂါမြစ်၏အလယ် ရေစီးကြောင်းသို့ သွားရောက်ပြီးလျှင် "သူဌေး ရွှေငွေကို ငါအလိုရှိ၏"ဟု သူဌေးရတနာအား ဤစကားကို ပြောဆို၏။ မင်းမြတ် သို့ဖြစ်လျှင် တဖက်ဖက်သောကမ်းသို့ လှေကို ကပ်စေတော်မူပါလော့ ဟု (လျှောက်၏)။ သူဌေး ဤနေရာ၌ပင်လျှင် ရွှေငွေကိုသာ အလိုရှိ၏ဟု (ပြောဆို၏)။ ရဟန်းတို့ ထိုအခါ ထိုသူဌေးရတနာသည် လက်နှစ်ဖက်တို့ဖြင့် ရေကိုယက်၍ ရွှေငွေဖြင့် ပြည့်သော အိုးကို ထုတ်ဖော်ပြီးလျှင် စကြဝတေးမင်းအား ဤစကားကို လျှောက်ထား၏ "မင်းမြတ် ဤမျှဖြင့် တော်လောက်ပါပြီလော၊ မင်းမြတ် ဤမျှဖြင့် ဆောင်ရွက်ရာ ရောက်ပါပြီလော၊ မင်းမြတ် ဤမျှဖြင့် ပူဇော်ရာ ရောက်ပါပြီလော" ဟု (လျှောက်ထား၏)။ စကြဝတေးမင်းသည် "သူဌေး ဤမျှဖြင့် တော်လောက်ပါပြီ၊ သူဌေး ဤမျှဖြင့် ဆောင်ရွက်ရာ ရောက်ပါပြီ၊ သူဌေး ဤမျှဖြင့် ပူဇော်ရာ ရောက်ပါပြီ"ဟု (ဆို၏)။ ရဟန်းတို့ စကြဝတေးမင်းအား ဤသို့သဘောရှိသော သူဌေးရတနာသည် ဖြစ်ပေါ်လာ၏။ (၆)

ရဟန်းတို့ တဖန်ထို့ပြင်လည်း စကြဝတေးမင်းအား သားကြီးရတနာသည် ဖြစ်ပေါ်လာ၏၊ အကျိုးအကြောင်းသိနိုင်သော ပညာရှိ၏၊ စွမ်းနိုင်သောပညာရှိ၏၊ ထိုထိုအရာ၌ သိစွမ်းနိုင်သော ပညာရှိ၏၊ စကြဝတေးမင်းထံ ဝင်ရောက်ခစားထိုက်သူကို ဝင်ရောက်ခစားစေ၍ ဖယ်ရှားထိုက်သူကို ဖယ်ရှားရန် စွမ်းနိုင်၏။ ရာထူးခန့်ထားထိုက်သူကို ရာထူးခန့်ထားရန်လည်း စွမ်းနိုင်၏၊ ထိုသားကြီးရတနာသည် စကြဝတေးမင်းထံသို့ ချဉ်းကပ်၍ "အရှင်မင်းကြီး အရှင်မင်းကြီးသည် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ် စီမံခန့်ခွဲပါအံ့"ဟု လျှောက်၏။ ရဟန်းတို့ စကြဝတေးမင်းအား ဤသို့ သဘောရှိသော သားကြီးရတနာသည် ဖြစ်ပေါ်လာ၏။ ရဟန်းတို့ စကြဝတေးမင်းသည် ဤဆိုခဲ့ပြီး သော ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံပေ၏။ (၇)

၂၅၉။ အဘယ်တန်ခိုးလေးပါးနှင့် ပြည့်စုံသနည်းဟူမူ — ရဟန်းတို့ ဤလောက၌ စကြဝတေးမင်းသည် သတ္တဝါတို့ထက် လွန်ကဲ၍ အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏၊ ရဟန်းတို့ စကြဝတေးမင်းသည် ရှေးဦးစွာသော ဤတန်ခိုးနှင့် ပြည့်စုံပေ၏။ (၁)

ရဟန်းတို့ တဖန် ထို့ပြင်လည်း စကြဝတေးမင်းသည် သူတပါးတို့ထက်လွန်ကဲ၍ အသက်ရှည်၏၊ ကြာမြင့်စွာ တည်ခြင်းရှိ၏။ ရဟန်းတို့ စကြဝတေးမင်းသည် နှစ်ခုမြောက်သော ဤတန်ခိုးနှင့် ပြည့်စုံပေ၏။ (၂)

http://www.dhammadownload.com



ရဟန်းတို့ တဖန်ထို့ပြင်လည်း စကြဝတေးမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အနာကင်း၏၊ ရောဂါကင်း၏၊အစာကိုအညီအမျှ ကြေစေတတ်သည့် မအေးလွန်း မပူလွန်သော ဝမ်းမီးနှင့် ပြည့်စုံ၏။ ရဟန်းတို့ စကြဝတေးမင်းသည် သုံးခုမြောက်သော ဤဘန်ခိုးနှင့် ပြည့်စုံပေ၏။ (၃)

ရဟန်းတို့ တဖန် ထို့ပြင်လည်း စကြဝတေးမင်းကို ပုဏ္ဏားနှင့်သူကြွယ်တို့သည် ချစ်ခင်မြတ်နိုး၏။ ရဟန်းတို့ ဥပမာအားဖြင့် ဖခင်ကို သားသမီးတို့သည် ချစ်ခင်မြတ်နိုးသကဲ့သို့ပင် စကြဝတေးမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးအပ်၏၊ရဟန်းတို့ စကြဝတေးမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုးအပ်ကုန်၏။ရဟန်းတို့ ဥပမာအားဖြင့် ဖခင်သည် သားသမီးကို ချစ်ခင်မြတ်နိုးအပ်ကုန်သကဲ့သို့ပင် စကြဝတေးမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး အပ်ကုန်၏။

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား စကြဝတေးမင်းသည် အင်္ဂါလေးပါးရှိသော စစ်တပ်ဖြင့် ဥယျာဉ်မြေအရပ်သို့ ထွက်တော်မူ၏။ ရဟန်းတို့ ထိုအခါ ပုဏ္ဏားနှင့် သူကြွယ်တို့သည် စကြဝတေးမင်းသို့ချဉ်းကပ်၍ "အရှင်မင်းကြီး အရှင်မင်းကြီးကို အကျွန်ုပ်တို့သည် ကြာမြင့်စွာ ဖူးမြော်နိုင်ရန် အလို့ငှါ ဖြည်းဖြည်း ကြွသွားတော်မူပါလော့" ဟု သံတော်ဦးတင်ကုန်၏။ရဟန်းတို့ စကြဝတေးမင်းသည်လည်း "ရထားထိန်း ငါ့ကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ကြာမြင့်စွာ ဖူးမြင်နိုင်ကုန်ရန် အလို့ငှါ ဖြည်းဖြည်း မောင်းနှင်လော့" ဟု ရထားထိန်းကို မိန့်တော်မူ၏။ ရဟန်းတို့ စကြဝတေးမင်းသည် လေးခုမြောက်သော ဤတန်ခိုးနှင့် ပြည့်စုံပေ၏။ ရဟန်းတို့ စကြဝတေးမင်းသည် ဤဆိုခဲ့ပြီး တန်ခိုးလေးပါးတို့နှင့် ပြည့်စုံပေ၏။ (၄)

ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ စကြဝတေးမင်းသည် ဤခုနစ်ပါးသော ရတနာတို့နှင့်၎င်း ဤလေးပါးသော တန်ခိုးဣဒ္ဓိပါဒ်တို့နှင့်၎င်း ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ချမ်းသာခြင်း'သုခ' ဝမ်းမြောက်ခြင်း 'သောမနဿ'ကို ခံစားရရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား တပါး တပါးသော ရတနာနှင့်ပင် ပြည့်စုံသော စကြဝတေးမင်းသည် ထိုဘပါးဘပါးသော ရတနာနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ချမ်းသာခြင်း 'သုခ' ဝမ်းမြောက်ခြင်း'သောမနဿ'ကို ခံစားနိုင်၏၊ ရတနာ ခုနစ်ပါးတို့နှင့်၎င်း တန်ခိုးလေးပါး တို့နှင့်၎င်း ပြည့်စုံပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း ဟု (လျှောက်ကြကုန်၏)။

၂၆၀။ ထိုအခါ မြတ်စွာဘုရားသည် အနည်းငယ်သော လက်တဆုပ်စာမျှသော ကျောက်ခဲကို ကိုင်၍ ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ အနည်းငယ်သော လက်တဆုပ်စာမျှသော ငါကိုင်ထားသော ကျောက်ခဲနှင့် ဟိမဝန္တာတောင်သည် အဘယ်ကသာလွန်၍ ကြီးသနည်း" ဟု မေးတော်မူ၏။ မြတ်စွာဘုရား အနည်းငယ်သော လက်တဆုပ်စာမျှသော မြတ်စွာဘုရား ကိုင်ထားသော ဤကျောက်ခဲသည် မပြောပလောက်ပါ၊ ဟိမဝန္တာတောင်မင်းကို ထောက်စာသော် ရေတွက်လောက်ခြင်းမျှသို့လည်း မရောက်ရာပါ၊ ထောင်စိတ် တစိတ်မျှသို့လည်း မရောက်ရာပါ၊ နှိုင်းခိုင်းလောက်ရုံမျှသို့လည်း မရောက်ရာပါ ဟု (လျှောက်ကြကုန်၏။) ရဟန်းတို့ ဤအတူပင် စကြဝတေးမင်းသည် ရတနာခုနစ်ပါးတို့နှင့်၎င်း တန်ခိုးလေးပါးတို့နှင့်၎င်း ပြည့်စုံ၏၊ ထိုပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ချမ်းသာခြင်း 'သုခ'ဝမ်းမြောက်ခြင်း 'သောမနဿ'ကို ခံစားရ၏။ ထိုချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် နတ်ဘ္ဝ ဖြစ်သော ချမ်းသာကို ထောက်စာသော် ရေတွက်လောက်ခြင်းမျှသို့လည်း မရောက်ရာ၊ ထောင်စိတ် တစိတ်မျှသို့လည်း မရောက်ရာ၊ နှိုင်းခိုင်းလောက်ရုံမျှသို့လည်း မရောက်ရာ။

http://www.dhammadownload.com



ရဟန်းတို့ ထိုပညာရှိသည် ရှည်စွာသော ကာလကိုလွန်သဖြင့် တခါတရံ လူ့အဖြစ်သို့ အကယ်၍ ရောက်လာငြားအံ့၊ ဤသို့ရောက်သော် များသောဥစ္စာနှစ်ရှိသောမင်းမျိုး များသောဥစ္စာနှစ်ရှိသောပုဏ္ဏားမျိုး များသောဥစ္စာနှစ်ရှိသောသူကြွယ်မျိုး ကြွယ်ဝသော များသောဥစ္စာရှိသော များသောစည်းစိမ်ရှိသော များသောရွှေငွေရှိသော များသောလက်ဝတ်တန်ဆာ အသုံးအဆောင်ရှိသော များသောစပါးရှိသော ထိုသို့သဘောရှိသော အမျိုး၌ ဖြစ်ရ၏။ ထိုပုဂ္ဂိုလ်သည်လည်း အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏။ ထမင်းအဖျော်အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးတို့ကို ရခြင်းရှိ၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၍ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၍ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောက၌ ဖြစ်ရ၏။

ရဟန်းတို့ ဥပမာအားဖြင့် အလောင်းအစားကြူးသူသည် ရှေးဦးစွာသော နိုင်ခြင်းဖြင့်ပင်လျှင် များစွာသော စည်းစိမ်အစုကို ရရာ၏။ ရဟန်းတို့ ထိုအလောင်းအစားကြူးသူသည် ရှေးဦးစွာသော နိုင်ခြင်းဖြင့်ပင်လျှင် များစွာသော စည်းစိမ်အစုကို ရရာ၏၊ ဤနိုင်ခြင်းသည် အနည်းငယ်မျှသာတည်း၊ စင်စစ်သော်ကား ထိုပညာရှိသည် ကိုယ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၍ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်၍ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောက၌ ဖြစ်ရ၏၊ ဤနိုင်ခြင်းသည်သာလျှင် ထိုအလောင်းအစား အောင်နိုင်သော ချမ်းသာထက် အလွန်များမြတ်၏။ ရဟန်းတို့ ဤဆိုခဲ့ပြီးသည်ကား လုံးဝ ပြည့်စုံသော ပညာရှိဘုံ၏ ဖြစ်ရာဘုံတည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ကိုးခုမြောက် ဗာလပဏ္ဍိတသုတ် ပြီး၏။

---

## ၁၀-ဒေဝဒူတသုတ်

၂၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဥပမာအားဖြင့် မျက်နှာချင်းဆိုင် တံခါးရှိသော အိမ်နှစ်ဆောင်တို့သည် ရှိကုန်ရာ၏၊ ထိုအိမ်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် အလယ်၌ ရပ်တည်လျက် အခြားတအိမ်သို့ ဝင်ကုန် ထွက်ကုန်သော လမ်းမ၌ လမ်းလျှောက်သွားလာကုန်သော လှည့်လည်ကုန်သော သူတို့ကို မြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ငါဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ

http://www.dhammadownload.com



ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့်'မနောသုစရိုက်'နှင့်ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုအပ်သောကံ ရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ လူတို့၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ပြိတ္တာဘုံ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့်'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ တိရစ္ဆာန်မျိုး၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျ ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏"ဟု (သိ၏)။

၂၆၂။ ရဟန်းတို့ ငရဲထိန်းတို့သည် ထိုသူ၏ လက်မောင်းတဖက်စီကိုကိုင်၍ ယမမင်းအား ပြကုန်၏ "အရှင်ယမမင်း ဤယောကျ်ားသည် အမိ၌ ကောင်းစွာ မကျင့်၊အဖ၌ ကောင်းစွာ မကျင့်၊ သမဏ၌ ကောင်းစွာ မကျင့်၊ပြာဟ္မဏ၌ ကောင်းစွာမကျင့်၊ အမျိုး၌ ကြီးသူကို မရိုသေ၊ အရှင်ယမမင်းသည် ဤသူကို ဒဏ်တပ်တော်မူပါလော့"ဟုဆို၍ ပြကုန်၏။ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား လူတို့၌ ရှေးဦးစွာသော နတ်တမန်ထင်ရှားဖြစ်သည်ကို သင် မမြင်သလော"ဟု

http://www.dhammadownload.com



ရှေးဦးစွာသော နတ်တမန်ကို စိစစ်၏၊စုံစမ်း၏၊အဖန်ဖန် မေးမြန်း၏။ ထိုသူသည် "အသျှင် မမြင်ပါ"ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား သင်သည် လူတို့၌ ကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်ကို မိမိကျင်ကြီးကျင်ငယ်၌လူးလည်း အိပ်စက်နေသည်ကို မမြင်သလော" ဟု ဤသို့ မေး၏။ ထိုသူသည် "အသျှင် မြင်ပါ၏"ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား လိမ္မာရေးခြားရှိ၍ အသက်အရွယ် ကြီးရင့်သူဖြစ်လျက် သင့်မှာ 'ငါသည်လည်း ပဋိသန္ဓေနေခြင်းသဘောရှိ၏၊ ပဋိသန္ဓေနေခြင်းကို မလွန်ဆန်နိုင်၊ယခုအခါ၌ ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကောင်းမှုကို ပြုအံ့'ဟူ၍ ဤအကြံသည် မဖြစ်သလော"ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် အကျွန်ုပ် မစွမ်းနိုင်ပါ၊ အသျှင် အကျွန်ုပ် မေ့လျော့ခဲ့ပါ၏"ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား မေ့လျော့မှုရှိခြင်းကြောင့် ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကောင်းမှုကို မပြု၊ အမောင်ယောကျ်ား စင်စစ် သင့်ကို မေ့လျော့ခဲ့သည့်အတိုင်း ပြုကုန်လတ္တံ့၊ သင်၏ ထိုမကောင်းမှုကံကို အမိသည် မပြုအပ်၊ အဖသည် မပြုအပ်၊ အစ်ကိုသည် မပြုအပ်၊ အစ်မနှစ်မသည် မပြုအပ်၊ အဆွေခင်ပွန်းတို့သည် မပြုအပ်၊ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ သမဏဗြာဟ္မဏတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ ထိုမကောင်းမှုကံကို သင်သည်သာ ပြုအပ်၏၊ သင်သည်သာ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားရလတ္တံ့"ဟု ဤသို့ဆို၏။ (၁)

၂၆၃။ ရဟန်းတို့ ယမမင်းသည် ထိုသူကို ရှေးဦးစွာသော နတ်တမန်ကို စိစစ်ပြီး၍ စုံစမ်းပြီး၍ အဖန်ဖန် မေးမြန်းပြီးလျှင် "အမောင်ယောကျ်ား လူတို့၌ နှစ်ခုမြောက်သော နတ်တမန် ထင်ရှားဖြစ်သည်ကို သင် မမြင်သလော"ဟု နှစ်ခုမြောက်သော နတ်တမန်ကို စိစစ်၏၊ စုံစမ်း၏၊အဖန်ဖန် မေးမြန်း၏။ ထိုသူသည် "အသျှင် မမြင်ပါ" ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား သင်သည် လူတို့၌ အိုမင်းရင့်ရော်သော ကုန်းကိုင်းသော တောင်ဝှေးသော မှီခိုရာရှိသော တုန်တုန်ရီရီ သွားနေသော ကျင်နာသော အရွယ်လွန်သော သွားကျိုးသော ဆံပင်ဖြူသော ဆံပင်ကျွတ်ပြတ်၍ ဦးခေါင်းပြောင်နေသော အရေတွန့်သော ကိုယ်၌ မှည့်မည်းစွဲနေသော မိန်းမကိုဖြစ်စေ ယောကျ်ားကို ဖြစ်စေ မမြင်သလော"ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် မြင်ပါ၏"ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား လိမ္မာရေးခြားရှိ၍ အသက်အရွယ် ကြီးရင့်သူ ဖြစ်လျက် သင့်မှာ 'ငါသည်လည်း အိုခြင်းသဘောရှိ၏၊ အိုခြင်းကို မလွန်ဆန်နိုင်၊ ငါသည် ယခုအခါ၌ ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကောင်းမှုကို ပြုအံ့'ဟူ၍ ဤအကြံသည် မဖြစ်ပါသလော" ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် အကျွန်ုပ် မစွမ်းနိုင်ပါ၊ အသျှင် အကျွန်ုပ် မေ့လျော့ခဲ့ပါ၏" ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား မေ့လျော့မှု ရှိခြင်းကြောင့် ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကောင်းမှုကို မပြုခဲ့ပေ၊ အမောင်ယောကျ်ား စင်စစ် သင့်ကို မေ့လျော့ခဲ့သည့်အတိုင်း ပြုကုန်လတ္တံ့။ သင်၏ ထိုမကောင်းမှုကံကို အမိသည် မပြုအပ်၊ အဖသည် မပြုအပ်၊

http://www.dhammadownload.com



အစ်ကိုသည် မပြုအပ်၊အစ်မနှစ်မသည် မပြုအပ်၊ အဆွေခင်ပွန်းတို့သည် မပြုအပ်၊ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ သမဏဗြာဟ္မဏတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ ထိုမကောင်းမှုကံကို သင်သည်သာ ပြုအပ်၏၊သင်သည်သာ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားရလတ္တံ့”ဟု ဤသို့ဆို၏။ (၂)

၂၆၄။ ရဟန်းတို့ ယမမင်းသည် ထိုသူကို နှစ်ခုမြောက်သော နတ်တမန်ကို စိစစ်ပြီး၍ စုံစမ်းပြီး၍ အဖန်ဖန် မေးမြန်းပြီးလျှင် “အမောင်ယောကျ်ား လူတို့၌ သုံးခုမြောက်သော နတ်တမန် ထင်ရှားဖြစ်သည်ကို သင် မမြင်သလော”ဟု သုံးခုမြောက်သော နတ်တမန်ကို စိစစ်၏၊ စုံစမ်း၏၊ အဖန်ဖန် မေးမြန်း၏။ ထိုသူသည် “အသျှင် မမြင်ပါ”ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား အနာရောဂါ နှိပ်စက်တတ်သော ဆင်းရဲဒုက္ခရောက်နေသော ပြင်းစွာ နာကျင်သော မိမိကျင်ကြီးကျင်ငယ်၌ လူးလည် အိပ်စက်နေသော အခြားသူတို့က ထူမပေးရ၍ အခြားသူတို့က သိပ်ပေးရသော မိန်းမကိုဖြစ်စေ ယောကျ်ားကိုဖြစ်စေ မမြင်သလော”ဟု ဤသို့ မေး၏။ ထိုသူသည် “အသျှင် မြင်ပါ၏”ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား လိမ္မာရေးခြားရှိ၍ အသက်အရွယ်ကြီးရင့်သူဖြစ်လျက် သင့်မှာ ‘ငါသည်လည်း ဖျားနာခြင်းသဘောရှိ၏၊ ဖျားနာခြင်းကို မလွန်ဆန်နိုင်၊ ငါသည် ယခုအခါ၌ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့’ဟူ၍ ဤအကြံသည် မဖြစ်သလော”ဟု ဤသို့မေး၏။ ထိုသူသည် “အသျှင် အကျွန်ုပ် မစွမ်းနိုင်ပါ၊ အသျှင် အကျွန်ုပ် မေ့လျော့ခဲ့ပါ၏”ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား မေ့လျော့မှုရှိခြင်းကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကံကို မပြုခဲ့ပေ၊အမောင်ယောကျ်ား စင်စစ် သင့်ကို မေ့လျော့ခဲ့သည့်အတိုင်း ပြုကုန်လတ္တံ့၊ သင်၏ ထိုမကောင်းမှုကံကို အမိသည် မပြုအပ်၊ အဖသည် မပြုအပ်၊ အစ်ကိုသည် မပြုအပ်၊အစ်မနှစ်မသည် မပြုအပ်၊ အဆွေခင်ပွန်းတို့သည် မပြုအပ်၊ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ သမဏဗြာဟ္မဏတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ ထိုမကောင်းမှုကံကို သင်သည်သာ ပြုအပ်၏၊သင်သည်သာ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားရလတ္တံ့”ဟု ဤသို့ ဆို၏။ (၃)

၂၆၅။ ရဟန်းတို့ ယမမင်းသည် ထိုသူကို သုံးခုမြောက်သော နတ်တမန်ကို စိစစ်ပြီး၍ စုံစမ်းပြီး၍ အဖန်ဖန် မေးမြန်းပြီးလျှင် “အမောင်ယောကျ်ား လူတို့၌ လေးခုမြောက်ဖြစ်သော နတ်တမန် ထင်ရှားဖြစ်သည်ကို သင်မမြင်သလော”ဟု လေးခုမြောက်ဖြစ်သော နတ်တမန်ကို စိစစ်၏၊ စုံစမ်း၏၊ အဖန်ဖန် မေးမြန်း၏၊ ထိုသူသည် “အသျှင် မမြင်ပါ” ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား သင်သည် လူတို့၌ မင်းတို့သည် မကောင်းမှုကို ပြုကျင့်သော ခိုးသူကို ဖမ်းယူ၍ ညှဥ်းပန်းမှု အမျိုးမျိုးတို့ကို ပြုသည်တို့ကို မမြင်သလော၊ ကြိမ်လုံးတို့ဖြင့် ရိုက်သည်တို့ကိုရင်း ကြိမ်နှယ်တို့ဖြင့် ရိုက်သည်တို့ကိုရင်း တုတ်တိုတို့ဖြင့် ရိုက်သည်တို့ကိုရင်း လက်ကို ဖြတ်သည် ဘို့ကိုရင်း ခြေကို ဖြတ်သည်တို့ကိုရင်း လက်ခြေကို ဖြတ်သည်တို့ကိုရင်း နားကို ဖြတ်သည်တို့ကိုရင်း နှာခေါင်းကို ဖြတ်သည်တို့ကိုရင်း နားနှာခေါင်းကို ဖြတ်သည်တို့ကိုရင်း ဦးခေါင်းခွံကိုဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပွလောင်စေသည်တို့ကိုရင်း ခရုသင်းပမာ ဦးခေါင်းရေကို ခွါသည်ဘို့ကိုရင်း နေကိုင်းသည့် ရာဟုခံတွင်းအလား ပါးစပ်တွင်း၌ သေနပြည့်အောင် ပြုသည်ဘို့ကိုရင်း ကိုယ်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာရှို့မြှိုက်သည်တို့ကို

http://www.dhammadownload.com



ရင်း လက်နှစ်ဖက်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်သည်တို့ကိုရင်း မြစ်ခြေပင်မှ၌ အရိုးအရွက်ဘို့ ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ဒပြေးလွှားစေသည်ဘို့ကိုရင်း အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွါ၍ လျော်တေဝတ် ရုံသော မုဒ္ဒသုအလား ပြေးလွှားစေသည်ဘို့ကိုရင်း ခြေလက်လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်ထွားနေသည့် ဘားကောင်ကဲ့သို့ ပြုလုပ်သည်တို့ကိုရင်း အရေ အသား အကြောတို့ကို ငါးမြှားချိတ်ပမာ ထက်စွာသော သံချိုင်းကိုဖြင့် ဆွဲချိတ်၍ ချသည်တို့ကိုရင်း တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ချေချသည်ဘို့ကိုရင်း တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာဘို့ဖြင့် ပက်ကြသည်ဘို့ကိုရင်း တံခါးတိုင်၌ တံခါးကျည်လှည့်သကဲ့သို့ ကိုယ်ကို သံတံကျင်လျှို၍ လှည့်စေသည်ဘို့ကိုရင်း အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက် ကျေမွစေလျက် ကောက်ရိုးကချွတ်ခွေကဲ့သို့ ပြုသုံသည်ဘို့ကိုရင်း ဆီပူဖြင့် သွန်းလောင်းသည်ဘို့ကိုရင်း ခွေးတို့ကိုကိုက်စေသည်တို့ကိုရင်း အရှင်လတ်လတ် သံတံကျင်ဖြင့် လျှိုသည်တို့ကိုရင်း သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်သည်ဘို့ကိုရင်း မမြင်သလော”ဟု ဤသို့မေး၏။ ထိုသူသည် “အသျှင် မြင်ပါ၏”ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား လိမ္မာရေးခြားရှိ၍ အသက်အရွယ်ကြီးရင့်သူ ဖြစ်လျက် သင့်အား ‘အချင်းတို့ ယုတ်မာသောအမှုဘို့ကို ပြုကုန်သောသူဘို့သည် မျက်မှောက်ဘဝ၌သာလျှင် ဤသို့သဘောရှိကုန်သော ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုလုပ်ခံရကုန်၏၊ မျက်ကွယ်တမလွန်ဘဝ၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ငါသည် ယခုအခါ၌ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့’ဟူ၍ ဤအကြံသည် မဖြစ်ပါသလော”ဟု ဤသို့မေး၏။ ထိုသူသည် “အသျှင် အကျွန်ုပ် မစွမ်းနိုင်ခဲ့ပါ၊ အသျှင် အကျွန်ုပ် မေ့လျော့ခဲ့ပါ၏”ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား မေ့လျော့မှုရှိခြင်းကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို မပြုခဲ့ပေ၊ အမောင်ယောကျ်ား စင်စစ် သင့်ကို မေ့လျော့ခဲ့သည့်အတိုင်း ပြုလုပ်လတ္တံ့၊ သင်၏ ထိုမကောင်းမှုကံကို အမိသည် မပြုအပ်၊ အဖသည် မပြုအပ်၊ အစ်ကိုသည် မပြုအပ်၊ အစ်မနှမသည် မပြုအပ်၊ အဆွေခင်ပွန်းတို့သည် မပြုအပ်၊ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ သမဏဗြာဟ္မဏဘို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ ထိုမကောင်းမှုကံကို သင်သည်သာ ပြုအပ်၏။ သင်သည်သာ ထိုမကောင်းမှု ကံ၏ အကျိုးကို ခံစားရလတ္တံ့”ဟု ဤသို့ဆို၏။ (၄)

၂၆၆။ ရဟန်းတို့ ယမမင်းသည် ထိုသူကို လေးခုမြောက်ဖြစ်သော နတ်တမန်ကို စီစစ်ပြီး၍ စုံစမ်းပြီး၍ အဖန်ဖန် မေးမြန်းပြီးလျှင် “အမောင်ယောကျ်ား လူဘို့၌ ငါးခုမြောက် ဖြစ်သော နတ်တမန် ထင်ရှားဖြစ်သည်ကို မမြင်သလော” ဟု ငါးခုမြောက်ဖြစ်သော နတ်တမန်ကို စီစစ်၏၊ စုံစမ်း၏၊ အဖန်ဖန် မေးမြန်း၏။ ထိုသူသည် “အသျှင် မမြင်ပါ” ဟု ဤသို့ ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို “အမောင်ယောကျ်ား သင်သည် လူတို့၌ သေ၍တရက်ရှိသောသူသေကောင် သေ၍ နှစ်ရက်ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် သေပြီး သည့်နောက် ဖူးဖူးရောင် ပုပ်ပွလျက် ကွတ်နေသော သူသေကောင် ရှုပ်ဆင်းပျက်ပြားလျက် အညိုအမဲများသော သူသေကောင် သွေးပြည်ယိုစီးသော သဘောရှိသော သူသေကောင် မိန်းမကိုဖြစ်စေ ယောကျ်ားကိုဖြစ်စေ မမြင်သလော”ဟု ဤသို့ မေး၏။ ထိုသူသည် “အသျှင် မြင်ပါ၏”ဟု ဤသို့ ဆို၏။

http://www.dhammadownload.com



ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား လိမ္မာရေးခြားရှိ၍ အသက်အရွယ်ကြီးရင့်သူ ဖြစ်လျက် သင့်အား 'ငါသည်လည်း သေခြင်းသဘောရှိ၏၊ သေခြင်းကို မလွန်ဆန်နိုင်၊ ငါသည် ယခုအခါ၌ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့'ဟူ၍ ဤအကြံသည် မဖြစ်သလော" ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် အကျွန်ုပ် မစွမ်းနိုင်ခဲ့ပါ၊ အသျှင် အကျွန်ုပ် မေ့လျော့ခဲ့ပါ၏"ဟု ဤသို့ဆို၏။

ရဟန်းတို့ ယမမင်းသည် ထိုသူကို "အမောင်ယောကျ်ား မေ့လျော့မှု ရှိခြင်းကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကံကို မပြုခဲ့ပေ၊ အမောင်ယောကျ်ား စင်စစ် သင့်ကို မေ့လျော့ခဲ့သည့် အတိုင်း ပြုကုန်လတ္တံ့၊ သင်၏ ထိုမကောင်းမှုကံကို အမိသည် မပြုအပ်၊ အဖသည် မပြုအပ်၊ အစ်ကိုသည် မပြုအပ်၊ အစ်မနှစ်မသည် မပြုအပ်၊ အဆွေခင်ပွန်းတို့သည် မပြုအပ်၊ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ သမဏဗြာဟ္မဏတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ ထိုမကောင်းမှုကံကို သင်သည်သာ ပြုအပ်၏၊ သင်သည်သာ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားရလတ္တံ့"ဟု ဤသို့ ဆို၏။ (၅)

၂၆၇။ ရဟန်းတို့ ယမမင်းသည် ထိုသူကို ငါးခုမြောက်ဖြစ်သော နတ်တမန်ကို စိစစ်ပြီး၍ စုံစမ်းပြီး၍ အဖန်ဖန် မေးမြန်းပြီးလျှင် ဆိတ်ဆိတ်နေ၏။ ရဟန်းတို့ ငရဲထိန်းတို့သည် ထိုသူကို ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်းမည်သော ညှဉ်းပန်းမှုကို ပြုကုန်၏၊ လောလောပူသော သံငုတ်ကို လက်၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို နှစ်ခုမြောက်သော လက်၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို ခြေ၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို နှစ်ခုမြောက်သော ခြေ၌ စိုက်နှက်ကုန်၏၊ လောလောပူသော သံငုတ်ကို ရင်လယ်၌ စိုက်နှက်ကုန်၏။ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ကျင်နာကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။

ရဟန်းတို့ ငရဲထိန်းတို့သည် ထိုသူကို အိပ်စေ၍ ဓားမတို့ဖြင့် ရွေကုန်၏။ပ။ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ခြေမိုးမျှော် ဦးခေါင်းစောက်ထိုးကိုင်၍ ပဲခွပ်တို့ဖြင့် ရွေကုန်၏။ပ။ရဟန်းတို့ ငရဲကျသူကို ငရဲထိန်းတို့သည် ရထား၌ က၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့် တကွသော မြေ၌ ပြေးလည်း ပြေးစေကုန်၏၊ ခေါက်ဘုံခေါက်ပြန်လည်း ပြေးစေကုန်၏။ပ။

ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့် တကွသော မီးခိုးနှင့် တကွသော ကြီးစွာသော မီးကျီးတောင်သို့ တက်လည်း တက်စေကုန်၏၊ ဆင်းလည်း ဆင်းစေကုန်၏။ပ။ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် ခြေမိုးမြှော် ဦးခေါင်းစောက်ထိုးကိုင်၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော လောလောပူသော သံအိုး 'လောဟကုမ္ဘီ'ငရဲ၌ ပစ်ချကုန်၏။ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ' ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်၏၊ ထိုငရဲကျသူသည် ထိုသံအိုး 'လောဟကုမ္ဘီ'ငရဲ၌ ရေမြှုပ်ကဲ့သို့ ကျက်သည်ရှိသော် တကြိမ်လည်း အထက်သို့ပေါ်ထက်၏၊ တကြိမ်လည်း အောက်သို့ မြုပ်ဆင်း၏၊ တကြိမ်လည်း ဖီလာကန့်လန့် သွား၏။ ထိုငရဲကျသူသည် ထိုသံအိုး'လောဟကုမ္ဘီ'ငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ ရဟန်းတို့ ငရဲထိန်းတို့သည် ထိုငရဲကျသူကို အထပ်ထပ် ငရဲကြီး၌ ပစ်ချကုန်၏၊ ရဟန်းတို့ ထိုငရဲကြီးသည်ကား—

http://www.dhammadownload.com



လေးထောင့်ရှိ၏၊ တံခါးလေးခုရှိ၏၊ အကွက်ကျအောင် တိုင်းတာ ဝေဖန်ထား၏၊သံတံတိုင်းဖြင့် ကာရံ၏၊ သံပြားဖြင့် မိုးအုပ်ထား၏။

ထိုငရဲကြီးမှာ သံဖြင့်ပြီးသော မြေရှိ၏၊ ရဲရဲပြောင်ပြောင် တောက်လောင်၏၊ အခိုးအလျှံရှိ၏၊ အခါခပ်သိမ်း ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် ပြန့်နှံ့တည်၏။

၂၆၇။ ရဟန်းတို့ ထိုငရဲကြီး၏ အရှေ့နံရံမှ မီးလျှံသည် ထ၍ အနောက်နံရံ၌ ထိ၏။ အနောက်နံရံမှ မီးလျှံသည် ထ၍ အရှေ့နံရံ၌ ထိ၏ ၊မြောက်နံရံမှ မီးလျှံသည် ထ၍တောင်နံရံ၌ ထိ၏။တောင်နံရံမှ မီးလျှံသည် ထ၍ မြောက်နံရံ၌ ထိ၏။အောက်အရပ်မှ မီးလျှံသည် ထ၍ အထက်အရပ်၌ ထိ၏။ အထက်အရပ်မှ မီးလျှံသည် ထ၍ အောက်အရပ်၌ ထိ၏၊ ထိုငရဲကျသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏။ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။

ရဟန်းတို့ တရံတခါ၌ ရှည်စွာသော ကာလကို လွန်သဖြင့် ထိုငရဲကြီး၏ အရှေ့မျက်နှာတံခါးပွင့်သော အခါမျိုးသည် ရှိ၏။ ထိုသူသည် ထိုတံခါးပွင့်ရာသို့ လျင်သောအဟုန်ဖြင့် ပြေးသွား၏။ လျင်သောအဟုန်ဖြင့် ပြေးသွားသော ထိုသူ၏ အရေပါးကိုလည်း လောင်၏၊ အရေထူကိုလည်း လောင်၏၊အသားကိုလည်း လောင်၏၊ အကြောကိုလည်း လောင်၏၊ အရိုးတို့သည်လည်း အခိုးထွက်ကုန်၏၊ခြေကြွသောအခါမှာ ခြေနင်းသော အခါကဲ့သို့ပင် လောင်၏။ရဟန်းတို့ ထိုသူသည် နှစ်ပေါင်းများစွာကြာမြင့်မှ ရောက်၏၊ထိုအခါ ထိုအရှေ့တံခါးသည် ပိတ်၏၊ထိုသူသည် ထိုတံခါးပိတ်ရာ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။

ရဟန်းတို့ တရံတခါ၌ ရှည်စွာသောကာလကို လွန်သဖြင့် ထိုငရဲကြီး၏ အနောက်မျက်နှာတံခါးပွင့်သော အခါမျိုးသည် ရှိ၏။ပ။မြောက်မျက်နှာ တံခါးပွင့်သော အခါမျိုးသည် ရှိ၏။ပ။တောင်မျက်နှာ တံခါးပွင့်သော အခါမျိုးသည် ရှိ၏။ ထိုသူသည် ထိုတံခါးပွင့်ရာသို့ လျင်သောအဟုန်ဖြင့် ပြေးသွား၏၊ လျင်သောအဟုန်ဖြင့် ပြေးသွားသော ထိုသူ၏ အရေပါးကိုလည်း လောင်၏၊ အရေထူကိုလည်း လောင်၏၊ အသားကိုလည်း လောင်၏၊ အကြောကိုလည်း လောင်၏၊ အရိုးတို့သည်လည်း အခိုးထွက်ကုန်၏၊ခြေကြွသောအခါမှာ ခြေနင်းသောအခါကဲ့သို့ပင် လောင်၏။ရဟန်းတို့ ထိုသူသည် နှစ်ပေါင်းများစွာ ကြာမြင့်မှ ရောက်၏၊ထိုအခါ ထိုတောင်တံခါးသည် ပိတ်၏။ ထိုသူသည် ထိုတံခါးပိတ်ရာ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။

ရဟန်းတို့ တရံတခါ၌ ရှည်စွာသော ကာလကို လွန်သဖြင့် ထိုငရဲကြီး၏ အရှေ့မျက်နှာတံခါးပွင့်သောအခါမျိုးသည် ရှိ၏။ ထိုသူသည် ထိုတံခါးပွင့်ရာသို့ လျင်သောအဟုန်ဖြင့် ပြေးသွား၏၊လျင်သောအဟုန်ဖြင့် ပြေးသွားသော ထိုသူ၏ အရေပါးကိုလည်း လောင်၏၊အရေထူကိုလည်း လောင်၏။ အသားကိုလည်း လောင်၏၊ အကြောကိုလည်း လောင်၏၊ အရိုးတို့သည်လည်း အခိုးထွက်ကုန်၏၊ ခြေကြွသောအခါမှာ ခြေနင်းသောအခါကဲ့သို့ပင် လောင်၏၊ ထိုသူသည် ထိုတံခါးဖြင့် ထွက်၏။

၂၆၉။ ရဟန်းတို့ ထိုငရဲကြီး၏ အခြားမဲ့၌ စပ်လျက်တည်သော ကြီးစွာသော ဘင်ပုပ်ငရဲသည် ရှိ၏၊ ထိုသူသည် ထိုဘင်ပုပ်ငရဲ၌ ကျ၏။ ရဟန်းတို့ ထိုငရဲ၌ အပ်နှင့်တူသော နှုတ်သီးရှိကုန်သော ပိုးတို့သည် အရေပါးကို ဖြတ်ကုန်၏၊ အရေပါးကို ဖြတ်ပြီး၍ အရေထူကို ဖြတ်ကုန်၏၊ အရေထူကို ဖြတ်

http://www.dhammadownload.com



ပြီး၍ အသားကို ဖြတ်ကုန်၏၊ အသားကို ဖြတ်ပြီး၍ အကြောကို ဖြတ်ကုန်၏၊အကြောကို ဖြတ်ပြီး၍ အရိုးကို ဖြတ်ကုန်၏၊ အရိုးကို ဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကို စားကုန်၏၊ ထိုသူသည် ထိုဘင်ပုပ်ငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထို မကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ (၁)

ရဟန်းတို့ ထိုဘင်ပုပ်ငရဲ၏ အခြားမဲ့၌ စပ်လျက်တည်သော ကြီးစွာသော ပြာပူငရဲသည် ရှိ၏၊ ထိုသူသည် ထိုပြာပူငရဲ၌ ကျ၏။ထိုသူသည် ထိုပြာပူငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ (၂)

ရဟန်းတို့ ထိုပြာပူငရဲ၏ အခြားမဲ့၌ စပ်လျက် တည်သော ကြီးစွာသော လက်ပံတောငရဲသည် အမြင့်အားဖြင့် တယူဇနာမြင့်၏၊ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော တဆယ့်ခြောက်လက်သစ် အတိုင်းအရှည်ရှိသော ဆူးရှိ၏၊ ထိုလက်ပံပင်သို့ တက်လည်း တက်စေကုန်၏၊ ဆင်းလည်း ဆင်းစေကုန်၏၊ထိုသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ (၃)

ရဟန်းတို့ ထိုလက်ပံတော ငရဲ၏ အခြားမဲ့၌ စပ်လျက် တည်သော ကြီးစွာသော သန်လျက်သွားအရွက်ရှိသော(သန်လျက်)တောငရဲသည် ရှိ၏၊ထိုသူသည် ထိုငရဲ၌ ကျ၏၊သန်လျက်သွားအရွက်တို့သည် လေတိုက်ခတ်ကုန်သည်ဖြစ်၍ ကျကုန်သည်ရှိသော် ထိုသူ၏လက်ကိုလည်း ဖြတ်ကုန်၏၊ခြေကိုလည်း ဖြတ်ကုန်၏၊ လက်ခြေကိုလည်း ဖြတ်ကုန်၏၊ နားကိုလည်း ဖြတ်ကုန်၏၊ နှာခေါင်းကိုလည်း ဖြတ်ကုန်၏၊ နား နှာခေါင်းကိုလည်း ဖြတ်ကုန်၏၊ ထိုသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ (၄)

ရဟန်းတို့ ထိုသန်လျက်သွား အရွက်ရှိသော (သန်လျက်) တောငရဲ၏ အခြားမဲ့၌ စပ်လျက် တည်သော ကြီးစွာသော ကြိမ်ပိုက်ချောင်းမည်သော ကြေးနီမြစ်ငရဲသည် ရှိ၏၊ ထိုသူသည် ထိုငရဲ၌ ကျ၏။ ထိုသူသည် ထိုငရဲ၌ အကြေသို့လည်း မျော၏၊ အညာသို့လည်း ဆန်တက်၍ အကြေအညာသို့လည်း အစုန်အဆန်မျော၏၊ထိုသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ (၅)

၂၇၀။ ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည် သံမျှားချိတ်ဖြင့် ထုတ်ဆောင်၍ ကုန်း၌ တင်ထားပြီးလျှင် "အမောင်ယောကျ်ား သင်ဘာကို အလိုရှိသနည်း"ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် အကျွန်ုပ် ဆာလောင်မွတ်သိပ်ပါ၏"ဟု ဤသို့ဆို၏။ ရဟန်းတို့ ငရဲထိန်းတို့သည် ထိုသူကို ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော လောလော ပူသော သံချွန်ဖြင့် ခံတွင်းကိုဖွဲ၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်ဘကွသော လောလောပူသော သံခဲတွေခဲကို ခံတွင်း၌ ထည့်ကြကုန်၏။ ထိုသံတွေခဲသည် ထိုသူ၏ နှုတ်ခမ်းကိုလည်း လောင်၏၊ ခံတွင်းကိုလည်း လောင်၏၊ လည်ချောင်းကိုလည်း လောင်၏၊ ရင်ကိုလည်း လောင်၏၊ အူမကိုရင်း အူသိမ်ကိုရင်း ယူ၍ အောက်အဖို့မှ ထွက်၏။ ထိုသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။

ရဟန်းတို့ ထိုငရဲကျသူကို ငရဲထိန်းတို့သည်"အမောင်ယောကျ်ား သင်ဘာကို အလိုရှိသနည်း" ဟု ဤသို့မေး၏။ ထိုသူသည် "အသျှင် အကျွန်ုပ် ရေမွတ်သိပ်ပါ၏" ဟု ဤသို့ ဆို၏။ ရဟန်းတို့

http://www.dhammadownload.com



ရေထိန်းတို့သည် ထိုသူကို ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော လောလောပူသော သံချွန်ဖြင့် ခံတွင်းကို ဖြဲ၍ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံနှင့်တကွသော မီးခိုးနှင့်တကွသော လောလောပူသော ကြေးနီရည်ကို ခံတွင်း၌ လောင်းကုန်၏။ ထိုကြေးနီရည်သည် ထိုသူ၏ နှုတ်ခမ်းကိုလည်း လောင်၏၊ ခံတွင်းကိုလည်း လောင်၏။ လည်ချောင်းကိုလည်း လောင်၏၊ ရင်ကိုလည်း လောင်၏၊ အူမကိုင်း အူသိမ်ကိုင်း ယူ၍ အောက်အဖို့မှ ထွက်၏။ ထိုသူသည် ထိုငရဲ၌ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် နာကျင်ကုန်သော ဝေဒနာတို့ကို ခံစားရ၏၊ ထိုမကောင်းမှုကံ မကုန်ဆုံးသေးသမျှ မသေ။ ရဟန်းတို့ ရေထိန်းတို့သည် ထိုသူကို ငရဲကြီး၌ တဖန် ပစ်ချကြကုန်၏။

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ယမမင်းအား ဤသို့အကြံဖြစ်၏ "အချင်းတို့ လောက၌ ယုတ်ညံ့သော အကုသိုလ်အမှုကို ပြုကုန်သော သူတို့သည် ဤသို့သဘောရှိကုန်သော ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုလုပ်ခံရကုန်၏။ ငါသည် လူအဖြစ်ကို ရပါမူ လောက၌ ပွင့်တော်အထူးကို ခံတော်မူ ထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားသည် ပွင့်ထွန်းပါမူ ငါသည်လည်း ထိုမြတ်စွာဘုရားကို ဆည်းကပ်ရပါမူ ထိုမြတ်စွာဘုရားသည်း ငါ့အား တရားဟောပါမူ ငါသည်လည်း ထိုမြတ်စွာဘုရား၏တရားတော်ကို သိရပါမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်၏။ ရဟန်းတို့ ငါသည် ထိုစကားကို တပါးသော သမဏ၏ရင်း ဗြာဟ္မဏ၏ရင်း အထံမှ ကြား၍ ဟောသည်မဟုတ်၊ စင်စစ်မှာမူ ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ထိုးထွင်း၍ သိသောအကြောင်းကိုသာလျှင် ဟော၏ ဟု (မိန့်တော်မူ၏)။

၂၇၁။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤစကားကို မိန့်တော်မူပြန်၏—

"နတ်တို့၏တမန် ငါးတန်သောနိမိတ်တို့သည် တိုက်တွန်းအပ်ပါကုန်လျက် မေ့လျော့ကုန်သော သတ္တဝါတို့သည် ယုတ်ညံ့သော အတ္တဘောနှင့် ပြည့်စုံကုန်၍ ရှည်စွာသော နေ့ညဉ့်ပတ်လုံး ပူဆွေးရကုန်၏။

ဤလောက၌ သူတော်ကောင်းအစစ် ထင်ရှားဖြင်ကုန်သော သူတို့သည် နတ်တို့၏တမန် ငါးတန်သောနိမိတ်တို့က တိုက်တွန်းအပ်ကုန်သည်ဖြစ်၍ သူတော်ကောင်းတို့၏ တရား၌ တရံတဆစ်မျှ မမေ့လျော့ကုန်။

ထိုသူတို့သည် ပဋိသန္ဓေနေခြင်း သေခြင်း၏ ဖြစ်ကြောင်းဖြစ်သော ဥပါဒါန်တရား၌ ကြောက်စရာဘေးဟု ရှု၍ မစွဲလမ်းပဲ ပဋိသန္ဓေနေခြင်း သေခြင်း၏ ကုန်ဆုံးရာ နိဗ္ဗာန်၌ လွတ်လွတ်ဝင်ကုန်၏။

ထိုအရိယာပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းငြိမ်းရာသို့ ရောက်ကုန်၍ ချမ်းသာခြင်းရှိကုန်၏၊ မျက်မှောက်ဘဝ၌ (အလုံးစုံသော ကိလေသာအပူမှ) အေးငြိမ်းတော်မူကုန်၏၊ အလုံးစုံသော ရန်ဘေးကို လွန်ကုန်၏၊ အလုံးစုံသော ဝဋ္ဋဒုက္ခကို လွန်မြောက်ကုန်၏"ဟု (မိန့်တော်မူ၏)။

ဆယ်ခုမြောက် ဒေဝဒူတသုတ် ပြီး၏။

## သုံးခုမြောက် သုညတဝဂ် ပြီး၏။

http://www.dhammadownload.com

# ၄-ဝိဘင်္ဂဝဂ်

## ၁-ဘဒ္ဒေကရတ္တသုတ်

၂၇၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့အား ဘဒ္ဒေကရတ္တ[1]သုတ်၏အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဟောပေအံ့၊ ထိုသုတ်ကို နာကြားကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့"ဟု ဤစကားကို မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့ နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်း"ဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

၂၇၃။ ရဟန်းတို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း။ "အတိတ်ကာလက ဤသို့နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ဘူးပြီ"ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ခံစားခြင်း 'ဝေဒနာ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော မှတ်သားမှု 'သညာ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုသင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန်ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။

---

၁-ဘဒ္ဒ+ဧကရတ္တ-ဘဒ္ဒ၊ ဝိပဿနာအားထုတ်မှုရှိသောကြောင့် ကောင်းသော။ ဧကရတ္တ၊ ညဉ့်တညဉ့်။ ဘဒ္ဒေကရတ္တ ဝိပဿနာအားထုတ်မှုရှိသော ကောင်းသော ညဉ့်တညဉ့်ရှိသောပုဂ္ဂိုလ်။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ် ကောင်းသော ခံစားမှု 'ဝေဒနာ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော မှတ်သားမှု 'သညာ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုသင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ "အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်'ရှိသူ ဖြစ်ခဲ့ဘူး၏"ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ. ရဟန်းတို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။

၂၇၄။ ရဟန်းတို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို တောင့်တသနည်း။ "အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်လို၏"ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ပ။ ဤသို့ နှစ်သယ်ဖွက် ကောင်းသော ခံစားမှု 'ဝေဒနာ'ရှိသူ ဖြစ်လို၏။ပ။ ဤသို့ နှစ်သက်ဖွယ် ကောင်းသော မှတ်သားမှု 'သညာ'ရှိသူဖြစ်လို၏။ ဤသို့နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ'ရှိသူဖြစ်လို၏။ "အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်'ရှိသူ ဖြစ်လို၏"ဟု ထိုဝိညာဏ၌ နှစ်သက်ခြင်းကို အဖနဖန် ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် အနာဂတ် ခန္ဓာကို တောင့်တ၏။

ရဟန်းတို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တသနည်း။ "အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်လို၏" ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ 'ဤသို့ နှစ်သက်ဖွယ်ကောင်းသော ခံစားမှု 'ဝေဒနာ'ရှိသူ ဖြစ်လို၏။ "ဤသို့ နှစ်သက်ဖွယ် ကောင်းသော မှတ်သားမှု 'သညာ'ရှိသူဖြစ်လို၏။ "ဤသို့ နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု 'သင်္ခါရ'ရှိသူဖြစ်လို၏။ "အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု 'ဝိညာဏ်'ရှိသူ ဖြစ်လို၏"ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ ရဟန်းတို့ ဤသို့လျှင် အနာဂတ် ခန္ဓာကို မတောင့်တ။

၂၇၅။ ရဟန်းတို့ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တိုသနည်း။ ရဟန်းတို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော အရိယာတရား၌ မကျွမ်းကျင်သော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော သူတော်ကောင်းတရား၌ မကျွမ်း ကျင်သော သူတော်ကောင်းတရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု ရှု၏၊ (ကြွင်းခန္ဓာကို)ရုပ်ရှိသော အတ္တဟု ငင်း အတ္တ၌ ရုပ်ဟုငင်း ရုပ်၌ အတ္တဟုငင်း ရှု၏၊ ခံစားမှု 'ဝေဒနာ'ကို။ပ။မှတ်သားမှု 'သညာ'ကို။ ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ကို။ သိမှု 'ဝိညာဏ်'ကို အတ္တ'ကိုယ်'ဟု ရှု၏၊ (ကြွင်းခန္ဓာကို)ဝိညာဏ်ရှိသော အတ္တဟုငင်း ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုငင်း ဝိညာဏ်၌ အတ္တဟုငင်း ရှု၏။ ရဟန်းတို့ ဤသို့လျှင် ဖြစ်ဆဲ ပစ္စုပ္ပန် တရားတို့၌ တွန့်တို၏။

ရဟန်းတို့ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တိုသနည်း။ ရဟန်းတို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ ကျွမ်းကျင်သော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌ ကျွမ်းကျင်

http://www.dhammadownload.com



သော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု မရှု၊ (ကြွင်းခန္ဓာကိုလည်း) ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှု 'ဝေဒနာ'ကို။ မှတ်သားမှု 'သညာ'ကို။ ပြုပြင်စီရင်မှု သင်္ခါရတို့ကို။ သိမှု'ဝိညာဏ်'ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) ဝိညာဏ်ရှိသောအတ္တဟု မရှု၊ အတ္တ၌ ဝိညာဏ်ဟု မရှု၊ ဝိညာဏ်၌ အတ္တဟု မရှု။ ရဟန်းတို့ ဤသို့လျှင် ဖြစ်ဆဲ ပစ္စုပ္ပန်တရား၌ မတွန့်တို။

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့်ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့ နေလေ့ရှိသော၊ လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် ''ကောင်းသော ညဥ့်တညဥ့်ရှိသော ရဟန်း''ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

''ရဟန်းတို့ သင်တို့အား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဟောပေအံ့''ဟူ၍ ဆိုခဲ့သော စကားကို ဤကို အစွဲပြု၍ ငါဆိုခဲ့၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက် ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ရှေးဦးစွာသော ဘဒ္ဒေကရတ္တသုတ် ပြီး၏။

---

## ၂-အာနန္ဒဘဒ္ဒေကရတ္တသုတ်

၂၇၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် စည်းဝေးရာစရပ်၌ ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာပြ၏၊ ကောင်းစွာ ဆောက်တည်စေ၏၊ ကောင်းစွာ ထက်စေ၏၊ ကောင်းစွာရွှင်စေ၏၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ပြောဟော၏။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ ကိန်းအောင်းရာမှထတော်မူ၍ စည်းဝေးရာစရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူပြီးသော် မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—''ရဟန်းတို့ အဘယ်ရဟန်းသည် စည်းဝေးရာစရပ်၌ ရဟန်းတို့အားတရားစကားဖြင့် ကောင်းစွာပြသနည်း၊ ကောင်းစွာ ဆောက်တည်စေသနည်း၊ ကောင်းစွာ ထက်စေသနည်း၊ ကောင်းစွာ ရွှင်စေသနည်း၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ပြော

http://www.dhammadownload.com



ဟောသနည်း” ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အသျှင်အာနန္ဒာသည် စည်းဝေးရာ စရပ်၌ ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာပြ၏၊ ကောင်းစွာ ဆောက်တည်စေ၏၊ ကောင်းစွာ ထက်စေ၏၊ ကောင်းစွာ ရွှင်လန်းစေ၏၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း ‘ဥဒ္ဒေသ’နှင့် အကျယ် ‘နိဒ္ဒေသ’ကို ပြောဟောပါ၏ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို“အာနန္ဒာ သင်သည် အဘယ်သို့လျှင် ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာ ပြသနည်း၊ ကောင်းစွာ ဆောက်တည်စေသနည်း၊ ကောင်းစွာ ထက်စေသနည်း၊ ကောင်းစွာ ရွှင်လန်းစေသနည်း၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း‘ဥဒ္ဒေသ’နှင့် အကျယ် ‘နိဒ္ဒေသ’ကို ဟောပြဘိသနည်း” ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာပြပါ၏၊ကောင်းစွာ ဆောက်တည်စေပါ၏၊ ကောင်းစွာ ထက်စေပါ၏၊ ကောင်းစွာ ရွှင်လန်းစေပါ၏၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း ‘ဥဒ္ဒေသ’နှင့် အကျယ်‘နိဒ္ဒေသ’ကို ပြောဟောပါ၏—

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ် ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ် ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌သေရမည်ကိုသိနိုင်အံ့နည်း၊ယနေ့ပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ငါတို့မှာ များသောစစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော လွန်စွာ အားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် ‘ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်း”ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

၂၇၇။ ငါ့သျှင်တို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း။“အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ဘူး၏” ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။“အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ခံစားမှု‘ဝေဒနာ’သည် ဖြစ်ဘူး၏” ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော မှတ်သားမှု ‘သညာ’သည် ဖြစ်ဘူး၏” ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ပြုပြင်စီရင်မှု‘သင်္ခါရ’သည် ဖြစ်ဘူး၏”ဟု ထိုသင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု‘ဝိညာဏ်’သည် ဖြစ်ဘူး၏”ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ ငါ့သျှင်တို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။“အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်ဘူး၏” ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော ဝေဒနာရှိသူ ဖြစ်ဘူး၏”ဟု ထိုဝေဒနာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော

http://www.dhammadownload.com



သညာရှိသူဖြစ်ဘူး၏” ဟု ထိုသညာ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သင်္ခါရရှိသူ ဖြစ်ဘူး၏”ဟု ထိုသင်္ခါရ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ “အတိတ်ကာလက ဤသို့ နှစ်သက်ဖွယ်ကောင်းသော သိမှု‘ဝိညာဏ်’ရှိသူ ဖြစ်ဘူး၏”ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ ငါ့သျှင်တို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။

ငါ့သျှင်တို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို တောင့်တသနည်း။ “အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်လို၏”ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ဝေဒနာရှိသူ ဖြစ်လို၏။ပ။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သညာရှိသူ ဖြစ်လို၏။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သင်္ခါရရှိသူဖြစ်လို၏။ “အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ဝိညာဏ်ရှိသူ ဖြစ်လို၏”ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် အနာဂတ်ခန္ဓာကို တောင့်တ၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တသနည်း။ “အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသူ ဖြစ်လို၏”ဟု ထိုရုပ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ဝေဒနာရှိသူ ဖြစ်လို၏။ပ။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သညာရှိသူ ဖြစ်လို၏။ ဤသို့ နှစ်သက်ဖွယ်ကောင်းသော သင်္ခါရရှိသူ ဖြစ်လို၏။ “အနာဂတ်ကာလ၌ ဤသို့ နှစ်သက်ဖွယ်ကောင်းသော ဝိညာဏ်ရှိသူ ဖြစ်လို၏”ဟု ထိုဝိညာဏ်၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေ။ ငါ့သျှင်တို့ ဤသို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တ။

ငါ့သျှင်တို့ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တိုသနည်း။ ငါ့သျှင်တို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော အရိယာတရား၌ မကျွမ်းကျင်သော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော သူတော်ကောင်းတရား၌ မကျွမ်းကျင်သော သူတော်ကောင်းတရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တ ‘ကိုယ်’ဟု ရှု၏၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟုရင်း အတ္တ၌ ရုပ်ဟုရင်း ရုပ်၌ အတ္တဟုရင်း။ ခံစားမှု ‘ဝေဒနာ’ကို။ မှတ်သားမှု ‘သညာ’ကို။ ပြုပြင်စီရင်မှု ‘သင်္ခါရ’တို့ကို။ သိမှု ‘ဝိညာဏ်’ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) ဝိညာဏ်ရှိသော အတ္တဟုရင်း အတ္တ၌ ဝိညာဏ်ဟုရင်း ဝိညာဏ်၌ အတ္တဟုရင်း ရှု၏။ ငါ့သျှင်တို့ ဤသို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တို၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တိုသနည်း။ငါ့သျှင်တို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ ကျွမ်းကျင်သော အရိယာတရား၌ လိမ္မာသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌ ကျွမ်းကျင်သော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သည် ရုပ်ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို)ရုပ်ရှိသောအတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှု ‘ဝေဒနာ’ကို။ မှတ်သားမှု ‘သညာ’ကို။ ပြုပြင်စီရင်မှု ‘သင်္ခါရ’တို့ကို။ သိမှု ‘ဝိညာဏ်’ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) ဝိညာဏ်ရှိသော အတ္တဟု မရှု။ အတ္တ၌ ဝိညာဏ်ဟု မရှု၊ ဝိညာဏ်၌ အတ္တဟု မရှု၊ ငါ့သျှင်တို့ ဤသို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တို။

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

http://www.dhammadownload.com



ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်း" ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏ ဟု (ပြောဟောပါ၏)။

မြတ်စွာဘုရား အကျွန်ုပ်သည် ဤသို့လျှင် ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာပြ၏၊ ကောင်းစွာ ဆောက်တည်စေ၏။ ကောင်းစွာ ထက်စေ၏၊ ကောင်းစွာ ရွှင်လန်းစေ၏၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ' နှင့် အကျယ် 'နိဒ္ဒေသ' ကို ပြောဟောပါ၏ ဟု (လျှောက်ထား၏)။

၂၇၈။ အာနန္ဒာ ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒာ သင်သည် ကောင်းစွာသာလျှင် ရဟန်းတို့အား တရားစကားဖြင့် ကောင်းစွာပြပေ၏၊ ကောင်းစွာ ဆောက်တည်စေ၏၊ ကောင်းစွာ ထက်စေ၏၊ ကောင်းစွာ ရွှင်လန်းစေ၏၊ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ' နှင့် အကျယ် 'နိဒ္ဒေသ' ကို ပြောဟောပေ၏။

"အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို 'ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်း' ဟူ၍ ကိလေသာငြိမ်းအေးပြီးသော ငါဘုရားသည် ဟောကြား၏"။

အာနန္ဒာ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း။ပ။ အာနန္ဒာ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။ အာနန္ဒာ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။ပ။ အာနန္ဒာ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။ အာနန္ဒာ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို တောင့်တသနည်း။ပ။ အာနန္ဒာ ဤသို့လျှင် အနာဂတ်ခန္ဓာကို တောင့်တ၏။ အာနန္ဒာ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တသနည်း။ပ။ အာနန္ဒာ ဤသို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တ။ အာနန္ဒာ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တိုသနည်း။ပ။ အာနန္ဒာ ဤသို့လျှင် ဖြစ်ဆဲ ပစ္စုပ္ပန်တရားတို့၌ တွန့်တို၏။ အာနန္ဒာ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တိုသနည်း။ပ။ အာနန္ဒာ ဤသို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တို။

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ပ။ ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသောရဟန်း" ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

နှစ်ခုမြောက် အာနန္ဒဘဒ္ဒေကရတ္တသုတ် ပြီး၏။

http://www.dhammadownload.com



## ၃-မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်

၂၇၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်သမိဒ္ဓိသည် လင်းအားကြီးအခါ အိပ်ရာမှထ၍ ကိုယ်ဘို့ကို ရေသွန်းဖျန်းရန် တပေါဒါမြစ်ရှိရာ အရပ်သို့ ချဉ်းကပ်လေ၏။ တပေါဒါမြစ်၌ ကိုယ်တို့ကို ရေသွန်းဖျန်း၍ တက်ပြီးလျှင် ကိုယ်တို့ကို ခြောက်သွေ့စေလျက် သင်္ကန်းတထည်တည်းဖြင့် ရပ်တည်၏။ ထိုအခါ နတ်သားတယောက်သည် ညဥ့်ဦးအချိန် လွန်လတ်သော် အသွန်နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော တပေါဒါမြစ်ကို ထွန်းလင်းတောက်ပစေလျက် အသျှင်သမိဒ္ဓိထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောအရပ်၌ ရပ်တည်၏၊ တခုသော အရပ်၌ ရပ်တည်ပြီးသော ထိုနတ်သားသည် အသျှင်သမိဒ္ဓိကို "ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'ဝိဘင်္ဂ' ကို ဆောင်ထားပါ၏လော"ဟု ဤစကားကို လျှောက်၏။ ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'ကို ဆောင်မထားပေ၊ ငါ့သျှင်နတ်သား သင်သည်ကား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ ဝိဘင်္ဂ'ကို ဆောင်ထားပါသလောဟု (ပြန်လှန်၍မေး၏)။

ရဟန်း အကျွန်ုပ်သည်လည်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'ကို ဆောင်မထားပါ၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏လောဟု (လျှောက်၏)။ ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်မူကား ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏လော ဟု (ပြန်လှန်မေးမြန်း၏)။ ရဟန်း အကျွန်ုပ်သည်လည်း ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါ ဟု ဤသို့လျှောက်ပြီးလျှင် ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'ကို နာယူလော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'ကို ရွတ်အံသရဇ္ဈာယ်လော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'ကို ပို့ချလော့၊ ရဟန်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'ဝိဘင်္ဂ'သည် မြတ်သော အကျင့်၏အစဖြစ်၍ အကျိုးစီးပွါးနှင့် စပ်၏ဟု လျှောက်ထားပြီးလျှင် ထိုအရပ်၌ ကွယ်လေ၏။

၂၈၀။ ထိုအခါ အသျှင်သမိဒ္ဓိသည် ထိုညဉ့်ကို လွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေ၏၊ တခုသောအရပ်၌ ထိုင်နေပြီးသော အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရားအား ဤဆိုလတ္တံ့သောစကားကို လျှောက်ထား၏—

အသျှင်ဘုရား အကျွန်ုပ်သည် လင်းအားကြီးအခါ၌ တပေါဒါမြစ်ရှိရာအရပ်သို့ ကိုယ်တို့ကို ရေသွန်းဖျန်းရန် ချဉ်းကပ်ပါ၏။ တပေါဒါမြစ်၌ ကိုယ်တို့ကို ရေသွန်းဖျန်း၍ တဖန်တက်ပြီးလျှင် ကိုယ်တို့ကို ခြောက်သွေ့စေလျက် သင်္ကန်းတထည်တည်းဖြင့် ရပ်တည်ပါ၏။ ထိုအခါ နတ်သားတယောက်သည် ညဥ့်အချိန်လွန်လတ်သော် အလွန်နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော တပေါဒါမြစ်ကို ထွန်းလင်းတောက်ပစေလျက် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော အရပ်၌ ရပ်တည်ပါ၏၊ တခုသောအရပ်၌ ရပ်တည်ပြီးသော ထိုနတ်သားသည် အကျွန်ုပ်ကို

http://www.dhammadownload.com



"ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လော"ဟု ဤစကားကို လျှောက်ထားပါ၏။

မြတ်စွာဘုရား ဤသို့လျှောက်ထားသော် အကျွန်ုပ်သည် ထိုနတ်သားကို "ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်မူကား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့်အကျယ်'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လော" ဟု (ဤစကားကို ပြန်လှန်မေးပါ၏)။ ရဟန်း အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်မထားပါ။ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏လောဟု (လျှောက်ထားပြန်ပါ၏)။ ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်သည်ကား ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါသလောဟု (ပြန်လှန်မေးမြန်းပါ၏)။

ရဟန်း အကျွန်ုပ်သည်လည်း ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါဟု ဤသို့ လျှောက်ပြီးလျှင် ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို နာယူလော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ရွတ်အံ သရဇ္ဈာယ်လော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ပို့ချလော့၊ ရဟန်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'သည် မြတ်သောအကျင့်၏ အစဖြစ်၍ အကျိုးစီးပွါးနှင့် စပ်၏ဟု ထိုနတ်သားသည် ဤစကားကို လျှောက်ထားပါ၏။ ဤစကားကို လျှောက်ထားပြီးလျှင် ထိုအရပ်၌သာလျှင် ကွယ်လေ၏။ မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ဟောကြားတော်မူပါလော့ ဟု (လျှောက်၏)။ ရဟန်း သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ဟု (မိန့်တော်မူ၏)။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤတရားစကားကို မိန့်တော်မူ၏—

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌သေရမည်ကိုသိနိုင်အံ့နည်း၊ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသောရဟန်း"ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏ဟု—

မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူပြီး၍ နေရာမှထတော်မူကာ

http://www.dhammadownload.com



ကျောင်းတွင်းသို့ ဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား ပဲကြွသွား၍ မကြာမြင့်မီ ထိုရဟန်းတို့အား ဤသို့သော အကြံသည် ဖြစ်ပေါ်၏၊ "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ငါတို့အား—

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဥ့်တညဥ့်ရှိသော ရဟန်း"ဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏ဟု—

ဤတရားကို အကျဉ်းအားဖြင့် ညွှန်ပြပြီး၍ အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းတွင်းသို့ ဝင်တော်မူ၏၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ညွှန်ပြအပ်သော အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန်တော်မမူအပ်သော ဤဥဒ္ဒေသတရား၏ အနက်အဓိပ္ပါယ်ကို အဘယ်သူသည် ဝေဖန်နိုင်ရာအံ့နည်း" ဟု (အကြံသည်ဖြစ်၏)။

ထိုအခါ၌ ထိုရဟန်းတို့အား "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အချီးအမွမ်းခံရ၏၊ ပညာရှိသီတင်းသုံးဖော်တို့၏ အမြွေက်စားလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြလျက် အကျယ်ကို မဝေဖန်ခဲ့သော ဤဥဒ္ဒေသ၏ အနက်သဘောကို အကျယ် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စာနအား ဤအနက်သဘောကို မေးမြန်းရမူ ကောင်းပေမည်" ဟု အကြံ ဖြစ်ပေါ်လာကုန်၏။

၂၈၁။ ထို့နောက် ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကစ္စာနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို) ပြီးဆုံးစေကာ တခုသောအရပ်၌ ထိုင်နေကုန်၏။ တခုသောအရပ်၌ ထိုင်နေကုန်ပြီးသော ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနအား ဤဆိုမည့်စကားကို လျှောက်ထားကုန်၏—

ငါ့သျှင်ကစ္စာန မြတ်စွာဘုရားသည် "အတိတ်ခန္ဓာသို့ အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို စင်စစ် ကောင်းမြတ်သော ညဥ့်တညဥ့် ရှိသော ရဟန်းဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏" ဟူသော ဥဒ္ဒေသကို အကျဉ်းချုပ်အားဖြင့် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့ပါသည်။

ငါ့သျှင်ကစ္စာန မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီ ထိုငါတို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ငါတို့အား 'အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို စင်စစ် ကောင်းမြတ်သော ညဥ့်တညဥ့်ရှိသော ရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏' ဟူသော ဤညွှန်ပြခြင်း ဥဒ္ဒေသ၏ အကျဉ်းချုပ် အနက်သဘောကို အကျယ် မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့ပါ၏။ အဘယ်သူသည် မြတ်စွာဘုရား

http://www.dhammadownload.com



အကျဉ်းချုပ် ညွှန်ပြ၍ အကျယ်အားဖြင့် အနက်သဘောကို မဝေဖန်သော ဤညွှန်ပြချက် ဥဒ္ဒေသ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း”ဟု ဤသို့သော အကြံသည် ဖြစ်ပေါ်လာပါ၏။

ငါ့သျှင်ကစ္စာန ထိုငါတို့အား “ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အချီးမွမ်းခံရ၏၊ ပညာရှိသီတင်းသုံးဖော်တို့၏ အမြောက်စားသည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤဥဒ္ဒေသ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်”ဟု ဤသို့သော စိတ်အကြံ ဖြစ်ပေါ်လာပြန်ပါ၏။ အသျှင်မဟာကစ္စာနသည် ဝေဖန်တော်မူပါလော့ဟု (ပြောဆိုလျှောက်ထားကုန်၏)။

ငါ့သျှင်တို့ ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် တည်နေဆဲဖြစ်သော အနှစ်ပြည့်သော သစ်ပင်ကြီး၏ အမြစ်ရင်းကိုရင်း ပင်စည်ကိုရင်း ကျော်လွန်၍သာလျှင် အခက်အရွက်၌ အနှစ်ကို ရှာသင့်၏ ဟု မှတ်ထင်ရာ သကဲ့သို့ ဤဥပမာအတူ အသျှင်တို့သည် မြတ်စွာဘုရားမျက်မှောက် ထင်ရှားဖြစ်ပါလျက် ထိုမြတ်စွာဘုရားကို ကျော်လွန်၍ ငါ့ကိုအား ဤအနက်သဘောကို မေးမြန်းသင့်၏ ဟု ထင်မှတ်ကြကုန်၏၊ ငါ့သျှင်တို့ မှန်ပါသည်၊ ထိုမြတ်စွာဘုရားသည် သိသင့်သိထိုက်သည်ကို သိတော်မူ၏၊ မြင်သင့်မြင်ထိုက်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊အသိဉာဏ်သဖွယ် ဖြစ်တော်မူ၏၊ တရားသဖွယ် ဖြစ်တော်မူ၏၊ မြတ်သော မဂ်သဖွယ်ဖြစ်တော်မူ၏၊ (သစ္စာလေးပါးကို)ဟောကြားတော်မူတတ်၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်သဘောကို ထုတ်ဆောင်ပြတော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရားကိုသာလျှင် မေးမြန်းရန် အချိန်အခါ ဖြစ်၏၊ သင်တို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်ကို မှတ်ကုန်ရာ၏ဟု (ပြောဆို၏)။

ငါ့သျှင်ကစ္စာန စင်စစ်အားဖြင့် သော်ကား မြတ်စွာဘုရားသည် သိသင့်သိထိုက်သည်ကို သိတော်မူ၏၊ မြင်သင့် မြင်ထိုက်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ အသိဉာဏ် သဖွယ် ဖြစ်တော်မူ၏၊ တရားသဖွယ်ဖြစ်တော်မူ၏၊ မြတ်သောမဂ်သဖွယ်ဖြစ်တော်မူ၏၊ (သစ္စာလေးပါးကို) ဟောကြားတော်မူတတ်၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်သဘောကို ထုတ်ဆောင်ပြတော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရားကိုသာလျှင် မေးမြန်းရန် အချိန်အခါ ဖြစ်ပါ၏၊ အခါကာလပါတည်း ငါတို့အား မြတ်စွာဘုရားသည် ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ကြကုန်ရာ၏။ သို့သော်လည်း အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အချီးမွမ်းခံရ၏၊ ပညာရှိသီတင်းသုံးဖော်များ၏ အမြောက်စားလည်း ခံရ၏၊ အသျှင်မဟာကစ္စာန သည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤဥဒ္ဒေသ၏ အနက်သဘော ကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ အသျှင်မဟာကစ္စာနသည် ဝန်မလေးသည် ကိုပြု၍ ဝေဖန်ပါလော့ ဟု (လျှောက်ကုန်၏)။

ငါ့သျှင်တို့ ထိုသို့တာဝန်ထား၍ နာကြားလိုကြမူ နာကြားကြကုန်၊ ကောင်းစွာနှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ဟု (မိန့်ဆို၏)။ “ငါ့သျှင် ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် အသျှင်

http://www.dhammadownload.com



မဟာကစ္စာနအား ပြန်ကြားလျှောက်ထား ကြကုန်၏။ အသျှင်မဟာကစ္စာနသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် "အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ထိုရဟန်းကို စင်စစ်ကောင်းမြတ်သော ညဉ့်တညဉ့်ရှိသောရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏"ဟူသော ဤဥဒ္ဒေသကို မြတ်စွာဘုရားသည် အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏။

ငါ့သျှင်တို့ မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏အနက်သဘောကို ဤသို့ အကျယ်အားဖြင့် ငါသိပါ၏။

၂၇၂။ ငါ့သျှင်တို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း။ အတိတ်ကာလ၌ ငါ၏ စက္ခုပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ရူပါရုံတို့သည် ဤသို့ ဖြစ်ဘူးကုန်၏ ဟူ၍ ထိုစက္ခုပသာဒ ရူပါရုံတို့၌ ဆန္ဒရာဂနှင့် စပ်သော သိမှု'ဝိညာဏ်'သည် ဖြစ်၏၊သိမှု'ဝိညာဏ်'၏ ဆန္ဒရာဂနှင့်စပ်သည်၏ အဖြစ်ကြောင့် ထိုစက္ခုပသာဒရူပါရုံတို့ကို အလွန်နှစ်သက်၏၊ ထိုစက္ခုပသာဒ ရူပါရုံတို့ကို အလွန်နှစ်သက်သောသူသည် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။ အတိတ်ကာလ၌ ငါ၏သောတပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ သဒ္ဒါရုံတို့သည် ဤသို့ ဖြစ်ဘူးကုန်၏ဟူ၍။ပ။ အတိတ်ကာလ၌ ငါ၏ဃာနပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ ဂန္ဓာရုံတို့သည် ဤသို့ ဖြစ်ဘူးကုန်၏ ဟူ၍။ အတိတ်ကာလ၌ ငါ၏ ဇိဝှါပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ ရသာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ ဟူ၍။ အတိတ်ကာလ၌ ငါ၏ ကာယပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဤသို့ ဖြစ်ဘူးကုန်၏ဟူ၍။ အတိတ်ကာလ၌ ငါ၏ ဘဝင်စိတ်ဟူသော မနာယတနသည် ဤသို့ ဖြစ်ဘူး၏၊ ဘုံသုံးပါး၌ ဖြစ်သော ဓမ္မာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍ ထိုမနာယတန ဓမ္မာရုံတို့၌ ဆန္ဒရာဂနှင့် စပ်သော သိမှု'ဝိညာဏ်'သည် ဖြစ်၏၊ သိမှု'ဝိညာဏ်'၏ ဆန္ဒရာဂနှင့်စပ်သည်၏ အဖြစ်ကြောင့် ထိုမနာယတန ဓမ္မာရုံကို အလွန်နှစ်သက်၏။ ထိုမနာယတန ဓမ္မာရုံကို အလွန်နှစ်သက်သောသူသည် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏၊ ငါ့သျှင် ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။ အတိတ်ကာလ၌ ငါ၏စက္ခုပသာဒသည် ဤသို့ ဖြစ်ဘူး၏၊ ရူပါရုံတို့သည် ဤသို့ ဖြစ်ဘူးကုန်၏ဟူ၍ ထိုစက္ခုပသာဒရူပါရုံတို့၌ ဆန္ဒရာဂနှင့်စပ်သော သိမှု'ဝိညာဏ်'သည် မဖြစ်၊ သိမှု'ဝိညာဏ်'၏ ဆန္ဒရာဂနှင့် မစပ်သည်၏ အဖြစ်ကြောင့် ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်၊ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်သောသူသည် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။ အတိတ်ကာလ၌ ငါ၏ သောတပသာဒသည် ဤသို့ဖြစ်ဘူး၏၊သဒ္ဒါရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍။ပ။အတိတ်ကာလ၌ ငါ၏ ဃာနပသာဒသည် ဤသို့ဖြစ်ဘူး၏၊ဂန္ဓာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍။ အတိတ်ကာလ၌ ငါ၏ ဇိဝှါပသာဒသည် ဤသို့ဖြစ်ဘူး၏၊ ရသာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍။ အတိတ်ကာလ၌ ငါ၏ ကာယပသာဒသည် ဤသို့ဖြစ်ဘူး၏၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍။အတိတ်ကာလ၌ ငါ၏ ဘဝင်စိတ်ဟူသော မနာယတနသည် ဤသို့ ဖြစ်ဘူး၏၊ဘုံသုံးပါး၌ ဖြစ်သော ဓမ္မာရုံတို့သည် ဤသို့ဖြစ်ဘူးကုန်၏ဟူ၍ ထိုမနာယတန ဓမ္မာရုံတို့၌ ဆန္ဒရာဂနှင့် စပ်သောသိမှု'ဝိညာဏ်'သည် မဖြစ်။သိမှု'ဝိညာဏ်'၏ ဆန္ဒရာဂနှင့် မစပ်သည်၏ အဖြစ်ကြောင့် ထိုမနာယတန ဓမ္မာရုံကို မနှစ်သက်။ ထိုမနာယတနဓမ္မာရုံကို မနှစ်သက်သောသူသည် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။ ငါ့သျှင်တို့ ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။

http://www.dhammadownload.com



၂၈၃။ ငါ့သျှင်တို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို တောင့်တသနည်း။ အနာဂတ်ကာလ၌ ငါ၏ စက္ခုပသာဒသည် ဤသို့ ဖြစ်ရလို၏၊ ရူပါရုံတို့သည် ဤသို့ ဖြစ်ရလိုကုန်၏ဟူ၍ မရသေးသော စက္ခုပသာဒရူပါရုံကို ရခြင်းငှါ စိတ်ကတောင့်တ၏၊ စိတ်ကတောင့်တခြင်းဟူသော အကြောင်းကြောင့် ထိုစက္ခုပသာဒရူပါရုံတို့ကို နှစ်သက်၏၊ ထိုစက္ခုပသာဒ ရူပါရုံတို့ကို နှစ်သက်သောသူသည် အနာဂတ် ဖြစ်သော စက္ခုပသာဒ ရူပါရုံကို တောင့်တ၏။ အနာဂတ်ကာလ၌ ငါ၏ သောတပသာဒသည် ဤသို့ ဖြစ်ရလို၏၊ သဒ္ဒါရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ ဟူ၍။ပ။ အနာဂတ်ကာလ၌ ငါ၏ ဃာနပသာဒသည် ဤသို့ဖြစ်ရလို၏၊ ဂန္ဓာရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ ဇိဝှါပသာဒသည် ဤသို့ဖြစ်ရလို၏၊ ရသာရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ ကာယပသာဒသည် ဤသို့ဖြစ်ရလို၏၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ ဘဝင်စိတ်ဟူသော မနာယတနသည် ဤသို့ ဖြစ်ရလို၏၊ ဘုံသုံးပါး၌ ဖြစ်သော ဓမ္မာရုံတို့သည် ဤသို့ ဖြစ်ရလိုကုန်၏ဟူ၍ မရသေးသော မနာယတနဓမ္မာရုံကို ရခြင်းငှါ စိတ်ကတောင့်တ၏၊ စိတ်ကတောင့်တခြင်းဟူသော အကြောင်းကြောင့် ထိုမနာယတနဓမ္မာရုံကို နှစ်သက်၏၊ ထိုမနာယတန ဓမ္မာရုံကို နှစ်သက်သောသူသည် အနာဂတ်ဖြစ်သော မနာယတနဓမ္မာရုံကို တောင့်တ၏။ ငါ့သျှင်တို့ ဤသို့လျှင် အနာဂတ်ခန္ဓာကို တောင့်တ၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တသနည်း။ အနာဂတ်ကာလ၌ ငါ၏ စက္ခုပသာဒသည် ဤသို့ဖြစ်ရလို၏၊ ရူပါရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍ မရသေးသော စက္ခုပသာဒရူပါရုံကို ရခြင်းငှါ စိတ်က မတောင့်တ၊ စိတ်က မတောင့်တခြင်းဟူသော အကြောင်းကြောင့် ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်၊ ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်သောသူသည် အနာဂတ်ဖြစ်သော စက္ခုပသာဒရူပါရုံကို မတောင့်တ။ အနာဂတ်ကာလ၌ ငါ၏သောတပသာဒသည် ဤသို့ ဖြစ်ရလို၏၊ သဒ္ဒါရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ ဟူ၍။ပ။ အနာဂတ်ကာလ၌ ငါ၏ ဃာနပသာဒသည် ဤသို့ဖြစ်ရလို၏၊ ဂန္ဓာရုံတို့သည် ဤသို့ ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ ဇိဝှါပသာဒသည် ဤသို့ ဖြစ်ရလို၏၊ ရသာရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ကာယပသာဒသည် ဤသို့ဖြစ်ရလို၏၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဤသို့ ဖြစ်ရလိုကုန်၏ဟူ၍။ အနာဂတ်ကာလ၌ ငါ၏ ဘဝင်စိတ်ဟူသော မနာယတနသည် ဤသို့ဖြစ်ရလို၏၊ ဘုံသုံးပါး၌ဖြစ်သော ဓမ္မာရုံတို့သည် ဤသို့ဖြစ်ရလိုကုန်၏ဟူ၍ မရအပ်သေးသော မနာယတန ဓမ္မာရုံကို ရခြင်းငှါ စိတ်က မတောင့်တ၊ စိတ်က မတောင့်တခြင်းဟူသော အကြောင်းကြောင့် ထိုမနာယတန ဓမ္မာရုံကို မနှစ်သက်၊ ထိုမနာယတနဓမ္မာရုံကို မနှစ်သက်သောသူသည် အနာဂတ်ဖြစ်သော မနာယတနဓမ္မာရုံကို မတောင့်တ။ ငါ့သျှင်တို့ ဤသို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တ။

၂၈၄။ ငါ့သျှင်တို့ အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တိုသနည်း။ ငါ့သျှင်တို့ စက္ခုပသာဒရူပါရုံ ထိုနှစ်ပါးစုံသည် ဖြစ်ဆဲပစ္စုပ္ပန်သာတည်း၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ထိုစက္ခုပသာဒ ရူပါရုံ၌ ဆန္ဒရာဂနှင့်စပ်သော သိမှု 'ဝိညာဏ်' သည် အကယ်၍ဖြစ်အံ့၊ သိမှု 'ဝိညာဏ်' ၏ ဆန္ဒရာဂနှင့်စပ်သည်၏အဖြစ်ကြောင့် ထိုစက္ခုပသာဒရူပါရုံကို နှစ်သက်၏၊ ထိုစက္ခုပသာဒ ရူပါရုံကို နှစ်သက်သောသူသည် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တို၏၊ ငါ့သျှင်တို့ သောတပသာဒ သဒ္ဒါရုံ။ပ။ ငါ့သျှင်တို့ ဃာနပသာဒဂန္ဓာရုံ။ ငါ့သျှင်တို့ ဇိဝှါပသာဒရသာရုံ။ ငါ့သျှင်တို့ ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံ။ ငါ့သျှင်တို့ ဘဝင်စိတ်ဟူသော မနာယတန ဘုံသုံးပါး၌ ဖြစ်သော ဓမ္မာရုံ ထိုနှစ်ပါးစုံသည် ဖြစ်ဆဲပစ္စုပ္ပန်သာတည်း၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ထိုမနာယတနဓမ္မာရုံ၌ ဆန္ဒရာဂနှင့်စပ်သောသိမှု 'ဝိညာဏ်'

http://www.dhammadownload.com



သည် အကယ်၍ ဖြစ်အံ့ သိမှု 'ဝိညာဏ်'၏ ဆန္ဒရာဂနှင့်စပ်သည်၏အဖြစ်ကြောင့် ထိုမနာယတနဓမ္မာရုံကို နှစ်သက်၏၊ ထိုမနာယတနဓမ္မာရုံကို နှစ်သက်သောသူသည် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တို၏။ ငါ့သျှင်တို့ ဤသို့လျှင် ပစ္စုပ္ပန်တရားတို့၌ တွန့်တို၏။

ငါ့သျှင်တို့ အဘယ်သို့လျှင် ပစ္စုပ္ပန်တရားတို့၌ မတွန့်တိုသနည်း။ ငါ့သျှင်တို့ စက္ခုပသာဒရူပါရုံ ထိုနှစ်ပါးစုံသည် ဖြစ်ဆဲပစ္စုပ္ပန်သာတည်း၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ထိုစက္ခုပသာဒရူပါရုံ၌ ဆန္ဒရာဂနှင့် စပ်သောသိမှု 'ဝိညာဏ်'သည် အကယ်၍ မဖြစ်အံ့၊ လောဘမူသိမှု ဝိညာဏ်၏ ဆန္ဒရာဂနှင့်မစပ်သည်၏ အဖြစ်ကြောင့် ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်၊ ထိုစက္ခုပသာဒရူပါရုံကို မနှစ်သက်သောသူသည် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တို။ ငါ့သျှင်တို့ သောတပသာဒသဒ္ဒါရုံ။ပ။ ငါ့သျှင်တို့ ဃာနပသာဒ ဂန္ဓာရုံ။ ငါ့သျှင်တို့ ဇိဝှါပသာဒရသာရုံ။ ငါ့သျှင်တို့ ကာယပသာဒဖောဋ္ဌဗ္ဗာရုံ။ ငါ့သျှင်တို့ ဘဝင်စိတ်ဟူသော မနာယတန ဘုံသုံးပါး၌ဖြစ်သောဓမ္မာရုံ ထိုနှစ်ပါးစုံသည် ဖြစ်ဆဲပစ္စုပ္ပန်သာတည်း၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ထိုမနာယတန ဓမ္မာရုံ၌ ဆန္ဒရာဂနှင့်စပ်သော သိမှု 'ဝိညာဏ်'သည် အကယ်၍ မဖြစ်အံ့၊ သိမှု'ဝိညာဏ်'၏ ဆန္ဒရာဂနှင့် မစပ်သည်၏ အဖြစ်ကြောင့် ထိုမနာယတနဓမ္မာရုံကို မနှစ်သက်၊ ထိုမနာယတနဓမ္မာရုံကို မနှစ်သက်သောသူသည် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တို။ ငါ့သျှင်တို့ ဤသို့လျှင် ပစ္စုပ္ပန်ဘရားဘို့၌ မတွန့်တို။

၂၈၅။ ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် "အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို စင်စစ် ကောင်းသော ညဥ့်တညဥ့်ရှိသော ရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏"ဟူ၍ ဤဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ခဲ့ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏။

ငါ့သျှင်တို့ ငါသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏ အနက်သဘောကို ဤသို့အကျယ်အားဖြင့် ငါသိပါ၏၊ ငါ့သျှင်တို့ အလိုရှိကြကုန်သော် သင်တို့သည် မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်ကြကုန်၍ ဤအနက်သဘောကို တဖန်မေးလျှောက်ကြကုန်လော့၊ မြတ်စွာဘုရားသည် သင်တို့အား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ယူကြကုန်လော့ ဟု (မိန့်ဆို၏)။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာန၏ မိန့်ကြားချက်ကို အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်၍ နေရာမှထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြကုန်လျက် လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန်၏၊ လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်သော ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ ဆိုလတ္တံ့သောစကားကို လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့အား မြတ်စွာဘုရားသည် "အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို စင်စစ် ကောင်းသော ညဥ့်တညဥ့်ရှိသော ရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏"ဟူ၍ ဤဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့ပါ၏။

မြတ်စွာဘုရား ထိုအကျွန်ုပ်တို့အား မြတ်စွာဘုရား ဖဲကြွသွားတော်မူ၍ မကြာမီ "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည်—

'အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

http://www.dhammadownload.com



ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့ နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏"ဟူသော ဤဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့ပါ၏။

အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ပါ၏။

မြတ်စွာဘုရား ထိုအကျွန်ုပ်တို့အား "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အချီးမွမ်းခံရ၏၊ ပညာရှိ သီတင်းသုံးဖော်များ အမြောက်အားလည်း ခံရ၏၊အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ ဤအနက်သဘောကိုမေးမြန်းကြရမူ ကောင်းပေမည်"ဟု ဤသို့သော စိတ်အကြံဖြစ်ပေါ်လာခဲ့ပါသည်။ မြတ်စွာဘုရား ထိုအခါ အကျွန်ုပ်တို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ကုန်၍ ဤအနက်သဘောကို မေးမြန်းကြပါကုန်၏၊ မြတ်စွာဘုရား ထိုအကျွန်ုပ်တို့အား အသျှင်မဟာကစ္စာနသည် ဤအခြင်းအရာ ပုဒ်ဝါကျ အက္ခရာတို့ဖြင့် ဤအနက်သဘောကို ဝေဖန်ပြပါ၏ဟု ဤစကားကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ မဟာကစ္စာနသည် ပညာရှိ၏၊ပညာကြီး၏၊ရဟန်းတို့ ငါဘုရားကိုလည်း သင်တို့သည် ဤအနက်သဘောကို အကယ်၍ မေးမြန်းကြကုန်ငြားအံ့၊ ငါသည်လည်း ထိုအနက်သဘောကို မဟာကစ္စာန ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏၊ ဤဥဒ္ဒေသတရားတော်၏ အနက်သဘောသည် ဤသည်ပင်တည်း၊ ဤအတိုင်း ထိုအနက်သဘောကို မှတ်ကြကုန်ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် ဝမ်းမြောက်ဝမ်းသာ စိတ်ရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို လွန်စွာနှစ်သက်ကုန်ပြီ။

သုံးခုမြောက် မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် ပြီး၏။

---

## ၄-လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်

၂၈၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ထိုအခါ အသျှင်လောမသကင်္ဂိယသည် သက္ကတိုင်း ကပိလဝတ်

http://www.dhammadownload.com



ပြည် နိဂြောဓာရုံကျောင်း၌ နေ၏၊ ထိုအခါ စန္ဒနနတ်သားသည် ညဥ့်အချိန်လွန်လတ်သော် အလွန်နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော နိဂြောဓာရုံကျောင်းကို ထွန်းလင်းတောက်ပစေလျက် အသျှင်လောမသကင်္ဂိယရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် သင့်လျော်ရာအရပ်၌ ရပ်တည်၏၊သင့်လျော်ရာအရပ်၌ ရပ်တည်ပြီးသော စန္ဒနနတ်သားသည် အသျှင်လောမသကင်္ဂိယထေရ်အား ဤစကားကို လျှောက်ထား၏—"အသျှင်ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လော"ဟု (လျှောက်ထား၏)။

ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်၏အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်သည်ကား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လောဟု (ပြန်လှန်မေးမြန်း၏)။ အသျှင်ရဟန်း အကျွန်ုပ်သည်လည်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ဆောင်မထားပါ။

အသျှင်ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏လော ဟု (လျှောက်ထားပြန်၏)။ ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်မူကား ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါသလော ဟု (ပြန်လှန်မေးမြန်းပြန်၏)။ အသျှင်ရဟန်း အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏ဟု (လျှောက်ထားပြန်၏)။ ငါ့သျှင်နတ်သား သင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါသနည်းဟု (မေးမြန်းပြန်၏)။ အသျှင်ရဟန်း အခါတပါး၌ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏ အရင်း ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည် တာဝတိံသာနတ်တို့အား ဘဒ္ဒေကရတ္တသုတ်၏အကျဉ်းကိုဒ်ငင်း အကျယ်ကိုဒ်ငင်း ဟောတော်မူပါ၏—

"အတိတ်ခန္ဓာသို့လည်း အစဥ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အပန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသောစစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ်'ကောင်းသော,ညဥ့်တညဥ့်ရှိသော ရဟန်း'ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူပါ၏" ဟု(ဟောတော်မူ၏)။

ရဟန်း ဤသို့လျှင် အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ်လာဂါထာတို့ကို ဆောင်ထားပါ၏။ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ' ကို နာယူလော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ရွတ်အံသရဇ္ဈာယ်လော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို မှတ်ချဆောင်ထားလော့၊ ရဟန်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'သည်

http://www.dhammadownload.com



မြတ်သော အကျင့်၏ အစဖြစ်၍ အကျိုးစီးပွါးနှင့် စပ်၏ဟု ဤစကားကို စန္ဒနနတ်သားသည် လျှောက်ထားပြီးနောက် ထိုနေရာ၌သာလျှင် ကွယ်လေ၏။

၂၇၇။ ထိုအခါ အသျှင်လောမသကင်္ဂိယသည် ထိုညဉ့်ကို လွန်သဖြင့် ကျောင်းအိပ်ရာ နေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွ၏၊ အစဉ်အတိုင်း ဒေသစာရီလှည့်လည်ကာ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်နေ၏၊ တခုသောအရပ်၌ ထိုင်နေပြီးသော အသျှင်လောမသကင်္ဂိယသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

မြတ်စွာဘုရား အကျွန်ုပ်သည် အခါတပါး၌ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ နေပါ၏။ မြတ်စွာဘုရား ထိုအခါ၌ နတ်သားတယောက်သည် ညဉ့်အချိန်လွန်လတ်သော် အလွန်နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော နိဂြောဓာရုံကျောင်းကို ထွန်းလင်းတောက်ပစေလျက် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောအရပ်၌ ရပ်တည်၏၊ တခုသောအရပ်၌ ရပ်တည်ပြီးသော ထိုနတ်သားသည် အကျွန်ုပ်အား ဤစကားကိုလျှောက်ထားပါ၏ "ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့်အကျယ် 'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လော" ဟု (လျှောက်ထားပါ၏)။ မြတ်စွာဘုရား ဤသို့လျှောက်ထားသော် အကျွန်ုပ်သည် ထိုနတ်သားကို "ငါ့သျှင်နတ်သား ငါသည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်သည်ကား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့်အကျယ် 'နိဒ္ဒေသ'ကို ဆောင်ထားပါ၏လော" ဟု ဤစကားကို ပြန်လှန်မေးမြန်းပါ၏။

ရဟန်း အကျွန်ုပ်သည်လည်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဆောင်မထားပါ၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏လောဟု (လျှောက်ဆိုပြန်ပါ၏)။ ငါ့သျှင်နတ်သား ငါသည်ကား ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်မထားပါ၊ ငါ့သျှင်နတ်သား သင်သည်ကား ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါသလောဟု (မေးမြန်းပြန်ပါ၏)။ ရဟန်း အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏ ဟု (လျှောက်ထားပြန်ပါ၏)။ ငါ့သျှင်နတ်သား သင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါသနည်း ဟု (မေးမြန်းပြန်ပါ၏)။ ရဟန်း အခါတပါး၌ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏ အရင်း ခင်းထားသော ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ နေတော်မူစဉ် တာဝတိံသာနတ်ပြည်၌ နေကုန်သော နတ်တို့အား ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ဟောကြားတော်မူပါ၏။ "အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ။ပ။ ထိုရဟန်းကို စင်စစ် ကောင်းသော ညဉ့်တညဉ့်ရှိသောရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏" ဟု (ဟောကြားတော်မူပါ၏)။

ရဟန်း ဤသို့လျှင် အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ်လာ ဂါထာတို့ကို ဆောင်ထားပါ၏၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို နာယူလော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏အကျဉ်း 'ဥဒ္ဒေသ'နှင့် အကျယ် 'နိဒ္ဒေသ'ကို ရွတ်အံသရဇ္ဈာယ်လော့၊ ရဟန်း သင်သည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ပို့ချ ဆောင်ထားလော့၊ ရဟန်း ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း 'ဥဒ္ဒေသ' နှင့် အကျယ် 'နိဒ္ဒေသ'သည် မြတ်သော

http://www.dhammadownload.com



အကျင့်၏ အစဖြစ်၍ အကျိုးစီးပွါးနှင့် စပ်၏ဟု ဤစကားကို ထိုနတ်သားသည် လျှောက်ထားပြီး နောက် ထိုနေရာ၌သာလျှင် ကွယ်ခဲ့ပါ၏။ မြတ်စွာဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား မြတ်စွာ ဘုရားသည် ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်း'ဥဒ္ဒေသ'နှင့် အကျယ်'နိဒ္ဒေသ'ကို ဟောတော်မူပါလော့ ဟု (လျှောက်ထား၏)။

၂၇၈။ ရဟန်း သင်သည် ထိုနတ်သားကို သိ၏လောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုနတ်သားကို မသိပါဟု (လျှောက်ထား၏)။ ရဟန်း ထိုနတ်သားသည် စန္ဒန မည်၏၊ ရဟန်း စန္ဒနနတ်သားသည် ရိုရိုသေသေ အလုံးစုံကို စိတ်ဖြင့် နှလုံးသွင်းနားစိုက်ကာ တရား နာ၏။ ရဟန်း သို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့် တော်မူ၏)။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု အသျှင်လောမသကဂ္ဂိယသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ် ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ် သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့် သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသောစစ်သည်ရှိသော ထိုသေ မင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့ နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိ အားထုတ် သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသောရဟန်း"ဟူ၍ ကိလေသာငြိမ်း အေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ရဟန်း အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်လိုက်သနည်း ။ပ။ ရဟန်း ဤသို့လျှင် အတိတ် ခန္ဓာသို့ အစဉ်လိုက်၏။ ရဟန်း အဘယ်သို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်သနည်း။ပ။ ရဟန်း ဤသို့လျှင် အတိတ်ခန္ဓာသို့ အစဉ်မလိုက်။ ရဟန်း အဘယ်သို့လျှင် အနာဂတ်ခန္ဓာကို တောင့်တ သနည်း။ပ။ ရဟန်း ဤသို့လျှင် အနာဂတ်ခန္ဓာကို တောင့်တ၏။ ရဟန်း အဘယ်သို့လျှင် အနာဂတ် ခန္ဓာကို မတောင့်တသနည်း။ပ။ ရဟန်း ဤသို့လျှင် အနာဂတ်ခန္ဓာကို မတောင့်တ။ ရဟန်း အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ တွန့်တိုသနည်း။ပ။ရဟန်း ဤသို့လျှင် ဖြစ်ဆဲ ပစ္စုပ္ပန်တရား တို့၌ တွန့်တို၏။ ရဟန်း အဘယ်သို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တိုသနည်း။ပ။ ရဟန်း ဤသို့လျှင် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ မတွန့်တို။

အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ် ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ် သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွါးများရာ၏။

အဘယ်သူသည် နက်ဖန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ် သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

http://www.dhammadownload.com



ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဥ့်တညဥ့်ရှိသောရဟန်း" ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်လောမသကင်္ဂိယသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

လေးခုမြောက် လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ် ပြီး၏။

---

## ၅-စူဠကမ္မဝိဘင်္ဂသုတ် [၁]

၂၈၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တောဒေယျပုဏ္ဏား၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

အသျှင်ဂေါတမ လူဖြစ်ကုန်သော သူတို့မှာ လူအချင်းချင်း ဖြစ်ကြကုန်လျက် ယုတ်ခြင်း မြတ်ခြင်းတို့ကို တွေ့မြင်ရပါကုန်၏။ ထိုအကြောင်းရင်းကား အဘယ်ပါနည်း အထောက်အပံ့ကား အဘယ်ပါနည်း။ အသျှင်ဂေါတမ အသက်တိုသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏၊ အသက်ရှည်သောလူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ အနာရောဂါများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏၊အနာရောဂါကင်းသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။အဆင်းမလှသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ အဆင်းလှသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ အခြံအရံမရှိသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏၊ အခြံအရံများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ စည်းစိမ်ဥစ္စာနည်းသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏၊ စည်းစိမ်ဥစ္စာများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ အမျိုးယုတ်သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏ အမျိုးမြတ်သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ ပညာမဲ့သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏၊ ပညာရှိသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။ အသျှင်ဂေါတမ လူဖြစ်ကုန်သော သူတို့မှာ လူအချင်းချင်းဖြစ်ကြကုန်လျက် ယုတ်ခြင်းမြတ်ခြင်းတို့ကို တွေ့မြင်ရပါကုန်၏၊ ထိုအကြောင်းရင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်ထား၏)။

လုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံတို့ ဖြစ်ကုန်၏၊ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် မှီခိုရာရှိကုန်၏၊ အယုတ် အမြတ်ဖြစ်ခြင်းငှါ သတ္တဝါတို့ကို ကံသာလျှင် ဝေဖန်၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမသည် အကျဉ်းချုပ် ဟောထားတော်မူ၍ အကျယ်အားဖြင့် အနက်ကို မဝေဖန်အပ်သော ဤတရားစကား၏ အနက်သဘောကို အကျယ်အားဖြင့် အကျွန်ုပ် မသိပါ၊တောင်းပန်ပါ၏၊အသျှင်

---

[၁]။ သုဘသုတ်ဟူ၍လည်း ဆိုအပ်သည်။

http://www.dhammadownload.com



ဂေါတမသည် အကျဉ်းအားဖြင့် ဟောထား၍ အနက်သဘောအကျယ်အားဖြင့် မဝေဖန်အပ်သော ဤတရား၏ အနက်အဓိပ္ပါယ်ကို အကျွန်ုပ်သိနိုင်အောင် တရားဟောတော်မူပါဟု (လျှောက်ထားတောင်းပန်၏)။

၂၉၀။ လုလင် ထိုသို့ဖြစ်မူ နာလော့၊ကောင်းစွာ နှလုံးသွင်းလော့၊ဟောပေအံ့ ဟုမိန့်တော်မူ၏။ "အသျှင် ကောင်းပါပြီ"ဟု တောဒေယျပုဏ္ဏား၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော စကားကို မိန့်တော်မူ၏—

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ သွေးစွန်းသောလက်ရှိ၏၊ သတ်ပုတ်ညှဉ်းဆဲမှု၌ စိတ်ဝင်စား၏၊ အလုံးစုံသောသတ္တဝါတို့၌ သနားခြင်း ကင်းမဲ့၏၊ ထိုအသက်ကို သတ်လေ့ရှိသူသည် ဤသို့ပြည့်စုံသော ဤသို့ မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အသက်တိုရ၏။ လုလင် ထိုအသက်ကိုသတ်ခြင်း ကြမ်းကြုတ်ခြင်း သွေးစွန်းသော လက်ရှိခြင်း သတ်ပုတ်ညှဉ်းဆဲမှု၌ စိတ်ဝင်စားခြင်း အလုံးစုံသောသတ္တဝါတို့၌ သနားခြင်းကင်းမဲ့ခြင်းသည် အသက်တိုခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၁)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီးဖြစ်၏၊လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားခြင်းရှိ၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏၊ ထိုအသက်သတ်ခြင်းမှ ရှောင်ကြဉ်သူသည် ဤသို့ ပြည့်စုံသော ဤသို့ ကောင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အသက်ရှည်ရ၏။ လုလင် ထိုအသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း တုတ်ကို ချထားပြီးဖြစ်ခြင်း လက်နက်ကို ချထားပြီးဖြစ်ခြင်း အရှက်ရှိခြင်း အသနားရှိခြင်း အလုံးစုံသောသတ္တဝါတို့၏အစီးအပွားကို လိုလားခြင်းသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၁)

၂၉၁။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် လက်ဖြင့်ငှင်း ခဲဖြင့်ငှင်း တုတ်ဖြင့်ငှင်း ဓားလက်နက်ဖြင့်ငှင်း သတ္တဝါတို့ကို ညှဉ်းဆဲလေ့ရှိ၏။ထိုသတ္တဝါတို့ကို ညှဉ်းဆဲလေ့ရှိသူသည် ဤသို့ပြည့်စုံသော ဤသို့မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်ရ၏။ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ရောက်ခဲ့လျှင် ထိုထိုဖြစ်

http://www.dhammadownload.com



လေရာရာအမျိုး၌ အနာရောဂါများ၏။ လုလင် လက်ဖြင့်ရင်း ခဲဖြင့်ရင်း တုတ်ဖြင့်ရင်း လက်နက်ဖြင့်ရင်း သတ္တဝါတို့ကို ညှဉ်းဆဲလေ့ရှိခြင်းသည် အနာရောဂါများခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၂)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် လက်ဖြင့်ရင်း တုတ်ဖြင့်ရင်း ဓားလက်နက်ဖြင့်ရင်း သတ္တဝါတို့ကို ညှဉ်းဆဲလေ့မရှိ၊ ထိုသတ္တဝါတို့ကို ညှဉ်းဆဲလေ့မရှိသော သူသည် ဤသို့ပြည့်စုံသော ဤသို့ကောင်းစွာ ဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အနာရောဂါကင်း၏။ လုလင် လက်ဖြင့်ရင်း တုတ်ဖြင့်ရင်း ခဲဖြင့်ရင်း ဓားလက်နက်ဖြင့်ရင်း သတ္တဝါတို့ကို ညှဉ်းဆဲလေ့မရှိခြင်းသည် အနာရောဂါကင်းခြင်းကို ဖြစ်စေတတ်သောအကျင့်တည်း။ (၂)

၂၉၂။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အမျက်ဒေါသထွက်တတ်၏၊ပြင်းစွာ ပင်ပန်းခြင်းများ၏၊အနည်းငယ်မျှပင် မနှစ်သက်ဖွယ်စကားကို ဆိုသည်ရှိသော် လွန်စွာ စွဲမြဲငြိုကပ်၏၊ အမျက်ထွက်၏၊ဖျက်ဆီး၏၊ဆန့်ကျင်လျက် တည်၏၊အမျက်ထွက်ခြင်းကိုရင်း ဖျက်ဆီးခြင်းကိုရင်း မယုံကြည်ခြင်းကိုရင်း ထင်စွာပြု၏၊ထိုဒေါသကြီးသူသည် ဤသို့ပြည့်စုံသော ဤသို့မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏၊ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အရုပ်ဆိုး၏။ လုလင် အမျက်ဒေါသထွက်ခြင်း ပြင်းစွာပင်ပန်းမှုများခြင်း အနည်းငယ်မျှလည်း မနှစ်သက်ဖွယ်စကားကို ဆိုသည်ရှိသော် လွန်စွာ စွဲမြဲငြိုကပ်ခြင်း အမျက်ထွက်ခြင်း ပျက်စီးခြင်း ရှေးရှုတည်ခြင်း အမျက်ထွက်ခြင်းကိုရင်း ဖျက်ဆီးခြင်းကိုရင်း မယုံကြည်ခြင်းကိုရင်း ထင်စွာပြုခြင်းသည် အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၃)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အမျက်ဒေါသထွက်လေ့မရှိ၊ ပြင်းစွာ ပင်ပန်းခြင်းများလေ့ မရှိ၊ များစွာလည်း မနှစ်သက်ဖွယ်စကားကို ဆိုသော်လည်း လွန်စွာ စွဲစွဲမြဲမြဲ မငြိုကပ်၊အမျက်မထွက်၊ မဖျက်ဆီး၊ ရှေးရှုမတည်၊ အမျက်ထွက်ခြင်းကိုရင်း ဖျက်ဆီးခြင်းကိုရင်း မယုံကြည်ခြင်းကိုရင်း ထင်စွာမပြု၊ထိုဒေါသမကြီးသူသည် ဤသို့ပြည့်စုံသော ဤသို့ကောင်းစွာ ဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ လှပသော အဆင်းရှိ၏။လုလင် အမျက်ထွက်လေ့မရှိခြင်း ပြင်းစွာပင်ပန်းမှု မများခြင်း မနှစ်သက်ဖွယ်စကားကို များစွာဆိုသော်လည်း လွန်စွာ စွဲစွဲမြဲမြဲ မငြိုကပ်ခြင်း အမျက်မထွက်ခြင်း မဖျက်ဆီးခြင်း ရှေးရှုမတည်ခြင်း အမျက်ထွက်ခြင်းကိုရင်း ဖျက်ဆီးခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြုခြင်းသည် လှပသောအဆင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၃)

http://www.dhammadownload.com



၂၉၃။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် ငြူစူခြင်းနှင့်ယှဉ်သောစိတ်ရှိ၏၊ သူတပါးတို့ လာဘ်များခြင်း သူတပါးတို့လာဘ်ရခြင်း အရိုအသေအလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ ငြူစူ၏၊ငြူစူခြင်း အစွမ်းဖြင့် ဆဲရေးပြစ်မှား၏၊ ငြူစူခြင်းကို ဖွဲ့နှောင်၏၊ ထိုငြူစူမနာလိုသူသည် ဤသို့ပြည့်စုံသော ဤသို့မှားယွင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်ရ၏၊ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အခြံအရံနည်း၏။လုလင် ငြူစူခြင်းနှင့် ယှဉ်သောစိတ်ရှိခြင်း သူတပါးတို့ လာဘ်များခြင်း အရိုအသေ အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ ငြူစူခြင်း ငြူစူခြင်းအစွမ်းဖြင့် ဆဲရေးပြစ်မှားခြင်း ငြူစူခြင်းကို ဖွဲ့နှောင်ခြင်းသည် အခြံအရံမရှိခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၄)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် ငြူစူခြင်းနှင့် မယှဉ်သောစိတ်ရှိ၏၊ သူတပါးတို့၏ လာဘ်များခြင်း အရိုအသေ အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ မငြူစူ၊ ငြူစူခြင်း၏ အစွမ်းဖြင့် မဆဲရေး မပြစ်မှား၊ ငြူစူခြင်းကို မဖွဲ့နှောင်၊ထိုငြူစူခြင်း မနာလိုခြင်းကင်းသူသည် ဤသို့ပြည့်စုံသော ဤသို့ကောင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အခြံအရံများ၏။လုလင် မငြူစူခြင်းနှင့် ယှဉ်သောစိတ်ရှိခြင်း သူတပါးတို့ လာဘ်များခြင်း အရိုအသေ အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ မငြူစူခြင်း၊ ငြူစူခြင်း အစွမ်းဖြင့် မဆဲရေးမပြစ်မှားခြင်း ငြူစူခြင်းကို မဖွဲ့နှောင်ခြင်းသည် အခြံအရံများခြင်းကို ဖြစ်စေတတ်သော် အကျင့်တည်း။ (၄)

၂၉၄။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ကျောင်း ဆီမီးကို မပေးလှူ၊ ထိုသူသည် ဤသို့ ပြည့်စုံသော ဤသို့ မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာအမျိုး၌ စည်းစိမ်ဥစ္စာနည်း၏၊ လုလင် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ကျောင်းဆီမီးကို မပေးလှူခြင်းသည် စည်းစိမ်ဥစ္စာနည်းခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၅)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ကျောင်းဆီမီးကို ပေးလှူ၏၊ ထိုသူသည် ဤသို့ ပြည့်စုံသော ဤသို့ ကောင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောက

http://www.dhammadownload.com



သို့ ကပ်ရောက် ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ စည်းစိမ်ဥစ္စာ ပေါများ၏။ လုလင် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်းဆီမီးကို ပေးလှူခြင်းသည် စည်းစိမ်ဥစ္စာ ပေါများခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၅)

၂၉၅။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် ခက်ထန်၏၊ ထောင်လွှားတက်ကြွ၏၊ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆို။ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းခရီးပေးထိုက်သူကို လမ်းခရီးမပေး၊ အရိုအသေပြုထိုက်သူကို အရိုအသေမပြု၊ အလေးပြုထိုက်သူကို အလေးမပြု၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်၊ ထိုသူသည် ဤသို့ ပြည့်စုံသော ဤသို့ မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရောက်ရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အမျိုးယုတ်၏။ လုလင် ထိုခက်ထန်ခြင်း ထောင်လွှားတက်ကြွခြင်း ရှိခိုးထိုက်သူကို ရှိမခိုးခြင်း ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆိုခြင်း နေရာပေးထိုက်သူကို နေရာမပေးခြင်း လမ်းခရီးပေးထိုက်သူကို လမ်းခရီးမပေးခြင်း အရိုအသေပြုထိုက်သူကို အရိုအသေမပြုခြင်း အလေးပြုထိုက်သူကို အလေးမပြုခြင်း မြတ်နိုးထိုက်သူကို မမြတ်နိုးခြင်း ပူဇော်ထိုက်သူကို မပူဇော်ခြင်းသည် ယုတ်နိမ့်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။ (၆)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် မခက်ထန် မထောင်လွှား မတက်ကြွ ရှိခိုးထိုက်သူကို ရှိခိုး၏၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးကြိုဆို၏၊ နေရာ ပေးထိုက်သူကို နေရာပေး၏၊ လမ်းခရီးပေးထိုက်သူကို လမ်းခရီးပေး၏။ အရိုအသေပြုထိုက်သူကို အရိုအသေပြု၏၊ အလေးပြုထိုက်သူကို အလေးပြု၏၊ မြတ်နိုးထိုက်သူကို မြတ်နိုး၏၊ ပူဇော်ထိုက်သူကို ပူဇော်၏၊ ထိုသူသည် ဤသို့ ပြည့်စုံသော ဤသို့ ကောင်းစွာ ဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ အမျိုးမြတ်၏၊ လုလင် ထိုမခက်ထန်ခြင်း မထောင်လွှားခြင်း မတက်ကြွခြင်း ရှိခိုးထိုက်သူကို ရှိခိုးခြင်း ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးကြိုဆိုခြင်း နေရာပေးထိုက်သူကို နေရာပေးခြင်း လမ်းခရီးပေးထိုက်သူကို လမ်းခရီးပေးခြင်း အရိုအသေပြုထိုက်သူကို အရိုအသေပြုခြင်း အလေးပြုထိုက်သူကို အလေးပြုခြင်း မြတ်နိုးထိုက်သူကို မြတ်နိုးခြင်း ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။ (၆)

၂၉၆။ လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် သမဏကိုရင်း ဗြာဟ္မဏကိုရင်း ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား အဘယ်တရားသည် ကုသိုလ်ပါနည်း၊ အဘယ်တရားသည် အကုသိုလ်ပါနည်း၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း၊ အဘယ်တရားသည် အပြစ်ကင်းပါသနည်း၊ အဘယ်တရားသည် မှီဝဲထိုက်ပါသနည်း၊ အဘယ်တရားသည် မမှီဝဲထိုက်ပါ

http://www.dhammadownload.com



သနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း"ဟု အဖန်ဖန် မေးမြန်းခြင်းကို မပြု၊ ထိုသူသည် ဤသို့ပြည့်စုံသော ဤသို့မှားယွင်းဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာ အမျိုး၌ ပညာမဲ့၏၊ လုလင် သမဏကိုရင်း ဗြာဟ္မဏကိုရင်း ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား အဘယ်တရားသည် ကုသိုလ်ပါနည်း၊ အဘယ်တရားသည် အကုသိုလ်ပါနည်း၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း၊ အဘယ်တရားသည် အပြစ်ကင်းပါသနည်း၊ အဘယ်တရားသည် မှီဝဲထိုက်ပါသနည်း၊ အဘယ်တရားသည် မမှီဝဲထိုက်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း"ဟု အဖန်ဖန် မေးမြန်းခြင်းကို မပြုခြင်းသည် ပညာမဲ့ခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၇)

လုလင် ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် သမဏကိုရင်း ဗြာဟ္မဏကိုရင်း ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား အဘယ်တရားသည် ကုသိုလ်ပါနည်း၊ အဘယ်တရားသည် အကုသိုလ်ပါနည်း၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း၊ အဘယ်တရားသည် အပြစ်ကင်းပါသနည်း၊ အဘယ်တရားသည် မှီဝဲထိုက်သော တရားပါနည်း၊ အဘယ်တရားသည် မမှီဝဲထိုက်သော တရားပါနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း"ဟု အဖန်ဖန် မေးမြန်းခြင်းကို ပြု၏။ ထိုသူသည် ဤသို့ပြည့်စုံသော ဤသို့ ကောင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ အကယ်၍ မကပ်ရောက်ပဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာအမျိုး၌ ပညာကြီး၏။ လုလင် သမဏကိုရင်း ဗြာဟ္မဏကိုရင်း ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား အဘယ်တရားသည် ကုသိုလ်ပါနည်း၊ အဘယ်တရားသည် အကုသိုလ်ပါနည်း၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း၊ အဘယ်တရားသည် အပြစ်မရှိပါသနည်း၊ အဘယ်တရားသည် မှီဝဲထိုက်ပါသနည်း၊ အဘယ်တရားသည် မမှီဝဲထိုက်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသောကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အဘယ်သို့ပြုသော် အကျွန်ုပ်မှာ ရှည်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း" ဟု အဖန်ဖန် မေးမြန်းမှုပြုခြင်းသည် ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။ (၇)

၂၉၇။ လုလင် ဤသို့လျှင် အသက်တိုခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အသက်တိုခြင်းသို့ ဆောင်တတ်၏၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အသက်ရှည်ခြင်းသို့ ဆောင်တတ်၏။ အနာရောဂါများခြင်းကို ဖြစ်စေတတ်သောအကျင့်သည် အနာရောဂါများခြင်းသို့ ဆောင်တတ်၏၊ အနာရောဂါကင်းခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အနာရောဂါကင်းခြင်းသို့ ဆောင်တတ်၏။ အဆင်းမလှခြင်းကို ဖြစ်စေတတ်သောအကျင့်သည် အဆင်းမလှခြင်းသို့ ဆောင်

http://www.dhammadownload.com



တတ်၏၊ အဆင်းလှခြင်းကို ဖြစ်စေတတ်သောအကျင့်သည် အဆင်းလှခြင်းသို့ ဆောင်တတ်၏။ အခြံအရံမရှိခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အခြံအရံမရှိခြင်းသို့ ဆောင်တတ်၏၊ အခြံအရံများခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အခြံအရံများခြင်းသို့ ဆောင်တတ်၏။ စည်းစိမ်ဥစ္စာနည်းခြင်းကို ဖြစ်စေတတ်သောအကျင့်သည် စည်းစိမ်ဥစ္စာနည်းခြင်းသို့ ဆောင်တတ်၏၊ စည်းစိမ်ဥစ္စာများခြင်းကို ဖြစ်စေတတ်သော အကျင့်သည် စည်းစိမ်ဥစ္စာများခြင်းသို့ ဆောင်တတ်၏။ အမျိုးယုတ်ခြင်းကို ဖြစ်စေတတ်သောအကျင့်သည် အမျိုးယုတ်ခြင်းသို့ ဆောင်တတ်၏၊ အမျိုးမြင့်မြတ်ခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အမျိုးမြင့်မြတ်ခြင်းသို့ ဆောင်တတ်၏။ ပညာမဲ့ခြင်းကို ဖြစ်စေတတ်သော အကျင့်သည် ပညာမဲ့ခြင်းသို့ ဆောင်တတ်၏၊ ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်သည် ပညာကြီးခြင်းသို့ ဆောင်တတ်၏။ လုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံတို့ ဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် မှီခိုရာရှိကုန်၏၊ အယုတ်အမြတ်ဖြစ်ခြင်းငှါ သတ္တဝါတို့ကို ကံသာလျှင် ဝေဖန်၏ဟု—

ဤသို့မိန့်တော်မူသော် တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊အသျှင်ဂေါတမ ဥပမာအားဖြင့် မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း (အသျှင်ဂေါတမ) ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ (အသျှင်ဂေါတမ) ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ" ဟု (လျှောက်၏)။

ငါးခုမြောက် စူဠကမ္မဝိဘင်္ဂသုတ် ပြီး၏။

---

## ၆-မဟာကမ္မဝိဘင်္ဂသုတ်

၂၉၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သမိဒ္ဓိသည် တောကျောင်း၌ နေ၏။ ထိုအခါ ဂေါတလိပုတ္တမည်သော ပရိဗိုဇ်သည် အညောင်းပြေ လမ်းလျှောက်လှည့်လည်ရင်း အသျှင်သမိဒ္ဓိထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သမိဒ္ဓိနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ အသျှင်သမိဒ္ဓိအား ဤစကားကို ပြောဆို၏— "ငါ့သျှင်သမိဒ္ဓိ 'ကာယကံသည် အကျိုးမပြီး အချည်းနှီးတည်း၊ဝစီကံသည် အကျိုးမပြီး အချည်းနှီးတည်း၊ မနောကံသာလျှင် မှန်ကန်၏'ဟူ၍ ဤစကားကို ရဟန်း

http://www.dhammadownload.com



ဂေါတမ၏ မျက်မှောက်မှ ကြားရ၏၊ မျက်မှောက်မှ နာယူရ၏၊ အကြင်သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်သည် ဘာကိုမျှ မခံစား၊ ဤသမာပတ်သည် ရှိသည် မဟုတ်လော”ဟု (ပြောဆို၏)။

ငါ့သျှင်ပေါတလိပုတ္တ ဤသို့ မဆိုလင့်၊ ငါ့သျှင်ပေါတလိပုတ္တ ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းသည်သာတည်း၊ “ကာယကံသည် အကျိုးမပြီး အချည်းနှီးတည်း၊ ဝစီကံသည် အကျိုးမပြီး အချည်းနှီးတည်း၊ မနောကံသာလျှင် မှန်ကန်၏’ ဟူ၍ ဤသို့ မြတ်စွာဘုရား မဟောတန်ရာ၊ ငါ့သျှင် အကြင်သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်သည် ဘာကိုမျှ မခံစား၊ ဤသမာပတ်သည် ရှိသည်သာတည်းဟု (ပြောဆို၏)။ငါ့သျှင်သမိဒ္ဓိ သင်ရဟန်းပြုသည်မှာ အဘယ်မျှ ကြာပြီနည်း ဟု (မေး၏)။ ငါ့သျှင်ပေါတလိပုတ္တ မကြာသေး၊ သုံးဝါသာ ရှိသေး၏ ဟု (ပြောဆို၏)။ ဤမျှငယ်သော ရဟန်းသော်မှလည်း ဆရာဖြစ်သော မြတ်စွာဘုရားကို (ကဲ့ရဲ့ခြင်းမှ)စောင့်ရှောက် ကာကွယ်ရမည်ဟု မှတ်ထင်တုံသေး၏၊ ယခုအခါ မထေရ်ကြီးရဟန်း ဖြစ်သော ငါတို့ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ငါ့သျှင်သမိဒ္ဓိ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှု ရှိသော (အကုသိုလ်)ကံကို ပြုမိခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် အဘယ်သို့သော ဝေဒနာကို ခံစားရသနည်း ဟု (မေး၏)။ ငါ့သျှင်ပေါတလိပုတ္တ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိသော (အကုသိုလ်) ကံကို ပြုမိခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် ဆင်းရဲသော ဝေဒနာကို ခံစားရ၏ဟု (ပြောဆို၏)။ ထိုအခါ ပေါတလိပုတ္တပရိဗိုဇ်သည် အသျှင်သမိဒ္ဓိ၏ စကားကို နှစ်လည်း မနှစ်သက်ပဲ မြစ်လည်း မမြစ်ပဲ နေရာမှထ၍ ဖဲသွား၏။

၂၉၉။ ထိုအခါ အသျှင်သမိဒ္ဓိသည် ပေါတလိပုတ္တပရိဗိုဇ် ဖဲသွား၍ မကြာမြင့်မီ အသျှင်အာနန္ဒာ ထေရ်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ထိုင်ကာ ပေါတလိပုတ္တပရိဗိုဇ်နှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို အသျှင်အာနန္ဒာအား ပြောကြား၏။ ဤသို့ပြောဆိုသော် အသျှင်အာနန္ဒာသည် အသျှင်သမိဒ္ဓိအား “ငါ့သျှင်သမိဒ္ဓိ မြတ်စွာဘုရားကို ဖူးမျှော်ရန် စကားလက်ဆောင်သည် ရှိသည်သာတည်း၊ ငါ့သျှင်သမိဒ္ဓိ လာ သွားကြကုန်အံ့၊မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်အံ့၊ ငါတို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအကြောင်းကို မှတ်ကြရကုန်အံ့”ဟု ပြောဆို၏။ “ငါ့သျှင် ကောင်းပါပြီ”ဟု အသျှင်သမိဒ္ဓိသည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ထား၏။

ထိုအခါ အသျှင်အာနန္ဒာသည်၎င်း အသျှင်သမိဒ္ဓိသည်၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေကြကုန်၏။ သင့်လျော်ရာ၌ ထိုင်နေပြီးသော အသျှင်အာနန္ဒာသည် အသျှင်သမိဒ္ဓိ၏ ပေါတလိပုတ္တပရိဗိုဇ်နှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထား၏။ဤသို့လျှောက်ထားသော် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာအား “အာနန္ဒာ ငါသည် ပေါတလိပုတ္တပရိဗိုဇ်အား မြင်ဘူးသည်ကိုမျှလည်း မမှတ်မိ၊ အဘယ်မှာ ဤသို့ သဘောရှိသော စကားဆွေးနွေးခြင်းမျိုး ဖြစ်အံ့နည်း။ အာနန္ဒာ(မင်္ဂဖိုလ်မှ)အချည်းနှီးယောကျာ်း ဖြစ်သော ဤသမိဒ္ဓိသည် ပေါတလိပုတ္တပရိဗိုဇ်အား ခွဲခြမ်းဝေဖန်၍ ဖြေဆိုသင့်သောပြဿနာကို တဖက်သတ် ဖြေဆိုဘိ၏”ဟု ဤစကားကို မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသော် အသျှင်ဥဒါယီ သည် မြတ်စွာဘုရားကို “မြတ်စွာဘုရား ‘ခံစားမှုဟူသမျှသည် ဆင်းရဲဒုက္ခသာတည်း’ဟု ဤသခ်ါရ

http://www.dhammadownload.com



ဒုက္ခကို ရည်မှန်း၍ အသျှင်သမိဒ္ဓိထေရ်သည် ပြောဆိုသည် မဟုတ်လော” ဟု ဤစကားကို လျှောက်ထား၏။

၃၁၀။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို “အာနန္ဒာ (မင်္ဂလိပ်မှ)အချည်းနှီး ယောကျ်ားဖြစ်သော ဤဥဒါယီ၏ အမေးပြဿနာကို သင်မြင်၏လော၊အာနန္ဒာ (မင်္ဂလိပ်မှ)အချည်းနှီးဖြစ်သော ဤဥဒါယီသည် မသင့်သော အကြောင်းဖြင့် ဦးခေါင်းထောင်ကြွသည်ဖြစ်၍ ဦးခေါင်းထောင်ကြွလိမ့်မည်” ဟူသော အကြောင်းကို ယခုအခါ ငါသိရ၏၊ အာနန္ဒာ ပေါတလိပုတ္တပရိဗိုဇ်သည် အစကတည်းကပင် ဝေဒနာသုံးပါးတို့ကို မေး၏။ အာနန္ဒာ ဤသို့ မေးအပ်သော် အချည်းနှီးဖြစ်သော သမိဒ္ဓိသည် ပေါတလိပုတ္တပရိဗိုဇ်အား “ငါ့သျှင်ပေါတလိပုတ္တ ကြောင့်ကျစိုက်၍ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိသော ချမ်းသာကိုသာ ခံစားရမည်ဖြစ်သော ကံကိုပြုမိသောကြောင့် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာကိုသာ ခံစားရ၏၊ ငါ့သျှင်ပေါတလိပုတ္တ ကြောင့်ကျစိုက်၍ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိသော ဆင်းရဲခံစားရမည်ဖြစ်သော ကံကိုပြုမိသောကြောင့် ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို ခံစားရ၏၊ ငါ့သျှင်ပေါတလိပုတ္တ ကြောင့်ကျစိုက်၍ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ခံစားရမည်ဖြစ်သောကံကို ပြုမိသောကြောင့် ထိုပုဂ္ဂိုလ်သည် ဥပေက္ခာဝေဒနာကို ခံစားရ၏”ဟု အကယ်၍ ဤသို့ ပြောကြားငြားအံ့၊ အာနန္ဒာ ဤသို့ဖြေကြားသော် အချည်းနှီးဖြစ်သော သမိဒ္ဓိသည် ပေါတလိပုတ္တပရိဗိုဇ်အား ကောင်းစွာ ဖြေကြားသည် မည်ရာ၏။ အာနန္ဒာ စင်စစ်သော်ကား သာသနာပဖြစ်ကုန်သော အညျှပရိဗိုဇ်တို့သည် မိုက်မဲကုန်၏၊ မလိမ္မာကုန်၊ အညျှပရိဗိုဇ်တို့သည် မြတ်စွာဘုရား၏ များစွာသော ကံတို့ကို ဝေဖန်မှု ‘မဟာကမ္မဝိဘင်း’ကို သိကုန်လတ္တံ့။အာနန္ဒာ သင်တို့သည် များစွာသော ကံတို့ကို ဝေဖန်ခြင်းကို ဝေဖန်သော မြတ်စွာဘုရား၏ (စကားကို) အကယ်၍ နာလိုလျှင် နာကြကုန်လော့ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား မြတ်စွာဘုရားသည် များစွာသောကံတို့ကို ဝေဖန်ပြတော်မူချိန်တန်ပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား မြတ်စွာဘုရားသည် များစွာသောကံတို့ကို ဝေဖန်ပြတော်မူချိန်တန်ပါပြီ၊ မြတ်စွာဘုရားထံမှ ကြားနာရ၍ ရဟန်းများ ဆောင်ထားရပါကုန်လတ္တံ့ ဟု လျှောက်၏။ အာနန္ဒာ ထိုသို့ဖြစ်မူကား နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု မိန့်တော်မ၏။ “မြတ်စွာဘုရား ကောင်းပါပြီ”ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော စကားကို မိန့်တော်မူ၏—

အာနန္ဒာ လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် လောက၌ ထင်ထင်ရှားရှားဖြစ်ပေါ်ကုန်၏။ အဘယ်လေးယောက်တို့နည်းဟူမူ—အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဤမျက်မှောက်ဘဝ၌ အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိ၏၊ ကုန်းချောလေ့ရှိ၏၊ ကြမ်းထမ်းသောစကားကို ဆိုလေ့ရှိ၏၊အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ဆိုလေ့ရှိ၏၊သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်းများ၏၊ သူတပါးအား ဖျက်ဆီးလိုစိတ် ရှိ၏၊မှားသောအယူကို ယူလေ့ရှိ၏၊ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးကျရာ ငရဲသို့ ကပ်ရောက်ရ၏။ (၁)

http://www.dhammadownload.com



အာနန္ဒာ ထို့မှတပါး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဤမျက်မှောက်ဘဝ၌ အသက်ကို သတ်လေ့ရှိ၏၊မပေးသည်ကို ယူလေ့ရှိ၏၊ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိ၏၊ ဂုံးချောလေ့ရှိ၏၊ကြမ်းထမ်းသောစကားကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏၊ သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်းများ၏၊သူတပါးအား ဖျက်ဆီးလိုစိတ်ရှိ၏၊ မှားသောအယူကို ယူလေ့ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ (၂)

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဤမျက်မှောက်ဘဝ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ဂုံးချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်းမရှိ၊ သူတပါးအား ဖျက်ဆီးလိုစိတ်မရှိ၊ မှန်သောအယူကို ယူလေ့ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ (၃)

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဤမျက်မှောက်ဘဝ၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ဂုံးချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်းမရှိ၊ သူတပါးအား ဖျက်ဆီးလိုစိတ်မရှိ၊မှန်သောအယူကို ယူလေ့မရှိ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏။ (၄)

၃၀၁။ အာနန္ဒာ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ဤလူ့ပြည်၌ အသက်ကိုသတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိသော မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိသော ဂုံးချောလေ့ ရှိသော ကြမ်းထမ်းသော စကားကို ပြောဆိုလေ့ရှိသော အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသော သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်းရှိသော သူတပါးအား ဖျက်ဆီးလိုစိတ်ရှိသော မှားသော အယူကို ယူလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်သည်ကို မြင်၏။

ထိုသမဏဗြာဟ္မဏသည် "အချင်းတို့ ယုတ်မာသောကံတို့သည် ရှိကုန်သတတ်၊ ဒုစရိုက်၏အကျိုးသည် ရှိသတတ်၊ စင်စစ် ငါသည် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော။ပ။ မှားသော အယူကို ယူလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်သည်ကို မြင်၏" ဟု ဆို၏။ထိုသမဏဗြာဟ္မဏသည် "အချင်းတို့ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိ

http://www.dhammadownload.com



သော။ပ။ မှားသောအယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏။ အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏၊ ထိုသူတို့သည် အမှားသိကုန်၏”ဟုလည်း ဆို၏။ ဤသို့ ထိုသမဏ ဗြာဟ္မဏသည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်း၍ သိသမျှကိုသာလျှင် “ဤအယူသာလျှင် မှန်၏၊ တပါးသော အယူသည် အမှားချည်းတည်း”ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ပြောဆို၏။ (၁)

အာနန္ဒာ ဤလောက၌ အချို့သော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော။ပ။မှားသောအယူကို ယူလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကိုလည်း မြင်၏။ ထိုသမဏ ဗြာဟ္မဏသည် “အချင်းတို့ ယုတ်မာသောကံတို့သည် မရှိကုန်သတတ်၊ ဒုစရိုက်၏အကျိုးသည် မရှိသတတ်၊ စင်စစ် ငါသည် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော ။ပ။မှားသောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကို မြင်ရ၏”ဟု ဆို၏။ ထိုသမဏ ဗြာဟ္မဏသည် “အချင်းတို့ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော။ပ။ မှားသောအယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏၊ ထိုသူတို့သည် အမှားသိကုန်၏”ဟုလည်း ဆို၏။ ဤသို့ ထိုသမဏဗြာဟ္မဏသည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင်ထိုးထွင်း၍ သိသမျှကိုသာလျှင် “ဤအယူသာလျှင် မှန်၏၊ တပါးသော အယူသည် အမှားချည်းတည်း”ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ပြောဆို၏။ (၂)

အာနန္ဒာ ဤလောက၌ အချို့သော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ဤလူ့ပြည်၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သော မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော ဂုံးချောခြင်းမှ ရှောင်ကြဉ်သော ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သူ့စည်းစိမ်ကို တပ်မက်၍ ကြံခြင်း မရှိသော သူတပါးအား ဖျက်ဆီးလိုစိတ် မရှိသော မှန်သောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကို မြင်၏။

http://www.dhammadownload.com



ထိုသမဏဗြာဟ္မဏသည် "အချင်းတို့ ကောင်းသောကံတို့သည် ရှိကုန်သတတ်၊ သုစရိုက်၏ အကျိုးသည် ရှိသတတ်၊စင်စစ် ငါသည် ဤလူ့ပြည်၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော။ပ။ မှန်သောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကို မြင်ရ၏" ဟု ဆို၏။ ထိုသမဏဗြာဟ္မဏသည် "အချင်းတို့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော။ပ။မှန်သောအယူကို ယူလေ့ရှိသောသူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏၊ထိုသူတို့သည် အမှားသိကုန်၏"ဟုလည်း ဆိုပြန်၏။ဤသို့လျှင် ထိုသမဏဗြာဟ္မဏသည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင်ထိုးထွင်း၍ သိသမျှကိုသာလျှင် "ဤအယူသာလျှင် မှန်၏၊ တပါးသောအယူသည် အမှားချည်းတည်း"ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ပြောဆို၏။ (၃)

အာနန္ဒာ ဤလောက၌ အချို့သောသမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့မလျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့ သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် ဤလူ့ပြည်၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော။ပ။ မှန်သောအယူကို ယူလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်သည်ကို မြင်၏။ ထိုသမဏဗြာဟ္မဏသည် "အချင်းတို့ ကောင်းသောကံတို့သည် မရှိကုန်သတတ်၊ သုစရိုက်၏ အကျိုးသည် မရှိသတတ်၊ စင်စစ် ငါသည် ဤလူ့ပြည်၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော။ပ။ မှန်သောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ ကပ်ရောက်သည်ကို မြင်ရ၏"ဟု ဆို၏။

ထိုသမဏဗြာဟ္မဏသည်"အချင်းတို့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော။ပ။ မှန်သော အယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးရာ ငရဲသို့ကပ်ရောက်ရ၏။ အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏၊ ထိုသူတို့သည် အမှားကို သိကုန်၏"ဟုလည်း ဆိုပြန်၏၊ ဤသို့လျှင် ထိုသမဏဗြာဟ္မဏသည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်း၍ သိသမျှကိုသာလျှင် "ဤအယူသာလျှင် မှန်၏၊ တပါးသော အယူသည် အမှားချည်းတည်း"ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ပြောဆို၏။ (၄)

၃၀၂။ အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင် "အချင်းတို့ မကောင်းသောကံတို့သည် ရှိကုန်သတတ်၊ ဒုစရိုက်၏ အကျိုးသည် ရှိသတတ်" ဟူ၍ ဤသို့ဆိုသော သမဏဗြာဟ္မဏ၏ စကားကို ခွင့်ပြု၏။ "အချင်းတို့ စင်စစ် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို

http://www.dhammadownload.com



ယူလေ့ရှိသော။ပ။မှားသောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်သည်ကို မြင်၏" ဟူ၍ဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်ပြု၏။ "အချင်းတို့ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ရှိသော။ပ။မှားသောအယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏"ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏ စကားကိုကား ခွင့်မပြု။ "အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏၊ ထိုသူတို့သည် အမှားသိကုန်၏"ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်မပြု။ ထိုပုဂ္ဂိုလ်သည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်းမိသမျှကိုသာလျှင် "ဤအယူသာလျှင် မှန်၏၊ တပါးသောအယူသည် အမှားချည်းတည်း"ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲနှလုံးသွင်း၍ ပြောဆိုသောပုဂ္ဂိုလ်၏ စကားကိုလည်း ခွင့်မပြု။ အဘယ့်ကြောင့်နည်းဟူမူ— အာနန္ဒာ များစွာသော ကံတို့ကို ဝေဖန်ရာ၌ ငါဘုရား၏ဉာဏ်သည် တပါးသော အခြင်းအရာ အားဖြင့် ဖြစ်သော ကြောင့်တည်း။ (၁)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင် "အချင်းတို့ မကောင်းသောကံတို့ သည် မရှိကုန်သတတ်၊ ဒုစရိုက်၏အကျိုးသည် မရှိသတတ်"ဟူ၍ ဆိုသောသမဏဗြာဟ္မဏတို့၏ စကား ကို ခွင့်မပြု။ "အချင်းတို့ စင်စစ် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ ရှိသော။ပ။ မှားသောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကို မြင်ရ၏"ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏ စကားကို ခွင့်ပြု၏။ "အချင်းတို့ အသက်ကို သတ်လေ့ရှိသော မပေးသည်ကို ယူလေ့ ရှိသော။ပ။မှားသောအယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏"ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏စကား ကို ခွင့်မပြု။ "အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင် သူတို့သည် တပါးသောအခြင်းအရာအားဖြင့် သိကုန်၏၊ထိုသူတို့သည် အမှားသိကုန်၏"ဟူ၍ဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်မပြု။ ထိုပုဂ္ဂိုလ်သည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်းမိသမျှကိုသာလျှင်"ဤအယူသာလျှင် မှန်၏၊ တပါးသောအယူသည် အမှားချည်းတည်း"ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲနှလုံးသွင်း၍ ပြောဆိုသောပုဂ္ဂိုလ်၏ စကားကိုလည်း ခွင့်မပြု။အဘယ့် ကြောင့်နည်းဟူမူ—အာနန္ဒာ များစွာသော ကံတို့ကို ဝေဖန်ရာ၌ ငါဘုရား၏ဉာဏ်သည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်တည်း။ (၂)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင်"အချင်းတို့ မှန်သောကံတို့သည် ရှိကုန် သတတ်၊ သုစရိုက်၏အကျိုးသည် ရှိသတတ်"ဟူ၍ ဆိုသော သမဏဗြာဟ္မဏတို့၏ စကားကို ခွင့်ပြု၏။ "အချင်းတို့ စင်စစ် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်း မှ ရှောင်ကြဉ်သော။ပ။မှန်သောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည် မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်သည်ကို မြင်ရ၏"ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်ပြု၏။ "အချင်းတို့ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေး သည်ကို ယူခြင်းမှ ရှောင်ကြဉ်သော ။ပ။ မှန်သောအယူကို ယူလေ့ရှိသော သူအားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်

http://www.dhammadownload.com



ရ၏” ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏စကားကိုကား ခွင့်မပြု။ “အကြင်သူတို့သည် ဤအတိုင်း သိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသောအခြင်းအရာအားဖြင့် သိကုန်၏၊ ထိုသူတို့သည် အမှားသိကုန်၏”ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏ စကားကိုလည်း ခွင့်မပြု။ ထိုပုဂ္ဂိုလ်သည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်းမိသမျှကိုသာလျှင်“ဤအယူသာလျှင် မှန်၏၊ တပါးသောအယူသည် အမှားချည်းတည်း”ဟု ထိုအယူ၌ အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ပြောဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်မပြု။ အဘယ့်ကြောင့်နည်းဟူမူ— အာနန္ဒာ မျိုးစွာသော ကံတို့ကို ဝေဖန်ရာ၌ ငါဘုရား၏ဉာဏ်တော်သည် တပါးသောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့်တည်း။ (၃)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင်“အချင်းတို့ ကောင်းသောကံတို့သည် မရှိကုန်သတတ်၊ သုစရိုက်၏အကျိုးသည် မရှိသတတ်”ဟူ၍ ပြောဆိုသော သမဏဗြာဟ္မဏတို့၏ စကားကို ခွင့်မပြု။ “အချင်းတို့ စင်စစ် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်သော။ပ။မှန်သောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်ကို ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ကပ်ရောက်သည်ကို မြင်ရ၏”ဟူ၍ ပြောဆိုသော ပုဂ္ဂိုလ်၏စကားကို ခွင့်ပြု၏။ “အချင်းတို့ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သော။ပ။မှန်သောအယူကို ယူလေ့ရှိသောသူ အားလုံးသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏” ဟူ၍ ပြောဆိုသော ပုဂ္ဂိုလ်၏ စကားကိုကား ခွင့်မပြု။ “အကြင်သူတို့သည် ဤအတိုင်းသိကုန်၏၊ ထိုသူတို့သည် အမှန်သိကုန်၏။ အကြင်သူတို့သည် တပါးသော အခြင်းအရာအားဖြင့် သိကုန်၏။ ထိုသူတို့သည် အမှားသိကုန်၏” ဟူ၍ ပြောဆိုသော ပုဂ္ဂိုလ်၏ စကားကိုလည်း ခွင့်မပြု။ ထိုပုဂ္ဂိုလ်သည် သူကိုယ်တိုင်သိ သူကိုယ်တိုင်မြင် သူကိုယ်တိုင် ထိုးထွင်းမိသမျှကိုသာလျှင် “ဤအယူသည်သာလျှင် မှန်၏၊ တပါးသောအယူသည် အမှားချည်းတည်း”ဟု ထိုအယူ၌ အခိုင်အမာအစွဲအမြဲ နှလုံးသွင်း၍ ပြောဆိုသော ပုဂ္ဂိုလ်၏စကားကိုလည်း ခွင့်မပြု။အဘယ့်ကြောင့်နည်းဟူမူ—အာနန္ဒာ မျိုးစွာသော ကံတို့ကို ဝေဖန်ရာ၌ ငါဘုရား၏ဉာဏ်သည် တပါးသောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့်တည်း။ (၄)

၃၀၃။ အာနန္ဒာ ထိုလေးယောက်သောသမဏဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ပ။ မှားသောအယူရှိ၏၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏။ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုယုတ်မာသောကံကို ပြု၏။ နောက်၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုယုတ်မာသောကံကို ပြု၏။ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုသ်သည် မှားယွင်းသော အယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏၊ထို ပုဂ္ဂိုလ်သည် ထိုယုတ်မာသောကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ပ။မှားယွင်းသောအယူရှိ၏၊ ထိုကံ၏အကျိုးကို မျက်မှောက်ဘဝ၌ရင်း ဒုတိယဘဝ၌ရင်း တပါးသော ထိုထိုဘဝ၌ရင်း ခံစားရ၏။ (၁)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ပ။မှားသောအယူကို ယူလေ့ရှိ၏၊ ကိုယ်ခန္ဓာ

http://www.dhammadownload.com



ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုကောင်းသောကံကို ပြု၏၊ နောက်၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုကောင်းသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် မှန်သောအယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုကောင်းသောကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်ကိုသတ်လေ့ရှိ၏၊ သူ့ဥစ္စာကို ခိုးယူလေ့ရှိ၏။ပ။ မှားယွင်းသောအယူကို ယူလေ့ရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌ရင်း ဒုတိယဘဝ၌ရင်း တပါးသောထိုထိုဘဝ၌ရင်း ခံစားရ၏။ (၂)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်သောအယူကို ယူလေ့ရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုကောင်းသောကံကိုပြု၏၊နောက်၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုကောင်းသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် ကောင်းသောအယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုကောင်းသောကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏။ပ။ မှန်သောအယူရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌ရင်း ဒုတိယဘဝ၌ရင်း တပါးသော ထိုထိုဘဝ၌ရင်း ခံစားရ၏။ (၃)

အာနန္ဒာ ထိုလေးယောက်သော သမဏဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ပ။မှန်သောအယူရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရ၏။ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုယုတ်မာသောကံကို ပြု၏၊နောက်၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုယုတ်မာသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် မှားသောအယူကို ပြည့်ပြည့်စုံစုံဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုမကောင်းသောကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ပ။မှန်သောအယူရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌ရင်း ဒုတိယဘဝ၌ရင်း တပါးသော ထိုထိုဘဝ၌ရင်း ခံစားရ၏။ (၄)

အာနန္ဒာ ဤသို့လျှင် အကြောင်းမမှန်ပဲ အကြောင်းမမှန်ကို ပြတတ်သောကံလည်း ရှိ၏၊ အကြောင်းမမှန်ပဲ အကြောင်းမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊ အကြောင်းလည်း မှန်လျက် အကြောင်းမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊အကြောင်းမှန်လျက် အကြောင်းမမှန်ကို ပြတတ်သော ကံလည်း ရှိ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

ခြောက်ခုမြောက် မဟာကမ္မဝိဘင်္ဂသုတ် ပြီး၏။

http://www.dhammadownload.com



## ၇-သဠာယတနဝိဘင်္ဂသုတ်

၃၀၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့အား သဠာယတနဝိဘင်းကို ဟောပေအံ့၊ ထိုသဠာယတနဝိဘင်းကို နာယူကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု ဤစကားကို မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏

ခြောက်ပါးကုန်သော အတွင်းသန္တာန်၌ ဖြစ်သော အာယတနတို့ကို သိရမည်၊ ခြောက်ပါးကုန်သော အပသန္တာန်၌ဖြစ်သော အာယတနတို့ကို သိရမည်၊ ခြောက်ပါးကုန်သော ဝိညာဏ်အပေါင်းတို့ကို သိရမည်၊ခြောက်ပါးကုန်သော ဖဿအပေါင်းတို့ကို သိရမည်၊ တဆယ့်ရှစ်ပါးကုန်သော စိတ်၏ ကြံစည်ခြင်း သုံးသပ်ခြင်းတို့ကို သိရမည်၊သုံးဆယ့်ခြောက်ပါးကုန်သော သတ္တဝါတို့၏(ဝဋ္ဋ ဝိဝဋ္ဋသို့) ရောက်ကြောင်းတို့ကို သိရမည်၊ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့၌ ဤတရားကို မှီ၍ ဤတရားကို စွန့်ကုန်လော့၊သတိပဋ္ဌာန်တို့သည် သုံးပါးဖြစ်ကုန်၏၊ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သော သူသည် မှီဝဲ၏၊အကြင်သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သော (လူနတ်တို့၏)ဆရာ (ငါ)သည် သတ္တဝါအပေါင်းကို ဆုံးမခြင်းငှါထိုက်၏၊ ထိုပုဂ္ဂိုလ်ကို သင့်လျော်လျောက်ပတ်စွာ ဆုံးမတတ်သော ဆရာအမျိုးမျိုးတို့ထက် အတုမဲ့ဖြစ်၍ သတ္တဝါတို့ကို ဆုံးမတတ်သူဟု ဆိုရ၏။ ဤဆိုခဲ့ပြီးသည်ကား သဠာယတနဝိဘင်း၏အကျဉ်း'ဥဒ္ဒေသ'တည်း။

၃၀၅။ "ခြောက်ပါးကုန်သော အတွင်းသန္တာန်၌ဖြစ်သော အာယတနတို့ကို သိရမည်"ဟူ၍ ဤသို့လျှင် ထိုစကားကို ဆိုခဲ့၏၊ ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း၊ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတနတို့တည်း။ "ခြောက်ပါးကုန်သော အတွင်းသန္တာန်၌ဖြစ်သော အာယတနတို့ကို သိရမည်"ဟူသော ထိုစကားကို ဤခြောက်ပါးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။ (၁)

"ခြောက်ပါးကုန်သော အပသန္တာန်၌ ဖြစ်ကုန်သော အာယတနတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း၊ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတနတို့တည်း။ "ခြောက်ပါးကုန်သော အပသန္တာန်၌ ဖြစ်သော အာယတနတို့ကို သိရမည်"ဟူသော ထိုစကားကို ဤခြောက်ပါးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။ (၂)

"ခြောက်ပါးကုန်သော ဝိညာဏ်အပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်တို့တည်း။ "ခြောက်ပါးကုန်သော ဝိညာဏ်အပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤခြောက်ပါးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။ (၃)

"ခြောက်ပါးကုန်သော ဖဿအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း၊ စက္ခုဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿ သောတဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿ ဃာန

http://www.dhammadownload.com



ဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿ ဇိဝှါဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿ ကာယဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿ မနောဝိညာဏ်နှင့်ယှဉ်သောသမ္ဖဿတို့တည်း။ "ခြောက်ပါးကုန်သော ဖဿအပေါင်းတို့ကို သိရမည်" ဟူသော ထိုစကားကို ဤခြောက်ပါးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။ (၄)

"တဆယ့်ရှစ်ပါးကုန်သော စိတ်၏ ကြံစည်ခြင်း သုံးသပ်ခြင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း၊ စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို ရှုမြင်၍ သောမနဿ၏ အကြောင်းဖြစ်သော ရူပါရုံကို ကြံစည်သုံးသပ်၏၊ဒေါမနဿ၏ အကြောင်းဖြစ်သော ရူပါရုံကို ကြံစည်သုံးသပ်၏၊ ဥပေက္ခာ၏ အကြောင်းဖြစ်သော ရူပါရုံကို ကြံစည်သုံးသပ်၏။ သောတဝိညာဏ်ဖြင့် သဒ္ဒါရုံကို ကြားနာ၍။ပ။ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံကို နံ၍။ ဇိဝှါဝိညာဏ်ဖြင့် ရသာရုံကို လျက်၍။ ကာယဝိညာဏ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍။ မနောဝိညာဏ်ဖြင့် ဓမ္မာရုံကို သိ၍ သောမနဿ၏အကြောင်းဖြစ်သော ဓမ္မာရုံကို ကြံစည်သုံးသပ်၏၊ဒေါမနဿ၏အကြောင်းဖြစ်သော ဓမ္မာရုံကို ကြံစည်သုံးသပ်၏၊ ဥပေက္ခာ၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ကြံစည်သုံးသပ်၏။ ဤသို့လျှင် ခြောက်ပါးကုန်သော သောမနဿနှင့် ယှဉ်သော ကြံစည်ခြင်းသုံးသပ်ခြင်း ခြောက်ပါးကုန်သော ဒေါမနဿနှင့်ယှဉ်သော ကြံစည်ခြင်း သုံးသပ်ခြင်း ခြောက်ပါးကုန်သော ဥပေက္ခာနှင့်ယှဉ်သော ကြံစည်ခြင်း သုံးသပ်ခြင်းတို့သည် ဖြစ်ကုန်၏။ "တဆယ့်ရှစ်ပါးကုန်သော စိတ်၏ကြံစည်ခြင်း သုံးသပ်ခြင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤတဆယ့်ရှစ်ပါးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။ (၅)

၃၀၆။ "သုံးဆယ့်ခြောက်ပါးကုန်သော သတ္တဝါတို့၏ (ဝဋ္ဋ ဝိဝဋ္ဋသို့) ရောက်ကြောင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ခြောက်ပါးကုန်သော ကာမဂုဏ်ကိုမှီသော သောမနဿတို့သည်ရင်း ခြောက်ပါးကုန်သော ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို မှီကုန်သော သောမနဿတို့သည်ရင်း ခြောက်ပါးကုန်သော ကာမဂုဏ်ကို မှီကုန်သော ဒေါမနဿတို့သည်ရင်း ခြောက်ပါးကုန်သော ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို မှီကုန်သော ဒေါမနဿတို့သည်ရင်း ခြောက်ပါးကုန်သော ကာမဂုဏ်ကိုမှီကုန်သော ဥပေက္ခာတို့သည်ရင်း ခြောက်ပါးကုန်သော ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို မှီကုန်သော ဥပေက္ခာတို့သည်ရင်း ရှိကုန်၏။ ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ကာမဂုဏ်တို့ကို မှီကုန်သော သောမနဿတို့သည် အဘယ်နည်း။ အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေအပ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော တဏှာနှင့် ယှဉ်ကုန်သော စက္ခုဝိညာဏ်ဖြင့်သိအပ်သော ရူပါရုံတို့ကို ရခြင်းကိုလည်း ရသောအားဖြင့် ရှုသော ပုဂ္ဂိုလ်အားရင်း ရှေး၌လည်း ရှေးကရဘူးသော လွန်လေပြီးသော ချုပ်လေပြီးသော ဖောက်ပြန်ပြီးသော ရူပါရုံတို့ကို အောက်မေ့သော ပုဂ္ဂိုလ်အားရင်း သောမနဿသည် ဖြစ်၏၊ဤသို့သဘောရှိသော သောမနဿကို ကာမဂုဏ်ကို မှီသော သောမနဿဟူ၍ ဆိုရ၏။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ကို။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ကို။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သောရသာရုံတို့ကို။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ကို။အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေအပ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော တဏှာနှင့် ယှဉ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့ကို ရခြင်းကိုလည်း ရသောအားဖြင့် ရှုသောပုဂ္ဂိုလ်အားရင်း ရှေး၌လည်း ရှေးကရဘူးသော လွန်လေပြီးသော ချုပ်လေပြီးသော ဖောက်ပြန်ပြီးသော ဓမ္မာရုံကို အောက်မေ့သောပုဂ္ဂိုလ်အားရင်း သောမနဿသည် ဖြစ်၏။ဤသို့သဘောရှိသော သောမနဿကို ကာမဂုဏ်ကိုမှီသော သောမနဿဟူ၍ ဆိုရ၏။ ခြောက်ပါးကုန်သော ကာမဂုဏ်တို့ကို မှီကုန်သော သောမနဿတို့သည် ဤသည်တို့ ပင်တည်း။

http://www.dhammadownload.com



ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ကာမဂုဏ်တို့မှ ထွက်မြောက်ကြောင်းကို မှီကုန်သော သောမနဿတို့သည် အဘယ်သည်တို့နည်း။ ရူပါရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ရာဂကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌ရင်း ယခုရင်း အလုံးစုံသောရူပါရုံတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏"ဟု ဤသို့ ထိုရူပါရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့်ရှုသော ပုဂ္ဂိုလ်အား သောမနဿသည် ဖြစ်၏။ ဤသို့သဘောရှိသော သောမနဿကို ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကိုမှီသော သောမနဿဟူ၍ ဆိုရ၏။ သဒ္ဒါရုံတို့၏သာလျှင်။ ဂန္ဓာရုံတို့၏သာလျှင်။ ရသာရုံတို့၏သာလျှင်။ ဖောဋ္ဌဗ္ဗာရုံတို့၏သာလျှင်။ ဓမ္မာရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ရာဂကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌ရင်း ယခုရင်း အလုံးစုံသောဓမ္မာရုံ ဘို့သည် အမြဲမရှိကုန်။ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏"ဟု ဤသို့ ထိုဓမ္မာရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုသော ပုဂ္ဂိုလ်အား သောမနဿသည် ဖြစ်၏။ ဤသို့သဘောရှိသော သောမနဿကို ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကိုမှီသော သောမနဿဟူ၍ ဆိုရ၏။ ခြောက်ပါးကုန်သော ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို မှီကုန်သော သောမနဿတို့သည် ဤသည် ဘို့ပင်တည်း။

၃၀၇။ ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ကာမဂုဏ်ကိုမှီသော ဒေါမနဿတို့သည် အဘယ်သည်တို့နည်း။ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့ကို။ပ။သောတဝိညာဏ်ဖြင့် သိအပ်ကုန်သောသဒ္ဒါရုံတို့ကို။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ကို။ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ကို။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ကို. အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေအပ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော တဏှာနှင့်ယှဉ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံဘို့ကို မရခြင်းကိုလည်း မရသောအားဖြင့် အဖန်ဖန်ရှုသော ပုဂ္ဂိုလ်အားရင်း ရှေး၌လည်း ရှေးကမရဘူးသော လွန်လေပြီးသော ချုပ်လေပြီးသော ဖောက်ပြန်ပြီးသော ဓမ္မာရုံဘို့ကို အဖန်ဖန်အောက်မေ့သောပုဂ္ဂိုလ်အားရင်း ဒေါမနဿသည် ဖြစ်၏။ ဤသို့ သဘောရှိသော ဒေါမနဿကို ကာမဂုဏ်ကိုမှီသော ဒေါမနဿဟူ၍ ဆိုရ၏။ ခြောက်ပါးကုန်သော ကာမဂုဏ်ဘို့ကိုမှီကုန်သော ဒေါမနဿဘို့သည် ဤသည်တို့ပင်တ.ည်း။

ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော ဒေါမနဿတို့သည် အဘယ်သည်တို့နည်း။ရူပါရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍၊ 'ရှေး၌ရင်း ယခုရင်း အလုံးစုံသောရူပါရုံတို့သည် အမြဲမရှိကုန်။ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏"ဟု ဤသို့ ထိုရူပါရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုမြင်၍ အတုမရှိ မြတ်သော အရဟတ္တဖိုလ်၌ 'ယခုအခါ အရိယာပုဂ္ဂိုလ်တို့သည် အကြင်အရဟတ္တဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေကုန်၏၊ ငါသည် အဘယ်အခါ၌ ထိုအရဟတ္တဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေရအံ့နည်း"ဟု တောင့်တခြင်းကို ဖြစ်စေ၏၊ဤသို့ အတုမရှိ မြတ်သော အရဟတ္တဖိုလ်၌ တောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား တောင့်တခြင်းဟူသော အကြောင်းကြောင့် ဒေါမနဿသည် ဖြစ်၏။ဤသို့သဘောရှိသော ဒေါမနဿကို ထွက်မြောက်ကြောင်းကိုမှီသော ဒေါမနဿဟူ၍ ဆိုရ၏။ သဒ္ဒါရုံတို့၏သာလျှင်။ပ။ဂန္ဓာရုံတို့၏သာလျှင်။ ရသာရုံတို့၏သာလျှင်။ ဖောဋ္ဌဗ္ဗာရုံဘို့၏သာလျှင်။ ဓမ္မာရုံတို့၏သာလျှင် မမြဲသည်၏ အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍"ရှေး၌ရင်း ယခုရင်း အလုံးစုံသော ဓမ္မာရုံဘို့သည် အမြဲမရှိကုန်၊ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏"ဟု ဤသို့ ထိုဓမ္မာရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုမြင်

http://www.dhammadownload.com



၍ အတုမရှိ မြတ်သောအရဟတ္တဖိုလ်၌ "ယခုအခါ အရိယာပုဂ္ဂိုလ်တို့သည် အကြင်အရဟတ္တဖိုလ်ဟူသော အာယတနကိုပြည့်စုံစေ၍ နေကုန်၏၊ ငါသည် အဘယ်အခါ၌ ထိုအရဟတ္တဖိုလ်ဟူသော အာယတနကို ပြည့်စုံစေ၍ နေရအံ့နည်း"ဟု တောင့်တခြင်းကို ဖြစ်စေ၏။ ဤသို့ အတုမရှိ မြတ်သော အရဟတ္တဖိုလ်၌ တောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား တောင့်တခြင်းဟူသော အကြောင်းကြောင့် ဒေါမနဿသည် ဖြစ်၏။ ဤသို့သဘောရှိသော ဒေါမနဿကို ထွက်မြောက်ကြောင်းကို မှီသော ဒေါမနဿဟူ၍ ဆိုရ၏။ ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီသော ဒေါမနဿတို့သည် ဤသည်တို့ပင်တည်း။

၃၀၈။ ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ကာမဂုဏ်တို့ကိုမှီသော ဥပေက္ခာတို့သည် အဘယ်သည်တို့နည်း။ စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်၍ မိုက်သော တွေဝေသော နုံ့သော ပုထုဇဉ်ပုဂ္ဂိုလ်အား ဥပေက္ခာသည်ဖြစ်၏။ ကိလေသာဟူသော အပိုင်းအခြားကို မအောင်သေးသော နောင်အကျိုးပေးခြင်းကို မအောင်သေးသော အပြစ်ဟု ရှုလေ့မရှိသော အကြားအမြင်မရှိသော ပုထုဇဉ်အား ဥပေက္ခာသည် ဖြစ်၏။ ဤသို့သဘောရှိသော ဥပေက္ခာသည် ရူပါရုံကို လွန်၍ မဖြစ်။ ထို့ကြောင့် ထိုဥပေက္ခာကို ကာမဂုဏ်ကို မှီသော ဥပေက္ခာဟု ဆိုရ၏။ သောတဝိညာဏ်ဖြင့် သဒ္ဒါရုံကို ကြား၍။ ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံကို နမ်း၍။ ဇိဝှါဝိညာဏ်ဖြင့် ရသာရုံကို လျက်၍။ ကာယဝိညာဏ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍။ မနောဝိညာဏ်ဖြင့် ဓမ္မာရုံကို သိ၍ မိုက်သော တွေဝေသော နုံ့သော ပုထုဇဉ်ပုဂ္ဂိုလ်အား ဥပေက္ခာသည် ဖြစ်၏။ ကိလေသာဟူသော အပိုင်းအခြားကို မအောင်သေးသော နောင်အကျိုးပေးခြင်းကို မအောင်သေးသော အပြစ်ဟု ရှုလေ့မရှိသော အကြားအမြင်မရှိသော ပုထုဇဉ်အား ဥပေက္ခာသည် ဖြစ်၏။ ဤသို့ သဘောရှိသော ဥပေက္ခာသည် ဓမ္မာရုံကို လွန်၍ မဖြစ်။ ထို့ကြောင့် ထိုဥပေက္ခာကို ကာမဂုဏ်ကို မှီသော ဥပေက္ခာဟူ၍ ဆိုရ၏။ ကာမဂုဏ်ကိုမှီသော ဥပေက္ခာတို့သည် ဤခြောက်ပါးတို့တည်း။

ထိုသုံးဆယ့်ခြောက်ပါးတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကိုမှီသော ဥပေက္ခာတို့သည် အဘယ်သည်တို့နည်း။ ရူပါရုံတို့၏ သာလျှင် မမြဲသည်၏ အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌ရင်း ယခုအခါ၌ရင်း အလုံးစုံသော ရူပါရုံတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏"ဟု ဤသို့ရူပါရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုမြင်သော ပုဂ္ဂိုလ်အား ဥပေက္ခာသည် ဖြစ်၏။ ဤသို့သဘောရှိသော ဥပေက္ခာသည် ရူပါရုံကို လွန်၍ မဖြစ်၊ ထို့ကြောင့် ထိုဥပေက္ခာကို ထွက်မြောက်ကြောင်းကို မှီသော ဥပေက္ခာဟူ၍ ဆိုရ၏။ သဒ္ဒါရုံတို့၏သာလျှင်။ ဂန္ဓာရုံတို့၏သာလျှင်။ ရသာရုံတို့၏သာလျှင်။ ဖောဋ္ဌဗ္ဗာရုံတို့၏သာလျှင်။ ဓမ္မာရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို ဖောက်ပြန်ခြင်းကို ကင်းခြင်းကို ချုပ်ခြင်းကို သိ၍ "ရှေး၌ရင်း ယခုအခါ၌ရင်း အလုံးစုံသော ဓမ္မာရုံတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏"ဟု ဤသို့ ထိုဓမ္မာရုံကို ဟုတ်မှန်စွာ ကောင်းသောပညာဖြင့် ရှုမြင်သော ပုဂ္ဂိုလ်အား ဥပေက္ခာသည် ဖြစ်၏။ ဤသို့သဘောရှိသော ဥပေက္ခာသည် ဓမ္မာရုံကို လွန်၍ မဖြစ်။ ထို့ကြောင့် ထိုဥပေက္ခာကို ထွက်မြောက်ကြောင်းကို မှီသော ဥပေက္ခာဟူ၍ ဆိုရ၏။ ထွက်မြောက်ကြောင်းကို မှီသော ဥပေက္ခာတို့သည် ဤခြောက်ပါးတို့ပင်တည်း။ "သုံးဆယ့်ခြောက်ပါးကုန်သော သတ္တဝါတို့၏ (ဝဋ္ဋဝိဝဋ္ဋသို့)ရောက်ကြောင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤသုံးဆယ့်ခြောက်ပါးသော တရားကိုသာလျှင် စွဲ၍ ဆိုခဲ့၏။

http://www.dhammadownload.com



၃၀၉။ "ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့၌ ဤတရားကိုမှီ၍ ဤတရားကို စွန့်ကုန်လော့" ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီသော အကြင်သောမနဿတို့သည် ရှိကုန်၏၊ ထိုသောမနဿတို့ကို မှီ၍ ထိုသောမနဿတို့ကို အစွဲပြု၍ ခြောက်ပါးကုန်သော ကာမဂုဏ်ဘို့ကို မှီကုန်သော အကြင်သောမနဿတို့သည် ရှိကုန်၏၊ ထိုသောမနဿတို့ကို ပယ်ကြကုန်လော့၊ ထိုသောမနဿတို့ကို လွန်မြောက်ကြကုန်လော့။ ဤသို့ ထိုကာမဂုဏ်ကို မှီသော သောမနဿတို့ကို ပယ်ခြင်းသည် ဖြစ်၏၊ ဤသို့ ထိုကာမဂုဏ်ကို မှီသော သောမနဿတို့ကို လွန်မြောက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်ဒေါမနဿတို့သည် ရှိကုန်၏၊ ထိုဒေါမနဿတို့ကို မှီ၍ ထိုဒေါမနဿတို့ကို အစွဲပြု၍ ခြောက်ပါးကုန်သော ကာမဂုဏ်တို့ကို မှီကုန်သော အကြင်ဒေါမနဿတို့သည် ရှိကုန်၏၊ ထိုဒေါမနဿတို့ကို ပယ်ကြကုန်လော့၊ ထိုဒေါမနဿတို့ကို လွန်မြောက်ကြကုန်လော့။ ဤသို့ ထိုကာမဂုဏ်တို့ကို မှီသော ဒေါမနဿတို့ကို ပယ်ခြင်းသည် ဖြစ်၏၊ ဤသို့ ထိုကာမဂုဏ်တို့ကို မှီသော ဒေါမနဿတို့ကို လွန်မြောက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်ဥပေက္ခာတို့သည် ရှိကုန်၏၊ ထိုဥပေက္ခာတို့ကို မှီ၍ ထိုဥပေက္ခာတို့ကို အစွဲပြု၍ ခြောက်ပါးကုန်သော ကာမဂုဏ်တို့ကို မှီကုန်သော အကြင်ဥပေက္ခာတို့သည် ရှိကုန်၏၊ ထိုဥပေက္ခာတို့ကို ပယ်ကြကုန်လော့၊ ထိုဥပေက္ခာတို့ကို လွန်မြောက်ကြကုန်လော့။ ဤသို့ ထိုကာမဂုဏ်တို့ကို မှီသော ဥပေက္ခာတို့ကို ပယ်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် ထိုကာမဂုဏ်တို့ကို မှီသော ဥပေက္ခာတို့ကို လွန်မြောက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်သောမနဿတို့သည် ရှိကုန်၏၊ ထိုသောမနဿတို့ကို မှီ၍ ထိုသောမနဿတို့ကို အစွဲပြု၍ ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်ဒေါမနဿတို့သည် ရှိကုန်၏၊ ထိုဒေါမနဿတို့ကို ပယ်ကြကုန်လော့၊ ထိုဒေါမနဿတို့ကို လွန်မြောက်ကြကုန်လော့။ ဤသို့လျှင် ထိုဒေါမနဿတို့ကို ပယ်ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ထိုဒေါမနဿတို့ကို လွန်မြောက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့တွင် ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်ဥပေက္ခာတို့သည် ရှိကုန်၏၊ ထိုဥပေက္ခာတို့ကို မှီ၍ ထိုဥပေက္ခာတို့ကို အစွဲပြု၍ ခြောက်ပါးကုန်သော ထွက်မြောက်ကြောင်းကို မှီကုန်သော အကြင်သောမနဿတို့သည် ရှိကုန်၏၊ ထိုသောမနဿတို့ကို ပယ်ကြကုန်လော့၊ ထိုသောမနဿတို့ကို လွန်မြောက်ကြကုန်လော့။ ဤသို့လျှင် ထိုသောမနဿတို့ကို ပယ်ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ထိုသောမနဿတို့ကို လွန်မြောက်ခြင်းသည် ဖြစ်၏။

၃၁၀။ ရဟန်းတို့ အထူးထူးသောသဘောရှိသော အထူးထူးသောအာရုံကိုမှီသော ဥပေက္ခာသည် ရှိ၏၊ တခုတည်းသောသဘောရှိသော တခုတည်းသောအာရုံကိုမှီသော ဥပေက္ခာသည် ရှိ၏။ ရဟန်းတို့ အထူးထူးသောသဘောရှိသော အထူးထူးသောအာရုံကို မှီသော ဥပေက္ခာသည် အဘယ်နည်း။ ရဟန်းတို့ ရူပါရုံတို့၌ ဖြစ်သော ဥပေက္ခာသည် ရှိ၏၊ သဒ္ဒါရုံတို့၌ ဖြစ်သော ဥပေက္ခာသည်

http://www.dhammadownload.com



ရှိ၏၊ ဂန္ဓာရုံဘို့ဖြစ်သော ဥပေက္ခာသည် ရှိ၏၊ရသာရုံတို့၌ ဖြစ်သော ဥပေက္ခာသည် ရှိ၏။ဖောဋ္ဌဗ္ဗာရုံတို့၌ဖြစ်သောဥပေက္ခာသည် ရှိ၏။ ရဟန်းတို့ ဤဥပေက္ခာသည် အထူးထူးသော သဘောရှိသော အထူးထူးသော အာရုံကို မှီသော ဥပေက္ခာတည်း။

ရဟန်းတို့ တခုတည်းသောသဘောရှိသော တခုတည်းသော အာရုံကိုမှီသော ဥပေက္ခာသည် အဘယ်နည်း၊ရဟန်းတို့ အာကာသာနဉ္စာယတနစျာန်ကို မှီသော ဥပေက္ခာသည် ရှိ၏၊ ဝိညာဏဉ္စာယတနစျာန်ကို မှီသော ဥပေက္ခာသည် ရှိ၏၊ အာကိဉ္စညာယတနစျာန်ကိုမှီသော ဥပေက္ခာသည် ရှိ၏၊ နေဝသညာနာသညာယတနစျာန်ကို မှီသော ဥပေက္ခာသည် ရှိ၏။ ရဟန်းတို့ ဤဥပေက္ခာသည် တခုတည်းသောသဘောရှိသော တခုတည်းသောအာရုံကိုမှီသော ဥပေက္ခာတည်း။

ရဟန်းတို့ ထိုဥပေက္ခာနှစ်မျိုးတို့တွင် တခုတည်းသော သဘောရှိသော တခုတည်းသော အာရုံကို မှီသော အကြင်ဥပေက္ခာသည် ရှိ၏၊ ထိုဥပေက္ခာကိုမှီ၍ ထိုဥပေက္ခာကို အစွဲပြု၍ အထူးထူးသော သဘောရှိသော အထူးထူးသောအာရုံကိုမှီသော အကြင်ဥပေက္ခာသည် ရှိ၏၊ ထိုဥပေက္ခာကို ပယ်ကြကုန်လော့၊ ထိုဥပေက္ခာကို လွန်မြောက်ကြကုန်လော့။ ဤသို့ ထိုအထူးထူးသောသဘောရှိသော ဥပေက္ခာကို ပယ်ခြင်းသည် ဖြစ်၏။ ဤသို့ ထိုအထူးထူးသောသဘောရှိသော ဥပေက္ခာကို လွန်မြောက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ တဏှာကင်းသော ဝဋ္ဋာနုဂါမိနီဝိပဿနာဉာဏ်ကိုမှီ၍ တဏှာကင်းသော ဝဋ္ဋာနုဂါမိနီဝိပဿနာဉာဏ်ကို အစွဲပြု၍ တခုတည်းသောသဘောရှိသော တခုတည်းသော အာရုံကိုမှီသော အကြင်အရူပါဝစရသမာပတ္တိဥပေက္ခာနှင့် ဝိပဿနုပေက္ခာသည် ရှိ၏၊ထိုဥပေက္ခာကို ပယ်ကြကုန်လော့၊ ထိုဥပေက္ခာကို လွန်မြောက်ကြကုန်လော့။ ဤသို့ ထိုတခုတည်းသောသဘောရှိသော အရူပါဝစရသမာပတ္တိဥပေက္ခာ ဝိပဿနုပေက္ခာကို ပယ်ခြင်းသည် ဖြစ်၏၊ဤသို့ထိုတခုတည်းသော သဘောရှိသော အရူပါဝစရသမာပတ္တိဥပေက္ခာ ဝိပဿနုပေက္ခာကို လွန်မြောက်ခြင်းသည် ဖြစ်၏။ "ထိုသုံးဆယ့်ခြောက်ပါးသော တရားတို့၌ ဤတရားကို မှီ၍ ဤတရားကို စွန့်ကုန်လော့" ဟူသော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုခဲ့၏။

၃၁၁။ "သတိပဋ္ဌာန်တို့သည် သုံးပါးဖြစ်ကုန်၏၊ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သော သူသည် မှီဝဲ၏၊ အကြင်သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သော ဆရာ(ဘုရား)သည် သတ္တဝါ အပေါင်းကို ဆုံးမခြင်းငှါ ထိုက်၏" ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ ဤလောက၌ အစဉ်သနားတော်မူသော အကျိုးစီးပွါးကို ရှာမှီးတော်မူသော ဆရာ(ဘုရား)သည် အစဉ်သနားခြင်းကို အကြောင်းပြု၍ "ဤတရားသည် သင်တို့အား စီးပွါးခြင်းငှါ ဖြစ်၏။ဤတရားသည် သင်တို့အား ချမ်းသာခြင်းငှါ ဖြစ်၏" ဟု တပည့်တို့အား တရားဟော၏။ထိုဆရာ၏တပည့်တို့သည် ယုံကြည်စွာ မနာယူကုန်၊ နားမထောင်ကုန်၊ စိတ်ကို သိအောင် မဖြစ်စေကုန်၊ဆရာ၏ အဆုံးအမမှ လွဲဖယ်၍ ကျင့်ကုန်၏။ ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ ငါဘုရားသည် နှလုံးမသာယာခြင်းလည်း မဖြစ်၊ နှလုံးမသာယာခြင်း ဒေါမနဿကို မခံစားရ၊ ဒေါမနဿမဃိုစီးပဲ သတိပညာနှင့် ပြည့်စုံ၍ နေ၏။ ရဟန်းတို့ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သောသူသည် မှီဝဲ၏၊ အကြင်သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သော ဆရာ(ဘုရား)သည် သတ္တဝါအပေါင်းကို ဆုံးမခြင်းငှါ ထိုက်၏၊ဤသတိပဋ္ဌာန်သည် ရှေးဦးစွာသော သတိပဋ္ဌာန်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား အစဉ်သနားတော်မူသော အကျိုးစီးပွါးကို ရှာမှီးတော်မူသော ဆရာ(ဘုရား)သည် အစဉ်သနားခြင်းကို အကြောင်းပြု၍ “ဤတရားသည် သင်တို့အား စီးပွါးခြင်းငှါ ဖြစ်၏၊ ဤတရားသည် သင်တို့အား ချမ်းသာခြင်းငှါ ဖြစ်၏”ဟု တပည့်တို့အား တရားဟော၏။ ထိုဆရာ၏ အချို့ကုန်သော တပည့်တို့သည် ယုံကြည်စွာ မနာယူကြကုန်၊ နားမထောင်ကုန်၊ စိတ်ကို သိအောင်မဖြစ်စေကုန်၊ ဆရာ၏အဆုံးအမမှ လွဲဖယ်၍ ကျင့်ကုန်၏၊အချို့ကုန်သော တပည့်တို့သည် ယုံကြည်စွာ နာယူကုန်၏၊ နားထောင်ကုန်၏၊ စိတ်ကို သိအောင် ဖြစ်စေကုန်၏၊ ဆရာ၏အဆုံးအမမှ လွှဲဖယ်၍ မကျင့်ကုန်။ ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ ငါဘုရားသည် နှလုံးမသာယာခြင်းလည်း မဖြစ်၊ နှလုံးမသာယာခြင်း ဒေါမနဿကိုလည်း မခံစားရ၊ နှလုံးသာယာခြင်းလည်း မဖြစ်၊ နှလုံးသာယာခြင်း သောမနဿကိုလည်း မခံစားရ၊ နှလုံးမသာယာခြင်း နှလုံးသာယာခြင်း ထိုနှစ်ပါးစုံကိုကြဉ်၍ လျစ်လျူရှုလျက် သတိပညာနှင့် ပြည့်စုံကာနေ၏။ ရဟန်းတို့ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သော သူသည် မှီဝဲ၏၊ အကြင်သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သော ဆရာ(ဘုရား)သည် သတ္တဝါ အပေါင်းကို ဆုံးမခြင်းငှါ ထိုက်၏၊ ဤသတိပဋ္ဌာန်သည် နှစ်ခုမြောက်သော သတိပဋ္ဌာန်ပေတည်း။

ရဟန်းတို့ နောက်တမျိုးကား အစဉ်သနားတော်မူသော အကျိုးစီးပွါးကို ရှာမှီးတော်မူသော ဆရာ(ဘုရား)သည် အစဉ်သနားခြင်းကို အကြောင်းပြု၍ “ဤတရားသည် သင်တို့အား စီးပွါးခြင်းငှါ ဖြစ်၏၊ ဤတရားသည် သင်တို့အား ချမ်းသာခြင်းငှါ ဖြစ်၏”ဟု တပည့်တို့အား တရားဟော၏။ ထိုဆရာ၏ တပည့်တို့သည် ယုံကြည်စွာ နာယူကုန်၏၊ နားထောင်ကုန်၏၊ စိတ်ကို သိအောင်ဖြစ်စေကုန်၏၊ဆရာ၏အဆုံးအမမှ လွှဲဖယ်၍ မကျင့်ကုန်။ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ ဆရာ(ဘုရား)သည် နှစ်လိုဝမ်းသာခြင်းဖြစ်၏၊ ဝမ်းမြောက်မှု သောမနဿကိုလည်း ခံစားရ၏၊ရာဂမစိုစွတ်မူ၍ သတိပညာနှင့် ပြည့်စုံကာ နေ၏။ ရဟန်းတို့ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သောသူသည် မှီဝဲ၏၊ အကြင် သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သောဆရာ(ဘုရား)သည် သတ္တဝါအပေါင်းကို ဆုံးမခြင်းငှါ ထိုက်၏၊ဤသတိပဋ္ဌာန်သည် သုံးခုမြောက်သော သတိပဋ္ဌာန်ပေတည်း။ “သတိပဋ္ဌာန်တို့သည် သုံးပါး ဖြစ်ကုန်၏၊ အကြင်သတိပဋ္ဌာန်ကို အရိယာဖြစ်သောသူသည် မှီဝဲ၏၊ အကြင်သတိပဋ္ဌာန်ကို မှီဝဲသော အရိယာဖြစ်သောဆရာ(ဘုရား)သည် သတ္တဝါအပေါင်းကို ဆုံးမခြင်းငှါထိုက်၏”ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးကိုသာလျှင် စွဲ၍ ဆိုခဲ့၏။

၃၁၂။ “ထိုပုဂ္ဂိုလ်ကို သင့်လျော်လျောက်ပတ်စွာ ဆုံးမတတ်သော ဆရာအမျိုးမျိုးထက် အတုမဲ့ ဖြစ်၍ သတ္တဝါတို့ကို ဆုံးမတတ်သူ”ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ ဆင်ဆရာ သင်ကြားဆုံးမထားသော ယဉ်ကျေးပြီးသောဆင်သည် အရှေ့အရပ်သို့မူလည်းဖြစ်စေ အနောက်အရပ်သို့မူလည်းဖြစ်စေ မြောက်အရပ်သို့မူလည်းဖြစ်စေ တောင်အရပ်သို့မူလည်းဖြစ်စေ တခုတည်းသောအရပ်မျက်နှာသို့သာလျှင် ပြေးနိုင်၏။ ရဟန်းတို့ မြင်းဆရာ သင်ကြားဆုံးမထားသော ယဉ်ကျေးပြီးသောမြင်းသည် အရှေ့အရပ်သို့မူလည်းဖြစ်စေ အနောက်အရပ်သို့ မူလည်းဖြစ်စေ မြောက်အရပ်သို့မူလည်းဖြစ်စေ တောင်အရပ်သို့မူလည်းဖြစ်စေ တခုတည်းသော အရပ်မျက်နှာသို့ သာလျှင် ပြေးနိုင်၏။ ရဟန်းတို့ နွားဆရာ သင်ကြားဆုံးမထားသော ယဉ်ကျေးပြီးသော နွားသည် အရှေ့အရပ်သို့မူလည်းဖြစ်စေ အနောက်အရပ်သို့မူလည်းဖြစ်စေ မြောက်အရပ်သို့ မူလည်းဖြစ်စေ တောင်အရပ်သို့ မူလည်းဖြစ်စေ တခုတည်းသောအရပ်မျက်နှာသို့ သာလျှင် ပြေးနိုင်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားသည် သင်ကြားဆုံးမထားသော ယဉ်ကျေးပြီးသော ပုဂ္ဂိုလ်သည် အရပ်ရှစ်မျက်နှာတို့သို့ ပြေးသွား၏။

http://www.dhammadownload.com



ရူပဈာန်ရှိသည်ဖြစ်၍ ရုပ်တို့ကို ရှု၏၊ ဤဝိမောက္ခသည် တခုသော အရပ်မည်၏။ အတွင်းသန္တာန်၌ ရုပ်ဟူသော အမှတ်အသား မရှိသည်ဖြစ်၍ အပသန္တာန်၌ ရုပ်တို့ကို ရှု၏။ ဤဝိမောက္ခသည် နှစ်ခုမြောက်အရပ်မည်၏။

တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်း၏။ ဤဝိမောက္ခသည် သုံးခုမြောက်အရပ်မည်၏။ ရူပသညာကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းမှု၍ "ကောင်းကင်ပညတ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတန ဈာန်သို့ ရောက်၍နေ၏၊ ဤဝိမောက္ခသည် လေးခုမြောက်အရပ်မည်၏။ အချင်းခပ်သိမ်း အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ပဌမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏၊ ဤဝိမောက္ခသည် ငါးခုမြောက်အရပ်မည်၏။ ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန ဈာန်သို့ ရောက်၍နေ၏၊ ဤဝိမောက္ခသည် ခြောက်ခုမြောက်အရပ်မည်၏။ အာကိဉ္စညာယတန ဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေ၏၊ ဤဝိမောက္ခသည် ခုနစ်ခုမြောက် အရပ်မည်၏။ နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်၍ သညာဝေဒနာ တို့၏ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍နေ၏။ ဤဝိမောက္ခသည် ရှစ်ခုမြောက်အရပ်မည်၏၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားသည် သင်ကြားပြီး ယဉ်ကျေးပြီးသော ယောက်ျားသည် ဤအရပ်များနှာတို့သို့ ပြေးသွား၏၊ "ထိုပုဂ္ဂိုလ်ကို သင့်လျော်လျောက်ပတ်စွာ ဆုံးမတတ်သော ဆရာအမျိုးမျိုးတို့ထက် အတုမဲ့ဖြစ်၍ သတ္တဝါတို့ကို ဆုံးမတတ်သူ"ဟူ၍ အကြင်စကားကို ဆိုခဲ့၏၊ ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ခုနစ်ခုမြောက် သဠာယတနဝိဘင်သုတ် ပြီး၏။

---

## ၈-ဥဒ္ဒေသဝိဘင်သုတ်

၃၁၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့အား အကျဉ်းဒေသနာ အကျယ်ဒေသနာကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့ ကောင်းစွာနှလုံး သွင်းကုန်လော့၊ ဟောပေအံ့ဟု ဤစကားကို မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



"ရဟန်းတို့ အကြင် အကြင်သို့သဘောရှိသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်၊ မစွဲလမ်း မတပ်မက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏။ ရဟန်းတို့ အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်းအာရုံတို့၌ မတည်သော် မစွဲလမ်း မတပ်မက်သောပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲ အပေါင်းတို့၏ ဖြစ်ခြင်းသည် မရှိ"ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ နေရာမှထတော်မူလျက် ကျောင်းတွင်းသို့ ဝင်တော်မူ၏။

၃၃၄။ ထိုအခါ ထိုရဟန်းတို့အား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီ ဤဆိုလတ္တံ့သော အကြံသည် ဖြစ်ပေါ်လာ၏"ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် 'ရဟန်းတို့ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်၊ မစွဲလမ်းမူ၍ မတပ်မက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်းအာရုံတို့၌ မတည်သော် မစွဲလမ်းပဲ မတပ်မက်သော ပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည် မရှိ' ဟူ၍ ဤတရားကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှ ထတော်မူကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏၊ မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြလျက် အကျယ်မဝေဖန်ခဲ့သော ဤအကျဉ်းတရား၏ အနက်သဘောကို အဘယ်သူသည် ဝေဖန်နိုင်ရာအံ့နည်း"ဟု (အကြံသည် ဖြစ်ပေါ်လာ၏)။

ထိုအခါ ထိုရဟန်းတို့အား "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား၏ အချီးမွမ်းကို ခံရ၏၊ ပညာရှိသီတင်းသုံးဖော်တို့၏ အမြောက်အစားကိုလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြလျက် အကျယ်မဝေဖန်ခဲ့သော ဤအကျဉ်းဖြစ်သော တရား၏အနက်သဘောကို အကျယ်ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စာနအား ဤအကျဉ်းဖြစ်သော တရား၏ အနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်"ဟု အကြံဖြစ်ပေါ်လာပြန်ပါ၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကစ္စာန နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို)ပြီးဆုံးစေကာ တခုသောအရပ်၌ ထိုင်နေကုန်လျက် အသျှင်မဟာကစ္စာနအား ဤဆိုမည့် စကားကို ပြောဆိုလျှောက်ထားကုန်၏။

ငါ့သျှင်ကစ္စာန ငါတို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ အကြင် အကြင်သို့သော အခြင်း အရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်၊မစွဲလမ်းမူ၍ မတပ်မက်ရာ၊ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်း အာရုံတို့၌ မတည်သော် မစွဲလမ်းပဲ မတပ်မက်သော ပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည် မရှိ" ဟူသော ဤဥဒ္ဒေသကို အကျဉ်းချုပ်

http://www.dhammadownload.com



ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏။ ငါ့သျှင်ကစ္စာန မြတ်စွာဘုရား ဖဲကြွသွားတော်မူ၍ မကြာမြင့်မီ ငါတို့အား ဤသို့သော အကြံသည် ဖြစ်ပေါ်လာပြန်၏ "ငါ့သျှင်ကစ္စာန မြတ်စွာဘုရားသည် ငါတို့အား 'ရဟန်းတို့ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်မစွဲလမ်းမူ၍ မတပ်မက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်းအာရုံတို့၌ မတည်သော် မစွဲလမ်းပဲ မတပ်မက်သော ပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည် မရှိ'ဟူသော ဤဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏၊ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြ၍ အကျယ်အားဖြင့် အနက်သဘောကို မဝေဖန်သော ဤအကျဉ်းဖြစ်သော တရား၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာအံ့နည်း"ဟု (အကြံဖြစ်ပေါ် ပြန်၏)။

ငါ့သျှင်ကစ္စာန ထိုငါတို့အား ဤသို့ အကြံဖြစ်ပေါ်ပြန်ပါ၏ "ဤ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား၏ အချီးမွမ်းကို ခံရ၏၊ ပညာရှိသီတင်းသုံးဖော်တို့၏ အမြောက်အစားလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤအကျဉ်းဖြစ်သော တရား၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ကြ၍ အနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်"ဟု (အကြံဖြစ်ပေါ် ပြန်ပါ၏)။ အသျှင်ကစ္စာနသည် ဝေဖန်တော်မူပါလော့ ဟု (ပြောဆိုလျှောက်ထားကြကုန်၏)။

၃၁၅။ ငါ့သျှင်တို့ ဥပမာအားဖြင့် အနှစ်ကို အလိုရှိသော အနှစ်ကို ရှာမှီးသောယောကျ်ားသည် အနှစ်ရှာ လှည့်လည်သော် တည်နေဆဲဖြစ်သော အနှစ်ပြည့်သော သစ်ပင်ကြီး၏ အမြစ်အရင်းကိုငုံး ပင်စည်ကိုငုံး ကျော်လွန်၍သာလျှင် အခက်အရွက်၌ အနှစ်ကို ရှာသင့်၏ဟု ထင်မှတ်ရာသကဲ့သို့ ဤအတူ ဤဥပမာ၏ ပြည့်စုံခြင်းကို သိအပ်၏။ အသျှင်တို့သည် မြတ်စွာဘုရားမျက်မှောက်ဖြစ်ပါလျက် ထိုမြတ်စွာဘုရားကို ကျော်လွန်၍ ငါတို့အား အကျဉ်းဖြစ်သော တရား၏ အနက်သဘောကို မေးမြန်းသင့်၏ဟု ထင်မှတ်ကြကုန်ဘိ၏။ ငါ့သျှင်တို့ မှန်ပါသည်၊ ထိုမြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ အသိဉာဏ်သဖွယ် ဖြစ်တော်မူ၏၊ တရားသဖွယ်ဖြစ်တော်မူ၏၊ မြတ်သော မဂ်သဖွယ်ဖြစ်တော်မူ၏၊ (သစ္စာလေးပါးကို)ဟောကြားတော်မူတတ်၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်ကို ထုတ်ဆောင် ပြတော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရားကိုသာလျှင် မေးမြန်းရန် အချိန်အခါ ဖြစ်၏၊ မြတ်စွာဘုရားဖြေကြားတော်မူသည့်အတိုင်း ထိုအနက်ကို မှတ်ကြကုန်ရာ၏ ဟု (ပြောဆို၏)။

ငါ့သျှင်ကစ္စာန စင်စစ် မြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ ဉာဏ်သဖွယ်ဖြစ်တော်မူ၏၊ တရားသဖွယ်ဖြစ်တော်မူ၏၊ မြတ်သောမဂ်သဖွယ်ဖြစ်တော်မူ၏၊ (သစ္စာလေးပါးကို)ဟောကြားတော်မူတတ်၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်ကို ထုတ်ဆောင်ပြတော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်၏၊ တရား

http://www.dhammadownload.com



အရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရားကို သာလျှင် မေးမြန်းရန် အချိန်အခါဖြစ်ပါ၏၊ ငါတို့အား ပြောကြားတော်မူသည့် အတိုင်း ထိုအနက် သဘောကို မှတ်ကြကုန်ရာ၏၊ သို့ပါသော်လည်း အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား၏ အချီး မွမ်းကို ခံရ၏၊ ပညာရှိ သီတင်းသုံးဖော်များ၏ အမြောက်အစားကို ခံရ၏၊အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤအကျဉ်းဖြစ်သော တရား၏အနက် သဘောကို အကျယ်အားဖြင့် ဝေဖန်ရန်းစွမ်းလည်း စွမ်းနိုင်၏၊ အသျှင်မဟာကစ္စာနသည် ဝန်မလေး သည်ကို ပြု၍ ဝေဖန်ပါလော့ဟု (လျှောက်ကြကုန်၏)။ငါ့သျှင်တို့ ထိုသို့ တာဝန်ထား၍ နာကြား လိုကြမူ နာကြားကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ဟု (ပြောဆို၏)။ 'ငါ့သျှင် ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်မဟာကစ္စာနသည် ဤဆိုလတ္တံ့သောစကားကို ပြောဆို၏—

ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် “ရဟန်းတို့ အကြင်အကြင်သို့သော အခြင်းအရာ အားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်၊ မစွဲလမ်းမူ၍ မတပ်မက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်း သည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်းအာရုံတို့၌ မတည်သော် မစွဲလမ်းပဲ မတပ်မက်သောပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည် မရှိ”ဟူသော ဥဒ္ဒေသကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းတွင်းသို့ ဝင်တော် မူခဲ့၏၊ ငါ့သျှင်တို့ မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤအကျဉ်းဖြစ်သော တရား၏ အနက်သဘောကို ဤသို့ အကျယ်အားဖြင့် ငါနားလည်ပါ၏။

၃၁၆။ ငါ့သျှင်တို့ အဘယ်သို့လျှင် အပအာရုံတို့၌ ဝိညာဏ်သည် ပျံ့လွင့်၏၊ ရွေ့ရှား၏ဟု ဆိုရ သနည်း။ ငါ့သျှင်တို့ ဤလောက၌ ရဟန်းအား မျက်စိဖြင့် ရူပါရုံကိုမြင်၍ ရူပါရုံသို့ အစဉ်လျှောက် ပြေးသွားသော ရူပါရုံကို သာယာမက်မောသော ရူပါရုံကို သာယာခြင်းဖြင့် ဖွဲ့သော ရူပါရုံကို သာယာခြင်း သံယောဇဉ်နှင့်ယှဉ်သော ဝိညာဏ်သည် ဖြစ်၏။(ထိုသို့ဖြစ်ခြင်းကို)ဝိညာဏ်သည် အပ အာရုံတို့၌ ပျံ့လွင့်၏၊ ရွေ့ရှား၏ဟု ဆိုအပ်၏။ နားဖြင့် အသံကို ကြား၍။ပ။နှာခေါင်းဖြင့် အနံ့ကို နမ်း၍။ လျှာဖြင့် အရသာကို လျက်၍။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ ဓမ္မာရုံသို့ အစဉ်လျှောက်ပြေးသွားသော ဓမ္မာရုံကို သာယာမက်မောသော ဓမ္မာရုံကို သာယာ ခြင်းဖြင့် ဖွဲ့သော ဓမ္မာရုံကို သာယာခြင်းသံယောဇဉ်နှင့် ယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ ဖြစ်ခြင်းကို)ဝိညာဏ်သည် အပအာရုံတို့၌ ပျံ့လွင့်၏၊ ရွေ့ရှား၏ဟု ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ဝိညာဏ်သည် အပအာရုံတို့၌ ပျံ့လွင့်၏၊ ရွေ့ရှား၏ဟု ဆိုအပ်၏။

၃၁၇။ ငါ့သျှင်တို့ အဘယ်သို့လျှင် အပအာရုံတို့၌ ဝိညာဏ်သည် မပျံ့လွင့် မရွေ့ရှားဟု ဆိုအပ် သနည်း။ ငါ့သျှင်တို့ ဤလောက၌ ရဟန်းအား မျက်စိဖြင့် ရူပါရုံကို မြင်၍ ရူပါရုံသို့ အစဉ်မလျှောက် မပြေးသွားသော ရူပါရုံကို မသာယာ မမက်မောသော ရူပါရုံကို သာယာခြင်းဖြင့် မဖွဲ့သော ရူပါရုံကို သာယာခြင်းသံယောဇဉ်နှင့်မယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)ဝိညာဏ်ကို အပ အာရုံတို့၌ မပျံ့လွင့် မရွေ့ရှားဟု ဆိုအပ်၏၊ နားဖြင့် အသံကို ကြား၍။ပ။နှာခေါင်းဖြင့် အနံ့ကိုနမ်း၍။ လျှာဖြင့် အရသာကို လျက်၍။ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ ဓမ္မာရုံသို့

http://www.dhammadownload.com



အစဉ်မလျှောက် မပြေးသွားသော ဓမ္မာရုံကို မသာယာ မမက်မောသော ဓမ္မာရုံကို သာယာခြင်းဖြင့် မဖွဲ့သော ဓမ္မာရုံကို သာယာခြင်း သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏ်သည် ဖြစ်၏။ (ထိုသို့ ဖြစ်ခြင်းကို) ဝိညာဏ်သည် အပအာရုံ၌ မပျံ့လွင့် မရွေ့ရှားဟု ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့် မရွေ့ရှားဟု ဆိုအပ်၏။

၃၃၈။ ငါ့သျှင်တို့ အဘယ်သို့လျှင် အတွင်းအာရုံတို့၌ တည်၏ဟူ၍ ဆိုအပ်သနည်း။ ငါ့သျှင်တို့ ဤလောက၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွ ဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းအား နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခသို့ အစဉ်လျှောက်ပြေးသွားသော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို သာယာမက်မောသော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို သာယာခြင်းဖြင့် နှောင်ဖွဲ့သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို သာယာခြင်းဟူသော သံယောဇဉ်နှင့်ယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို) စိတ်သည် အတွင်းအာရုံတို့၌ တည်၏ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် အတွင်းသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း သမာဓိကို ပွါးစေတတ်သော ဝိတက်ဝိစာရ မရှိသော ပဌမစျာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏၊ ထိုပုဂ္ဂိုလ်အား ပဌမစျာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခသို့ အစဉ်လျှောက်ပြေးသွားသော ပဌမစျာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခကို သာယာမက်မောသော ပဌမစျာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခကို သာယာခြင်းဖြင့် ဖွဲ့သော ပဌမစျာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခကို သာယာခြင်းဟူသော သံယောဇဉ်နှင့်ယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ တည်၏ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာသုခကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယစျာန်ဟူသော အကြောင်းကြောင့် ထိုတတိယစျာန်နှင့် ပြည့်စုံသော သူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု (အရိယာပုဂ္ဂိုလ်တို့သည်)ချီးမွမ်းကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေ၏၊ ထိုပုဂ္ဂိုလ်အား ဥပေက္ခာသို့ အစဉ်လျှောက် ပြေးသွားသော ဥပေက္ခာကို သာယာမက်မောသော ဥပေက္ခာကို သာယာခြင်းဖြင့် ဖွဲ့သော ဥပေက္ခာကို သာယာခြင်းဟူသော သံယောဇဉ်နှင့်ယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ တည်၏ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ထိုပုဂ္ဂိုလ်အား ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာသို့ အစဉ်လျှောက်ပြေးသွားသော ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာကို သာယာမက်မောသော ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာကို သာယာခြင်းဖြင့်ဖွဲ့သော ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာကို သာယာခြင်း

http://www.dhammadownload.com



သံယောဇဉ်နှင့် ယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို) စိတ်သည် အတွင်းအာရုံတို့၌ တည်၏ဟူ၍ ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် စိတ်သည် အတွင်းအာရုံတို့၌ တည်၏ ဟူ၍ ဆိုအပ်၏။

၃၁၉။ ငါ့သျှင်တို့ အဘယ်သို့လျှင် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်သနည်း။ ငါ့သျှင်တို့ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ရောက်၍ နေ၏၊ ထိုရဟန်းအား နီဝရဏတို့မှ ဆိတ်ခြင်းကြောင့် ဖြစ်သော ပီတိသုခသို့ အစဉ်မလျှောက် မပြေးသွားသော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို မသာယာ မမက်မောသော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို သာယာခြင်းဖြင့် မဖွဲ့သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခကို သာယာခြင်းဟူသော သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ရောက်၍နေ၏၊ ထိုရဟန်းအား ပဌမစျာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခသို့ အစဉ်မလျှောက် မပြေးသွားသော ပဌမစျာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခကို မသာယာ မမက်မောသော ပဌမစျာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခကို သာယာခြင်းဖြင့် မဖွဲ့သော ပဌမစျာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခကို သာယာခြင်းဟူသော သံယောဇဉ်နှင့်မယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်း သည် ပီတိကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ရောက်၍နေ၏၊ ထိုရဟန်းအား ဥပေက္ခာသို့ အစဉ်မလျှောက် မပြေးသွားသော ဥပေက္ခာကို မသာယာ မမက်မောသော ဥပေက္ခာကို သာယာခြင်းဖြင့် မဖွဲ့သော ဥပေက္ခာကို သာယာခြင်းဟူသော သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊ (ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရှင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရှင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းအား ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာသို့ အစဉ်မလျှောက် မပြေးသွားသော ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာကို မသာယာ မမက်မောသော ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာဝေဒနာကို သာယာခြင်းဖြင့်မဖွဲ့သော ဆင်းရဲချမ်းသာမရှိသောဥပေက္ခာဝေဒနာကို သာယာခြင်းဟူသော သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏ်သည် ဖြစ်၏၊(ထိုသို့ဖြစ်ခြင်းကို)စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် စိတ်သည် အတွင်းအာရုံတို့၌ မတည်ဟူ၍ ဆိုအပ်၏။

၃၂၀။ ငါ့သျှင်တို့ အဘယ်သို့လျှင် မစွဲလမ်းအပ်သောတရားတို့၌ တပ်မက်ခြင်းသည် ဖြစ်သနည်း။ ငါ့သျှင်တို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော အရိယာတရား၌ မကျွမ်းကျင်သော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော သူတော်ကောင်းတရား၌ မကျွမ်းကျင်သော သူတော်ကောင်းတရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု ရှု၏။ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟုရှင်း အတ္တ၌ ရုပ်ဟုရှင်း

http://www.dhammadownload.com



ရုပ်၌ အတ္တဟုရင်း ရှု၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏ ထိုရုပ်သည် ဖောက်ပြန်၏။ တမျိုးတမည်အားဖြင့် ဖြစ်တတ်၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ဤရုပ်ဖောက်ပြန်ခြင်း တမျိုးတမည်အားဖြင့် ဖြစ်ခြင်းကြောင့် ရုပ်၏ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် ဖြစ်၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ရုပ်၏ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်၍ ဖြစ်သော စိတ်ကြောင့်ဖြစ်ကုန်သော တပ်နှစ်သက်ခြင်းတို့သည်ရင်း အကုသိုလ်တရား ဖြစ်ခြင်းတို့သည်ရင်း ကုသိုလ်စိတ်ကို ကုန်ခန်းစေ၍ တည်ကုန်၏။

ကုသိုလ်စိတ်၏ ကုန်ခန်းခြင်းကြောင့် တုန်လှုပ်ခြင်းရှိသည်ရင်း ပင်ပန်းခြင်းရှိသည်ရင်း ကပ်ငြိခြင်းရှိသည်ရင်း ဖြစ်၏၊ မစွဲလမ်းမှု၍လည်း တပ်နှစ်သက်၏၊ ခံစားမှု 'ဝေဒနာ'ကို။ပ။ မှတ်သားမှု 'သညာ'ကို။ ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ကို။ အထူးသိမှု 'ဝိညာဏ်'ကို 'အတ္တ'ကိုယ်'ဟု ရှု၏။ (ကြွင်းခန္ဓာကို) ဝိညာဏ်ရှိသော အတ္တဟုရင်း အတ္တ၌ ဝိညာဏ်ဟုရင်း ဝိညာဏ်၌ အတ္တဟုရင်း ရှု၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ထိုဝိညာဏ်သည် ဖောက်ပြန်၏။ တမျိုးတမည်အားဖြင့် ဖြစ်တတ်၏ဟု အသင်ဖြစ်၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတမည်အားဖြင့် ဖြစ်ခြင်းကြောင့် ဝိညာဏ်၏ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည် ဖြစ်၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ဝိညာဏ်၏ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်၍ ဖြစ်သော စိတ်ကြောင့်ဖြစ်ကုန်သော တပ်နှစ်သက်ခြင်းတို့သည်ရင်း အကုသိုလ်တရားဖြစ်ခြင်းတို့သည်ရင်း ကုသိုလ်စိတ်ကို ကုန်ခန်းစေ၍ တည်ကုန်၏။ ကုသိုလ်စိတ်၏ ကုန်ခန်းခြင်းကြောင့် တုန်လှုပ်ခြင်းရှိသည်ရင်း ပင်ပန်းခြင်းရှိသည်ရင်း ငြိကပ်ခြင်းရှိသည်ရင်း ဖြစ်၏၊ မစွဲလမ်းမှု၍လည်း တပ်နှစ်သက်၏။ ငါ့သျှင်တို့၊ ဤသို့လျှင် မစွဲလမ်းအပ်သော တရားတို့၌ တပ်နှစ်သက်ခြင်းသည် ဖြစ်၏။

၃၂၁။ ငါ့သျှင်တို့ အဘယ်သို့လျှင် မစွဲလမ်းအပ်သော တရားတို့၌ မတပ်နှစ်သက်ခြင်းသည် ဖြစ်သနည်း။ ငါ့သျှင်တို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ ကျွမ်းကျင်သော အရိယာတရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌ ကျွမ်းကျင်သော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်ကို အတ္တ'ကိုယ်'ဟု မရှု။ (ကြွင်းခန္ဓာကို)ရုပ်ရှိသော အတ္တဟု မရှု။ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု၊ ထိုမြတ်စွာဘုရား၏ တပည့်အား ထိုရုပ်သည် ဖောက်ပြန်၏၊ တမျိုးတမည်အားဖြင့် ဖြစ်တတ်၏ဟု အထင်ဖြစ်၏၊ ထိုမြတ်စွာဘုရား၏ တပည့်အား ရုပ်ဖောက်ပြန်ခြင်း တမျိုးတမည်အားဖြင့် ဖြစ်ခြင်းကြောင့် ရုပ်၏ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည်ကား မဖြစ်၊ ထိုမြတ်စွာဘုရား၏ တပည့်အား ရုပ်၏ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်၍ ဖြစ်သော စိတ်ကြောင့် ဖြစ်ကုန်သော တပ်နှစ်သက်ခြင်းတို့သည်ရင်း အကုသိုလ်တရား ဖြစ်ခြင်းတို့သည်ရင်း ကုသိုလ်စိတ်ကို ကုန်ခန်းစေ၍ မတည်ကုန်၊ ကုသိုလ်စိတ်၏ ကုန်ခန်းခြင်းကြောင့် တုန်လှုပ်ခြင်းရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်းရှိသည်လည်း မဖြစ်၊ ငြိကပ်တွယ်တာခြင်း ရှိသည်လည်း မဖြစ်၊ မစွဲလမ်းမှု၍လည်း မတပ်နှစ်သက်။ ဝေဒနာကို မရှု။ သညာကို မရှု၊ သင်္ခါရတို့ကို မရှု။ ဝိညာဏ်ကို အတ္တ'ကိုယ်'ဟု မရှု၊ (ကြွင်းခန္ဓာကို)ဝိညာဏ်ရှိသောအတ္တဟု မရှု၊ အတ္တ၌ ဝိညာဏ်ဟု မရှု၊ ဝိညာဏ်၌ အတ္တဟု မရှု၊ ထိုမြတ်စွာဘုရား၏တပည့်အား ထိုဝိညာဏ်သည် ဖောက်ပြန်၏၊ တမျိုးတမည်အားဖြင့် ဖြစ်တတ်၏ဟု အထင်ဖြစ်၏၊ ထိုမြတ်စွာဘုရား၏တပည့်အား ဝိညာဏ်ဖောက်ပြန်ခြင်း တမျိုးတမည်အားဖြင့် ဖြစ်ခြင်းကြောင့် ဝိညာဏ်၏ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်သော ဝိညာဏ်သည်ကား မဖြစ်၊ ထိုမြတ်စွာဘုရား၏တပည့်အား ဝိညာဏ်၏ ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်၍ ဖြစ်သော စိတ်ကြောင့် ဖြစ်ကုန်သော တပ်နှစ်သက်ခြင်းတို့သည်ရင်း အကုသိုလ်တရားဖြစ်ခြင်းတို့သည်ရင်း ကုသိုလ်စိတ်ကို ကုန်ခန်း

http://www.dhammadownload.com



စေ၍ မတည်ကုန်၊ ကုသိုလ်စိတ်၏ကုန်ခန်းခြင်းကြောင့် တုန်လှုပ်ခြင်းရှိသည်လည်း မဖြစ်၊ ပင်ပန်းခြင်းရှိသည်လည်း မဖြစ်၊ ငြိကပ်ဘွယ်တာခြင်းရှိသည်လည်း မဖြစ်၊ မစွဲလမ်းမူ၍ မတပ်နှစ်သက်။ ငါ့သျှင်တို့ ဤသို့လျှင် မစွဲလမ်းအပ်သောတရားတို့၌ မတပ်နှစ်သက်ခြင်းသည် ရှိ၏။

ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား ဝိညာဏ်သည် အပအာရုံဘို့၌ မပျံ့လွင့်၊ မရွေ့ရှား၊ အဘွင်းအာရုံ ဘို့၌ မတည်၊မစွဲလမ်းမူ၍ မတပ်နှစ်သက်ရာ၊ ထိုထိုသို့သောအခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ ဝိညာဏ်သည်၊အပ အာရုံတို့၌ မပျံ့လွင့်သော် မရွေ့ရှားသော် အဘွင်းအာရုံဘို့၌ မတည်သော် မစွဲလမ်းပဲ မတပ်နှစ်သက်သောပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်းတို့၏ ဖြင်ခြင်းသည် မရှိ"ဟူသော ဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏။ ငါ့သျှင်တို့ မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏ အနက်သဘောကို ဤသို့အကျယ်အားဖြင့် ငါနားလည်ပါ၏၊ အသျှင်တို့ အလိုရှိကြကုန်သော် အသျှင်တို့သည် မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်ကြကုန်၍ ဤအနက်သဘောကို တဖန်မေးမြန်းကြကုန်ရာ၏၊ သင်တို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ကုန်ရာ၏ ဟု (မိန့်ဆို၏)။

၃၂၂။ ထိုအခါ ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာန၏ မိန့်ကြားချက်ကို အလွန်နှစ်သက်ဝမ်းမြောက်ကုန်၍ နေရာမှထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးကြကုန်လျက် လျှောက်ပတ်သောအရပ်၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားကြကုန်၏—မြတ်စွာဘုရား အကျွန်ုပ်ဘို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့သွင့်၊ မရွေ့ရှား၊ အတွင်းအာရုံဘို့၌ မတည်၊ မစွဲလမ်းမူ၍ မတပ်နှစ်သက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ ဝိညာဏ်သည် အပအာရုံတို့၌ မပျံ့လွင့်သော် မရွေ့ရှားသော် အဘွင်းအာရုံဘို့၌ မတည်သော် မစွဲလမ်းမူ၍ မတပ်နှစ်သက်သော ပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်းတို့၏ ဖြစ်ခြင်းသည် မရှိ"ဟု ဥဒ္ဒေသကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့ပါ၏။

မြတ်စွာဘုရား ထိုအကျွန်ုပ်တို့အား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီ "ငါ့သျှင်တို့ ငါဘို့အား မြတ်စွာဘုရားသည် 'ရဟန်းတို့ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်းအား ဝိညာဏ်သည် အပအာရုံဘို့၌ မပျံ့လွင့်၊ မရွေ့ရှား၊ အတွင်းအာရုံတို့၌ မတည်၊ မစွဲလမ်းမူ၍ မတပ်နှစ်သက်ရာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စူးစမ်းဆင်ခြင်ရာ၏၊ ရဟန်းတို့ ဝိညာဏ်သည် အပအာရုံဘို့၌ မပျံ့လွင့်သော် မရွေ့ရှားသော် အတွင်းအာရုံတို့၌ မတည်သော် မစွဲလမ်းမူ၍ မတပ်နှစ်သက်သော ပုဂ္ဂိုလ်အား နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်းတို့၏ ဖြစ်ခြင်းသည်မရှိ'ဟူသော ဤဥဒ္ဒေသကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူခဲ့၏၊ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု ဤသို့ အကြံအစည်သည် ဖြစ်ပေါ်ပါ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ထိုအကျွန်ုပ်တို့အား "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား၏ အချီးအမွမ်းကို ခံရ၏၊ ပညာရှိသီတင်းသုံးဖော်များ အမြောက်အစားကိုလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤဥဒ္ဒေသ၏အနက်သဘောကို အကျယ်ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ ဤအနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်"ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ခဲ့ပြန်ပါ၏။ မြတ်စွာဘုရား ထိုအခါ အကျွန်ုပ်တို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ကုန်၍ အသျှင်မဟာကစ္စာနအား ဤအနက်သဘောကို မေးမြန်းကြပါကုန်၏။ မြတ်စွာဘုရား အကျွန်ုပ်တို့အား အသျှင်မဟာကစ္စာနသည် ဤအခြင်းအရာ ပုဒ်ဝါကျအက္ခရာတို့ဖြင့် အနက်သဘောကို ဝေဖန်ပြပါ၏ဟု (လျှောက်ထားကြကုန်၏)။

ရဟန်းတို့ မဟာကစ္စာနသည် ပညာရှိ၏၊ ရဟန်းတို့ မဟာကစ္စာနသည် ပညာကြီး၏၊ ရဟန်းတို့ ငါ့ကိုလည်း သင်တို့သည် ဤအနက်သဘောကို အကယ်၍ တဖန် မေးမြန်းကုန်ငြားအံ့၊ ငါသည်လည်း ထိုအနက်သဘောကို မဟာကစ္စာန ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏၊ ဤဥဒ္ဒေသ၏ အနက်သဘောသည် ဤသည်ပင်တည်း။ ဤအတိုင်း ထိုအနက်သဘောကို မှတ်ကြကုန် ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ရှစ်ခုမြောက် ဥဒ္ဒေသဝိဘင်သုတ် ပြီး၏။

---

## ၉-အရဏဝိဘင်သုတ်

၃၂၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ မိန့်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့အား အရဏဝိဘင်သုတ်ဒေသနာကို ဟောကြားပေအံ့၊ ထိုအရဏဝိဘင်သုတ်ဒေသနာကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့"ဟု ဤစကားကို မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော တရားစကားကို မိန့်တော်မူ၏—

ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်ချမ်းသာကို အဖန်တလဲလဲ အားမထုတ်ရာ၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်တလဲလဲ အားမထုတ်ရာ။ ရဟန်းတို့ ထိုအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်

http://www.dhammadownload.com



သည့် ကိလေသာငြိမ်းရန်အလို့ငှါ ဖြစ်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်၏၊သစ္စာလေးပါးကို သိရန်အလို့ငှါဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ ဖြစ်၏။မြှောက်ပင့်ခြင်းကိုလည်း သိရ၏၊ နှိပ်ချခြင်းကိုလည်း သိရာ၏၊ မြှောက်ပင့်ခြင်းကိုလည်း သိ၍ နှိပ်ချခြင်းကိုလည်း သိ၍ မြှောက်ပင့်၍ မဟောပြောရာ၊ နှိပ်ချ၍ မဟောပြောရာ၊ ဟုတ်မှန်သော သဘောကိုသာလျှင် ဟောပြောရ၏။ ဆုံးဖြတ်အပ်ပြီးသော ချမ်းသာကို သိရာ၏၊ဆုံးဖြတ်အပ်ပြီးသော ချမ်းသာကိုသိ၍ အဇ္ဈတ္တသန္တာန်၌ ချမ်းသာကို အဖန်တလဲလဲ အားထုတ်ရာ၏၊မျက်ကွယ်၌ အပြစ်ပြောခြင်းကို မပြောဆိုရာ၊ မျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်းညစ်နွမ်းသော ရှုတ်ချစကားကို မဆိုရာ၊ဖြေးဖြေးသာသာ ပြောဆိုရ၏၊ ဆောလျင်စွာ မဆိုရာ၊ ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးစွဲမြဲ၍ မပြောဆိုရာ၊ လောကသုံး ပညတ်ကို လွန်၍ မသွားရာ၊ ဤဆိုခဲ့ပြီးသည်ကား အရဏဝိဘင်္ဂသုတ်၏ အကျဉ်း'ဥဒ္ဒေသ'တည်း။

၃၂၄။ "ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်ချမ်းသာကို အဖန်တလဲလဲ အားမထုတ်ရာ၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်တလဲလဲ မလိုက်စား အားမထုတ်ရာ" ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ယုတ်ညံ့၍ ရွာသူတို့၏အလေ့အကျင့်ဖြစ်သော ပုထုဇဉ်တို့၏အလေ့အကျင့်ဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမချမ်းသာနှင့် စပ်သော သုခရှိသော ပုဂ္ဂိုလ်၏ ဝမ်းမြှောက်ခြင်းကို အဖန်တလဲလဲ အားထုတ်ခြင်းသဘောသည် ဆင်းရဲခြင်းနှင့်တကွ ညှဉ်းဆဲနှိပ်စက်ခြင်းနှင့်တကွ ပြင်းစွာပင်ပန်းခြင်းနှင့် တကွ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ မှားယွင်းသောအကျင့်ပင်တည်း။

ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်ချမ်းသာနှင့် စပ်သော သုခရှိသော ပုဂ္ဂိုလ်၏ ဝမ်းမြှောက်ခြင်းကို အားထုတ်ခြင်းကို အဖန်တလဲလဲ အားမထုတ်ခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သော အကျင့်ပင်တည်း။ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှု ကို အားထုတ်ခြင်းကို အဖန်တလဲလဲ အားထုတ်ခြင်း သဘောသည် ဆင်းရဲခြင်းနှင့်တကွ ညှဉ်းဆဲနှိပ်စက်ခြင်းနှင့်တကွ ပြင်းစွာပင်ပန်းခြင်းနှင့် တကွ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ မှားယွင်းသောအကျင့်ပင်တည်း။

ကိုယ်စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်တလဲလဲ အားမထုတ်ခြင်း သဘောသည် ဆင်းရဲခြင်း ညှဉ်းဆဲခြင်း နှိပ်စက်ခြင်း ပြင်းစွာပင်ပန်းခြင်း ပူပန်ခြင်း မရှိ၊မှန်ကန်သောအကျင့်ပင်တည်း။ "ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ် ချမ်းသာကို အဖန်တလဲလဲ အားမထုတ်ရာ၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်တလဲလဲ အားမထုတ်ရာ" ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးကို စွဲ၍ ဆိုခဲ့၏။

http://www.dhammadownload.com



၃၂၅။ "ထိုအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် ထူးသော ဉာဏ်ဖြင့် သိရန်(သစ္စာလေးပါးကို)သိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါဖြစ်၏"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် အဘယ်နည်း၊ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့ပင်တည်း။ "ထိုအစွန်းနှစ်ပါးဘို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကိုပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် (သစ္စာလေးပါးကို)သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသောအကြောင်းကို စွဲ၍ ဆိုခဲ့၏။

၃၂၆။ "မြှောက်ပင့်ခြင်းကိုလည်း သိရာ၏၊နှိပ်ချခြင်းကိုလည်း သိရာ၏၊မြှောက်ပင့်ခြင်းကိုလည်း သိ၍ နှိပ်ချခြင်းကိုလည်း သိ၍ မြှောက်ပင့်၍ မဟောပြောရာ၊ နှိပ်ချ၍ မဟောပြောရာ၊ ဟုတ်မှန်သော သဘောကိုသာလျှင် ဟောပြောရာ၏"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ မြှောက်ပင့်ခြင်း နှိပ်ချခြင်း ဟုတ်မှန်သော သဘောကို မပြောခြင်းသည် အဘယ်သို့ ဖြစ်သနည်း။ ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမချမ်းသာနှင့်စပ်သော ပုဂ္ဂိုလ်၏ ဝမ်းမြှောက်ခြင်းကို အဖန်ဖန် အားထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်းနှင့်တကွ ညှဉ်းဆဲနှိပ်စက်ခြင်းနှင့်တကွ ပြင်းစွာပင်ပန်းခြင်းနှင့်တကွ ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်၏၊ မှားယွင်းသော အကျင့်ရှိကုန်၏ဟု ဤသို့ ပြောဆိုသူသည် အချို့သောပုဂ္ဂိုလ်တို့ကို နှိပ်ချပြောဆိုသည်မည်၏။

ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမချမ်းသာနှင့်စပ်သော ပုဂ္ဂိုလ်၏ဝမ်းမြှောက်ခြင်းကို အဖန်ဖန် အားမထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း မရှိကုန်၊ညှဉ်းဆဲနှိပ်စက်ခြင်း မရှိကုန်၊ပြင်းစွာပင်ပန်းခြင်း မရှိကုန်၊ ပူပန်ခြင်း မရှိကုန်၊မှန်ကန်သောအကျင့်ရှိကုန်၏ဟု ဤသို့ပြောဆိုသူသည် အချို့သော ပုဂ္ဂိုလ်တို့ကို မြှောက်ပင့်ပြောဆိုသည်မည်၏။

ကိုယ်ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်ဖန် အားထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲနှင့်တကွ ညှဉ်းဆဲနှိပ်စက်ခြင်းနှင့်တကွ ပင်ပန်းခြင်းနှင့်တကွ ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်၏၊ မှားယွင်းသော အကျင့်ရှိကုန်၏ဟု ဤသို့ ပြောဆိုသူသည် အချို့သော ပုဂ္ဂိုလ်တို့ကို နှိပ်ချပြောဆိုသည် မည်၏။

ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်ဖန် အားမထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း ညှဉ်းဆဲနှိပ်စက်ခြင်း ပြင်းစွာပင်ပန်းခြင်း ပူပန်ခြင်း မရှိကုန်၊ မှန်ကန်သော အကျင့်ရှိကုန်၏ဟု ဤသို့ ပြောဆိုသူသည် အချို့သော ပုဂ္ဂိုလ်တို့ကို မြှောက်ပင့်ပြောဆိုသည်မည်၏။

http://www.dhammadownload.com



ဘဝနှောင်ကြိုး တဏှာကို မပယ်ရသေးသော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း ရှိကုန်၏၊ ညှဉ်းဆဲနှိပ်စက်ခြင်း ရှိကုန်၏၊ပြင်းစွာ ပင်ပန်းခြင်းရှိကုန်၏၊ ပူပန်ခြင်းရှိကုန်၏၊ မှားယွင်းသော အကျင့် ရှိကုန်၏ဟု ဤသို့ပြောဆိုသူသည် အချို့သော ပုဂ္ဂိုလ်တို့ကို နှိပ်ချပြောဆိုသည်မည်၏။

ဘဝနှောင်ကြိုး တဏှာကို ပယ်ပြီးသော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း မရှိကုန်၊ညှဉ်းဆဲနှိပ်စက်ခြင်း မရှိကုန်၊ ပြင်းစွာပင်ပန်းခြင်း မရှိကုန်၊ပူပန်ခြင်း မရှိကုန်၊ မှန်ကန်သော အကျင့်ရှိကုန်၏ဟု ဤသို့ပြောဆိုသူသည် အချို့သောပုဂ္ဂိုလ်တို့ကို မြှောက်ပင့်ပြောဆိုသည် မည်၏။ ရဟန်းတို့ ဤသို့လျှင် မြှောက်ပင့်ခြင်း နှိပ်ချခြင်း ဟုတ်မှန်သောသဘောကို မပြောခြင်းသည် ဖြစ်၏။

၃၂၇။ ရဟန်းတို့ မမြှောက်ပင့်ခြင်း မနှိပ်ချခြင်း ဟုတ်မှန်သောသဘောကို ပြောခြင်းသည် အဘယ်သို့ ဖြစ်သနည်း။ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာ ဖြစ်၍ အရိယာတို့၏အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမချမ်းသာနှင့် စပ်သော ပုဂ္ဂိုလ်၏ ဝမ်းမြောက်ခြင်းကို အဖန်ဖန် အားထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်းရှိကုန်၏၊ ညှဉ်းဆဲနှိပ်စက်ခြင်း ရှိကုန်၏၊ ပြင်းစွာ ပင်ပန်းခြင်း ရှိကုန်၏၊ပူပန်ခြင်း ရှိကုန်၏၊ မှားယွင်းသော အကျင့်ရှိကုန်၏ဟု ဤသို့ မပြောဆိုမူ၍ "စင်စစ် အဖန်ဖန် အားထုတ်ခြင်းဟူသော ဤသဘောကား ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်းရှိ၏၊ ပူပန်ခြင်းရှိ၏၊ မှားယွင်းသော အကျင့်ပင်တည်း"ဟု ဤသို့ ပြောဆိုသူသည် ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဆိုသည်မည်၏။

ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမချမ်းသာနှင့် စပ်သော ပုဂ္ဂိုလ်၏ဝမ်းမြောက်ခြင်းကို အဖန်ဖန် အားမထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း မရှိကုန်၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိကုန်။ပြင်းစွာပင်ပန်းခြင်း မရှိကုန်၊ ပူပန်ခြင်း မရှိကုန်၊မှန်ကန်သောအကျင့်ရှိကုန်၏ဟု ဤသို့ မပြောဆိုမူ၍"စင်စစ် အဖန်ဖန် အားမထုတ်ခြင်းဟူသော ဤသဘောကား ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သော အကျင့်ပင်တည်း" ဟု ဤသို့ ပြောဆိုသူသည် သူတပါးကို ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဆိုသည် မည်၏။

ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်ဖန်အားထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း ရှိကုန်၏၊ညှဉ်းဆဲနှိပ်စက်ခြင်း ရှိကုန်၏၊ပြင်းစွာပင်ပန်းခြင်း ရှိကုန်၏၊ပူပန်ခြင်း ရှိကုန်၏၊ မှားယွင်းသောအကျင့် ရှိကုန်၏ဟု ဤသို့မပြောဆိုမူ၍ "စင်စစ် အဖန်ဖန် အားထုတ်ခြင်းဟူသော ဤသဘောကား ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်း ရှိ၏၊ ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ ပူပန်ခြင်းရှိ၏၊မှားယွင်းသော အကျင့်ပင်တည်း"ဟု ဤသို့ပြောဆိုသူသည် ဟုတ်မှန်သောသဘောကိုသာလျှင် ပြောဆိုသည်မည်၏။

ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းကို အဖန်ဖန် အားမထုတ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း မရှိကုန်၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိကုန်၊ပြင်းစွာပင်ပန်းခြင်း မရှိကုန်၊ ပူပန်ခြင်း မရှိကုန်၊မှန်ကန်သောအကျင့် ရှိကုန်၏ ဟု ဤသို့ မပြောဆိုမူ၍ "စင်စစ် အဖန်ဖန်

http://www.dhammadownload.com



အားမထုတ်ခြင်းဟူသော ဤသဘောကား ဆင်းရဲခြင်းမရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သော အကျင့်ပင်တည်း”ဟု ဤသို့ပြောဆိုသူသည် ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဆိုသည် မည်၏။

ဘဝနှောင်ကြိုးတဏှာကို မပယ်ရသေးသော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်းရှိကုန်၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိကုန်၏၊ ပြင်းစွာပင်ပန်းခြင်း ရှိကုန်၏၊ ပူပန်ခြင်းရှိကုန်၏၊ မှားယွင်းသော အကျင့်ရှိကုန်၏ဟု ဤသို့မပြောဆိုမူ၍ “စင်စစ် ဘဝနှောင်ကြိုးတဏှာကို မပယ်ရသေးသော် ဘဝကိုလည်း မပယ်ရသေး”ဟု ဤသို့ ပြောဆိုသူသည် ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဆိုသည် မည်၏။

ဘဝနှောင်ကြိုးတဏှာကို ပယ်ပြီးသော ပုဂ္ဂိုလ်အားလုံးတို့သည် ဆင်းရဲခြင်း မရှိကုန်၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိကုန်၊ ပြင်းစွာပင်ပန်းခြင်း မရှိကုန်၊ ပူပန်ခြင်း မရှိကုန်၊ မှန်ကန်သောအကျင့်ရှိကုန်၏ဟု ဤသို့မပြောဆိုမူ၍ “စင်စစ် ဘဝနှောင်ကြိုးတဏှာကို ပယ်ပြီးသော် ဘဝကိုလည်း ပယ်ပြီးဖြစ်၏”ဟု ဤသို့ပြောဆိုသူသည် ဟုတ်မှန်သောသဘောကိုသာလျှင် ပြောဆိုသည်မည်၏။ ရဟန်းတို့ ဤသို့လျှင် မမြှောက်ပင့်ခြင်း မနှိပ်ချခြင်း ဟုတ်မှန်သောသဘောကိုသာလျှင် ပြောဆိုသည် မည်၏။ “မြှောက်ပင့်ခြင်းကိုလည်း သိရာ၏၊ နှိပ်ချခြင်းကိုလည်း သိရာ၏၊ မြှောက်ပင့်ခြင်းကိုလည်း သိ၍ နှိပ်ချခြင်းကိုလည်း သိ၍ မြှောက်ပင့်၍ မပြောရာ၊ နှိပ်ချ၍ မပြောရာ၊ ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဟောရာ၏”ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။

၃၂၈။ “ဆုံးဖြတ်အပ်သော ချမ်းသာကို သိရာ၏၊ ဆုံးဖြတ်အပ်သောချမ်းသာကို သိ၍ အဇ္ဈတ္တသန္တာန်၌ ချမ်းသာကို အဖန်ဖန် အားထုတ်ရာ၏”ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ— လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသောအဆင်း။ သောတဝိညာဏ်ဖြင့် သိရသောအသံ။ ဃာနဝိညာဏ်ဖြင့် သိရသော အနံ့။ ဇိဝှါဝိညာဏ်ဖြင့် သိရသောအရသာ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အသိတို့တည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ဖြစ်သော ဤချမ်းသာခြင်း ‘သုခ’ ဝမ်းမြောက်ခြင်း ‘သောမနဿ’ကို ကာမချမ်းသာဟူ၍ရင်း ဘင်‘မစင်’နှင့်တူသော ချမ်းသာဟူ၍ရင်း ပုထုဇဉ်တို့၏ ချမ်းသာဟူ၍ရင်း အရိယာမဟုတ်သူတို့၏ ချမ်းသာဟူ၍ရင်း ဆိုရ၏၊ “ထိုချမ်းသာကို မမှီဝဲရ၊ မပွါးစေရ၊ ကြိမ်ဖန်များစွာ မလေ့လာရ၊ ထိုချမ်းသာကို ကြောက်ရမည်”ဟု ငါဘုရားဟော၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ‘ဝိတက်’နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း ‘ဝိစာရ’နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း ‘သမာဓိ’ကို ပွါးစေတတ်သော ကြံစည်ခြင်း‘ဝိတက်’မရှိသော သုံးသပ်ဆင်ခြင်ခြင်း ‘ဝိစာရ’မရှိသော ပဌမဈာန်သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။ နှစ်သိမ့်ခြင်း ‘ပီတိ’ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက်နေ၏။ ပ။ တတိယဈာန်သို့၎င်း။ ပ။ စတုတ္ထဈာန်သို့၎င်း ရောက်၍နေ၏။

http://www.dhammadownload.com



ဤချမ်းသာခြင်း'သုခ'ကို ကာမမှ ထွက်မြောက်ခြင်း 'နေက္ခမ္မ'ချမ်းသာဟူ၍ရှင်း ကင်းဆိတ်ခြင်း 'ပဝိဝေက'ချမ်းသာဟူ၍ရှင်း ငြိမ်းအေးခြင်း'ဥပသမ'ချမ်းသာဟူ၍ရှင်း ကောင်းစွာသိခြင်း'သမ္ဗောဓိ' ချမ်းသာဟူ၍ရှင်း ဆိုရ၏၊ "ထိုချမ်းသာကို မှီဝဲရမည်၊ ပွါးစေရမည်၊ကြိမ်ဖန်များစွာ လေ့လာရမည်၊ ထိုချမ်းသာမျိုးကို မကြောက်ရ"ဟု ငါဆို၏။ "ဆုံးဖြတ်အပ်သော ချမ်းသာကို သိရာ၏၊ ဆုံးဖြတ် အပ်သော ချမ်းသာကို သိ၍ မိမိသန္တာန်၌ ချမ်းသာကို အဖန်ဖန် အားထုတ်ရာ၏"ဟူသော ထိုစကား ကို ဤဆိုခဲ့ပြီးသောစကားကို စွဲ၍ ဆိုခဲ့၏။

၃၂၉။ "မျက်ကွယ်၌ အပြစ်ပြောခြင်းကို မပြောဆိုရာ၊မျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်း ညစ်နွမ်းသောစကားကို မဆိုရာ"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ ပြောချိန်သင့်ရောက်သော် မဟုတ်မမှန် အကျိုးစီးပွါးနှင့် မစပ်ဟု သိငြားအံ့၊ထိုမျက်ကွယ်အပြစ်ပြော ခြင်းကို မပြောဆိုရာ၊ ဟုတ်၏၊ မှန်၏၊အကျိုးစီးပွါးနှင့် မစပ်ဟု သိငြားအံ့၊ မျက်ကွယ်အပြစ်ပြောခြင်း ကိုလည်း မဆိုမိစေခြင်းငှါ ကျင့်ရာ၏။ ဟုတ်၏၊ မှန်၏၊ အကျိုးစီးပွါးနှင့် စပ်၏ဟု သိငြားအံ့၊ထိုသို့ သိရာ၌ ထိုမျက်ကွယ် အပြစ်ပြောခြင်းကို ပြောဆိုခြင်းငှါ သင့်လျော်သော အချိန်အခါကို သိသည် ဖြစ်ရာ၏။

ရဟန်းတို့ ပြောချိန်သင့်ရောက်သော် မဟုတ်မမှန် အကျိုးစီးပွါးနှင့်မစပ်ဟု သိငြားအံ့၊ ထို မျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်းညစ်နွမ်းသော စကားကို မပြောဆိုရာ၊ ဟုတ်၏၊မှန်၏၊ အကျိုး စီးပွါးနှင့်မစပ်ဟု သိငြားအံ့၊ထိုမျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်းညစ်နွမ်းသောစကားကိုလည်း မဆိုမိစေခြင်းငှါ ကျင့်ရာ၏၊ ဟုတ်၏၊ မှန်၏၊ အကျိုးစီးပွါးနှင့် စပ်၏ဟု သိငြားအံ့၊ ထိုသို့သိရာ၌ ထိုမျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်းညစ်နွမ်းသော စကားကို ပြောဆိုခြင်းငှါ သင့်လျော်သော အချိန်အခါကို သိသည်ဖြစ်ရာ၏။ "မျက်ကွယ်၌ အပြစ်ပြောခြင်းကို မပြောဆိုရာ၊ မျက်မှောက်၌ ကိလေသာနှင့် ရောပြွမ်းညစ်နွမ်းသော စကားကို မဆိုရာ"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသော စကားကိုစွဲ၍ ဆိုခဲ့၏။

၃၃၀။ "ဖြေးဖြေးသာသာ ပြောဆိုရာ၏၊လျင်လျင်မြန်မြန် မပြောဆိုရာ"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ ကိုယ်သည်လည်း ပင်ပန်း၏၊ စိတ်သည်လည်း ဆင်းရဲ၏၊ အသံသည်လည်း ပျက်စီး၏၊ လည်ချောင်းသည်လည်း နာ၏၊ မသန့်ရှင်း မပြတ်သားသည်လည်း ဖြစ်၏၊ လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ စကားသည် မသိ လွယ်။ရဟန်းတို့ ဖြေးဖြေးသာသာ ပြောဆိုသောသူ၏ ကိုယ်သည်လည်း မပင်ပန်း၊စိတ်သည်လည်း မဆင်းရဲ၊ အသံသည်လည်း မပျက်စီး၊ လည်ချောင်းသည်လည်း မနာ၊သန့်ရှင်းပြတ်သားသည်လည်း ဖြစ်၏၊ ဖြေးဖြေးသာသာ ပြောဆိုသောသူ၏စကားသည် သိလွယ်၏။ "ဖြေးဖြေးသာသာ ပြောဆို ရာ၏၊ လျင်လျင်မြန်မြန် မပြောဆိုရာ"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသော စကားကို စွဲ၍ ဆိုခဲ့၏။

၃၃၁။ "ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးသွင်း စွဲမြဲ၍ မပြောဆိုရာ၊ လောကသုံး ပညတ်ကို လွန်၍ မသွားရာ"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရဟန်းတို့ အဘယ်သို့လျှင် ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးသွင်းစွဲမြဲ၍ ပြောဆိုခြင်း လောကသုံးပညတ်ကို လွန်၍ သွားခြင်း ဖြစ်သနည်း။ ရဟန်းတို့ ထိုခွက်ကိုသာလျှင် အချို့ကုန်သော ဇနပုဒ်တို့၌ ပါတိဟု သိကုန်၏၊ပတ္တဟု

http://www.dhammadownload.com



သိကုန်၏၊ ဝိတ္တဟု သိကုန်၏၊ သရာဝဟု သိကုန်၏၊ ဓာရောပဟု သိကုန်၏၊ ပေါဏဟု သိကုန်၏၊ ပိသီလဝဟု သိကုန်၏။ ဤသို့လျှင် အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် ထိုခွက်ကို ထိုထိုဇနပုဒ်တို့၌ သိကုန်၏၊ထိုထိုသို့သော အခြင်းအရာအားဖြင့် အားစွမ်းဖြင့် အမှားသုံးသပ်ခြင်းဖြင့် "ဤငါ့အယူသာလျှင် မှန်၏၊ သူတပါးအယူသည် အချည်းနှီးသာတည်း"ဟု နှလုံးသွင်း စွဲမြဲ၍ ပြောဆို၏။ရဟန်းတို့ ဤသို့လျှင် ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးသွင်း စွဲမြဲ၍ပြောဆိုခြင်း လောကသုံးပညတ်ကို လွန်၍ သွားခြင်းသည် ဖြစ်၏။

၃၃၂။ ရဟန်းတို့ အဘယ်သို့လျှင် ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးသွင်း စွဲမြဲ၍ မပြောဆိုခြင်း လောကသုံးပညတ်ကို လွန်၍ မသွားခြင်းသည် ဖြစ်သနည်း။ရဟန်းတို့ ဤလောက၌ ထိုခွက်ကိုသာလျှင် အချို့ကုန်သော ဇနပုဒ်တို့၌ ပါတိဟု သိကုန်၏၊ ပတ္တဟု သိကုန်၏၊ဝိတ္တဟု သိကုန်၏၊ သရာဝဟု သိကုန်၏၊ ဓာရောပဟု သိကုန်၏၊ ပေါဏဟု သိကုန်၏၊ ပိသီလဝဟု သိကုန်၏။ဤသို့လျှင် အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် ထိုခွက်ကို ထိုထိုဇနပုဒ်တို့၌ သိကုန်၏၊ "ဤအသျှင်တို့သည်လည်း ဤခွက်ကို ရည်ရွယ်၍ ခေါ်ဝေါ်ကုန်သတတ်"ဟု ထိုထိုဇနပုဒ်သားတို့၏ အခေါ်အဝေါ် အခြင်းအရာအားဖြင့် အမှားမသုံးသပ်မူ၍ ခေါ်ဝေါ်ပြောဆို၏။ရဟန်းတို့ ဤသို့လျှင် ဇနပုဒ်သားတို့၏ဘာသာကို နှလုံးသွင်း စွဲမြဲ၍ မပြောဆိုခြင်း လောကသုံး ပညတ်ကို လွန်၍ မသွားခြင်းသည် ဖြစ်၏။ "ဇနပုဒ်သားတို့၏ ဘာသာကို နှလုံးသွင်း စွဲမြဲ၍ မပြောဆိုရာ၊လောကသုံးပညတ်ကို လွန်၍ မသွားရာ"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသော စကားကို စွဲ၍ ဆိုခဲ့၏။

၃၃၃။ ရဟန်းတို့ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာ ဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ် ကာမချမ်းသာနှင့် စပ်သော ပုဂ္ဂိုလ်၏ ဝမ်းမြောက်ခြင်းကို အဖန်ဖန် အားထုတ်ခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်းရှိ၏၊ ပူပန်ခြင်းရှိ၏၊ မှားယွင်းသော အကျင့်တည်း၊ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့်မစပ်ယှဉ် ကာမချမ်းသာနှင့်စပ်သော ပုဂ္ဂိုလ်၏ဝမ်းမြောက်ခြင်းကို အဖန်ဖန် အားမထုတ်ခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၃၄။ ရဟန်းတို့ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏အကျင့်မဟုတ် အကျိုးစီးပွါးနှင့်မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်းရှိ၏၊ ပူပန်ခြင်းရှိ၏၊မှားယွင်းသောအကျင့်တည်း။ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ် အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားမထုတ်ခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှကင်း၏။

၃၃၅။ ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူသော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကိုပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန်

http://www.dhammadownload.com



ထူးသောဉာဏ်ဖြင့် သိရန် (သစ္စာလေးပါးကို)သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါဖြစ်၏၊ ဤသဘောတရားသည် ဆင်းရဲခြင်း ညှဉ်းဆဲနှိပ်စက်ခြင်း ပြင်းစွာပင်ပန်းခြင်း ပူပန်ခြင်းမရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၃၆။ ရဟန်းတို့ မြှောက်ပင့်ပြောခြင်း နှိပ်ချပြောခြင်း မဟုတ်မမှန်သောသဘောကို ပြောခြင်းသည် ဆင်းရဲခြင်း ညှဉ်းဆဲနှိပ်စက်ခြင်း ပြင်းစွာပင်ပန်းခြင်း ပူပန်ခြင်းရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ မြှောက်ပင့်မပြောခြင်း နှိပ်ချမပြောခြင်း ဟုတ်မှန်သောသဘောကို ပြောခြင်းသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၃၇။ ရဟန်းတို့ ကာမဂုဏ်ချမ်းသာ ဘင်'မစင်'နှင့်တူသောချမ်းသာ ပုထုဇဉ်တို့၏ချမ်းသာ အရိယာမဟုတ်သောသူတို့၏ ချမ်းသာဟူသော ဤသဘောတရားသည် ဆင်းရဲခြင်း ရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်း ရှိ၏၊ ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ ပူပန်ခြင်း ရှိ၏၊ မှားယွင်းသော အကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ထွက်မြောက်ခြင်းချမ်းသာ ကင်းဆိတ်ခြင်းချမ်းသာ ငြိမ်းအေးခြင်းချမ်းသာ သိခြင်းချမ်းသာဟူသော ဤတရားသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ပူပန်ခြင်း မရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၃၈။ ရဟန်းတို့ မဟုတ်မမှန်သော အကျိုးစီးပွါးနှင့် မစပ်သော မျက်ကွယ်၌ အပြစ်ပြောခြင်းသဘောသည် ဆင်းရဲခြင်း ရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်း ရှိ၏၊ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ပူပန်ခြင်းရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဟုတ်သော မှန်သော အကျိုးစီးပွါးနှင့်မစပ်သော မျက်ကွယ်၌ အပြစ်ပြောခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ညှဉ်းဆဲနှိပ်စက်ခြင်း ရှိ၏၊ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ပူပန်ခြင်း ရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ရဟန်းတို့ ဟုတ်သော မှန်သော အကျိုးစီးပွါးနှင့်စပ်သော မျက်ကွယ်၌ အပြစ်ပြောခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာ ပင်ပန်းခြင်း မရှိ၊ပူပန်ခြင်း မရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၃၉။ ရဟန်းတို့ မဟုတ်သော မမှန်သော အကျိုးစီးပွါးနှင့်မစပ်သော မျက်မှောက်၌ ကိလေသာတို့နှင့် ရောပြွမ်းညစ်နွမ်းသော ရှုတ်ချခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ညှဉ်းဆဲနှိပ်စက်ခြင်း ရှိ၏၊ ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ပူပန်ခြင်း ရှိ၏၊မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဟုတ်သော မှန်သော အကျိုးစီးပွါးနှင့် မစပ်သော မျက်မှောက်၌ ကိလေသာတို့နှင့် ရောပြွမ်းညစ်နွမ်းသော ရှုတ်ချခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲ နှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်း ရှိ၏၊ ပူပန်ခြင်း ရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဟုတ်သော မှန်သော အကျိုးစီးပွါးနှင့်စပ်သော မျက်မှောက်၌ ကိလေသာတို့နှင့်ရောပြွမ်းညစ်နွမ်းသော ရှုတ်ချခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာ

http://www.dhammadownload.com



ပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သော အကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူမှ ကင်း၏။

၃၄၀။ ရဟန်းတို့ လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ ပြောဆိုခြင်းသဘောသည် ဆင်းရဲခြင်း ရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်းရှိ၏၊ ပူပန်ခြင်းရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ) မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဖြေးဖြေးသာသာ ပြောဆိုသူ၏ ပြောဆိုခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာ ပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သော အကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ) မြူမှ ကင်း၏။

၃၄၁။ ရဟန်းတို့ ဇနပုဒ်သူ ဇနပုဒ်သားတို့၏ ဘာသာစကားကို နှလုံးသွင်းစွဲမြဲ၍ ပြောဆိုခြင်း လောကသုံး ပညတ်စကားကို လွန်၍ ပြေးသွားပြောဆိုခြင်းသဘောသည် ဆင်းရဲခြင်းရှိ၏၊ ညှဉ်းဆဲနှိပ်စက်ခြင်းရှိ၏၊ ပြင်းစွာပင်ပန်းခြင်းရှိ၏၊ ပူပန်ခြင်းရှိ၏၊ မှားယွင်းသောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ)မြူနှင့်တကွ ဖြစ်၏။ ရဟန်းတို့ ဇနပုဒ်သူ ဇနပုဒ်သားတို့၏ ဘာသာစကားကို နှလုံးသွင်းစွဲမြဲ၍ မပြောဆိုခြင်း လောကသုံးပညတ်စကားကို လွန်၍ မပြေးသွား မပြောဆိုခြင်းသဘောသည် ဆင်းရဲခြင်း မရှိ၊ ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ မှန်ကန်သောအကျင့်တည်း။ ထို့ကြောင့် ဤသဘောတရားသည် (ကိလေသာ) မြူမှ ကင်း၏။

ရဟန်းတို့ ထို့ကြောင့် ဤလောက၌ (ကိလေသာ)မြူနှင့်တကွဖြစ်သော တရားကိုရင်း(ကိလေသာ)မြူမှ ကင်းသောတရားကိုရင်း သိရာ၏၊ (ကိလေသာ) မြူနှင့်တကွဖြစ်သော တရားကိုရင်း (ကိလေသာ)မြူမှ ကင်းသော တရားကိုရင်း သိ၍ (ကိလေသာ)မြူမှကင်းသော အကျင့်ကို ကျင့်ကုန်အံ့ဟု ဤသို့လျှင် သင်တို့သည် ကျင့်ရမည်။ ရဟန်းတို့ သုဘူတိမည်သော အမျိုးကောင်းသားသည် (ကိလေသာ)မြူမှ ကင်းသော အကျင့်ကို ကျင့်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ကိုးခုမြောက် အရဏဝိဘင်္ဂသုတ် ပြီး၏။

---

## ၁၀-ဓာတုဝိဘင်္ဂသုတ်

၃၄၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်းတို့၌ ဒေသစာရီလှည့်လည်တော်မူသော် ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်တော်မူ၍ ဘဂ္ဂဝမည်သောအိုးထိန်းသည်ထံသို့ ချဉ်းကပ်ပြီးလျှင် ဘဂ္ဂဝမည်သော အိုးသိန်းသည်ကို "ဘဂ္ဂဝ အကယ်၍ သင့်အား ဝန်မလေးမူ အိုးလုပ်ရာ တင်းကုပ်၌ တညဉ့်မျှ နေလို၏"ဟု ဤစကားကို မိန့်တော်မူ၏။ မြတ်စွာဘုရား ဝန်မလေးပါ၊ ဤအိုးလုပ်ရာ တင်းကုပ်၌ ရှေးဦးစွာ နေထိုင်ကပ်ရောက်နှင့်သော ရဟန်းသည် ရှိပါသေး၏၊ ထိုရှေးဦးစွာ နေနှင့်သော ရဟန်းသည် အကယ်၍ ခွင့်ပြုမူ မြတ်စွာဘုရား ချမ်းသာသလို နေတော်မူပါလော့ ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ ပုက္ကုသာတိမည်သော အမျိုးကောင်းသားသည် မြတ်စွာဘုရားကို ရည်ရွယ်၍ သဒ္ဓါယုံကြည်လျက် လူ့ဘောင်မှရဟန်းဘောင်သို့ကပ်ရောက်ခဲ့၍ ထိုအိုးထိန်းသည်၏အိုးလုပ်ရာတင်းကုပ်၌ ရှေးဦးစွာနေထိုင်ကပ်ရောက်နှင့်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ပုက္ကုသာတိထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ပုက္ကုသာတိကို "ရဟန်း အကယ်၍ သင်အား ဝန်မလေးမူ အိုးလုပ်ရာတင်းကုပ်၌ တညဉ့်မျှ နေလို၏"ဟု ဤစကားကို မိန့်တော်မူ၏။ ငါ့သျှင် အိုးထိန်းသည်၏ အိုးလုပ်ရာတင်းကုပ်သည် ကျယ်ပြန့်ပါ၏၊ အသျှင်သည် ချမ်းသာသလို နေတော်မူပါလော့ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အိုးထိန်းသည်၏ အိုးလုပ်ရာတင်းကုပ်သို့ဝင်၍ တခုသောနေရာ၌ မြက်အခင်းကို ခင်းပြီးလျှင် တင်ပလ္လင်ခွေ၍ အသက်ပိုင်းကိုယ်ကို ဖြောင့်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်အချိန် များစွာကို ထိုင်ခြင်းဖြင့် လွန်စေ၏၊ အသျှင်ပုက္ကုသာတိသည်လည်း ညဉ့်အချိန်များစွာကို ထိုင်ခြင်းဖြင့် လွန်စေ၏။

ထိုအခါ မြတ်စွာဘုရားအား "ဤအမျိုးကောင်းသားသည် ကြည်ညိုဖွယ်ကို ဆောင်နိုင်သော ဣရိယာပုထ်ကို ဖြစ်စေ၏၊ ငါသည် အကယ်၍ မေးရမူ ကောင်းလေစွ"ဟု ဤသို့ စိတ်အကြံဖြစ်၏။ ထို့နောက်၌ မြတ်စွာဘုရားသည် အသျှင်ပုက္ကုသာတိကို "ရဟန်း သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုသနည်း၊ အဘယ်သူသည် သင်၏ဆရာဖြစ်သနည်း၊ အဘယ်သူ၏တရားကို သင်နှစ်သက်သနည်း" ဟု ဤစကားကို မိန့်တော်မူ၏၊ ငါ့သျှင် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ရှိ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသံသည် ဤသို့ ဘဝဂ်မဆုံ ပျံ့နှံ့၍ ထွက်၏—"ထိုမြတ်စွာဘုရားသည် ဤသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသောအကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ပျံ့နှံ့၍ထွက်၏။ အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုပါ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်၏ဆရာဖြစ်ပါ၏၊ အကျွန်ုပ်သည် ထိုမြတ်စွာဘုရား၏ တရားကို နှစ်သက်ပါ၏ဟု (ပြောဆို၏)။

ရဟန်း ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်မှာ နေတော်မူသနည်းဟု (မေးတော်မူ၏)။ ငါ့သျှင် ဥတ္တရတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိမည်သော မြို့သည် ရှိ၏၊ ထိုမြို့၌ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် နေတော်မူ၏ဟု(ပြောဆို၏)။ ရဟန်း သင်သည် ထိုမြတ်စွာဘုရားကို မြင်ဘူး၏လော၊ စင်စစ် မြင်သော် သိပါအံ့လော ဟု (မေး၏)။ ငါ့သျှင် အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို မမြင်ဘူးပါ၊ စင်စစ်မြင်သော်လည်း မသိရာပါဟု (ပြောဆို၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားအား "ဤအမျိုးကောင်းသားသည် ငါ့ကိုသာလျှင် ရည်မှန်း၍ ရဟန်းပြုခဲ့၏၊ ထိုအမျိုးကောင်းသားအား ငါသည် တရားဟောရမူ ကောင်းပေမည်"ဟု ဤသို့ စိတ်အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ပုက္ကုသာတိကို "ရဟန်း သင့်အား တရားဟောပေအံ့၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့"ဟု မိန့်တော်မူ၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်ပုက္ကုသာတိသည် မြတ်စွာဘုရားအား ပြန်ကြားပြောဆို၏။ မြတ်စွာဘုရားသည် ဤသို့သောစကားကို မိန့်တော်မူ၏—

၃၄၃။ ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် ဓာတ်ခြောက်ပါးရှိ၏၊ ခြောက်ပါးသော ဖဿာယတနရှိ၏၊ တဆယ့်ရှစ်ပါးသော စိတ်၏ကြံစည်ခြင်း သုံးသပ်ခြင်းရှိ၏၊ လေးပါးသောတည်ရာရှိ၏၊ ယင်းတည်ရာ လေးပါးတို့၌ တည်သောပုဂ္ဂိုလ်သတ္တဝါအား ထင်မှတ်ခြင်းဟူသော ယိုစီးခြင်း 'အာသဝေါ' တို့သည် မဖြစ်ကုန်။ စင်စစ် ထင်မှတ်ခြင်းဟူသော ယိုစီးခြင်း 'အာသဝေါ' မဖြစ်သော် ကိလေသာ ငြိမ်းသောရဟန်းဟူ၍ ဆိုရ၏။ ဝိပဿနာပညာကို မမေ့ရာ၊ ဝစီသစ္စာကို စောင့်ရာ၏၊ ကိလေသာ စွန့်ခြင်းကို အားထုတ်ရာ၏၊ ထိုရဟန်းသည် ကိလေသာငြိမ်းအေးမှုကိုသာလျှင် ကျင့်ရာ၏။ ဤကား ဓာတုဝိဘင်္ဂသုတ်၏ အကျဉ်း 'ဥဒ္ဒေသ' တည်း။

၃၄၄။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် ဓာတ်ခြောက်ပါးရှိ၏"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုသနည်း။ ရဟန်း ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်အားဖြင့် ဓာတ်တို့သည် ဤခြောက်ပါးတို့တည်း။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် ဓာတ်ခြောက်ပါးရှိ၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကိုစွဲ၍ ဆို၏။

၃၄၅။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် ခြောက်ပါးသော ဖဿာယတနရှိ၏"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုသနည်း။ စက္ခုသမ္ဖဿာယတန သောတသမ္ဖဿာယတန ဃာနသမ္ဖဿာယတန ဇိဝှါသမ္ဖဿာယတန ကာယသမ္ဖဿာယတန မနောသမ္ဖဿာယတနသည် ရှိ၏။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် ခြောက်ပါးသောဖဿာယတနရှိ၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆို၏။

၃၄၆။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် တဆယ့်ရှစ်ပါးသော စိတ်၏ကြံစည်ခြင်း သုံးသပ်ခြင်းရှိ၏"ဟူသောထိုစကားကို အဘယ်ကိုစွဲ၍ ဆိုသနည်း။ မျက်စိဖြင့် အဆင်းရူပါရုံကိုမြင်၍ သောမနဿ၏အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်သုံးသပ်၏၊ ဒေါမနဿ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်သုံးသပ်၏၊ ဥပေက္ခာ၏အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်သုံးသပ်၏။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြား၍။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နံ၍။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်၍။ ကိုယ်ဖြင့် အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိ၍။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိ၍ သောမနဿ၏အကြောင်းဖြစ်သော သဘော 'ဓမ္မာရုံ'ကို ဆင်ခြင်သုံးသပ်၏၊ ဒေါမနဿ၏ အကြောင်းဖြစ်သော သဘော 'ဓမ္မာရုံ'ကို ဆင်ခြင်သုံးသပ်၏၊ ဥပေက္ခာ၏အကြောင်းဖြစ်သော သဘော 'ဓမ္မာရုံ'ကို ဆင်ခြင်သုံးသပ်၏။ ဤသို့ သောမနဿ၏ အကြောင်းဖြစ်ကုန်သော စိတ်၏ကြံစည်ခြင်း သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း၊ ဒေါမနဿ၏ အကြောင်း ဖြစ်ကုန်သော စိတ်၏ ကြံစည်ခြင်း သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း၊ ဥပေက္ခာ၏ အကြောင်းဖြစ်ကုန်သော စိတ်၏ ကြံစည်ခြင်း သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် တဆယ့်ရှစ်ပါးသော စိတ်၏ကြံစည်ခြင်း သုံးသပ်ခြင်းရှိ၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ဆို၏။

http://www.dhammadownload.com



၃၄၇။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် လေးပါးသောတည်ရာရှိ၏"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုသနည်း။ ပညာဟူသောတည်ရာ သစ္စာဟူသောတည်ရာ ကိလေသာကို စွန့်ခြင်းဟူသောတည်ရာ ကိလေသာငြိမ်းခြင်းဟူသော တည်ရာသည် ရှိ၏။ "ရဟန်း ဤပုဂ္ဂိုလ်သတ္တဝါသည် လေးပါးသော တည်ရာရှိ၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ဆို၏။

၃၄၈။ "ဝိပဿနာပညာကို မမေ့ရာ၊ ဝစီသစ္စာကို စောင့်ရာ၏၊ကိလေသာစွန့်ခြင်းကို အားထုတ်ရာ၏၊ကိလေသာငြိမ်းအေးခြင်းကိုသာလျှင် ကျင့်ရာ၏"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုသနည်း။ရဟန်း အဘယ်သို့လျှင် ဝိပဿနာပညာကို မမေ့မလျော့သနည်း။ရဟန်း ဓာတ်တို့သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်အားဖြင့် ဤခြောက်ပါးတို့တည်း။

၃၄၉။ ရဟန်း မြေ'ပထဝီ'ဓာတ်ဟူသည် အဘယ်နည်း။ မြေ'ပထဝီ'ဓာတ်သည် အချို့ အတွင်းသန္တာန်၌ ဖြစ်၏၊ အချို့အပသန္တာန်၌ ဖြစ်၏။ ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော မြေ'ပထဝီ'ဓာတ်ဟူသည် အဘယ်နည်း။မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ခက်မာကြမ်းထမ်းခြင်းသို့ ရောက်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်တည်း။ ဤရုပ်ဟူသည် အဘယ်နည်း၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း၊ ဤဆိုခဲ့ပြီးမှ တပါးလည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ခက်မာကြမ်းထမ်းခြင်းသို့ရောက်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ရဟန်း ဤရုပ်စုကို အတွင်းသန္တာန်၌ ဖြစ်သော မြေဓာတ်ဟူ၍ ဆိုရ၏။

အတွင်းသန္တာန်၌ ဖြစ်သော မြေ'ပထဝီ'ဓာတ်သည်ရင်း အပသန္တာန်၌ဖြစ်သော မြေ'ပထဝီ' ဓာတ်သည်ရင်း မြေ'ပထဝီ'ဓာတ်သာပင်တည်း။ထိုမြေ'ပထဝီ'ဓာတ်ကို "ဤမြေ'ပထဝီ'ဓာတ်သည် ငါပိုင်မဟုတ်၊ ဤမြေ'ပထဝီ'ဓာတ်သည် ငါမဟုတ်၊ဤမြေ'ပထဝီ'ဓာတ်သည် ငါ၏အတ္တမဟုတ်"ဟု ဤမြေ'ပထဝီ'ဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့်ရှုသင့်၏ ဤသို့ ဤမြေ'ပထဝီ'ဓာတ်ကို ကောင်းသောပညာဖြင့် အမှန်အတိုင်းရှုမြင်သော် မြေ'ပထဝီ'ဓာတ်၌ ငြီးငွေ့၏၊စိတ်သည် မြေ'ပထဝီ' ဓာတ်၌ တပ်ခြင်းကင်း၏။

၃၅၀။ ရဟန်း ရေ 'အာပေါ'ဓာတ်သည် အဘယ်နည်း။ ရေ 'အာပေါ'ဓာတ်သည် အချို့ အတွင်းသန္တာန်၌ ဖြစ်၏၊ အချို့အပသန္တာန်၌ ဖြစ်၏။ အချို့ အတွင်းသန္တာန်၌ ဖြစ်သော ရေ 'အာပေါ'ဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သောရေ ရေအပါ အဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ဤရုပ်သည် အဘယ်နည်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် ဤဆိုခဲ့ပြီးသည်မှ တပါးလည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သောရေ ရေအပါအဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ရဟန်း ဤရုပ်စုကို အတွင်းသန္တာန်၌ဖြစ်သော ရေ'အာပေါ'ဓာတ်ဟူ၍ ဆိုရ၏။

အတွင်းသန္တာန်၌ ဖြစ်သော ရေ'အာပေါ'ဓာတ်သည်ရင်း အပသန္တာန်၌ ဖြစ်သော ရေ 'အာပေါ'ဓာတ်သည်ရင်း ရေ 'အာပေါ'ဓာတ်သာပင်တည်း။ ထိုရေ'အာပေါ'ဓာတ်ကို "ဤရေ

http://www.dhammadownload.com



'အာပေါ'ဓာတ်သည် ငါ့ပိုင်မဟုတ်၊ ဤရေ 'အာပေါ'ဓာတ်သည် ငါမဟုတ်၊ ဤရေ'အာပေါ'ဓာတ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့ ရေ'အာပေါ'ဓာတ်ကို အမှန်အတိုင်း ဝိပဿနာပညာဖြင့် ရှုသင့်၏။ ဤသို့ဤရေ'အာပေါ'ဓာတ်ကို ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုမြင်သော် ရေ 'အာပေါ' ဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် ရေ'အာပေါ'ဓာတ်၌ တပ်ခြင်းကင်း၏။

၃၅၁။ ရဟန်း အပူအအေး 'မီး'ဓာတ်သည် အဘယ်နည်း။ အပူအအေး 'မီး'ဓာတ်သည် အချို့ အတွင်းသန္တာန်၌ ဖြစ်၏၊ အချို့အပသန္တာန်၌ ဖြစ်၏။ ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော အပူအအေး 'မီး'ဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော အပူအအေး 'မီး' အပူအအေး 'မီး'အပါအဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ဤရုပ်သည် အဘယ်နည်း၊ အကြင်အပူအအေး 'မီး'ဓာတ်ဖြင့်လည်း ပြင်းစွာပူ၏၊ အကြင်အပူအအေး 'မီး'ဓာတ်ဖြင့်လည်း ဆွေးမြေ့ရင့်ကျက်၏၊ အကြင်အပူအအေး 'မီး'ဓာတ်ဖြင့်လည်း ထက်ဝန်းကျင်လောင်၏၊ အကြင်အပူအအေး 'မီး'ဓာတ်ဖြင့်လည်း စားအပ် သောက်အပ် ခဲအပ် လျက်အပ်သောအစာသည် ကောင်းစွာ ကျေကျက်ခြင်းသို့ရောက်၏၊ ဤဆိုခဲ့ပြီးသည်မှတပါးလည်း ဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော အပူအအေး 'မီး' အပူအအေး'မီး' အပါအဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏၊ 'ရဟန်း ဤရုပ်စုကို အတွင်းသန္တာန်၌ဖြစ်သော အပူအအေး 'မီး'ဓာတ်ဟူ၍ ဆိုရ၏။

အတွင်းသန္တာန်၌ ဖြစ်သော အကြင်အပူအအေး'မီး'ဓာတ်သည်ငှင်း အပသန္တာန်၌ ဖြစ်သော အကြင်အပူအအေး'မီး'ဓာတ်သည်ငှင်း အပူအအေး'မီး'ဓာတ်သာလျှင်တည်း။ "ဤအပူအအေး 'မီး' ဓာတ်သည် ငါ့ပိုင်မဟုတ်၊ ဤအပူအအေး'မီး'ဓာတ်သည် ငါမဟုတ်၊ ဤအပူအအေး 'မီး'ဓာတ်သည် ငါ၏ အတ္တမဟုတ်"ဟု ဤသို့ အပူအအေး'မီး'ဓာတ်ကို အမှန်အတိုင်း ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုသင့်၏။ ဤသို့ အပူအအေး 'မီး'ဓာတ်ကို ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုမြင်သော် အပူအအေး 'မီး'ဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် အပူအအေး 'မီး'ဓာတ်၌ တပ်ခြင်းကင်း၏။

၃၅၂။ ရဟန်း လေဓာတ်သည် အဘယ်နည်း။ လေဓာတ်သည် ရံခါ အတွင်း သန္တာန်၌ ဖြစ်၏၊ ရံခါ အပသန္တာန်၌ ဖြစ်၏။ ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော လေဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သော လေဓာတ် အပါအဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ဤရုပ်သည် အဘယ်နည်း၊ အထက်သို့တက်သောလေ အောက်သို့ သက်သောလေ ဝမ်း၌တည်သောလေ အူအတွင်း၌ တည်သောလေ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေ ထွက်သက်လေ ဝင်သက်လေ ဤလေတို့ပင်တည်း။ ဤဆိုခဲ့ပြီးသည်မှတပါးလည်း ဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌၊ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သောလေ လေအပါအဝင်ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ရဟန်း ဤရုပ်စုကို အတွင်းသန္တာန်၌ ဖြစ်သော လေဓာတ်ဟူ၍ ဆိုအပ်၏။

အတွင်းသန္တာန်၌ ဖြစ်သော လေဓာတ်သည်ငှင်း အပသန္တာန်၌ ဖြစ်သော လေဓာတ်သည်ငှင်း လေဓာတ်သာလျှင်တည်း။ "ဤလေဓာတ်သည် ငါ့ပိုင်မဟုတ်၊ ဤလေဓာတ်သည် ငါမဟုတ်၊ ဤလေဓာတ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့လေဓာတ်ကို ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုသင့်၏။ ဤသို့ ဤလေဓာတ်ကို ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုမြင်သော် လေဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် လေဓာတ်၌ တပ်ခြင်းကင်း၏။

http://www.dhammadownload.com



၃၅၃။ ရဟန်း အာကာသဓာတ်သည် အဘယ်နည်း။ အာကာသဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏၊ အချို့အပသန္တာန်၌ ဖြစ်၏။ ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ဟင်းလင်းအပြင် ကောင်းကင်အာကာသ ဟင်းလင်းအပြင် ကောင်းကင်အာကာသအပါအဝင် ဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ဤရုပ်သည် အဘယ်နည်း။ နားပေါက် နှာခေါင်းပေါက် ခံတွင်းပေါက် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာကို မျိုရာအပေါက် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သောအစာတည်ရာအပေါက် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာအောက်အဘို့သို့ ထွက်ရာအပေါက်တို့တည်း။ ဤဆိုခဲ့ပြီးသည်မှတပါးလည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ဟင်းလင်းအပြင် ကောင်းကင်အာကာသ ဟင်းလင်းအပြင် ကောင်းကင်အာကာသအပါအဝင် ဖြစ်သော ရေးခြစ်မထင် ကောင်းကင်အာကာသ ကောင်းကင်အာကာသ၌ အတွင်းဝင်သော ဟင်းလင်းအပေါက် ဟင်းလင်းအပေါက်၌ အတွင်းဝင်သော အသားအသွေးတို့ဖြင့် မတွေ့ထိသော တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ကမ္မဇရုပ်သည် ရှိ၏။ ရဟန်း ဤရုပ်စုကို အတွင်းသန္တာန်၌ ဖြစ်သော အာကာသဓာတ်ဟူ၍ ဆိုအပ်၏။

အတွင်းသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည်၎င်း အပသန္တာန်၌ဖြစ်သော အာကာသဓာတ်သည်၎င်း အာကာသဓာတ်ချည်းပင်တည်း။ "ဤအာကာသဓာတ်သည် ငါပိုင်မဟုတ်၊ ဤအာကာသဓာတ်သည် ငါမဟုတ်၊ ဤအာကာသဓာတ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့ အာကာသဓာတ်ကို ဝိပဿနာပညာဖြင့် အမှန်အတိုင်း ရှုသင့်၏။ ဤသို့ အာကာသဓာတ်ကို အမှန်အတိုင်း ဝိပဿနာပညာဖြင့် ရှုမြင်သော် အာကာသဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် အာကာသဓာတ်၌ တပ်ခြင်းကင်း၏။

၃၅၄။ ထိုမှတပါး ထက်ဝန်းကျင် စင်ကြယ်သော ဖြူစင်သော ဝိညာဏ်သည်သာလျှင် ကြွင်းကျန်၏၊ ထိုဝိညာဏ်ဖြင့် အဘယ်ကို သိသနည်း။ ချမ်းသာဟူ၍လည်း သိ၏၊ ဆင်းရဲဟူ၍လည်း သိ၏၊ ဥပေက္ခာဟူ၍လည်း သိ၏၊ ရဟန်း သုခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏၊ ထိုသူသည် သုခဝေဒနာကို ခံစားသည်ရှိသော် ငါ သုခဝေဒနာကို ခံစား၏ဟု သိ၏၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအား လျော်သော ခံစားခြင်း ဝေဒနာကို ဖြစ်စေတတ်သော သုခဝေဒနာ၏အကြောင်းဖဿကို စွဲ၍ ဖြစ်ပေါ်ခဲ့သော သုခဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၅၅။ ရဟန်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏၊ ထိုသူသည် ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ငါ ဒုက္ခဝေဒနာကို ခံစား၏ဟု သိ၏။ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ခံစားခြင်း ဝေဒနာကို ဖြစ်စေတတ်သော ဒုက္ခဝေဒနာ၏ အကြောင်းဖဿကို စွဲ၍ ဖြစ်ပေါ်ခဲ့သော ဒုက္ခဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၅၆။ ရဟန်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏၊ ထိုသူသည် ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော် ငါ ဥပေက္ခာဝေဒနာကို ခံစား၏ဟု သိ၏။ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအား လျော်

http://www.dhammadownload.com



သော ခံစားခြင်းဝေဒနာကို ဖြစ်စေတတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖဿကိုစွဲ၍ ဖြစ်ပေါ်ခဲ့သော ဥပေက္ခာဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၅၇။ ရဟန်း ဥပမာအားဖြင့် နှစ်ချောင်းကုန်သော ထင်းတို့၏ ထိခိုက်ခြင်း ပေါင်းဆုံခြင်းကြောင့် အငွေ့ဖြစ်ပေါ်၏၊ မီးဖြစ်ပေါ်၏၊ ထိုနှစ်ချောင်းကုန်သော ထင်းတို့၏သာလျှင် (မထိမခိုက်ပဲ) အသီးအသီး တခြားစီ ဖြစ်ခြင်းကြောင့် ကင်းခြင်းကြောင့် ထိုထင်းအားလျော်စွာ ဖြစ်သော အငွေ့သည် ချုပ်သကဲ့သို့ ငြိမ်းအေးသကဲ့သို့ ဤဥပမာအတူသာလျှင် သုခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏၊ ထိုသူသည် သုခဝေဒနာကို ခံစားသည်ရှိသော် ငါသုခဝေဒနာကို ခံစား၏ဟု သိ၏။ သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ခံစားခြင်း ဝေဒနာကို ဖြစ်စေတတ်သော သုခဝေဒနာ၏ အကြောင်း ဖဿကိုစွဲ၍ ဖြစ်ပေါ်ခဲ့သော သုခဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၅၈။ ရဟန်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏၊ ထိုသူသည် ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ငါဒုက္ခဝေဒနာကို ခံစား၏ဟု သိ၏။ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ခံစားခြင်း ဝေဒနာကို ဖြစ်စေတတ်သော ဒုက္ခဝေဒနာ၏ အကြောင်းဖဿကို စွဲ၍ ဖြစ်ပေါ်ခဲ့သော ဒုက္ခဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၅၉။ ရဟန်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဥပေက္ခာဝေဒနာသည် ဖြစ်၏၊ ထိုသူသည် ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော် ငါဥပေက္ခာဝေဒနာကို ခံစား၏ဟု သိ၏။ ဥပေက္ခာဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ခံစားခြင်း ဝေဒနာကို ဖြစ်စေတတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်း ဖဿကို စွဲ၍ ဖြစ်ပေါ်ခဲ့သော ဥပေက္ခာဝေဒနာသည် ချုပ်၏၊ ငြိမ်းအေး၏ဟု သိ၏။

၃၆၀။ ထိုမှတပါး ထက်ဝန်းကျင် စင်ကြယ်သော ထက်ဝန်းကျင်ဖြူစင်သော စတုတ္ထဈာန် ဥပေက္ခာသည်သာ ကြွင်း၏၊ထိုဥပေက္ခာသည် နူးညံ့လည်း နူးညံ့၏၊ ပြုလုပ်လိုရလည်း ရ၏၊ ပြိုးပြိုးပြက် အရောင်လည်း ရှိ၏။ ရဟန်း ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော ရွှေပန်းထိမ်သည်သည်၎င်း ရွှေပန်းထိမ်သည်၏တပည့်သည်၎င်း ဖိုကို ဖွဲ့စီရင်ရာ၏၊ ဖိုကို ဖွဲ့စီရင်၍ ဖိုဝကို လိမ်းကျံရာ၏၊ ဖိုဝကို လိမ်းကျံ၍ ညှပ်ဖြင့် ရွှေကိုကိုင်ယူ၍ ဖိုဝ၌ ထားရာ၏။ထိုရွှေကို ရံခါရံခါ မှုတ်ရာ၏၊ ရံခါရံခါ ရေဖြင့် ဖျန်းရာ၏၊ ရံခါရံခါ ရှုရာ၏၊ ဦးပြီးသော လျော့ပြီးသော ထင်ရှားသောအပြစ် သိမ်မွေ့သောအပြစ် ကင်းသော ထိုရွှေသည် နူးညံ့လည်း နူးညံ့၏၊ ပြုလုပ်လိုရလည်း ရ၏၊ ပြိုးပြိုးပြက် အရောင်လည်း ထွက်၏၊ ရွှေပြားအတွက်ဖြစ်စေ နားဘောင်းအတွက်ဖြစ်စေ လည်ရွဲတန်ဆာအတွက်ဖြစ်စေ ရွှေပန်းခိုင်အတွက်ဖြစ်စေ မည်သည့်တန်ဆာ ပြုလုပ်ရန်မဆို တန်ဆာအထူးကို အလိုရှိငြားအံ့၊ ထိုရွှေပန်းထိမ်သည်အား ထိုထိုအကျိုးကို ခံစားရသကဲ့သို့ ဤဥပမာအတူသာလျှင် ထက်ဝန်းကျင် စင်ကြယ်သော ထက်ဝန်းကျင် ဖြူစင်သော ဥပေက္ခာသည်သာ ကြွင်း၏၊ ထိုဥပေက္ခာသည် နူးညံ့လည်း နူးညံ့၏၊ ပြုလုပ်လိုရလည်း ရ၏၊ ပြိုးပြိုးပြက် အရောင်လည်း ရှိ၏။

၃၆၁။ ထိုသူသည် ဤသို့သိ၏ "ငါသည် ဤသို့ ထက်ဝန်းကျင်စင်ကြယ်သော ဤသို့ထက်ဝန်းကျင် ဖြူစင်သော ဤရှုပါဝစရစတုတ္ထဈာန်ဥပေက္ခာကို အာကာသာနဉ္စာယတနဈာန်သို့ အကယ်၍

http://www.dhammadownload.com



ဆောင်ငြားအံ့၊ ထိုအာကာသာနဉ္စာယတနစျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤသို့ ပွါးသော် ငါ၏ဥပေက္ခာသည် ထိုအာကာသာနဉ္စာယတနစျာန်ကို မှီသည်ဖြစ်၍ ထိုအာကာသာနဉ္စာယတနစျာန်ကို စွဲလမ်းသည်ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏။

ငါသည် ဤသို့ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက်ဝန်းကျင် ဖြူစင်သော ရူပါဝစရ စတုတ္ထစျာန်ဥပေက္ခာကို ဝိညာဏဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုဝိညာဏဉ္စာယတန စျာန်သို့အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤသို့ ပွါးသော် ငါ၏ဤဥပေက္ခာသည် ထို ဝိညာဏဉ္စာယတနစျာန်ကို မှီသည်ဖြစ်၍ ထိုဝိညာဏဉ္စာယတနစျာန်ကို စွဲလမ်းသည်ဖြစ်၍ ရှည်မြင့်စွာ သော ကာလပတ်လုံး တည်ရာ၏။

ငါသည် ဤသို့ ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက်ဝန်းကျင် ဖြူစင်သော ဤရူပါဝစရ စတုတ္ထစျာန်ဥပေက္ခာကို အာကိဉ္စညာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုအာကိဉ္စ ညာယတနစျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤသို့ ပွါးသော် ငါ၏ ဤဥပေက္ခာသည် ထိုအာကိဉ္စညာယတနစျာန်ကို မှီသည်ဖြစ်၍ ထိုအာကိဉ္စညာယတနစျာန်ကို စွဲလမ်း သည်ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏။

ငါသည် ဤသို့ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက်ဝန်းကျင် ဖြူစင်သော ဤရူပါဝစရ စတုတ္ထစျာန်ဥပေက္ခာကို နေဝသညာနာသညာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထို နေဝသညာနာသညာယတနစျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤသို့ ပွါးသော် ငါ၏ ဤဥပေက္ခာသည် ထိုနေဝသညာနာသညာယတနစျာန်ကို မှီသည်ဖြစ်၍ ထိုနေဝသညာ နာသညာယတနစျာန်ကို စွဲလမ်းသည်ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏”ဟု (သိ၏)။

၃၆၂။ ထိုသူသည် ဤသို့သိ၏ “ငါသည် ဤသို့ ထက်ဝန် ကျင် စင်ကြယ်သော ဤသို့ ထက် ဝန်းကျင် ဖြူစင်သော ဤရူပါဝစရစတုတ္ထစျာန် ဥပေက္ခာကို အာကာသာနဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုအာကာသာနဉ္စာယတနစျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကို လည်း ပွါးငြားအံ့၊ ဤအာကာသာနဉ္စာယတနစျာန်သည် ပြုပြင်အပ်သော ‘သင်္ခတ’တရားတည်း။ ငါသည် ဤသို့ ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက်ပန်းကျင် ဖြူစင်သော ဤရူပါဝစရစတုတ္ထ စျာန်ဥပေက္ခာကို ဝိညာဏဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုဝိညာဏဉ္စာယတန စျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤဝိညာဏဉ္စာယတနစျာန်သည် ပြုပြင်အပ်သော ‘သင်္ခတ’တရားတည်း။ ငါသည် ဤသို့ ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက် ဝန်းကျင် ဖြူစင်သော ဤရူပါဝစရစတုတ္ထစျာန်ဥပေက္ခာကို အာကိဉ္စညာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုအာကိဉ္စညာယတနစျာန်သို့ အစဉ်လိုက်သော သဘောရှိသော ရူပစျာန်စိတ်ကို လည်း ပွါးငြားအံ့၊ ဤအာကိဉ္စညာယတနစျာန်သည် ပြုပြင်အပ်သော ‘သင်္ခတ’တရားတည်း။ ငါသည် ဤသို့ ထက်ဝန်းကျင် စင်ကြယ်သော ဤသို့ ထက်ဝန်းကျင် ဖြူစင်သော ဤရူပါဝစရစတုတ္ထစျာန် ဥပေက္ခာကို နေဝသညာနာသညာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုနေဝသညာနာ သညာယတနစျာန်သို့ အစဉ်လိုက်သော ရူပစျာန်စိတ်ကိုလည်း ပွါးငြားအံ့၊ ဤနေဝသညာနာသညာ ယတနစျာန်သည် ပြုပြင်အပ်သော ‘သင်္ခတ’တရားတည်း”ဟု (သိ၏)။

ထိုသူသည် ကြီးပွါးခြင်းငှါလည်း ဆုတ်ယုတ်ခြင်းငှါလည်း ထိုရူပါဝစရစတုတ္ထစျာန်ဥပေက္ခာကိုမပြုပြင် မစေ့ဆော်၊ ထိုသူသည် ကြီးပွါးခြင်းငှါလည်း ဆုတ်ယုတ်ခြင်းငှါလည်း မပြုပြင် မစေ့ဆော်သော် လောက၌

http://www.dhammadownload.com



တစုံတခုကိုမျှ မစွဲလမ်း၊ မစွဲလမ်းသောသူသည် မတောင့်တ၊မတောင့်တသောသူသည် အသီးအခြား သာလျှင် ပရိနိဗ္ဗာန်ပြုရ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီ"ဟု သိ၏။

၃၆၃။ ထိုသူသည် သုခဝေဒနာကို အကယ်၍ ခံစားအံ့၊ထိုသုခဝေဒနာသည် အမြဲမရှိ 'အနိစ္စ'ဟု သိ၏၊ မျိုသိပ်၍ မထားအပ်ဟု သိ၏၊မနှစ်သက်အပ်ဟု သိ၏၊ ဒုက္ခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဒုက္ခဝေဒနာသည် အမြဲမရှိ'အနိစ္စ'ဟု သိ၏၊မျိုသိပ်၍ မထားအပ်ဟု သိ၏၊မနှစ်သက်အပ်ဟု သိ၏။ ဥပေက္ခာဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဥပေက္ခာဝေဒနာသည် အမြဲမရှိ'အနိစ္စ'ဟု သိ၏၊မျိုသိပ်၍ မထားအပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏။

၃၆၄။ ထိုသူသည် သုခဝေဒနာကို အကယ်၍ ခံစားခဲ့လျှင် ထိုသုခဝေဒနာကို ရာဂါနုသယနှင့် မယှဉ်ပဲသာလျှင် ခံစား၏။ ဒုက္ခဝေဒနာကို အကယ်၍ ခံစားခဲ့လျှင် ထိုဒုက္ခဝေဒနာကို ပဋိဃာနုသယ နှင့်မယှဉ်ပဲသာလျှင် ခံစား၏။ ဥပေက္ခာဝေဒနာကို အကယ်၍ ခံစားခဲ့လျှင် ထိုဥပေက္ခာဝေဒနာကို အဝိဇ္ဇာနုသယနှင့်မယှဉ်ပဲသာလျှင် ခံစား၏။ထိုရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာကိုယ်လျှင် အဆုံးဖြစ်သော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုလျှင် အဆုံးဖြစ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်လျှင်အဆုံးဖြစ်သော ဝေဒနာကို ခံစားသည်ရှိသော် အသက်လျှင်အဆုံးဖြစ်သော ဝေဒနာ ကို ခံစား၏ဟု သိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည့်မှနောက် အသက်ကုန်ဆုံးသည်မှ အထက်၌ ဤအာယတန တဆယ့်နှစ်ပါးတို့၌သာလျှင် မနှစ်သက်အပ်သော ခံစားမှုဝေဒနာ အလုံးစုံချုပ်ငြိမ်း ကုန်လတ္တံ့ ဟု သိ၏။

၃၆၅။ ရဟန်း ဥပမာအားဖြင့် ဆီကိုလည်း စွဲ၍ မီးစာကိုလည်း စွဲ၍ ဆီမီးသည် တောက်ပ၏၊ထို ဆီ၏ငှင်း ထိုမီးစာ၏ငှင်း ကုန်ခြင်းကြောင့် တပါးသောဝတ္ထုကိုလည်း မစွဲယူခြင်းကြောင့် အကြောင်း ကင်း၍ ငြိမ်းသကဲ့သို့ ဤဥပမာအတူသာလျှင် ခန္ဓာကိုယ်လျှင် အဆုံးဖြစ်သော ဝေဒနာကို ခံစားသည် ရှိသော် ခန္ဓာကိုယ်လျှင် အဆုံးဖြစ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်လျှင် အဆုံးဖြစ်သော ဝေဒနာကို ခံစားသည်ရှိသော် အသက်လျှင် အဆုံးဖြစ်သောဝေဒနာကို ခံစား၏ဟု သိ၏၊ ကိုယ် ခန္ဓာပျက်စီး၍ သေပြီးသည့်မှနောက် အသက်ကုန်ဆုံးသည်မှ အထက်၌ ဤအာယတနတဆယ့်နှစ်ပါး တို့၌သာလျှင် မနှစ်သက်အပ်သော ခံစားမှုအလုံးစုံသည် ချုပ်ငြိမ်းကုန်လတ္တံ့ဟု သိ၏။ ထို့ကြောင့် ဤသို့ (ဆိုခဲ့တိုင်း) ပြည့်စုံသောရဟန်းသည် အလွန်မြတ်သော ဤအရဟတ္တဖိုလ်ပညာဟူသော တည်ရာနှင့် ပြည့်စုံ၏။ ရဟန်း ခပ်သိမ်းကုန်သော ဆင်းရဲဒုက္ခတို့ ကုန်ဆုံးရာ၌ဖြစ်သော ဤဉာဏ် သည် အလွန်အကဲ မြတ်သောပညာပေတည်း။

၃၆၆။ထိုဆိုခဲ့တိုင်းပြည့်စုံသော ရဟန်းအား ထိုအရဟတ္တဖိုလ်ပညာသည် ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန်အာရုံ၌ တည်၏၊ မပျက်စီး၊ ရဟန်း ပျက်စီးခြင်းသဘောရှိသောတရားသည် မှားယွင်းသော သဘောရှိ၏၊ မမှန်ကန်။မပျက်စီးခြင်း သဘောရှိသောတရားသည် မှန်ကန်သော နိဗ္ဗာန် (နိရောဓ သစ္စာ)တည်း။ ထို့ကြောင့် ဤဆိုပြီးလက္ခဏာနှင့် ပြည့်စုံသော ရဟန်းသည် အလွန်မြတ်သော ဤပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန် ဆောက်တည်ခြင်းနှင့်ပြည့်စုံ၏။ ရဟန်း မပျက်စီးခြင်းသဘောရှိ သော နိဗ္ဗာန်သည် အလွန်အကဲမြတ်သော အရိယသစ္စာသာတည်း။

http://www.dhammadownload.com



၃၆၇။ စင်စစ် ရှေးပုထုဇဉ်ဘဝက မရသေးသောမဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အား ပြည့်ပြည့်စုံစုံ ဆောက်တည်ထားသော (ဆင်းရဲကိုဆောင်တတ်သော) ဥပဓိတို့သည် ရှိကုန်၏။ ထိုပုဂ္ဂိုလ်အား ထိုဥပဓိတို့ကို ပယ်ပြီးဖြစ်ကုန်၏၊ အမြစ်ပြတ်ပြီး ဖြစ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်ကုန်၏၊ နောင်တဖန်မဖြစ်အောင် ပြုပြီးဖြစ်ကုန်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။ ရဟန်း ထို့ကြောင့် ဤဆိုပြီးလက္ခဏာနှင့် ပြည့်စုံသော ရဟန်းသည် အလွန်မြတ်သော ဤမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ကိလေသာကို စွန့်ခြင်း ဆောက်တည်ခြင်းနှင့် ပြည့်စုံ၏။ ရဟန်း ခပ်သိမ်းသော ဥပဓိကို အရဟတ္တမဂ်ဉာဏ်ဖြင့် ဤစွန့်ခြင်းသည် အလွန်အကဲ မြတ်သော စွန့်ခြင်းတည်း။

၃၆၈။ စင်စစ် ရှေးပုထုဇဉ်ဘဝက မရသေးသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အား သူ့စည်းစိမ်ကိုရှေးရှုကြံခြင်း 'အဘိဇ္ဈာ' လိုချင်ခြင်း'ဆန္ဒ' ပြင်းစွာ တပ်နှစ်သက်ခြင်း 'သာရာဂ' သည် ဖြစ်၏၊ထိုပုဂ္ဂိုလ်အား ထိုအဘိဇ္ဈာ ဆန္ဒ သာရာဂကို ပယ်ပြီးဖြစ်၏၊အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။ စင်စစ် ရှေးပုထုဇဉ်ဘဝက မရသေးသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အား ရန်ငြိုးဖွဲ့ခြင်း'အာဃာတ' သူတပါးအား ပျက်စီးစေခြင်း'ဗျာပါဒ' ခပ်သိမ်းသော အခြင်းအရာဖြင့် ပြစ်မှားခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ထိုဒေါသသုံးမျိုးကို ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။

စင်စစ် ရှေးပုထုဇဉ်ဘဝက မရသေးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အား မသိခြင်း 'အဝိဇ္ဇာ'ပြင်းစွာတွေဝေခြင်း 'သမ္မောဟ'သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ထိုမောဟတရားကို ပယ်ပြီး ဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန်မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ရဟန်း ထို့ကြောင့် ဤဆိုခဲ့ပြီးလက္ခဏာနှင့် ပြည့်စုံသောရဟန်းသည် အလွန်မြတ်သော ဤမဂ်ဉာဏ်ဖြင့် ကိလေသာကို ငြိမ်းအေးစေခြင်း ဆောက်တည်ခြင်းနှင့် ပြည့်စုံ၏။ ရဟန်း ရာဂဒေါသ မောဟတို့၏ ဤငြိမ်းအေးခြင်းသည် အလွန်အကဲမြတ်သော ငြိမ်းအေးခြင်းတည်း။ "ပညာကို မမေ့လျော့ရာ၊ ဝစီသစ္စာကို အစဉ်စောင့်ရှောက်ရာ၏၊ ကိလေသာစွန့်ခြင်းကို အားထုတ်ရာ၏၊ ထိုပုဂ္ဂိုလ်သည် ကိလေသာငြိမ်းအေးခြင်းကိုသာလျှင် ကျင့်ရာ၏" ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။

၃၆၉။ "လေးပါးသော တည်ရာရှိ၏၊ ယင်းတည်ရာလေးပါးတို့၌ တည်သောပုဂ္ဂိုလ်အား ထင်မှတ်ခြင်းဟူသော ယိုစီးခြင်းတို့သည် မဖြစ်ကုန်၊ စင်စစ် ထင်မှတ်ခြင်းဟူသော ယိုစီးခြင်းမဖြစ်သော် ကိလေသာငြိမ်းအေးသော ရဟန်းဟူ၍ ဆိုရ၏"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရဟန်း ငါဟူသည် ထင်မှတ်ခြင်းတည်း၊ ဤဟာ ငါဖြစ်၏ ဟူသည် ထင်မှတ်ခြင်းတည်း၊ ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ မဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ ရုပ်ရှိသည် ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ ရုပ်မရှိသည် ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ သညာရှိသည် ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ သညာမရှိသည် ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်သော သညာရှိသည် ဖြစ်လတ္တံ့ ဟူသည် ထင်မှတ်ခြင်းတည်း။ ရဟန်း ထင်မှတ်ခြင်းသည် အနာရောဂါတည်း၊ ထင်မှတ်ခြင်းသည် အိုင်းအမာတည်း၊ ထင်မှတ်ခြင်းသည် မြားငြောင့်တည်း။

http://www.dhammadownload.com



ရဟန်း ထင်မှတ်ခြင်း တဏှာဒိဋ္ဌိ မညနာအားလုံးတို့ကို လွန်မြောက်ခြင်းကြောင့် ကိလေသာ ငြိမ်းအေးသော ရဟန်းဟု ဆိုရ၏။ ရဟန်း ကိလေသာငြိမ်းအေးသော ရဟန်းသည် ပဋိသန္ဓေမနေ အို မသေ မပျက်စီး မတောင့်တ။ ရဟန်း အကြင်ကြောင့် ပဋိသန္ဓေနေရာ၏၊ ထိုပဋိသန္ဓေ ပေးသောကိလေသည် ထိုရဟန်းအား မရှိ၊ ပဋိသန္ဓေမနေသူသည် အဘယ်မှာ အိုလတ္တံ့နည်း၊ မအို သူသည် အဘယ်မှာ သေလတ္တံ့နည်း၊ မသေသူသည် အဘယ်မှာ ပျက်စီးလတ္တံ့နည်း၊ မပျက်စီးသူ သည် အဘယ်မှာ တောင့်တလတ္တံ့နည်း။ "ယင်းတည်ရာ လေးပါးတို့၌ တည်သောပုဂ္ဂိုလ်အား ထင်မှတ်ခြင်းဟူသော ယိုစီးခြင်းတို့သည် မဖြစ်ကုန်။ စင်စစ် ထင်မှတ်ခြင်းဟူသော ယိုစီးခြင်း မဖြစ် သော် ကိလေသာ ငြိမ်းအေးသော ရဟန်းဟူ၍ ဆိုရ၏"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ရဟန်း သင်သည် အကျဉ်းအားဖြင့် ငါဟောသော ဤဓာတ်ခြောက်ပါးကို ဝေဖန်ရာ ဓာတုဝိဘင်္ဂသုတ်ကို ဆောင်လော့ဟု (မိန့်တော်မူ၏)။

၃၇၀။ ထိုအခါ၌ အသျှင်ပုက္ကုသာတိမထေရ်သည် "ငါ့ထံသို့ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် အစဉ်ရောက်တော်မူ၏၊ ငါ့ထံသို့ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရားသည် အစဉ်ရောက်တော်မူ၏၊ ငါ့ထံသို့ သစ္စာလေးပါးကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် အစဉ်ရောက်တော်မူ၏"ဟု နှလုံးသွင်း၍ နေရာမှထလျက်လက်ဝဲပခုံးစွန်၌ သင်္ကန်း ကို တင်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့် ဝပ်လျှိုး၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "မြတ်စွာဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကြင်အကျွန်ုပ်သည် မြတ်စွာဘုရားကို ငါ့သျှင်ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ခေါ်ထိုက်၏ဟု မှတ်ထင်မိခဲ့ပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရား သည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ်ဟု သည်းခံတော်မူပါ"ဟု လျှောက်ထား၏။ ရဟန်း စင်စစ် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုးသွားခဲ့၏၊ သင်သည် ငါ့ကို ငါ့သျှင်ဟူသော ခေါ် ဝေါ်ခြင်းဖြင့် ခေါ်ထိုက်၏ဟု မှတ်ထင်ခဲ့၏၊ ရဟန်း သင်သည် အပြစ်ကို အပြစ်ဟု ရှုမြင်၍ အပြစ်အား လျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏။ အကြင်သူသည် အပြစ်ကို အပြစ်ဟု ရှုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ ဤကုစားခြင်း စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွါးခြင်းပင်တည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏ဟု (လျှောက်၏)။ ရဟန်း သင့်အား သပိတ်သင်္ကန်းသည် ပြည့်စုံပြီလောဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ်အား သပိတ်သင်္ကန်းသည် မပြည့်စုံသေးပါဟု (လျှောက်၏)။ ရဟန်း မြတ်စွာဘုရားတို့သည် သပိတ်သင်္ကန်း မပြည့်စုံသူကို ရဟန်းပြု မပေးကုန်ဟု (မိန့်တော်မူ၏)။ ထို့နောက် အသျှင်ပုက္ကုသာတိမထေရ်သည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် သပိတ်သင်္ကန်းရှာ ဖဲသွား၏။

ထိုအခါ သပိတ်သင်္ကန်းရှာ လှည့်လည်သော အသျှင်ပုက္ကုသာတိထေရ်ကို နွားမသည် လှည့်ပတ် ၍ အသက်ဇီဝိန်မှ ချပြီ။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍

http://www.dhammadownload.com



မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေကုန်၏၊ တခုသောအရပ်၌ ထိုင်နေကုန်သော ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ပုက္ကုသာတိမည်သော အမျိုးကောင်းသား အား မြတ်စွာဘုရားသည် အကျဉ်းဖြစ်သော အဆုံးအမဖြင့် ဆုံးမတော်မူခဲ့၏၊ ထိုပုက္ကုသာတိ အမျိုး ကောင်းသားသည် သေရွာလေပြီ၊ ထိုအမျိုးသား၏လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝ သည်ကား အဘယ်ပါနည်း"ဟု လျှောက်ထားကုန်၏။

ရဟန်းတို့ ပုက္ကုသာတိ အမျိုးသားသည် ပညာရှိ၏၊မှန်သောစကားကို ဆိုလေ့ရှိ၏၊ လောကုတ္တ ရာ တရားအား လျော်သော အကျင့်ရှိ၏၊ ငါ့ကိုလည်း လောကုတ္တရာတရားဟူသော အကြောင်း ကြောင့် မပင်ပန်းစေ။ ရဟန်းတို့ ပုက္ကုသာတိအမျိုးသားသည် ငါးပါးကုန်သော အောက်ကာမဘုံ၌ ဖြစ်သော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် (အဝိဟာဘုံ၌) ပဋိသန္ဓေနေ၍ ထိုသုဒ္ဓါဝါသဘုံ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ထိုအဝိဟာဘုံမှ ပြန်လည်ခြင်း သဘောမရှိဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာ ဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ဆယ်ခုမြောက် ဓာတုဝိဘင်္ဂသုတ် ပြီး၏။

---

## ၁၁-သစ္စဝိဘင်္ဂသုတ်

၃၇၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "မြတ်စွာဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်း သည်သော်၎င်း ပုဏ္ဏားသည်သော်၎င်း နတ်သည်သော်၎င်း မာရ်သည်သော်၎င်း ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော လေးပါးကုန်သော အရိယသစ္စာတို့ကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ခွဲထွင်ခြင်း ထင်စွာပြုခြင်းဟူသော အတုမဲ့မြတ်သော ဓမ္မစကြာကို ဖြစ်စေခဲ့ပြီ။ အဘယ်လေးပါးတို့နည်းဟူမူ—ဒုက္ခဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ခွဲထွင်ခြင်း ထင်စွာပြုခြင်း။ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့်သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ခွဲထွင်ခြင်း ထင်စွာပြုခြင်း။ ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြား အားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ခွဲထွင်ခြင်း ထင်စွာ ပြုခြင်း။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း

http://www.dhammadownload.com



ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်းတို့တည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် ဗာရာဏသီပြည် ဣသိပတန မည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်၎င်း ပုဏ္ဏားသည်သော်၎င်း နတ်သည်သော်၎င်း မာရ်သည်သော်၎င်း ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော ဤလေးပါးကုန်သော အရိယသစ္စာတို့ကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်း ဟူသော အတုမဲ့ မြတ်သော ဓမ္မစကြာကို ဖြစ်စေခဲ့ပြီ။

ရဟန်းတို့ သာရိပုတြာမောဂ္ဂလာန်တို့ကို မှီဝဲကုန်လော့၊ ရဟန်းတို့ သာရိပုတြာမောဂ္ဂလာန်တို့ကို ဆည်းကပ်ကုန်လော့၊ ထိုသာရိပုတြာမောဂ္ဂလာန်တို့သည် ပညာရှိသော ရဟန်းတို့ ဖြစ်ကုန်၍ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တတ်ကုန်၏။ ရဟန်းတို့ ဥပမာအားဖြင့် သာရိပုတြာသည် မွေးသော မိခင်နှင့်တူ၏၊ မောဂ္ဂလာန်သည် မွေးပြီးသူငယ်ကို ကျွေးမွေးသူနှင့် တူ၏။ ရဟန်းတို့ သာရိပုတြာသည် သောတာပတ္တိဖိုလ်သို့ ဆောင်တတ်၏၊ မောဂ္ဂလာန်သည် အထက်ဖိုလ်တို့ကို ဆောင်တတ်၏။ ရဟန်းတို့ သာရိပုတြာသည် လေးပါးသော အရိယသစ္စာတို့ကို အကျယ်အားဖြင့် ပြောကြားခြင်းငှါ ဟောကြားခြင်းငှါ အပြားအားဖြင့် သိစေခြင်းငှါ အပြားအားဖြင့် သိအောင်ထားခြင်းငှါ ဖွင့်ပြခြင်းငှါ ဝေဖန်ချဲ့ထွင်ခြင်းငှါ ထင်စွာပြုခြင်းငှါ စွမ်းနိုင်၏ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ နေရာမှထကာ ကျောင်းတွင်းသို့ ဝင်ကြွတော်မူ၏။

၃၇၂။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား ဝင်ကြွတော်မူ၍ မကြာမီ ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု (မိန့်ဆို၏)။ "ငါ့သျှင်သာရိပုတြာ"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို ပြောဆို၏—

ငါ့သျှင်ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်၎င်း ပုဏ္ဏားသည်သော်၎င်း နတ်သည်သော်၎င်း မာရ်သည်သော်၎င်း ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော လေးပါးသော အရိယသစ္စာတို့ကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့်သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်းဟူသော အတုမဲ့ မြတ်သော ဓမ္မစကြာကို ဖြစ်စေတော်မူခဲ့ပြီ။

အဘယ်လေးပါးတို့နည်းဟူမူ—ဒုက္ခဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်း။ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်း။ ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်း။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာကို ပြောကြား

http://www.dhammadownload.com



ခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ချဲ့ထွင်ခြင်း ထင်စွာပြုခြင်းတို့တည်း။

၃၇၃။ ငါ့သျှင်တို့ ဒုက္ခဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ ပဋိသန္ဓေတည်နေခြင်း 'ဇာတိ'သည်လည်း ဆင်းရဲဒုက္ခတည်း၊ အိုခြင်း'ဇရာ'သည်လည်း ဆင်းရဲဒုက္ခတည်း၊ သေခြင်း'မရဏ' သည်လည်း ဆင်းရဲဒုက္ခတည်း၊ စိုးရိမ်ပူပန်ခြင်း 'သောက'ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့သည်လည်း ဆင်းရဲဒုက္ခတို့တည်း၊အလိုရှိအပ်သည်ကို မရခြင်းသည်လည်း ဆင်းရဲဒုက္ခတည်း၊အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဆင်းရဲဒုက္ခတို့တည်း။

ငါ့သျှင်တို့ ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ'သည် အဘယ်နည်း။ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်း၌ ရှေးဦးစွာ ဖြစ်ခြင်း ပြည့်စုံစွာဖြစ်ခြင်း (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း ကိုယ်ထင်ရှားဖြစ်ခြင်း ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း အာယတနတို့ကို ရခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ အိုမင်းခြင်း'ဇရာ'သည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်း၌ အိုခြင်း အိုသောအခြင်းအရာ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ဆုတ်ယုတ်ခြင်း မျက်စိစသော ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို အိုမင်းခြင်း 'ဇရာ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ သေခြင်း 'မရဏ'သည် အဘယ်နည်း။ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်းမှ ရွေ့လျောခြင်း ရွေ့လျောသောအခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သက်ပြတ်သေဆုံးခြင်း ကွယ်လွန်ခြင်း ခန္ဓာကိုယ်တို့၏ပျက်စီးခြင်း အကောင်ပုပ်ကို ပြစ်ချခြင်း ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို သေခြင်း 'မရဏ'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ စိုးရိမ်ပူပန်ခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော၊ အမှတ်မရှိ တခုခုသော ဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ စိုးရိမ်ခြင်း စိုးရိမ်သောအခြင်းအရာ စိုးရိမ်တတ်သောသူ၏အဖြစ် အတွင်း၌စိုးရိမ်ခြင်း အတွင်း၌ပြင်းစွာစိုးရိမ်ခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို စိုးရိမ်ပူပန်ခြင်း 'သောက'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ငိုကြွေးခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမှတ်မရှိ တခုခုသော ဆင်းရဲကြောင်းနှင့်တွေ့သော သတ္တဝါ၏ ငိုကြွေးခြင်း ပြင်းစွာငိုကြွေးခြင်း ငိုကြွေးသောအခြင်းအရာ ပြင်းစွာငိုကြွေးသော အခြင်းအရာ ငိုကြွေးသောသူ၏အဖြစ် ပြင်းစွာငိုကြွေးသူ၏အဖြစ်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ငိုကြွေးခြင်း 'ပရိဒေဝ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'သည် အဘယ်နည်း။ ငါ့သျှင်တို့ ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း ကိုယ်၌ဖြစ်သော မသာယာခြင်း ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာသောခံစားခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ကိုယ်ဆင်းရဲခြင်း'ဒုက္ခ'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'သည် အဘယ်နည်း။ ငါ့သျှင်တို့ စိတ်၌ဖြစ်သော ဆင်းရဲခြင်း စိတ်၌ဖြစ်သော မသာယာခြင်း စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာသော ခံစားခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို စိတ်ဆင်းရဲခြင်း'ဒေါမနဿ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'သည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသော ပျက်စီးခြင်းနှင့် မလွှဘ်ကင်းသော အမှတ်မရှိ တခုခုသော ဆင်းရဲကြောင်းနှင့်တွေ့သော သတ္တဝါ၏ ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပင်ပန်းသူ၏အဖြစ် ပြင်းစွာပင်ပန်းသူ၏အဖြစ်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ ပဋိသန္ဓေ တည်နေရခြင်း 'ဇာတိ'သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ပဋိသန္ဓေ တည်နေရခြင်း 'ဇာတိ'သဘော မရှိကြကုန်မူ ကောင်းလေစွ၊ ပဋိသန္ဓေတည်နေရခြင်း 'ဇာတိ'သည် ငါတို့ထံ မလာ ရောက်မူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤဇာတိမလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းမည်၏။ ငါ့သျှင်တို့ အိုမင်းခြင်း 'ဇရာ'သဘောရှိကုန်သော' သတ္တဝါတို့အား။ပ။ ငါ့သျှင်တို့ ဖျားနာခြင်း 'ဗျာဓိ'သဘောရှိကုန်သော သတ္တဝါတို့အား။ ငါ့သျှင်တို့ သေခြင်း 'မရဏ'သဘော ရှိကုန်သော သတ္တဝါတို့အား။ ငါ့သျှင်တို့ စိုးရိမ်ပူပန်ခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ကိုယ် ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း'ဥပါယာသ' သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် စိုးရိမ်ပူပန်ခြင်း 'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'သဘောမရှိကြကုန်မူ ကောင်းလေစွ၊ စိုးရိမ်ပူပန်ခြင်း 'သောက'ငိုကြွေးခြင်း 'ပရိဒေဝ'ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ သို့တောင့်တသော်သည်း ဤသောကစသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းမည်၏။

ငါ့သျှင်တို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသောဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူသည် အဘယ်တို့နည်း၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူသည် အဘယ်တို့နည်း။ ရုပ်ဥပါဒါနက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရဥပါဒါနက္ခန္ဓာ ဝိညာဏ်ဥပါဒါနက္ခန္ဓာတို့ပေတည်း။ ငါ့သျှင်တို့ ဤ (ဥပါဒါနက္ခန္ဓာငါးပါး)တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာဆင်းရဲတို့ဟု ဆိုအပ်ကုန်၏။ ငါ့သျှင်တို့ ဤတရားသဘောအလုံးစုံကို ဒုက္ခဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

၃၇၄။ ငါ့သျှင်တို့ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့်တကွဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန် နှစ်သက်ခြင်းရှိသောတဏှာတည်း။ ဤတဏှာသည် အဘယ်နည်း၊ ကာမဘုံ၌ တပ်မက်ခြင်း 'ကာမ တဏှာ' ရူပ အရူပဘုံတို့၌ တပ်မက်ခြင်း 'ဘဝတဏှာ' ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်ခြင်း 'ဝိဘဝ တဏှာ'တို့ပေတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဒုက္ခ၏ချုပ်ရာ အရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကိုစွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွန်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ နိဗ္ဗာန်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

၃၇၅။ ငါ့သျှင်တို့ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ မြတ်သောအင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့်ပင်တည်း။ ဤမဂ်အကျင့်သည် အဘယ်

http://www.dhammadownload.com



နည်း၊ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ပေတည်း။

ငါ့သျှင်တို့ မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' သည် အဘယ်နည်း။ ငါ့သျှင်တို့ ဆင်းရဲခြင်း ဒုက္ခသစ္စာ၌ သိမြင်ခြင်း ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာ၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ သိမြင်ခြင်းတည်း။ ငါ့သျှင်တို့ ဤသိမြင်ခြင်းကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' သည် အဘယ်နည်း။ ကာမအာရုံမှ လွတ်ကင်းသော ကြံခြင်း ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံခြင်း ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံခြင်းတည်း။ ငါ့သျှင်တို့ ဤကြံခြင်းကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' သည် အဘယ်နည်း။ မုသားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ကုန်းချောခြင်းမှ ရှောင်ကြဉ်ခြင်း ရုန့်ရင်းကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ပြိန်ဖျင်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။ ငါ့သျှင်တို့ ဤရှောင်ကြဉ်ခြင်းကို မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' သည် အဘယ်နည်း။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း မပေးသည့်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။ ငါ့သျှင်တို့ ဤရှောင်ကြဉ်ခြင်းကို မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' သည် အဘယ်နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းသော အသက်မွေးခြင်းကို ပယ်၍ မှန်စွာ အသက်မွေးခြင်းဖြင့် အသက်မွေး၏၊ ငါ့သျှင်တို့ ဤအသက်မွေးခြင်းကို မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' သည် အဘယ်နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ငါ့သျှင်တို့ ဤအားထုတ်ခြင်းကို မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' သည် အဘယ်နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍

http://www.dhammadownload.com



သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ ခံစားခြင်း'ဝေဒနာ'တို့၌ ခံစားခြင်း'ဝေဒနာ'ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ စိတ်၌ စိတ်ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ခန္ဓာစသော သဘောတရားတို့၌ ခန္ဓာစသော သဘောတရားတို့ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ငါ့သျှင်တို့ ဤအောက်မေ့ခြင်း 'သတိ'ကို မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ'ဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'သည် အဘယ်နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ရောက်၍ နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက်နေ၏၊ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤစတုတ္ထနှင့် စျာန်လေးပါးကို မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။ ငါ့သျှင်တို့ ဤအင်္ဂါရှစ်ပါးရှိသောမဂ်ကို ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့ ပုဗ္ဗေအထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်၎င်း ပုဏ္ဏားသည်သော်၎င်း နတ်သည်သော်၎င်း မာရ်သည်သော်၎င်း ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော ဤလေးပါးသော အရိယသစ္စာတို့ကို ပြောကြားခြင်း ဟောကြားခြင်း အပြားအားဖြင့် သိစေခြင်း အပြားအားဖြင့် သိအောင်ထားခြင်း ဖွင့်ပြခြင်း ဝေဖန်ခွဲထွင်ခြင်း ထင်စွာပြုခြင်း ဟူသော အတုမဲ့မြတ်သော ဓမ္မစကြာကို ဖြစ်စေတော်မူခဲ့ပြီဟု (မိန့်ဆို၏)။

အသျှင်သာရိပုတြာသည် ဤတရားဒေသနာတော်ကို မိန့်တော်မူ၏။ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာ၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

တဆယ့်ဘာခုမြောက် သစ္စဝိဘင်္ဂသုတ် ပြီး၏။

---

## ၁၂-ဒက္ခိဏာဝိဘင်္ဂသုတ်

၃၇၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မဟာပဇာပတိဂေါတမီသည် အသစ်ဖြစ်သော အဝတ်အစုံကိုယူ၍

http://www.dhammadownload.com



မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ သင့်လျော်ရာ၌ ထိုင်ကာ "မြတ်စွာဘုရား အကျွန်ုပ်သည် အသစ်ဖြစ်သော အဝတ်အစုံကို မြတ်စွာဘုရားကို ရည်စူး၍ ကိုယ်တိုင်ငင် ကိုယ်တိုင် ရက်ထားပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်အစုံကို အလှူခံတော်မူပါလော့"ဟု ဤစကားကို လျှောက်ထား၏။ ဤသို့လျှောက်သည် ရှိသော် မြတ်စွာဘုရားသည် မဟာပဇာပတိဂေါတမီကို "ဂေါတမီ သံဃာအား ပေးလှူလော့၊ သင်သည် သံဃာကို ပေးလှူသည်ရှိသော် ငါ့ကိုလည်း ပူဇော်ပြီး ဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့"ဟု ဤစကားကို မိန့်တော်မူ၏။

မဟာပဇာပတိဂေါတမီသည် နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို"မြတ်စွာဘုရား အကျွန်ုပ်သည် ဤအသစ်ဖြစ်သော အဝတ်အစုံကို မြတ်စွာဘုရားကို ရည်စူး၍ ကိုယ်တိုင်ငင် ကိုယ်တိုင်ရက်ထားပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်အစုံကို အလှူခံတော်မူပါလော့"ဟု ဤစကားကို လျှောက်ထားပြန်၏။မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း မဟာပဇာပတိဂေါတမီကို "ဂေါတမီ သံဃာအား ပေးလှူလော့၊ သင်သည် သံဃာကို ပေးလှူသည်ရှိသော် ငါ့ကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့"ဟု ဤစကားကို မိန့်တော်မူ၏။ မဟာပဇာပတိဂေါတမီသည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို "မြတ်စွာဘုရား အကျွန်ုပ်သည် ဤအသစ်ဖြစ်သော အဝတ်အစုံကို မြတ်စွာဘုရားကို ရည်စူး၍ ကိုယ်တိုင်ငင် ကိုယ်တိုင်ရက်ထားပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်အစုံကို အလှူခံတော်မူပါလော့"ဟု ဤစကားကို လျှောက်ထားပြန်၏။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်လည်း မဟာပဇာပတိဂေါတမီကို "ဂေါတမီ သံဃာအား ပေးလှူလော့၊ သင်သည် သံဃာကို ပေးလှူသည်ရှိသော် ငါ့ကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီး ဖြစ်လတ္တံ့"ဟု ဤစကားကို မိန့်တော်မူ၏။

၃၇၇။ ဤသို့မိန့်တော်မူသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား "မြတ်စွာဘုရား မြတ်စွာဘုရားသည် မဟာပဇာပတိဂေါတမီ၏ အသစ်ဖြစ်သော အဝတ်အစုံကို အလှူခံတော်မူပါလော့၊ မြတ်စွာဘုရား မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားအား ကျေးဇူးများပါ၏၊ မိထွေးဖြစ်ပါ၏၊ မြတ်စွာဘုရားကို ကြီးပွါးစေပါ၏၊ ကျွေးမွေးပါ၏၊ နို့ရည်ကို ပေးသူဖြစ်ပါ၏၊ မယ်တော်နတ်ရွာစံသည်ရှိသော် မြတ်စွာဘုရားကို နို့တိုက်ပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည်လည်း မဟာပဇာပတိ ဂေါတမီအား ကျေးဇူးများပါ၏၊မြတ်စွာဘုရား မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ဘုရားကို ဆည်းကပ်ပါ၏၊ တရားကို ဆည်းကပ်ပါ၏၊ သံဃာကို ဆည်းကပ်ပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊မူးယစ်ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏၊ တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏၊ သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏၊ အရိယာတို့သည် နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏၊မြတ်စွာဘုရား မြတ်စွာဘုရားကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ဒုက္ခသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခချုပ်ရာ

http://www.dhammadownload.com



နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ ယုံမှားကင်း၏။မြတ်စွာဘုရား မြတ်စွာဘုရား သည်လည်း မဟာပဇာပတိဂေါတမီအား ကျေးဇူးများပါ၏"ဟု ဤစကားကို လျှောက်ထား၏။

၃၇၇။ အာနန္ဒာ ဤစကားသည် ဤအတိုင်းမှန်၏၊ အာနန္ဒာ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရားကို ဆည်းကပ်ခြင်းသို့ ရောက်၏၊တရားကို ဆည်းကပ်ခြင်းသို့ ရောက်၏၊သံဃာကို ဆည်းကပ်ခြင်းသို့ ရောက်၏။ အာနန္ဒာ ဤဆရာဖြစ်သော ပုဂ္ဂိုလ်အား ဤတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ အသက်၏အရံအတား ဆေးတို့ကို ပေးကမ်းခြင်းဖြင့် ကျေးဇူးတုန့်ပြန်ခြင်းကို ကောင်းသော ကျေးဇူးတုန့်ပြန်ခြင်းဟု ငါမဟော။

အာနန္ဒာ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မူးယစ်ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ အာနန္ဒာ ဤဆရာဖြစ်သော ပုဂ္ဂိုလ်အား ဤတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ အသက်၏အရံအတား ဆေးတို့ကို ပေးကမ်းခြင်းဖြင့် ကျေးဇူးတုန့်ပြန်ခြင်းကို ကောင်းသော ကျေးဇူးတုန့်ပြန်ခြင်းဟု ငါမဟော။

အာနန္ဒာ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ တရား၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ သံဃာ၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ အရိယာတို့သည် နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ အာနန္ဒာ ဤဆရာဖြစ်သော ပုဂ္ဂိုလ်အား ဤတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ အသက်၏ အရံအတားဆေးတို့ကို ပေးကမ်းခြင်းဖြင့် ကျေးဇူးတုန့်ပြန်ခြင်းကို ကောင်းသော ကျေးဇူးတုန့်ပြန်ခြင်းဟု ငါမဟော။

အာနန္ဒာ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဒုက္ခသစ္စာ၌ ယုံမှားကင်း၏၊ ဒုက္ခဖြစ်ကြောင်း 'သမုဒယသစ္စာ'၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာ 'နိရောဓသစ္စာ'၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော 'မဂ္ဂသစ္စာ'၌ ယုံမှားကင်း၏၊ အာနန္ဒာ ဤဆရာဖြစ်သော ပုဂ္ဂိုလ်အား ဤတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးတို့ကို ပေးကမ်းခြင်းဖြင့် ကျေးဇူးတုန့်ပြန်ခြင်းကို ကောင်းသော ကျေးဇူးတုန့်ပြန်ခြင်းဟု ငါမဟော။

၃၇၉။ အာနန္ဒာ ပုဂ္ဂလိကဖြစ်သော အလှူတို့သည် ဤတဆယ့်လေးပါးတို့တည်း။ အဘယ် တဆယ့်လေးပါးတို့နည်းဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားအား အလှူကို ပေးလှူ၏၊ ဤကား ရှေးဦးစွာသော ပုဂ္ဂလိက အလှူတည်း။ ပစ္စေကဗုဒ္ဓါအား အလှူကို ပေးလှူ၏၊ဤကား နှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ ဘုရား၏တပည့်ဖြစ်သော ရဟန္တာအား အလှူကို ပေးလှူ၏၊ ဤကား သုံးခုမြောက် ပုဂ္ဂလိကအလှူ

http://www.dhammadownload.com



တည်း။အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား လေးခုမြောက် ပုဂ္ဂလိကအလှူတည်း။အနာဂါမ်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား ငါးခုမြောက် ပုဂ္ဂလိကအလှူတည်း။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား ခြောက်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ သကဒါဂါမ်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ဤကား ခုနစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား ရှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ သောတာပန်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား ကိုးခုမြောက် ပုဂ္ဂလိကအလှူတည်း။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား ဆယ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ သာသနာပအခါ ဝိကွမ္ဘနပဟာန်ဖြင့် ရာဂကို ပယ်ခွါပြီးသော ကမ္မဝါဒီ ကိရိယဝါဒီပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား တဆယ့်တခုမြောက် ပုဂ္ဂလိကအလှူတည်း။ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၏၊ ဤကား တဆယ့်နှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။ သီလမရှိသော ပုထုဇဉ်အား အလှူကို ပေးလှူ၏၊ ဤကား တဆယ့်သုံးခုမြောက် ပုဂ္ဂလိကအလှူတည်း။ တိရစ္ဆာန်အား အလှူကို ပေးလှူ၏၊ ဤကား တဆယ့်လေးခုမြောက် ပုဂ္ဂလိကအလှူတည်း။

အာနန္ဒာ ထိုတဆယ့်လေးပါးသောအလှူတို့တွင် တိရစ္ဆာန်အား အလှူကို ပေးလှူ၍ အလှူ၏အကျိုး အဆအရာ မချွတ် ဖြစ်လတ္တံ့။ သီလမရှိသော ပုထုဇဉ်အား အလှူကို ပေးလှူ၍ အလှူ၏အကျိုး အဆအထောင် မချွတ်ဖြစ်လတ္တံ့။ သီလရှိသော ပုထုဇဉ်အား အလှူကို ပေးလှူ၍ အလှူ၏အကျိုး အဆပေါင်း ကုဋေတသိန်း မချွတ်ဖြစ်လတ္တံ့။ သာသနာပအခါ ဝိက္ခမ္ဘနပဟာန်ဖြင့် ရာဂကို ပယ်ခွါပြီးသောကမ္မဝါဒီ ကိရိယဝါဒီပုဂ္ဂိုလ်အား အလှူကို ပေးလှူ၍ အလှူ၏ အကျိုးအဆပေါင်း ကုဋေအသိန်း မချွတ်ဖြစ်လတ္တံ့။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား အလှူကို ပေးလှူ၍ မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော အလှူ၏အကျိုး
၄ မချွတ်ဖြစ်လတ္တံ့။ သောတာပန်ပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ သကဒါဂါမ်ပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ အနာဂါမ်ပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ရဟန္တာအား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ပစ္စေကဗုဒ္ဓါအား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အသုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

၃၈၀။ အာနန္ဒာ သံဃိကဖြစ်သော အလှူတို့သည် ဤခုနစ်ပါးတို့တည်း။ အဘယ်ခုနစ်ပါးတို့နည်းဟူမူ — ဘုရားအမှူးရှိသော နှစ်မျိုးသော ရဟန်းယောကျ်ား ရဟန်းမိန်းမသံဃာအား အလှူကို ပေးလှူ၏၊ ဤကား ရှေးဦးစွာသော သံဃိကအလှူတည်း။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပြီးသော် နှစ်မျိုးသော ရဟန်းယောကျ်ား ရဟန်းမိန်းမသံဃာအား အလှူကို ပေးလှူ၏၊ ဤကား နှစ်ခုမြောက် သံဃိကအလှူတည်း၊ ရဟန်းယောကျ်ားသံဃာအား အလှူကို ပေးလှူ၏၊ ဤကား သုံးခုမြောက် သံဃိကအလှူတည်း။ ရဟန်းမိန်းမသံဃာအား အလှူကို ပေးလှူ၏၊ ဤကား လေးခုမြောက် သံဃိကအလှူတည်း။ အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်း

http://www.dhammadownload.com



ဧယောကျ်ားတို့ကိုင်း ရဟန်းမိန်းမတို့ကိုင်း သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏၊ ဤကား ငါးခုမြောက် သံဃိကအလှူတည်း။ အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်းယောကျ်ားတို့ကို သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏၊ ဤကား ခြောက်ခုမြောက် သံဃိကအလှူတည်း။ အကျွန်ုပ်အား ဤမျှလောက် အရေအတွက်ရှိသော ရဟန်းမိန်းမတို့ကို သံဃာမှ ညွှန်းချပါကုန်လော့ဟု အလှူကို ပေးလှူ၏၊ ဤကား ခုနစ်ခုမြောက် သံဃိကအလှူတည်း။

အာနန္ဒာ စင်စစ် အနာဂတ်ကာလ၌ ရဟန်းဟူသော အနွယ်မျှကို ဆောင်ကုန်သော သင်္ကန်းလည်၌ ရောက်ကုန်သော သီလမရှိကုန်သော ယုတ်မာသော တရားရှိသူတို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုသီလမရှိကုန်သော သူတို့၌ သံဃာကို ရည်ညွှန်း၍ အလှူကို ပေးလှူကုန်လတ္တံ့၊ အာနန္ဒာ ထိုအခါ၌သော်လည်း သံဃိကအလှူကို မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏ဟု ငါဟော၏၊ အာနန္ဒာ မည်သည့်နည်းပရိယာယ်နှင့်မျှ သံဃိကဒါနထက် ပုဂ္ဂလိကဒါနကို အထူးသဖြင့် အကျိုးများ၏ဟု ငါမဟော။

၃၈၁။ အာနန္ဒာ အလှူ၏စင်ကြယ်ခြင်းတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ—အာနန္ဒာ လှူသူဘက်မှ စင်ကြယ်၍ အလှူခံသူဘက်မှ မစင်ကြယ်သော အလှူလည်းရှိ၏။ အာနန္ဒာ အလှူခံဘက်မှ စင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်သော အလှူလည်း ရှိ၏။ အာနန္ဒာ လှူသူဘက်မှလည်း မစင်ကြယ်၊ အလှူခံသူဘက်မှလည်း မစင်ကြယ်သော အလှူလည်းရှိ၏။ အာနန္ဒာ လှူသူဘက်မှလည်း စင်ကြယ်၍ အလှူခံသူဘက်မှလည်း စင်ကြယ်သော အလှူလည်း ရှိ၏။

အာနန္ဒာ လှူသူဘက်မှ စင်ကြယ်၍ အလှူခံသူဘက်မှ မစင်ကြယ်သော အလှူသည် အဘယ်နည်း။ အာနန္ဒာ ဤလောက၌ လှူသူသည် သီလရှိ၏၊ စင်ကြယ်သောတရားရှိ၏၊ အလှူခံတို့သည် သီလမရှိကုန်၊ ယုတ်ညံ့သော အကျင့်တရားရှိကုန်၏၊ အာနန္ဒာ ဤသို့လျှင် အလှူသည် လှူသူဘက်မှသာ စင်ကြယ်၍ အလှူခံသူဘက်မှ မစင်ကြယ်။

အာနန္ဒာ အလှူခံသူဘက်မှ စင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်သော အလှူသည် အဘယ်နည်း။ အာနန္ဒာ ဤလောက၌ လှူသူသည် သီလမရှိ၊ယုတ်ညံ့သော အကျင့်တရားရှိ၏၊အလှူခံသူတို့သည် သီလရှိကုန်၏၊ စင်ကြယ်သော တရားရှိကုန်၏၊အာနန္ဒာ ဤသို့လျှင် အလှူသည် အလှူခံသူဘက်မှသာ စင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်။

အာနန္ဒာ လှူသူဘက်မှလည်း မစင်ကြယ်၊ အလှူခံသူဘက်မှလည်း မစင်ကြယ်သော အလှူသည် အဘယ်နည်း။ အာနန္ဒာ ဤလောက၌ လှူသူသည်လည်း သီလမရှိ၊ ယုတ်ညံ့သောအကျင့်တရားရှိ၏၊ အလှူခံသူတို့သည်လည်း သီလမရှိကုန်၊ ယုတ်ညံ့သော အကျင့်တရားရှိကုန်၏။ အာနန္ဒာ ဤသို့လျှင် အလှူသည် လှူသူဘက်မှလည်း မစင်ကြယ် အလှူခံသူဘက်မှလည်း မစင်ကြယ်။

အာနန္ဒာ လှူသူဘက်မှလည်း စင်ကြယ်၍ အလှူခံသူဘက်မှလည်း စင်ကြယ်သောအလှူသည် အဘယ်နည်း။ အာနန္ဒာ ဤလောက၌ လှူသူသည်လည်း သီလရှိ၏၊ စင်ကြယ်သောတရားရှိ၏၊ အလှူခံသူတို့သည်လည်း သီလရှိကုန်၏၊ စင်ကြယ်သော တရားရှိကုန်၏၊ အာနန္ဒာ ဤသို့လျှင် အလှူသည် လှူသူဘက်မှလည်း စင်ကြယ်၍ အလှူခံသူဘက်မှလည်း စင်ကြယ်၏။ အာနန္ဒာ လေးပါးကုန်သော အလှူစင်ကြယ်ခြင်းတို့သည် ဤလေးပါးတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူပြီးနောက် ဤဂါထာကို ဟောတော်မူ၏—

၃၈၂။ "အကြင်သီလရှိသော ပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သောပစ္စည်းကို ကောင်းစွာကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သောကံ၏ အကျိုးကို အလွန်ယုံကြည်လျက် သီလမရှိသော ပုဂ္ဂိုလ်တို့အား အလှူကို ပေးလှူ၏၊ထိုအလှူသည် လှူသောပုဂ္ဂိုလ်မှသာ စင်ကြယ်၏။

အကြင်သီလမရှိသောပုဂ္ဂိုလ်သည် မတရားသဖြင့် ရအပ်သော ပစ္စည်းကို မကြည်လင်သော စိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သော ကံ၏အကျိုးကို မယုံကြည်ပဲ သီလရှိသောပုဂ္ဂိုလ်တို့အား အလှူကို ပေးလှူ၏၊ထိုအလှူသည် အလှူခံသောပုဂ္ဂိုလ်ဘက်မှသာ စင်ကြယ်၏။

အကြင်သီလမရှိသော ပုဂ္ဂိုလ်သည် မတရားသဖြင့် ရအပ်သော ပစ္စည်းကို မကြည်လင်သော စိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သော ကံ၏အကျိုးကို မယုံကြည်ပဲ သီလမရှိသောပုဂ္ဂိုလ်တို့အား အလှူကို ပေးလှူ၏။ ထိုအလှူကို ကြီးကျယ်ပြန့်ပြောသော အကျိုးရှိ၏ဟု ငါမဟော။

အကြင်သီလရှိသော ပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သော ပစ္စည်းကို ကြည်လင်သော စိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သော ကံ၏ အကျိုးကို အလွန်ယုံကြည်လျက် သီလရှိသော ပုဂ္ဂိုလ်တို့အား အလှူကို ပေးလှူ၏၊ ထိုအလှူကို စင်စစ် ကြီးကျယ်ပြန့်ပြောသော အကျိုးရှိ၏ဟု ငါဟော၏။

အကြင်ရာဂကင်းပြီးသော ပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သော ပစ္စည်းကို ကြည်လင်သော စိတ်ရှိ၍ ကြီးကြယ်မြင့်မြတ်သော ကံ၏အကျိုးကို အလွန်ယုံကြည်လျက် ရာဂကင်းပြီးသော ပုဂ္ဂိုလ်တို့အား အလှူကို လှူ၏၊ ထိုအလှူကို စင်စစ် ရာဂမကင်းသော ပုဂ္ဂိုလ်တို့၏ အလှူဒါနတို့ထက် မြတ်၏ဟု ငါဟော၏ဟု (မိန့်တော်မူ၏)။

ထဆယ့်နှစ်ခုမြောက် ဒက္ခိဏာဝိဘင်္ဂသုတ် ပြီး၏။

# လေးခုမြောက် ဝိဘင်္ဂဝဂ် ပြီး၏။

http://www.dhammadownload.com

# ၅-သဠာယတနဝဂ်

## ၁-အနာထပိဏ္ဍိကောဝါဒသုတ်

၃၈၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ဖျားနာနေ၏၊ ဒုက္ခရောက်နေ၏၊ အသည်းအသန် မမာနေ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် ယောကျ်ား တယောက်ကို ခေါ်၍ “အမောင်ယောကျ်ား လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်လေလော့ ‘အသျှင်ဘုရား အနာထပိဏ် သူဌေးသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာဖြစ်နေပါ၏၊ထိုအနာထပိဏ် သူဌေးသည် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်ပါ၏’ဟူ၍လည်း လျှောက်လေလော့။အသျှင် သာရိပုတြာထံသို့လည်း ချဉ်းကပ်၍ ငါ၏စကားဖြင့် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးတိုက် လေလော့ ‘အသျှင်ဘုရား အနာထပိဏ်သူဌေးသည် ဖျားနာနေပါ၏၊ဒုက္ခရောက်နေပါ၏၊ အသည်း အသန် မမာဖြစ်နေပါ၏၊ ထိုအနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာ၏ ခြေတို့ကို ဦးတိုက် ပါ၏၊ ‘အသျှင်သာရိပုတြာ တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် အနာထပိဏ်သူဌေး၏ အိမ်သို့ အစဉ်သနားသည်ကို အကြောင်းပြု၍ ချဉ်းကပ်တော်မူပါလော့’ဟူ၍”လည်း လျှောက်လေ လော့”ဟု ပြောဆို၏။

“အသျှင်သူဌေး ကောင်းပါပြီ”ဟု ထိုယောကျ်ားသည် အနာထပိဏ်သူဌေးအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို အလွန်ရှိသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် ထိုယောကျ်ားသည် မြတ်စွာဘုရားကို “အသျှင်ဘုရား အနာ ထပိဏ်သူဌေးသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာဖြစ်နေပါ၏၊ထိုအနာ ထပိဏ်သူဌေးသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏”ဟု ဤစကားကို လျှောက်ထား၏။ အသျှင်သာရိပုတြာထံသို့လည်း ချဉ်းကပ်၍ အသျှင်သာရိပုတြာကို အလွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် ထိုယောကျ်ားသည် အသျှင်သာရိပုတြာကို “အသျှင်ဘုရား အနာထပိဏ်သူဌေးသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာဖြစ်နေပါ၏၊ ထိုအနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာ၏ ခြေတို့ကို ဦးတိုက်ပါ၏ ‘အသျှင်ဘုရားသာရိပုတြာ တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် အနာထပိဏ်သူဌေး၏ အိမ်သို့ အစဉ်သနားသည်ကို အကြောင်းပြု၍ ချဉ်းကပ်တော်မူပါလော့’ ဟူ၍”လည်း လျှောက်လိုက်ပါ၏ဟု ဤစကားကို လျှောက်ထား၏။ အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

၃၈၄။ ထိုအခါ အသျှင်သာရိပုတြာသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် အသျှင်အာနန္ဒာကို နောက်လိုက်ရဟန်းပြုကာ အနာထပိဏ်သူဌေး၏အိမ်ဆီသို့ ချဉ်းကပ်၍ ခင်းထား သောနေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာသည် အနာထပိဏ်သူဌေးကို “သူဌေး အသို့နည်း၊ သင့်အား ခန့်ကျန်းပါ၏လော၊ (ဣရိယာပထ)မျှတပါ၏လော၊ ဒုက္ခဝေဒနာတို့သည် ဆုတ်ယုတ်ပါ

http://www.dhammadownload.com



ကုန်၏လော၊ မတိုးတက်ပဲ ရှိပါကုန်၏လော၊ ဆုတ်ယုတ်သောအရာသည် ထင်ပါ၏လော၊ တိုးတက်သောအရာသည် မထင်ပဲ ရှိပါ၏လော”ဟု ဤစကားကို မေးမြန်းပြောဆို၏။

အသျှင်ဘုရားသာရိပုတြာ အကျွန်ုပ် မခံနိုင်ပါ၊ (ဣရိယာပထ)မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်သော ဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အရာသည် ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါ။

အသျှင်ဘုရားသာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် ထက်စွာသော ခက်ရင်းဖြင့် ထိပ်ကို ထိုး၍နှိပ်ဘိသကဲ့သို့ အသျှင်ဘုရားသာရိပုတြာ ဤအတူသာလျှင် အကျွန်ုပ်အား ပြင်းထန်သော လေတို့သည် ဦးထိပ်၌ ထိုးကျင့်ပါကုန်၏။ အသျှင်သာရိပုတြာ အကျွန်ုပ် မခံနိုင်ပါ၊(ဣရိယာပထ)မမျှတပါ၊အကျွန်ုပ်အား ပြင်းထန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါ။

အသျှင်ဘုရားသာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားရေကြိုးပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်ခြင်းကို ပေးရာသကဲ့သို့ အသျှင်ဘုရားသာရိပုတြာ ဤအတူသာလျှင် အကျွန်ုပ်အား ဦးခေါင်း၌ အလွန်ပြင်းထန်ကုန်သော ဦးခေါင်းကိုက်သော ဝေဒနာတို့သည် ဖြစ်ပါကုန်၏။ အသျှင်ဘုရားသာရိပုတြာ အကျွန်ုပ်အား မခံနိုင်ပါ၊ (ဣရိယာပထ) မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သောအရာသည် မထင်ပါ။

အသျှင်ဘုရားသာရိပုတြာ ဥပမာအားဖြင့် ကျွမ်းကျင်လိမ္မာသော နွားသတ်ယောကျ်ားသည် ၎င်း နွားသတ်ယောကျ်ား၏ တပည့်သည်၎င်း ထက်သုစွာသော သားလှီးဓားဖြင့် ဝမ်းကို ရစ်၍ လှီးဘိသကဲ့သို့ အသျှင်ဘုရားသာရိပုတြာ ဤအတူသာလျှင် ပြင်းပြကုန်သော လေတို့သည် ဝမ်းကို ရစ်ကုန်၏၊ အသျှင်ဘုရားသာရိပုတြာ အကျွန်ုပ်အား မခံနိုင်ပါ၊ (ဣရိယာပထ) မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ဆုတ်ယုတ်သော အရာသည် မထင်ပါ။

အသျှင်ဘုရားသာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားနှစ်ယောက်တို့သည် အလွန်အားနည်းသော ယောကျ်ားကို အသီးအသီး လက်မောင်းတို့၌ ကိုင်၍ မီးကျီးစဉ်၌ ကင်ကုန်ရာသကဲ့သို့ အပြန်အလှန် ကင်ကုန်ရာသကဲ့သို့ အသျှင်ဘုရားသာရိပုတြာ ဤအတူသာလျှင် ခန္ဓာကိုယ်၌ ပြင်းပြင်းထန်ထန် ပူလောင်ခြင်းသည် ဖြစ်ပါ၏။ အသျှင်ဘုရားသာရိပုတြာ အကျွန်ုပ် မခံနိုင်ပါ၊ (ဣရိယာပထ)မမျှတပါ၊အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါဟု (လျှောက်ထား၏)။

၃၈၅။ သူဌေးထို့ကြောင့် သင်သည်ဤသို့ကျင့်ရမည်“စက္ခုပသာဒကို ငါမစွဲလမ်းအံ့၊စက္ခုပသာဒကိုမှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့”ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် “သောတပသာဒကို ငါမစွဲလမ်းအံ့၊သောတပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့”ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။သူဌေး

http://www.dhammadownload.com



ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ဃာနပသာဒကို ငါမစွဲလမ်းအံ့၊ ဃာနပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "ဇိဝှါပသာဒကို ငါမစွဲလမ်းအံ့၊ ဇိဝှါပသာဒကိုမှီ၍ ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ကာယပသာဒကို ငါမစွဲလမ်းအံ့၊ ကာယပသာဒကိုမှီ၍ ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "မနောဒွါရကို ငါမစွဲလမ်းအံ့၊ မနောဒွါရကိုမှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၁)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "ရူပါရုံကို ငါမစွဲလမ်းအံ့၊ ရူပါရုံကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "သဒ္ဒါရုံကို ငါမစွဲလမ်းအံ့။ပ။ ဂန္ဓာရုံကို ငါမစွဲလမ်းအံ့။ပ။ ရသာရုံကို ငါမစွဲလမ်းအံ့။ပ။ ဖောဋ္ဌဗ္ဗာရုံကို ငါမစွဲလမ်းအံ့။ပ။ ဓမ္မာရုံကို ငါမစွဲလမ်းအံ့၊ ဓမ္မာရုံကို မှီ၍ ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၂)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "စက္ခုဝိညာဏ်ကို ငါမစွဲလမ်းအံ့၊ စက္ခုဝိညာဏ်ကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "သောတဝိညာဏ်ကို ငါမစွဲလမ်းအံ့။ပ။ ဃာနဝိညာဏ်ကို ငါမစွဲလမ်းအံ့။ပ။ ဇိဝှါဝိညာဏ်ကို ငါမစွဲလမ်းအံ့။ပ။ ကာယဝိညာဏ်ကို ငါမစွဲလမ်းအံ့။ပ။ မနောဝိညာဏ်ကို ငါမစွဲလမ်းအံ့၊ မနောဝိညာဏ်ကို မှီ၍ ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၃)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "စက္ခုသမ္ဖဿကို ငါမစွဲလမ်းအံ့၊ စက္ခုသမ္ဖဿကိုမှီ၍ ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "သောတသမ္ဖဿကို ငါမစွဲလမ်းအံ့။ပ။ ဃာနသမ္ဖဿကို ငါမစွဲလမ်းအံ့။ပ။ ဇိဝှါသမ္ဖဿကို ငါမစွဲလမ်းအံ့။ပ။ ကာယသမ္ဖဿကို ငါမစွဲလမ်းအံ့။ပ။ မနောသမ္ဖဿကို ငါမစွဲလမ်းအံ့၊ မနောသမ္ဖဿကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၄)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့။ပ။ ဃာနသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့။ပ။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့။ပ။ ကာယသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့။ပ။ မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို ငါမစွဲလမ်းအံ့၊ မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၅)

၃၈၆။ သူဌေးထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "ပထဝီဓာတ်ကို ငါမစွဲလမ်းအံ့၊ ပထဝီဓာတ်ကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး

http://www.dhammadownload.com



ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "အာပေါဓာတ်ကို ငါမစွဲလမ်းအံ့။ပ။ တေဇောဓာတ်ကို ငါမစွဲလမ်းအံ့။ပ။ဝါယောဓာတ်ကို ငါမစွဲလမ်းအံ့။ပ။အာကာသဓာတ်ကို ငါမစွဲလမ်းအံ့။ပ။ဝိညာဏဓာတ်ကို ငါမစွဲလမ်းအံ့၊ ဝိညာဏဓာတ်ကိုမှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၆)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ရုပ်ကို ငါမစွဲလမ်းအံ့၊ရုပ်ကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "ဝေဒနာကို ငါမစွဲလမ်းအံ့။ပ။ သညာကို ငါမစွဲလမ်းအံ့။ သင်္ခါရတို့ကို ငါမစွဲလမ်းအံ့။ပ။ ဝိညာဏ်ကို ငါမစွဲလမ်းအံ့၊ ဝိညာဏ်ကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၇)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "အာကာသာနဉ္စာယတနစျာန်ကို ငါမစွဲလမ်းအံ့၊ အာကာသာနဉ္စာယတနစျာန်ကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည်" ဝိညာဏဉ္စာယတနစျာန်ကို ငါမစွဲလမ်းအံ့။ပ။ အာကိဉ္စညာယတနစျာန်ကို ငါမစွဲလမ်းအံ့။ပ။ နေဝသညာနာသညာယတနစျာန်ကို ငါမစွဲလမ်းအံ့၊ နေဝသညာနာသညာယတနစျာန်ကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ (၈)

သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည်"ဤမျက်မှောက်လောကကို ငါမစွဲလမ်းအံ့၊ ဤမျက်မှောက်လောကကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။ သူဌေး ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "တမလွန်လောကကို ငါမစွဲလမ်းအံ့၊ တမလွန်လောကကို မှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။သူဌေး ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည် "မြင်ရ ကြားရ တွေ့ရ သိရ ရောက်ရရှာမှီးရ အဖန်ဖန်ရှာမှီးရ စိတ်ဖြင့်လှည့်လာရသော အကြင်အာရုံသည် ရှိ၏၊ ထိုအာရုံကိုလည်း ငါမစွဲလမ်းအံ့၊ထိုအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်သည် ငါ့အား မဖြစ်လတ္တံ့."ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်ဟု (မိန့်ဆို၏)။ (၉)

၃၇၇။ ဤသို့ မိန့်ဆိုသည်ရှိသော် အနာထပိဏ်သူဌေးသည် ငိုကြွေး၏၊ မျက်ရည်တို့ကို ဖြစ်စေ၏။ ထိုအခါ အသျှင်အာနန္ဒာသည် အနာထပိဏ်သူဌေးအား "သူဌေး သင်သည် စည် စိမ်တို့၌ ငြိကပ်သလော၊ သူဌေး သင်သည် ကုသိုလ်တို့၌ ဆုတ်နစ်သလော"ဟု (မိန့်ဆို၏)။ အသျှင်ဘုရားအာနန္ဒာ အကျွန်ုပ်သည် စည်းစိမ်တို့၌ မငြိကပ်ပါ၊ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ဆည်းကပ်ပါ၏၊ စိတ်ကို ပွါးစေတတ်သော ရဟန်းတို့ကိုလည်း ဆည်းကပ်ပါ၏၊ သို့သော်လည်း အကျွန်ုပ်သည် ဤသို့သဘောရှိသော တရားစကားကို မကြားရဘူးပါဟု (လျှောက်၏)။ သူဌေး အဝတ်ဖြူဝတ် လူတို့မှာ ဤသို့ပင် သဘောရှိသော တရားစကားသည် မထင်နိုင်၊ သူဌေး ဤသို့သဘောရှိသော တရားစကားသည် ရဟန်းတို့မှာသာ ထင်နိုင်၏ဟု ( န့်ဆို၏)။အသ င်ဘုရားသာရိပုတြာ တိုက်တွန်းပါ၏၊ အဝတ်ဖြူဝတ်သော လူတို့မှာလည်း ဤသို့ သဘောရှိသော တရားစကားကို ထင်ပါစေ၊ အသျှင်ဘုရား ဉာဏ်မျက်စိ၌ ကိလေသာမြူနည်းသော သဘောရှိကုန်သော အမျိုးကောင်းသားတို့သည်

http://www.dhammadownload.com



ရှိကြပါကုန်၏၊ တရားတော်ကို မနာကြားရခြင်းကြောင့် တရားတော်မှ ဆုတ်ယုတ်နေကြပါကုန်၏၊ တရားတော်ကို သိသူယ်သူတို့သည် ရှိပါကုန်လတ္တံ့ဟု (လျှောက်၏)။

ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်အာနန္ဒာတို့သည် အနာထပိဏ်သူဌေးကို ဤအဆုံးအမဖြင့် ဆုံးမ၍ နေရာမှထကာ ဖဲသွားကြကုန်၏။ ထို့နောက် အနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာနှင့် အသျှင်အာနန္ဒာတို့ ဖဲသွား၍ မကြာမီ ကွယ်လွန်လေ၏၊ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအခါ အနာထပိဏ်နတ်သားသည် သန်းကောင်ယံအချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းဖြင့် အလုံးစုံသော ဇေတဝန်ကျောင်းကို ထွန်းလင်းတောက်ပစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုး၍ သင့်လျော်သော အရပ်၌ ရပ်တည်၏၊ သင့်လျော်ရာ၌ ရပ်တည်ပြီးသော် အနာထပိဏ်နတ်သားသည် မြတ်စွာဘုရားကို ဂါထာတို့ဖြင့် လျှောက်၏—

“ဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်း ဖြစ်၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သီတင်းသုံးရာလည်း ဖြစ်၏၊ ထို့ကြောင့် အကျွန်ုပ်အား နှစ်သိမ့်ခြင်း ‘ပီတိ’ကို ဖြစ်စေပါ၏။

အလုပ်ကံစွ အသိဉာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သောအသက်မွေးမှု ဤတရားကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ကြောင့်ရင်း ဥစ္စာကြောင့်ရင်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်လျှင် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သော အကြောင်းအားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ဆင်ခြင်သော် ထိုအရိယမဂ်တရား၌ စင်ကြယ်၏။

အကြင်အနှတ်မရှိသော ရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ရောက်၏၊ ထိုရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်ခဲ့မျှသာလျှင် မြတ်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်ရင်း သီလဖြင့်ရင်း ငြိမ်သက်ခြင်းဖြင့်ရင်း (ထိုတဖက်ကမ်း နိဗ္ဗာန်ရောက် ရဟန်းဟူသမျှထက်) မြတ်၏”ဟု (လျှောက်၏)။

အနာထပိဏ်နတ်သားသည် ဤစကားကို လျှောက်ထား၏။ မြတ်စွာဘုရားသည် အခွင့်ပြုတော်မူ၏။ ထိုအခါ အနာထပိဏ်နတ်သားသည် “မြတ်စွာဘုရားသည် ငါ၏ စကားကို အခွင့်ပြုတော်မူ၏”ဟု မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ထိုအရပ်၌သာလျှင် ကွယ်လေ၏။

၃၈၈။ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်ကို လွန်သဖြင့် ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ ဤညဉ့်၌ နတ်သားတဦးသည် သန်းကောင်ယံ အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းဖြင့်အလုံးစုံသော ဇေတဝန်ကျောင်းကို ထွန်းလင်းတောက်ပစေလျက် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုးကာ သင့်လျော်ရာ၌ ရပ်တည်၏၊ သင့်လျော်ရာ၌ ရပ်တည်ပြီးသော် ထိုနတ်သားသည် ငါ့ကို ဂါထာတို့ဖြင့် လျှောက်ထား၏—

“ဤဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်း ဖြစ်၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သီတင်းသုံးရာလည်း ဖြစ်၏၊ ထို့ကြောင့် အကျွန်ုပ်အား နှစ်သိမ့်ခြင်း ‘ပီတိ’ကို ဖြစ်စေပါ၏။

http://www.dhammadownload.com



အသုပ်ကိစ္စ အသိဥာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သောအသက်မွေးမှု ဤတရားကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ကြောင့်ရင်း ဥစ္စာကြောင့်ရင်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်လျှင် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သောအကြောင်းအားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သော် ထိုအရိယမဂ်တရား၌ စင်ကြယ်၏။

အကြွင်းအမှတ်မရှိသော ရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်၏၊ ထိုရဟန်းသည် တဖက်ကမ်းနိဗ္ဗာန်သို့ ရောက်ရှိမှုသာလျှင် မြတ်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်ရင်း သီလဖြင့်ရင်း ငြိမ်သက်ခြင်းဖြင့်ရင်း(ထိုတဖက်ကမ်း နိဗ္ဗာန်ရောက် ရဟန်းဟူသမျှထက်) မြတ်၏ဟု (လျှောက်၏)။

ရဟန်းတို့ ထိုနတ်သားသည် ဤဆိုခဲ့သည့် စကားကို လျှောက်ထား၏ "မြတ်စွာဘုရားသည် ငါ၏စကားကို အခွင့်ပြုတော်မူ၏"ဟု ငါ့ကို ရှိခိုး၍ အရိုအသေပြုကာ ထိုအရပ်၌သာလျှင် ကွယ်လေ၏ဟု (မိန့်တော်မူ၏)။

ဤသို့မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "မြတ်စွာဘုရား ထိုနတ်သားသည် အနာထပိဏ်နတ်သားဖြစ်လိမ့်မည် ထင်ပါသည်၊ မြတ်စွာဘုရား အနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာကို အလွန်ကြည်ညိုပါ၏"ဟု (လျှောက်ထား၏)။ အာနန္ဒာ ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒာ ကြံစည်တွေးဆခြင်းဖြင့် ရောက်သင့် ရောက်ထိုက်သော အဆုံးသန်သမျှသို့ သင်ရောက်နေ၏၊ အာနန္ဒာ ထိုနတ်သားသည် အနာထပိဏ်နတ်သားပင် တည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

ရှေးဦးစွာသော အနာထပိဏ္ဍိကောဝါဒသုတ် ပြီး၏။

---

## ၂-ဆန္နောဝါဒသုတ်

၃၈၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာ အသျှင်မဟာစုန္ဒနှင့် အသျှင်ဆန္နတို့သည် ဂိဇ္ဈကုဋ်တောင်၌ နေကြကုန်၏။ ထိုအခါ အသျှင်ဆန္နသည် ဖျားနာနေ၏၊ ဒုက္ခရောက်နေ၏၊ အသည်းအသန် မမာနေ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထလျက် မဟာစုန္ဒထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာစုန္ဒကို "ငါ့သျှင်စုန္ဒ လာသွားကုန်အံ့၊ အသျှင်ဆန္နထံ လူမမာမေးရန် ချဉ်းကပ်ကုန်အံ့"ဟု ဤစကားကို ပြောဆို၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်မဟာစုန္ဒသည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထား၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့သည် အသျှင်ဆန္နထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဆန္နနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကုန်၏၊ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေကုန်၏၊သင့်လျော်ရာ၌ ထိုင်ပြီးသော် အသျှင်သာရိပုတြာသည် အသျှင်ဆန္နအား "ငါ့သျှင်ဆန္န အသို့နည်း၊ခန္တီကျန်း၏လော၊ (ဣရိယာပထ) မျှတ၏လော၊ သင့်အား ဒုက္ခဝေဒနာတို့သည် ဆုတ်ယုတ်ကုန်၏လော၊မတိုးတက်ပဲ ရှိကုန်၏လော၊ ဆုတ်ယုတ်သော အခြာသည် ထင်၏လော၊ တိုးတက်သော အရာသည် မထင်ပဲ ရှိ၏လော"ဟု ဤစကားကို ပြောဆို၏။

ငါ့သျှင်သာရိပုတြာ မခန္တီကျန်းပါ၊ (ဣရိယာပထ)မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်သော ဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည် ထင် ါ၏၊ဆုတ်ယုတ်သောအရာသည် မထင်ပါ၊ ငါ့သျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် ထက်စွာသော ခက်ရင်းဖြင့် ထိပ်ကို ထိုး၍ နှိပ်ဘိသကဲ့သို့ ငါ့သျှင်သာရိပုတြာ ဤအတူသာလျှင် အကျွန်ုပ်အား ပြင်းထန်သော လေတို့သည် ဦးထိပ်၌ ထိုးကျင့်ပါကုန်၏။ငါ့သျှင်သာရိပုတြာ ငါ့အား မခန္တီကျန်းပါ၊ (ဣရိယာပထ) မမျှတပါ၊ ငါ့အား ပြင်းထန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သောအရာသည် မထင်ပါ။

ငါ့သျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသောယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားရေကြိုးပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်ခြင်းကို ပေးရာသကဲ့သို့ ငါ့သျှင်သာရိပုတြာ ဤအတူသာလျှင် ငါ့အား ဦးခေါင်း၌ အလွန်ပြင်းထန်ကုန်သော ဦးခေါင်းကိုက်သော ဝေဒနာတို့သည် ဖြစ်ပါကုန်၏။ ငါ့သျှင်သာရိပုတြာ ငါ့အား မခန္တီကျန်းပါ၊ (ဣရိယာပထ)မမျှတပါ။ ငါ့အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သောအရာသည် မထင်ပါ။

ငါ့သျှင်သာရိပုတြာ ဥပမာအားဖြင့် ကျွမ်းကျင်လိမ္မာသော နွားသတ်ယောကျ်ားသည်၎င်း နွားသတ်ယောကျ်ား၏တပည့်သည်၎င်း ထက်လှစွာသော သားလှီးဓားဖြင့် ဝမ်းကို ရစ်၍ လှီးဘိသကဲ့သို့ ငါ့သျှင်သာရိပုတြာ ဤအတူသာလျှင် ငါ့အား ပြင်းထန်ကုန်သော လေတို့သည် ဝမ်းပိုက်ကို ရစ်ကုန်၏။ ငါ့သျှင်သာရိပုတြာ ငါ့အား မခန္တီကျန်းပါ၊ (ဣရိယာပထ)မမျှတပါ၊ငါ့အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါ။

ငါ့သျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားနှစ်ယောက်တို့သည် အလွန်အားနည်းသော ယောကျ်ားကို အသီးအသီး လက်မောင်းတို့၌ကိုင်၍ မီးကျီးစဉ့်၌ ကင်ကုန်ရာသကဲ့သို့ အပြန်အလှန် ကင်ကုန်ရာသကဲ့သို့ ငါ့သျှင်သာရိပုတြာ ဤအတူသာလျှင် ငါ့အား ခန္ဓာကိုယ်၌ ပြင်းပြင်းထန်ထန် ပူလောင်ခြင်းသည် ဖြစ်ပါ၏။

ငါ့သျှင်သာရိပုတြာ ငါ့အား မခန္တီကျန်းပါ၊ (ဣရိယာပထ)မမျှတပါ၊ ငါ့အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန် တိုးတက်သော အရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သောအရာသည် မထင်ပါ၊ ငါ့သျှင်သာရိပုတြာ ဓားကို အသုံးပြုတော့မည်၊ အသက်ရှင်ခြင်းကို မလိုလားတော့ပါ ဟု (ပြောဆို၏)။

http://www.dhammadownload.com



၃၉၀။ အသျှင်ဆန္နသည် ဓားလက်နက်ကို အသုံးမပြုပါလင့်၊ အသျှင်ဆန္နသည် မှူတပါလော့၊ ငါတို့သည် အသျှင်ဆန္န မှူတသည်ကို အလိုရှိပါကုန်၏၊ အကယ်၍ အသျှင်ဆန္နအား သင့်လျော်သော ဘောဇဉ်တို့သည် မရှိကုန်အံ့၊ ငါသည် အသျှင်ဆန္နအတွက် သင့်လျော်သော ဘောဇဉ်တို့ကို ရှာပါအံ့၊ အကယ်၍ အသျှင်ဆန္နအား သင့်လျော်သော ဆေးတို့သည် မရှိကုန်အံ့၊ ငါသည် အသျှင်ဆန္နအတွက် သင့်လျော်သော ဆေးတို့ကို ရှာပါအံ့၊ အကယ်၍ အသျှင်ဆန္နအား သင့်လျော်သော အလုပ်အကျွေး သည် မရှိအံ့၊ ငါသည် အသျှင်ဆန္နကို လုပ်ကျွေးပါအံ့၊ အသျှင်ဆန္နသည် ဓားလက်နက်ကို အသုံးမပြု ပါလင့်၊ အသျှင်ဆန္နသည် မှူတပါလော့၊ ငါတို့သည် အသျှင်ဆန္န မှူတသည်ကို အလိုရှိပါကုန်၏ ဟု (ပြောဆိုကြကုန်၏)။

ငါ့သျှင်သာရိပုတြာ ငါ့အား သင့်လျော်သော ဘောဇဉ်မရှိသည် မဟုတ်၊ ငါ့အား သင့်လျော် သော ဆေးလည်း မရှိသည်မဟုတ်၊ ငါ့အား သင့်လျော်သော အလုပ်အကျွေးလည်း မရှိသည်မဟုတ်။ ငါ့သျှင်သာရိပုတြာ စင်စစ် ငါသည် ဆရာဖြစ်သော မြတ်စွာဘုရားကို ရှည်မြင့်စွာသောကာလပတ်လုံး စိတ်လက် ပါပါသာလျှင် လုပ်ကျွေးခဲ့ပြီ၊ စိတ်လက်မပါပဲ လုပ်ကျွေးခဲ့သည် မဟုတ်၊ ငါ့သျှင်သာရိ ပုတြာ ဆရာဖြစ်သော မြတ်စွာဘုရားကို စိတ်လက် ပါပါသာလျှင် လုပ်ကျွေး၍ စိတ်လက်မပါပဲ လုပ်ကျွေးခြင်းမဟုတ်ခြင်းသည်သာလျှင် တပည့်အားလျော်၏။ ငါ့သျှင်သာရိပုတြာ ရဟန်းဆန္နသည် ကပ်ရောက်ရာ မရှိသည်ဖြစ်၍ ဓားလက်နက်ကို အသုံးပြုလတ္တံ့ဟူ၍ သာလျှင် သင်မှတ်ပါလော့ဟု (ပြောဆို၏)။ အသျှင်ဆန္နသည် အကယ်၍ ပြဿနာကို ဖြေဆိုရန် အခွင့်ပြုပါလျှင် ငါတို့သည် အသျှင်ဆန္နကို တစုံတခုသော အရာကို မေးလိုပါကုန်၏ဟု (ဆိုကြကုန်၏)။ ငါ့သျှင်သာရိပုတြာ မေးပါလော့၊ ကြားရပြီးနောက် သိရပါအံ့ဟု (ဆို၏)။

၃၉၁။ ငါ့သျှင်ဆန္န စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါသလောဟု (မေး၏)။ ငါ့သျှင်ဆန္န သောတပသာဒ သောတဝိညာဏ်။ပ။ ငါ့သျှင်ဆန္န ဃာနပသာဒ ဃာနဝိညာဏ်။ ငါ့သျှင် ဆန္န ဇိဝှါပသာဒ ဇိဝှါဝိညာဏ်။ ငါ့သျှင်ဆန္န ကာယပသာဒ ကာယဝိညာဏ်။ ငါ့သျှင်ဆန္န မနောဒွါရ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါ မဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါသလော ဟု (မေး၏)။

ငါ့သျှင်သာရိပုတြာ စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါ၏။ ငါ့သျှင် သာရိပုတြာ သောတပသာဒ။ပ။ ငါ့သျှင်သာရိပုတြာ ဃာနပသာဒ။ ငါ့သျှင်သာရိပုတြာ ဇိဝှါ ပသာဒ။ ငါ့သျှင်သာရိပုတြာ ကာယပသာဒ။ ငါ့သျှင်သာရိပုတြာ မနောဒွါရ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ ကိုယ်ပိုင်မဟုတ်"ဟု ရှုပါ၏ဟု (လျှောက်၏)။

၃၉၂။ ငါ့သျှင်ဆန္န စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ အဘယ်ကို မြင်၍ အဘယ်ကို သိ၍ စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သောတရား တို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါသနည်း။ ငါ့သျှင်ဆန္န သောတပသာဒ သောတဝိညာဏ်။ ငါ့သျှင်ဆန္န ဃာနပသာဒ ဃာနဝိညာဏ်။ ငါ့သျှင်ဆန္န ဇိဝှါပသာဒ ဇိဝှါဝိညာဏ်။ ငါ့သျှင်ဆန္န ကာယပသာဒ ကာယဝိညာဏ်။ ငါ့သျှင်

http://www.dhammadownload.com



ဆန္န မနောဒွါရ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိအပ်သောတရားတို့၌ အဘယ်ကို မြင်၍ အဘယ်ကို သိ၍ "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါသနည်း ဟု (မေး၏)။

ငါ့ချင်သာရိပုတြာ စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျက်မှုကို မြင်၍ ချုပ်ပျက်မှုကို သိ၍ စက္ခုပသာဒ စက္ခုဝိညာဏ် စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါ၏။ ငါ့ချင်သာရိပုတြာ သောတပသာဒ သောတဝိညာဏ်။ ငါ့ချင်သာရိပုတြာ ဃာနပသာဒ ဃာနဝိညာဏ်။ ငါ့ချင်သာရိပုတြာ ဇိဝှါပသာဒ ဇိဝှါဝိညာဏ်။ငါ့ချင်သာရိပုတြာ ကာယပသာဒ ကာယဝိညာဏ်။ ငါ့ချင်သာရိပုတြာ မနောဒွါရ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျက်မှုကို မြင်၍ ချုပ်ပျက်မှုကို သိ၍ မနောဒွါရ မနောဝိညာဏ် မနောဝိညာဏ်ဖြင့် သိအပ်သောတရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှုပါ၏ဟု (ပြောဆို၏)။

၁၉၃။ ဤသို့ပြောဆိုသော် အသျှင်မဟာစုန္ဒသည် အသျှင်ဆန္နအား "ငါ့ချင်ဆန္န ထို့ကြောင့် 'မှီတွယ်သူမှာ လှုပ်ရှား၏၊ မမှီတွယ်သူမှာ လှုပ်ရှားမှု မရှိ၊ လှုပ်ရှားမှု မရှိလတ်သော် ငြိမ်းအေး၏၊ ငြိမ်းအေးလတ်သော် တိမ်းညွတ်မှုမရှိ၊ တိမ်းညွတ်မှုမရှိလတ်သော် အလာအသွားမရှိ၊ အလာအသွား မရှိသော် ရွေ့လျောကပ်ရောက်မှု မရှိ၊ရွေ့လျောကပ်ရောက်မှုမရှိသော် ဤဘဝမှာလည်းမဖြစ်၊တမလွန်ဘဝမှာလည်း မဖြစ်၊နှစ်ပါးစုံမှာလည်း မဖြစ်၊ ဤသည်ပင်လျှင် ဆင်းရဲဒုက္ခ၏ အဆုံး မည်၏'ဟူသော ဤမြတ်စွာဘုရား၏အဆုံးအမတော်ကိုလည်း အမြဲနှလုံးသွင်းသင့်၏" ဟု (ပြောဆို၏)။ ထို့နောက် အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့သည် အသျှင်ဆန္နကို ဤအဆုံးအမဖြင့် ဆုံးမ၍ နေရာမှ ထကာ ဖဲသွားကုန်၏။

၁၉၄။ ထိုအခါ အသျှင်ဆန္နသည် အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့ ဖဲသွား၍မကြာမီ ဓားလက်နက်ကို အသုံးပြု၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အလွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားအား "အသျှင်ဘုရား အသျှင်ဆန္နသည် ဓားလက်နက်ကို အသုံးပြုပါ၏၊ အသျှင်ဆန္န၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း" ဟု လျှောက်ထား၏။

သာရိပုတြာ ရဟန်းဆန္နသည် သင်၏မျက်မှောက်၌ပင်လျှင် ကပ်ရောက်ရာမရှိသည်၏ အဖြစ်ကို ပြောကြားသည် မဟုတ်လောဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ပုဗ္ဗဇိရမည်သော ဝဇ္ဇီရွာသည် ရှိပါ၏၊ ထိုရွာ၌ အသျှင်ဆန္န၏ ချစ်ကျွမ်းဝင်သောအမျိုးတို့သည်ငှင်း စိတ်သဘောကောင်းသော အမျိုးတို့သည်ငှင်း ချဉ်းကပ်ဆိုက်သောအမျိုးတို့သည်ငှင်း ရှိပါကုန်၏ဟု (လျှောက်၏)။

သာရိပုတြာ ရဟန်းဆန္နအား ထိုချစ်ကျွမ်းဝင်သောအမျိုး စိတ်သဘောကောင်းသောအမျိုး ချဉ်းကပ်ဆိုက်သောအမျိုးတို့သည် ရှိကုန်သည်သာတည်း။ သာရိပုတြာ ငါသည် ဤမျှရှိကာမျှဖြင့် ကပ်ရောက်စရာ ရှိ၏ဟု မဆို။ သာရိပုတြာ စင်စစ် အကြင်သူသည် ဤကိုယ်ကိုလည်း စွန့်ပစ်၍ တပါးသော ကိုယ်ကိုလည်း စွဲလမ်း၏၊ ထိုပုဂ္ဂိုလ်ကို ကပ်ရောက်ရာရှိသူဟူ၍ ငါဟော၏၊ ရဟန်းဆန္နအား ထိုကပ်ရောက်စရာသည် မရှိ၊သာရိပုတြာ ရဟန်းဆန္နသည် ကပ်ရောက်ရာ မရှိသည်ဖြစ်၍ ဓားလက်နက်

http://www.dhammadownload.com



ကို အသုံးပြုသွားပြီဟု မှတ်လေလော့ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏၊ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

နှစ်ခုမြောက် ဆန္နောဝါဒသုတ် ပြီး၏။

---

## ၃-ပုဏ္ဏောဝါဒသုတ်

၃၉၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်ပုဏ္ဏသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—"မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းဖြစ်သော အဆုံးအမဖြင့် ဆုံးမတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို နာရ၍ တပါးတည်း ကင်းကင်းရှင်းရှင်း မမေ့မလျော့ လုံ့လပြု၍ စိတ်စိုက်ကာ နေလိုပါ၏"ဟု (လျှောက်ထား၏)။ ပုဏ္ဏ ထိုသို့ဖြစ်မူ နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ ဟု(မိန့်တော်မူ၏)။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု အသျှင်ပုဏ္ဏသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်တော်မူ၏—

ပုဏ္ဏ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းရူပါရုံတို့သည် ရှိကုန်၏၊ရဟန်းသည် ထိုရူပါရုံကို နှစ်သက်အံ့၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍တည်အံ့။ ထိုရူပါရုံကို နှစ်သက်တမ်းတ စွဲမက်၍ တည်သော ထိုရဟန်းအား တပ်မက်မှုသည် ဖြစ်၏၊ပုဏ္ဏ တပ်မက်မှု ဖြစ်ခြင်းကြောင့် ဆင်းရဲမှု ဖြစ်၏ဟု ငါဟော၏။

ပုဏ္ဏ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည် ရှိကုန်၏။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည်။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့သည်။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော မနောဝိညာဏ်ဖြင့် သိအပ်သောဓမ္မာရုံ တို့သည် ရှိကုန်၏၊ ရဟန်းသည် ထိုဓမ္မာရုံကို နှစ်သက်အံ့၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍တည်အံ့၊ထိုဓမ္မာရုံကို နှစ်သက်တမ်းတစွဲမက်၍ တည်သော ထိုရဟန်းအား တပ်မက်မှုဖြစ်၏၊ ပုဏ္ဏ တပ်မက်မှုဖြစ်ခြင်းကြောင့် ဆင်းရဲမှုဖြစ်၏ဟု ငါဟော၏။

ပုဏ္ဏ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ(ရာဂ)နှင့်စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့သည်ရှိကုန်၏၊ ရဟန်းသည် ထိုရူပါရုံကို အကယ်၍ မနှစ်သက်အံ့၊ မတမ်းတအံ့၊ မစွဲမက်မူ၍ တည်အံ့၊ ထိုရူပါရုံကို မနှစ်သက် မတမ်းတ မစွဲမက်မူ၍တည်သော ထိုရဟန်းအား တပ်မက်မှု ချုပ်၏၊ပုဏ္ဏ တပ်မက်မှု ချုပ်ခြင်းကြောင့် ဆင်းရဲမှု ချုပ်၏ဟု ငါဟော၏။

http://www.dhammadownload.com



ပုဏ္ဏ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံဘို့သည် ရှိကုန်၏။ပ။ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံဘို့သည်။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံဘို့သည်။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ် သဘောရှိ၍ ကာမ(ရာဂ)နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ် ဖြစ်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံ ဘို့သည် ရှိကုန်၏၊ ရဟန်းသည် ထိုဓမ္မာရုံကို အကယ်၍ မနှစ်သက်အံ့၊ မတမ်းတအံ့၊ မစွဲမက်မူ၍ တည်အံ့၊ ထိုဓမ္မာရုံကို မနှစ်သက် မတမ်းတ မစွဲမက်မူ၍ ၊တည်သော ထိုရဟန်းအား တပ်မက်မှု ချုပ်၏၊ပုဏ္ဏ တပ်မက်မှု ချုပ်ခြင်းကြောင့် ဆင်းရဲမှု ချုပ်၏ဟု ငါဟော၏။

ပုဏ္ဏ သင်သည် ငါ့ထံမှ ဤအကျဉ်းဖြစ်သော အဆုံးအမဖြင့် အဆုံးအမခံ၍ အဘယ်ဇနပုဒ်၌ နေမည်နည်း ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံမှ ဤအကျဉ်း ဖြစ်သော အဆုံးအမဖြင့် အဆုံးအမခံ၍ သုနာပရန္တမည်သော ဇနပုဒ်၌ အကျွန်ုပ်နေပါအံ့ ဟု (လျှောက်၏)။

၁၉၆။ ပုဏ္ဏ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ကြမ်းကြုတ်ကုန်၏၊ ပုဏ္ဏ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူဘို့သည် ခက်ထန်ကုန်၏၊ပုဏ္ဏ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော သူတို့သည် သင့်ကို အကယ်၍ ဆဲရေးကုန်အံ့၊ ခြိမ်းခြောက်ကုန်အံ့၊ ပုဏ္ဏ ထိုသို့ပြုရာ၌ သင့်အား အဘယ်သို့ဖြစ်သတ္တံ့နည်းဟု (မေးတော်မူ၏)။ မြတ်စွာဘုရား သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို၊ အကယ်၍ ဆဲရေးကုန်အံ့၊ ခြိမ်းခြောက်ကုန်အံ့၊ ထိုသို့ဆဲရေးခြိမ်းခြောက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် ငါ့အား လက်ဖြင့် မပုတ်ခတ်ကြသေးပေ၊ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် တော်ကြလေစွ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အလွန်တော်ကြလေစွ"ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ဆဲရေးခြိမ်းခြောက်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ ဆဲရေးခြိမ်းခြောက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ လက်ဖြင့် ပုတ်ခတ်ကုန်အံ့၊ ပုဏ္ဏ ထိုသို့ပုတ်ခတ်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု (မေးတော်မူ၏)။ မြတ်စွာဘုရား သုနာပရန္တတိုင်းသားဖြစ်ကုန်သောလူတို့သည် အကျွန်ုပ်ကို အကယ်၍ လက်ဖြင့် ပုတ်ခတ်ကုန်အံ့၊ ထိုသို့ ပုတ်ခတ်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ငါ့အား ခဲဖြင့် မပေါက်ကြသေးပေ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူဘို့သည် တော်ကြလေစွ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အလွန်တော်ကြလေစွ"ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ပုတ်ခတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ ပုတ်ခတ်ရာ၌ အကျွန်ုပ်အား ဤသိ ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ ခဲဖြင့် ပေါက်ကုန်အံ့၊ပုဏ္ဏ ထိုသို့ခဲဖြင့် ပေါက်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်း ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်အား အကယ်၍ ခဲဖြင့် ပေါက်ကုန်အံ့၊ ထိုသို့ခဲဖြင့် ပေါက်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့ "ဤသုနာပရန္တတိုင်းသား

http://www.dhammadownload.com



ဖြစ်ကုန်သော လူတို့သည် ငါ့အား တုတ်ဖြင့် မရိုက်ကြသေးပေ၊ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် တော်ကြလေစွ၊ ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် အလွန်တော်ကြလေစွ”ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ခဲဖြင့် ပေါက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ ခဲဖြင့်ပေါက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသားဖြစ်ကုန်သောလူတို့သည် သင့်အား အကယ်၍ တုတ်ဖြင့် ရိုက်ကုန်အံ့၊ ပုဏ္ဏ ထိုသို့တုတ်ဖြင့်ရိုက်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု (မေးတော်မူ၏)။ မြတ်စွာဘုရား သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို အကယ်၍ တုတ်ဖြင့်ရိုက်ကုန်အံ့၊ ထိုသို့တုတ်ဖြင့်ရိုက်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့ “ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် ငါ့အား ဓားဖြင့် မခုတ်ကြသေးပေ၊ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် တော်ကြလေစွ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အလွန်တော်ကြလေစွ”ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ တုတ်ဖြင့်ရိုက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့တုတ်ဖြင့် ရိုက်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ ဓားဖြင့် ခုတ်ကုန်အံ့၊ ပုဏ္ဏ ထိုသို့ ဓားဖြင့် ခုတ်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်း ဟု (မေးတော်မူ၏)။မြတ်စွာဘုရား သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို အကယ်၍ ဓားဖြင့် ခုတ်ကုန်အံ့၊ ထိုသို့ဓားဖြင့် ခုတ်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့ “ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် ငါ့အား ထက်စွာသော ဓားဖြင့် အသေမသတ်ကြသေးပေ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် တော်ကြလေစွ၊ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အလွန်တော်ကြလေစွ”ဟု ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤသို့ ဓားဖြင့်ခုတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ ဓားဖြင့် ခုတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ဟု (လျှောက်၏)။

ပုဏ္ဏ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် သင့်အား အကယ်၍ ထက်စွာသော ဓားဖြင့် အသေသတ်ကုန်အံ့၊ ပုဏ္ဏ ထိုသို့အသေသတ်ရာ၌ သင့်အား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု (မေးတော်မူ၏)။ မြတ်စွာဘုရား သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် အကယ်၍ ထက်စွာသောဓားဖြင့် အသေသတ်ကုန်အံ့၊ ထိုသို့အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ “ကိုယ်၌ရှင်း အသက်၌ရှင်း ငြီးငွေ့ရွံရှာစက်ဆုပ်သည်ဖြစ်၍ သေစေနိုင်မည့်လက်နက်ကို ရှာဖွေနေကြကုန်သော မြတ်စွာဘုရား၏ တပည့်များ ရှိကြသေး၏၊ ထိုသေစေနိုင်မည့်လက်နက်ကို ငါမရှာဖွေရပဲ ရပေပြီ”ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤသို့ အသေသတ်ရာ၌ အကျွန်ုပ်အား ဤသို့ ဖြစ်ပါလတ္တံ့ဟု(လျှောက်၏)။

ပုဏ္ဏ ကောင်းပေစွ ကောင်းပေစွ၊ ပုဏ္ဏ သင်သည် ဤသည်းခံခြင်းဟူသော ယဉ်ကျေးညင်သာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ သုနာပရန္တဇနပုဒ်၌ နေခြင်းငှါ စွမ်းနိုင်လတ္တံ့၊ပုဏ္ဏ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏၊ ‘သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏’ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၃၉၇။ ထိုအခါ အသျှင်ပုဏ္ဏသည် မြတ်စွာဘုရား၏တရားဒေသနာတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ကျောင်းအိပ်ရာ နေရာကို သိုမှီးသိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ သုနာပရန္တဇနပုဒ်ဆီသို့ ဒေသစာရီလှည့် လည်၏။ အစဉ်အတိုင်း ဒေသစာရီလှည့်လည်သော် သုနာပရန္တ ဇနပုဒ်ဆီသို့ ဆိုက်ရောက်၍ သုနာပရန္တဇနပုဒ်၌ နေ၏။ ထိုအခါ အသျှင်ပုဏ္ဏသည် ထိုဝါတွင်းမှာပင် ငါးရာအတိုင်းအရှည် ရှိကုန်သော ဥပါသကာယောကျာ်းတို့ကို သစ္စာလေးပါးတရားကို သိစေ၏၊ ထိုဝါတွင်းမှာပင် ငါးရာအတိုင်းအရှည်ရှိကုန်သော ဥပါသိကာမိန်းမတို့ကို သစ္စာလေးပါးတရားကို သိစေ၏၊ အသျှင် ပုဏ္ဏသည် ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြု၍ နောက်အချိန်၌ ပရိနိဗ္ဗာန်ပြုတော် မူလေပြီ။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေကုန်၏၊ သင့်လျော်ရာ၌ ထိုင်နေကုန်ပြီးသော် ထိုရဟန်း တို့သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ပုဏ္ဏမည်သော အမျိုးကောင်းသားကို မြတ်စွာဘုရား သည် အကျဉ်းဖြစ်သော အဆုံးအမဖြင့် ဆုံးမတော်မူလိုက်ပါ၏၊ ထိုပုဏ္ဏသည် ကွယ်လွန်ပါပြီ၊ ထိုပုဏ္ဏ၏ လားရာဂတိသည် အဘယ်ပါနည်း၊ တမလွန်ဘဝသည် အဘယ်ပါနည်း"ဟု လျှောက်ထားကုန်၏။ ရဟန်းတို့ အမျိုးကောင်းသား ပုဏ္ဏသည် ပညာရှိ၏၊ မှန်သောစကားကို ဆိုလေ့ရှိ၏၊ တရားကို ဆိုလေ့ရှိ၏၊ တရားအားလျော်သော အကျင့်ရှိ၏၊ ငါ့ကို တရားတည်းဟူသော အကြောင်းကြောင့် မပင်ပန်းစေ။ ရဟန်းတို့ အမျိုးကောင်းသားပုဏ္ဏသည် ပရိနိဗ္ဗာန်စံပြီဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာ ဘုရား ဟောတော်မူသော တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

သုံးခုမြောက် ပုဏ္ဏောဝါဒသုတ် ပြီး၏။

---

## ၄-နန္ဒကောဝါဒသုတ်

၃၉၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မဟာပဇာပတိဂေါတမီသည် ငါးရာသော ရဟန်းမိန်းမတို့နှင့် အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ရပ်တည်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏— "မြတ်စွာဘုရား မြတ်စွာ ဘုရားသည် ရဟန်းမိန်းမတို့ကို ဆုံးမတော်မူပါလော့။ မြတ်စွာဘုရား မြတ်စွာဘုရားသည် ရဟန်း မိန်းမတို့ကို ကံမြစ်တော်မူပါလော့၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား တရား စကားကို ပြောဟောခြင်း ပြုတော်မူပါလော့"ဟု (လျှောက်ထား၏)။

ထိုအခါ မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို အလှည့်အားဖြင့် ဆုံးမကုန်၏၊ အသျှင်နန္ဒကသည် အလှည့်အားဖြင့် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ အလိုမရှိ။ ထိုအခါ မြတ်စွာ ဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ယနေ့ ရဟန်းမိန်းမတို့ကို အလှည့်အားဖြင့် ဆုံးမခြင်းငှါ

အဘယ်ရဟန်း၏ အလှည့်နည်း”ဟု မိန့်တော်မူ၏။မြတ်စွာဘုရား အလုံးစုံသော မထေရ်ကြီးတို့သည် ရဟန်းမိန်းမတို့ကို အလှည့်အားဖြင့် ဆုံးမခြင်းငှါ အလှည့်ကို ပြုပြီးပါပြီ၊ အသျှင်ဘုရား ဤအသျှင်နန္ဒကသည်ကား အလှည့်အားဖြင့် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ အလိုမရှိပါ ဟု(လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒကကို “နန္ဒက ရဟန်းမိန်းမတို့ကို ဆုံးမလော့၊နန္ဒက ရဟန်းမိန်းမတို့ကို ကံမြစ်လော့၊မကောင်းမှုကို အပပြုပြီးသောနန္ဒက သင်သည် ရဟန်းမိန်းမတို့အား တရားစကားကို ပြောဟောခြင်း ပြုလော့”ဟု မိန့်တော်မူ၏။ “မြတ်စွာဘုရား ကောင်းပါပြီ”ဟု အသျှင်နန္ဒကသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၍ နံနက်အခါ၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်၏၊ သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် မိမိကိုယ်ကိုသာ အဖော်ပြု၍ ကောသလမင်း ဆောက်လုပ်သော ရာဇကာရုံကျောင်းဆီသို့ ချဉ်းကပ်၏၊ ထိုရဟန်းမိန်းမတို့သည် အသျှင်နန္ဒကကို အဝေးမှလျှင် ကြွလာသည်ကို မြင်ကုန်၏၊မြင်လျှင် နေရာကိုလည်း ခင်းကုန်၏၊ခြေဆေးရေကိုလည်း တည်ထားကုန်၏။အသျှင်နန္ဒကသည် ခင်းထားသောနေရာ၌ ထိုင်နေ၏၊ထိုင်ပြီး၍ ခြေတို့ကိုဆေး၏။ ထိုရဟန်းမိန်းမတို့သည်လည်း အသျှင်နန္ဒကကို ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊သင့်လျော်ရာ၌ ထိုင်နေကုန်သော ထိုရဟန်းမိန်းမတို့ကို အသျှင်နန္ဒကသည် ဤစကားကို ပြောဆို၏ “နှမတို့ မေးမြန်း၍ ပြောဟောခြင်းသည် ဖြစ်လတ္တံ့ ။ထိုမေးမြန်းရာ၌ သိကြလျှင် ‘သိပါကုန်၏’ဟု ဆိုရမည်၊ မသိကြလျှင် ‘မသိပါကုန်’ ဟု ဆိုရမည်၊ တဦးတယောက်မှာ ယုံမှားခြင်း တွေးတောခြင်းသည် ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်ရာ၌ ‘အသျှင်ဘုရား ဤအဓိပ္ပါယ်သည် အဘယ်သို့ ဖြစ်ပါသနည်း၊ ဤပုဒ်၏ အနက်ကား အဘယ်ပါနည်း’ ဟု ငါ့ကိုသာလျှင် ပြန်၍ မေးရမည်”ဟု (မိန့်ဆို၏)။ အသျှင်ဘုရား အကျွန်ုပ်တို့အား အသျှင်နန္ဒက ဖိတ်ကြားသော ဤစကားမျှဖြင့်ပင် အကျွန်ုပ်တို့သည် အသျှင်နန္ဒကအား နှစ်သက်ပါကုန်၏၊ အားရပါကုန်၏ဟု (လျှောက်ကြကုန်၏)။

၃၉၉။ နှမတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ စက္ခုပသာဒသည် မြဲသလော မမြဲသလောဟု(မေး၏)။မမြဲပါအသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။မမြဲသော စက္ခုပသာဒသည် ဆင်းရဲလော ချမ်းသာလောဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စက္ခုပသာဒကို “ဤစက္ခုပသာဒသည် ငါ့ဟာတည်း၊ ဤစက္ခုပသာဒသည် ငါတည်း၊ ဤစက္ခုပသာဒသည် ငါ၏ကိုယ်ပိုင်တည်း”ဟု ရှုခြင်းငှါ သင့်ပါမည်လောဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ နှမတို့ ထိုစကားကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ သောတပသာဒသည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ဃာနပသာဒသည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ ဇိဝှါပသာဒသည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ ကာယပသာဒသည် မြဲသလော မမြဲသလော ဟု(မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။မနောဒွါရသည် မြဲသလော မမြဲသလောဟု(မေး၏)။မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော မနောဒွါရသည် ဆင်းရဲလော ချမ်းသာလော ဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော မနောဒွါရကို “ဤမနောဒွါရသည် ငါ့ဟာတည်း၊ ဤမနောဒွါရသည် ငါတည်း၊

http://www.dhammadownload.com



ဤမနောဒွါရသည် ငါ၏ကိုယ်ပိုင်တည်း”ဟု ရှုခြင်းငှါ သင့်ပါမည်လောဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား။အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား“ ဤအကြောင်းကြောင့်လည်း ဤခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို မမြဲကုန်”ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဝိပဿနာပညာဖြင့် ကောင်းစွာမြင်ပြီးပါပြီဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သောအရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၀၀။ နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ ရူပါရုံတို့သည် မြဲကုန်သလော မမြဲကုန်သလောဟု (မေး၏)။မမြဲပါကုန် အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။မမြဲသော ရူပါရုံသည် ဆင်းရဲလော ချမ်းသာလော ဟု(မေး၏)။ဆင်းရဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရူပါရုံကို“ ဤရူပါရုံသည် ငါ့ဟာတည်း၊ ဤရူပါရုံသည် ငါတည်း၊ဤရူပါရုံသည် ငါ၏ကိုယ်ပိုင်တည်း”ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော ဟု (မေး၏)။ မသင့်လျော်ပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊သဒ္ဒါရုံတို့သည် မြဲကုန်သလော မမြဲကုန်သလောဟု (မေး၏)။ မမြဲပါကုန် အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ ဂန္ဓာရုံတို့သည် မြဲကုန်သလော မမြဲကုန်သလော ဟု (မေး၏)။ မမြဲပါကုန် အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ ရသာရုံတို့သည် မြဲကုန်သလော မမြဲကုန်သလောဟု(မေး၏)။မမြဲပါကုန် အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ပ။ ဖောဋ္ဌဗ္ဗာရုံတို့သည် မြဲကုန်သလော မမြဲကန်သလော ဟု (မေး၏)။ မမြဲပါကုန် အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ ဓမ္မာရုံတို့သည် မြဲကုန်သလော မမြဲကုန်သလော ဟု (မေး၏)။ မမြဲပါကုန် အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော ဓမ္မာရုံသည် ဆင်းရဲလော ချမ်းသာလော ဟု(မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဓမ္မာရုံကို “ဤဓမ္မာရုံသည် ငါ့ဟာတည်း၊ ဤဓမ္မာရုံသည် ငါတည်း၊ ဤဓမ္မာရုံသည် ငါ၏ကိုယ်ပိုင်တည်း”ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လောဟု (မေး၏)။ မသင့်လျော်ပါ အသျှင်ဘုရား။အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား “ဤအကြောင်းကြောင့်လည်း ဤခြောက်ပါးသော ဗာဟိရာယတနတို့ကို မမြဲကုန်”ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဟုတ်မှန်တိုင်း ဝိပဿနာပညာနှင့် ကောင်းစွာ မြင်ပြီးပါပြီဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၀၁။ နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ စက္ခုဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေး၏)။မမြဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ မမြဲသော စက္ခုဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော ဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော စက္ခုဝိညာဏ်ကို ‘ဤစက္ခုဝိညာဏ်သည် ငါ့ဟာတည်း၊ ဤစက္ခုဝိညာဏ်သည် ငါတည်း၊ ဤစက္ခုဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း”ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော ဟု (မေး၏)။ မသင့်လျော်ပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ သောတဝိညာဏ်သည် မြဲသလော မမြဲသလော ဟု(မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ပ။ ဃာနဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေး၏)။

http://www.dhammadownload.com



မမြဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ပ။ ဇိဝှါဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ပ။ ကာယဝိညာဏ်သည် မြဲသလော မမြဲသလော ဟု(မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ပ။ မနောဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ မမြဲသော မနောဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော ဟု(မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောဝိညာဏ်ကို "ဤမနောဝိညာဏ်သည် ငါ့ဟာတည်း၊ ဤမနောဝိညာဏ်သည် ငါတည်း၊ ဤမနောဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း" ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော ဟု (မေး၏)။ မသင့်လျော်ပါ အသျှင်ဘုရား။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား "ဤအကြောင်းကြောင့်လည်း ဤခြောက်ပါးသော ဝိညာဏ်အပေါင်းကို မမြဲ" ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ပြီးပါပြီ ဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၀၂။ နှစ်မတို့ ဥပမာအားဖြင့် တောက်နေသော ဆီမီး၏ဆီသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊မီးစာသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ အရောင်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏။နှစ်မတို့ အကြင်သူသည် "တောက်နေသော ထိုဆီမီး၏ ဆီသည်လည်း မမြဲ၊ဖောက်ပြန်ခြင်း သဘောရှိ၏၊မီးစာသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ ထိုဆီမီး၏အရောင်မူကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘော မရှိ" ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဘုရား တောက်နေသော ထိုဆီမီး၏ ဆီသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ မီးစာသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏။ ထိုမီး၏ အရောင်သည် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မမြဲသည်သာတည်း၊ ဖောက်ပြန်ခြင်း သဘောရှိသည်သာတည်းဟု (လျှောက်ကြကုန်၏)။

နှစ်မတို့ ဤဥပမာအတူသာလျှင် အကြင်သူသည် "ဤခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့သည် မမြဲကုန်၊ ယင်းခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို စွဲ၍ သုခဝေဒနာကိုရှင်း ဒုက္ခဝေဒနာကိုရှင်း ဥပေက္ခာဝေဒနာကိုရှင်း ခံစား၏၊ထိုဝေဒနာသည် မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်း သဘောမရှိ" ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့် နည်းဟူမူ—အသျှင်ဘုရား ထိုထိုသဘောရှိသော အကြောင်းကို စွဲ၍ ထိုထိုသဘောရှိသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ထိုထိုသဘောရှိသော အကြောင်း၏ ချုပ်ခြင်းကြောင့် ထိုထိုသဘောရှိသော ဝေဒနာတို့သည် ချုပ်ကုန်၏ဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၀၃။ နှစ်မတို့ ဥပမာအားဖြင့် တည်နေဆဲဖြစ်သော အနှစ်ရှိသော သစ်ပင်ကြီး၏ အမြစ်သည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ ပင်စည်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊

http://www.dhammadownload.com



အပက်အရွက်သည်လည်း မမြဲ ဖောက်ပြန်ခြင်း သဘောရှိ၏၊အရိပ်သည်လည်း မမြဲ၊ဖောက်ပြန်ခြင်း သဘောရှိ၏။

နှမတို့ အကြင်သူသည်“တည်နေဆဲဖြစ်သော အနှစ်ရှိသော ထိုသစ်ပင်ကြီး၏အမြစ်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ပင်စည်သည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊အခက်အရွက်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ ယင်းသစ်ပင်၏ အရိပ်သည်ကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘောမရှိ”ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။

အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား တည်နေဆဲဖြစ်သော အနှစ်ရှိသော ထိုသစ်ပင်ကြီး၏ အမြစ်သည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ ပင်စည်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ အခက်အရွက်သည်လည်း မမြဲ၊ဖောက်ပြန်ခြင်း သဘောရှိ၏။ ယင်းသစ်ပင်ကြီး၏ အရိပ်သည်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မမြဲသည်သာတည်း၊ ဖောက်ပြန်ခြင်းသဘောရှိသည်သာတည်း ဟု (လျှောက်ကြကုန်၏)။

နှမတို့ ဤဥပမာအတူသာလျှင် အကြင်သူသည် “ဤခြောက်ပါးကုန်သော ဗာဟိရာယတနတို့သည် မမြဲကုန်၊ ယင်းခြောက်ပါးကုန်သော ဗာဟိရာယတနတို့ကို စွဲ၍ သုခဝေဒနာကိုရင်း ဒုက္ခဝေဒနာကိုရင်း ဥပေက္ခာဝေဒနာကိုရင်း ခံစား၏၊ ထိုဝေဒနာကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘော မရှိ”ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။

အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ထိုထို သဘောရှိသော အကြောင်းကို စွဲ၍ ထိုထိုသဘောရှိသော ဝေဒနာသည် ဖြစ်၏၊ ထိုထိုသဘောရှိသော အကြောင်း၏ ချုပ်ခြင်းကြောင့် ထိုထိုသဘောရှိသောဝေဒနာတို့သည် ချုပ်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ နှမတို့ ကောင်းပေစွ ကောင်းပေစွ၊ နှမတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၀၄။ နှမတို့ ဥပမာအားဖြင့် ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း နွားသတ်သမား၏ တပည့်သည်၎င်း နွားကိုသတ်၍ ထက်စွာသော သားလှီးဓားဖြင့် အတွင်းဖြစ်သော အသား ကိုယ်ထည်ကို မပျက်စေမူ၍ အပဖြစ်သော အရေကိုယ်ထည်ကို မပျက်စေမူ၍ လှီးဖြတ်ရာ၏၊ ထိုလှီးဖြတ်ရာ၌ ထိုထိုကြား အမြေးကြား အကြောကြား အစပ်ကိုသာလျှင် ထက်စွာသော သားလှီးဓားဖြင့် ဖြတ်ရာ၏၊ တောက်ရာ၏၊ လှီးရာ၏၊ ထက်ဝန်းကျင် လှီးရာ၏၊ ဖြတ်၍ တောက်၍ လှီး၍ ထက်ဝန်းကျင်လှီး၍ အပဖြစ်သော အရေကိုယ်ထည်ကိုခွါ၍ ထိုအရေကိုယ်ထည်ဖြင့်ပင် ထိုနွားကိုဖုံး၍ “ဤနွားသည် ထိုရှေးအတိုင်းပင် ဤအရေနှင့်သာလျှင် ဆက်စပ်နေ၏”ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန်ဆိုသည် မည်ရာအံ့လော ဟု(မေး၏)။

အသျှင်ဘုရား အမှန်ဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဘုရား ကျွမ်းကျင်သောနွားသတ်သမားသည်၎င်း နွားသတ်သမား၏တပည့်သည်၎င်း နွားကိုသတ်၍ ထက်စွာသော သားလှီးဓားဖြင့် အတွင်း၌ဖြစ်သော အသားကိုယ်ထည်ကို မပျက်စေမူ၍ အပဖြစ်သော အရေကိုယ်ထည်ကို မပျက်စေမူ၍ နွားကို လှီးဖြတ်ရာ၏၊ ထိုလှီးဖြတ်ရာ၌ ထိုထိုကြား အမြေးကြား အကြောကြား

http://www.dhammadownload.com



အစပ်ကိုသာလျှင် ထက်စွာသော သားလှီးဓားဖြင့် ဖြတ်ရာ၏၊တောက်ရာ၏၊လှီးရာ၏၊ထက်ဝန်းကျင် လှီးရာ၏၊ ဖြတ်၍ တောက်၍ လှီး၍ ထက်ဝန်းကျင် လှီး၍ အပဖြစ်သော အရေကိုယ်ထည်ကို ခွါ၍ ထိုအရေကိုယ်ထည်ဖြင့်ပင် ထိုနွားကိုဖုံး၍ "ဤနွားသည် ထိုရှေးအတိုင်းပင် ဤအရေနှင့်သာလျှင် ဆက်စပ်နေ၏"ဟု အကယ်၍ကား ထိုသူသည် ဆို၏၊ ထိုသို့ပင်ဆိုသော်လည်း ထိုနွားသည် ထိုအရေနှင့် မဆက်စပ်ပါ ဟု (လျှောက်ကြကုန်၏)။

နှမ်မတို့ အနက်အဓိပ္ပါယ်ကို သိစေခြင်းငှါ ငါသည် ဤဥပမာကို ပြုအပ်၏၊ဤဥပမာ၌ ဤဆိုလတ္တံ့သည်ကား အနက်အဓိပ္ပါယ်တည်း၊ နှမ်မတို့ "အတွင်းဖြစ်သော အသားကိုယ်ထည်"ဟူသော ဤအမည်သည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့၏ အမည်တည်း။နှမ်မတို့ "အပဖြစ်သော အရေကိုယ်ထည်"ဟူသော ဤအမည်သည် ခြောက်ပါးကုန်သော ဗာဟိရာယတနတို့၏ အမည်တည်း။ နှမ်မတို့ "ကြား အမြှေးကြား အကြောကြား အစပ်"ဟူသော ဤအမည်သည် နှစ်သက်ခြင်း နန္ဒီရာဂ၏ အမည်တည်း။နှမ်မတို့ "ထက်စွာသော သားလှီးဓား"ဟူသော ဤအမည်သည် မြတ်သော မဂ်ပညာ၏အမည်တည်း။ ဤမြတ်သော မဂ်ပညာသည် အကြား၌ ဖြစ်သောကိလေသာ အကြား၌ ဖြစ်သောသံယောဇဉ် အကြား၌ဖြစ်သောအစပ်တို့ကို ဖြတ်၏၊ တောက်၏၊ လှီး၏၊ ထက်ဝန်းကျင် လှီး၏။

၄၀၅။ နှမ်မတို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း၊ရဟန်းသည် ယင်းဗောဇ္ဈင်တို့ကို ပွါးသည်၏ အဖြစ်ကြောင့် ကြိမ်ဖန်များစွာ လေ့လာသည်၏ အဖြစ်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သောစိတ် လွတ်မြောက်သောပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေ၏။ခုနစ်ပါးတို့သည် အဘယ်တို့နည်း၊နှမ်မတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ခြင်း'ဝိဝေက'၌မှီသော တပ်စွန်းမှု'ရာဂ'ကင်းရာ၌ မှီသော ချုပ်ရာ'နိရောဓ'၌မှီသော ကိလေသာ စွန့်လွှတ်မှု နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါး၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ဝီရိယသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ပီတိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။သမာဓိသမ္ဗောဇ္ဈင်ကို ပွါး၏။ ဆိတ်ခြင်း 'ဝိဝေက'၌ မှီသော တပ်စွန်းမှု 'ရာဂ'ကင်းရာ၌မှီသော ချုပ်ရာ'နိရောဓ'၌မှီသော ကိလေသာစွန့်လွှတ်မှု နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါး၏။နှမ်မတို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့ပင်တည်း။ ရဟန်းသည် ယင်းဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွါးသည်၏အဖြစ်ကြောင့် ကြိမ်ဖန်များစွာ လေ့လာသည်၏အဖြစ်ကြောင့် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သောစိတ် လွတ်မြောက်သောပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု (မိန့်ဆို၏)။

၄၀၆။ ထိုအခါ၌ အသျှင်နန္ဒကသည် ထိုရဟန်းမိန်းမတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၍ "နှမ်မတို့ သွားချိန်တန်ပြီ၊ သွားကြကုန်လော့"ဟု လွှတ်လိုက်၏။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် အသျှင် နန္ဒက၏ တရားစကားကို အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်၍ နေရာမှထကုန်လျက် အသျှင်နန္ဒကကို ရှိခိုးကုန်ပြီးလျှင် အရိုအသေပြုကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏၊ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီး လျှင် သင့်လျော်ရာ၌ ရပ်တည်ကုန်၏၊ သင့်လျော်ရာ၌ ရပ်တည်ကုန်သော ရဟန်းမိန်းမတို့ကို မြတ်စွာ ဘုရားသည် "ရဟန်းမိန်းမတို့ သွားချိန်တန်ပြီ၊ သွားကြကုန်လော့"ဟု ဤစကားကို မိန့်တော်မူ၏။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်၍ အရိုအသေပြုပြီးလျှင် ဖဲသွားကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမတို့ ဖဲသွား၍ မကြာမီ ရဟန်းတို့ကို "ရဟန်းတို့ ဥပမာအားဖြင့် ထဆယ့်လေးရက်မြောက်ဖြစ်သော ထိုဥပုသ်နေ့၌ လသည် ယုတ်လျော့လေသလော၊ ပြည့်လေသလော'ဟု များစွာသော လူအပေါင်းအား ယုံမှားခြင်း တွေးတောခြင်းသည် မဖြစ်၊စင်စစ်သော်ကား လသည် ယုတ်လျော့သည်သာ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထိုရဟန်းမိန်းမတို့သည် နန္ဒကအ၏ တရားဒေသနာကို ဝမ်းမြောက်သော စိတ်ရှိကုန်၏၊ပြည့်စုံသောအကြံကား မရှိကုန်သေး"ဟု မိန့်တော်မူ၏။

၄၀၇။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒကကို "နန္ဒက ထိုသို့ဖြစ်သောကြောင့် သင်သည် နက်ဖန်၌လည်း ထိုရဟန်းမိန်းမတို့ကို ထိုအဆုံးအမဖြင့်ပင်လျှင် ဆုံးမဦးလော့"ဟု မိန့်တော်မူ၏။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု အသျှင်နန္ဒကသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ ထိုအခါ အသျှင်နန္ဒကသည် ထိုညဉ့်ကိုလွန်သဖြင့် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ် သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်၏၊သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးလျှင် ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် မိမိကိုယ်ကိုသာအဖော်ပြု၍ ရာဇကာရုံကျောင်းဆီသို့ ချဉ်းကပ်၏။ ထိုရဟန်းမိန်းမတို့သည် အသျှင်နန္ဒကကို အဝေးမှသာလျှင် လာသည်ကို မြင်ကုန်၏၊ မြင်လျှင် နေရာကိုလည်း ခင်းထားကုန်၏၊ ခြေဆေးရေကိုလည်း တည်ထားကုန်၏။ အသျှင်နန္ဒကသည် ခင်းထားသော နေရာ၌ ထိုင်နေ၏၊ထိုင်ပြီး၍ ခြေတို့ကို ဆေး၏။ထိုရဟန်းမိန်းမတို့သည်လည်း အသျှင်နန္ဒကကို ရှိခိုးကုန်ပြီး၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊ သင့်လျော်ရာ၌ ထိုင်နေကုန်သော ထိုရဟန်းမိန်းမတို့ကို အသျှင်နန္ဒကသည် ဤစကားကိုပြောဆို၏ "နှမတို့ မေးမြန်း၍ပြောဆောခြင်းသည် ဖြစ်လတ္တံ့၊ ထိုမေးမြန်းရာ၌ သိကြလျှင် 'သိပါကုန်၏'ဟု ဆိုရမည်၊ မသိကြလျှင်'မသိပါကုန်'ဟု ဆိုရမည်၊ တဦးတယောက်အား ယုံမှားခြင်း တွေးတောခြင်းသည် ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်ရာ၌ 'အသျှင်ဘုရား ဤအဓိပ္ပါယ်သည် အဘယ်သို့ ဖြစ်ပါသနည်း၊ ဤပုဒ်၏အနက်ကား အဘယ်ပါနည်း'ဟု ငါ့ကိုသာလျှင် ပြန်၍မေးရမည်'ဟု (ပြောဆို၏)။ အသျှင်ဘုရား အကျွန်ုပ်တို့အား အသျှင်နန္ဒက ဖိတ်ကြားသော ဤစကားမျှဖြင့်ပင် အကျွန်ုပ်တို့သည် အသျှင်နန္ဒကအား နှစ်သက်ပါကုန်၏၊ အားရပါကုန်၏ဟု (လျှောက်ကြကုန်၏)။

၄၀၈။ နှမတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ စက္ခုပသာဒသည် မြဲသလော မမြဲသလော ဟု(မေး၏)။မမြဲပါ အသျှင်ဘုရား( ဟု လျှောက်ကြကုန်၏)။ မမြဲသော စက္ခုပသာဒသည် ဆင်းရဲလော ချမ်းသာလော ဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော စက္ခုပသာဒကို "ဤ စက္ခုပသာဒသည် ငါ့ဟာတည်း၊ ဤစက္ခုပသာဒသည် ငါတည်း၊ ဤစက္ခုပသာဒသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ နှမတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြ ကုန်သနည်း၊ သောတပသာဒသည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏) ။ပ။ ဃာနပသာဒသည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ပ။ ဇိဝှါပသာဒသည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ကာယပသာဒသည် မြဲသလော မမြဲသလော ဟု (မေး၏)၊ မမြဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ပ။မနောဒွါရသည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော မနောဒွါရသည် ဆင်းရဲလော

http://www.dhammadownload.com



ချမ်းသာလော ဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောဓာတ်ကို 'ဤမနောဓာတ်သည် ငါ့ဟာတည်း၊ ဤမနောဓာတ်သည် ငါတည်း၊ ဤမနောဓာတ်သည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား၊ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား "ဤအကြောင်းကြောင့်လည်း ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို မမြဲကုန်"ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ထားပြီးပါပြီ ဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသိသာ ဖြစ်၏။

၄၀၉။ နှစ်မတို့ ထိုစကားကို အဘယ်သို့အောက်မေ့ကြကုန်သနည်း၊ ရူပါရုံတို့သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်ကြကုန်၏)။ မမြဲသော ရူပါရုံသည် ဆင်းရဲလော ချမ်းသာလော ဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရူပါရုံကို "ဤရူပါရုံသည် ငါ့ဟာတည်း၊ ဤရူပါရုံသည် ငါတည်း၊ ဤရူပါရုံသည် ငါ၏ကိုယ်ပိုင်တည်း" ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း။ သဒ္ဒါရုံတို့သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ဂန္ဓာရုံတို့သည် မြဲသလော မမြဲသလောဟု(မေး၏)။မမြဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ပ ရသာရုံတို့သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ဖောဋ္ဌဗ္ဗာရုံတို့သည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏) ။ပ။ ဓမ္မာရုံတို့သည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော ဓမ္မာရုံသည် ဆင်းရဲလော ချမ်းသာလောဟု (မေး၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဓမ္မာရုံကို"ဤဓမ္မာရုံသည် ငါ့ဟာတည်း၊ ဤဓမ္မာရုံသည် ငါတည်း၊ ဤဓမ္မာရုံသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား "ဤအကြောင်းကြောင့်လည်း ဤခြောက်ပါးသော ဗာဟိရာယတနတို့ကို မမြဲကုန်"ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ပြီးပါပြီ ဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့်မြင်သော အရိယာသာဝကအား ဤသိသာ ဖြစ်၏။

၄၁၀။ နှစ်မတို့ ထိုစကားကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ စက္ခုဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟု လျှောက်ကြကုန်၏)။ပ။ သောတဝိညာဏ်သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ဃာနဝိညာဏ်သည် မြဲသလော မမြဲသလော ဟု(မေး၏။) မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ဇိဝှါဝိညာဏ်သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်ကြကုန်၏)။ပ။ ကာယဝိညာဏ်သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ပ။မနောဝိညာဏ်သည် မြဲသလော မမြဲသလောဟု (မေး၏)။ မမြဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ မမြဲသော မနောဝိညာဏ်

http://www.dhammadownload.com



သည် ဆင်းရဲလော ချမ်းသာလောဟု(မေး၏)။ဆင်းရဲပါ အသျှင်ဘုရား(ဟုလျှောက်ကြကုန်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောဝိညာဏ်ကို "ဤမနောဝိညာဏ်သည် ငါ့ဟာတည်း၊ ဤမနောဝိညာဏ်သည် ငါတည်း၊ ဤမနောဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လောဟု (မေး၏)။ မသင့်ပါ အသျှင်ဘုရား။ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဘုရား "ဤအကြောင်းကြောင့်လည်း ဤခြောက်ပါးသော ဝိညာဏ်အပေါင်းကို မမြဲ"ဟု ရှေးကပင် အကျွန်ုပ်တို့သည် ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ပြီးပါပြီဟု (လျှောက်ကြကုန်၏)။ နှမတို့ ကောင်းပေစွ ကောင်းပေစွ၊ နှမတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၁၁။ နှမတို့ ဥပမာအားဖြင့် တောက်နေသော ဆီမီး၏ဆီသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးစာသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ဖောက်ပြန်ခြင်းသဘောရှိ၏၊ အရောင်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ နှမတို့ အကြင်သူသည် "တောက်နေသော ထိုဆီမီး၏ဆီသည်လည်း မမြဲ၊ဖောက်ပြန်ခြင်း သဘောရှိ၏၊မီးစာသည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲ၊ဖောက်ပြန်ခြင်း သဘောရှိ၏၊ ထိုဆီမီး၏အရောင်မူကား မြဲ၏၊ ခိုင်ခံ့၏၊အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘောမရှိ"ဟု ဆိုငြားအံ့၊ နှမတို့ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့် နည်းဟူမူ—အသျှင်ဘုရား တောက်နေသော ထိုဆီမီး၏ ဆီသည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးစာသည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ မီးလျှံသည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ ထိုဆီမီး၏အရောင်သည် အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ မမြဲသည်သာတည်း၊ ဖောက်ပြန်ခြင်း သဘောရှိသည်သာတည်း ဟု (လျှောက်ကြကုန်၏)။

နှမတို့ ဤအတူသာလျှင် အကြင်သူသည် "ဤခြောက်ပါးကုန်သောအဇ္ဈတ္တိကာယတနတို့သည် မမြဲကုန်၊ယင်းခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို စွဲ၍ သုခဝေဒနာကိုလည်းကောင်း ဒုက္ခဝေဒနာကိုလည်းကောင်း ဥပေက္ခာဝေဒနာကိုလည်းကောင်း ခံစား၏၊ ထိုဝေဒနာသည် မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်း သဘောမရှိ"ဟု ဆိုငြားအံ့၊ နှမတို့ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ထိုထို သဘောရှိသောအကြောင်းကိုစွဲ၍ ထိုထိုသဘောရှိသော ဝေဒနာတို့သည် ဖြစ်ပါကုန်၏၊ထိုထိုသဘော ရှိသော အကြောင်း၏ ချုပ်ခြင်းကြောင့် ထိုထိုသဘောရှိသော ဝေဒနာတို့သည် ချုပ်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ နှမတို့ ကောင်းပေစွ ကောင်းပေစွ၊ နှမတို့ ဟုတ်မှန်တိုင်း ဝိပဿနာပညာဖြင့်မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၁၂။ နှမတို့ ဥပမာအားဖြင့် တည်နေဆဲဖြစ်သော အနှစ်ရှိသောသစ်ပင်ကြီး၏ အမြစ်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ ပင်စည်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ သစ်ခက် သစ်ရွက်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊အရိပ်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏။နှမတို့ အကြင်သူသည် "တည်နေဆဲ ဖြစ်သော အနှစ်ရှိသော ထိုသစ်ပင်ကြီး၏ အမြစ်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ ပင်စည်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘော ရှိ၏၊သစ်ခက်သစ်ရွက်သည်လည်း မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ ထိုသစ်ပင်ကြီး၏အရိပ်သည်ကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်းသဘောမရှိ"ဟု ဆိုငြားအံ့၊ နှမတို့ ထိုသူသည်

http://www.dhammadownload.com



အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား တည်နေဆဲဖြစ်သော အနှစ်ရှိသော ထိုသစ်ပင်ကြီး၏ အမြစ်သည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်းသဘောရှိ၏၊ပင်စည်သည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်း သဘောရှိပါ၏၊ သစ်ခက် သစ်ရွက်သည်လည်း မမြဲပါ၊ ဖောက်ပြန်ခြင်းသဘောရှိပါ၏။ ထိုသစ်ပင် ကြီး၏အရိပ်သည်ကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း၊ မမြဲသည်သာတည်း၊ ဖောက်ပြန်ခြင်း သဘောရှိသည်သာတည်း ဟု (လျှောက်ကြကုန်၏)။

နှစ်မတို့ ဤအတူသာလျှင် အကြင်သူသည် "ဤခြောက်ပါးကုန်သော ဗာဟိရာယတနတို့သည် မမြဲကုန်၊ ခြောက်ပါးကုန်သော ဗာဟိရာယတနတို့ကို စွဲ၍ သုခဝေဒနာကိုဖြင့်း ဒုက္ခဝေဒနာကိုဖြင့်း ဥပေက္ခာဝေဒနာကိုဖြင့်း ခံစား၏။ ထိုဝေဒနာကား မြဲ၏၊ ခိုင်ခံ့၏၊ အမြဲတည်၏၊ ဖောက်ပြန်ခြင်း သဘောမရှိ"ဟု ဆိုငြားအံ့၊ နှစ်မတို့ ထိုသူသည် အမှန်ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။ အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ထိုထို သဘောရှိသော အကြောင်းကိုစွဲ၍ ထိုထိုသဘောရှိသော ဝေဒနာတို့သည် ဖြစ်ပါကုန်၏၊ ထိုထို သဘောရှိသော အကြောင်း၏ချုပ်ခြင်းကြောင့် ထိုထိုသဘောရှိသော ဝေဒနာတို့သည် ချုပ်ပါကုန် ၏ဟု (လျှောက်ကြကုန်၏)။ နှစ်မတို့ ကောင်းပေစွ ကောင်းပေစွ၊ နှစ်မတို့ ဟုတ်မှန်တိုင်း ဝိပဿနာ ပညာဖြင့် မြင်သော အရိယာသာဝကအား ဤသို့သာ ဖြစ်၏။

၄၁၃။ နှစ်မတို့ ဥပမာအားဖြင့် ကျွမ်းကျင်သော နွားသတ်သမားသည်ဖြင့်း နွားသတ်သမား၏ တပည့်သည်ဖြင့်း နွားကိုသတ်၍ ထက်စွာသော သားလှီးဓားဖြင့် အတွင်းဖြစ်သော အသားကိုယ်ထည် ကို မပျက်စေမူ၍ အပဖြစ်သော အရေကိုယ်ထည်ကို မပျက်စေမူ၍ နွားကို လှီးဖြတ်ရာ၏၊ထိုလှီးဖြတ် ရာ၌ ထိုထိုကြား အမြေးကြား အကြောကြား အစပ်ကိုသာလျှင် ထက်စွာသော သားလှီးဓားဖြင့် ဖြတ်ရာ၏၊ တောက်ရာ၏၊ လှီးရာ၏၊ ထက်ဝန်းကျင်လှီးရာ၏၊ ဖြတ်၍ တောက်၍ လှီး၍ ထက်ဝန်းကျင် လှီး၍ အပဖြစ်သော အရေကိုယ်ထည်ကို ခွါ၍ ထိုအရေကိုယ်ထည်ဖြင့်ပင်လျှင် ထိုနွားကို ဖုံး၍ "ဤ နွားသည် ထိုရှေးအတိုင်းပင် ဤအရေနှင့်သာလျှင် ဆက်စပ်နေ၏"ဟု ဆိုငြားအံ့၊ ထိုသူသည် အမှန် ပြောဆိုသည် မည်ရာအံ့လော ဟု (မေး၏)။

အသျှင်ဘုရား အမှန်ပြောဆိုသည် မမည်ပါ။ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဘုရား ကျွမ်းကျင်သော နွားသတ်သမားသည်ဖြင့်း နွားသတ်သမား၏ တပည့်သည်ဖြင့်း နွားကိုသတ်၍ ထက်စွာသော သားလှီးဓားဖြင့် အတွင်းဖြစ်သော အသား ကိုယ်ထည်ကို မပျက်စေမူ၍ အပဖြစ်သော အရေကိုယ်ထည်ကို မပျက်စေမူ၍ လှီးဖြတ်ရာ၏၊ ထိုလှီးဖြတ်ရာ၌ ထိုထိုကြား အမြေးကြား အကြောကြား အစပ်ကိုသာလျှင် ထက်စွာသော သားလှီးဓားဖြင့် ဖြတ်ရာ၏၊ တောက်ရာ၏၊ လှီးရာ၏၊ ထက်ဝန်းကျင်လှီးရာ၏၊ ဖြတ်၍ တောက်၍ လှီး၍ ထက်ဝန်းကျင် လှီး၍ အပဖြစ်သော အရေကိုယ်ထည်ကို ခွါ၍ ထိုအရေကိုယ်ထည်ဖြင့်ပင်လျှင် ထိုနွားကို ဖုံး၍ "ဤနွားသည် ထိုရှေး အတိုင်းပင် ဤအရေနှင့်သာလျှင် ဆက်စပ်နေ၏"ဟု အကယ်၍ကား ထိုသူဆို၏၊ ထိုသို့ပင် ဆိုသော် လည်း ထိုနွားသည် ထိုအရေနှင့် မဆက်စပ်ပါဟု (လျှောက်ကြကုန်၏)။

နှစ်မတို့ အနက်အဓိပ္ပါယ်ကို သိစေခြင်းငှါ ဤဥပမာကိုပြု၏၊ဤဥပမာ၌ ဤဆိုလတ္တံ့သည်ကား အနက်အဓိပ္ပါယ်တည်း။ နှစ်မတို့ "အတွင်းဖြစ်သော အသားကိုယ်ထည်"ဟူသော ဤအမည်သည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့၏ အမည်တည်း။ နှစ်မတို့ "အပဖြစ်သော အရေ

http://www.dhammadownload.com



ကိုယ်ထည်”ဟူသော ဤအမည်သည် ခြောက်ပါးကုန်သော ဗာဟိရာယတနတို့၏အမည်တည်း။နှစ်မတို့ “ကြား အမြှေးကြား အကြောကြား အစပ်” ဟူသော ဤအမည်သည် နှစ်သက်ခြင်း နန္ဒီရာဂ၏ အမည်တည်း။နှစ်မတို့ “ထက်စွာသော သားလှီးဓား”ဟူသော ဤအမည်သည် မြတ်သောမဂ်ပညာ၏ အမည်တည်း။ ဤမြတ်သော မဂ်ပညာသည် အကြား၌ဖြစ်သောကိလေသာ အကြား၌ဖြစ်သော သံယောဇဉ် အကြား၌ဖြစ်သောအစပ်တို့ကို ဖြတ်၏၊တောက်၏၊ လှီး၏၊ ထက်ဝန်းကျင်လှီး၏။

၄၁၄။ နှစ်မတို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း။ ရဟန်းသည် ယင်းဗောဇ္ဈင်တို့ကို ပွါးသည်၏အဖြစ်ကြောင့် ကြိမ်ဖန်များစွာ လေ့လာသည်၏အဖြစ်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သောစိတ် လွတ်မြောက်သောပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။ ခုနစ်ပါးတို့သည် အဘယ်တို့နည်း၊နှစ်မတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ခြင်း ‘ဝိဝေက’၌ မှီသော တပ်စွန်းမှု ‘ရာဂ’ ကင်းရာ၌ မှီသော ချုပ်ရာ ‘နိရောဓ’၌ မှီသော (ကိလေသာကို)စွန့်လွှတ်မှု နိဗ္ဗာန်သို့ ပြေးဝင်မှု ‘ဝေါဿဂ္ဂ’ကို ရင့်ကျက်စေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါး၏၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ပီတိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါး၏၊ ဆိတ်ခြင်း ‘ဝိဝေက’၌ မှီသော တပ်စွန်းမှု ‘ရာဂ’ ကင်းရာ၌ မှီသော ချုပ်ရာ ‘နိရောဓ’၌ မှီသော ကိလေသာကို စွန့်လွှတ်မှု နိဗ္ဗာန်သို့ ပြေးဝင်မှု ‘ဝေါဿဂ္ဂ’ကို ရင့်ကျက်စေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါး၏၊ နှစ်မတို့ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဤသည်တို့တည်း။

ရဟန်းသည် ယင်းဗောဇ္ဈင်တို့ကို ပွါးသည်၏အဖြစ်ကြောင့် ကြိမ်ဖန်များစွာ လေ့လာသည်၏ အဖြစ်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သောစိတ် လွတ်မြောက်သောပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုကာ ပြည့်စုံစေ၍ နေ၏ဟု(မိန့်ဆို၏)။

၄၁၅။ ထိုအခါ၌ အသျှင်နန္ဒကသည် ထိုရဟန်းမိန်းမတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၍“နှစ်မတို့ သွားချိန်တန်ပြီ၊သွားကြကုန်လော့”ဟု(ဆို၍)လွှတ်လိုက်၏။ထိုအခါ ထိုရဟန်းမိန်းမတို့သည် အသျှင် နန္ဒက၏ တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်ကုန်၍ နေရာမှထကုန်လျက် အသျှင် နန္ဒကကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ကုန်၏၊ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ရပ်တည်ကုန်၏၊ သင့်လျော်ရာ၌ ရပ်တည်ကုန်သော ထိုရဟန်း မိန်းမတို့ကို မြတ်စွာဘုရားသည် “ရဟန်းမိန်းမတို့ သွားချိန်တန်ပြီ၊သွားကြကုန်လော့”ဟု ဤစကား ကို မိန့်တော်မူ၏။ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်၍ အရိုအသေပြုပြီးလျှင် ဖဲသွားကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမတို့ ဖဲသွား၍ မကြာမီ ရဟန်းတို့ကို “ရဟန်းတို့ ဥပမာအားဖြင့် တဆယ့်လေးရက်မြောက်သော ထိုဥပုသ်နေ့၌ ‘လသည် ယုတ်လျော့လေ သလော၊ ပြည့်လေသလော’ဟု များစွာသော လူအပေါင်းအား ယုံမှားခြင်း တွေးတောခြင်းသည် မဖြစ်၊ စင်စစ်သော်ကား လသည် ပြည့်သည်သာ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထို ရဟန်းမိန်းမတို့သည် နန္ဒက၏ တရားဒေသနာ၌ ဝမ်းမြောက်သောစိတ်ရှိကုန်သည်ရင်း ပြည့်စုံသော အကြံအစည်ရှိကုန်သည်ရင်း ဖြစ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းမိန်းမငါးရာတို့တွင် အကြင်ရဟန်း မိန်းမသည် (ဂုဏ်အားဖြင့်)အငယ်ဆုံးဖြစ်ကုန်၏၊ ထိုရဟန်းမိန်းမတို့သည် သောတာပန်တို့တည်း၊

http://www.dhammadownload.com



ဖရိုဖရဲကျခြင်း သဘောမရှိကုန်၊ မြဲကုန်၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိကုန်၏" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

လေးခုမြောက် နန္ဒကောဝါဒသုတ် ပြီး၏။

---

## ၅-စူဠရာဟုလောဝါဒသုတ်

၄၁၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေစဉ် "ရာဟုလာအား အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်ကုန်သော သဘောတရားတို့သည် ရင့်ကျက်ကုန်ပြီ၊ ငါသည် ရာဟုလာအား တဆင့်တက်၍ အာသဝေါတို့၏ ကုန်ခန်းမှု၌ သွန်သင်ဆုံးမရမူ ကောင်းလေစွ"ဟု ဤသို့သော စိတ်အကြံသည် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် အသျှင်ရာဟုလာကို "ရာဟုလာ နိသီဒိုင်ကို ယူခဲ့လော့၊ အန္ဓဝန်တောသို့ နေ့သန့်စင်ခြင်းငှါ ချဉ်းကပ်ကုန်အံ့"ဟု မိန့်တော်မူ၏။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု အသျှင်ရာဟုလာသည် မြတ်စွာဘုရားအား ပြန်လျှောက်ထား၍ နိသီဒိုင်အခင်းကို ယူလျက် မြတ်စွာဘုရား၏နောက်တော်မှ အစဉ်လိုက်၏။

ထိုအခါ ထောင်ပေါင်းများစွာသော နတ်တို့သည် "ယနေ့ မြတ်စွာဘုရားသည် အသျှင်ရာဟုလာကို တဆင့်တက်၍ အာသဝေါတို့၏ ကုန်ခန်းမှု၌ သွန်သင်တော်မူလတ္တံ့"ဟု နှလုံးပိုက်၍ မြတ်စွာဘုရားသို့ အစဉ်လိုက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အန္ဓဝန်တောသို့ သက်ဝင်၍ တခုသော သစ်ပင်ရင်း ခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊ အသျှင်ရာဟုလာသည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်ရာဟုလာကို မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၄၁၇။ ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ စက္ခုပသာဒသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော စက္ခုပသာဒသည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စက္ခုပသာဒကို "ဤစက္ခုပသာဒသည် ငါ့ဟာတည်း၊ ဤစက္ခုပသာဒသည် ငါတည်း၊ ဤစက္ခုပသာဒသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။ ရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ ရူပါရုံတို့သည် မြဲကုန်သလော မမြဲကုန်သလောဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ရူပါရုံသည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား

http://www.dhammadownload.com



(ဟုလျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရူပါရုံကို "ဤရူပါရုံသည် ငါ့ဟာတည်း၊ ဤရူပါရုံသည် ငါတည်း၊ ဤရူပါရုံသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု(မေးတော်မူ၏။) မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

ရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ စက္ခုဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော စက္ခုဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော စက္ခုဝိညာဏ်ကို "ဤစက္ခုဝိညာဏ်သည် ငါ့ဟာတည်း၊ ဤစက္ခုဝိညာဏ်သည် ငါတည်း၊ ဤစက္ခုဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။ ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ စက္ခုသမ္ဖဿသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသောစက္ခုသမ္ဖဿသည် ဆင်းရဲလော ချမ်းသာလော (ဟု မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော စက္ခုသမ္ဖဿကို "ဤစက္ခုသမ္ဖဿသည် ငါ့ဟာတည်း၊ ဤစက္ခုသမ္ဖဿသည် ငါတည်း၊ ဤစက္ခုသမ္ဖဿသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သောဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည်လည်း မြဲသလော မမြဲသလောဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို "ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါ့ဟာတည်း၊ ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါတည်း၊ ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါ မည်လောဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

၄၁၈။ ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ သောတပသာဒသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ပ။ ဃာနပသာဒသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ပ။ ဇိဝှါပသာဒသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား ဟု (လျှောက်၏)။ပ။ ကာယပသာဒသည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ပ။ မနောဒွါရသည် မြဲသလော မမြဲသလောဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော မနောဒွါရသည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောဒွါရကို "ဤမနောဒွါရသည် ငါ့ဟာတည်း၊ ဤမနောဒွါရသည် ငါတည်း၊ ဤမနောဒွါရသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ မျှော်ချိုးတို့သည် မြဲကုန်သလော မမြဲကုန်သလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော မျှော်ချိုးသည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော မျှော်ချိုးကို "ဤမျှော်ချိုးသည် ငါ့ဟာတည်း၊ ဤမျှော်ချိုးသည် ငါတည်း၊ ဤမျှော်ချိုးသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လောဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။ ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊ မနောဝိညာဏ်သည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။မမြဲသော မနောဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော ဟု(မေးတော်မူ၏)။ဆင်းရဲပါ အသျှင်ဘုရား(ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောဝိညာဏ်ကို "ဤမနောဝိညာဏ်သည် ငါ့ဟာတည်း၊ဤမနောဝိညာဏ်သည် ငါတည်း၊ ဤမနောဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း၊မနောသမ္ဖဿသည် မြဲသလော၊ မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟုလျှောက်၏)။ မမြဲသော မနောသမ္ဖဿသည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ ဆင်းရဲပါ အသျှင်ဘုရား (ဟုလျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မနောသမ္ဖဿကို "ဤမနောသမ္ဖဿသည် ငါ့ဟာတည်း၊ ဤမနောသမ္ဖဿသည် ငါတည်း၊ ဤမနောသမ္ဖဿသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။ချစ်သားရာဟုလာ ထိုစကားကို အဘယ်သို့ အောက်မေ့သနည်း။ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။ မမြဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလော ဟု (မေးတော်မူ၏)။ဆင်းရဲပါ အသျှင်ဘုရား (ဟု လျှောက်၏)။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို"ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါ့ဟာတည်း၊ ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါတည်း၊ ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှုခြင်းငှါ သင့်ပါမည်လော ဟု (မေးတော်မူ၏)။ မသင့်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

၄၃၉။ ချစ်သားရာဟုလာ အကြားအမြင်ရှိသော အရိယာ၏တပည့်သည် ဤသို့ ရှုမြင်သော် စက္ခုပသာဒ၌ ငြီးငွေ့၏၊ရူပါရုံတို့၌ ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌ ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌ ငြီးငွေ့၏၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ သညာ သင်္ခါရဝိညာဏ်တို့၌လည်း ငြီးငွေ့၏။ သောတပသာဒ၌ ငြီးငွေ့၏၊ သဒ္ဒါရုံတို့၌ ငြီးငွေ့၏။ပ။ဃာနပသာဒ၌ ငြီးငွေ့၏၊ဂန္ဓာရုံတို့၌ ငြီးငွေ့၏။ ဇိဝှါပသာဒ၌ ငြီးငွေ့၏၊ ရသာရုံတို့၌ ငြီးငွေ့၏။ကာယပသာဒ၌ ငြီးငွေ့၏၊ ဖောဋ္ဌဗ္ဗာရုံတို့၌ ငြီးငွေ့၏။ မနောဒွါရ၌ ငြီးငွေ့၏၊ မျှော်ချိုးတို့၌ ငြီးငွေ့၏။ မနောဝိညာဏ်၌ ငြီးငွေ့၏၊ မနောသမ္ဖဿ၌ ငြီးငွေ့၏။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်ခြင်းကင်း၏၊တပ်ခြင်းကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်သော် "ကိလေသာမှ လွတ်ပြီ"ဟု အသိဉာဏ်ဖြစ်၏။ "ပဋိသန္ဓေနေမှု

http://www.dhammadownload.com



ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအတွက် နောက်ထပ်ပြုဖွယ် မရှိတော့ပြီ”ဟု သိ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်ရာဟုလာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။ စင်စစ် ဤစကားပြေ တရားဒေသနာတော်ကို ဟောသည်ရှိသော် အသျှင်ရာဟုလာ၏ စိတ်သည် တဏှာ ဒိဋ္ဌိတို့ဖြင့် တစုံတခု သော အာရုံကိုမျှ မစွဲလမ်းတော့ပဲ အာသဝေါတရားတို့မှ လွတ်ပြီ၊ ထိုထောင်ပေါင်းများစွာသော နတ်တို့အားလည်း “ဖြစ်ပေါ်ခြင်း သဘောရှိသော တရားမှန်သမျှသည် ချုပ်ပျောက်ခြင်းသဘော ရှိ၏”ဟု ကိလေသာ မြူအညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ် လေပြီ။

ငါးခုမြောက် စူဠရာဟုလောဝါဒသုတ် ပြီး၏။

---

## ၆-ဆဆက္ကသုတ်

၄၂၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏ ၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို “ရဟန်းတို့”ဟူ၍ မိန့်တော်မူ၏။ “အသျှင်ဘုရား”ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—“ရဟန်းတို့ သင်တို့အား ဆက္ကခြောက်ပါး ဟူသော အစ၏ကောင်းခြင်းရှိသော အလယ်၏ကောင်းခြင်းရှိသော အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောအံ့၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြပေအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်း ကုန်လော့၊ ဟောပေအံ့”ဟု (မိန့်တော်မူ၏)။ “မြတ်စွာဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူ၏—

ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို သိရမည်၊ ခြောက်ပါးသော ဗာဟိရာယတနတို့ကို သိရမည်၊ ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ကို သိရမည်၊ ခြောက်ပါးသော ဖဿအပေါင်းတို့ကို သိရမည်၊ ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်၊ ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်။

၄၂၁။ “ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို သိရမည်”ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ စက္ခာယတန သောတာယတန ဃာနာယတန၊ ဇိဝှါယတန ကာယာယတန မနာယတနတို့တည်း။ “ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကို သိရမည်”ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား ပဌမဆက္ကတည်း။ (၁)

“ခြောက်ပါးသော ဗာဟိရာယတနတို့ကို သိရမည်”ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့သနည်း။ ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတနတို့

http://www.dhammadownload.com



တည်း။ "ခြောက်ပါးသော ဗာဟိရာယတနတို့ကို သိရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို
စွဲ၍ ဆိုခဲ့၏။ ဤကား ဒုတိယဆက္ကတည်း။ (၂)

"ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍
ဆိုခဲ့သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သောတဒွါရနှင့် သဒ္ဒါရုံကိုစွဲ၍
သောတဝိညာဏ်သည် ဖြစ်၏၊ ဃာနဒွါရနှင့် ဂန္ဓာရုံကို စွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏၊ ဇိဝှါဒွါရနှင့်
ရသာရုံကို စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည်
ဖြစ်၏၊ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏။ "ခြောက်ပါးသော ဝိညာဏ်
အပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား တတိယ
ဆက္ကတည်း။ (၃)

"ခြောက်ပါးသော ဖဿအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုခဲ့
သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်
ဖဿသည် ဖြစ်၏၊ သောတဒွါရနှင့် သဒ္ဒါရုံကို စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ပေါင်းဆုံ
ခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဃာနဒွါရနှင့် ဂန္ဓာရုံကိုစွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏
ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဇိဝှါဒွါရနှင့် ရသာရုံကို စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏။
သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယ
ဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ မနောဒွါရနှင့် ဓမ္မာရုံကို
စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿသည်ဖြစ်၏။ "ခြောက်ပါး
သောဖဿအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား
စတုတ္ထဆက္ကတည်း။ (၄)

"ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍
ဆိုခဲ့သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်
ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ သောတဒွါရနှင့် သဒ္ဒါရုံကို
စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော
အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ဃာနဒွါရနှင့် ဂန္ဓာရုံကိုစွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏၊
သုံးပါးတို့၏ပေါင်းဆုံခြင်း ကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည်
ဖြစ်၏။ ဇိဝှါဒွါရနှင့် ရသာရုံကို စွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿ
သည် ဖြစ်၏၊ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို
စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော
အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏၊
သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည်
ဖြစ်၏။ "ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို
စွဲ၍ ဆိုခဲ့၏။ ဤကား ပဉ္စမဆက္ကတည်း။ (၅)

"ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကားကို အဘယ်ကို စွဲ၍
ဆိုခဲ့သနည်း။ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်
ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ ဝေဒနာဟူသော

http://www.dhammadownload.com



သော်တဝိညာဏ်သည်ဖြစ်၏
အကြောင်းကြောင့် တဏှာသည် ဖြစ်၏။ သောတဒွါရနှင့် သဒ္ဒါရုံကို စွဲ၍ သောတဝိညာဏ်သည်ဖြစ်၏ ဇိဝှါ
။ပ။ဃာနဒွါရနှင့် ဂန္ဓာရုံကို စွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏။ပ။ ဇိဝှါဒွါရနှင့် ရသာရုံကို စွဲ၍ ဇိဝှါ
ဝိညာဏ်သည် ဖြစ်၏ ။ပ။ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏။ပ။
မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်
ဖဿသည်ဖြစ်၏၊ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ဝေဒနာဟူသောအကြောင်း
ကြောင့် တဏှာသည် ဖြစ်၏။"ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်"ဟူသော ထိုစကား
ကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏။ ဤကား ဆဋ္ဌဆက္ကတည်း။ (၆)

၄၂၂။ "စက္ခုဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည်
မဖြစ်သင့်၊ စက္ခုဒွါရ၏ ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ အကြင်တရားအား ဖြစ်
ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏၊ ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်) "ငါ၏အတ္တသည်
ဖြစ်လည်းဖြစ်၏၊ ပျက်လည်းပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "စက္ခုဒွါရသည် အတ္တတည်း"ဟု
တဦးတယောက်သည် ဆိုငြားအံ့ ထိုဆိုခြင်းသည် မသင့်၊ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း။

"ရူပါရုံတို့သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊
ရူပါရုံတို့အား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ အကြင်တရားအား ဖြစ်ခြင်း
သည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏၊ထိုတရားကို အတ္တဟု ဆိုခဲ့လျှင် "ငါ၏ အတ္တသည် ဖြစ်လည်း
ဖြစ်၏၊ ပျက်လည်းပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "ရူပါရုံတို့သည် အတ္တတည်း"ဟု တဦး
တယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း၊
ရူပါရုံတို့သည် အနတ္တတည်း။

"စက္ခုဝိညာဏ်သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ထိုဆိုခြင်းသည် မဖြစ်
သင့်၊ စက္ခုဝိညာဏ်အား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း ပျက်
ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို(အတ္တဟု ဆိုခဲ့လျှင်) "ငါ၏ အတ္တသည် ဖြစ်လည်းဖြစ်၏၊ပျက်
လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့်"စက္ခုဝိညာဏ်သည် အတ္တတည်း"ဟု တဦးတယောက်
သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း၊ ရူပါရုံတို့သည်
အနတ္တတည်း၊ စက္ခုဝိညာဏ်သည် အနတ္တတည်း။

"စက္ခုသမ္ဖဿသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်
သင့်၊ စက္ခုသမ္ဖဿအား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း
ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏ အတ္တသည် ဖြစ်လည်း
ဖြစ်၏၊ ပျက်လည်းပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "စက္ခုသမ္ဖဿသည် အတ္တတည်း"ဟု
တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း၊
ရူပါရုံတို့သည် အနတ္တတည်း၊ စက္ခုဝိညာဏ်သည် အနတ္တတည်း၊ စက္ခုသမ္ဖဿသည် အနတ္တတည်း။

"ဝေဒနာသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊
ဝေဒနာအား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း
ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏ အတ္တသည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်းပျက်
၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "ဝေဒနာသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊

http://www.dhammadownload.com



ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း၊ ရူပါရုံတို့သည် အနတ္တတည်း၊ စက္ခုဝိညာဏ်သည် အနတ္တတည်း၊ စက္ခုသမ္ဖဿသည် အနတ္တတည်း၊ ဝေဒနာသည် အနတ္တတည်း။

"တဏှာသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ တဏှာအား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏ အတ္တသည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "တဏှာသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုသို့ဆိုခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် စက္ခုဒွါရသည် အနတ္တတည်း၊ ရူပါရုံတို့သည် အနတ္တတည်း၊ စက္ခုဝိညာဏ်သည် အနတ္တတည်း၊ စက္ခုသမ္ဖဿသည် အနတ္တတည်း၊ ဝေဒနာသည် အနတ္တတည်း၊ တဏှာသည် အနတ္တတည်း။

၄၂၃။ "သောတဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့။ပ။ "ဃာနဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့။ပ။ 'ဇိဝှါဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့။ပ။ "ကာယဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့။ပ။ "မနောဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုသို့ ဆိုခြင်းသည် မဖြစ်သင့်၊ မနောဒွါရအား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏အတ္တသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "မနောဒွါရသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် မနောဒွါရသည် အနတ္တတည်း။

"ဓမ္မာရုံတို့သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ဓမ္မာရုံတို့အား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏အတ္တသည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "ဓမ္မာရုံတို့သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် မနောဒွါရသည် အနတ္တတည်း၊ ဓမ္မာရုံတို့သည် အနတ္တတည်း။

"မနောဝိညာဏ်သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်။ မနောဝိညာဏ်အား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်)"ငါ၏ အတ္တသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်းပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "မနောဝိညာဏ်သည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ထို့ကြောင့် မနောဒွါရသည် အနတ္တတည်း၊ ဓမ္မာရုံတို့သည် အနတ္တတည်း၊ မနောဝိညာဏ်သည် အနတ္တတည်း။

"မနောသမ္ဖဿသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ထိုဆိုခြင်းသည် မဖြစ်သင့်၊ မနောသမ္ဖဿအား ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှား၏။ ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်) "ငါ၏အတ္တသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်းပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "မနောသမ္ဖဿသည် အတ္တတည်း"ဟု တဦးတယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် မနောဒွါရသည် အနတ္တ

http://www.dhammadownload.com



တည်း၊ ဓမ္မာရုံတို့သည် အနတ္တတည်း၊ မနောဝိညာဏ်သည် အနတ္တတည်း၊ မနောသမ္ဖဿသည် အနတ္တတည်း။

"ဝေဒနာသည် အတ္တတည်း"ဟု တစ်ဦးတစ်ယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ ဝေဒနာအား ဖြစ်ခြင်းသည်ရှင်း ပျက်ခြင်းသည်ရှင်း ထင်ရှား၏။ ဖြစ်ခြင်းသည်ရှင်း ပျက်ခြင်းသည်ရှင်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်) "ငါ၏အတ္တသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "ဝေဒနာသည် အတ္တတည်း"ဟု တစ်ဦးတစ်ယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် မနောဒွါရသည် အနတ္တတည်း၊ ဓမ္မာရုံတို့သည် အနတ္တတည်း၊ မနောဝိညာဏ်သည် အနတ္တတည်း၊ မနောသမ္ဖဿသည် အနတ္တတည်း၊ ဝေဒနာသည် အနတ္တတည်း။

"တဏှာသည် အတ္တတည်း"ဟု တစ်ဦးတစ်ယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်၊ တဏှာအား ဖြစ်ခြင်းသည်ရှင်း ပျက်ခြင်းသည်ရှင်း ထင်ရှား၏။ ဖြစ်ခြင်းသည်ရှင်း ပျက်ခြင်းသည်ရှင်း ထင်ရှားသော ထိုတရားကို (အတ္တဟု ဆိုခဲ့လျှင်) "ငါ၏ အတ္တသည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်း ပျက်၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "တဏှာသည် အတ္တတည်း"ဟု တစ်ဦးတစ်ယောက်သည် ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မဖြစ်သင့်။ ထို့ကြောင့် မနောဒွါရသည် အနတ္တတည်း၊ ဓမ္မာရုံတို့သည် အနတ္တတည်း၊ မနောဝိညာဏ်သည် အနတ္တတည်း၊ မနောသမ္ဖဿသည် အနတ္တတည်း၊ ဝေဒနာသည် အနတ္တတည်း၊ တဏှာသည် အနတ္တတည်း။

၄၂၄။ ရဟန်းတို့ ဤဆိုလတ္တံ့သည်ကား သက္ကာယဖြစ်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အကျင့်တည်း၊ စက္ခုဒွါရကို "ဤစက္ခုဒွါရသည် ငါ့ဟာတည်း၊ ဤစက္ခုဒွါရသည် ငါတည်း၊ ဤစက္ခုဒွါရသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ ရူပါရုံတို့ကို "ဤရူပါရုံသည် ငါ့ဟာတည်း၊ ဤရူပါရုံသည် ငါတည်း၊ ဤရူပါရုံသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ စက္ခုဝိညာဏ်ကို "ဤစက္ခုဝိညာဏ်သည် ငါ့ဟာတည်း၊ ဤစက္ခုဝိညာဏ်သည် ငါတည်း၊ ဤစက္ခုဝိညာဏ်သည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ စက္ခုသမ္ဖဿကို "ဤစက္ခုသမ္ဖဿသည် ငါ့ဟာတည်း၊ ဤစက္ခုသမ္ဖဿသည် ငါတည်း၊ ဤစက္ခုသမ္ဖဿသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ ဝေဒနာကို "ဤဝေဒနာသည် ငါ့ဟာတည်း၊ ဤဝေဒနာသည် ငါတည်း၊ ဤဝေဒနာသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ တဏှာကို "ဤတဏှာသည် ငါ့ဟာတည်း၊ ဤတဏှာသည် ငါတည်း၊ ဤတဏှာသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ သောတဒွါရကို "ဤသောတဒွါရသည် ငါ့ဟာတည်း၊ ဤသောတဒွါရသည် ငါတည်း၊ ဤသောတဒွါရသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ပ။ ဃာနဒွါရကို "ဤဃာနဒွါရသည် ငါ့ဟာတည်း၊ ဤဃာနဒွါရသည် ငါတည်း၊ ဤဃာနဒွါရသည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ပ။ ဇိဝှါဒွါရကို "ဤဇိဝှါဒွါရသည် ငါ့ဟာတည်း၊ ဤဇိဝှါဒွါရသည် ငါတည်း၊ ဤဇိဝှါဒွါရသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ပ။ ကာယဒွါရကို "ဤကာယဒွါရသည် ငါ့ဟာတည်း၊ ဤကာယဒွါရသည် ငါတည်း၊ ဤကာယဒွါရသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ပ။ မနောဒွါရကို "ဤမနောဒွါရသည် ငါ့ဟာတည်း၊ ဤမနောဒွါရသည် ငါတည်း၊ ဤမနောဒွါရသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ ဓမ္မာရုံတို့ကို "ဤဓမ္မာရုံသည် ငါ့ဟာတည်း၊ ဤဓမ္မာရုံသည် ငါတည်း၊ ဤဓမ္မာရုံသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ မနောဝိညာဏ်ကို "ဤမနောဝိညာဏ်သည် ငါ့ဟာတည်း၊ ဤမနောဝိညာဏ်သည် ငါတည်း၊ ဤမနောဝိညာဏ်သည် ငါ၏ ကိုယ်ပိုင်တည်း"ဟု ရှု၏။ မနောသမ္ဖဿကို "ဤမနောသမ္ဖဿသည် ငါ့ဟာတည်း၊ ဤမနောသမ္ဖဿသည် ငါတည်း၊ ဤမနောသမ္ဖဿသည် ငါ၏ကိုယ်ပိုင်တည်း"ဟု ရှု၏။ ဝေဒနာကို "ဤဝေဒနာသည်

http://www.dhammadownload.com



ငါ့ဟာတည်း၊ ဤဝေဒနာသည် ငါတည်း၊ ဤဝေဒနာသည် ငါ၏ ကိုယ်ပိုင်တည်း”ဟု ရှု၏။ တဏှာကို “ဤတဏှာသည် ငါ့ဟာတည်း၊ ဤတဏှာသည် ငါတည်း၊ဤတဏှာသည် ငါ၏ ကိုယ်ပိုင်တည်း”ဟု ရှု၏။

ရဟန်းတို့ ဤဆိုလတ္တံ့ သည်ကား သက္ကာယချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်တည်း၊ စက္ခုဒွါရကို “ဤစက္ခုဒွါရသည် ငါ့ဟာမဟုတ်၊ဤစက္ခုဒွါရသည် ငါမဟုတ်၊ ဤစက္ခုဒွါရသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ရူပါရုံတို့ကို “ဤရူပါရုံသည် ငါ့ဟာမဟုတ်၊ ဤရူပါရုံသည် ငါမဟုတ်၊ ဤရူပါရုံသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ စက္ခုဝိညာဏ်ကို “ဤစက္ခုဝိညာဏ်သည် ငါ့ဟာမဟုတ်၊ ဤစက္ခုဝိညာဏ်သည် ငါမဟုတ်၊ ဤစက္ခုဝိညာဏ်သည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ စက္ခုသမ္ဖဿကို “ဤစက္ခုသမ္ဖဿသည် ငါ့ဟာမဟုတ်၊ ဤစက္ခုသမ္ဖဿသည် ငါမဟုတ်၊ ဤစက္ခုသမ္ဖဿသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ဝေဒနာကို “ဤဝေဒနာသည် ငါ့ဟာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ တဏှာကို“ဤတဏှာသည် ငါ့ဟာမဟုတ်၊ ဤတဏှာသည် ငါမဟုတ်၊ ဤတဏှာသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။

သောတဒွါရကို “ဤသောတဒွါရသည် ငါ့ဟာမဟုတ်၊ ဤသောတဒွါရသည် ငါမဟုတ်၊ ဤသောတဒွါရသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ပ။ ဃာနဒွါရကို “ဤဃာနဒွါရသည် ငါ့ဟာမဟုတ်၊ ဤဃာနဒွါရသည် ငါမဟုတ်၊ ဤဃာနဒွါရသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ဇိဝှါဒွါရကို “ဤဇိဝှါဒွါရသည် ငါ့ဟာမဟုတ်၊ ဤဇိဝှါဒွါရသည် ငါမဟုတ်၊ ဤဇိဝှါဒွါရသည် ငါ၏ ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ကာယဒွါရကို “ဤကာယဒွါရသည် ငါ့ဟာမဟုတ်၊ ဤကာယဒွါရသည် ငါမဟုတ်၊ ဤကာယဒွါရသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ မနောဒွါရကို “ဤမနောဒွါရသည် ငါ့ဟာမဟုတ်၊ ဤမနောဒွါရသည် ငါမဟုတ်၊ ဤမနောဒွါရသည် ငါ၏ ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ဓမ္မာရုံကို “ဤဓမ္မာရုံသည် ငါ့ဟာမဟုတ်၊ ဤဓမ္မာရုံသည် ငါမဟုတ်၊ ဤဓမ္မာရုံသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ မနောဝိညာဏ်ကို “ဤမနောဝိညာဏ်သည် ငါ့ဟာမဟုတ်၊ ဤမနောဝိညာဏ်သည် ငါမဟုတ်၊ ဤမနောဝိညာဏ်သည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ မနောသမ္ဖဿကို “ဤမနောသမ္ဖဿသည် ငါ့ဟာမဟုတ်၊ ဤမနောသမ္ဖဿသည် ငါမဟုတ်၊ ဤမနောသမ္ဖဿသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ ဝေဒနာကို “ဤဝေဒနာသည် ငါ့ဟာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။ တဏှာကို “ဤတဏှာသည် ငါ့ဟာမဟုတ်၊ ဤတဏှာသည် ငါမဟုတ်၊ ဤတဏှာသည် ငါ၏ကိုယ်ပိုင်မဟုတ်”ဟု ရှု၏။

၄၂၅။ ရဟန်းတို့ စက္ခုဒွါရနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သော ဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် နှစ်သက်၏၊ တမ်းတ၏၊ မက်မော၍တည်၏၊ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် ကိန်း၏။ ဒုက္ခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီးငို၏၊ တွေဝေခြင်းသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယသည် ကိန်း၏။ ဥပေက္ခာဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ဝေဒနာ၏ ဖြစ်ပုံကို၎င်း ချုပ်ပုံကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း ထွက်မြောက်ကြောင်းကို၎င်း ဟုတ်မှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်အား အဝိဇ္ဇာနုသယသည် ကိန်း၏။ ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်မူ၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မဖျောက်မူ၍ ဥပေက္ခာ

http://www.dhammadownload.com



ဝေဒနာ၌ အဝိဇ္ဇာနုသယကို မနုတ်မူ၍ အဝိဇ္ဇာကို မပယ်ပဲ ဝိဇ္ဇာကို မဖြစ်စေပဲ မျက်မှောက်ဘဝ၌ ဆင်းရဲ၏အဆုံးကို ပြုနိုင်လတ္တံ့ ဟူသော အကြောင်းသည် မရှိ။

ရဟန်းတို့ သောတဒွါရနှင့် သဒ္ဒါရုံကို စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏။ပ။ ဃာနဒွါရနှင့် ဂန္ဓာရုံကိုစွဲ၍ ဃာနဝိညာဏ်သည် ဖြစ်၏။ပ။ ဇိဝှါဒွါရနှင့် ရသာရုံကိုစွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏။ပ။ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏။ ရဟန်းတို့ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏။ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် နှစ်သက်၏၊ တမ်းတပြောဆို၏၊ မက်မော၍ တည်၏၊ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် ကိန်း၏။ ဒုက္ခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီးငို၏၊ တွေဝေခြင်းသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယသည် ကိန်း၏။ ဥပေက္ခာဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ထိုဝေဒနာ၏ ဖြစ်ပုံကို၎င်း ချုပ်ပုံကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း ထွက်မြောက်ကြောင်းကို၎င်း ဟုတ်မှန်စွာမသိ၊ ထိုပုဂ္ဂိုလ်အား အဝိဇ္ဇာနုသယသည် ကိန်း၏။ ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်မူ၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မပျောက်မူ၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနုတ်မူ၍ အဝိဇ္ဇာကို မပယ်ပဲ ဝိဇ္ဇာကို မဖြစ်စေပဲ မျက်မှောက်ဘဝ၌ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လတ္တံ့ ဟူသော အကြောင်းသည် မရှိ။

၄၂၆။ ရဟန်းတို့ စက္ခုဒွါရနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် မနှစ်သက် မတမ်းတ မမက်မောမူ၍ တည်၏၊ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် မကိန်း။ ဒုက္ခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် မပူဆွေး မပင်ပန်း မငိုကြွေး၊ ရင်ပတ်စည်တီး မငို၊ တွေဝေခြင်းသို့ မရောက်၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယသည် မကိန်း။ ဥပေက္ခာဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ထိုဝေဒနာ၏ ဖြစ်ပုံကို၎င်း ချုပ်ပုံကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း ထွက်မြောက်ကြောင်းကို၎င်း ဟုတ်မှန်စွာသိ၏၊ ထိုပုဂ္ဂိုလ်အား အဝိဇ္ဇာနုသယသည် မကိန်း။ ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို ပယ်၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပျောက်၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နုတ်၍ အဝိဇ္ဇာကို ပယ်လျက် ဝိဇ္ဇာကို ဖြစ်စေလျက် မျက်မှောက်ဘဝ၌ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လတ္တံ့ ဟူသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ သောတဒွါရနှင့် သဒ္ဒါရုံကိုစွဲ၍ သောတဝိညာဏ်သည် ဖြစ်၏။ပ။ ရဟန်းတို့ ဃာနဒွါရနှင့် ဂန္ဓာရုံကို စွဲ၍ ဃာနဝိညာဏ်သည်ဖြစ်၏။ပ။ ရဟန်းတို့ ဇိဝှါဒွါရနှင့် ရသာရုံကိုစွဲ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏။ပ။ ရဟန်းတို့ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကိုစွဲ၍ ကာယဝိညာဏ်သည်ဖြစ်၏။ပ။ ရဟန်းတို့ မနောဒွါရနှင့် ဓမ္မာရုံကို စွဲ၍ မနောဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသောအကြောင်းကြောင့် သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် မနှစ်သက် မတမ်းတ မမက်မောမူ၍ တည်၏၊ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် မကိန်း။ ဒုက္ခဝေဒနာနှင့် တွေ့ထိသည်ရှိသော် မပူဆွေး မပင်ပန်း မငိုကြွေး၊ ရင်ပတ်စည်တီးမငို၊ တွေဝေခြင်းသို့ မရောက်၊ ထိုပုဂ္ဂိုလ်အား

http://www.dhammadownload.com



ပဋိဃာနုသယသည် မကိန်း။ ဥပေက္ခာဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ထိုဝေဒနာ၏ဖြစ်ပုံကိုရှင်း ချုပ်ပုံကိုရှင်း သာယာဖွယ်ကိုရှင်း အပြစ်ကိုရှင်း ထွက်မြောက်ကြောင်းကိုရှင်း ဟုတ်မှန်စွာ သိ၏၊ ထိုပုဂ္ဂိုလ်အား အဝိဇ္ဇာနုသယသည် မကိန်း။ ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို ပယ်၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ဖျောက်၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ ကို နုတ်၍ အဝိဇ္ဇာကို ပယ်လျက် ဝိဇ္ဇာကိုဖြစ်စေလျက် မျက်မှောက်ဘဝ၌ ဆင်းရဲ၏အဆုံးကို ပြုနိုင်လတ္တံ့ ဟူသော အကြောင်းသည် ရှိ၏။

၄၂၇။ ရဟန်းတို့ ဤသို့ ရှုမြင်သော အကြားအမြင်ရှိသော အရိယာသာဝကသည် စက္ခုဒွါရ၌ ငြီးငွေ့၏၊ ရူပါရုံတို့၌ ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌ ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌ ငြီးငွေ့၏၊ ဝေဒနာ၌ ငြီးငွေ့၏၊ တဏှာ၌ ငြီးငွေ့၏၊ သောတဒွါရ၌ ငြီးငွေ့၏၊ သဒ္ဒါရုံတို့၌ ငြီးငွေ့၏။ပ။ ဃာနဒွါရ၌ ငြီးငွေ့၏၊ ဂန္ဓာရုံ တို့၌ ငြီးငွေ့၏။ ဇိဝှါဒွါရ၌ ငြီးငွေ့၏၊ ရသာရုံတို့၌ ငြီးငွေ့၏။ ကာယဒွါရ၌ ငြီးငွေ့၏။ ဖောဋ္ဌဗ္ဗာရုံ တို့၌ ငြီးငွေ့၏။ မနောဒွါရ၌ ငြီးငွေ့၏၊ ဓမ္မာရုံတို့၌ ငြီးငွေ့၏၊ မနောဝိညာဏ်၌ ငြီးငွေ့၏၊ မနော သမ္ဖဿ၌ ငြီးငွေ့၏၊ ဝေဒနာ၌ ငြီးငွေ့၏၊ တဏှာ၌ ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်နှစ်သက်ခြင်း ကင်း၏၊ တပ်နှစ်သက်ခြင်းကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်သော် "ကိလေသာမှ လွတ်ပြီ"ဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်)ကိစ္စအတွက် နောက်ထပ်ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာ ဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။ ဤဂါထာမပါက် သက်သက်သောတရားဒေသနာကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့၏ စိတ်တို့သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရား တို့မှလွတ်ကုန်ပြီ။

ခြောက်ခုမြောက် ဆဆက္ကသုတ် ပြီး၏။

---

## ၇-မဟာသဠာယတနိကသုတ်

၄၂၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတ ဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "မြတ်စွာဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ရဟန်းတို့ သင်တို့အား ကျယ်ပြန့် သော အာယတနခြောက်ပါးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "မြတ်စွာဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့ သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်သားကုန်၏။မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၏—

http://www.dhammadownload.com



၄၂၉။ ရဟန်းတို့ စက္ခုကို ဟုတ်မှန်တိုင်း မသိမမြင်၍ ရူပါရုံတို့ကို ဟုတ်မှန်တိုင်း မသိမမြင်၍ စက္ခုဝိညာဏ်ကို ဟုတ်မှန်တိုင်း မသိမမြင်၍ စက္ခုသမ္ဖဿကို ဟုတ်မှန်တိုင်း မသိမမြင်၍ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကိုလည်း ဟုတ်မှန်တိုင်း မသိ မမြင်၍ စက္ခု၌ ပြင်းစွာတပ်နှစ်သက်၏၊ ရူပါရုံတို့၌ ပြင်းစွာ တပ်နှစ်သက်၏၊ စက္ခုဝိညာဏ်၌ ပြင်းစွာ တပ်နှစ်သက်၏၊ စက္ခုသမ္ဖဿ၌ ပြင်းစွာတပ်နှစ်သက်၏၊စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် သော သုခသော်လည်းကောင်း ဒုက္ခသော်လည်းကောင်း ဥပေက္ခာသော်လည်းကောင်း ဖြစ်သော ဝေဒနာ၌လည်း ပြင်းစွာတပ်နှစ်သက်၏။

ပြင်းစွာတပ်နှစ်သက်သော ရာဂနှင့်ယှဉ်သော တွေဝေသော သာယာဖွယ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်အား နောင်အခါ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ပွါးခြင်းသို့ ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်အား တဖန်ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်းရာဂနှင့် တကွဖြစ်သော ထိုထိုအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာသည်လည်း ပွါး၏။ထိုပုဂ္ဂိုလ်အား ကိုယ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပွါးကုန်၏၊ စိတ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပွါးကုန်၏၊ ကိုယ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပွါးကုန်၏၊ စိတ်၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပွါးကုန်၏။ ကိုယ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပွါးကုန်၏၊ စိတ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပွါးကုန်၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း စိတ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း ခံစားရ၏။

ရဟန်းတို့ သောတကို ဟုတ်မှန်တိုင်း မသိမမြင်၍။ပ။ ရဟန်းတို့ ဃာနကို ဟုတ်မှန်တိုင်း မသိမမြင်၍။ပ။ ရဟန်းတို့ ဇိဝှါကို ဟုတ်မှန်တိုင်း မသိမမြင်၍။ပ။ရဟန်းတို့ ကာယကို ဟုတ်မှန်တိုင်း မသိမမြင်၍။ပ။ ရဟန်းတို့ မနကို ဟုတ်မှန်တိုင်း မသိမမြင်၍၊ ရဟန်းတို့ ဓမ္မာရုံတို့ကို ဟုတ်မှန်တိုင်း မသိမမြင်၍၊ ရဟန်းတို့ မနောဝိညာဏ်ကို ဟုတ်မှန်တိုင်း မသိမမြင်၍၊ ရဟန်းတို့ မနောသမ္ဖဿကို ဟုတ်မှန်တိုင်း မသိမမြင်၍၊မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် သော သုခသော်လည်းကောင်း ဒုက္ခသော်လည်းကောင်း ဥပေက္ခာသော်လည်းကောင်း ဖြစ်သော ဝေဒနာတို့ကိုလည်း ဟုတ်မှန်တိုင်း မသိမမြင်မူ၍ မနောဒွါရ၌ ပြင်းစွာတပ်နှစ်သက်၏၊ ဓမ္မာရုံတို့၌ ပြင်းစွာ တပ်နှစ်သက်၏၊ မနောဝိညာဏ်၌ ပြင်းစွာ တပ်နှစ်သက်၏၊ မနောသမ္ဖဿ၌ ပြင်းစွာတပ်နှစ်သက်၏၊မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် သော သုခသော်လည်းကောင်း ဒုက္ခသော်လည်းကောင်း ဥပေက္ခာသော်လည်းကောင်း ဖြစ်သော ဝေဒနာ၌လည်း ပြင်းစွာ တပ်နှစ်သက်၏။

ပြင်းစွာ တပ်နှစ်သက်သော ရာဂနှင့်ယှဉ်သော တွေဝေသော သာယာဖွယ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်အား နောင်အခါ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ပွါးခြင်းသို့ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်အား တဖန် ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်း ရာဂနှင့် တကွဖြစ်သော ထိုထို အာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာသည်လည်း ပွါး၏။ ထိုပုဂ္ဂိုလ်အား ကိုယ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပွါးကုန်၏၊စိတ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပွါးကုန်၏။ ကိုယ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပွါးကုန်၏၊ စိတ်၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပွါးကုန်၏။ ကိုယ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပွါးကုန်၏၊စိတ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပွါးကုန်၏။ထိုပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း စိတ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း ခံစားရ၏။

၄၃၀။ ရဟန်းတို့ စက္ခုကို ဟုတ်မှန်တိုင်း သိမြင်၍ ရူပါရုံတို့ကို ဟုတ်မှန်တိုင်း သိမြင်၍ စက္ခုဝိညာဏ်ကို ဟုတ်မှန်တိုင်း သိမြင်၍ စက္ခုသမ္ဖဿကို ဟုတ်မှန်တိုင်း သိမြင်၍ စက္ခုသမ္ဖဿဟူသော

http://www.dhammadownload.com



အကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဖြစ်သော ဝေဒနာဘို့ကိုလည်း ဟုတ်မှန်တိုင်းသိမြင်၍ စက္ခု၌ ပြင်းစွာ မတပ်နှစ်သက်၊ ရူပါရုံတို့၌ ပြင်းစွာ မတပ်နှစ်သက်၊ စက္ခုဝိညာဏ်၌ ပြင်းစွာ မတပ်နှစ်သက်၊ စက္ခုသမ္ဖဿ၌ ပြင်းစွာ မတပ်နှစ်သက်၊ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဖြစ်သော ဝေဒနာဘို့၌လည်း ပြင်းစွာ မတပ်နှစ်သက်။

ပြင်းစွာ မတပ်နှစ်သက်သော ရာဂနှင့်မယှဉ်သော မတွေဝေသော အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်အား နောင်အခါ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဆုတ်ယုတ်ခြင်းသို့ ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်အား တဖန်ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်း ရာဂနှင့်တကွဖြစ်သော ထိုထိုအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာသည်လည်း ပျောက်ကင်း၏။ ထိုပုဂ္ဂိုလ်အား ကိုယ်၌ ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ကိုယ်၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ကိုယ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်၌ ဖြစ်သော ချမ်းသာကိုလည်း စိတ်၌ဖြစ်သော ချမ်းသာကိုလည်း ခံစားရ၏။

၄၃၁။ ထိုသို့သော အခြင်းအရာအားဖြင့်ဖြစ်သော ပုဂ္ဂိုလ်အား အကြင်ဉာဏ်အမြင်သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုဉာဏ်အမြင်သည် မှန်သောဉာဏ်အမြင် 'သမ္မာဒိဋ္ဌိ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်အကြံသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအကြံသည် မှန်သောအကြံ 'သမ္မာသင်္ကပ္ပ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ထိုပုဂ္ဂိုလ်အား အကြင်အားထုတ်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအားထုတ်ခြင်းသည် မှန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ'ဖြစ်၏။ ထိုသို့သောအခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်အောက်မေ့ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအောက်မေ့ခြင်းသည် မှန်သောအောက်မေ့ခြင်း 'သမ္မာသတိ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်တည်ကြည်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုတည်ကြည်ခြင်းသည် မှန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ'ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ ကာယကံသည်လည်း ဝစီကံသည်လည်း အသက်မွေးမှုသည်လည်း မဆွကပင်စင်ကြယ်ပြီးဖြစ်၏။ ဤသို့လျှင် ထိုပုဂ္ဂိုလ်အား မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်သည် ဘာဝနာပြည့်စုံခြင်းသို့ ရောက်၏။

ဤသို့ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ကိုပွားစေသော ထိုပုဂ္ဂိုလ်အား လေးပါးသော သတိပဋ္ဌာန်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ရောက်ကုန်၏၊ လေးပါးသော သမ္မပ္ပဓာန်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ လေးပါးသော ဣဒ္ဓိပါဒ်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ငါးပါးသော ဣန္ဒြေတို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ငါးပါးသော ဗိုလ်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏ ။

ထိုပုဂ္ဂိုလ်အား သမထဝိပဿနာဟူသော ဤနှစ်ပါးသောတရားတို့သည် အစဉ်ယှဉ်၍ ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏။ ထူးသောဉာဏ်ဖြင့် ပယ်အပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်၏။ ထူးသော

http://www.dhammadownload.com



ဉာဏ်ဖြင့် ပွါးအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါး၏၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်သော တရားတို့သည် အဘယ်သည်တို့နည်း၊ ရုပ်ဥပါဒါနက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရဥပါဒါနက္ခန္ဓာ ဝိညာဏ်ဥပါဒါနက္ခန္ဓာ ဟူသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ပင်တည်းဟု ဆိုရမည်။ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပယ်အပ်ကုန်သော တရားတို့သည် အဘယ်သည်တို့နည်း၊ အဝိဇ္ဇာ ဘဝတဏှာတို့တည်း။ ထူးသောဉာဏ်ဖြင့် ပယ်အပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပွါးအပ်ကုန်သော တရားတို့သည် အဘယ်သည်တို့နည်း၊ သမထ ဝိပဿနာတို့တည်း။ ထူးသောဉာဏ်ဖြင့် ပွါးအပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် အဘယ်သည်တို့နည်း၊ အရဟတ္တမဂ်ဝိဇ္ဇာ အရဟတ္တဖိုလ်ဝိမုတ္တိတို့တည်း။ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

၄၃၂။ ရဟန်းတို့ သောတကို ဟုတ်မှန်တိုင်း သိမြင်၍။ပ။ ရဟန်းတို့ ဃာနကို ဟုတ်မှန်တိုင်း သိမြင်၍။ပ။ ရဟန်းတို့ ဇိဝှါကို ဟုတ်မှန်တိုင်း သိမြင်၍။ပ။ ရဟန်းတို့ ကာယကို ဟုတ်မှန်တိုင်း သိမြင်၍။ပ။ ရဟန်းတို့ မနကို ဟုတ်မှန်တိုင်း သိမြင်၍၊ ဓမ္မာရုံတို့ကို ဟုတ်မှန်တိုင်းသိမြင်၍၊ ဤမနောဝိညာဏ်ကို ဟုတ်မှန်တိုင်း သိမြင်၍၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာတို့ကိုလည်း ဟုတ်မှန်တိုင်း သိမြင်၍ မနကို ပြင်းစွာ မတပ်နှစ်သက်၊ ဓမ္မာရုံတို့၌ ပြင်းစွာ မတပ်နှစ်သက်၊ မနောဝိညာဏ်၌ ပြင်းစွာ မတပ်နှစ်သက်၊ မနောသမ္ဖဿ၌ ပြင်းစွာမတပ်နှစ်သက်၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သော ဝေဒနာတို့၌လည်း ပြင်းစွာ မတပ်နှစ်သက်။

ပြင်းစွာ မတပ်နှစ်သက်သော ရာဂနှင့်မယှဉ်သော မတွေဝေသော အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်အား နောင်အခါ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဆုတ်ယုတ်ခြင်းသို့ ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်အား တဖန်ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်း ရာဂနှင့်တကွသော ထိုထိုအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာသည်လည်း ပျောက်ကင်း၏၊ ထိုပုဂ္ဂိုလ်အား ကိုယ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ဖြစ်သော ပင်ပန်းခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ကိုယ်၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ကိုယ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏၊ စိတ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပျောက်ကင်းကုန်၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်၌ ဖြစ်သော ချမ်းသာကို၎င်း စိတ်၌ဖြစ်သော ချမ်းသာကို၎င်း ခံစားရ၏။

၄၃၃။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်ဉာဏ်အမြင်သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုဉာဏ်အမြင်သည် မှန်သောဉာဏ်အမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်၏။ ထိုသို့သော

http://www.dhammadownload.com



အခြင်းအရာ အားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်အကြံသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအကြံသည် မှန်သောအကြံ 'သမ္မာသင်္ကပ္ပ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်အားထုတ်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအားထုတ်ခြင်းသည် မှန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင် အောက်မေ့ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအောက်မေ့ခြင်းသည် မှန်သောအောက်မေ့ခြင်း 'သမ္မာသတိ'ဖြစ်၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ပုဂ္ဂိုလ်အား အကြင်တည်ကြည်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုတည်ကြည်ခြင်းသည် မှန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ကာယကံသည်ရင်း ဝစီကံသည်ရင်း အသက်မွေးမှုသည်ရင်း မဆွကပင် စင်ကြယ်ပြီးဖြစ်၏။ ဤသို့လျှင် ထိုပုဂ္ဂိုလ်အား မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်သည် ဘာဝနာပြည့်စုံခြင်းသို့ ရောက်၏။

ဤသို့ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ကို ပွါးစေသော ထိုပုဂ္ဂိုလ်အား လေးပါးသော သတိပဋ္ဌာန်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ လေးပါးသော သမ္မပ္ပဓာန်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ လေးပါးသော ဣဒ္ဓိပါဒ်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ငါးပါးသော ဣန္ဒြေတို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ငါးပါးသော ဗိုလ်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်လည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ထိုပုဂ္ဂိုလ်အား သမထဝိပဿနာဟူသော ဤနှစ်ပါးသောတရားတို့သည် အစုံတွဲ၍ ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏။ ထူးသောဉာဏ်ဖြင့် ပယ်အပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်၏။ ထူးသောဉာဏ်ဖြင့် ပွါးအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါး၏။ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သော တရားတို့သည် အဘယ်သည်တို့နည်း၊ ရုပ်ဥပါဒါနက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရဥပါဒါနက္ခန္ဓာ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ပင်တည်းဟု ဆိုရမည်။ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပယ်အပ်ကုန်သော တရားတို့သည် အဘယ်သည်တို့နည်း၊ အဝိဇ္ဇာ ဘဝတဏှာတို့တည်း။ ထူးသောဉာဏ်ဖြင့် ပယ်အပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပွါးအပ်ကုန်သော တရားတို့သည် အဘယ်သည်တို့နည်း၊ သမထ ဝိပဿနာတို့တည်း။ ထူးသောဉာဏ်ဖြင့် ပွါးအပ်သော တရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် အဘယ်သည်တို့နည်း၊ အရဟတ္တမဂ်ဝိဇ္ဇာ အရဟတ္တဖိုလ်ဝိမုတ္တိတို့တည်း။ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ဤသည်တို့ပင်တည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကုန်ပြီ။

ခုနစ်ခုမြောက် မဟာသဠာယတနိကသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-နဂရဝိန္ဒေယျသုတ်

၄၃၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် နဂရဝိန္ဒမည်သော ပုဏ္ဏားရွာဆီသို့ ဆိုက်ရောက်တော်မူ၏၊ နဂရဝိန္ဒရွာသား ပုဏ္ဏားသူကြွယ်တို့သည် "အချင်းတို့ ဝင်စစ် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် နဂရဝိန္ဒရွာသို့ အစဉ်ရောက်တော်မူ၏။ထိုအသျှင်ဂေါတမ၏ ကောင်းသောကျော်စောသံသည် ဤသို့ ပျံ့နှံ့ ရှိထွက်၏—'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အသုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကသုံးပါးကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါး တရားတို့ကို သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏'ဟု(ပျံ့နှံ့ ရှိထွက်၏)။ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤဩကာသလောကကိုရင်း သာသနာအတွင်းအပရှိ ရဟန်းပုဏ္ဏားနှင့်တကွသော မင်းများ လူများနှင့်နှင့်တကွသော သတ္တလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ထင်ရှားပြတော်မူ၏၊ထိုသို့သဘောရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်းသည် ကောင်းသည်သာလျှင်တည်း"ဟု ကြားကုန်၏။

ထိုအခါ နဂရဝိန္ဒရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ အချို့သူတို့သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေကုန်၏၊အချို့သူတို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားတို့ကို ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊ အချို့သူတို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကုန်လျက် သင့်လျော်ရာ၌ ထိုင်နေကုန်၏၊အချို့သူတို့သည် မြတ်စွာဘုရားအား အမည်အနွယ်ကို လျှောက်ကြားကုန်၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊ အချို့သူတို့သည် ဆိတ်ဆိတ်ဖြစ်ကုန်၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏၊ သင့်လျော်ရာ၌ ထိုင်နေကြပြီးသော် နဂရဝိန္ဒရွာသား ပုဏ္ဏားသူကြွယ်တို့ကို မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၄၃၅။ သူကြွယ်တို့ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "သူကြွယ်တို့ အဘယ်သို့ ဖြစ်ကုန်သော သမဏ ဗြာဟ္မဏတို့ကို အရိုအသေ မပြုအပ်ကုန်သနည်း၊အလေးမပြုအပ်

http://www.dhammadownload.com



ကုန်သနည်း၊ မမြတ်နိုးအပ်ကုန်သနည်း၊ မပူဇော်အပ်ကုန်သနည်း”ဟု ဤသို့မေးကုန်ငြားအံ့၊ သူကြွယ်တို့ သင်တို့သည် ဤသို့မေးကုန်သော် သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကြားကုန်ရာ၏“အကြင်သမဏဗြာဟ္မဏတို့သည် စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျင့်ကုန်၏၊ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရိုအသေ မပြုအပ်ကုန်၊ အလေးမပြုအပ်ကုန်၊ မမြတ်နိုးအပ်ကုန်၊ မပူဇော်အပ်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ငါတို့လည်း စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သော အကျင့်ထက် လွန်၍ မမြင်သောကြောင့်တည်း။

ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့ကို အရိုအသေမပြုအပ်ကုန်၊အလေးမပြုအပ်ကုန်၊ မမြတ်နိုးအပ်ကုန်၊ မပူဇော်အပ်ကုန်။အကြင်သမဏဗြာဟ္မဏတို့သည် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့၌။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့၌။ပ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့၌။ပ။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျင့်ကုန်၏၊ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရိုအသေမပြုအပ်ကုန်၊ အလေးမပြုအပ်ကုန်၊ မမြတ်နိုးအပ်ကုန်၊ မပူဇော်အပ်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ငါတို့လည်း မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သောအကျင့်ထက် ပိုလွန်၍ မမြင်သောကြောင့်တည်း။ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့ကို အရိုအသေမပြုအပ်ကုန်၊ အလေးမပြုအပ်ကုန်၊ မမြတ်နိုးအပ်ကုန်၊ မပူဇော်အပ်ကုန်”ဟု (ဖြေဆိုရာ၏)။ သူကြွယ်တို့ သင်တို့သည် ဤသို့မေးအပ်ကုန်သည်ရှိသော် သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကြားကုန်ရာ၏။

၄၃၆။ သူကြွယ်တို့ သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့သည် “သူကြွယ်တို့ အဘယ်သို့ဖြစ်ကုန်သော သမဏဗြာဟ္မဏတို့ကို အရိုအသေပြုအပ်ကုန်သနည်း၊ အလေးပြုအပ်ကုန်သနည်း၊ မြတ်နိုးအပ်ကုန်သနည်း၊ ပူဇော်အပ်ကုန်သနည်း”ဟု ဤသို့ မေးကုန်ငြားအံ့၊ သူကြွယ်တို့ သင်တို့သည် ဤသို့ မေးကုန်သော် သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ဖြေကြားကုန်ရာ၏ “အကြင်သမဏဗြာဟ္မဏတို့သည် စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ ရာဂကင်းကုန်၏၊ ဒေါသကင်းကုန်၏၊ မောဟကင်းကုန်၏၊ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သော အကျင့်ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျင့်ကုန်၏၊ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရိုအသေပြုအပ်ကုန်၏၊ အလေး

http://www.dhammadownload.com



ပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ— ငါတို့လည်း စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊ မကင်းသော ဒေါသရှိကုန်၏၊ မကင်းသော မောဟရှိကုန်၏၊အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သောအကျင့်ထက် ပိုလွန်၍ မြင်သောကြောင့်တည်း။ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့ကို အရိုအသေပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏။

အကြင်သမဏဗြာဟ္မဏတို့သည် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့၌။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့၌။ပ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့၌။ပ။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့၌ ရာဂကင်းကုန်၏၊ ဒေါသကင်းကုန်၏၊ မောဟကင်းကုန်၏၊ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကျင့်ကုန်၏။ ဤသို့သဘောရှိကုန်သော သမဏဗြာဟ္မဏတို့ကို အရိုအသေပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏၊အဘယ့်ကြောင့်နည်းဟူမူ—ငါတို့လည်း မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့၌ မကင်းသော ရာဂရှိကုန်၏၊မကင်းသော ဒေါသရှိကုန်၏၊မကင်းသော မောဟရှိကုန်၏။ အတွင်းသန္တာန်၌ မငြိမ်သက်သော စိတ်ရှိကုန်၏၊ ညီညွတ်သောအကျင့် မညီညွတ်သောအကျင့်ကို ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း ကျင့်ကုန်၏၊ ထိုငါတို့၏ ထိုညီညွတ်သော အကျင့်ထက် ပိုလွန်၍ မြင်သောကြောင့်တည်း။ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့ကို အရိုအသေ ပြုအပ်ကုန်၏၊ အလေးပြုအပ်ကုန်၏၊ မြတ်နိုးအပ်ကုန်၏၊ ပူဇော်အပ်ကုန်၏”ဟု(ဖြေဆိုရာ၏)။ သူကြွယ်တို့ သင်တို့သည် ဤသို့မေးကုန်သော် သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့ဖြေကြားကုန်ရာ၏။

၄၁၇။ သူကြွယ်တို့ သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့သည် “အသျှင်သူကြွယ်တို့ ‘မချွတ် ထိုအသျှင်တို့သည် ရာဂလည်း ကင်းကုန်၏၊ ရာဂကို ဖျောက်ခြင်းငှါလည်း ကျင့်ကုန်၏၊ဒေါသလည်း ကင်းကုန်၏၊ဒေါသကို ဖျောက်ခြင်းငှါလည်း ကျင့်ကုန်၏၊ မောဟလည်း ကင်းကုန်၏၊ မောဟကို ဖျောက်ခြင်းငှါလည်း ကျင့်ကုန်၏’ဟူ၍ သင်တို့ဆိုခြင်း၏ အကြောင်းအထောက်အထားကား အဘယ်နည်း ”ဟုဤသို့ မေးကုန်ငြားအံ့၊ သူကြွယ်တို့ သင်တို့သည် ဤသို့မေးကုန်သည်ရှိသော် သာသနာတော်မှတပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့အား ဤသို့ဖြေကြားကုန်ရာ၏ “ထိုသို့ ရာဂ ဒေါသ မောဟ ကင်းသောကြောင့်သာလျှင် ထိုအသျှင်သမဏဗြာဟ္မဏတို့သည် တောစွန်တောင်ဖျားဖြစ်သော ကျောင်းတို့ကို မှီဝဲကုန်၏။ အကြင်ရူပါရုံတို့ကို မြင်ကုန်၍ မြင်ကုန်၍ အလွန်မွေ့လျော်ကုန်ရာ၏၊ ထိုသို့သဘောရှိကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့သည် ထိုတောကျောင်း၌ မရှိကုန်။ အကြင်သဒ္ဒါရုံတို့ကို ကြားကုန်၍ ကြားကုန်၍ အလွန်မွေ့လျော်ကုန်ရာ၏၊ ထိုသို့သဘောရှိကုန်သော သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည် စင်စစ် ထိုတောကျောင်း၌ မရှိကုန်။အကြင်ဂန္ဓာရုံတို့ကို နံကုန်၍ နံကုန်၍ အလွန်မွေ့လျော်ကုန်ရာ၏၊ ထိုသို့သဘောရှိကုန်သော ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည် စင်စစ် ထိုတောကျောင်း၌ မရှိကုန်။ အကြင်ရသာရုံတို့ကို လျက်ကုန်၍ လျက်ကုန်၍ အလွန်မွေ့လျော်ကုန်ရာ၏၊ ထိုသို့သဘောရှိကုန်သော ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့သည် စင်စစ် ထိုတောကျောင်း၌ မရှိကုန်။ အကြင်ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိကုန်၍ တွေ့ထိကုန်၍ အလွန်မွေ့လျော်ကုန်ရာ၏၊ ထိုသို့သဘောရှိကုန်သော ကာယ

http://www.dhammadownload.com



ဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည် စင်စစ်ထိုတောကျောင်း၌ မရှိကုန်။ အိုငါ့သျှင်တို့ ငါတို့သည်မချွတ် ထိုအသျှင်တို့သည် ရာဂလည်း ကင်းကုန်၏၊ ရာဂကို ပျောက်ခြင်းငှါလည်း ကျင့်ကုန်၏။ ဒေါသလည်း ကင်းကုန်၏၊ ဒေါသကို ပျောက်ခြင်းငှါလည်းကျင့်ကုန်၏။ မောဟလည်း ကင်းကုန်၏၊ မောဟကို ပျောက်ခြင်းငှါလည်း ကျင့်ကုန်၏'ဟု"ဆိုခြင်း၏ အကြောင်းအထောက်အထားတို့ကား ဤသည်တို့ပင်တည်း။ သူကြွယ်တို့ သင်တို့သည် ဤသို့မေးကုန်သော် သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့အား ဤသို့ ဖြေကြားကုန်ရာ၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် နဂရဝိန္ဒရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားကုန်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းကိုပြောကြားဘိသကဲ့သို့၎င်း 'မျက်စိရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊တရားတော်ကို၎င်း ရဟန်းအပေါင်းကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု (လျှောက်ကြကုန်၏)။

ရှစ်ခုမြောက် နဂရဝိန္ဒေယျသုတ် ပြီး၏။

---

## ၉-ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်

၄၃၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အားအစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ၌ ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်သာရိပုတြာကို မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

သာရိပုတြာ သင်၏ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ သာရိပုတြာ စင်စစ် သင်သည် ယခုအခါ အဘယ်နေခြင်းဖြင့် များစွာ နေသနည်းဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ်သည် ယခုအခါ သုညတဖလသမာပတ် ဝင်စားခြင်းဟူသော နေခြင်းဖြင့် များစွာနေပါ၏ ဟု (လျှောက်၏) သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ သာရိပုတြာသင်သည် ယခုအခါ ယောကျ်ားမြတ်တို့၏ နေခြင်းဖြင့် များစွာနေပေသတတ်၊ သာရိပုတြာ ထိုဖလသမာပတ် ဝင်စားခြင်းဟူသော နေခြင်းသည် ယောကျ်ားမြတ်တို့၏ နေခြင်းတည်း။ သာရိပုတြာ ထို့ကြောင့် ဤသာသနာတော်၌ ရဟန်းသည် "သုညတဖလသမာပတ် ဝင်စားခြင်းဟူသော နေခြင်းဖြင့် များစွာနေလိုငြားအံ့၊ သာရိပုတြာ ထိုရဟန်းသည် ဤသို့ ဆင်ခြင်ရမည် "ငါသည် အကြင်ခရီးဖြင့် ရွာသို့ဆွမ်းခံဝင်၏၊ အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊အကြင်ခရီးဖြင့်

http://www.dhammadownload.com



ဆွမ်းခံရွာမှ ဖဲခဲ့၏။ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာ တပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း ရှိလေသလောဟု (ဆင်ခြင်ရမည်)။

သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် အကြင်ခရီးဖြင့် ရွာတွင်းသို့ ဆွမ်းခံဝင်၏၊ အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊ အကြင်ခရီးဖြင့် ဆွမ်းခံရွာမှ ဖဲခဲ့၏၊ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာတပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း ရှိ၏"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ယုတ်မာကုန်သော ထိုအကုသိုလ်တရားတို့ကို ပယ်ခြင်းငှါသာလျှင် အားထုတ်ရမည်။

သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် အကြင်ခရီးဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊ အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊ အကြင်ခရီးဖြင့် ဆွမ်းခံရွာမှ ဖဲခဲ့၏။ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာတပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း မရှိ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ထိုကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၃၉။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ဆင်ခြင်ရမည် "ငါသည် အကြင်ခရီးဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊ အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊ အကြင်ခရီးဖြင့် ဆွမ်းခံရွာမှ ဖဲခဲ့၏။ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား သောတဝိညာဏ်ဖြင့် သိအပ်သော သဒ္ဒါရုံတို့၌။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်သော ဂန္ဓာရုံတို့၌။ပ။ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော ရသာရုံတို့၌။ပ။ ကာယဝိညာဏ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။မနောဝိညာဏ်ဖြင့် သိအပ်သော ဓမ္မာရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာတပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း ရှိလေသလော"ဟု(ဆင်ခြင်ရမည်)။

သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော်"ငါသည် အကြင်ခရီးဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊ အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊ အကြင်ခရီးဖြင့် ဆွမ်းခံရွာမှ ဖဲခဲ့၏။ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား မနောဝိညာဏ်ဖြင့် သိအပ်သော ဓမ္မာရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာ တပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း ရှိ၏"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ယုတ်မာကုန်သော ထိုအကုသိုလ်တရားတို့ကို ပယ်ခြင်းငှါသာလျှင် အားထုတ်ရမည်။

သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် အကြင်ခရီးဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊အကြင်အရပ်၌ ဆွမ်းခံလှည့်လည်၏၊ အကြင်ခရီးဖြင့် ဆွမ်းခံရွာမှ ဖဲခဲ့၏၊ ထိုသွားလာလှည့်လည်ရာ၌ ငါ့အား မနောဝိညာဏ်ဖြင့် သိအပ်သော ဓမ္မာရုံတို့၌ တပ်နှစ်သက်ခြင်းသည်၎င်း ပြင်းစွာ တပ်နှစ်သက်ခြင်းသည်၎င်း အမျက်ဒေါသသည်၎င်း တွေဝေခြင်းသည်၎င်း စိတ်ကို ထိခိုက်ခြင်းသည်၎င်း မရှိ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

http://www.dhammadownload.com



၄၄၀။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ဆင်ခြင်ရမည် "ငါသည် ငါးပါးသော ကာမဂုဏ်တို့ကို ပယ်ပြီးပြီလော"ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် ငါးပါးသော ကာမဂုဏ်တို့ကို မပယ်ရသေး"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ငါးပါးသောကာမဂုဏ်တို့ကို ပယ်ခြင်းငှါ အားထုတ်ရမည်။သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် ငါးပါးသော ကာမဂုဏ်တို့ကို ပယ်ပြီးပြီ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၁။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် "ငါသည် ငါးပါးသောနီဝရဏတို့ကို ပယ်ပြီးပြီလော"ဟု (ဆင်ခြင်ရမည်)။သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် ငါးပါးသော နီဝရဏတို့ကို မပယ်ရသေး"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ငါးပါးသော နီဝရဏတို့ကို ပယ်ခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် ငါးပါးသော နီဝရဏတို့ကို ပယ်ပြီးပြီ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၂။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည်"ငါသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ပိုင်းခြား၍ သိပြီးပြီလော"ဟု(ဆင်ခြင်ရမည်)။သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ပိုင်းခြား၍ မသိရသေး"ဟု အကယ်၍သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ပိုင်းခြား၍ သိခြင်းငှါ အားထုတ်ရမည်၊ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် 'ငါသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ပိုင်းခြား၍ သိပြီးပြီ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၃။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် "ငါသည် လေးပါးသော သတိပဋ္ဌာန်တို့ကို ပွါးများပြီးပြီလော"ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် လေးပါးသော သတိပဋ္ဌာန်တို့ကို မပွါးများရသေး"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် လေးပါးသော သတိပဋ္ဌာန်တို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် လေးပါးသော သတိပဋ္ဌာန်တို့ကို ပွါးများပြီးပြီ"ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၄။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် "ငါသည် လေးပါးသော သမ္မပ္ပဓာန်တို့ကို ပွါးများပြီးပြီလော"ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ငါသည် လေးပါးသော သမ္မပ္ပဓာန်တို့ကို မပွါးများရသေး"ဟု အကယ်၍ သိငြားအံ့၊

http://www.dhammadownload.com



သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် လေးပါးသော သမ္မပ္ပဓာန်တို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော်“ငါသည် လေးပါးသော သမ္မပ္ပဓာန်တို့ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၅။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည်“ငါသည် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့် သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၆။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် “ငါသည် ငါးပါးသော ဣန္ဒြေတို့ကို ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော်“ငါသည် ငါးပါးသော ဣန္ဒြေတို့ကို မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ငါးပါးသော ဣန္ဒြေတို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ငါးပါးသော ဣန္ဒြေတို့ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၇။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် “ငါသည် ငါးပါးသော ဗိုလ်တို့ကို ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ငါးပါးသော ဗိုလ်တို့ကို မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ငါးပါးသောဗိုလ်တို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ငါးပါးသော ဗိုလ်တို့ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၄၈။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် “ငါသည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့် သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

http://www.dhammadownload.com



၄၄၉။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ဆင်ခြင်ရမည် “ငါသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်ကို မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၅၀။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် “ငါသည် သမထကို၎င်း ဝိပဿနာကို၎င်း ပွါးများပြီးပြီလော”ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် သမထကို၎င်း ဝိပဿနာကို၎င်း မပွါးများရသေး”ဟု အကယ်၍ သိငြားအံ့။ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် သမထကို၎င်း ဝိပဿနာကို၎င်း ပွါးများခြင်းငှါ အားထုတ်ရမည်။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် သမထကို၎င်း ဝိပဿနာကို၎င်း ပွါးများပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့ သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၅၁။ သာရိပုတြာ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်ရမည် “ငါသည် အရဟတ္တမဂ်ကို၎င်း အရဟတ္တဖိုလ်ကို၎င်း မျက်မှောက်ပြုပြီးပြီလော” ဟု (ဆင်ခြင်ရမည်)။ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် အရဟတ္တမဂ်ကို၎င်း အရဟတ္တဖိုလ်ကို၎င်း မျက်မှောက်မပြုရသေး”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် အရဟတ္တမဂ်ကို၎င်း အရဟတ္တဖိုလ်ကို၎င်း မျက်မှောက်ပြုခြင်းငှါ အားထုတ်ရမည်၊ သာရိပုတြာ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် အရဟတ္တမဂ်ကို၎င်း အရဟတ္တဖိုလ်ကို၎င်း မျက်မှောက်ပြုပြီးပြီ”ဟု အကယ်၍ သိငြားအံ့၊ သာရိပုတြာ ဤသို့သိသည်ရှိသော် ထိုရဟန်းသည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့်ပတ်လုံး မပြတ်ကျင့်ကာ နေအပ်၏။

၄၅၂။ သာရိပုတြာ လွန်လေပြီးသောကာလက ဆွမ်းကို သုတ်သင်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့သာလျှင် ဆင်ခြင်၍ ဆင်ခြင်၍ ဆွမ်းကို သုတ်သင်ကုန်၏။ သာရိပုတြာ လာလတ္တံ့သောကာလ၌ ဆွမ်းကို သုတ်သင်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့သာလျှင် ဆင်ခြင်၍ ဆင်ခြင်၍ ဆွမ်းကို သုတ်သင်ကုန်လတ္တံ့။ သာရိပုတြာ ယခုအခါ ဆွမ်းကို သုတ်သင်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့သာလျှင် ဆင်ခြင်၍ ဆင်ခြင်၍ သုတ်သင်ကုန်၏။ သာရိပုတြာ ထို့ကြောင့် ဤသာသနာတော်၌ “ဆင်ခြင်၍ ဆင်ခြင်၍ ဆွမ်းကို သုတ်သင်ကြကုန်အံ့”ဟု ဤသို့လျှင် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက် ဝမ်းသာ လွန်စွာနှစ်သက်လေပြီ။

ကိုးခုမြောက် ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၀-ဣန္ဒြိယဘာဝနာသုတ်

၄၅၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဂဇင်္ဂလနိဂုံး သုဝေဠုတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပါရာသိဝိယပုဏ္ဏား၏တပည့် ဥတ္တရလုလင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေ၏၊သင့်လျော်ရာ၌ ထိုင်နေသော ပါရာသိဝိယပုဏ္ဏား၏တပည့် ဥတ္တရလုလင်ကို မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ဥတ္တရ ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွါးများခြင်းကို ဟောပြော၏လော ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွါးများခြင်းကို ဟောပြောပါ၏ ဟု (လျှောက်၏)။ ဥတ္တရ အဘယ်သို့လျှင် ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွါးများခြင်းကို ဟောပြောသနည်း ဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤလောက၌ မျက်စိဖြင့် ရူပါရုံကို မရှုအပ်၊ နားဖြင့် သဒ္ဒါရုံကို မကြားအပ်။ အသျှင်ဂေါတမ ဤသို့လျှင် ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွါးများခြင်းကို ဟောပြော၏ ဟု(လျှောက်၏)။ ဥတ္တရ ပါရာသိဝိယပုဏ္ဏား၏ စကားသည် ဤသို့ ဖြစ်သော် ကန်းသောသူသည် ပွါးပြီးသော ဣန္ဒြေရှိသည် ဖြစ်လတ္တံ့၊နားပင်းသောသူသည် ပွါးပြီးသော ဣန္ဒြေရှိသည်ဖြစ်လတ္တံ့။ဥတ္တရ ကန်းသောသူသည် မျက်စိဖြင့် ရူပါရုံကို မမြင်။ နားပင်းသောသူသည် နားဖြင့် သဒ္ဒါရုံကို မကြားဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသည်ရှိသော် ပါရာသိဝိယပုဏ္ဏား၏တပည့် ဥတ္တရလုလင်သည် နှုတ်ဆိတ်နေသည် မျက်နှာမသာပဲ လည်ပင်းငိုက်ဆိုက်ဖြစ်ကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရပဲ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပါရာသိဝိယပုဏ္ဏား၏တပည့် ဥတ္တရလုလင်ကို နှုတ်ဆိတ်၍ မျက်နှာမသာပဲ လည်ပင်းငိုက်ဆိုက်ဖြစ်ကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရသည်ကို သိ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွါးများခြင်းကို တမျိုးအားဖြင့် ဟောပြော၏၊ အာနန္ဒာ အရိယာ၏ အဆုံးအမ၌ အတုမရှိသော ဣန္ဒြေပွါးများခြင်းသည် တမျိုးဖြစ်၏"ဟု (မိန့်တော်မူ၏)။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရိယာ၏ အဆုံးအမ၌ အတုမရှိသော ဣန္ဒြေပွါးများခြင်းကို ဟောတော်မူချိန် တန်ပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အရိယာ၏အဆုံးအမ၌ အတုမရှိသော ဣန္ဒြေပွါးများခြင်းကို ဟောတော်မူချိန်တန်ပါပြီ၊ ရဟန်းတို့သည် မြတ်စွာဘုရား၏ (တရားတော်ကို) ကြားနာရ၍ ဆောင်ပါကုန်လတ္တံ့ ဟု (လျှောက်၏)။ အာနန္ဒာ ထိုသို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "မြတ်စွာဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၄၅၄။ အာနန္ဒာ အဘယ်သို့လျှင် အရိယာ၏ အဆုံးအမ၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းသည် ဖြစ်သနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် ရူပါရုံကို မြင်သော် နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည်

http://www.dhammadownload.com



ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ စင်စစ် ထိုနှစ်သက်ခြင်း စသည်မှာ အကြောင်းတရားတို့၏ ပေါင်း၍ ပြုပြင်အပ်၏၊ ကြမ်းထမ်း၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ဤဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏ဟု ဤသို့ သိ၏။ ထိုရဟန်းအား ထိုဖြစ်သောနှစ်သက်ခြင်းသည်၎င်း ထိုဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ထိုဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ချုပ်၏။ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဥပမာအားဖြင့် မျက်စိအမြင်ရှိသော ယောကျ်ားသည် ဖွင့်၍လည်း မှိတ်ရာ၏၊ မှိတ်၍လည်း ဖွင့်ရာ၏၊ အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်ပေါ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်ပေါ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်ပေါ်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ဤသို့ လျင်စွာ ဤသို့ ဆောစွာ ချုပ်၏၊ ဝပဿနုပေက္ခာသည် ကောင်းစွာ တည်၏။ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမဝိနည်း၌ စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းဟူ၍ ဆိုရ၏။

၄၅၅။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား နားဖြင့် သဒ္ဒါရုံကို ကြား၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ စင်စစ် ထိုနှစ်သက်ခြင်း စသည်မှာ အကြောင်းတရားတို့ပေါင်း၍ ပြုပြင်အပ်၏၊ ကြမ်းထမ်း၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏"ဟု ဤသို့ သိ၏။ ထိုရဟန်းအား ဖြစ်သော နှစ်သက်ခြင်းသည်၎င်း ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် မပင်ပန်းပဲသာလျှင် လက်ဖျောက်ကို တီးခတ်ရာသကဲ့သို့ အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်သော နှစ်သက်ခြင်းသည်၎င်း ဖြစ်သော မနှစ်သက်ခြင်းသည်၎င်း ဖြစ်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ဤသို့ လျင်စွာ ဤသို့ဆောစွာ ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏၊ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမဝိနည်း၌ သောတဝိညာဏ်ဖြင့် သိအပ်သော သဒ္ဒါရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းဟူ၍ ဆိုရ၏။

၄၅၆။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်း၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ စင်စစ် ထိုနှစ်သက်ခြင်း စသည်မှာ အကြောင်းတရားတို့ ပေါင်း၍ ပြုပြင်အပ်၏၊ ကြမ်းထမ်း၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏"ဟု ဤသို့သိ၏။ ထိုရဟန်းအား ဖြစ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာ တည်၏။ အာနန္ဒာ ဥပမာအားဖြင့် စဉ်းငယ်နိမ့်ရှိုင်းသော ကြာဘက်၌ ရေပေါက်တို့သည် လိမ့်ကျကုန်သကဲ့သို့ ကောင်းစွာ မတည်ကုန်

http://www.dhammadownload.com



သကဲ့သို့ အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်သော နှစ်သက်ခြင်းသည်၎င်း ဖြစ်သော မနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ဤသို့လျင်စွာ ဤသို့ဆောစွာ ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာ တည်၏၊ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏အဆုံးအမ၌ ဃာနဝိညာဏ်ဖြင့် သိအပ်သော ဂန္ဓာရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်း ဟူ၍ ဆိုရ၏။

၄၅၇။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား လျှာဖြင့် ရသာရုံကို လျက်၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ စင်စစ် ထိုနှစ်သက်ခြင်းစသည်မှာ အကြောင်းတရားတို့ ပေါင်း၍ပြုပြင်အပ်၏၊ ကြမ်းထမ်း၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏။ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏"ဟု ဤသို့သိ၏။ ထိုရဟန်းအား ဖြစ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် လျှာဖျား၌ တံတွေးပေါက်ကို စုရုံး၍ မပင်ပန်းပဲ ထွေးရာသကဲ့သို့ အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်သော မနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ဤသို့ လျင်စွာ ဤသို့ ဆောစွာ ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမ၌ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော ရသာရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းဟူ၍ ဆိုရ၏။

၄၅၈။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊စင်စစ် ထိုနှစ်သက်ခြင်းစသည်မှာ အကြောင်းတရားတို့ပေါင်း၍ ပြုပြင်အပ်၏၊ ကြမ်းထမ်း၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏"ဟု ဤသို့သိ၏။ ထိုရဟန်းအား ဖြစ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်ရာသကဲ့သို့ ဆန့်ထားသောလက်မောင်းကိုလည်း ကွေးရာသကဲ့သို့ အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်သောနှစ်သက်ခြင်းသည်၎င်း ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်၎င်း ဤသို့ လျင်စွာ ဤသို့ဆောစွာ ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမ၌ ကာယဝိညာဏ်ဖြင့်သိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းဟူ၍ ဆိုရ၏။

၄၅၉။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား စိတ်ဖြင့် ဓမ္မာရုံကို သိ၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့

http://www.dhammadownload.com



အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏၊ ဤမည်သော နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊စင်စစ် ထိုနှစ်သက်ခြင်း စသည်မှာ အကြောင်းတရားတို့ ပေါင်း၍ ပြုပြင်အပ်၏၊ကြမ်းထမ်း၏၊အကြောင်းကိုစွဲ၍ ဖြစ်၏၊ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ ဝိပဿနုပေက္ခာသည် မွန်မြတ်၏”ဟု ဤသို့သိ၏။ ထိုရဟန်းအား ဖြစ်သောနှစ်သက်ခြင်းသည်ငှင်း ဖြစ်သောမနှစ်သက်ခြင်းသည်ငှင်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်ငှင်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် တနေ့လုံး ပူထားသော သံအိုးကင်း၌ နှစ်ပေါက်သုံးပေါက်လည်း ဖြစ်ကုန်သော ရေပေါက်တို့ကို ချရာ၏။ အာနန္ဒာ ရေပေါက်တို့၏ ကျခြင်းသည် နှေး၏၊ စင်စစ် ထိုရေပေါက်သည် လျင်မြန်စွာသာလျှင် ကုန်ခြင်း ခန်းခြောက်ခြင်းသို့ ရောက်ရာသကဲ့သို့ အာနန္ဒာ ဤဥပမာအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့ မပင်ပန်းပဲ ဖြစ်သောနှစ်သက်ခြင်းသည်ငှင်း ဖြစ်သောမနှစ်သက်ခြင်းသည်ငှင်း ဖြစ်သောနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်ငှင်း ဤသို့လျင်စွာ ဤသို့ဆောစွာ ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမ၌ စိတ်ဖြင့်သိအပ်သော ဓမ္မာရုံတို့၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်း ဟူ၍ ဆိုရ၏။ အာနန္ဒာ ဤသို့လျှင် အရိယာ၏ အဆုံးအမ၌ အတုမရှိသော ဣန္ဒြေကို ပွါးများခြင်းသည် ဖြစ်၏။

၄၆၀။ အာနန္ဒာ အဘယ်သို့လျှင် ကျင့်အပ်သော အကျင့်ရှိသနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် ရူပါရုံကိုမြင်၍ နှစ်သက်ခြင်းသည် ဖြစ်၏၊မနှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ဖြစ်သော ထိုနှစ်သက်ခြင်းဖြင့် ဖြစ်သော ထိုမနှစ်သက်ခြင်းဖြင့် ဖြစ်သောထိုနှစ်သက်ခြင်း မနှစ်သက်ခြင်းဖြင့် ရှက်နိုး၏၊ ငြီးငွေ့၏၊ စက်ဆုပ်၏။နားဖြင့် သဒ္ဒါရုံကို ကြား၍။ပ။နှာခေါင်းဖြင့် အနံ့ကိုနံ၍။လျှာဖြင့် ရသာရုံကို လျက်၍။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍။စိတ်ဖြင့် ဓမ္မာရုံကို သိ၍ နှစ်သက်ခြင်းသည် ဖြစ်၏၊မနှစ်သက်ခြင်းသည် ဖြစ်၏၊နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ဖြစ်သော ထိုနှစ်သက်ခြင်းဖြင့် ဖြစ်သော ထိုမနှစ်သက်ခြင်းဖြင့် ဖြစ်သောထိုနှစ်သက်ခြင်း မနှစ်သက်ခြင်းဖြင့် ရှက်နိုး၏၊ ငြီးငွေ့၏၊ စက်ဆုပ်၏၊ အာနန္ဒာ ဤသို့လျှင် ကျင့်အပ်သော အကျင့်သည် ရှိ၏။

၄၆၁။ အာနန္ဒာ အဘယ်သို့လျှင် ပွါးအပ်ပြီးသော ဣန္ဒြေရှိသော အရိယာပုဂ္ဂိုလ်ဖြစ်သနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် ရူပါရုံကို မြင်၍ နှစ်သက်ခြင်းသည် ဖြစ်၏၊ မနှစ်သက်ခြင်းသည် ဖြစ်၏၊နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် “စက်ဆုပ်ဖွယ် အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍နေလိုငြားအံ့”၊ထိုစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။ “စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့”၊ ထိုစက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏၊“စက်ဆုပ်ဖွယ် အာရုံ၌ငှင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍နေလိုငြားအံ့”၊ထိုစက်ဆုပ်ဖွယ်အာရုံ၌ငှင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။“စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ်အာရုံ၌ငှင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့”၊ထိုစက်ဆုတ်ဖွယ် မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ် အာရုံ၌ငှင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏။ “စက်ဆုပ်ဖွယ်အာရုံကိုငှင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုငှင်း (ဤသို့) ထိုနှစ်ပါးစုံသော အာရုံကိုကြဉ်၍ လျစ်လျူရှုလျက် သတိပညာဖြင့် ပြည့်စုံ၍ နေလိုငြားအံ့”၊ထိုအာရုံ နှစ်ပါးစုံ၌ လျစ်လျူရှုလျက် သတိပညာနှင့် ပြည့်စုံစေ၍ နေ၏။

http://www.dhammadownload.com



၄၆၂။ အာနန္ဒာ နောက်တမျိုးကား ရဟန်းအား နားဖြင့်သဒ္ဒါရုံကို ကြား၍။ပ။နှာခေါင်းဖြင့် အနံ့ကိုနံ ၍။ပ။လျှာဖြင့် အရသာကို လျက်၍။ပ။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍။ပ။စိတ်ဖြင့် ဓမ္မာရုံကို သိ၍ နှစ်သက်ခြင်းသည် ဖြစ်၏။ပ။မနှစ်သက်ခြင်းသည် ဖြစ်၏၊နှစ်သက်ခြင်း မနှစ်သက်ခြင်း သည် ဖြစ်၏၊ထိုရဟန်းသည်"စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့"၊ ထိုစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုစက်ဆုပ်ဖွယမဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်အာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ရင်း စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့"၊ထိုစက်ဆုပ်ဖွယ် အာရုံ၌ရင်း စက်ဆုပ်ဖွယ် မဟုတ်သောအာရုံ၌ ရင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ရင်း စက်ဆုပ်ဖွယ် အာရုံ၌ရင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့"၊ထိုစက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ရင်း စက်ဆုပ်ဖွယ်ဖြစ်သော အာရုံ၌ရင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်အာရုံကိုရင်း စက်ဆုပ်ဖွယ် မဟုတ်သော အာရုံကိုရင်း(ဤသို့)ထိုနှစ်ပါးစုံသော အာရုံကို ကြဉ်၍ လျစ်လျူရှုလျက် သတိပညာဖြင့် ပြည့်စုံ၍နေလိုငြားအံ့"၊ ထိုအာရုံနှစ်ပါးစုံ၌ လျစ်လျူရှုလျက် သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍နေ၏။အာနန္ဒာ ဤသို့လျှင် ပွါးများအပ်ပြီးသော ဣန္ဒြေရှိသော အရိယာပုဂ္ဂိုလ်သည်ဖြစ်၏။

၄၆၃။ အာနန္ဒာ ဤသို့လျှင် ငါသည် အရိယာ၏အဆုံးအမ၌ အတုမရှိသောဣန္ဒြေပွါးများခြင်း ကို ဟော၏၊ကျင့်ဆဲ'သေက္ခ'ဖြစ်သော ပုဂ္ဂိုလ်ကို ဟော၏၊ ပွါးအပ်ပြီးသော ဣန္ဒြေရှိသော အရိယာ ပုဂ္ဂိုလ်ကို ဟော၏၊အာနန္ဒာ တပည့်'သာဝက'တို၏ အကျိုးစီးပွါးကို ရှာမှီးလိုလားလျက် အစဉ်သနား စိတ်ရှိသည့် ငါဘုရားသည် အစဉ်သနားစိတ်ကို အစွဲပြု၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်တို့ အတွက် ပြုပြီးပေပြီ။အာနန္ဒာ ဤသည်တို့ကား သစ်ပင်ရင်း ဆိတ်ငြိမ်ရာဌာနတို့ ဖြစ်ကုန်၏၊အာနန္ဒာ (တရားကို)ရှုဆင်ခြင်ကြကုန်လော့၊သတိမမေ့မလျော့ကြကုန်လင့်၊နောင်အခါမှ နှလုံးမသာ မဖြစ်ကြ ကုန်လင့်၊ ဤကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမတော်တည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။

ဆယ်ခုမြောက် ဣန္ဒြိယဘာဝနာသုတ် ပြီး၏။

ငါးခုမြောက် သဠာယတနဝဂ် ပြီး၏။

# ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် ပြီးပြီ။

(သုတ်ငါးဆယ်စီရှိသော) ပဏ္ဏာသကသုံးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော အလုံးစုံသော မဇ္ဈိမနိကာယ်သည် ပြီးပြည့်စုံခြင်းသို့ ရောက်ပြီ။

http://www.dhammadownload.com

## ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အကုသိုလ်မှထစေ၍ကုသိုလ်၌တည်စေခြင်း | ၃၂ |
| အကျင့်ကိုသာလျှင် အကြောင်းပြု၍ | ၉၁ |
| အကျဉ်းဒေသနာ အကျယ်ဒေသနာ | ၂၆၈ |
| အကျဉ်းဖြစ်သော အဆုံးအမ | ၃၁၅ |
| အကျိုးခံစားရမည့်ကံ | ၈ |
| အကျိုးဖြစ်သောခန္ဓာပဉ္စက | ၅၅ |
| အကျိုးရှိသောလုံ့လပြုခြင်း | ၁၁ |
| အကြောင်းမမှန်ပဲ အကြောင်းမမှန်ကို ပြတတ်သောကံ | ၂၆၀ |
| အခံခက်သောဝေဒနာ | ၅ |
| အချင်းချင်း ချစ်ခင်သောမျက်စိ | ၁၉၉ |
| အစိရဝတမည်သောသာမဏေ | ၁၇၄ |
| အစီးအပွါးကို လိုလားခြင်း | ၂၄၇ |
| အစဉ်အတိုင်းပိုင်းခြား၍သိ၏ | ၈၀ |
| အစိုးရသောသူ ဖန်ဆင်းခြင်း | ၁၈ |
| အတုမရှိသော ဣန္ဒြေပွါးများခြင်း | ၃၅၆ |
| အတုမဲ့ဖြစ်သော တရားစကြာ | ၈၃ |
| အတိတ်ခန္ဓာသို့ အစဉ်မလိုက် | ၂၃၀ |
| အတောင်ရှိသောငှက် | ၁၄ |
| အတ္တဘောကို ဆင်းရဲစေခြင်း | ၁၁ |
| အတ္တဘောရခြင်းကိုလည်းနှစ်မျိုးဟော၏ | ၁၀၄ |
| အဓိကရုဏ်းငြိမ်းမှု | ၃၆ |
| အဓိကရုဏ်းတို့သည် ဤလေးပါးတို့တည်း | ၃၆ |
| အနာဂတ်ခန္ဓာကို မတောင့်တ | ၂၃၀ |
| အနာထပိဏ်သူဌေးသည် ဖျားနာနေ၏ | ၃၀၆ |
| အနိစ္စဟု အဖန်ဖန်ရှုလျက် | ၁၂၉ |
| အနှစ်ကိုရှာမှီးသော ယောကျ်ား | ၂၃၁ |
| အပ္ပမာဏဖြစ်သောစေတောဝိမုတ္တိ | ၁၈၉ |
| [ အ ] | |
| အပေါင်းအသင်း၌မွေ့လျော်ခြင်း | ၁၅၆ |
| အမိကိုသတ်ရသောအကြောင်း | ၁၁၃ |
| အောက်မေ့ခြင်း ကာယဂတာသတိ | ၁၃၅ |
| အရဏဝိဘင်္ဂဒေသနာ | ၂၇၆ |
| အရသာနှင့်ပြည့်စုံသော စိမ်ရေခွက် | ၅၀ |
| အရဟတ္တမဂ်ဝိဇ္ဇာ-အရဟတ္တဖိုလ်ဝိမုတ္တိ | ၃၄၂ |
| အရဟတ္တဖိုလ်ကို ပြောကြားကုန်သော | ၄၂ |
| အရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါ | ၁၁၇ |
| အရိယသစ္စာကို ပြောကြားခြင်း | ၂၉၅ |
| အရိယမဂ်ကို ရခြင်းအကျိုးငါး | ၁၈၀ |
| အရိုးစု သူသေကောင် | ၁၃၈ |
| အရောင်နိမိတ်ကို နှလုံးသွင်းသောအခါ | ၂၀၄ |
| အလွန်ထူးသောတရား | ၂၉ |
| အလွန်နှစ်သက်ခြင်းသပ္ပိတိကတဏှာ | ၈၆ |
| အလယ်အလတ်ဖြစ်သောအကျင့် | ၂၇၆ |
| အလှည့်အားဖြင့် ဆုံးမခြင်း | ၃၁၈ |
| အလှူ၏စင်ကြယ်ခြင်း | ၃၀၄ |
| အလှူတို့သည် တဆယ့်လေးပါးတို့တည်း | ၃၀၂ |
| အဝိဇ္ဇာဘဝတဏှာ | ၃၄၂ |
| အသက်ဇီဝိန်မှချုပ်ငြိ | ၂၉၄ |
| အသျှင်စုန္ဒမထေရ် | ၃၄ |
| အသျှင်ဆန္နသည် ဖျားနာနေ၏ | ၃၁၁ |
| အသျှင်ဗာကုလ၏အံ့ဩဖွယ် | ၁၇၁ |
| အသျှင်ဘူမိဇ | ၁၈၂ |
| အသျှင်ရာဟုလာ | ၃၂၉ |
| အသျှင်လောမသကင်္ဂိယ | ၂၄၂ |
| အသျှင်သဘိယမထေရ် | ၁၉၅ |
| အသျှင်သမိဒ္ဓိ | ၂၃၅ |

http://www.dhammadownload.com




| အကွရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အာ ] | |
| အာကာသဓာတ်ချည်းသာ | ၂၈၉ |
| အာဇာနည်မြင်းကသောရထား | ၁၄၃ |
| အာနေဥ္စသမာပတ်နှင့်စပ်သောစကား | ၄၃ |
| အာမိသကင်းသော (တတိယဈာန်) ချမ်းသာ | ၂၆ |
| အာယတနဌ်လိမ္မာသောရဟန်း | ၁၁၂ |
| အာယတနခြောက်ပါး | ၃၃၉ |
| အာရညကင်ဇတင်ကိုဆောက်တည်၏ | ၉၃ |
| အာသဝေါကင်းသောချမ်းသာခံစားမှု | ၁၇ |
| အားကြီးသောဆန္ဒရာဂ | ၁၆၁ |
| [ ဣ ] | |
| ဣန္ဒြေတံခါးပိတ်ဆို့မထားသူများ | ၆၀ |
| ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏ | ၃၄၇ |
| ဣဒ္ဓိဝိဓအဘိညာဉ်ကို ပြီးစေ၏ | ၁၄၃ |
| ဣသိဂိလိတောင် | ၁၁၆ |
| [ ဤ ] | |
| ဤအကြားစကားသည် ထင်ရှားဖြစ်၏ | ၁၆၅ |
| ဤငါးပါးသောတရား | ၅ |
| ဤဆယ်ပါးသောအကျိုး | ၁၄၅ |
| ဤနှစ်ခုသောဥပမာ | ၁၇၇ |
| ဤမြတ်သောသီလအစု | ၁၅ |
| ဤလေးပါးသောဥပမာ | ၁၈၈ |
| ဤလေးမျိုးသော ပြောဆိုခြင်း | ၈၃ |
| ဤသည်းခံခြင်းဟူသော | ၃၁၇ |
| ဤသို့ဆင်ခြင်ရမည် | ၃၄၈ |
| ဤသို့သဘောရှိသောစကား | ၁၆၀ |
| [ ဥ ] | |
| ဥစ္စာကြောင့်ငှင်း စင်ကြယ်သည် မဟုတ် | ၃၁၁ |
| ဥဒ္ဒစ္စကုက္ကုစ္စ၏ထွက်မြောက်ရာ | ၆၉ |
| ဥပနန္ဒမည်သောစစ်သူကြီး | ၆၇ |
| ဥပရိဋ္ဌမည်သောပစ္စေကဗုဒ္ဓါ | ၁၁၇ |
| ဥပါသကာဟု မှတ်တော်မူပါ | ၆၁ |
| [ ဥ ] | |
| ဥပေက္ခာနှစ်မျိုးတို့တွင် | ၂၆၆ |
| ဥပေက္ခာနှင့်ထက္ခဖြစ်သောသမာဓိ | ၂၀၆ |
| [ ဦး ] | |
| ဦးထိပ်၌အဘိသိက်သွန်းပြီးသော | ၂၁၅ |
| ဦးခေါင်းကို ဖြတ်သည်တို့ကိုရင်း | ၂၀၇ |
| [ ဧ-ဩ ] | |
| ဧတ္တသညာ | ၁၉ |
| ဧာသနိက်ဓုဘင်ကို ဆောက်တည်၏ | ၉၅ |
| ဧနှ်မလိုချင်စရာ | ၂၀၈ |
| ဩဇာခံမင်းတို့သာ ဖြစ်လေကုန်၏ | ၂၁၆ |
| [ က ] | |
| ကာမဂုဏ်နှင့်စပ်သောသညာ | ၁၇၁ |
| ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း | ၄၃ |
| ကာမဂုဏ်တို့၏အလယ်၌နေလျက် | ၁၇၅ |
| ကာသိတိုင်းဖြစ်အဝတ် | ၁၆၉ |
| ကိလေသာကိုပူပန်စေတတ်သောလှံလ | ၁၃၀ |
| ကိလေသာမြူမှုကင်း၏ | ၂၈၃ |
| ကိလေသာမှုကင်းသောပီတိ | ၁၃၂ |
| ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏ | ၁ |
| ကမ္မဝဋ်ကို ဖြတ်ကုန်ပြီးသော | ၁၆၅ |
| ကံသာလျှင် ဆွေမျိုးရှိကုန်၏ | ၂၅၂ |
| ကျေးဇူးတုန့်ပြန်ခြင်းဟု ငါမဟော | ၃၀၂ |
| ကြားရုံဟောသည်မဟုတ် | ၂၂၈ |
| ကြီးစွာသော တောင်ထွတ်တို့၏ အရိပ် | ၂၁၄ |
| ကြီးစွာသော ဘင်ပုပ်ငရဲ | ၂၂၄ |
| ကြည်ညိုဖွယ်ဆယ်ပါး | ၆၅ |
| ကြမ်းသော အဆိပ်ရှိသောမြွေ | ၅၀ |
| ကြောင်မျက်ရွဲရတနာ | ၂၁၇ |
| ကြောင့်ကြမဲ့ ကျင့်ရာ၏ | ၁၉၈ |
| ကြိုက်နှစ်သက်သော ဘောဇဉ် | ၄၅ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကျမ်းကျင်သော ရေချိုးပေးသူ ၁၃၉
ကုဋေတသိန်းသော လောကဓာတ် ၁၄၇
ကုန်ရောင်းခြင်းငှါ သွားသောကုန်သည် ၂၃
ကောင်းသောညဉ့်တညဉ့်ရှိသောရဟန်း ၂၂၉
ကောင်းသော သမာဓိ ၁၁၉

[ ခ ]

ခန္ဓာတို့၏ ခန္ဓာဟူသောအမည် ၇၁
ခရီးလမ်းညွှန်ပြသူသာ ဖြစ်ပါ၏ ၆၀
ခုနစ်ပါးသော ဥစ္ဆေဒဝါဒ ၂၂
ချစ်ခြင်းကို ပြုတတ်ကုန်သော ၄၀
ချမ်းသာဆင်းရဲကို ပယ်ခြင်း ၂၇၂
ခြောက်နေသော အိုးစရည်းကြီး ၁၄၁
ခြောက်ပါးကုန်သော ဖဿအပေါင်း ၂၆၁
ခြောက်ပါးကုန်သော ဝိညာဉ်အပေါင်း ၂၆၁
ခြောက်ပါးသော ဖဿာယတန ၂၈

[ ဂ ]

ဂဏကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား ၅၆
ဂရုကအာပတ်တခုခု ၄၈
ဂါထာမဖက် သက်သက်သောတရား ၃၃၉
ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏား ၆၂

[ ဃ ]

ဃောသိတာရုံကျောင်း ၁၉၆

[ င ]

ငါအတ္တအဖြစ်သည် မရှိ ၅၃
ငါသည် လောကမှာ ထိပ်ဆုံးဖြစ်၏ ၁၇၀
ငါဟောသော စကားကို ပြောဆို၏ ၁၀၄
ငါ့ကိုသာလျှင် ရည်မှန်း၍ ၂၀၆
ငါးခုမြောက်သော နတ်တမန် ၂၂၄
ငါးပါးသော ဣန္ဒြေ ၃၅၀
ငါးပါးသော ဥပါဒါနက္ခန္ဓာ ၂၉၀
ငါးမျိုးသော နှောင်ဖွဲ့ခြင်း ၂၀၉

[ င ]

ငြူစူခြင်းကို ဖွဲ့နှောင်ခြင်း ၂၄၉
ငြင်းခုံခြင်း၏ အကြောင်း ၃၅
ငြင်းခုံခြင်းသို့ မရောက်ကြကုန်လင့် ၃၀

[ စ ]

စကြဝဠာမင်းနှစ်ပါး ၁၁၄
စကြာရတနာ ၂၁၆
စက္ခုစသော ဣန္ဒြေ ၅၃
စက္ခုကို ဟုတ်မှန်တိုင်းမမြင် ၃၄၀
စက္ခုဒွါရသည် အတ္တတည်း ၃၃၄
စက္ခုပသာဒကို ငါမစွဲလမ်းအံ့ ၃၀၇
စင်ကြယ်သော ဤသုညတ၏ ဖြစ်ပေါ်မှု ၁၅၃
စင်ကြယ်ဖြူစင်သော ပစ္စက္ခဉာဏ် ၂၅
စတုတ္ထဈာန်ဥပေက္ခာ ၂၉၀
စန္ဒနနတ်သား ၂၄၃
စတုပရိဝဋ္ဋဒေသနာ ၁၁၅
စူးစမ်းဆင်ခြင်သော ထိုရဟန်း ၂၆၉
စိတ်၏ညစ်နွမ်းကြောင်းဖြစ်သောရူပါရုံ ၂၀၅
စိမ့်ရေရှိသော ရေအိုင် ၁၃၉
စွဲလမ်းခြင်းငှါမသင့် ၅၃

[ ဆ ]

ဆက္ကခြောက်ပါး ၃၃၂
ဆရာ(ဘုရား)သည် သတ္တဝါအပေါင်းကို ဆုံးမခြင်းငှါ ထိုက်၏ ၂၆၇
ဆရာသို့ အစဉ်လိုက်ခြင်းငှါ မထိုက် ၁၆၂
ဆီမီးသည် တောက်၏ ၂၉၂
ဆီမီး၏ ဆီသည်လည်း စင်ကြယ်ရာ၏ ၁၉၅
ဆီမီးသည်လည်း မမြဲ ၃၂၀
ဆိရှာလှည့်လည်သောယောကျ်ား ၁၃၅
ဆင်ခြင်လျက်ပြုလေ့ရှိ၏ ၁၄
ဆင်ရတနာ ၂၁၇
ဆင်းရဲခြင်းငှါ ဖြစ်၏ ၃၄
ဆန့်ကျင်ဖက်စကားဆိုခြင်း ၃၃

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆိပ်လှူးမြား အစူးခံရရာ၏ | ၄၆ |
| ဆိပ်လှူးမြား အစူးခံရသောယောကျ်ား | ၃ |
| ဆိတ်ငြိမ်ခြင်းသို့ အတုလိုက်ပွါး၍ | ၁၆၃ |
| ဆုံးမတတ်သော ဆရာအမျိုးမျိုး | ၂၆၀ |
| ဆုံးမတိုင်း လိုက်နာ၍ပြု၏ | ၁၇၀ |
| ဆုံးမပြီးသော ဆင်နှစ်ကောင် | ၁၇၅ |
| ဆုံးဖြတ်အပ်သော ချမ်းသာ | ၂၀၀ |
| ဆယ်ပါးကုန်သော အယူဝါဒ | ၀ |
| ဆွမ်းကို သုတ်သင်သော သမဏဗြာဟ္မဏ | ၃၅၁ |
| **[ ဇ-ဈ-ည ]** | |
| ဇနပုဒ်သားတို့၏ဘာသာ | ၂၀၁ |
| ဇယသေနမည်သော မင်းသား | ၁၇၄ |
| ဈာန်လည်း ဝင်စားကြပါကုန်၏ | ၆၀ |
| ညိုမဲနေသော သူသေကောင် | ၁၃၇ |
| **[ တ ]** | |
| တဆယ့်ရှစ်ပါးသောစိတ် | ၂၆၂ |
| တဆယ့်ရှစ်ပါးသော စိတ်ကြံစည်ခြင်း | ၂၀၆ |
| တဏှာကို မြားငြောင့်ဟူ၍ ဟောထား၏ | ၄၇ |
| တဏှာသည် အတ္တတည်း | ၃၃၆ |
| တပေါဒရှိကျောင်း | ၂၃၅ |
| တပည့်၏ ဘေးရန်ဖြစ်၏ | ၁၆၂ |
| တရားစကားကို မကြားရဘူးပါ | ၃၀၉ |
| တရားနှင့်လျော်စွာ ကျင့်၏ | ၉၁ |
| တရားမျက်စိသောတာပတ္တိမဂ်ဉာဏ် | ၃၃၂ |
| တရားမှန် ဝိနည်းမှန်ကို ပြောဟောရမည် | ၃၁ |
| တရားလျှင် ကိုးကွယ်ရာရှိကုန်၏ | ၆၄ |
| တိရစ္ဆာန်မျိုးတို့၏ ဆင်းရဲပုံ | ၂၁၁ |
| ထ္ထောသို့ကပ်သည်ဖြစ်၍ရင်း | ၁၃၅ |
| တပ်မက်မှုချုပ်ခြင်းကြောင့် | ၃၁၆ |
| တံခါးရှိသော အိမ်နှစ်ဆောင် | ၂၂၀ |
| တန်ခိုးလေးပါး | ၂၁၀ |
| တည်ကြည်ခြင်းစျာန်သမာပတ် | ၁၇၄ |
| **[ တ ]** | |
| တောင်ထက်သို့ တက်ရာ၏ | ၁၇၆ |
| တောင့်တခြင်းကို ပြု၍ | ၁၀၂ |
| **[ ထ ]** | |
| ထိုထိုအရပ်၌သာ မွေ့လျော်ကုန်၏ | ၁၉၂ |
| ထင်ထင်ရှားရှားတည်ကုန်၏ | ၀၁ |
| ထွက်သက်ဝင်သက်ကို အောက်မေ့မှု | ၁၂၀ |
| ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်ဝင်စံ၏ | ၁၇၃ |
| **[ ဒ ]** | |
| ဒါနသည် အကျိုးများ၏ | ၁၂၇ |
| ဒိဋ္ဌိရခြင်းကိုလည်း နှစ်မျိုးဟော၏ | ၁၀၃ |
| ဒိဗ္ဗစက္ခုဉာဏ် | ၁၇ |
| ဒေါသဖြင့် ဖဲခြင်းမရှိ | ၀၂ |
| **[ ဓ ]** | |
| ဓားငယ်ဖြင့် အနာဝကိုခွဲစိပ်ခြင်း | ၃ |
| ဓားလက်နက်ကိုအသုံးပြုပါ၏ | ၃၁၄ |
| ဓာတ်၌လိမ္မာသောရဟန်း | ၁၁၁ |
| ဓာတ်တို့သည် ဤခြောက်ပါးတို့တည်း | ၁၁၁ |
| ဓာတ်ခြောက်ပါးရှိ၏ | ၂၀၆ |
| ဓမ္မဒါသဒေသနာ | ၁၁၅ |
| ဓမ္မာရုံသိခြင်းကို အားထုတ်သော | ၄၆ |
| ဓမ္မာရုံတို့၌ တပ်နှစ်သက်ခြင်း | ၃၄၀ |
| **[ န ]** | |
| နဂရဝိန္ဒရွာသားပုဏ္ဏား | ၃၄၄ |
| နာဠန္ဒ၏သား နိဂဏ္ဌ | ၅ |
| နေပူ ဖိစ္စ ၌ သွားသောအရပ် | ၂၅ |
| နှလုံးသွင်းနားစိုက်ကာ တရားနာ၏ | ၂၄၅ |
| နှစ်ခုသုံးခုလောက်သော ဂါမခေတ် | ၁၉၀ |
| နှစ်ခြမ်းကွဲပြီးသော ကျောက်ဖျာကြီး | ၄၅ |
| နှစ်ဆူသော မြတ်စွာဘုရား | ၁၁၄ |
| နို့ နှင့်ရေ ရောသကဲ့သို့ | ၁၉၉ |
| နို့ ရှာလှည့်လည်သောယောကျ်ား | ၁၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ နှ ]** | |
| နိုးကြားခြင်းကိုအားထုတ်၏ | ၅၈ |
| နတ်တမန်ကို စီစစ်၏ | ၂၂၂ |
| နောက်ကျ၍ပြန်လာသောသူ | ၂၀၀ |
| နှုတ်မြွက်ပြောဆိုမှု မပြုကြပါ | ၂၀၀ |
| နှိပ်ချပြောဆိုခြင်း | ၂၇၈ |
| **[ ပ ]** | |
| ပဋိစ္စသမုပ္ပါဒ်၌လိမ္မာသောရဟန်း | ၁၁၂ |
| ပဋိသန္ဓေနေခြင်း၄ါဖြစ်၏ | ၁၄၅ |
| ပဉ္စကင်္ဂလက်သမားကြီး | ၁၈၉ |
| ပညာကိုအားနည်းအောင်ပြုတတ်သော | ၁၅ |
| ပညာရှိအမှတ်အသား | ၂၁၂ |
| ပညာရှိယောင် ဟန်ဆောင်ပြောဆိုသူ | ၁၉၇ |
| ပထဝီဓာတ်ကို အတ္တဟူ၍မယူအပ် | ၈၅ |
| ပထဝီဟူသောအမှတ်သညာ | ၁၅၂ |
| ပါစီနဝံသမည်သောတောအုပ် | ၁၉၈ |
| ပါတိမောက္ခသံဝရသီလ | ၅၇ |
| ပါရာသိဝိယပုဏ္ဏား၏တပည့် | ၃၅၂ |
| ပိဏ္ဍပါတ်ခုတင်ကို ဆောက်တည်၏ | ၉၄ |
| ပေါ့ပါးသောချည်လုံး | ၁၄၁ |
| ပေါ်လွင်ရှင်လန်းမှု ဗလဝပီတိ | ၂၀၂ |
| ပဏ္ဍုသာတိအမျိုးကောင်းသား | ၂၈၅ |
| ပစ္စုပ္ပန်ဖြစ်သောသဘောတရား | ၂၂၉ |
| ပစ္စုပ္ပန်တရားတို့၌ မတွန့်တို | ၂၃၀ |
| ပုဂ္ဂိုလ်ကိုလည်း နှစ်မျိုးဟော၏ | ၁၀၉ |
| ပုဏ္ဏ၏လားရာဂတိ | ၃၁၈ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | ၁၆ |
| ပျံလွင့်သူများမဟုတ်ကုန် | ၆၁ |
| ပြုပြင်၍ရကောင်းအံ့လော | ၇ |
| ပင်လယ်ကသစ်ပင်၏အရင်း | ၂၄၃ |
| ပွါးအပ်ပြီးသောဣန္ဒြေရှိသောပုဂ္ဂိုလ် | ၃၅၅ |
| **[ ဖ ]** | |
| ဖူးဖူးရောင်နေသော သူသေကောင် | ၁၃၇ |
| ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ | ၁၇၉ |
| ဖွင့်၍လည်း မိုတ်၏ | ၃၅၃ |
| ဖြစ်ပြီးလျှင် ခဏတိုင်းပျက်ကုန်၏ | ၈၂ |
| **[ ဗ-ဘ ]** | |
| ဗလိနတ်စာတင်သရသောတောအုပ် | ၂၉ |
| ဗဟုဓာတုကဒေသနာ | ၁၁၅ |
| ဗောဇ္ဈင်တို့သည် ခုနစ်ပါးတို့တည်း | ၃၂၃ |
| ဘဝအထူးသို့ဆောင်တတ်သောတရား | ၁၄၅ |
| ဘဝအနှောင်အဖွဲ့ဖြစ်သောသံယောဇဉ် | ၁၂၇ |
| ဘဝဥ်ဖြစ်ခြင်းတို့သည် ဤလေးပါး တို့တည်း | ၁၉၁ |
| ဘဝနှောင်ကြိုးတဏှာ | ၂၈၀ |
| ဘဂ္ဂဝမည်သောအိုးထိန်းသည် | ၂၈၄ |
| ဘဝင်စိတ်ဟူသောမနာယတန | ၂၄၀ |
| ဘာဝနာပြည့်စုံခြင်းသို့ ရောက်၏ | ၃၄၁ |
| ဘေးရန်ဟူသမျှ သူမိုက်ကြောင့် ဖြစ်ကုန်၏ | ၁၁၁ |
| **[ မ ]** | |
| မဂ္ဂညူမည်တော်မူ၏ | ၆၂ |
| မကဲ့ရဲ့ထိုက် မပယ်မြစ်ထိုက် | ၁၂၅ |
| မကျက်တကျက်အိုးခွက်၌ | ၁၆၄ |
| မစွဲလမ်းအပ်သောတရားတို့၌ တပ်မက်ခြင်း | ၂၇၃ |
| မစင်ကို စားကုန်သောတိရစ္ဆာန် | ၂၃၀ |
| မစင်ကို မျက်ဖြင့်ဖုံးသကဲ့သို့ | ၃၉ |
| မနောက်သာလျှင် မှန်ကန်၏ | ၂၅၃ |
| မပေးလှူခြင်း | ၂၄၉ |
| မပူဇော်ခြင်း | ၂၅၀ |
| မငြိုးမပြတ်သေးသောစကား | ၆၂ |
| မဖြစ်စဘူး ထူးသောသဘော | ၁၆၆ |
| မယုတ်လျော့သောဣန္ဒြေ | ၁၆၈ |
| မဟာကစ္စာနသည် ပညာကြီး၏ | ၂၇၆ |
| မဟာကမ္မဝိဘင်းကို သိကုန်လတ္တံ့ | ၂၅၄ |
| မဟာပဇာပတိဂေါတမီ | ၃၀၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မဟာဂ္ဂုတ်ဖြစ်သောစေတောဝိမုတ္တိ | ၁၈၉ |
| မေတ္တာနှင့်ယှဉ်သောစိတ် | ၁၉၀ |
| မေးမြန်း၍ပြောဟောခြင်း | ၃၁၉ |
| မေးမြန်းခြင်းကို မပြုခြင်း | ၂၅၁ |
| မာတင်္ဂမျိုး၌ဖြစ်သော ဆင်ပြောင် | ၁၉၈ |
| မာရ်မင်း၏ကျက်စားရာ | ၅၁ |
| မိစ္ဆာအာဇီဝ | ၁၂၃ |
| မိမိကိုယ်ကို မချီးမြှောက် | ၉၁ |
| မီးရှာလှည့်လည်သောယောကျ်ား | ၁၈၆ |
| မိဖုရားရတနာ | ၂၁၈ |
| မိန်းမောခြင်းကို မဖြစ်စေ | ၁၆၃ |
| မိန်းမ၌ ပြင်းစွာကြိုက်နှစ်သက်၏ | ၁၀ |
| များပြားသောမိစ္ဆာအယူပြစကား | ၁၉ |
| မျက်စိသဖွယ်ဖြစ်တော်မူ၏ | ၂၃၈ |
| မျက်မြင်ကိုယ်တွေ့အဖြစ်သို့ရောက်၏ | ၁၄၂ |
| မျက်ရည်တို့ကိုဖြစ်စေ၏ | ၃၀၉ |
| မှားယွင်းသောအကျင့် | ၂၇၇ |
| မှားသောအယူဖြင့် ပြုအပ်သောကံ | ၂၂၁ |
| မှတ်သားလောက်သောစကား | ၁၃ |
| မှိတ်၍လည်း ဖွင့်ရ၏ | ၃၅၃ |
| မိုတွယ်သူမှာလှုပ်ရှား၏ | ၃၁၄ |
| မှိဝ်ထိုက် မမှိဝ်ထိုက်သောတရား | ၉၇ |
| မြားဆိပ်ကုဆေးဆရာ | ၄၅ |
| မြှောက်ပင့်ခြင်း | ၂၇၈ |
| မြေကြီးကဲ့သို့ ကြီးသောပညာရှိ၏ | ၇၉ |
| မြက်ကိုစားကုန်သောတိရစ္ဆာန် | ၂၁၀ |
| မြင်းရတနာ | ၂၁၇ |
| မြတ်စွာဘုရားသည် ချီးမွမ်းထိုက်၏ | ၁၈ |
| မြတ်သောအကျင့်၏အစ | ၂၃၆ |
| မြတ်သောမဟာဂ္ဂုတ်စျာန် | ၁၉၃ |
| မြတ်သောအလှူကို ခံထိုက်၏ | ၁၈၁ |
| [ ယ ] | |
| ယခုဘပက်ဟူ၍မရှိလျှင် | ၃၄ |
| ယူဇနာတရာတိုင်တိုင်ပြန့်နှံ့တည်၏ | ၂၂၆ |
| [ ယ ] | |
| ယှဉ်ကျေးပြီးသောဆင် | ၂၆၇ |
| ယှဉ်ကျေးသောစကား | ၁၇၃ |
| ယုတ်ခြင်းမြတ်ခြင်းတို့ကို တွေ့မြင်ရပါကုန်၏ | ၂၄၆ |
| [ ရ ] | |
| ရသေ့မျိုးတောင် | ၁၁၆ |
| ရင်ပတ်စည်တီးမြည်တမ်း၏ | ၂၀၈ |
| ရှုပ်၌သာယာဖွယ် | ၈၂ |
| ရှုပ်ကို ငါမစွဲလမ်းအံ့ | ၃၀၉ |
| ရုက္ခမူစတင်ကို ဆောက်တည်၏ | ၉၄ |
| ရှုပါရုံကို အလွန်ရှုခြင်း | ၂၇၄ |
| ရှာသူတို့၏အလေ့ | ၁၃ |
| ရှာဖွေသောအမှတ်သညာမှ ကင်းဆိတ်၏ | ၁၅၁ |
| ရှေးဦးစွာပြန်လာသောသူ | ၂၀၀ |
| ရှေး၌ဖြစ်ဘူးသောခန္ဓာအစဉ် | ၆၆ |
| ရှေးကပြုခဲ့သောအတိတ်ကံကြောင့် | ၂ |
| [ လ ] | |
| လောကအာမိသခေါ်သောကာမဂုဏ် | ၄၃ |
| လောကပညတ်ကိုလွန်၍ | ၂၈၂ |
| လောကီတရားတို့၌အမြတ်ဆုံး | ၁၆၁ |
| လောကန္တရိက်ငရဲတို့၌ | ၁၇၀ |
| လှုပ်ဟုသောအမှတ်သညာ | ၁၅၁ |
| လိစ္ဆဝီမင်းသားသုနက္ခတ္တ | ၄၂ |
| လှလာထားသောဗောဇ္ဈင်ခုနစ်ပါး | ၁၃၄ |
| လေးဆယ်သောတရား | ၁၂၅ |
| လေးပါးသောတည်ရာ | ၂၉၃ |
| လေးယောက်ကုန်သောပုဂ္ဂိုလ် | ၂၅၄ |
| လှံလပြုခြင်းသည် အကျိုးမရှိ | ၉ |
| လက်တဆုပ်စာမျှသောကျောက်ခဲ | ၂၁၉ |
| လက်ပံတောငရဲ | ၂၂၇ |
| လျစ်လျူရှုမှုကိုပွါး၏ | ၁၀ |
| လည်ဆစ်ပြတ်ပြီးသောထန်းပင် | ၄၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လွှင်တီးခေါင်၌ထိုင်နေတော်မူ၏ | ၁၂၇ |
| လွန်ကျူးမိသောသိက္ခာပုဒ်ခြောက်ပါး | ၃၅ |
| **[ ဝ ]** | |
| ဝန္ဓဝိငန္ဓသို့ရောက်ကြောင်း | ၂၆၂ |
| ဝါဒနှင့်အတုလိုက်သောဝါဒ | ၃၃ |
| ဝါဒမကွဲပြားခြင်းအကျိုး၄ါ | ၄၁ |
| ဝါဒမကွဲပြားကြကုန်လင့် | ၁၉၆ |
| ဝိညာဉ်သည် မပျံ့လွင့် | ၂၇၁ |
| ဝိဋ္ဌာရှစ်ပါးအဖို့ရှိကုန်သော | ၁၄၀ |
| ဝိပဿနုပေက္ခာ | ၂၆၆ |
| ဝိပဿနာပညာကိုမမေ့ရာ | ၂၈၇ |
| ဝိပဿနာပညာဖြင့်မြင်၍ | ၁၃၁ |
| ဝိပဿနာပညာဖြင့်မြင်သော အရိယာ သာဝက | ၃၂၆ |
| ဝိပဿနုပေက္ခာသည် မှန်မြတ်၏ | ၃၅၃ |
| ဝိပဿနာရှုသောထိုပုဂ္ဂိုလ် | ၂၃၄ |
| ဝိမုတ္တိငါးပါးနှင့်ပြည့်စုံကုန်၏ | ၁၆၅ |
| ဝိသယဇ္ဈတ္တဖြစ်သော | ၁၅၇ |
| ဝိသာခါ၏ပြာသာဒ် | ၁၅၁ |
| ဝိရိယရှိသူများဖြစ်ကုန်၏ | ၆၁ |
| ဝေဒနာရှိသောစတုတ္ထဈာန် | ၂၇ |
| ဝန်ကိုချထားပြီးသော | ၈၄ |
| **[ သ ]** | |
| သံဃာအား ပေးလှူလော့ | ၃၀၁ |
| သံဃိကဖြစ်သောအလှူ | ၃၀၃ |
| သံအိုးလောဟကုမ္ဘီရေ | ၂၁၀ |
| သန်လျက်တောငရဲ | ၂၂၇ |
| သညာသည် ရောဂါနှင့်တူ၍ | ၂၁ |
| သညာရခြင်းကို နှစ်မျိုးဟော၏ | ၁၀၂ |
| သဠာယတနပိဘင်းကို ဟောပေအံ့ | ၂၆၁ |
| သက္ကာယရှိသမျှ | ၅၅ |
| **[ သ ]** | |
| သက္ကာယဒိဋ္ဌိသည် အဘယ်သို့ဖြစ်ပါသနည်း | ၇၁ |
| သတ္တဝါတို့ကို ညှဉ်းဆဲလေ့ရှိခြင်း | ၂၄၈ |
| သဒ္ဒါဟူသည် မပြောပလောက် | ၃၀ |
| သနားကင်းမဲ့ခြင်း | ၂၄၇ |
| သမ္မာဒိဋ္ဌိသည် ရှေ့သွားဖြစ်၏ | ၂၀ |
| သမ္မာဒိဋ္ဌိကိုနှစ်မျိုးရှိ၏ဟူ၍ဟော၏ | ၁၃၉ |
| သာချကြီးသောရွှံ့ခြင်း | ၂၁၂ |
| သာရဏီယတရားကို ဟောတော်မူ၏ | ၃၃ |
| သိစေခြင်း၏အကြောင်းရင်း | ၇၁ |
| သိက္ခာစဉ်လုပ်ငန်းစဉ်ကျင့်စဉ် | ၅၆ |
| သိက္ခာသုံးပါး၌ ပြည့်စုံစွာ ကျင့်လေ့မရှိ | ၃၅ |
| သီတင်းသုံးဖော်အသျှင်ကောင်း | ၉၀ |
| သုညတဖလသမာပတ် | ၁၅၅၊၃၄၇ |
| သုညတဝိဟာရဖြင့် အကြိမ်များစွာနေ၏ | ၁၅၁ |
| သုဒ္ဓါဝါသအရိယဗြဟ္မာ | ၁၆၉ |
| သုဝေဠုတောအုပ် | ၃၅၂ |
| သုဘူတိမည်သောအမျိုးကောင်းသား | ၂၈၄ |
| သုံးဆယ့်ခြောက်ပါးကုန်သောသတ္တဝါ | ၂၆၂ |
| သုံးဆယ့်ခြောက်ပါးသောတရား | ၂၆၅ |
| သုံးပါးတို့၏ပေါင်းဆုံခြင်း | ၃၃၇ |
| သုံးမျိုးသောချမ်းသာခြင်း | ၂၁၃ |
| သုံးမျိုးသောဆင်းရဲခြင်း | ၂၀၇ |
| သူတော်ကောင်းအကြံ | ၇၇ |
| သူတော်ကောင်းတို့၏တရား | ၉၀ |
| သူတော်ကောင်းတို့၏အလှူ | ၇၈ |
| သူဌေးရတနာ | ၂၁၈ |
| သူမိုက်လုပ်ငန်းစဉ် | ၂၀၆ |
| သူယုတ်မာတို့၏တရား | ၉၀ |
| သူယုတ်မာသည် သူယုတ်မာကို | ၇၅ |
| သေရာမြေအရပ်၌ မထပဲ | ၂၁၄ |
| သေသည်မှနောက်၌မြဲ၏ | ၂၀ |
| သင့်တော်သောဘောဇဉ် | ၄၉ |
| သင်္ခါရတို့၏ချုပ်ရာနိဗ္ဗာန် | ၂၁ |
| သက်န်းကို လိုချင်ခြင်းဟူသောအကြောင်း | ၂၉ |

| အကြောင်းအရာစဉ် | စာမျက်နှာ | အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|---|---|
| [ ဿ ] | | [ ဟ ] | |
| သက်နိုးကိုလည်း- မှိုဝဲထိုက်- မမှိုဝဲထိုက် နှစ်မျိုးဟောညီ | ၁၀၈ | ဟုတ်မှန်သောသဘော | ၂၇၉ |
| သွားလျှင်လည်း သွား၏ဟုသိ၏ | ၁၃၆ | ဟုတ်မှန်တိုင်းဝိပဿနာပညာ | ၃၂၀ |
| သွေးစွန်းသောလက်ရှိ၏ | ၉၈ | ဟုံးပူဇော်ခြင်း၏အကျိုးသည် ရှိ၏ | ၇၇ |


ပ.ဓ.သ.၉- ၁ /၂၁.၄.၉၈ (၁၀၀၀၀) လစ်ဖို။